ကမ္ဘာ့ပစ္စည်းမဲ့များ သွေးစည်းကြ

# မော်စီတုန်း
# လက်ရွေးစင်ကျမ်း

## အတွဲ ၁

(ဒုတိယအုပ်)

နိုင်ငံခြားစာပေထုတ်ဝေရေးဌာန
ပီကင်းမြို့ ၁၉၆၇

တရုပ်ပြည်သူ့ သမတနိုင်ငံတော်တွင်ပုံနှိပ်သည်

# မာတိကာ


တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၏ သေနင်္ဗျူဟာ ပြဿနာများ (၁၉၃၆ ခုနှစ် ဒီဇင်ဘာလ) ............ ၃၇၅

အခန်း ၁။ စစ်ကိုမည်သို့စူးစမ်းလေ့လာရမည်နည်း ............ ၃၇၅

(၁) စစ်၏တရားများသည်တိုးတက်နေ၏ ............ ၃၇၅

(၂) စစ်၏ ရည်ရွယ်ချက်မှာစစ်ကိုသုတ်သင်ပစ်ရန်ဖြစ်သည် ............ ၃၈၃

(၃) သေနင်္ဗျူဟာသည်စစ်အခြေအနေတခုလုံး၏တရားများကို လေ့လာခြင်းဖြစ်၏ ............ ၃၈၅

(၄) အရေးကြီးသည်မှာကောင်းစွာဆည်းပူးတတ်ရန်ဖြစ်၏ ............ ၃၉၂

အခန်း ၂။ တရုပ်ပြည်ကွန်မြူနစ်ပါတီနှင့်တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ ............ ၄၀၄

အခန်း ၃။ တရုပ်ပြည်တော်လှန်ရေးစစ်၏ထူးခြားချက်များ.... ၄၁၁

(၁) ဤပြဿနာအရေးပါပုံ ............ ၄၁၁

(၂) တရုပ်ပြည် တော်လှန်ရေးစစ်၏ ထူးခြားချက်များကားဘာလဲ ............ ၄၁၄

(၃) ဤထူးခြားချက်များမှနေ၍ ကျနော်တို့၏သေနင်္ဗျူဟာနှင့် စစ်ပရိယာယ်များပေါက်ဖွားလာ၏ ............ ၄၂၁

အခန်း၄။ "ဝိုင်းဝန်းချေမှုန်းမှု" နှင့် "ဝိုင်းဝန်းချေမှုန်း မှု" ကိုတုံ့ပြန်တိုက်ခိုက်ခြင်း (ဝါ) တရုပ်ပြည်တွင်းစစ်၏ အဓိကသဏ္ဍာန် ............ ၄၂၅

အခန်း၅။ သေနင်္ဂဗျူဟာခံစစ် ............ ၄၃၅

(၁) ခံစစ်ရှင်နှင့်ခံစစ်သေ ............ ၄၃၆

(၂) "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်ရန်ပြင်ဆင်ခြင်း ............ ၄၄၄

(၃) သေနင်္ဂဗျူဟာအရဆုတ်ခွါခြင်း ............ ၄၅၀

(၄) သေနင်္ဂဗျူဟာအရပြန်လှန်ထိုးစစ်ဆင်ခြင်း ............ ၄၇၀

(၅) ပြန်လှန်ထိုးစစ်စတင်ရေးပြဿနာ ............ ၄၇၄

(၆) တပ်အင်အားစုစည်းရေးပြဿနာ ............ ၅၀၃

(၇) လှုပ်ရှားစစ် ............ ၅၁၇

(၈) အမြန်အဆုံးသတ်စစ် ............ ၅၃၀

(၉) ချေမှုန်းရေးစစ် ............ ၅၃၈

ချန်ကေရှိတ်၏ ကြေညာချက်နှင့်ပတ်သက်သည့် ကြေညာချက် (၁၉၃၆ ခုနှစ်ဒီဇင်ဘာလ ၂၈ ရက်နေ့) ............ ၅၅၇

ဂျပန်ခုခံရေးကာလတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏တာဝန် (၁၉၃၇ ခုနှစ် မေလ ၃ ရက်နေ့) ............ ၅၇၇

အမျိုးသားပဋိပက္ခနဲ့ပြည်တွင်းပဋိပက္ခများတိုးပွါးမှုရဲ့ လက်ရှိအဆင့် ............ ၅၇၇

ဒီမိုကရေစီရေးနဲ့လွတ်လပ်ရေးအတွက်တိုက်ပွဲဆင်ကြ ............ ၅၈၅

ကျနော်တို့ရဲ့ခေါင်းဆောင်မှုတာဝန် ............ ၅၉၈

ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုထဲသို့သန်းပေါင်းများစွာသော လူထုကြီးပါဝင်လာအောင် ကြိုးစားကြ (၁၉၃၇ ခုနှစ် မေလ ၇ ရက်နေ့) ............ ၆၂၇

ငြိမ်းချမ်းရေးပြဿနာ ............ ၆၂၇

ဒီမိုကရေစီပြဿနာ ............ ၆၃၃

တော်လှန်ရေးရဲ့အလားအလာပြဿနာ ............ ၆၃၇

ကေဒါပြဿနာ ............ ၆၄၀

ပါတီတွင်းဒီမိုကရေစီပြဿနာ ............ ၆၄၂

ကွန်ဖရင့်စည်းလုံးမှုနဲ့တပါတီလုံးစည်းလုံးမှု ............ ၆၄၃

ဂျပန်ခုခံရေး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုထဲ သို့ သန်းပေါင်းများစွာသော လူထုကြီးပါဝင်လာအောင် ကြိုးစားကြ ............ ၆၄၃

လက်တွေ့ကျမ်း (၁၉၃၇ ခုနှစ် ဇူလိုင်လ) ............ ၆၅၁

ပဋိပက္ခကျမ်း (၁၉၃၇ ခုနှစ် ဩဂုတ်လ) ............ ၆၈၇

၁။ ကမ္ဘာ့အမြင်နှစ်မျိုး ............ ၆၈၈

၂။ ပဋိပက္ခအနှံ့အပြားရှိမှု ............ ၆၉၉

၃။ ပဋိပက္ခ၏ထူးခြားမှု ............ ၇၀၇

၄။ အဓိကပဋိပက္ခနှင့်ပဋိပက္ခ၏အဓိကဖက် ............ ၇၃၃

၅။ ပဋိပက္ခဖက်များ၏ထပ်တူဖြစ်မှုနှင့်တိုက်ခိုက်မှု ............ ၇၄၇
၆။ ပဋိပက္ခအတွင်းရှိအတိုက်အခံဖြစ်မှု၏အခန်း ................ ၇၆၃
၇။ နိဂုံး ........................................................................... ၇၆၈

# တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၏ သေနင်္ဗျူဟာပြဿနာများ*

(၁၉၃၆ ခုနှစ် ဒီဇင်ဘာလ)

## အခန်း ၁။ စစ်ကိုမည်သို့စူးစမ်းလေ့လာရမည်နည်း

### (၁) စစ်၏တရားများသည်တိုးတက်နေ၏

စစ်၏တရားများ။ ။ ဤသည် စစ်ကိုညွှန်ကြားနေသူတိုင်းမလေ့လာမဖြေရှင်း၍မဖြစ်သည့်ပြဿနာဖြစ်၏။

---

*ဤဆောင်းပါးကို ရဲဘော်မော်စီတုန်းရေးသားခြင်းမှာ ဒုတိယပြည်တွင်းတော်လှန်ရေးစစ်၏ အတွေ့အကြုံများကို ပေါင်းရုံးသုံးသပ်ရန်အတွက်ဖြစ်၏။ ရှန်ရှီးပြည်နယ်မြောက်ပိုင်းတွင်ရှိသော တပ်နီတော်တက္ကသိုလ်တွင် ဤဆောင်းပါးဖြင့်ဟောပြောခဲ့ဘူး၏။ ဤဆောင်းပါး၌ အခန်း(၅)ခန်းသာအပြီးရေးသားနိုင်ခဲ့သည်၊ သေနင်္ဗျူဟာထိုးစစ်၊ နိုင်ငံရေးလုပ်ငန်းနှင့် အခြားပြဿနာများကို မူရှီးအန်းအရေးအခင်းဖြစ်ပွါးသဖြင့် ဆက်ရေးချိန်မရတော့ဘဲ ချန်လှပ်ထားခဲ့ရကြောင်း စာရေးသူပြောပြ၍သိရ၏။ ဤဆောင်းပါးမှာ ဒုတိယပြည်တွင်း

တော်လှန်ရေးစစ်၏တရားများ။ ။ ဤသည်လည်း တော်လှန်ရေးစစ်ကိုညွှန်ကြားနေသူတိုင်း မလေ့လာမဖြေရှင်း၍မဖြစ်သည့်ပြဿနာဖြစ်၏။

တရုပ်ပြည် တော်လှန်ရေးစစ်၏ တရားများ။ ။ ဤသည်လည်း တရုပ်ပြည်တော်လှန်ရေးစစ်ကို ညွှန်ကြားနေသူတိုင်း မလေ့လာမဖြေရှင်း၍ မဖြစ်သည့်ပြဿနာဖြစ်၏။

ယခုအခါ ကျနော်တို့ စစ်တိုက်နေကြ၏။ ကျနော်တို့ တိုက်နေသောစစ်သည် တော်လှန်ရေးစစ်ဖြစ်၏။ ဤတော်လှန်ရေးစစ်သည် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း တရုပ်ပြည်တွင် ဆင်နွှဲသောစစ်ဖြစ်၏။ ထို့ကြောင့် ကျနော်တို့သည်ယေဘုယျစစ်၏တရားများကိုသာမက ထူးခြားသောတော်လှန်ရေးစစ်၏ တရားများနှင့် ပို၍ထူးခြားသော တရုပ်ပြည်တော်လှန်ရေးစစ်၏ တရားများကိုပါ လေ့လာရမည်။

အားလုံးသိကြသည့် အတိုင်း၊ မည်သည့်ကိစ္စကို လုပ်လုပ်၊ ယင်းကိစ္စ၏ အခြေအနေ၊ ယင်းကိစ္စ၏ လက္ခဏာ၊ ယင်းကိစ္စနှင့် အခြားကိစ္စများဆက်စပ်နေပုံတို့ကို နားမလည်ပါက၊ ယင်းကိစ္စ၏ တရားများကို သိမည်မဟုတ်၊ ယင်းကိစ္စကို မည်သို့လုပ်ဆောင်ရမည်ဆိုသည်ကိုလည်း သိမည်မဟုတ်၊ ယင်းကိစ္စကို ကောင်းကောင်းလည်းလုပ်နိုင်မည် မဟုတ်ချေ။

စစ်ဆိုသည်မှာ ပုဂ္ဂလိကပိုင်ဥစ္စာဓနများနှင့် လူတန်းစားများပေါ်ပေါက်လာကတည်းကစတင်ဖြစ်ပွါးခဲ့သည်၊ လူတန်းစားချင်း၊ အမျိုးသားချင်း၊ နိုင်ငံချင်း၊ နိုင်ငံရေးအုပ်စုချင်းဖြစ်ပွါးကြသည့် ပဋိပက္ခများ တစုံတခုသောအဆင့်အထိ တိုးပွါးလာသောအခါ ဖြေရှင်းသည့် အမြင့်ဆုံးတိုက်ပွဲပုံသဏ္ဍာန်ဖြစ်၏။ စစ်အခြေအနေနှင့် စစ်၏လက္ခဏာကိုရင်း၊ စစ်နှင့် အခြားကိစ္စများဆက်စပ်နေပုံကိုရင်း နားမလည်ပါက၊ စစ်၏တရားများကို နားလည်မည်မဟုတ်၊ ထိုစစ်ကိုမည်သို့ဦးစီးညွှန်ကြားရမည်ဆိုသည်ကိုလည်းနားလည်မည်မဟုတ်၊ စစ်နိုင်အောင်လည်း တိုက်နိုင်မည်မဟုတ်ချေ။

တော်လှန်ရေးစစ်။ ။ တော်လှန်သောလူတန်းစားစစ်နှင့် တော်

---

တော်လှန်ရေးစစ်ဖြစ်စဉ်က စစ်ရေးပြဿနာများနှင့် ပတ်သက်၍ ပါတီတွင်း၌ အကြီးအကျယ်အငြင်းပွါးခဲ့ရခြင်း၏ ရလဒ်ပင်ဖြစ်၏၊ လမ်းစဉ်တခုက အခြားလမ်းစဉ်တခုကို ဆန့်ကျင်သည့် အယူအဆများကို ဖေါ်ပြခြင်းလည်းဖြစ်၏။ ၁၉၃၅ ခုနှစ် ဇန္နဝါရီလတွင် စွင်းယီမြို့၌ကျင်းပသောပါတီဗဟိုအစည်းအဝေးက ရဲဘော်မော်စီတုန်း၏ အယူအဆများကို အတည်ပြု၍ မှားယွင်းသောလမ်းစဉ်ကို ပယ်ချခြင်းဖြင့်၊ စစ်ရေးလမ်းစဉ်နှင့်ပတ်သက်သောယင်းအချေအတင်အငြင်းပွါးမှုကိုနိဂုံးချုပ်လိုက်၏။ ၁၉၃၅ ခုနှစ်အောက်တိုဘာလတွင် ပါတီဗဟိုသည် ရှန်ရှီးပြည်နယ် မြောက်ပိုင်းသို့ ရွှေ့ပြောင်းသွား၏၊ ထိုနှစ်ဒီဇင်ဘာလတွင် ရဲဘော်မော်စီတုန်းသည် ဒုတိယပြည်တွင်းတော်လှန်ရေးစစ်အတွင်းက ပါတီ၏နိုင်ငံရေးလမ်းစဉ်နှင့် ဆိုင်သောပြဿနာများကို «ဂျပန်နယ်ချဲ့သမားကို ဆန့်ကျင်တိုက်ခိုက်ရေးနည်းပရိယာယ်» ဟူသောမိန့်ခွန်းတွင် စနစ်တကျဖြေရှင်းခဲ့၏။ နောက်နှစ် (ဝါ) ၁၉၃၆ ခုနှစ်တွင်ရဲဘော်မော်စီတုန်းသည် ဤဆောင်းပါးဖြင့် တရုပ်ပြည်တော်လှန်ရေးစစ်၏ သေနင်္ဗျူဟာပြဿနာများကို စနစ်တကျ ရှင်းပြခဲ့လေသည်။

လှန်သောအမျိုးသားစစ်တွင်၊ ယေဘုယျစစ်၏ အခြေအနေနှင့် လက္ခဏာရှိနေသည့်အပြင် မိမိ၏ ထူးခြားသောအခြေအနေနှင့် ထူးခြားသောလက္ခဏာလည်း ရှိပေသေးသည်။ ထို့ကြောင့်တော်လှန်ရေးစစ်၌ ယေဘုယျစစ်တရားများအပြင် မိမိ၏ ထူးခြားသောတရားများလည်း ရှိနေသေးသည်။ ထူးခြားသော ယင်းအခြေအနေနှင့် လက္ခဏာကို နားမလည်ပါက၊ ထူးခြားသောယင်းတရားများကို နားမလည်ပါက၊ တော်လှန်ရေးစစ်ကို ညွှန်ကြားနိုင်မည်မဟုတ်၊ တော်လှန်ရေးစစ်တွင် အနိုင်တိုက်နိုင်လိမ့်မည်လည်းမဟုတ်ချေ။

တရုပ်ပြည်တော်လှန်ရေးစစ် ။ ။ ပြည်တွင်းစစ်ဖြစ်စေ၊ အမျိုးသားစစ်ဖြစ်စေ တရုပ်ပြည်၏ ထူးခြားသော အခြေအနေတွင်ဆင်နွှဲနေသောစစ်ဖြစ်၍ ယေဘုယျစစ်နှင့် စာလျှင်၊ ယေဘုယျတော်လှန်ရေးစစ်နှင့်စာလျှင် ၎င်းတို့၏ ထူးခြားသောအခြေအနေနှင့် လက္ခဏာရှိနေပြန်သည်၊ ထို့ကြောင့် ၎င်းတွင်ယေဘုယျစစ်နှင့် ယေဘုယျတော်လှန်ရေးစစ်တို့၏ တရားများအပြင်၊ မိမိ၏ထူးခြားသော တရားများလည်းရှိနေသေးသည်။ ဤအချက်များကိုနားမလည်ပါကတရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၌ အနိုင်တိုက်နိုင်လိမ့်မည်မဟုတ်ချေ။

ထို့ကြောင့် ကျနော်တို့သည် ယေဘုယျစစ်၏တရားများကို စူးစမ်းလေ့လာရမည်၊ တော်လှန်ရေးစစ်၏တရားများကိုလည်း စူးစမ်းလေ့လာရမည်၊ ထို့ပြင် တရုပ်ပြည်တော်လှန်ရေးစစ်၏ တရားများကိုပါ စူးစမ်းလေ့လာရမည်။



လူတမျိုး၏ အယူအဆမှာ မမှန်ကန်ချေ၊ ယင်းအယူအဆမျိုးကို စောစွာကပင်ကျနော်တို့ချေပခဲ့ပြီးဖြစ်သည်။ ယေဘုယျစစ်၏တရားများကို လေ့လာလျှင်ပြီးရော၊ တိတိကျကျပြောရလျှင်၊ ဖေါက်ပြန်သောတရုပ်အစိုးရ သို့မဟုတ် ဖေါက်ပြန်သောတရုပ်စစ်ကျောင်းများမှ ထုတ်ပြန်သည့် စစ်ရေးဥပဒေများအတိုင်း လိုက်လုပ်လျှင် ပြီးရောဟု ထိုသူများကဆိုကြ၏။ ထိုဥပဒေများသည် ယေဘုယျစစ်၏ တရားများနှင့်သာ သက်ဆိုင်၍ ၎င်းတို့မှာ နိုင်ငံခြားမှလုံးဝကူးချထားခြင်းဖြစ်ရာ၊ အသွင်ရောအနှစ်ပါစိုးစဉ်းမျှပုံပြင်ပြောင်းလဲခြင်းမပြုဘဲပုံသေကားချလိုက်လုပ်မိကြလျှင်၊ ဖိနပ်နှင့် တော်အောင် ဖနောင့်ကို လှီးသလိုလုပ်ရာကျ၍ကေန်မုချစစ်ရှုံးမည်ဆိုသည်ကို သူတို့မသိကြပေ။ သွေးမြေကျခံ၍ရယူခဲ့သည့် အတွေ့အကြုံများဖြစ်ပါလျက် ဘာကြောင့် အသုံးမဝင်ရသနည်းဟုထိုသူများက စောဒကတက်ကြ၏။ အတိတ်က သွေးမြေကျခံ၍ ယူခဲ့ရသော အတွေ့အကြုံများကို လေးစားသင့်သည်မှန်သော်လည်း၊ ကျနော်တို့ကိုယ်တိုင်သွေးမြေကျခံ၍ ယူခဲ့ရသောအတွေ့အကြုံများကိုလည်း လေးစားသင့်ကြောင်းကို ထိုသူများမသိကြပေ။

အခြားလူတမျိုး၏ အယူအဆသည်လည်း မမှန်ကန်ချေ၊ ယင်းအယူအဆမျိုးကိုလည်း စောစွာကပင်ကျနော်တို့ချေပခဲ့ပြီးဖြစ်၏။ ရုရှားတော်လှန်ရေးစစ်ပွဲ၏ အတွေ့အကြုံများကို လေ့လာလျှင်ပြီးရော၊ တိတိကျကျ ပြောရလျှင်၊ ဆိုဗီယက်ပြည်ထောင်စု၏ ပြည်တွင်းစစ်ကိုညွှန်ကြားခဲ့သောတရားများနှင့် ဆိုဗီယက်စစ်ဖက်ဌာနမှ ထုတ်ပြန်

ခဲ့သော စစ်ရေးဥပဒေများအတိုင်း လိုက်လုပ်လျှင် ပြီးရောဟု သူတို့ပြောကြ၏။ ဆိုဗီယက်ပြည်ထောင်စု၏ စစ်တရားများနှင့် စစ်ရေးဥပဒေများ၌ ဆိုဗီယက်ပြည်တွင်းစစ်နှင့် ဆိုဗီယက်တပ်နီတော်တို့၏ ထူးခြားချက်များပါရှိနေရာ၊ ကျွန်ုပ်တို့သည်ဘယ်လိုမှမပြောင်းလဲဘဲ တထေရာတည်း လိုက်လုပ်ကြလျှင်လည်း ဖိနပ်နှင့်တော်အောင် ဖနောင့်ကိုလှီးသလိုလုပ်ရာကျ၍ စစ်ရှုံးမည်ဖြစ်ကြောင်းကို ထိုသူများမသိကြချေ။ ကျွန်ုပ်တို့၏စစ်သည် ဆိုဗီယက်ပြည်ထောင်စု၏ စစ်ကဲ့သို့ပင် တော်လှန်ရေးစစ်ဖြစ်ပါလျက်၊ ဆိုဗီယက်ပြည်ထောင်စုမှာ အောင်ပွဲဆင်ခဲ့ပြီဖြစ်ပါလျက်၊ ၎င်း၏ နမူနာအတိုင်းလိုက်မလုပ်ဘဲ ဘာကိုများပယ်နေစရာ လိုသေးသနည်းဟု ထိုသူများက စောဒကတက်ကြ၏။ ဆိုဗီယက်ပြည်ထောင်စု၏ စစ်အတွေ့အကြုံများမှာ အနီးဆုံးခေတ်တွင် ဖြစ်ပွားသည့် တော်လှန်ရေးစစ်၏အတွေ့အကြုံများဖြစ်သည်၊ လီနင်နှင့် စတာလင်တို့၏ ဦးဆောင်မှုဖြင့် ရရှိခဲ့သော အတွေ့အကြုံများဖြစ်သည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့အထူးပင်လေးစားသင့်ပါသည်၊ သို့သော် တရုပ်ပြည်တော်လှန်ရေးနှင့် တရုပ်တပ်နီတော်၌ ထူးခြားသော အခြေအနေ အမြောက်အမြားရှိနေ၍၊ တရုပ်ပြည်တော်လှန်ရေးစစ်၏အတွေ့အကြုံများကိုလည်း ကျွန်ုပ်တို့လေးစားကြရမည်ဆိုသည်ကို သူတို့မသိကြပေ။

နောက်လူတမျိုး၏အယူအဆသည်လည်း မမှန်ကန်ချေ၊ ယင်းအယူအဆမျိုးကိုလည်း ရှေးမဆွကပင်ကျွန်ုပ်တို့ချေပခဲ့ပြီး ဖြစ်သည်။ ၁၉၂၆ ခုနှစ်မှ ၁၉၂၇ ခုနှစ်အထိ ဖြစ်ပွားခဲ့သောမြောက်ပိုင်းချီတက်



ရေးစစ်၏ အတွေ့အကြုံများသည် အကောင်းဆုံးဖြစ်၍ နမူနာယူသင့်သည်၊ တိတိကျကျပြောရလျှင်၊ အဆိုပါစစ်ပွဲဆင်နွှဲစဉ်ကတပ်ဟုန်ထိုးဆက်တိုက်တိုက်ခိုက်ပြီး မြို့ကြီးပြကြီးများ သိမ်းပိုက်ပုံကိုနမူနာယူရမည်ဟု သူတို့ပြောကြ၏။ မြောက်ပိုင်းချီတက်ရေးစစ်ပွဲ၏ အတွေ့အကြုံများကို နမူနာယူသင့်သော်လည်း ကျွန်ုပ်တို့ယခုဆင်နွှဲနေသောစစ်၏ အခြေအနေမှာ ယခင်ကနှင့်မတူတော့ပြီမို့ လှေနံဓါးထစ်ကူးယူကျင့်သုံး၍မဖြစ်ကြောင်းကို သူတို့မသိကြချေ။ မြောက်ပိုင်းချီတက်ရေးစစ်ပွဲအတွေ့အကြုံများထဲက လက်ရှိအခြေအနေတွင် ကျင့်သုံးနိုင်သေးသော အချက်များကိုသာ ကျွန်ုပ်တို့ နမူနာယူသင့်၏၊ ကျွန်ုပ်တို့သည်မျက်မှောက်အခြေအနေအရ မိမိတို့ကျင့်သုံးရမည့် အချက်များကို သတ်မှတ်သင့်၏။

ဖေါ်ပြပါအချက်တို့ကို ထောက်လျှင်၊ စစ်၏ အခြေအနေမတူသဖြင့် စစ်လမ်းညွှန်တရားများလည်း ကာလဒေသနှင့်လက္ခဏာအရမတူကြကြောင်းကို တွေ့ရလိမ့်မည်။ ကာလအနေဖြင့်ကြည့်လျှင်၊ စစ်နှင့်ထိုစစ်ကို ညွှန်ကြားသည့်တရားများသည် တိုးတက်လျက်ရှိကြသည်၊ သမိုင်းအဆင့်အသီးသီးတွင် သူ့ထူးခြားချက်နှင့် သူရှိနေသဖြင့် စစ်၏တရားများသည်လည်း သူ့ထူးခြားချက်နှင့်သူရှိကြ၏။ ထို့ကြောင့်သမိုင်းအဆင့်တခုတွင်ကျင့်သုံးခဲ့သောစစ်၏ တရားများကို မတူသည့် အခြားသမိုင်းအဆင့်တခု၌ လှေနံဓါးထစ် ကျင့်သုံး၍မဖြစ်ချေ။ စစ်၏လက္ခဏာအနေဖြင့်ကြည့်လျှင်၊ တော်လှန်ရေးစစ်နှင့်တန်ပြန်တော်လှန်ရေးစစ်တွင်လည်းသူ့ ထူးခြားချက်နှင့်သူရှိနေသဖြင့်၊ စစ်၏တရားများ

သည်လည်း သူ့ထူးခြားချက်နှင့်သူ ရှိကြ၏၊ ထို့ကြောင့်စစ်တမျိုးမှ တရားများကို အခြားစစ်တမျိုးတွင်လှေနံဓါးထစ်ကျင့်သုံး၍မဖြစ်ချေ။ ဒေသအနေဖြင့်ကြည့်လျှင်၊ နိုင်ငံတိုင်းနှင့် လူမျိုးတိုင်း၊ အထူးသဖြင့် နိုင်ငံကြီးများနှင့် လူမျိုးကြီးများတွင် သူ့ထူးခြားချက်နှင့်သူ ရှိနေကြသည်ဖြစ်၍ စစ်၏တရားများသည်လည်း သူ့ထူးခြားချက်နှင့် သူရှိနေကြ၏၊ ထို့ကြောင့် အလားတူပင် ဤစစ်၏တရားများကိုထိုစစ်တွင်လှေနံဓါးထစ်ယူသုံး၍မဖြစ်ချေ။ မတူသောသမိုင်းအဆင့်တွင်ဖြစ်ပွါးသော စစ်ပွဲများ၊ လက္ခဏာချင်း မတူသောစစ်ပွဲများ၊ မတူသောနယ်ပယ်ဒေသတွင် ဖြစ်ပွါးသောစစ်ပွဲများ၊ မတူသောလူမျိုးများ ဆင်နွှဲသောစစ်ပွဲများကို ညွှန်ကြားသည့်တရားများအား ကျနော်တို့စူးစမ်းလေ့လာရာ၌၊ ဆိုင်ရာဆိုင်ရာ ထူးခြားချက်များနှင့် တိုးတက်ပြောင်းလဲမှုများကို ဂရုစိုက်လေ့လာကြရမည်။ စစ်မက်ရေးရာပြဿနာတွင် စက်ယန္တရားဝါဒကို ဆန့်ကျင်ကြရမည်ဖြစ်၏၊

ဤမျှနှင့်မပြီးသေး။ တပ်မှူးတဦးက စစ်တပ်ကလေးတတပ်ကို ဦးစီးကွပ်ကဲတတ်ရာမှ စစ်တပ်ကြီးတတပ်ကို ဦးစီးကွပ်ကဲတတ်လာခြင်းသည်သူ့အနေနှင့်တိုးတက်လာပြီရေချိန်တက်လာပြီဟုဆိုရမည်။ ဒေသတခုနှင့် ဒေသအများသည်လည်း မတူချေ။ မိမိသိကျွမ်းသောဒေသတခုတွင် စစ်ဆင်တတ်ရာမှ ဒေသအများတွင်စစ်ဆင်လာတတ်ခြင်းသည်တပ်မှူးအနေနှင့် တိုးတက်လာပြီရေချိန်တက်လာပြီဟုဆိုရမည်။ ရန်သူ့ဖက်နှင့် ကျနော်တို့ဖက်မှ စစ်အတတ်ပညာ၊ စစ်ပရိယာယ်နှင့် စစ်သေနင်္ဂဗျူဟာတို့သည် တိုးတက်ဖြစ်ထွန်းလျက်ရှိကြသဖြင့် စစ်ပွဲ



တခု၏ အဆင့်အသီးသီးမှာပင် အခြေအနေချင်း ကွဲပြားခြားနားနေ၏။ အဆင့်နိမ့်တွင် ဦးစီးကွပ်ကဲတတ်ရာမှ အဆင့်မြင့်သို့ရောက်သောအခါ၌လည်း ဦးစီးကွပ်ကဲတတ်ခြင်းသည် တပ်မှူးတယောက်အဖို့ပို၍ တိုးတက်လာခြင်းနှင့်ပို၍ရေချိန်တက်လာခြင်းမည်၏။ စစ်တပ်တတပ်ကိုသာ ဦးစီးကွပ်ကဲတတ်ခြင်း၊ ဒေသတခုတွင်သာ စစ်ပွဲ၏ အဆင့်တဆင့်တွင်သာစစ်ဆင်တတ်ခြင်းသည် တိုးတက်မှုမရှိခြင်း ရေချိန်တက်မှုမရှိခြင်းမည်၏။ လူတချို့သည်နည်းနည်းပါးပါးတတ်ရုံ တစွန်းတစမြင်ရုံလောက်နှင့်သာ ရောင့်ရဲတင်းတိမ်နေကြ၍ နောက်ထပ်တိုးတက်လာခြင်းမရှိတော့ချေ၊ ဤလူစားမျိုးသည် ဒေသတခုခု သို့မဟုတ် ကာလတခုခု၌ တော်လှန်ရေးအတွက် အနည်းငယ်စွမ်းဆောင်ပေးနိုင်ကြသော်လည်း များများစွမ်းဆောင် မပေးနိုင်ကြချေ။ များများစွမ်းဆောင်ပေးနိုင်သောတပ်မှူးများကို ကျနော်တို့လိုလားသည်။ စစ်ကိုညွှန်ကြားသည့် တရားအားလုံးသည် သမိုင်းတိုးတက်သည်နှင့်အညီ တိုးတက်နေ၏၊ စစ်တိုးတက်သည်နှင့်အညီ တိုးတက်နေ၏၊ ထါဝရမပြောင်းလဲသောအရာဟူ၍မရှိချေ။

## (၂) စစ်၏ရည်ရွယ်ချက်မှာ စစ်ကိုသုတ်သင်ပစ်ရန်ဖြစ်သည်

လူသားအချင်းချင်း ရက်ရက်စက်စက်သတ်ဖြတ်နေသော စစ်ဟူသည့် မကောင်းဆိုးဝါးကောင်ကြီးကို လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ထွန်းလာမှုကနောက်ဆုံးတနေ့တွင် သုတ်သင်ပစ်မည်မှာသေချာသည်၊

မပေါ်လာသေးသောအနာဂတ်မှာပင် သုတ်သင်ပစ်မည်မှာသေချာသည်။ သို့ရာတွင်စစ်ကိုသုတ်သင်ပစ်သောနည်းလမ်းမှာ တခုတည်းသာရှိ၏၊ ၎င်းမှာ စစ်ကိုစစ်ဖြင့်ဆန့်ကျင်ခြင်း၊ တန်ပြန်တော်လှန်ရေးစစ်ကိုတော်လှန်ရေးစစ်ဖြင့် ဆန့်ကျင်ခြင်း၊ အမျိုးသားတန်ပြန်တော်လှန်ရေးစစ်ကို အမျိုးသားတော်လှန်ရေးစစ်ဖြင့် ဆန့်ကျင်ခြင်း၊ လူတန်းစား တန်ပြန်တော်လှန်ရေးစစ်ကို လူတန်းစားတော်လှန်ရေးစစ်ဖြင့် ဆန့်ကျင်ခြင်းတို့ပင်ဖြစ်၏။ သမိုင်းတွင်ဖြစ်ပွါးခဲ့သမျှစစ်များမှာ တရားသောစစ်နှင့် မတရားသောစစ်ဟူ၍နှစ်မျိုးနှစ်စားသာရှိ၏။ ကျနော်တို့သည် တရားသောစစ်ကိုထောက်ခံပြီး မတရားသောစစ်ကို ဆန့်ကျင်၏။ တန်ပြန်တော်လှန်ရေးစစ်မှန်သမျှမှာ မတရားသောစစ်များဖြစ်၍ တော်လှန်ရေးစစ်မှန်သမျှမှာ တရားသောစစ်များဖြစ်သည်။ လူသားများစစ်ဖြစ်နေကြသည့် ခေတ်ကာလကို ကျနော်တို့ ကိုယ်တိုင်အဆုံးသတ်ပစ်ရလိမ့်မည်။ ကျနော်တို့ဆင်နွှဲနေသောစစ်သည် နောက်ဆုံးပိတ်စစ်ပွဲ၏ အစိတ်အပိုင်းတခု ဖြစ်ကြောင်း အလျှင်းပင် ယုံမှားဖွယ်မရှိပေ။ သို့သော် ကျနော်တို့ရင်ဆိုင်နေရသောစစ်သည် အကြီးကျယ်ဆုံးနှင့် အရက်စက်ဆုံးစစ်၏ အစိတ်အပိုင်းတခုဖြစ်သည်မှာလည်း နည်းနည်းမျှ ယုံမှားဖွယ်မရှိပေ။ အကြီးကျယ်ဆုံးနှင့် အရက်စက်ဆုံးမတရားသည့် တန်ပြန်တော်လှန်ရေးစစ်ကို ကျနော်တို့ရင်ဆိုင်နေရပြီမို့ ကျနော်တို့က တရားသောစစ်အလံကို လွှင့်ထူမထားလျှင်၊ လူသားအများစုမှာ သေကြေပျက်စီးကြရပေတော့မည်။ လူသားတို့၏ တရားသောစစ်အလံသည် လူသားတို့ကို ကယ်တင်မည့်အလံဖြစ်၏။ တရုပ်ပြည်၏ တရားသောစစ်အလံသည် တရုပ်ပြည်ကိုကယ်တင်မည့်အလံဖြစ်၏။ လူသားအများစုနှင့် တရုပ်အမျိုးသားအများစုတို့ ဆင်နွှဲနေကြသော စစ်သည်တရားသောစစ်ဖြစ်ကြောင်း၊ လူသားတို့နှင့်တရုပ်ပြည်ကို ကယ်တင်မည့် အမြင့်မြတ်ဆုံးနှင့် ဂုဏ်ရောင်ပြောင်သည့် အရေးတော်ပုံဖြစ်ကြောင်း၊ ကမ္ဘာ့သမိုင်းကို ခေတ်သစ်ဆီသို့ ပို့ဆောင်မည့်ပေါင်းကူးတံတားကြီးလည်းဖြစ်ကြောင်းတို့ကို စိုးစဉ်းမျှယုံမှားဖွယ်မရှိပေ။ လူ့လောကကြီးသည် လူတန်းစားနှင့်နိုင်ငံတော်ကို သုတ်သင်ပစ်လိုက်သောခေတ်သို့တိုးတက်သွားသောအခါတွင်၊ မည်သည့်စစ်မျိုးမှရှိတော့မည်မဟုတ်၊ တန်ပြန်တော်လှန်ရေးစစ်လည်းရှိတော့မည်မဟုတ်၊ တော်လှန်ရေးစစ်လည်းရှိတော့မည်မဟုတ်၊ မတရားသောစစ်လည်း ရှိတော့မည်မဟုတ်၊ တရားသောစစ်လည်း ရှိတော့မည် မဟုတ်။ ထိုသို့သောခေတ်သည် လူသားတို့၏ ထာဝရငြိမ်းချမ်းသောခေတ်ဖြစ်ပေသည်။ တော်လှန်ရေးစစ်၏ ဖြစ်ရိုးဖြစ်စဉ်တရားများကို ကျနော်တို့ စူးစမ်းလေ့လာနေခြင်းမှာရှိရှိသမျှစစ်များကို သုတ်သင်ဖယ်ရှားပစ်လိုသောဆန္ဒကြောင့်ဖြစ်၏။ဤသည်ပင်လျှင်ကျနော်တို့ကွန်မြူနစ်များနှင့်သွေးစုတ်သူလူတန်းစားအားလုံးကိုခွဲခြားထားသောစည်းကြောင်းဖြစ်၏။



## (၃) သေနင်္ဂဗျူဟာသည် စစ်အခြေအနေတခုလုံး၏ တရားများကိုလေ့လာခြင်းဖြစ်၏

စစ်ရှိနေလျှင် စစ်အခြေအနေတခုလုံးရှိရမည်။ တကမ္ဘာလုံးကို သော်၎င်း၊ နိုင်ငံတနိုင်ငံကိုသော်၎င်း၊ သီးခြားတည်ရှိသော ပြောက်

ကျွားဒေသတခုကိုသော်၎င်း၊ တသီးတခြားစစ်ဆင်နေသော စစ်မျက်နှာကြီးတခုကိုသော်၎င်း စစ်အခြေအနေတခုလုံးအဖြစ်မှတ်ယူနိုင်၏။ အဖက်ဖက်ကိုရှေ့အဆင့်ဆင့်ကိုပါ သောက်ချင့်ရသည့်အခြေအနေမျိုး ဆိုလျှင် စစ်အခြေအနေတခုလုံးဟုခေါ် နိုင်သည်။

စစ်အခြေအနေတခုလုံးကို ညွှန်ကြားသည့် တရားများကို စူးစမ်းလေ့လာရေးသည် သေနင်္ဂဗျူဟာပညာ၏ တာဝန်ဖြစ်၏။ စစ်အခြေအနေတစိတ်တပိုင်းအားညွှန်ကြားသည့် တရားများကို စူးစမ်းလေ့လာရေးမှာကား တိုက်ပွဲကြီးပညာနှင့် စစ်ပရိယာယ်ပညာတို့၏တာဝန်ဖြစ်၏။

တိုက်ပွဲကြီးကို ဦးစီးညွှန်ကြားသူများနှင့် စစ်ပရိယာယ်ညွှန်ကြားသူများသည် သေနင်္ဂဗျူဟာဆိုင်ရာ တရားများကို ဘာကြောင့်အသင့်အတင့်သိနားလည်ထားရန် လိုအပ်ပါသနည်း? အကြောင်းမှာ အခြေအနေတခုလုံးကို သိနားလည်ထားပါက အခြေအနေတစိတ်တပိုင်းကိုပို၍ စီမံခန့်ခွဲတတ်မည်ဖြစ်သောကြောင့်ဖြစ်၏၊ အခြေအနေတစိတ်တပိုင်းသည် အခြေအနေတခုလုံးတွင် အကျုံးဝင်နေသောကြောင့်ဖြစ်၏။ သေနင်္ဂဗျူဟာအောင်ပွဲသည် စစ်ပရိယာယ် အောင်ပွဲအပေါ်၌ တည်သည်ဟူသောအယူအဆသည် မှား၏။ အဘယ်ကြောင့်ဆိုသော် စစ်အနိုင်အရှုံးကို အဆုံးအဖြတ်ပေးသည့် အဓိကနှင့် ပထမဆုံးအချက်သည် အခြေအနေတခုလုံးနှင့် အဆင့်အသီးသီးကို ကောင်းမွန်စွာ ထည့်သွင်းစဉ်းစားပြီးလုပ်မလုပ်ဟူသောအချက်တွင် တည်နေကြောင်းကို မမြင်သောကြောင့်ဖြစ်၏။ အခြေအနေတရပ်လုံးနှင့် အဆင့်အ



သီးသီးကို ထည့်သွင်းစဉ်းစားပြီး လုပ်ရာဝယ် ကြီးမားသောချွတ်ယွင်းချက်များသို့မဟုတ်မှောက်မှားချက်များရှိနေပါက ထိုစစ်ပွဲတွင်ရှုံးနိမ့်ရမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ "တကွက်မှား၍ တပွဲလုံးရှုံး" ဟူသည်မှာ တပွဲလုံးနှင့် ဆိုင်သောအကွက် (ဝါ) တပွဲလုံး၏ အရှုံးအနိုင်ကိုဆုံးဖြတ်နိုင်သောအကွက်သို့ရွှေ့မိခြင်းကို ဆိုလိုသည်၊ တစိတ်တဒေသနှင့်သာဆိုင်သည့် အကွက် (ဝါ) တပွဲလုံး၏အရှုံးအနိုင်ကို မဆုံးဖြတ်နိုင်သောအကွက်သို့ရွှေ့မိခြင်းကို မဆိုလို။ စစ်ဘုရင်ထိုးရာတွင်လည်း ဤအတိုင်းဖြစ်၏၊ စစ်ပွဲတွင်လည်း ဤအတိုင်းဖြစ်၏။

သို့သော် အခြေအနေတခုလုံးသည် အခြေအနေတစိတ်တဒေသနှင့်ကင်းကွာပြီး တသီးတခြားမတည်ရှိနိုင်ပေ၊ အခြေအနေတခုလုံးသည်အခြေအနေတစိတ်တဒေသအားလုံးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၏။ တခါတရံတွင် အစိတ်အပိုင်းအချို့ပျက်စီးသွားခြင်းသို့မဟုတ်အရေးနိမ့်ခြင်းရှိသော်လည်း တခုလုံးကို များစွာထိခိုက်မှုမရှိနိုင်ပေ၊ အကြောင်းမှာ ယင်းအစိတ်အပိုင်းအချို့သည် တခုလုံးကို အဆုံးအဖြတ်ပေးနိုင်လောက်သော အရာများမဟုတ်သောကြောင့်ဖြစ်၏။ စစ်ပရိယာယ်အချို့ သို့မဟုတ် တိုက်ပွဲကြီးအချို့၌ ရှုံးနိမ့်မှု သို့မဟုတ်မအောင်မြင်မှုရှိသော်လည်း၊ စစ်အခြေအနေတခုလုံးဆိုးမသွားဘဲရှိတတ်၏၊ အကြောင်းမှာ ထိုရှုံးနိမ့်မှုများသည် အဆုံးအဖြတ်ပေးနိုင်လောက်သော ကိစ္စများမဟုတ်သောကြောင့်ဖြစ်၏။ သို့ရာတွင် စစ်အခြေအနေတခုလုံးအဖြစ်ဖွဲ့စည်းထားသောတိုက်ပွဲကြီးအများစု သို့မဟုတ် အဆုံးအဖြတ်ပေးနိုင်သော တိုက်ပွဲကြီးတခုနှစ်ခုရှုံးနိမ့်သွားအံ့၊ အခြေအနေတ

ခုလုံးချက်ခြင်းပြောင်းလဲသွားလိမ့်မည်ဖြစ်၏။ ဤတွင်ဆိုထားသော တိုက်ပွဲကြီးအများစုနှင့် တိုက်ပွဲကြီးတခုနှစ်ခုမှာ အဆုံးအဖြတ်ပေးနိုင်သည့် တိုက်ပွဲကြီးများဖြစ်သည်။ စစ်သမိုင်း၌ အပွဲပွဲနိုင်လာပြီးမှ တပွဲတည်းတွင်ရှုံးခြင်းဖြင့် အတိတ်ကရခဲ့သမျှ အောင်ပွဲအားလုံးအလကားဖြစ်သွားရသည့် သာဓကများရှိသလို အကြိမ်ပေါင်းများစွာ ရှုံးပြီးနောက် တပွဲတည်းနိုင်ခြင်းဖြင့် အခြေအနေသစ်ကို ဖန်တီးနိုင်ခဲ့သည့် သာဓကများလည်းရှိလေသည်။ ဤတွင်ဆိုထားသော "အပွဲပွဲနိုင်ခြင်း" နှင့် "အကြိမ်ပေါင်းများစွာရှုံးခြင်း" တို့သည် အခြေအနေတစိတ်တဒေသနှင့်သာ ဆိုင်လျက် အခြေအနေတခုလုံးကို အဆုံးအဖြတ်ပေးနိုင်သောအရာများမဟုတ်ချေ။ ဤတွင်ဆိုထားသော "တပွဲတည်းရှုံးခြင်း" နှင့် "တပွဲတည်းနိုင်ခြင်း" တို့မှာ တခုလုံးကိုဆုံးဖြတ်နိုင်သောအရာများဖြစ်ပေသည်။ ဤအချက်အားလုံးက အခြေအနေတခုလုံးကိုထည့်သွင်းစဉ်းစားလုပ်ကိုင်ဖို့ အရေးကြီးကြောင်းကို ဖေါ်ပြနေ၏။ အခြေအနေတခုလုံးကို ညွှန်ကြားသူအဖို့ အရေးအကြီးဆုံးအချက်ကား၊ စစ်၏ အခြေအနေတခုလုံးကိုထည့်သွင်းစဉ်းစားလုပ်ကိုင်မှု၌အာရုံစူးစိုက်ရန်ပင်ဖြစ်၏။ အဓိကအားဖြင့်ဆိုလျှင်အခြေအနေအရစစ်တပ်နှင့် တပ်ဖွဲ့စုများ၏ ဖွဲ့စည်းပုံပြဿနာ၊ တိုက်ပွဲကြီးတခုနှင့်တခု ဆက်စပ်မှုပြဿနာ၊ စစ်ဆင်ရေးအဆင့် အသီးသီး၏ ဆက်စပ်မှုပြဿနာ၊ ကျနော်တို့တပ်၏ လှုပ်ရှားမှုအားလုံးနှင့် ရန်သူ့တပ်၏လှုပ်ရှားမှုအားလုံး ဆက်စပ်မှုပြဿနာများကို ထည့်သွင်းစဉ်းစားလုပ်ကိုင်ရန်ပင်ဖြစ်၏။ ဤသည်တို့သည် အထူးအားစိုက်ရသောကိစ္စများဖြစ်သည်၊ ၎င်း



တို့ကို ဘေးဖယ်ထားပြီး အရေးမကြီးလှသော ပြဿနာများတွင်သာ အချိန်ကုန်နေမိလျှင် နစ်နာဆုံးရှုံးမည်မှာမလွဲပေ။

အခြေအနေတခုလုံးနှင့် တစိတ်တပိုင်း ဆက်စပ်နေသလိုသေနင်္ဂဗျူဟာနှင့်တိုက်ပွဲကြီးတို့သည် ဆက်စပ်နေ၏၊ တိုက်ပွဲကြီးနှင့် စစ်ပရိယာယ်တို့သည်လည်းဆက်စပ်နေ၏။ တပ်မကြီး၏ ပြုမူလှုပ်ရှားမှုနှင့် ရဲဂျီမင့်၊ တပ်ရင်းတို့၏ ပြုမူလှုပ်ရှားမှုဆက်စပ်ပုံ၊ တပ်ခွဲပြုမူလှုပ်ရှားမှုနှင့်တပ်စု၊ တပ်စိတ်တို့၏ ပြုမူလှုပ်ရှားမှုဆက်စပ်ပုံတို့မှာ လက်တွေ့သာဓကများပင်ဖြစ်၏။ မည်သည့်အဆင့်မှ အကြီးအကဲပင်မဆို မိမိညွှန်ကြားနေရသော အခြေအနေတရပ်လုံးအဖို့အရေးအကြီးဆုံးနှင့်အဆုံးအဖြတ်အပေးနိုင်ဆုံးပြဿနာများ သို့မဟုတ် ပြုမူလှုပ်ရှားမှုများအပေါ်တွင် အာရုံစူးစိုက်ထားရမည်၊ အခြားပြဿနာများသို့မဟုတ်ပြုမူလှုပ်ရှားမှုများအပေါ်တွင် အာရုံစူးစိုက်မနေသင့်ပေ။

ဘယ်ဟာကအရေးကြီးသည်၊ ဘယ်ဟာကအရှုံးအနိုင်ကို အဆုံးအဖြတ်ပေးနိုင်သည် ဟူသောအချက်ကိုယေဘုယျအခြေအနေ သို့မဟုတ် အကောင်အထည်မဲ့သော အခြေအနေအရ သတ်မှတ်၍ မဖြစ်ပေ၊ တည်ရှိနေသည့် အခြေအနေအရ သတ်မှတ်ရမည်။ တိုက်ခိုက်သည့်အခါ ထိုအချိန်တွင်ရှိနေသောရန်သူ့ အခြေအနေ၊ မြေအနေအထားနှင့် ကိုယ့်တပ်အင်အားကို ထောက်၍ မုန်တိုင်းစစ်ဆင်မည့်လမ်းကြောင်းနှင့် အပိုင်းတို့ကို ရွေးချယ်ရမည်။ ရိက္ခာပေါသည့် နေရာတွင် တပ်သားများနင့်နေအောင် မစားမိစေရန်၊ ရိက္ခာရှားသည့်နေရာတွင် တပ်သားများဆာလောင်မနေစေရန် ဂရုပြုရမည်။ ဒေသဖြူတွင် သ

တင်းတခုပေါက်ကြားသွားရုံဖြင့် တိုက်ရန်ရည်ရွယ်ထားသော တိုက်ပွဲကိုရှုံးနိမ့်စေနိုင်၏။ ဒေသနီတွင်မူ သတင်းများပေါက်ကြားသွားခြင်းသည်အရေးအကြီးဆုံးပြဿနာမဟုတ်ဘဲ ရှိနေတတ်၏။ အချို့တိုက်ပွဲကြီးများတွင် အဆင့်မြင့်သော တပ်မှူးများ ကိုယ်တိုင်ပါဝင်ရန်လိုအပ်၏။ အခြားတိုက်ပွဲများတွင်မူမလိုပေ။ စစ်ကျောင်းတကျောင်းအဖို့ အရေးအကြီးဆုံးပြဿနာကား ကျောင်းအုပ်နှင့် ကျောင်းဆရာများရွေးချယ်ရေးနှင့် ပညာသင်ကြားရေး လမ်းညွှန်ပေါ်လစီချမှတ်ရေး တို့ပင်ဖြစ်၏။ လူထုအစည်းအဝေးကြီးတခုအဖို့ ဂရုပြုရမည့်အဓိကအချက်မှာ လူထုကိုအစည်းအဝေးတက်အောင် လှုံ့ဆော်ရန်နှင့်သင့်လျော်သော ကြွေးကြော်သံများတင်ပြရန်ဖြစ်၏။ အခြားကိစ္စများမှာလည်းဤနည်းနှင်နှင်ဖြစ်သည်။ အချုပ်အားဖြင့် ပြောရသော်တခုတည်းသောမူမှာ အခြေအနေတခုလုံးနှင့် သက်ဆိုင်သောအရေးကြီးသည့်ကွင်းဆက်များကို ဂရုပြုရန်ပင်ဖြစ်၏။

စစ်အခြေအနေတခုလုံးအား ညွှန်ကြားသည့် တရားများကိုသည်းပူးလေ့လာသည့်အခါ နက်နက်နဲနဲ တွေးတောကြံဆမှုဖြစ်မည်။ အကြောင်းမူအခြေအနေတခုလုံးနှင့် ဆိုင်သောအရာများကို မျက်စိဖြင့်မမြင်နိုင်၊ နက်နက်နဲနဲ တွေးတောကြံဆခြင်းမှအပ အခြားနည်းလမ်းများဖြင့်မသိမြင်နိုင်သောကြောင့်ဖြစ်သည်။ သို့သော်အခြေအနေတခုလုံးသည် အခြေအနေတစိတ်တဒေသများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ အခြေအနေတစိတ်တဒေသ အတွေ့အကြုံရှိသူ၊ တိုက်ပွဲကြီးနှင့် စစ်ပရိယာယ်အတွေ့အကြုံရှိသူတို့အနေဖြင့် နက်နက်နဲနဲတွေးတောကြံဆပါ



က ပို၍အဆင့်အတန်းမြင့်သောအရာများကို နားလည်သဘောပေါက်နိုင်၏။ သေနင်္ဂဗျူဟာပြဿနာများမှာ အောက်ပါအတိုင်းဖြစ်၏။

ရန်သူနှင့်ကျွန်ုပ်တို့၏ ဆက်စပ်နေမှုကို ထောက်ရှုရေး။

တိုက်ပွဲကြီးတခုနှင့်တခု ဆက်စပ်နေမှု သို့မဟုတ်စစ်ဆင်သည့်အဆင့်များ တခုနှင့်တခုဆက်စပ်နေမှုကို ထောက်ရှုရေး။

အခြေအနေတခုလုံးနှင့် သက်ဆိုင်သည့် (အဆုံးအဖြတ်ပေးနိုင်သည့်) အစိတ်အပိုင်းအချို့ကိုထောက်ရှုရေး။

အခြေအနေတခုလုံးထဲက ထူးခြားချက်များကို ထောက်ရှုရေး။

ရှေ့တန်းစစ်မျက်နှာနှင့် စစ်နောက်ပိုင်းဒေသတို့၏ ဆက်စပ်နေမှုကိုထောက်ရှုရေး။

ဆုံးပါးမှုနှင့် ဖြည့်တင်းမှု၊ တိုက်ခိုက်မှုနှင့်အနားယူမှု၊ စုစည်းမှုနှင့်ဖြန့်ခွဲမှု၊ ထိုးစစ်နှင့်ခံစစ်၊ အတက်နှင့်အဆုတ်၊ ပုန်းကွယ်ခြင်းနှင့်မပုန်းကွယ်ခြင်း၊ အဓိကတိုက်မည့်ဖက်နှင့်အရံတိုက်မည့်ဖက်၊မှန်တိုင်းစစ်ဆင်ရမည့်ဖက်နှင့်ချုပ်ငြိမ်ထားရမည့်ဖက်၊ စုစည်းညွှန်ကြားမှုနှင့်ဖြန့်ခွဲညွှန်ကြားမှု၊ ရေရှည်စစ်နှင့် အမြန်အဆုံးသတ်စစ်၊ နေရာယူစစ်နှင့် လှုပ်ရှားစစ်၊ ကိုယ့်တပ်နှင့်မဟာမိတ်တပ်၊ ဤတပ်မျိုးနှင့်ထိုတပ်မျိုး၊ ခေါင်းဆောင်နှင့်လက်အောက်ငယ်သား၊ ကေဒါများနှင့် စစ်သားများ၊ စစ်သားဟောင်းနှင့်စစ်သားသစ်၊ အဆင့်မြင့်ကေဒါနှင့် အဆင့်နိမ့်ကေဒါ၊ ဝါရင့်ကေဒါနှင့်ဝါနုကေဒါ၊ ဒေသနီနှင့်ဒေသဖြူ၊ ဒေသဟောင်းနှင့်ဒေသသစ်၊ ဗဟိုဒေသနှင့် အစွန်အဖျားဒေသ၊ ပူအိုက်သောရာသီနှင့်ချမ်းအေးသောရာသီ၊ အနိုင်နှင့်အရှုံး၊ တပ်ဖွဲ့စုကြီးနှင့် တပ်ဖွဲ့စုကလေး၊ အ

မြို့ထမ်းတပ်နှင့် ပြောက်ကျားတပ်၊ ရန်သူကိုသုတ်သင်ချေမှုန်းခြင်းနှင့် လူထုထောက်ခံမှုအရယူခြင်း၊ တပ်နီတော်ကို တိုးချဲ့ခြင်းနှင့် ခိုင်မြဲအောင်လုပ်ခြင်း၊ စစ်ရေးလုပ်ငန်းနှင့် နိုင်ငံရေးလုပ်ငန်း၊ အတိတ်ကတာဝန်နှင့်ပစ္စုပ္ပန်တာဝန်၊ ပစ္စုပ္ပန်တာဝန်နှင့်အနာဂတ်တာဝန်၊ ထိုအခြေအနေမျိုးတွင် လုပ်ဆောင်ရမည့်တာဝန်နှင့် ဤအခြေအနေမျိုးတွင်လုပ်ဆောင်ရမည့်တာဝန်၊ အတည်တကျစစ်ကြောင်းနှင့် အတည်တကျမဟုတ်သောစစ်ကြောင်း၊ ပြည်တွင်းစစ်နှင့် အမျိုးသားစစ်၊ ဤသမိုင်းအဆင့်နှင့် ထိုသမိုင်းအဆင့် စသည့်ပြဿနာများ အကြားရှိကွဲပြားခြားနားမှုကိုရော ဆက်စပ်နေမှုကိုပါထောက်ရှုရေး။

အထက်ပါပြဿနာများသည် မျက်စိဖြင့်မမြင်နိုင်သော အရာများဖြစ်သော်လည်း နက်နက်နဲနဲ တွေးတောကြံဆကြည့်လျှင် သဘောပေါက်နားလည်နိုင်ရာ၏၊ ဆုပ်ကိုင်မိနိုင်ရာ၏၊ တဖက်ကမ်းခတ်တတ်မြောက်လာနိုင်ရာ၏၊ ဆိုလိုသည်မှာ စစ်ပွဲသို့မဟုတ်စစ်ဆင်မှုနှင့်ဆိုင်သည့် အရေးကြီးသောပြဿနာမှန်သမျှကို ပိုမိုမြင့်မားသောမူအဆင့်သို့မြှင့်တင်ပြီးဖြေရှင်းနိုင်ရာ၏။ ဤအချက်များထမြောက်အောင်မြင်စေရန်အတွက်ကြောင့်ပင် ကျနော်တို့သည် သေနင်္ဂဗျူဟာပြဿနာများကို စူးစမ်းလေ့လာခြင်းဖြစ်၏။

## (၄) အရေးကြီးသည်မှာကောင်းစွာဆည်းပူးတတ်ရန်ဖြစ်၏

မည်သည့်အတွက်ကြောင့် တပ်နီတော်ကို ဖွဲ့စည်းရသနည်း? ရန်သူကိုဖြိုခွင်းရန်အတွက်ဖြစ်၏။ အဘယ်ကြောင့် စစ်၏တရားများကို



လေ့လာဆည်းပူးရသနည်း? ယင်းတရားများကို စစ်ပွဲတွင်အသုံးချလိုသောကြောင့်ဖြစ်၏။

လေ့လာဆည်းပူးမှုသည် လွယ်ကူသောကိစ္စမဟုတ်၊ ဆည်းပူးထားသောပညာကို အသုံးချရန်မှာ ပို၍ မလွယ်ကူချေ။ လူအတော်များများသည် စာသင်ခန်း၌ဖြစ်စေ၊ စာအုပ်ထဲ၌ဖြစ်စေ၊ စစ်ပညာကိုမှတ်နေအောင် ဟောနိုင်ပြောနိုင်ကြသော်လည်း လက်တွေ့စစ်တိုက်သောအခါတွင်မူအချို့ကနိုင်၍အချို့ကရှုံးကြ၏။ ဤအချက်ကို စစ်သမိုင်းနှင့် ကျနော်တို့ကိုယ်ပိုင်စစ်အတွေ့အကြုံများက ထင်ရှားစေခဲ့ပြီဖြစ်သည်။

ယင်းသို့ဆိုလျှင်သော့ချက်ကဘယ်မှာလဲ?

ဗိုလ်ချုပ်တဦးအား လက်တွေ့တိုက်ပွဲတွင် ပွဲတိုင်းအောင်ဗိုလ်ချုပ်ဖြစ်ရမည်ဟု ကျနော်တို့တောင်းဆို၍မဖြစ်ပေ။ ရှေးခေတ်ကတည်းက ဤကဲ့သို့သောဗိုလ်ချုပ်မျိုးအင်မတန်ရှား၏။ စစ်ခရီးစဉ်တလျှောက်၌ယေဘုယျအားဖြင့် အနိုင်တိုက်နိုင်သောသူရသတ္တိနှင့်ရော လိမ္မာပါးနပ်မှုနှင့်ပါ ပြည့်စုံသည့်ဗိုလ်ချုပ်မျိုး (ဝါ) လက်ရုံးရည်နှလုံးရည်နှင့်ပြည့်စုံသည့် ဗိုလ်ချုပ်မျိုးဖြစ်ရမည်ဟုသာ ကျနော်တို့ တောင်းဆိုပေသည်။ လက်ရုံးရည်နှလုံးရည်နှင့် ပြည့်စုံလိုပါက နည်းတနည်းကိုကျနော်တို့လေ့လာဆည်းပူးရမည်၊ လေ့လာသည့်အခါတွင်ရော အသုံးချသည့် အခါတွင်ပါ ဤနည်းအတိုင်းလုပ်ရမည်။

ဘယ်နည်းလဲ? ကျနော်တို့ဖက်က အခြေအနေအရပ်ရပ်ကိုရော ရန်သူ့ဖက်က အခြေအနေအရပ်ရပ်ကိုပါ ကောင်းကောင်းနားလည်

အောင်လုပ်ပြီး နှစ်ဖက်စလုံး၏ လုပ်ရိုးလုပ်စဉ်တရားများကိုတွေ့အောင်ရှာ၊ ရှာလို့ရသည့်တရားများကို မိမိ၏ပြုမှုလုပ်ရှားမှု၌ အသုံးချဟူသည့်နည်းလမ်းပင်ဖြစ်၏။

နိုင်ငံအမြောက်အမြားမှ ထုတ်ပြန်သော စစ်ရေးဥပဒေစာအုပ်များ၌ "မှုကိုအခြေအနေအရအဆင်ပြေအောင်ကြည့်သုံးရန်" လို့အုပ်ကြောင်းညွှန်ပြထား၏။ စစ်ရှုံးသည့်အခါ စီမံဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်း ညွှန်ပြထား၏။ ပထမညွှန်ပြချက်သည်မှုကိုပုံသေကားချကျင့်သုံးမိသောကြောင့် ဆန္ဒစွဲအမှားများကျူးလွန်ခြင်းမဖြစ်ရအောင် တပ်မှူးများအား သွန်သင်ခြင်းဖြစ်၏။ ဒုတိယညွှန်ပြချက်သည် တပ်မှူးများက ဆန္ဒစွဲအမှားများကျူးလွန်မိသောအခါ သို့မဟုတ် ပကတိအခြေအနေ၌ မမြော်လင့်သောပြောင်းလဲမှုများနှင့်လွန်ဆန်၍ မရနိုင်သောပြောင်းလဲမှုများဖြစ်ပေါ်လာသောအခါမည်သို့စီမံခန့်ခွဲရမည်ဆိုသည်ကို တပ်မှူးများအား ညွှန်ပြခြင်းဖြစ်၏။

အဘယ့်ကြောင့် ဆန္ဒပိုင်းအမှားများ ကျူးလွန်မိတတ်သနည်း? စစ်ပွဲအစီအစဉ်သို့မဟုတ် တိုက်ပွဲအစီအစဉ်နှင့် စစ်ညွှန်ကြားမှုတို့သည် ထိုအချိန်ထိုဒေသ၏ အခြေအနေနှင့်မသိလျော်သောကြောင့်၊ဆန္ဒပိုင်းညွှန်ကြားမှုသည် ပကတိအခြေအနေနှင့် အံကိုက်မဖြစ်၊ အသိအငေါ်မတည့်သောကြောင့် ဖြစ်၏။ တနည်းဆိုရသော် ဆန္ဒပိုင်းနှင့်ပကတိပိုင်းတို့၏ ပဋိပက္ခကို ဖြေရှင်းမပေးနိုင်သောကြောင့်ဖြစ်၏။ လူတို့သည် မည်သည့်ကိစ္စကိုလုပ်လုပ် ဤအဖြစ်မျိုးနှင့် မလွဲမရှောင်သာကြုံတွေ့ရတတ်၏။ သို့သော် လူအချို့ကပိုလုပ်တတ်၍ လူအချို့ကသူတို့လောက်



မလုပ်တတ်ခြင်းသာကွာ၏။ အလုပ်ကိစ္စများကိုပိုလုပ်တတ်ရန် ကျနော်တို့လိုလားသလိုစစ်တိုက်ရာ၌ အောင်ပွဲများများပိုရရှိအောင် ကြိုးစားရန် တနည်းဆိုရလျှင် ရှုံးနိမ့်မှုပိုနည်းစေအောင် ကြိုးစားရန် ကျနော်တို့ လိုလားသည်။ ဤတွင်သော့ချက်ကား ဆန္ဒပိုင်းနှင့် ပကတိပိုင်းကိုအံကျဖြစ်အောင်ကောင်းကောင်းကြိုးစားရန်ပင်ဖြစ်၏။

စစ်ပရိယာယ်ကို ဥပမာအဖြစ် ထား၍ဆိုကြပါစို့။ ထိုးစစ်ဆင်ရာတွင် ရန်သူ၏အားနည်းသောတောင်ပံတဖက်ကို ရွေးချယ်မိသဖြင့် အောင်မြင်ခဲ့ပါက ဆန္ဒပိုင်းနှင့်ပကတိပိုင်းကိုက်ညီသည်ဟုဆိုရမည်ဖြစ်၏။ တနည်းဆိုရသော် တပ်မှူး၏စုစမ်းထောက်လှမ်းမှု၊ အကဲဖြတ်မှုနှင့်စိတ်ဆုံးဖြတ်ချက်ချမှုတို့သည်ရန်သူ့အခြေအနေ ရန်သူ့တပ်စီမံချထားပုံတို့နှင့် ကိုက်ညီသည်ဟု ဆိုရမည်ဖြစ်၏။ အကယ်၍ထိုးစစ်ဆင်ရာတွင် ရန်သူ၏အားကောင်းသော အခြားတောင်ပံတဖက် သို့မဟုတ် ဗဟိုချက်မကို ရွေးချယ်မိသဖြင့် ထိုးဖေါက်၍မရလျှင် ဆန္ဒပိုင်းနှင့်ပကတိပိုင်းမကိုက်ညီဟု ဆိုရမည်ဖြစ်၏။တိုက်သင့်သောအချိန်၌တိုက်ခြင်း၊ အရံတပ်များကို မစောမနှောင်းအသုံးချခြင်း၊ တိုက်ပွဲအစီအမံနှင့်တိုက်ပွဲအပြုအမူအမျိုးမျိုးတို့သည် ကျနော်တို့အတွက်အရေးသာပြီး ရန်သူ့အတွက်အရေးမသာခြင်းတို့သည် တိုက်ပွဲတလျှောက်လုံး၌ ဆန္ဒပိုင်းညွှန်ကြားမှုနှင့် ပကတိတည်ရှိနေသည့် အခြေအနေများ အားလုံးကိုက်ညီနေခြင်းဖြစ်၏။ စစ်ပွဲတပွဲသို့မဟုတ်တိုက်ပွဲတပွဲ၌ ဤသို့အဖက်ဖက်မှကိုက်ညီခြင်းမျိုးသည်ရှိခဲလှ၏။ အကြောင်းမူ စစ်ပွဲ သို့မဟုတ် တိုက်ပွဲ၌ ပါဝင်တိုက်ခိုက်နေကြသောဖက်နှစ်ဖက်စလုံးသည် လက်နက်

စွဲကိုင်ထားကြသည့်သက်ရှိလူစုလူဝေးများဖြစ်နေသည့်ပြင် နှစ်ဖက်စလုံးက ကိုယ့်လျှို့ဝှက်ချက်များကို တဖက်သို့ မပေါက်ကြားအောင် ထိန်းသိမ်းထားကြသောကြောင့်ဖြစ်၏။ ၎င်းသည် သက်မဲ့အရာများ သို့မဟုတ်နေ့စဉ်လုပ်နေကျကိစ္စများကိုစီရင်ခန့်ခွဲရသည်နှင့် များစွာကွဲပြားခြားနား၏။ သို့သော် ညွှန်ကြားမှုကို အခြေအနေနှင့်ယေဘုယျအားဖြင့် ကိုက်ညီအောင်လုပ်နိုင်ပါက (ဝါ) အဆုံးအဖြတ်ပေးနိုင်သည့်အချက်များကို အခြေအနေနှင့် ကိုက်ညီအောင် လုပ်နိုင်ပါက၊ အောင်ပွဲအတွက်အခြေခံရရှိမည်ဖြစ်၏။

တပ်မှူး၏မှန်ကန်သောစီမံမှုသည် မှန်ကန်သော သန္နိဋ္ဌာန်ချမှု မှ ပေါ် ပေါက်လာခြင်းဖြစ်၏။ မှန်ကန်သောသန္နိဋ္ဌာန်ချမှုသည်မှန်ကန်သောဝေဖန်ပိုင်းခြားမှုမှ ပေါ်ပေါက်လာခြင်းဖြစ်၏။ မှန်ကန်သော ဝေဖန်ပိုင်းခြားမှုသည် စေ့စပ်သေချာ၍ လိုအပ်သော ထောက်လှမ်းမှုများနှင့်ထောက်လှမ်း၍ ရရှိသောအချက်အလက်အမျိုးမျိုးကို ဆက်စပ်ပြီးစဉ်းစားဆင်ခြင်မှုမှပေါ်ပေါက်လာခြင်းဖြစ်၏။ တပ်မှူးသည်ဖြစ်လည်းဖြစ်နိုင်၍ လိုလည်းလိုအပ်သောနည်းလမ်းမှန်သမျှဖြင့် ထောက်လှမ်း၍ရရှိသော ရန်သူ့အခြေအနေဆိုင်ရာအချက်အလက်များကမှ အကာကိုပစ် အနှစ်ကိုယူ၊ အတုကိုပစ် အစစ်ကိုယူ၊ ဤအချက်မှထိုအချက်သို့၊အပေါ်ယံမှအတွင်းပိုင်းသို့ထိုးထွင်းသည့်နည်းဖြင့် ဆင်ခြင်သုံးသပ်ပြီးနောက်၊ ကိုယ့်ဖက်က အခြေအနေကိုပါထည့်တွက်လျက်၊ နှစ်ဦးနှစ်ဖက်၏အခြေအနေနှိုင်းယှဉ်ချက်နှင့် အပြန်အလှန်ဆက်စပ်နေမှုများကို လေ့လာသုံးသပ်သည်၊ သို့ဖြင့်သူ၏ဝေဖန်ပိုင်းခြားမှုတွေ၊သန္နိ



ဋ္ဌာန်ချမှုတွေ၊စီမံကိန်းတွေပေါ် လာသည်။ ဤကားစစ်ပါရဂူအနေဖြင့် သေနင်္ဂဗျူဟာစီမံကိန်း၊ တိုက်ပွဲကြီးစီမံကိန်းသို့မဟုတ်တိုက်ပွဲစီမံကိန်း မချမီအခြေအနေများကို သိနားလည်အောင်လုပ်ဆောင်ရသည့်ဖြစ်စဉ်တခုလုံးပင်ဖြစ်၏။ ပေါ့ပေါ့ဆဆလုပ်တတ်သောစစ်ပါရဂူကမူ ဤသို့မလုပ်၊ စစ်စီမံကိန်းများကို စိတ်ထင်သလိုရေးဆွဲ၏။ ဤသို့သောစီမံကိန်းမျိုးကားစိတ်ကူးယဉ်သက်သက်မျှသာဖြစ်၍ လက်တွေ့ဖြစ်ရပ်နှင့်မကိုက်ညီပေ။ စိတ်အားထက်သန်မှုလောက်နှင့်သာအလုပ်လုပ်လေ့ရှိသောတဇောက်ကန်းစစ်ပါရဂူများသည် ရန်သူ၏လှည့်ဖြားမှုကို ခံရတတ်၏။ ရန်သူ၏အပေါ်ယံ သို့မဟုတ်တစွန်းတစအခြေအနေ၏သွေးဆောင်မှုကိုလည်းခံရတတ်၏၊ မိမိ၏လက်အောက်ငယ်သားများကနက်နက်နဲနဲ မှန်မှန်ကန်ကန် သဘောပေါက်နားလည်ခြင်းမရှိဘဲ တာဝန်မဲ့ပေးသော အကြံဉာဏ်များကြောင့် စိတ်ကြွလာတတ်၏၊ ထို့ကြောင့် နှာခေါင်းကျည်ပွေ့တွေ့ရမည်မှာ မလွဲပေ။ အကြောင်းမှာ မည်သည့် စစ်စီမံကိန်းကို ရေးဆွဲရေးဆွဲ၊ လိုအပ်သော ထောက်လှမ်းမှု၊ ရန်သူ့ဖက်ကိုယ့်ဖက်အခြေအနေနှင့် ၎င်းတို့၏ အပြန်အလှန်ဆက်စပ်နေပုံတို့ကို စေ့စပ်သေချာစွာ ချင့်ချိန်ပိုင်းခြားမှုအပေါ်၌ အခြေပြုသည်ဟူသောအချက်ကို သူတို့နားမလည်သောကြောင့်၊ သို့မဟုတ်နားမလည်လိုသောကြောင့်ဖြစ်၏။

အခြေအနေကို သိအောင်လုပ်ရသောဖြစ်စဉ်သည်စစ်စီမံကိန်းမချမှတ်မီတွင်ရှိနေရုံသာမက ချမှတ်ပြီးနောက်တွင်လည်း ရှိနေလေသည်။ စီမံကိန်းတခုကိုစတင်လုပ်ဆောင်သည့်အချိန်မှစ၍ တိုက်ပွဲပြီးဆုံးသွား

သည့် အချိန်အထိသည်လည်း အခြေအနေကိုသိအောင်လုပ်သောဖြစ်စဉ်တခုဖြစ်ပြန်၏၊ (ဝါ) စီမံကိန်းကို ရုပ်လုံးဖေါ်သောဖြစ်စဉ်ဖြစ်ပြန်၏။ ဤအချိန်တွင် ပထမဖြစ်စဉ်တုန်းက ချမှတ်ထားသည့် စီမံကိန်းသည်လက်တွေ့အခြေအနေနှင့် ကိုက်မကိုက်ဆိုသည်ကို ထပ်မံစစ်ဆေးကြည့်ရသည်။ အကယ်၍စီမံကိန်းသည် အခြေအနေနှင့်မကိုက်ပါက သို့မဟုတ်အပြည့်အဝမကိုက်ညီသေးပါက၊ အသစ်ရရှိသောသိနားလည်မှုနှင့်အညီ အသစ်တဖန်ဝေဖန်ပိုင်းခြားခြင်း၊ အသစ်တဖန်သန္နိဋ္ဌာန်ချခြင်း၊ ချမှတ်ပြီးသောစီမံကိန်းကို အခြေအနေသစ်နှင့် ကိုက်အောင်ပြင်ဆင်ပြောင်းလဲခြင်းပြုရမည်။ စီမံကိန်းကို တစိတ်တဒေသအားဖြင့် ပြင်ဆင်ပြောင်းလဲရသောအဖြစ်မျိုးသည် တိုက်ပွဲတိုင်းလိုလိုရှိနေ၏။ စီမံကိန်းတခုလုံးကို ပြင်ဆင်ပြောင်းလဲပစ်ရသောအဖြစ်မျိုးသည်လည်း ရံဖန်ရံခါရှိတတ်၏။ တဇောက်ကန်းသမားများကမူ မိမိ၏စီမံကိန်းကို ပြင်ဆင်ပြောင်းလဲရမှန်းမသိကြ၊ သို့မဟုတ်ပြင်ဆင်ပြောင်းလဲရန် ဆန္ဒမရှိကြဘဲ၊ ဆင်ကန်းတောတိုးလုပ်တတ်ကြသဖြင့် မလွဲကေန်နှာခေါင်းကျည်ပွေ့တွေ့ရမည်ဖြစ်သည်။

အထက်ပါအချက်များသည် သေနင်္ဂဗျူဟာပြုမှုလှုပ်ရှားမှု တရပ်သို့မဟုတ်တိုက်ပွဲကြီးတပွဲ သို့မဟုတ် တိုက်ပွဲတပွဲ၏ပြုမှုလှုပ်ရှားမှု အကြောင်းဖြစ်သည်။ စစ်အတွေ့အကြုံများသော စစ်သည်တော်တယောက်သည် စိတ်ထားနှိမ့်ချစွာ ဆည်းပူးလေ့လာသူဖြစ်ပြီး၊ မိမိစစ်တပ် (တပ်မှူး၊ တပ်သား၊ လက်နက်၊ စားနပ်ရိက္ခာစသည်တို့အပြင် ၎င်းတို့နှင့်ပတ်သက်သောအခြေအနေတခုလုံး) အကြောင်းနှင့်ရန်သူ့စစ်တပ်(အလားတူပင်တပ်မှူး၊ တပ်သား၊ လက်နက်၊ စားနပ်ရိက္ခာစသည်တို့အပြင် ၎င်းတို့နှင့်ပတ်သက်သော အခြေအနေတခုလုံး) အကြောင်းကိုလည်း ကောင်းကောင်းသိထားမည်၊ စစ်နှင့် သက်ဆိုင်သောအခြားအချက်အလက်အားလုံးဥပမာနိုင်ငံရေး၊ စီးပွါးရေး၊ ပထဝီ၊ ရာသီဥတုစသည်တို့၏အကြောင်းကိုလည်း ကောင်းကောင်းသိထားမည်ဆိုပါက၊ ဤသို့သောစစ်သည်တော်သည် စစ်ကိုညွှန်ကြားရာတွင်သော်၎င်း၊ စစ်ဆင်ရာတွင်သော်၎င်း၊ ပို၍ ပိုင်ပိုင်နိုင်နိုင်ရှိလိမ့်မည်၊ ပို၍လည်းအောင်ပွဲခံရပေလိမ့်မည်။ ဤသို့ဖြစ်နိုင်ရခြင်းမှာ ရှည်ကြာသောအချိန်ကာလအတွင်းတွင်၊ ရန်သူ့ဖက်နှင့် ကိုယ့်ဖက်ကအခြေအနေကိုသိလာပြီး လုပ်ရိုးလုပ်စဉ်တရားများကိုတွေ့ရှိကာ ဆန့်ကျင်ဘက်ပိုင်းနှင့် ပကတိပိုင်းတို့၏ ပဋိပက္ခများကိုဖြေရှင်းလိုက်သောကြောင့်ဖြစ်၏။ ဤသိရှိနားလည်မှုဖြစ်စဉ်သည်အလွန်အရေးကြီး၏၊ ဤသို့နှစ်ရှည်လများအတွေ့အကြုံများမရှိခဲ့လျှင်၊ စစ်ပွဲတခုလုံး၏ တရားများကို နားလည်သဘောပေါက်ရန်နှင့်ပိုင်ပိုင်နိုင်နိုင်ရှိရန်ခဲယဉ်း၏။ စစ်ထဲလိုက်စဖြစ်သူ သို့မဟုတ် ပါးစပ်ဖြင့်သာစစ်တိုက်တတ်သူသည်တကယ်စွမ်းရည်ရှိသောအထက်တန်းတပ်မှူးတဦးမဖြစ်နိုင်၊ စစ်တိုက်ယင်း လေ့လာဆည်းပူးသူမှသာဖြစ်နိုင်၏။

မှုသဘောဆောင်သော စစ်ရေးတရားဥပဒေသ သို့မဟုတ် စစ်ရေးသဘောတရားအားလုံးသည် အတိတ်ကစစ်အတွေ့အကြုံများကို ရှေးခေတ်ကလူများ သို့မဟုတ်ယခုခေတ်လူများက ပေါင်းရုံးသုံးသပ်ထားသောအချက်များပင်ဖြစ်၏။ အတိတ်က စစ်ပွဲများက ကျနော်တို့အ

တွက် ချန်ထားခဲ့သောသွေးနှင့်ပြီးသည့် ယင်းသင်ခန်းစာများကို ကျနော်တို့အလေးပေး၍လေ့လာဆည်းပူးသင့်၏။ ဤသည်ကိစ္စတရပ်ဖြစ်၏။ သို့သော် အခြားကိစ္စတရပ်ရှိသေး၏၊ ၎င်းမှာ ယင်းပေါင်းရုံးသုံးသပ်ချက်များကို ကျနော်တို့၏ အတွေ့အကြုံများဖြင့် မှတ်ကျောက်တင်ကြည့်ပြီး အသုံးကျမည့် အချက်များကို လက်ခံ၍ အသုံးမကျမည့် အချက်များကို ပယ်ပစ်ရမည်၊ ကျနော်တို့၏ ကိုယ်ပိုင်အတွေ့အကြုံအရသီးခြားရရှိထားသော အချက်များကိုလည်း ဖြည့်စွက်ထည့်သွင်းလိုက်ရမည်၊ ဤအချက်ကား အလွန်အရေးကြီး၏၊ ဤအတိုင်းမလုပ်ပါက ကျနော်တို့သည်စစ်ကိုညွှန်ကြားနိုင်မည်မဟုတ်ချေ။

စာဖတ်ခြင်းသည် လေ့လာသင်ယူခြင်းဖြစ်၏။ လက်တွေ့အသုံးချခြင်းသည်လည်းလေ့လာသင်ယူခြင်းဖြစ်၏၊ ထိုထက်မက ပို၍အရေးကြီးသော လေ့လာသင်ယူခြင်းဖြစ်၏။ စစ်ပညာကို စစ်ပွဲမှာ သင်ယူခြင်းသည် ကျနော်တို့၏ အဓိကနည်းလမ်းဖြစ်၏။ ကျောင်းနေခွင့်မရခဲ့သူများလည်း စစ်ပညာကိုသင်ယူနိုင်၏၊ စစ်တိုက်ယင်းသင်ယူနိုင်၏။ တော်လှန်ရေးစစ်သည် လူထုတရပ်လုံးနှင့် ဆိုင်သောအရေးကိစ္စဖြစ်၍ သင်ယူတတ်မြောက်ပြီးမှလုပ်ရခြင်းမျိုးမဟုတ်ဘဲ လုပ်ယင်း သင်ယူရသည်။ လုပ်ခြင်းသည်ပင်လျှင် လေ့လာသင်ယူခြင်းဖြစ်၏။ "အရပ်သား" အဖြစ်မှ စစ်သားအဖြစ်သို့ ရောက်ရန်ကွာလှမ်းချက်ကားရှိ၏၊ သို့သော် ယင်းကွာလှမ်းချက်သည် မဟာတံတိုင်းကြီးလောက်တော့ မရှည်ပါ၊ ဤကွာလှမ်းချက်မြန်မြန်ပျောက်သွားအောင် လုပ်နိုင်၏။ တော်လှန်ရေးလုပ်ခြင်းနှင့် စစ်တိုက်ခြင်းတို့သည် ဤကွာလှမ်းချက်



ပျောက်သွားအောင် လုပ်သောနည်းလမ်းပင်ဖြစ်၏။ လေ့လာသင်ယူခြင်းနှင့် လက်တွေ့အသုံးချခြင်းတို့သည် လွယ်ကူသောကိစ္စမဟုတ်ဟုသောစကား၏ အဓိပ္ပါယ်မှာ ပေါက်ပေါက်ရောက်ရောက်သင်ယူရန်နှင့် ကျွမ်းကျွမ်းကျင်ကျင်အသုံးချရန် မလွယ်ကူခြင်းကိုဆိုလိုသည်။ အရပ်သားအဖြစ်မှ စစ်သားအဖြစ်သို့ မြန်မြန်ကူးပြောင်းလာနိုင်သည် ဟုသောစကား၏ အဓိပ္ပါယ်မှာ သာမန်စစ်ပညာရရန်မခဲယဉ်းလှဟုဆိုလို၏။ ဤစကားနှစ်ခွန်းကို တရုတ်ရှေးစကားပုံဖြင့် ချုပ်၍ပြောရလျှင် "စိတ်ပါလက်ပါကြိုးစားသူတို့အဖို့ လောကတွင်ခက်ခဲသောကိစ္စရယ်လို့မရှိ" ဟူသည်ပင်ဖြစ်၏။ စိတ်ပါလက်ပါနှင့် ကောင်းကောင်းလေ့လာသင်ယူတတ်ပါကသာမန်ပညာရနိုင်ရန် မခက်သလိုပေါက်ပေါက်ရောက်ရောက်လည်းတတ်မြောက်နိုင်၏။

စစ်ရေးတရားဥပဒေသများသည်လည်း အခြားသော အရာဝတ္ထုများ၏ တရားများကဲ့သို့ပင်၊ ပကတိအားဖြင့်တည်ရှိနေသော တကယ့်ဖြစ်ရပ် [9] များက ကျနော်တို့ဦးနှောက်ထဲသို့ ရောင်ပြန်ဟပ်လာခြင်းဖြစ်၏၊ ကျနော်တို့၏ဦးနှောက်မှတပါး အရာခပ်သိမ်းသည် ပကတိအားဖြင့် တည်ရှိနေသော တကယ့်ဖြစ်ရပ်များဖြစ်သည်။ ထို့ကြောင့်ကျနော်တို့လေ့လာရမည့်၊ သိအောင်လုပ်ရမည့်အရာများတွင် ရန်သူဖက်နှင့်ကျနော်တို့ဖက်မှအရာများပါဝင်၏၊ ဤနှစ်ဖက်စလုံးကို ကျနော်တို့စူးစမ်းလေ့လာရမည့်အရာများဟုမှတ်ယူရမည်၊ ကျနော်တို့၏ဦးနှောက် (အတွေးအခေါ်) သည်သာလျှင် စူးစမ်းလေ့လာခြင်းအမှုကို ပြုသူဖြစ်သည်။ လူအချို့သည်ကိုယ့်ဖက်က အခြေအနေကိုကောင်းကောင်း

သိပြီး တဖက်သား၏ အခြေအနေကိုမူ ကောင်းကောင်းမသိကြ၊ အခြားသောလူအချို့ကမူ တဖက်သား၏အခြေအနေကိုကောင်းကောင်းသိပြီးကိုယ့်ဖက်ကအခြေအနေကိုမူကောင်းကောင်းမသိကြ။ ဤလူနှစ်မျိုးစလုံးသည် စစ်ရေးတရားဥပဒေသများကို လေ့လာဆည်းပူးရေးနှင့် အသုံးချရေးပြဿနာကို မဖြေရှင်းနိုင်ကြချေ။ ရှေးခေတ်တရုတ်စစ်ပါရဂူကြီးစွင်းဝူစီ [၂] ရေးသောစာအုပ်ထဲမှ "ရန်သူ့အကြောင်းကိုယ့်အကြောင်းကောင်းကောင်းသိမှ တိုက်ပွဲတိုင်းတွင်မရှုံးနိုင်" ဟူသောစကားမှာ လေ့လာဆည်းပူးရေးအဆင့်ကိုရော လက်တွေ့အသုံးချရေးအဆင့်ကိုပါထည့်ပြောထားခြင်းဖြစ်၏၊ ပကတိအားဖြင့် တည်ရှိနေသောတကယ့်ဖြစ်ရပ်များ၏ တိုးတက်မှုတရားများကို သိအောင်လုပ်ခြင်းကိုရော၊ ယင်းတရားများအတိုင်းမိမိဘယ်လိုလုပ်ရမည်ဆိုသည်ကိုဆုံးဖြတ်ကာ ရင်ဆိုင်နေရသော ရန်သူများအပေါ် အနိုင်တိုက်ခြင်းကိုပါ ထည့်ပြောထားခြင်းဖြစ်၏။ ထို့ကြောင့် ထိုစကားကို ကျနော်တို့ပေါ့ပေါ့ဆဆသဘောမထားသင့်ပေ။

စစ်ဟူသည်မှာလူမျိုးချင်း၊ နိုင်ငံချင်း၊ လူတန်းစားချင်း၊နိုင်ငံရေးအုပ်စုချင်း တိုက်ပွဲဆင်ကြသည့် အမြင့်ဆုံးသဏ္ဌာန်ဖြစ်သည်။ စစ်နှင့်ပတ်သက်သော တရားအားလုံးသည် စစ်တိုက်နေကြသောလူမျိုးများ၊ နိုင်ငံများ၊ လူတန်းစားများနှင့် နိုင်ငံရေးအုပ်စုများက မိမိတို့အနိုင်ရရေးအတွက် အသုံးချကြသောအရာများဖြစ်၏။ စစ်ပွဲအနိုင်အရှုံးကို အဓိကအားဖြင့် အဆုံးအဖြတ်ပေးသောအရာများကား စစ်တိုက်နေကြသောနှစ်ဦးနှစ်ဖက်တို့၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွါးရေးနှင့်သဘာဝ



အခြေအနေများဖြစ်သည်မှာ ယုံမှားဖွယ်မရှိပေ။ သို့ရာတွင် ဤမျှနှင့်မပြီးသေး၊ စစ်တိုက်နေကြသော နှစ်ဦးနှစ်ဖက်တို့၏ ကိုယ်ပိုင်ညွှန်ကြားမှုစွမ်းရည်ကလည်းအနိုင်အရှုံးကို ဆုံးဖြတ်နိုင်သေး၏။ စစ်ပါရဂူတို့သည် ရုပ်ဝတ္ထုအခြေအနေကခွင့်ပြုသည့် ဘောင်ကိုကျော်ပြီး စစ်ပွဲတွင်အနိုင်ရအောင် မကြံဆောင် နိုင်သော်လည်း၊ ရုပ်ဝတ္ထုအခြေအနေက ခွင့်ပြုသည့်ဘောင်အတွင်း၌ စစ်နိုင်အောင် ကြိုးပမ်းနိုင်ရုံမက ကြိုးလည်းကြိုးပမ်းရမည်။ စစ်ပါရဂူတို့ စစ်ဇာတ်ခင်းကြသောဇာတ်ခုံသည်ပကတိတည်ရှိနေသော ရုပ်ဝတ္ထုအခြေအနေများကို အခြေပြုထားသည်မှန်သော်လည်း၊ ယင်းဇာတ်ခုံပေါ်တွင် ကြီးကျယ်ခမ်းနားအသက်ပါလှသော ဇာတ်အမြောက်အမြားကို ညွှန်ကြားပြသနိုင်၏။ ထို့ကြောင့်ကျနော်တို့တပ်နီတော်မှစစ်ညွှန်ကြားသူများသည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွါးရေး၊ သဘာဝအခြေအနေစသည့် ပကတိ တည်ရှိနေသောရုပ်ဝတ္ထုအခြေခံပေါ်တွင်၊ ကျနော်တို့၏ စွမ်းပကားကိုထုတ်၍ စစ်သည်အပေါင်းကိုရှေ့ဆောင်ကွပ်ကဲကာ အမျိုးသားရန်သူများ နှင့် လူတန်းစားရန်သူများကို ချေမှုန်းသုတ်သင်ပစ်ကြရမည်၊ မကောင်းသောဤကမ္ဘာလောကကြီးကို ပြောင်းလဲပစ်ကြရမည်။ ဤသို့လုပ်ဆောင်ကြရာဝယ် ကျနော်တို့၏ ကိုယ်ပိုင်ညွှန်ကြားမှုစွမ်းရည်သည်အသုံးလည်းကျပေသည်၊ ၎င်းကို အသုံးလည်းချရမည်။ တပ်နီတော်မှ မည်သည့်တပ်မှူးပင်ဖြစ်စေ ဆင်ကန်းတောတိုးလုပ်သော တဇောက်ကန်းသမားဖြစ်သွားမည်ကို ကျနော်တို့ခွင့်မပြုနိုင်။ တပ်နီတော်မှတပ်မှူးတိုင်းပင် သူရသတ္တိလည်းရှိလိမ္မာပါးနပ်မှုလည်းရှိသော သူရဲကောင်း

များဖြစ်လာအောင်၊ ရန်သူအပေါင်းကို ဖြိုခွင်းရဲသော သတ္တိရှိရှိသာမက၊ စစ်ပွဲတခုလုံး၏ ပြောင်းလဲတိုးတက်မှုကို ပွဲကိုင်ထိန်းကျောင်းနိုင်စွမ်းရှိသူများလည်း ဖြစ်လာအောင် ကျနော်တို့အားပေးရမည်။ တပ်မှူးများသည် စစ်ပင်လယ်ကြီးထဲတွင်ရေကူးနေကြရာဝယ်၊ မိမိကိုယ်ကိုမြုပ်မသွားအောင် တဖက်ကမ်းသို့မရောက်ရောက်အောင် ခပ်မှန်မှန်ကူးသွားကြရမည်။ စစ်ကိုညွှန်ကြားသောတရားများသည် စစ်ပင်လယ်ထဲတွင်ရေကူးသောပညာပင်ဖြစ်၏။

အထက်ပါတို့ကားကျနော်တို့၏ နည်းလမ်းများပင်ဖြစ်၏။

## အခန်း ၂။ တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်တော်လှန်ရေးစစ်ပွဲ

၁၉၂၄ ခုနှစ်က စတင်ခဲ့သော တရုတ်ပြည်တော်လှန်ရေးစစ်သည် အဆင့်နှစ်ဆင့်ကိုဖြတ်သန်းခဲ့ပြီဖြစ်သည်၊ ပထမအဆင့်မှာ ၁၉၂၄ ခုနှစ်မှ ၁၉၂၇ ခုနှစ် အထိဖြစ်၍၊ ဒုတိယအဆင့်မှာ ၁၉၂၇ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိဖြစ်သည်။ ဂျပန်ခုခံရေး အမျိုးသားတော်လှန်ရေးစစ်အဆင့်သည် ယခုအချိန်မှစ၏။ ဤအဆင့်သုံးဆင့်စလုံးမှ တော်လှန်ရေးစစ်များသည် တရုတ်ပစ္စည်းမဲ့ လူတန်းစားနှင့် ၎င်း၏ပါတီဖြစ်သောတရုတ်ပြည်ကွန်မြူနစ်ပါတီက ဦးဆောင်သော တော်လှန်ရေးစစ်များဖြစ်ကြ၏။ တရုတ်ပြည်တော်လှန်ရေးစစ်၏ အဓိကရန်သူများကားနယ်ချဲ့သမားနှင့် ပဒေသရာဇ်အင်အားစုများ ဖြစ်ကြ၏။ တရုတ်ဓနရှင်လူ



တန်းစားသည် သမိုင်းကာလတခုခုတွင် တော်လှန်ရေးစစ်ထဲ ပါဝင်ဆင်နွှဲနိုင်ကြသော်လည်း သူတို့၏ တကိုယ်ကောင်းစိတ်ကြောင့်၎င်း၊ နိုင်ငံရေးနှင့် စီးပွါးရေးအရ ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းမရှိခြင်းကြောင့်၎င်း၊ တရုတ်ပြည်တော်လှန်ရေးစစ်ကို အဆုံးသတ်အောင်ပွဲခံရသည်အထိခေါင်းဆောင်ရန် ဆန္ဒမရှိကြ၊ ခေါင်းဆောင်နိုင်စွမ်းလည်းမရှိကြပေ။ တရုတ်လယ်သမားထုနှင့် မြို့နေဓနရှင်ပေါက်စများကား တော်လှန်ရေးစစ်တွင် တက်ကြွစွာပါဝင်ဆင်နွှဲလိုကြ၏၊ တော်လှန်ရေးစစ်ကို အဆုံးသတ် အောင်ပွဲခံစေလိုကြ၏။ သူတို့သည် တော်လှန်ရေးစစ်၏ အဓိက အင်အားစုများဖြစ်ကြ၏။ သို့ရာတွင် သူတို့၏ ကုန်ထုတ်လုပ်မှုအသေးစားတူးခြားချက်က သူတို့၏နိုင်ငံရေးအမြင်ကို ကန့်သတ်ထားသဖြင့် (အလုပ်လက်မဲ့တချို့မှာမင်းမဲ့အတွေးအခေါ်များရှိနေကြ၏)၊ စစ်ကိုမှန်ကန်စွာဦးဆောင်သူများဖြစ်မလာနိုင်ကြပေ။ သို့ကြောင့်နိုင်ငံရေးဇာတ်ခုံပေါ်သို့ ပစ္စည်းမဲ့လူတန်းစားတက်ရောက်လာပြီဖြစ်သောခေတ်တွင် တရုတ်ပြည်တော်လှန်ရေးစစ်ကို ခေါင်းဆောင်ရမည့်တာဝန်သည် တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ပခုံးပေါ်သို့မလွှဲမရှောင်သာ ကျရောက်လာရတော့၏။ ယင်းသို့သောအချိန်၌ မည်သည့်တော်လှန်ရေးစစ်ပင်မဆို ပစ္စည်းမဲ့လူတန်းစားနှင့် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုသာမရှိပါက၊ သို့မဟုတ် ၎င်းခေါင်းဆောင်မှုကို ကျောခိုင်းပါက၊ မုချဆတ်ဆတ် ရှုံးနိမ့်ရမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကိုလိုနီတပိုင်းတရုတ်ပြည်လူ့အဖွဲ့အစည်းမှ လူ့အလွှာအသီးသီးနှင့် နိုင်ငံရေးအုပ်စုအမျိုးမျိုးအနက်၊ ပစ္စည်းမဲ့လူတန်းစားနှင့် ကွန်မြူနစ်ပါတီသာ

လျှင် သဘောထားကျဉ်းမြောင်းမှုနှင့် တကိုယ်ကောင်းကြံမှုမရှိဆုံး၊ နိုင်ငံရေးအမြင်လည်း အကျယ်ဆုံး၊ စည်းရုံးမှုလည်းအရှိဆုံး၊ ကမ္ဘာပေါ်မှတိုးတက်သော ပစ္စည်းမဲ့လူတန်းစားနှင့် ၎င်းတို့၏ပါတီများ၏ အတွေ့အကြုံများကိုလည်း စိတ်ထားအနှိမ့်ချဆုံးဖြင့် လက်ခံပြီး၊ မိမိ၏ လုပ်ငန်းတွင် အသုံးချတတ်ဆုံးဖြစ်သောကြောင့်ဖြစ်၏။ သို့ဖြစ်ရကား ပစ္စည်းမဲ့လူတန်းစားနှင့် ကွန်မြူနစ်ပါတီသာလျှင်လယ်သမားများ၊ မြို့နေဓနရှင်ပေါက်စများနှင့် ဓနရှင်လူတန်းစားတို့ကို ခေါင်းဆောင်နိုင်သည်၊ လယ်သမားများနှင့် ဓနရှင်ပေါက်စတို့၏ သဘောထားကျဉ်းမြောင်းမှုနှင့် အလုပ်လက်မဲ့တို့၏ အဖျက်သဘောကိုကျော်နင်းနိုင်သည်၊ ဓနရှင်လူတန်းစား၏ တွေဝေယိမ်းယိုင်မှုနှင့် ဆုံးခန်းတိုင်မဆောင်ရွက်နိုင်မှုကိုလည်း ကျော်နင်းနိုင်သည် (အကယ်၍ကွန်မြူနစ်ပါတီ၏ ပေါ်လစီများတွင်အမှားမရှိပါက ဤသို့လုပ်နိုင်မည်ဖြစ်၏)၊ တော်လှန်ရေးနှင့် စစ်ကိုအောင်ပန်းဆွတ်ခူးရာ စခန်းသို့ ရှေ့ဆောင်သွားနိုင်ပေသည်။

အခြေခံအားဖြင့်ပြောရလျှင် ၁၉၂၄–၂၇ ခုနှစ်တော်လှန်ရေးစစ်ကို နိုင်ငံတကာ ပစ္စည်းမဲ့လူတန်းစား၊ တရုတ်ပစ္စည်းမဲ့လူတန်းစားနှင့် ၎င်း၏ပါတီက တရုတ်အမျိုးသားဓနရှင်လူတန်းစားနှင့် ၎င်း၏ပါတီအပေါ် နိုင်ငံရေးအရဩဇာလွှမ်းမိုးခြင်းနှင့် ၎င်းတို့နှင့်နိုင်ငံရေးအရပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် အခြေအနေအောက်တွင် ဆင်နွှဲခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ယင်းတော်လှန်ရေးနှင့်စစ်အရေးတကြီးဖြစ်လာသော အချိန်၌ဦးစွာအားဖြင့် ဓနရှင်ကြီးလူတန်းစား၏သစ္စာဖောက်မှုကြောင့်



၎င်း၊ တချိန်တည်း၌တော်လှန်ရေးတပ်ပေါင်းစုထဲမှ အခွင့်အရေးသမားဝါဒီများက တော်လှန်ရေးဦးဆောင်မှုကို ကိုယ့်ဖါသာ စွန့်လွှတ်လိုက်ခြင်းကြောင့် ၎င်း၊ ထိုတော်လှန်ရေးစစ်ပွဲသည်အရေးနိမ့်သွားခဲ့ရလေသည်။

၁၉၂၇ ခုနှစ်မှ ယခုအထိဆင်နွှဲသော မြေယာတော်လှန်ရေးစစ်ပွဲမှာမူ အခြေအနေသစ်တွင် ဆင်နွှဲသောစစ်ပွဲဖြစ်၏။ ဤစစ်ပွဲ၏ရန်သူများကား နယ်ချဲ့သမားများဖြစ်ရုံသာမက၊ ဓနရှင်ကြီးလူတန်းစားနှင့်မြေရှင်ကြီးတို့ပါ ပါဝင်သည့် မဟာမိတ်အဖွဲ့လည်းဖြစ်၏။ အမျိုးသား ဓနရှင်လူတန်းစားကမူ ဓနရှင်ကြီးလူတန်းစား၏ နောက်မြီးဆွဲဖြစ်သွား၏။ ဤတော်လှန်ရေးစစ်ပွဲကို ကွန်မြူနစ်ပါတီတဦးတည်းကသာ ဦးဆောင်နေသည်။ ကွန်မြူနစ်ပါတီသည်တော်လှန်ရေးစစ်ပွဲကို အကြွင်းမဲ့ ခေါင်းဆောင်သူ ဖြစ်လာသည်။ ကွန်မြူနစ်ပါတီ၏ ဤသို့သောအကြွင်းမဲ့ခေါင်းဆောင်မှုသည် တော်လှန်ရေးစစ်ပွဲကို ဆုံးခန်းတိုင်အောင်မြဲမြဲကြံ့ခိုင်စွာ ဆင်နွှဲသွားနိုင်စေရေးအတွက် အရေးအကြီးဆုံးအကြောင်းအချက်ဖြစ်၏။ ကွန်မြူနစ်ပါတီ၏ ဤသို့သောအကြွင်းမဲ့ခေါင်းဆောင်မှုမရှိပါက၊ တော်လှန်ရေးစစ်ပွဲကို ဤသို့မြဲမြဲကြံ့ခိုင်စွာဆင်နွှဲသွားနိုင်လိမ့်မည်ဟု တွေးမြင်ရနိုင်မည်မဟုတ်ချေ။

တရုတ်ပြည်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်တော်လှန်ရေးစစ်ပွဲကိုရဲရင့်ပြတ်သားစွာဦးဆောင်ခဲ့၏။ ရှည်ကြာလှသည့် ၁၅ နှစ်တာကာလအတွင်းတွင် [၅] တရုတ်ပြည်ကွန်မြူနစ်ပါတီက မိမိသည် ပြည်သူတို့၏ မိတ်ဆွေဖြစ်ကြောင်း၊ ပြည်သူလူထု၏အကျိုးစီးပွါးကိုကာကွယ်စောင့်ရှောက်ရေးအတွက် ပြည်သူတို့၏လွတ်လပ်ရေးနှင့် လွတ်မြောက်ရေး

အတွက် နေ့စဉ်နေ့တိုင်းပင် တော်လှန်ရေးစစ်၏ရှေ့ဆုံးတန်းမှရပ်တည်နေကြောင်း တရုပ်ပြည်သူလူထုကြီးအားပြသခဲ့၏။

တရုပ်ပြည်ကွန်မြူနစ်ပါတီသည်၊ ဆင်းရဲပင်ပန်းခံပြီး တိုက်ပွဲဆင်ခဲ့ရသည့် မိမိ၏ဘဝခရီးစဉ်ဖြင့်၎င်း၊ ရဲရင့်လှသည့်ပါတီဝင်သိန်းပေါင်းများစွာနှင့် ရဲရင့်လှသည့် ကေဒါသောင်းပေါင်းများစွာတို့သွေးမြေကျအသက်စတေးခံခဲ့ကြခြင်းဖြင့်၎င်း၊ ပြည်သူလူထု သန်းရာပေါင်းများစွာကို အကြီးအကျယ်ပညာပေးခဲ့၏။ တော်လှန်ရေးတိုက်ပွဲများတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီရရှိခဲ့သည့် သမိုင်းတွင်လောက်သော မဟာအောင်မြင်မှုကြီးများက၊ ယခုအခါလူမျိုးခြားရန်သူ၏ကျူးကျော်ဝင်ရောက်မှုကြောင့် သေရေးရှင်ရေးတမျှအရေးကြီးသည့်အချိန်သို့ရောက်နေသော တရုပ်ပြည်ကြီးကို သူ့ကျွန်မဖြစ်ရအောင် ကယ်တင်ရာအကြောင်းအချက် ဖန်တီးပေးလိုက်၏။ ဤအကြောင်းအချက်မှာပြည်သူလူထုအများစုကြီး၏ ယုံကြည်ကိုးစားခြင်းခံရသော၊ ပြည်သူလူထုက နှစ်လရှည်ကြာစမ်းသပ်ပြီးမှရွေးချယ်တင်မြှောက်လိုက်သော နိုင်ငံရေးခေါင်းဆောင်ပေါ် ပေါက်လာခြင်းပင်ဖြစ်၏။ ယခုအခါ ပြည်သူလူထုကြီးသည်ကွန်မြူနစ်ပါတီ၏ စကားကို အခြားအခြားသောပါတီများ၏ စကားထက် ပို၍ လွယ်ကူစွာလက်ခံနေကြပြီဖြစ်၏။ လွန်ခဲ့သော ၁၅ နှစ်အတွင်း တရုပ်ပြည်ကွန်မြူနစ်ပါတီကသာ ဆင်းရဲပင်ပန်းခံပြီး ကြိုးပမ်းတိုက်ခိုက်ခြင်းမရှိခဲ့ပါက၊ ကျွန်ဘဝသို့ ကျရောက်သွားရမည့် အန္တရာယ်သစ်မှတိုင်းပြည်ကိုကယ်တင်နိုင်လိမ့်မည်မဟုတ်ချေ။



တော်လှန်ရေးစစ်ပွဲဆင်နွဲရာတွင် တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ချင်တူရှု [၄] ၏လက်ျာအချောင်ဝါဒအမှားနှင့် လီလီစန်း၏ "လက်ဝဲ" အချောင်ဝါဒ [၅] အမှားကိုကျူးလွန်မိခဲ့သည့်ပြင်၊ အောက်ပါအမှားနှစ်ခုကိုလည်း ကျူးလွန်ခဲ့သေး၏။ ပထမအမှားမှာ ၁၉၃၁ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ "လက်ဝဲ" အချောင်ဝါဒ [၆] ဖြစ်၏၊ ဤအမှားကြောင့်မြေယာတော်လှန်ရေးစစ်ပွဲသည် အလွန့်အလွန်နစ်နာဆုံးရှုံးခဲ့ရ၏၊ ပဥ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်ရာ၌ရန်သူများကို အနိုင်မတိုက်နိုင်ရုံမက အခြေခံဒေသများပင်လက်လွှတ်ခဲ့ရပြီး၊ တပ်နီတော်လည်းအားအင်လျော့နည်းသွားခဲ့ရ၏။ ဤအမှားကို ၁၉၃၅ ခုနှစ်ဇန္နဝါရီလကစွင်းယိ၌ ကျင်းပခဲ့သော ဗဟိုကော်မီတီပေါ်လစ်ဗျူရို တိုးချဲ့အစည်းအဝေးတွင်ပြုပြင်ခဲ့၏။ ဒုတိယအမှားမှာ ၁၉၃၅ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိဖြစ်ပေါ်ခဲ့သောကျန်းကိုထောင်၏ လက်ျာအချောင်ဝါဒ [၇] ဖြစ်၏၊ ဤအမှားသည် ပါတီနှင့်တပ်နီတော်၏ စည်းကမ်းကိုဖျက်ဆီးပစ်သည်အထိ ကြီးမားခဲ့သဖြင့် တပ်နီတော်၏အဓိကတပ်အချို့မှာ များစွာဆုံးရှုံးနစ်နာခဲ့ရ၏၊ သို့သော်ဗဟိုကော်မီတီ၏ မှန်ကန်သောခေါင်းဆောင်မှုကြောင့်၎င်း၊ တပ်နီတော်ထဲမှပါတီဝင်များနှင့် တပ်မှူးတပ်သားများ၏ နိုးကြားမှုကြောင့်၎င်း၊ နောက်ဆုံးတွင် ဤအမှားကိုလည်းပြုပြင်နိုင်ခဲ့လေသည်။ ယင်းအမှားများသည် ကျနော်တို့၏ပါတီအဖို့ရော၊ ကျနော်တို့၏ တော်လှန်ရေးနှင့်စစ်ပွဲအဖို့ပါအကျိုးယုတ်စေသည်မှာအမှန်ပင်ဖြစ်၏။ သို့သော် အဆုံးတွင် ဤအမှားများကို ကျနော်တို့ကျော်နင်းခဲ့၏၊ ကျနော်တို့ပါတီနှင့်တပ်

နီတော်သည် ဤအမှားများကိုကျော်နင်းယင်း ထုသားထေသားရကာပို၍ကြံ့ခိုင်တောင့်တင်းလာသည်။

တရုပ်ပြည် ကွန်မြူနစ်ပါတီသည် မိုးမြေသိမ့်သိမ့်တုန်သွားစေသည့် ဂုဏ်ရောင်ပြောင်သည့်၊ အောင်မြင်သည့် တော်လှန်ရေးစစ်ပွဲကိုခေါင်းဆောင်ခဲ့၏၊ခေါင်းဆောင်လျက်ရှိ၏။ ဤစစ်ပွဲသည်တရုပ်ပြည်ကိုလွတ်မြောက်စေမည့် တံခွန်ဖြစ်ရုံမက၊ နိုင်ငံတကာ့ တော်လှန်ရေးအတွက်လည်း အရေးပါ၏။ ကမ္ဘာပေါ်မှတော်လှန်သော ပြည်သူများသည် ကျနော်တို့ကို မြော်လင့်တကြီးကြည့်နေကြ၏။ ဂျပန်ခုခံရေး အမျိုးသားတော်လှန်ရေးစစ်ပွဲ အဆင့်သစ်တွင်၊ ကျနော်တို့သည် တရုပ်ပြည်တော်လှန်ရေးကို ပန်းတိုင်သို့ရောက်အောင် ဦးဆောင်သွားမည်သာမက၊ အရှေ့တိုင်းနှင့် ကမ္ဘာတဝှန်းလုံး၏ တော်လှန်ရေးအပေါ် လည်းလေးနက်စွာ ဂရုဏ်ရိုက်ခတ်စေလိမ့်မည်ဖြစ်သည်။ ကျနော်တို့အဖို့မှန်ကန်သည့် မာ့က်စ်ဝါဒ နိုင်ငံရေးလမ်းစဉ်ရှိရန်လိုအပ်ရုံမက မှန်ကန်သည့် မာ့က်စ်ဝါဒစစ်ရေးလမ်းစဉ်လည်းရှိရန်လိုအပ်ကြောင်းကို အတိတ်ကတော်လှန်ရေးစစ်ပွဲများကသက်သေပြခဲ့၏။ ၁၅ နှစ်ကြာခဲ့သောတော်လှန်ရေးနှင့်စစ်ပွဲက ဤသို့သော နိုင်ငံရေးလမ်းစဉ်နှင့်စစ်ရေးလမ်းစဉ်ကို ထုလုပ်ပေးခဲ့ပေပြီ။ လာမည့်စစ်ပွဲအဆင့်သစ်တွင် ဤလမ်းစဉ်များသည် အခြေအနေသစ်အရ ပို၍တိုးပွါးပြည့်စုံကြွယ်ဝလာကာ၊ လူမျိုးခြားရန်သူကို အနိုင်တိုက်ပစ်မည့်ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်ချီတက်သွားနိုင်လိမ့်မည်ဟုကျနော်တို့ယုံကြည်၏။ မှန်ကန်သော နိုင်ငံရေးလမ်းစဉ်နှင့် စစ်ရေးလမ်းစဉ်တို့သည် အလိုအလျောက်



ချောမ်းချောမ်း ပေါက်ဖွါးတိုးတက်လာသည်မဟုတ်ဘဲ တိုက်ပွဲဆင်ယင်း ပေါက်ဖွါးတိုးတက်လာခြင်းဖြစ်ကြောင်းကို သမိုင်းက ကျနော်တို့အား ပြဆိုခဲ့၏။ ထိုလမ်းစဉ်များသည် တဖက်က "လက်ဝဲ" အချောင်ဝါဒကိုတိုက်ပြီး၊ အခြားတဖက်ကလည်း လက်ျာအချောင်ဝါဒကို တိုက်ရ၏။ တော်လှန်ရေးနှင့် တော်လှန်ရေးစစ်ပွဲကိုအန္တရာယ်ပေးနေသော ဥပဒ်များလှသည့် ထိုသွေဖီမှုများကိုတိုက်ပွဲဆင်နွဲပြီးအပြီးအပိုင်ကျော်နင်းမပစ်ပါက၊ မှန်ကန်သော လမ်းစဉ်များကိုချမှတ်နိုင်လိမ့်မည်မဟုတ်ချေ၊ တော်လှန်ရေးစစ်ပွဲလည်းအောင်မြင်နိုင်လိမ့်မည်မဟုတ်ချေ။ ထိုကြောင့်ပင်ဤစာအုပ်ငယ်၌မှားယွင်းသောအယူအဆများအကြောင်းကို ကျနော်မကြာခဏဖေါ်ပြရပေသည်။

## အခန်း ၃။ တရုပ်ပြည်တော်လှန်ရေးစစ်၏ ထူးခြားချက်များ

### (၁) ဤပြဿနာအရေးပါပုံ

တရုပ်ပြည်တော်လှန်ရေးစစ်၌ ကိုယ်ပိုင်ထူးခြားချက်များ ရှိသည်ကိုလက်မခံသူ၊ မသိသူ၊ သို့မဟုတ်မသိလိုသူများသည်၊ ကိုမင်တန်စစ်တပ်များအား တပ်နီတော်တိုက်ခိုက်နေသောစစ်ကို ယေဘုယျစစ်ပွဲနှင့် အလားတူဖြစ်သည်၊ သို့မဟုတ် ဆိုဗီယက်ပြည်တွင်းစစ်နှင့်အလားတူဖြစ်သည်ဟု ယူဆကြ၏။ လီနင်နှင့်စတာလင်တို့ခေါင်းဆောင်ခဲ့သော

ဆိုဗီယက် ပြည်တွင်းစစ် အတွေ့အကြုံများသည် တကမ္ဘာလုံးအတွက် အရေးပါ၏။ တရုပ်ပြည်ကွန်မြူနစ်ပါတီအပါအဝင် ကွန်မြူနစ်ပါတီအားလုံးက၊ ယင်းအတွေ့အကြုံများကိုရော၊ ယင်းအတွေ့အကြုံများအား လီနင်နှင့်စတာလင်တို့က သဘောတရားအရပေါင်းရုံးသုံးသပ်ထားသည့် အချက်များကိုပါ မိမိတို့၏ လမ်းညွှန်အဖြစ်သဘောထားကြ၏။ သို့သော်၊ ဤအတွေ့အကြုံများကို ကျနော်တို့ဆီမှာစက်ယန္တရားလိုပုံသေအသုံးချရမည်ဟု မဆိုလိုပေ။ တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၌၊ ဆိုဗီယက် ပြည်တွင်းစစ်နှင့် မတူသော ကိုယ်ပိုင်ထူးခြားချက်အများအပြားရှိနေ၏။ ဤထူးခြားချက်များကို ထည့်မတွက်ဘဲနေပါကသို့မဟုတ်ငြင်းပယ်ပါက ဓမ္မတာပင်မှားပေသည်။ ဤအချက်ကိုကျနော်တို့ ၁၀ နှစ်ကြာတိုက်ခဲ့သောစစ်ပွဲကလုံးဝသာဓကပြခဲ့ပေပြီ။

ကျနော်တို့၏ ရန်သူများသည်လည်း အလားတူအမှားများကို ကျူးလွန်ခဲ့ကြ၏။ တပ်နီတော်နှင့်စစ်တိုက်သည့်အခါ၊ အခြားတပ်များကို တိုက်ရသည်နှင့်မတူသော သေနင်္ဂဗျူဟာများ၊ စစ်ပရိယာယ်များရှိဘို့လိုကြောင်းကို သူတို့လက်မခံကြချေ။ သူတို့သည်ကျနော်တို့ထက် အဖက်ဖက်မှအရေးသာနေမှုကိုအားကိုးပြီး ကျနော်တို့ကိုအထင်သေးကြ၏၊ သူတို့၏ တိုက်နည်းဟောင်းကြီးကို စွဲစွဲမြဲမြဲလက်ကိုင်ပြုထားကြ၏။ ၁၉၃၃ ခုနှစ်က ကျနော်တို့ကိုစတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်း" ချိန်မှာရော၊ ထိုမတိုင်မီကအခြေအနေမှာပါ၊ ဤအတိုင်းပင်ဖြစ်ခဲ့သဖြင့် ရန်သူများသည် အကြိမ်ကြိမ်ရှုံးသွားကြရသည်။ ကိုမင်တန်စစ်တပ်ထဲတွင် ဤပြဿနာနှင့်ပတ်သက်၍ အကြံသစ်ဥာဏ်သစ်



များကိုဦးစွာတင်ပြခဲ့သူကား ဖေါက်ပြန်သော ကိုမင်တန်ဗိုလ်ချုပ်လျူဝေယွမ်ဖြစ်၏၊ ထိုနောက်တိုက်ယွဲ့ဆိုသူကလည်းတင်ပြခဲ့၏။ အဆုံးတွင် သူတို့၏အကြံပေးချက်များကို ချန်ကေရှိတ်ကလက်ခံခဲ့၏။ ထိုကြောင့်ချန်ကေရှိတ်ကလူရှန်းဗိုလ်သင်တန်းအဖွဲ့ [၇] ကိုတည်ထောင်ခဲ့၏၊ ပဥ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်ကဖေါက်ပြန်သောစစ်မက်ရေးရာမူသစ်များ [၈] ကိုကျင့်သုံးခဲ့၏။

သို့ရာတွင်တပ်နီတော်ကို တိုက်နေရသည့် အခြေအနေနှင့်ကိုက်ညီအောင် ရန်သူများကစစ်ရေးမူများကို ပြောင်းလဲလိုက်သောအချိန်၌၊ ကျနော်တို့တပ်ဖွဲ့ထဲတွင် "နည်းဟောင်းကြီး" အတိုင်းပြန်လုပ်သူအချို့ပေါ် ပေါက်လာ၏။ သူတို့သည် ယေဘုယျအခြေအနေမှာလုပ်သလို ပြန်လုပ်ရန်တိုက်တွန်းကြ၏၊ မည်သည့်အခြေအနေထူးကိုမျှသိနားလည်အောင် မလုပ်လိုကြ၊ သွေးဖြင့်လဲယူခဲ့ရသော တပ်နီတော်၏စစ်သမိုင်းမှ အတွေ့အကြုံများကိုငြင်းပယ်ကြ၏၊ နယ်ချဲ့သမားနှင့်ကိုမင်တန်၏ အင်အားကို အထင်သေးကြ၏၊ ကိုမင်တန်စစ်တပ်များ၏အင်အားကိုအထင်သေးကြ၏၊ ရန်သူအသုံးပြုနေသောဖေါက်ပြန်သည့် မူသစ်ကိုမသိကျိုးကျွန်ပြုထားကြ၏။ ဤသို့ပြုလုပ်ကြသည့်အတွက် ရှန်ရှီး - ကန်းစုနယ်စပ်ဒေသမှတပါး ကျန် တော်လှန်ရေး အခြေခံဒေသအားလုံးလက်လွှတ်ဆုံးရှုံးခဲ့ရ၏၊ တပ်နီတော်သည်တပ်သားသုံးသိန်းမှ သောင်းအနည်းငယ်အထိလျော့သွားရ၏။ တရုပ်ပြည် ကွန်မြူနစ်ပါတီမှာလည်းပါတီဝင်သုံးသိန်းမှ သောင်းအနည်းငယ်အထိ လျော့သွားရ၏၊ ကိုမင်တန်နယ်တွင် ရှိသောကွန်မြူနစ်ပါတီအဖွဲ့အစည်းအားလုံးလို

လို ပျက်ပြားသွားရ၏။ ခြုံ၍ပြောရသော် သမိုင်းတွင်လောက်သော ရောမအပြစ်ဒဏ်ကြီးကိုခံလိုက်ရ၏။ သူတို့သည် ကိုယ့်ကိုယ်ကိုမာ့က်စ် လီနင်ဝါဒီများဟုကင်ပွန်းတပ်ထားကြသော်လည်း အမှန်စင်စစ်မာ့က်စ် လီနင်ဝါဒကို အနည်းငယ်မျှနားမလည်ကြချေ။ မာ့က်စ်ဝါဒ၏အနှစ် တကာ့အနှစ်နှင့် မာ့က်စ်ဝါဒ၏ အသက်ဝိညာဉ်မှာသူ့ အခြေအနေနှင့် သူစီစစ်သုံးသပ်ခြင်းပင်ဖြစ်၏ [၁၀] ဟု လီနင်ကမြွက်ကြားခဲ့ဘူးသည်။ ထိုရဲဘော်များသည် ဤအချက်ကိုပင်မေ့နေကြ၏။

၎င်းကိုထောက်ရှုခြင်းအားဖြင့်၊ တရုပ်ပြည် တော်လှန်ရေးစစ်၏ ထူးခြားချက်များကို နားမလည်ပါက၊ တရုပ်ပြည်တော်လှန်ရေးစစ်ကို ညွှန်ကြားနိုင်မည် မဟုတ်ကြောင်း၊ တရုပ်ပြည်တော်လှန်ရေးစစ်ကို အောင်ပွဲခံရအောင်လည်း ဦးဆောင်သွားနိုင်မည်မဟုတ်ကြောင်းကိုသိ နိုင်၏။

## (၂) တရုပ်ပြည်တော်လှန်ရေးစစ်၏ ထူးခြားချက်များကားဘာလဲ

သို့ဖြစ်လျှင်၊ တရုပ်ပြည်တော်လှန်ရေးစစ်၏ ထူးခြားချက်များ ကားဘာလဲ?

အဓိကထူးခြားချက် ၄ ချက်ရှိသည်ဟုကျနော်ယူဆသည်။

ပထမထူးခြားချက်။ ။ တရုပ်ပြည်သည်နိုင်ငံရေးနှင့်စီးပွါးရေး တိုးတက်မှု တနေရာနှင့် တနေရာမတူသော ကိုလိုနီတပိုင်းနိုင်ငံကြီးဖြစ် ၏၊ ၁၉၂၄ — ၂၇ ခုနှစ်တော်လှန်ရေးနှင့်လည်းကြုံတွေ့ခဲ့ရ၏။



ဤထူးခြားချက်က တရုပ်ပြည်တော်လှန်ရေးစစ် ပြန့်ပွါးလာနိုင် စရာရှိကြောင်း၊ အောင်ပွဲရနိုင်စရာရှိကြောင်းကို ညွှန်ပြနေ၏။ ၁၉၂၇ ခုနှစ်အကုန် ၁၉၂၈ ခုနှစ်အစ လောက်တွင်၊ တရုပ်ပြည်၌ ပြောက် ကျားစစ်ဖြစ်ပွါးပြီး မကြာမီ၊ ဟူနန်နှင့် ကျန်းရှီးပြည်နယ်နယ်စပ်ဒေသ (ကျင်ကန်းတောင်တန်း) မှရဲဘော်အချို့က "အလံနီကို ဘယ်လောက် ကြာအောင်လွှင့်ထူထားနိုင်မှာလဲ" ဟု မေးခွန်းထုတ်လာကြကတည်း က၊ ဤအချက်ကို ကျနော်တို့ထောက်ပြခဲ့ပြီးဖြစ်သည် (ဟူနန်-ကျန်း ရှီးပြည်နယ်နယ်စပ်ဒေသပါတီ၏ ပထမကွန်ဂရက် [၁၁] တွင်)။ အ ကြောင်းမှု၎င်းသည်အခြေခံအကျဆုံးသောပြဿနာဖြစ်သောကြောင့် ဖြစ်၏။ တရုပ်ပြည်တော်လှန်ရေးအခြေခံဒေသများနှင့် တရုပ်တပ်နီ တော်တည်ရှိနိုင် မတည်ရှိနိုင်၊ တိုးပွါးနိုင်မတိုးပွါးနိုင်ဟူသောပြဿနာ ကို မဖြေကြားပါက၊ ကျနော်တို့သည် ရှေ့သို့တလှမ်းမျှချီတက်နိုင်လိမ့် မည်မဟုတ်ချေ။ ၁၉၂၈ ခုနှစ်ကကျင်းပခဲ့သောတရုပ်ပြည်ကွန်မြူနစ် ပါတီ၏ ဆဋ္ဌမပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင် ဤပြဿနာကိုနောက် ထပ်တဖန်ဖြေကြားခဲ့၏။ ထိုအချိန်မှစ၍ တရုပ်ပြည်တော်လှန်ရေးလှုပ် ရှားမှုအတွက်မှန်ကန်သောသဘောတရားအခြေခံရရှိလာသည်။

ယင်းပြဿနာကိုယခုခွဲခြမ်းစိတ်ဖြာကြည့်ကြပါစို့။

တရုပ်ပြည်၏ နိုင်ငံရေးနှင့် စီးပွါးရေးတိုးတက်မှုသည် တနေရာနှင့် တနေရာမတူချေ။ ။ချည့်နဲ့သောအရင်းရှင်စနစ်စီးပွါးရေးနှင့်ထုထည် ကြီးမားသော ပဒေသရာဇ်တပိုင်းစီးပွါးရေးသည် ပြိုင်တူတည်ရှိနေ၏။ ခေတ်မီသောစက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ထွန်းကား

သောမြို့ကြီးအနည်းငယ်နှင့် တိုးတက်ဖွံ့ဖြိုးခြင်းမရှိဘဲ ရပ်တန့်နေသည့် ကျေးလက်ဒေသ အများအပြားသည် ပြိုင်တူတည်ရှိနေ၏။ သန်းပေါင်းအနည်းငယ်သော စက်မှုအလုပ်သမားများနှင့် ကုဋေပေါင်းများစွာသော စနစ်ဟောင်းအုပ်စိုးမှုအောက်က လယ်သမားနှင့်လက်မှုအလုပ်သမားများသည် ပြိုင်တူတည်ရှိနေ၏။ ဗဟိုအစိုးရကိုချုပ်ကိုင်ထားသော စစ်ဘုရင်ကြီးများနှင့် ပြည်နယ်အသီးသီးကိုချုပ်ကိုင်ထားသော စစ်ဘုရင်ကလေးများသည် ပြိုင်တူတည်ရှိနေ၏။ ဖေါက်ပြန်သော စစ်တပ်များထဲတွင် ဗဟိုအစိုးရတပ်ခေါ် ချန်ကေရှိတ်၏ ခါးပိုက်ဆောင်တပ်များနှင့် သောင်းပြောင်းတပ်ခေါ် ပြည်နယ်စစ်ဘုရင်တို့၏ ခါးပိုက်ဆောင်တပ်များသည် ပြိုင်တူတည်ရှိနေ၏။ အနည်းငယ်သော မီးရထားလမ်း၊ သင်္ဘောလမ်း၊ မော်တော်ကားလမ်းနှင့်များပြားလှသော တဘီးတပ်လက်တွန်းလှည်းလမ်း၊ ခြေလျင်သာလျှောက်နိုင်သည့်လမ်း၊ ခြေလျင်ပင်လျှောက်ရခက်သောလမ်းတို့သည် ပြိုင်တူတည်ရှိနေ၏။

တရုပ်ပြည်သည် ကိုလိုနီတပိုင်းနိုင်ငံဖြစ်၏။ ။နယ်ချဲ့သမားများ မညီညွတ်ခြင်းကြောင့် တရုပ်ပြည်မှ ကြီးစိုးသူအုပ်စုအချင်းချင်းလည်း မညီမညွတ်ဖြစ်နေ၏။ နိုင်ငံအများကချယ်လှယ်နေကြသော ကိုလိုနီတပိုင်းနိုင်ငံသည် တနိုင်ငံတည်းကချယ်လှယ်နေသော ကိုလိုနီနိုင်ငံနှင့် မတူချေ။

တရုပ်ပြည်သည် နိုင်ငံကြီးတနိုင်ငံဖြစ်၏။ ။ "အရှေ့ဖက်တခွင် ၌မှောင်နေသည့်တိုင်အောင် အနောက်ဖက်တခွင်၌ လင်းနေသည်၊



တောင်ပိုင်းကျဆုံးသွားသည့်တိုင်အောင် မြောက်ပိုင်း ကျန်နေသေးသည်။" ထို့ကြောင့် လှည့်ပတ်ကွေ့ရှောင်ဖို့နေရာမရှိမှာ မပူရချေ။

တရုပ်ပြည်သည် တော်လှန်ရေးကြီးနှင့် တကြိမ်ကြုံတွေ့ခဲ့ရပြီးဖြစ်၏။ ။ယင်းတော်လှန်ရေးကြီးကတပ်နီတော်ပေါ် ပေါက်လာစေရန်အတွက်မျိုးစေ့များချပေးခဲ့သည်။ တပ်နီတော်ကိုဦးဆောင်မည့် ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာအောင် ဖန်တီးပေးခဲ့သည်၊ တော်လှန်ရေးတွင်တကြိမ်ဆင်နွှဲခဲ့ဘူးသော ပြည်သူလူထုရှိနေအောင် ဖန်တီးပေးခဲ့သည်။

ထို့ကြောင့် တရုပ်ပြည်သည် တော်လှန်ရေးနှင့်တကြိမ်ကြုံတွေ့ခဲ့သော၊ နိုင်ငံရေးနှင့်စီးပွါးရေးတိုးတက်မှု တနေရာနှင့် တနေရာမတူသော၊ ကိုလိုနီတပိုင်းဘဝသို့ရောက်နေသောနိုင်ငံကြီးတနိုင်ငံဖြစ်သည်၊ ဤသို့သော နိုင်ငံတွင် တော်လှန်ရေးဆင်နွှဲရခြင်းသည်ပင်လျှင် တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၏ ပထမထူးခြားချက် ဖြစ်သည်ဟု ကျနော်တို့ဆိုခဲ့ခြင်းဖြစ်၏။ ဤထူးခြားချက်က ကျနော်တို့အတွက် နိုင်ငံရေးဆိုင်ရာသေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်ကို အခြေခံအားဖြင့် သတ်မှတ်ပေးရုံမက စစ်ရေးဆိုင်ရာသေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်ကိုလည်း အခြေခံအားဖြင့်သတ်မှတ်ပေးလိုက်သည်။

ဒုတိယထူးခြားချက်မှာ ရန်သူ့အင်အားကြီးမားခြင်းဖြစ်၏။

တပ်နီတော်၏ ရန်သူဖြစ်သော ကိုမင်တန်၏ အခြေအနေသည် မည်သို့ရှိပါသနည်း? ကိုမင်တန်သည် အာဏာကို လုယူထားရုံမက၊ ရင်း၏ အာဏာကို တည်မြဲတန့်သလောက်တည်မြဲအောင်လုပ်ထား

သောပါတီဖြစ်သည်။ ၎င်းသည် တကမ္ဘာလုံးရှိ အစိကတန်ပြန်တော်လှန်ရေးနိုင်ငံများ၏ အကူအညီကိုရသည်။ ၎င်း၏ စစ်တပ်များကိုပြုပြင်ထားပြီးဖြစ်သည်။ ဤသို့ပြုပြင်ပြီးသောစစ်တပ်များသည် တရုပ်ပြည်သမိုင်းတွင် ရှိခဲ့ဘူးသောစစ်တပ်များနှင့် မတူတော့ဘဲ၊ ကမ္ဘာ့ခေတ်မှီနိုင်ငံများ၏ စစ်တပ်များနှင့် ယေဘုယျအားဖြင့် တူလာ၏။ လက်နက်နှင့် အခြားစစ်သုံးပစ္စည်းထောက်ပံ့မှုသည် တပ်နီတော်ထက် အများကြီးသာနေသည်။ ၎င်း၏ စစ်တပ် အရေအတွက်သည် တရုပ်ပြည်သမိုင်းတွင် ရှိခဲ့ဘူးသောစစ်တပ်တိုင်းထက်များပြားသည်၊ ကမ္ဘာပေါ်မှ နိုင်ငံတိုင်း၏ အမြဲတမ်းတပ်ထက် များပြားသည်။ ကိုမင်တန်စစ်တပ်နှင့် တပ်နီတော်ကိုနှိုင်းယှဉ်ကြည့်လျှင် မိုးနှင့်မြေလောက်ကွာခြား၏။ ကိုမင်တန်သည် တရုပ်တပြည်လုံး၏ နိုင်ငံရေး၊ စီးပွါးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုတို့၏ သော့ချက် သို့မဟုတ်အသက်သွေးကြောကိုချုပ်ကိုင်ထားသည်။ ကိုမင်တန်၏ အာဏာသည် တပြည်လုံးကိုလွှမ်းခြုံထားသောအာဏာဖြစ်သည်။

တရုပ်တပ်နီတော်သည် ဤမျှအားအင်ကြီးမားသော ရန်သူနှင့် ရင်ဆိုင်နေရ၏။ ဤကား တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၏ဒုတိယထူးခြားချက်တည်း။ ဤထူးခြားချက်ကြောင့် တပ်နီတော်စစ်ဆင်ပုံသည် ယေဘုယျစစ်ပွဲနှင့်၎င်း၊ ဆိုဗီယက် ပြည်တွင်းစစ်နှင့်၎င်း၊ မြောက်ပိုင်းချီတက်ရေးစစ်ပွဲနှင့်၎င်း မတူသောအချက် အများအပြားရှိလာရသည်။



တတိယ ထူးခြားချက်ကား တပ်နီတော်အင်အားသေးငယ်ခြင်းဖြစ်၏။ မြောက်ကျားတပ်ဘဝမှ စတင်ခဲ့သော တရုပ်တပ်နီတော်သည် ပထမအကြိမ်တော်လှန်ရေးကြီး အရေးနိမ့်သွားပြီးအချိန်၌ ပေါက်ဖွားလာခြင်းဖြစ်သည်။ ထိုကာလသည် တရုပ်ပြည်တွင်ဖေါက်ပြန်ရေးသမားများ မင်းမူနေသည့် ကာလဖြစ်သည်သာမက ကမ္ဘာ့ဖေါက်ပြန်သော အရင်းရှင်နိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွါးရေးအတန်အသင့်တည်ငြိမ်နေသည့် ကာလလည်းဖြစ်သည်။

ကျနော်တို့၏အာဏာသည် တောင်တန်းဒေသ သို့မဟုတ်နယ်စွန်နယ်ဖျားဒေသတွင် တကွဲတပြားတသီးတခြားဖြစ်နေ၍ ပြင်ပကမည်သည့် အကူအညီကိုမျှမရပေ။ တော်လှန်ရေးအခြေခံဒေသများ၏ စီးပွါးရေးအခြေအနေနှင့် ယဉ်ကျေးမှု အခြေအနေတို့သည် ကိုမင်တန်နယ်မှာထက် ခေတ်နောက်ကျ၏။ တော်လှန်ရေးအခြေခံဒေသများတွင် ကျေးရွာများနှင့် မြို့ကလေးများသာရှိသည်။ အခြေခံဒေသများသည် အစပထမ၌ အလွန်သေးငယ်သည်။ နောက်ပိုင်းတွင်လည်းသိပ်ကြီးလာသည် မဟုတ်ချေ။ ထို့ပြင်အခြေခံဒေသများသည် အတည်တကျမရှိဘဲ ရွှေ့ပြောင်းနေရ၏။ တပ်နီတော်၌ တကယ်တည်တန့်ခိုင်မြဲသောအခြေခံဒေသများမရှိချေ။

တပ်နီတော်မှာ တပ်သားအရေအတွက်လည်းနည်း၊ လက်နက်လည်းညံ့၊ ရိက္ခာ၊ စောင်၊ အဝတ်အထည် စသည့်ပစ္စည်းများရရှိရန်လည်းအလွန်ခက်ခဲလှသည်။

ဤထူးခြားချက်သည် အထက်ကဆိုခဲ့သည့် ဒုတိယထူးခြားချက်နှင့် လုံးဝဖီလာဖြစ်နေ၏။ တပ်နီတော်၏ သေနင်္ဂဗျူဟာနှင့်စစ်ပရိယာယ်တို့သည် ဤသို့လုံးဝဖီလာဖြစ်နေမှုကို အခြေပြု၍ပေါက်ဖွါးလာခြင်းဖြစ်သည်။

စတုတ္ထထူးခြားချက်ကား ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုနှင့် မြေယာတော်လှန်ရေးဖြစ်သည်။

ဤထူးခြားချက်သည် ပထမထူးခြားချက်ကြောင့် မလွဲမသွေဖြစ်ပေါ်လာရသော ထူးခြားချက်ဖြစ်၏။ ဤထူးခြားချက်မှအခြေအနေနှစ်မျိုးဖြစ်ပေါ်လာ၏။ တဖက်တွင် တရုပ်ပြည်တော်လှန်ရေးစစ်ပွဲသည် တရုပ်ပြည်မှာရော အရင်းရှင်ကမ္ဘာမှာပါ ပေါက်ပြန်ရေးသမားတွေမင်းမူနေသောအခါသမယနှင့် ကြုံကြိုက်နေသော်လည်း ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုနှင့် လယ်သမားများ၏ အကူအညီကိုရရှိသောကြောင့် အောင်ပွဲရနိုင်မည်ဖြစ်သည်။ လယ်သမားများ၏ အကူအညီကိုရရှိသောကြောင့် ကျနော်တို့၏ အခြေခံဒေသများသည် သေးငယ်သော်လည်း နိုင်ငံရေးဩဇာအလွန်ကြီးမားသဖြင့် နယ်မြေအကျယ်ကြီးပိုင်ထားသော ကိုမင်တန်အစိုးရနှင့်ရင်ဆိုင်၍ မားမားမတ်မတ်ရပ်တည်နိုင်၏။ စစ်ရေးဖက်တွင်လည်း ကျနော်တို့သည် ကိုမင်တန်၏ထိုးစစ်ဆင်မှုများကို အခက်အခဲများစွာတွေ့အောင် လုပ်နိုင်၏။ တပ်နီတော်သည် သေးငယ်သော်လည်း ကွန်မြူနစ်ပါတီခေါင်းဆောင်သော တပ်နီတော်သားများမှာ မြေယာတော်လှန်ရေးမှ ပေါက်ဖွါးလာကြပြီး မိမိတို့၏ အကျိုးစီးပွါးအတွက်တိုက်ခိုက်နေကြသူများဖြစ်သည့်



ပြင်၊ တပ်မှူးနှင့် တပ်သားများသည် နိုင်ငံရေးခံယူချက်ချင်းတူညီကြသောကြောင့်တိုက်ရည်ခိုက်ရည်ကောင်းလှသည်။

အခြားတဖက်တွင်မူ ကိုမင်တန်သည် ကျနော်တို့နှင့် ဖြောင့်ဖြောင့်ကြီး ဖီလာဖြစ်နေ၏။ ကိုမင်တန်သည်မြေယာတော်လှန်ရေးကို ဆန့်ကျင်သောကြောင့် လယ်သမားများ၏ အကူအညီကိုမရချေ။ ကိုမင်တန်၌ စစ်တပ်အများအပြားရှိသော်လည်း၊ စစ်သားထုကိုရော ကုန်ထုတ်လုပ်သူကလေးဘဝမှ အောက်ဆင့်ကေဒါဖြစ်လာသူများကိုပါ၊ ကိုမင်တန်အတွက် သက်စွန့်ကြိုးပမ်းတိုက်ခိုက်ကြအောင်လှုံ့ဆော်၍ မရနိုင်ပေ။ စစ်ဗိုလ်နှင့် စစ်သားများသည်နိုင်ငံရေးခံယူချက်ချင်း ကွဲလွဲနေသဖြင့်တိုက်ရည်ခိုက်ရည်ညံ့ကြသည်။

## (၃) ဤထူးခြားချက်များမှနေ၍ကျနော်တို့၏သေနင်္ဂဗျူဟာနှင့်စစ်ပရိယာယ်များပေါက်ဖွါးလာ၏

တော်လှန်ရေးကြီးတကြိမ်ဆင်နွှဲခဲ့ပြီးဖြစ်သော၊ နိုင်ငံရေးနှင့် စီးပွါးရေးဖွံ့ဖြိုးမှု တနေရာနှင့်တနေရာ မတူသော၊ ကိုလိုနီတပိုင်းဘဝသို့ ရောက်ရှိနေသော နိုင်ငံကြီးဖြစ်ခြင်း၊ ရန်သူ့အားအင်ကြီးမားခြင်း၊ တပ်နီတော်အင်အားသေးငယ်ခြင်းနှင့် မြေယာတော်လှန်ရေး ဆင်နွှဲခြင်းတို့သည် တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၏ အဓိကထူးခြားချက်လေးချက်ဖြစ်၏။ ဤထူးခြားချက်များက၊ တရုပ်ပြည်တော်လှန်ရေးစစ်ပွဲအားညွှန်ကြားသည့် လမ်းစဉ်ကိုရော၊ သေနင်္ဂဗျူဟာနှင့်စစ်ပရိ

ယာယီဆိုင်ရာမူများကိုပါ သတ်မှတ်ပေးလိုက်သည်။ ပထမထူးခြားချက်နှင့် စတုတ္ထထူးခြားချက်ကြောင့် တရုပ်တပ်နီတော်သည် တိုးတက်ကြီးထွားလာနိုင်စရာရှိ၏၊ ရန်သူကိုအောင်နိုင်စရာလည်းရှိ၏။ ဒုတိယထူးခြားချက်နှင့် တတိယထူးခြားချက်ကြောင့် တရုပ်တပ်နီတော်သည် အလွန်လျင်မြန်စွာတိုးတက်ကြီးထွားလိမ့်မည် မဟုတ်၊ ရန်သူကိုအလွန်လျင်မြန်စွာအောင်နိုင်လိမ့်မည်လည်းမဟုတ်ချေ။ တနည်းဆိုရသော် စစ်ပွဲသည်ရေရှည်စစ်ဖြစ်ရမည့်အပြင် လွဲမှားချွတ်ချော်မှုရှိပါကအရေးပင်နိမ့်သွားတန်ရာ၏။

ဤသည်ပင်လျှင် တရုပ်ပြည်တော်လှန်ရေးစစ်ပွဲ၏ အခြေအနေနှစ်မျိုးဖြစ်၏။ ဤအခြေအနေနှစ်မျိုးစလုံးပင် ပြိုင်တူတည်ရှိနေ၏၊ ဆိုလိုသည်မှာ အဆင်ပြေသောအချက်များရှိနေသကဲ့သို့ ခက်ခဲသောအချက်များလည်းရှိနေပေသည်။ ဤသည် တရုပ်ပြည်တော်လှန်ရေးစစ်၏ အရင်းခံတရားဖြစ်၏၊ မြောက်မြားလှစွာသောတရားများသည် ဤအရင်းခံတရားမှ ပေါက်ဖွါးလာခြင်းဖြစ်၏။ ကျနော်တို့ ၁၀ နှစ်ကြာတိုက်ခဲ့သော စစ်သမိုင်းက ဤတရားမှန်ကန်ကြောင်း သက်သေပြခဲ့၏။ အရင်းခံသဘောပါသည့် ဤတရားကိုမသိမမြင်သူသည်၊ တရုပ်ပြည်တော်လှန်ရေးစစ်ပွဲကို ရှေ့ဆောင်ညွှန်ကြားနိုင်မည် မဟုတ်၊ တပ်နီတော် အောင်ပွဲရအောင်လည်းဦးဆောင်နိုင်မည်မဟုတ်ပေ။

မူနှင့်ဆိုင်သောအောက်ပါပြဿနာများကို မှန်ကန်စွာ ဖြေရှင်းရန်လိုအပ်သည်မှာအလွန်ထင်ရှား၏။



သေနင်္ဂဗျူဟာ ဦးတည်ချက်ကို မှန်ကန်စွာချမှတ်ရမည်၊ ထိုးစစ်ဆင်သည့်အခါ မိုက်ရူးရဲဝါဒကို ဆန့်ကျင်ရမည်၊ ခံစစ်ဆင်သည့်အခါ သိမ်ငယ်ကျဝါဒကို ဆန့်ကျင်ရမည်၊ နေရာရွှေ့ပြောင်းသည့်အခါတွက် ပြေးရေးဝါဒကိုဆန့်ကျင်ရမည်။

တပ်နီတော်အတွင်းရှိ ပြောက်ကျားဝါဒကို ဆန့်ကျင်သည်နှင့်တချိန်တည်းတွင် တပ်နီတော်၏ စစ်ဆင်မှုများသည် ပြောက်ကျားသဘောပါကြောင်းကိုအသိအမှတ်ပြုရမည်။

တိုက်ပွဲကြီးများတွင် ရေရှည်စစ်ဆင်ခြင်းနှင့် သေနင်္ဂဗျူဟာအရ အမြန်အဆုံးသတ်စစ်ဆင်ခြင်းကို ဆန့်ကျင်၍ သေနင်္ဂဗျူဟာအရ ရေရှည်စစ်ဆင်ခြင်းနှင့် တိုက်ပွဲကြီးများတွင် အမြန်အဆုံးသတ်စစ်ဆင်ခြင်းကိုလက်ခံရမည်။

စစ်မျက်နှာပုံသေသတ်မှတ်၍ တိုက်ခြင်းနှင့် နေရာယူ၍တိုက်ခြင်းကိုဆန့်ကျင်၍ စစ်မျက်နှာ အရှင်ထား၍တိုက်ခြင်းနှင့် လှုပ်ရှားတိုက်ခြင်းကိုထောက်ခံရမည်။

ရန်သူကို ပြိုကွဲစေရုံလောက် တိုက်ခြင်းကို ဆန့်ကျင်၍ ရန်သူကိုကြေပြုန်းသွားသည်အထိတိုက်ရမည်။

သေနင်္ဂဗျူဟာဦးတည်ချက်သတ်မှတ်ရာတွင် လက်သီးနှစ်ဖက်ဖြင့်ပြိုင်တူထိုးခြင်းကို ဆန့်ကျင်၍ လက်သီးတဖက်ဖြင့် ထိုးခြင်းကိုလက်ခံရမည်။

စစ်နောက်ပိုင်းဒေသကြီး ကြီးထားခြင်းကို ဆန့်ကျင်၍ စစ်နောက်ပိုင်းဒေသငယ်ငယ်ထားခြင်းကိုလက်ခံရမည်။

အကြွင်းမဲ့စုစည်းချုပ်ကိုင် ညွှန်ကြားကွပ်ကဲခြင်းကို ဆန့်ကျင်၍ အတန့်အသင့်စုစည်းချုပ်ကိုင်ညွှန်ကြားကွပ်ကဲခြင်းပြုရမည်။

စစ်ရေးသက်သက်အမြင်နှင့် လှည့်လည်တိုက်နေလိုသော တော ပုန်းဝါဒ [၁၂] ကိုဆန့်ကျင်၍ တပ်နီတော်သည် တရုပ်ပြည်တော်လှန် ရေးအတွက်ဝါဒဖြန့်ချိသူနှင့် စည်းရုံးသူဖြစ်သည် ဟူသောအချက်ကို လက်ခံရမည်။

ဓါးပြဝါဒ [၁၃] ကိုဆန့်ကျင်၍ တင်းကြပ်သောနိုင်ငံရေးစည်းကမ်း များကိုလိုက်နာရမည်။

စစ်ဘုရင်ဝါဒကို ဆန့်ကျင်၍ ကန့်သတ်ထားသော ဒီမိုကရေစီနှင့် အာဏာရှိသော စစ်စည်းကမ်းများကို လိုလားရမည်။ မမှန်ကန်သော လက်သင့်ရာစားတော်ခေါ်သော ကေဒါပေါ်လစီကို ဆန့်ကျင်၍ မှန် ကန်သောကေဒါပေါ်လစီကိုကျင့်သုံးရမည်။

ကိုယ့်ကိုယ်ကို တကောင်ကြွက်ဖြစ်စေသော ပေါ်လစီကိုဆန့်ကျင် ၍ မိမိနှင့်မဟာမိတ်ဖြစ်နိုင်သူတိုင်းအား ကိုယ့်ဖက်ပါလာအောင်သိမ်း သွင်းရမည်။

တပ်နီတော်ကို အဆင့်မြင့်ဟောင်း၌သာ ရပ်တန့်နေစေခြင်းကိုဆန့် ကျင်၍ တပ်နီတော်ကိုအဆင့်သစ်သို့ တိုးတက်သွားအောင်ကြိုးပမ်းရ မည်။ ဆယ်နှစ်ဆယ်မိုးသွေးချောင်းစီးမျှ တိုက်လာခဲ့ရသော တရုပ် ပြည်တော်လှန်ရေးစစ်ပွဲမှ သမိုင်းအတွေ့အကြုံများကို အခြေပြုလျက် အထက်ပါမူပြဿနာများကို ဂဃဏနရှင်းပြရန်အတွက် ရှေ့တွင် သေ နင်္ဂဗျူဟာပြဿနာများကို ကျနော်တို့ဆွေးနွေးသွားပါမည်။



# အခန်း ၄။ "ဝိုင်းဝန်းချေမှုန်းမှု" နှင့် "ဝိုင်းဝန်းချေ မှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခြင်း (ဝါ) တရုပ်ပြည်တွင်းစစ်၏အဓိကသဏ္ဌာန်

ပြောက်ကျားစစ်ပွဲစတင်ခဲ့သည့် နေ့မှစ၍၊ လွန်ခဲ့သော ဆယ်နှစ် တာအတွင်း၊ တသီးတခြား တည်ရှိနေကြသောပြောက်ကျားတပ်နီ တိုင်းသည်ငှင်း၊ တပ်နီတော်သည်ငှင်း၊ တော်လှန်ရေးအခြေခံဒေသ တိုင်းသည်ငှင်း၊ ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" နှင့်မကြာခဏကြုံတွေ့ ခဲ့ကြရ၏။ ရန်သူသည် တပ်နီတော်အားထူးဆန်းသောသတ္တဝါကြီးအ ဖြစ် သဘောထားကာ မြင်မြင်ချင်းအမိဖမ်းရန်ကြိုးစား၏။ ရန်သူ သည် တပ်နီတော်၏နောက်သို့ အမြဲတကောက်ကောက်လိုက်ပြီးဝိုင်း ထားကြ၏။ လွန်ခဲ့သော ဆယ်နှစ်အတွင်းတွင် ဤသဏ္ဌာန်သည် မ ပြောင်းလဲခဲ့ပေ၊ အကယ်၍ ပြည်တွင်းစစ်အစား အမျိုးသားစစ်မဖြစ် ပွါးခဲ့လျှင်၊ ရန်သူကချည့်နဲ့သူအဖြစ်သို့၊ တပ်နီတော်ကတောင့်တင်းသူ အဖြစ်သို့ မပြောင်းသေးသမျှ ကာလပတ်လုံး၊ ထိုသဏ္ဌာန်သည်လည်း ပြောင်းလဲလိမ့်မည်မဟုတ်ချေ။

တပ်နီတော်သည် ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက် ခိုက်သော သဏ္ဌာန်ဖြင့် စစ်ဆင်ရ၏။ ကျနော်တို့အောင်ပွဲခံရသည်ဟု ဆိုခြင်းမှာအဓိကအားဖြင့် ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန် တိုက်ခိုက်ရာ၌ အောင်ပွဲခံရခြင်းကိုဆိုလိုသည်၊ တနည်းအားဖြင့်ဆို

သော် သေနင်္ဂဗျူဟာအရရှင်း၊ တိုက်ပွဲကြီး၌ရှင်း အောင်ပွဲခံရခြင်းဖြစ်သည်။ "ဝိုင်းဝန်းချေမှုန်းမှု" တခုကို တုံ့ပြန်တိုက်ခိုက်ခြင်းသည် တိုက်ပွဲကြီးတပွဲဖြစ်၏။ ထိုတိုက်ပွဲကြီး တပွဲ၌ တိုက်ပွဲအကြီးစားနှင့် အငယ်စားလေးငါးခုမှ လေးငါးခြောက်ဆယ်အထိပါဝင်လေ့ရှိ၏။ ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုအခြေခံအားဖြင့် တိုက်ဖျက်မပစ်နိုင်သေးမီအချိန်၌၊ တိုက်ပွဲပေါင်းများစွာအနိုင်ရရှိသည့်တိုင်အောင်၊ သေနင်္ဂဗျူဟာအရအောင်ပွဲခံရပြီ သို့မဟုတ် တိုက်ပွဲကြီးတခုလုံးအနေဖြင့်အောင်ပွဲခံရပြီ ဟုမဆိုနိုင်သေးချေ။ တပ်နီတော်၏ ၁၀ နှစ်ကြာသောစစ်ဆင်မှုသမိုင်းသည် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သည့် သမိုင်းပင်ဖြစ်၏။

ရန်သူက "ဝိုင်းဝန်းချေမှုန်း" ရာ၌ရှင်း၊ "ဝိုင်းဝန်းချေမှုန်း" သည်ကို တပ်နီတော်က တုံ့ပြန်တိုက်ခိုက်ရာ၌ရှင်း၊ ထိုးစစ်နှင့်ခံစစ်တည်းဟူသော တိုက်ပွဲသဏ္ဌာန် နှစ်မျိုးကို အပြန်အလှန် အသုံးပြုကြ၏။ ဤသဏ္ဌာန်နှစ်မျိုးမှာ ကမ္ဘာ့သမိုင်းတလျှောက်၌ ဖြစ်ပွါးခဲ့သောစစ်ပွဲများ၌ အသုံးပြုခဲ့ကြသော သဏ္ဌာန်များနှင့်ဘာမျှမခြားပေ။ သို့သော် တရုပ်ပြည်တွင်းစစ်၏ ထူးခြားချက်မှာ ဤသဏ္ဌာန်နှစ်မျိုးကာလရှည်ကြာစွာ သံသရာလည်နေခြင်းပင် ဖြစ်၏။ "ဝိုင်းဝန်းချေမှုန်းမှု" တခါလုပ်တိုင်း ရန်သူက ထိုးစစ်ဖြင့်တပ်နီတော်၏ခံစစ်ကိုတိုက်ခိုက်၏၊ တပ်နီတော်ကခံစစ်ဖြင့် ရန်သူ၏ထိုးစစ်ကိုတုံ့ပြန်၏၊ ဤကား "ဝိုင်းဝန်းချေမှုန်းမှု"ကို တုံ့ပြန်သောတိုက်ပွဲကြီး၏ ပထမအဆင့်ဖြစ်၏။ ထို့နောက် ရန်သူကခံစစ်ဖြင့်တပ်နီတော်၏ ထိုးစစ်ကိုတုံ့ပြန်၏။ တပ်နီ



တော်ကထိုးစစ်ဖြင့် ရန်သူ၏ ခံစစ်ကို တိုက်ခိုက်၏၊ ဤကား "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်သည့်တိုက်ပွဲကြီး၏ ဒုတိယအဆင့်ဖြစ်၏။ "ဝိုင်းဝန်းချေမှုန်းမှု" လုပ်တိုင်း ဤအဆင့်နှစ်ဆင့်ပါစမြဲဖြစ်၏။ ဤအဆင့်နှစ်ဆင့်သည် ကာလရှည်ကြာစွာသံသရာလည်နေသည်။

ကာလရှည်ကြာစွာသံသရာလည်နေသည်ဟုဆိုခြင်းမှာ စစ်ပွဲ နှင့် တိုက်ပွဲသဏ္ဌာန်တို့ သံသရာလည်နေခြင်းကိုဆိုလို၏။ ဤသည်တကယ့်ဖြစ်ရပ်ဖြစ်၍ မည်သူမဆိုမြင်ရဖြင့်သိနိုင်သည်။ "ဝိုင်းဝန်းချေမှုန်း" ခြင်းနှင့် "ဝိုင်းဝန်းချေမှုန်း" သည်ကို တုံ့ပြန်တိုက်ခိုက်ခြင်းသည်၊ စစ်ပွဲသဏ္ဌာန်များသံသရာလည်နေခြင်းဖြစ်၏။ ပထမအဆင့်၌ ရန်သူကထိုးစစ်ဖြင့် ကျနော်တို့၏ခံစစ်ကိုတိုက်၍ ကျနော်တို့ကခံစစ်ဖြင့် ရန်သူ၏ထိုးစစ်ကို တုံ့ပြန်ခြင်းနှင့် ဒုတိယအဆင့်၌ ရန်သူကခံစစ်ဖြင့် ကျနော်တို့၏ထိုးစစ်ကိုတုံ့ပြန်၍ ကျနော်တို့ကထိုးစစ်ဖြင့် ရန်သူ၏ခံစစ်ကိုတိုက်ခိုက်ခြင်းတို့သည် "ဝိုင်းဝန်းချေမှုန်းမှု" တိုင်းတွင် သံသရာလည်နေသောတိုက်ပွဲသဏ္ဌာန်များပင်ဖြစ်၏။

စစ်ပွဲနှင့် တိုက်ပွဲ၏ အကြောင်းအရာများကား သံသရာလည်ရုံလည်နေသည်မဟုတ်၊ တကြိမ်နှင့်တကြိမ် ကွဲပြားခြားနား၏။ ဤသည်လည်းတကယ့်ဖြစ်ရပ်ဖြစ်၍ မည်သူမဆိုမြင်ရဖြင့် သိနိုင်သည်။ ဤတွင်ရှိသော တရားမှာ "ဝိုင်းဝန်းချေမှုန်း" ခြင်းနှင့် "ဝိုင်းဝန်းချေမှုန်း" သည်ကို တုံ့ပြန်တိုက်ခိုက်ခြင်း၏အတိုင်းအတာသည် တကြိမ်ထက်တကြိမ် ပို၍ကြီးလာခြင်း၊ အခြေအနေသည်တကြိမ်ထက်တကြိမ်

ပို၍ရှုပ်ထွေးလာခြင်း၊ တိုက်ပွဲသည် တကြိမ်ထက်တကြိမ်ပို၍သဲမဲပြင်းထန်လာခြင်းပင်ဖြစ်၏။

သို့သော်၊ အတက်အကျမရှိဟု မဆိုလိုပေ။ ရန်သူကပဉ္စမအကြိမ်လာရောက် "ဝိုင်းဝန်းချေမှုန်း" ပြီးနောက်တွင်တပ်နီတော်သည်များစွာအားလျော့သွားကာ၊ တောင်ပိုင်းရှိ အခြေခံဒေသအားလုံးလက်လွှတ်ဆုံးရှုံးသွားရ၏၊ တပ်နီတော်သည် အနောက်မြောက်ပိုင်းသို့ ရွှေ့ပြောင်းသွားရ၍ တောင်ပိုင်းတွင်ရှိစဉ်ကလိုပြည်တွင်းရန်သူကို ခြိမ်းခြောက်နိုင်သော အရေးအပါဆုံး အခြေ၌ မဟုတ်တော့ချေ၊ ထို့ကြောင့် "ဝိုင်းဝန်းချေမှုန်း" ခြင်း၏ အတိုင်းအတာသည် အတန်အသင့်သေးငယ်သွား၏၊ အခြေအနေသည်လည်း ယခင်ကလောက်မရှုပ်ထွေးတော့၊ တိုက်ပွဲသည်လည်းယခင်ကလောက်မပြင်းထန်တော့ပေ။

တပ်နီတော်အဖို့အရေးနိမ့်မှုဆိုသည်ကား ဘာလဲ? သေနင်္ဂဗျူဟာအရပြောရလျှင် "ဝိုင်းဝန်းချေမှုန်း" သည်ကိုတုံ့ပြန်တိုက်ခိုက်ရာ၌ အောင်မြင်မှုလုံးဝမရှိမှသာလျှင် အရေးနိမ့်သည်ဟုဆိုနိုင်၏၊ ယင်းသို့အရေးနိမ့်သည့်တိုင်အောင် တစိတ်တဒေသအရေးနိမ့်ခြင်းနှင့် ယာယီအရေးနိမ့်ခြင်းသာဖြစ်သည်ဟု ဆိုနိုင်သည်။ အကြောင်းမူ တပ်နီတော်တခုလုံးပြုတ်သွားမှသာ ပြည်တွင်းစစ်လုံးဝအရေးနိမ့်သွားပြီ ဟုဆိုနိုင်သောကြောင့်ဖြစ်၏။ သို့ရာတွင်ဤအဖြစ်မျိုးမရှိခဲ့ဘူးပေ။ အခြေခံဒေသအများအပြား လက်လွှတ်ဆုံးရှုံးရခြင်းနှင့် တပ်နီတော်နေရာရွှေ့ပြောင်းရခြင်းတို့သည် ယာယီအရေးနိမ့်ခြင်းနှင့် တစိတ်တဒေသအရေးနိမ့်ခြင်းသာဖြစ်၏၊ ဤတစိတ်တဒေသအရေးနိမ့်မှုတွင် ကွန်မြူ



နစ်ပါတီအဖွဲ့အစည်းများ၊ စစ်တပ်များနှင့် အခြေခံဒေသများရာခိုင်နှုန်း ၉၀ ဆုံးရှုံးခဲ့ရသော်လည်းထာဝရအရေးနိမ့်ခြင်းနှင့်လုံးဝအရေးနိမ့်ခြင်းမဟုတ်ချေ။ ဤရွှေ့ပြောင်းမှုကို ခံစစ်၏ အဆက်ဟု၎င်း၊ ရန်သူ၏လိုက်လံတိုက်ခိုက်မှုကို ထိုးစစ်၏အဆက်ဟု၎င်း ကျွန်တော်တို့ကခေါ်ဆို၏။ ဆိုလိုသည်မှာ၊ "ဝိုင်းဝန်းချေမှုန်းမှု" နှင့်၎င်း "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျွန်တော်တို့ တုံ့ပြန်တိုက်ခိုက်ရာဝယ်၊ ကျွန်တော်တို့သည် ခံစစ်မှထိုးစစ်သို့မပြောင်းနိုင်ခဲ့ရုံမက၊ ရန်သူ၏ ထိုးစစ်ကြောင့် ကျွန်တော်တို့၏ခံစစ်သည်ပင်လျှင် ကျိုးပေါက်ခဲ့ရ၍ ကျွန်တော်တို့၏ ခံစစ်သည် ဆုတ်စစ်ဖြစ်သွားပြီး ရန်သူ၏ ထိုးစစ်သည် လိုက်တိုက်သည့်စစ်ဖြစ်သွား၏။ သို့သော် နယ်သစ်တခုသို့ တပ်နီတော်ရောက်သွားသောအခါ၊ ဥပမာကျန်းရှီးစသည့် ဒေသများမှ ရှန်ရှီးပြည်နယ်သို့ ကျွန်တော်တို့ရွှေ့ပြောင်းသွားသောအခါ၊ "ဝိုင်းဝန်းချေမှုန်းမှု" နှင့် ၎င်းကိုတုံ့ပြန်တိုက်ခိုက်မှုသည်သံသရာလည်လာပြန်၏။ ထို့ကြောင့် တပ်နီတော်က သေနင်္ဂဗျူဟာအရဆုတ်ခွါခြင်း (ခရီးရှည်ချီတက်ခြင်း) သည်တပ်နီတော်၏ သေနင်္ဂဗျူဟာ ခံစစ်၏ အဆက်ဖြစ်သည်၊ ရန်သူကသေနင်္ဂဗျူဟာအရလိုက်တိုက်မှုသည် ရန်သူ၏သေနင်္ဂဗျူဟာထိုးစစ်၏ အဆက်ဖြစ်သည်ဟူ၍ ကျွန်တော်တို့ဆိုခဲ့ခြင်းဖြစ်၏။

ကမ္ဘာ့သမိုင်းတလျှောက်တွင် ဖြစ်ပွါးခဲ့သော စစ်ပွဲများကဲ့သို့ပင်၊ တရုတ်ပြည်တွင်း စစ်ပွဲ၌လည်း ထိုးစစ်နှင့်ခံစစ်ဟူသော အခြေခံတိုက်နည်းသဏ္ဍာန်နှစ်မျိုးသာရှိ၏။ တရုတ်ပြည်တွင်းစစ်၏ ထူးခြားချက်မှာ "ဝိုင်းဝန်းချေမှုန်း" ခြင်းနှင့် "ဝိုင်းဝန်းချေမှုန်း" သည်ကို တုံ့ပြန်တိုက်

ခိုက်ခြင်းတို့သည် ရှည်ကြာစွာသံသရာလည်နေခြင်း၊ ထိုးစစ်နှင့် ခံစစ်ဟူသောတိုက်ပွဲသဏ္ဍာန်နှစ်မျိုးသည် ကြာမြင့်စွာသံသရာလည်နေခြင်းပင်ဖြစ်သည်။ ၎င်းထူးခြားချက်သဲတွင်သေနင်္ဂဗျူဟာအရ ကိုလိုမီတာတာသောင်းကျော်တပ်ရွှေ့ပြောင်း (ခရီးရှည်ချီတက်) [၁၅] ခဲ့ရသောမဟာအရေးတော်ပုံလည်းပါဝင်၏။

ရန်သူအဖို့အရေးနိမ့်မှုဆိုသည်မှာလည်း ဤအတိုင်းပင်ဖြစ်သည်။ ရန်သူအဖို့ သေနင်္ဂဗျူဟာအရ အရေးနိမ့်မှုဆိုသည်မှာ၊ သူတို့၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့ကဖြိုခွင်းပစ်လိုက်သဖြင့်၊ ကျနော်တို့၏ ခံစစ်သည် ထိုးစစ်အဖြစ်ပြောင်းသွားပြီးရန်သူမှာမူခံစစ်ဖက်ကိုရောက်သွား၍ထပ်မံစည်းရုံးမှသာ နောက်ထပ် "ဝိုင်းဝန်းချေမှုန်းမှု" ပြုနိုင်မည့်အဖြစ်သို့ရောက်သွားခြင်းကိုဆိုလို၏။ ရန်သူအဖို့ကျနော်တို့ကဲ့သို့ သေနင်္ဂဗျူဟာအရ ကီလိုမီတာတာသောင်းကျော် တပ်ရွှေ့ပြောင်းရသည့်အဖြစ်မျိုးမရှိပေ၊ အကြောင်းမူ ရန်သူသည် တပြည်လုံးကိုအုပ်စိုးနေသူဖြစ်ပြီး ကျနော်တို့ထက်များစွာအားကောင်းနေသောကြောင့်ဖြစ်၏။ သို့သော် ရန်သူအနေနှင့် တစိတ်တဒေသအားဖြင့် တပ်ရွှေ့ပြောင်းရမှုများကားရှိခဲ့ဘူး၏။ အခြေခံဒေသအချို့၌ တပ်နီတော်၏ဝိုင်းရံတိုက်ခိုက်ခြင်းကို ခံရသည့် ခြေကုပ်စခန်းထဲက ရန်သူများသည်ဖေါက်ထွက်ကာ ဒေသဖြူထဲသို့ဆုတ်ခွါသွားကြပြီး၊ ထိုးစစ်ဆင်ရန်အတွက် နောက်ထပ်တဖန်စည်းရုံးရသည့် အဖြစ်မျိုးရှိခဲ့ဘူးသည်။ အကယ်၍ ပြည်တွင်းစစ်သည်နှစ်ရှည်လကြာဖြစ်ပြီး၊ တပ်နီတော်အောင်ပွဲခံရသည့် အတိုင်းအတာသည် ပို၍ကြီးမားလာမည်ဆိုပါက၊ အထက်



ပါအဖြစ်မျိုးသည် ပို၍များလာပေလိမ့်မည်။ သို့သော်ရန်သူကြုံတွေ့ရမည့်အဖြစ်သည် တပ်နီတော်နှင့် မနှိုင်းယှဉ်သာအောင် ရှိပေလိမ့်မည်၊ အကြောင်းမူ ရန်သူသည်ပြည်သူလူထု၏အကူအညီမရသည့်အပြင်စစ်ဗိုလ်စစ်သားများသည်လည်း တညီတညွတ်တည်း မရှိသောကြောင့်ဖြစ်၏။ ရန်သူသည်တပ်နီတော်လိုခရီးရှည်ချီတက်ပြီး တပ်ရွှေ့ပြောင်းပါက မုချဆတ်ဆတ်ချေမှုန်းသုတ်သင်ခံရမည်ဖြစ်သည်။

လီလီစန်းလမ်းစဉ်လွှမ်းမိုးချိန် ၁၉၃၀ ခုနှစ်၌၊ ရဲဘော်လီလီစန်းသည်တရုပ်ပြည်တွင်းစစ်ကြာရှည်မည့်သဘောကို နားမလည်သဖြင့်တရုပ်ပြည်တွင်းစစ် ပြန့်ပွါးသွားရာတွင် "ဝိုင်းဝန်းချေမှုန်း" ပြီးယင်း "ဝိုင်းဝန်းချေမှုန်း" ပြန်ခြင်း၊ ၎င်း "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပြီးယင်းတိုက်ဖျက်ပြန်ခြင်းဟူသော အချိန်ကြာမြင့်စွာ သံသရာလည်နေသည့်တရားဥပဒေသ ("ဝိုင်းဝန်းချေမှုန်းမှု" သည် ထိုစဉ်က ဟူနန် - ကျန်းရှီးပြည်နယ်နယ်စပ်ဒေသ၌ သုံးကြိမ်၊ ဖူကျင့်ပြည်နယ်၌နှစ်ကြိမ်ဖြစ်ပွါးခဲ့ပြီဖြစ်သည်) ကို မမြင်မသိပေ။ ထို့ကြောင့် သူသည်တပြည်လုံး၌တော်လှန်ရေးအမြန်အောင်ပွဲရစေရန်အကြံဖြင့် တပ်နီတော်နုနယ်စဉ်အချိန်၌ပင် ဝူဟန်မြို့အားတိုက်ရန်တပ်နီတော်ကို အမိန့်ပေးခဲ့၏၊ တပြည်လုံး၌ လက်နက်စွဲကိုင်၍ ပုန်ကန်ထကြွရန်အမိန့်ပေးခဲ့၏။ သို့ဖြင့်သူသည် "လက်ဝဲ" အချောင်ဝါဒအမှားကို ကျူးလွန်ခဲ့လေသည်။

၁၉၃၁ – ၃၄ ခုနှစ်အတွင်းက "လက်ဝဲ" အချောင်သမားများကလည်း "ဝိုင်းဝန်းချေမှုန်းမှု" သံသရာလည်နေမည်ဆိုသည့် တရားဥပဒေသကိုမယုံကြည်ကြချေ။ ကျနော်တို့၏ဟူပေ - ဟိုနန် - အန်းဟွေး

နယ်စပ်အခြေခံဒေသမှ တာဝန်ခံရဲဘော်အချို့က ရန်သူတွင် "ချီကျိုး နားရွက်ပွဲတပ်" မျှသာကျန်တော့သည်ဟု ဆိုကြ၏။ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ရှုံးနိမ့်သွားပြီးနောက်၌ ကိုမင်တန်သည် ချီကျိုး နားရွက်ပွဲတပ်" မျှသာဖြစ်သွားတော့သဖြင့်၊ တပ်နီတော်ကိုတိုက်ခိုက်လိုက၊ နယ်ချဲ့သမားများကိုယ်တိုင်အဓိကတပ်အဖြစ်ဝင်ပါရလိမ့်မည်ဟု ယူဆကြ၏။ ဤမှန်းဆချက်ဖြင့် ချမှတ်လိုက်သော သေနင်္ဗျူဟာ လမ်းညွှန်မှုမှာဝူဟန်မြို့ကို တပ်နီတော်က တိုက်ရမည်ဟုဆိုခြင်းပင်ဖြစ်သည်။ ၎င်းသည်ကျန်းရှီးပြည်နယ်မှ ရဲဘော်အချို့၏ အယူအဆများနှင့် မှအားဖြင့် ထပ်တူဖြစ်၏။ ထိုရဲဘော်များက နန်ချန်းမြို့ကို တိုက်ရန်တပ်နီတော်အားဆော်ဩကြ၏၊ အခြေခံဒေသအားလုံးတခုနှင့်တခုဆက်မိသွားအောင် လုပ်ခြင်းကို ဆန့်ကျင်ကြ၏၊ ရန်သူအားကျနော်တို့နယ်အတွင်းပိုင်းသို့မျှားခေါ်၍ တိုက်ခြင်းကိုဆန့်ကျင်ကြ၏၊ ပြည်နယ်မြို့တော်နှင့် အခြားအချက်အချာမြို့များကို သိမ်းပိုက်ခြင်းသည် ပြည်နယ်တခု၌ အောင်ပွဲခံရရေးအတွက် အခြေခံဖြစ်သည်ဟု စွဲစွဲမြဲမြဲမှတ်ယူကြ၏၊ "ပဉ္စမအကြိမ် 'ဝိုင်းဝန်းချေမှုန်းမှု' ကို တုံ့ပြန်တိုက်ခိုက်ခြင်းသည်တော်လှန်ရေးလမ်းကြောင်းနှင့် ကိုလိုနီလမ်းကြောင်းတို့၏ ယတိပြတ်တိုက်ပွဲဖြစ်သည်" ဟုယူဆကြ၏။ ဟူပေ-ဟိုနန်-အန်းဟွေးနယ်စပ်ဒေသ၌ စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်ရေးအတွက်၎င်း၊ ကျန်းရှီးပြည်နယ်ရှိဗဟိုဒေသ၌ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်ရေးအတွက်၎င်း၊ ဤ "လက်ဝဲ" အချောင်ဝါဒကလွဲမှားသောလမ်းစဉ်မျိုးစေ့များချပေး



ခဲ့၏၊ သို့ဖြင့် ရန်သူကမီးကုန်ယမ်းကုန် "ဝိုင်းဝန်းချေမှုန်း" သောအခါ တပ်နီတော်သည် ဘာမျှမတတ်နိုင်သောအခြေသို့ရောက်သွားရ၍ တရုတ်ပြည်တော်လှန်ရေးကိုကြီးစွာဆုံးရှုံးနစ်နာသွားစေသည်။

ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" များထပ်တလဲလဲဖြစ်ပွါးလိမ့်မည်ဟူသည်ကို လက်မခံသော "လက်ဝဲ" အချောင်ဝါဒနှင့် တိုက်ရိုက်ဆက်သွယ်နေသည့်အယူအဆ (ဃ) တပ်နီတော်သည် ဘယ်တော့မှခံစစ်မဆင်သင့် ဟူသောအယူအဆသည်လည်း လုံးဝမှား၏။

တော်လှန်ရေးနှင့် တော်လှန်ရေးစစ်တို့သည် ထိုးစစ်ဖြစ်၏ ဟူသောကောက်ချက်သည်မှန်သင့်သလောက်မှန်၏။ တော်လှန်ရေးနှင့် တော်လှန်ရေးစစ်တို့သည် စတင်ဖြစ်ပေါ်ရာမှပြန့်ပွါးလာသည် အထိ၊ ငယ်ရာမှကြီးလာသည်အထိ၊ အာဏာမရှိရာမှအာဏာသိမ်းပိုက်မိသည်အထိ၊ တပ်နီတော်မရှိရာမှ တပ်နီတော်ကို ဖွဲ့စည်းတည်ထောင်သည်အထိ၊ တော်လှန်ရေး အခြေခံဒေသ မရှိရာမှ တော်လှန်ရေးအခြေခံဒေသများထူထောင်သည်အထိ၊ ထိုးစစ်ဆင်ရစမြဲပင်ဖြစ်၏၊ သမရိုးကျအတိုင်းလုပ်၍ မဖြစ်၊ သမရိုးကျဝါဒဖက်သို့တိမ်းညွတ်မှုကိုဆန့်ကျင်ပစ်ရမည်။

တော်လှန်ရေးနှင့် တော်လှန်ရေးစစ်တို့သည် ထိုးစစ်ဖြစ်၏၊ သို့သော်ခံစစ်နှင့် ဆုတ်ခွါမှုလည်းရှိသည် ဟူသောကောက်ချက်မှာသာလုံးဝမှန်သည်။ ထိုးစစ်ဆင်ရန်အတွက်ခံစစ်ဆင်ခြင်း၊ ရှေ့တက်ရန်အတွက် နောက်ဆုတ်ခြင်း၊ ရှေ့တည့်တည့်သို့ရောက်ရန်အတွက် ဘေးမှပန်း၍ တက်ခြင်း၊ ဖြောင့်ဖြောင့်တန်းတန်း ချီတက်နိုင်ရေးအတွက် ကွေ့ကာ

ကောက်ကာချီတက်ခြင်းတို့သည်ပြောက်မြားစွာသောအရာဝတ္ထုများဖြစ်ပေါ်တိုးပွါးရာတွင် မလွဲမသွေကြုံတွေ့ရသောအခြင်းအရာများဖြစ်၏၊ စစ်မက်ရေးရာလှုပ်ရှားမှုများတွင်အဘယ်မှာလျှင် ဤသို့မဖြစ်ဘဲရှိနိုင်အံ့နည်း။

အထက်ပါကောက်ချက်နှစ်မျိုးအနက် ပထမအမျိုးသည် နိုင်ငံရေးအရဆိုသော်မှန်သည်ဟုဆိုနိုင်သော်သည်း၊ စစ်ရေးအရမူ မမှန်ကန်ချေ။ နိုင်ငံရေးအရတောင်မှ တစုံတရာသောအခြေအနေ၌ သာလျှင် (တော်လှန်ရေးရှေ့တက်နေစဉ်၌) မှန်ကန်၏၊ အခြားသောအခြေအနေမျိုး၌မူ (တော်လှန်ရေးနောက်ဆုတ်နေချိန် ဥပမာ ၁၉၀၆ ခုနှစ်က ရုရှားပြည်[၁၆] နှင့် ၁၉၂၇ ခုနှစ်က တရုပ်ပြည်၌လုံးဝနောက်ဆုတ်ရသော အချိန်မျိုးနှင့် ၁၉၁၈ ခုနှစ်ဘရက်လစ်စတော့ စာချုပ်[၁၇] ချုပ်ချိန်က ရုရှားပြည်၌ တစိတ်တဒေသအားဖြင့်နောက်ဆုတ်နေရသောအချိန်မျိုး) မမှန်ကန်တော့ချေ။ ဒုတိယကောက်ချက်သည်သာ လုံးဝမှန်ကန်သော သစ္စာတရားဖြစ်ပေသည်။ စစ်ရေးအရခံစစ်ဆင်မှုကို ၁၉၃၁—၃၄ ခုနှစ်အတွင်း "လက်ဝဲ" အချောင်ဝါဒက စက်ယန္တရားဆန်ဆန် ဆန့်ကျင်ကန့်ကွက်ခြင်းသည် အလွန်ကလေးဆန်သောအတွေးအခေါ်မျှသာဖြစ်သည်။

"ဝိုင်းဝန်းချေမှုန်းမှု" ထပ်တလဲလဲဖြစ်နေသည့်သဏ္ဍာန်သည် မည်သည့်အချိန်ကျမှ အဆုံးသတ်သွားမည်နည်း? ကျနော့်အမြင်အရ ပြောရပါမူ၊ ပြည်တွင်းစစ်ရှည်ကြာစွာ ဖြစ်ပွါးနေဦးမည်ဆိုပါက၊ ကျနော်တို့အင်အားနှင့် ရန်သူ့အင်အား အချိုးအစားလုံးဝပြောင်းလဲ



သွားသောအခါကျမှသာလျှင်အဆုံးသတ်သွားလိမ့်မည်ဖြစ်၏။ တပ်နီတော်က မိမိ၏ရန်သူထက် ပို၍အားအင်တောင့်တင်းသော အခြေသို့ပြောင်းလဲသွားသည့်အခါ ဤထပ်တလဲလဲဖြစ်ပွါးမှုသည် အဆုံးသတ်သွားလိမ့်မည်ဖြစ်၏။ ထိုအချိန်ကျလျှင်၊ ကျနော်တို့က ရန်သူကိုဝိုင်းဝန်းချေမှုန်းသည့် အဖြစ်မျိုးသို့ရောက်ကာ ရန်သူမှာမူ ဝိုင်းဝန်းချေမှုန်းမှုကို တုံ့ပြန်တိုက်ခိုက်ရန် ကြိုးစားသောအဖြစ်သို့ရောက်သွားလိမ့်မည်၊ သို့သော်လည်းရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်စဉ်က တပ်နီတော်ရရှိခဲ့သည့် အခြေအနေမျိုးကို ရန်သူတို့ရရှိအောင် နိုင်ငံရေးနှင့် စစ်ရေးအခြေအနေများကခွင့်ပြုလိမ့်မည်မဟုတ်ချေ။ ထိုအချိန်အခါ၌ကား၊ "ဝိုင်းဝန်းချေမှုန်းမှု" များနှင့် "ဝိုင်းဝန်းချေမှုန်း" သည်ကို တုံ့ပြန်တိုက်ခိုက်မှုများ သံသရာလည်နေသည့် သဏ္ဍာန်သည် လုံးဝအဆုံးသတ်သွားလိမ့်မည်ဟု မဆိုနိုင်သော်လည်း ယေဘုယျအားဖြင့် အဆုံးသတ်သွားလိမ့်မည်ဟုတထစ်ချပြောနိုင်သည်။

## အခန်း ၅။ သေနင်္ဂဗျူဟာခံစစ်

ဤခေါင်းစဉ်ဖြင့် အောက်ပါပြဿနာများကို ကျနော်ရှင်းပြလိုပါသည်။

၁။ ခံစစ်ရှင်နှင့် ခံစစ်သေ။

၂။ "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်ရန် ပြင်ဆင်ခြင်း။

၃။ သေနင်္ဂဗျူဟာအရဆုတ်ခွါခြင်း။

၄။ သေနင်္ဂဗျူဟာအရပြန်လှန်ထိုးစစ်ဆင်ခြင်း။
၅။ ပြန်လှန်ထိုးစစ်စတင်ရေးပြဿနာများ။
၆။ တပ်အင်အားစုစည်းရေးပြဿနာများ။
၇။ လှုပ်ရှားစစ်။
၈။ အမြန်အဆုံးသတ်စစ်။
၉။ ချေမှုန်းရေးစစ်။

## (၁) ခံစစ်ရှင်နှင့်ခံစစ်သေ

ဘာကြောင့် ခံစစ်အကြောင်းမှစ၍ပြောရပါသလဲ? ၁၉၂၄–၂၇ ခုနှစ်အတွင်းက တရုပ်ပြည်၏ ပထမအကြိမ် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီး ပျက်ပြားသွားရပြီးနောက်ပိုင်း၌ တော်လှန်ရေးသည် အလွန်နက်ရှိုင်းအလွန်ရက်စက်ကြမ်းကြုတ်သော လူတန်းစားစစ်ပွဲဖြစ်သွားလေသည်။ ရန်သူသည် တပြည်လုံးကို အုပ်စိုးသူဖြစ်ပြီး ကျနော်တို့၌မူ စစ်တပ်ကလေးအနည်းငယ်သာရှိ၏၊ ထို့ကြောင့် ကျနော်တို့သည်စလျှင်စချင်းပင် ရန်သူ၏ “ဝိုင်းဝန်းချေမှုန်းမှု” ကိုကြိုးစားတိုက်ခဲ့ရသည်။ ကျနော်တို့၏ ထိုးစစ်သည် “ဝိုင်းဝန်းချေမှုန်းမှု”ကိုတိုက်ဖျက်ရေးနှင့် နီးကပ်စွာဆက်စပ်နေ၏၊ ကျနော်တို့တိုးတက်ကြီးထွားနိုင် မကြီးထွားနိုင်ဆိုသည်မှာ “ဝိုင်းဝန်းချေမှုန်းမှု” ကိုတိုက်ဖျက်နိုင် မတိုက်ဖျက်နိုင်ဆိုသော အချက်တွင်တည်နေပေသည်။ “ဝိုင်းဝန်းချေမှုန်းမှု” ကိုတိုက်ဖျက်သည့် ခရီးစဉ်သည် အကွေ့အကောက်များလေ့ရှိ



သည်။စိုက်ထင်သလိုဖြောင့်ဖြောင့်ဖြူးဖြူးမဟုတ်။ ကျနော်တို့အဖို့ပထမဆုံးလည်းဖြစ် အရေးလည်းကြီးသောပြဿနာကား မိမိအင်အားကို မည်သို့မည်ပုံကာကွယ်ထိန်းသိမ်းထားပြီး အခွင့်ကောင်းစောင့်၍ ရန်သူအားတိုက်ဖျက်ရမည်ဟူသည့် ပြဿနာပင်ဖြစ်၏။ သို့ဖြစ်ရာသေနင်္ဂဗျူဟာခံစစ်သည် တပ်နီတော်စစ်ဆင်ရေးတွင် အရှုပ်ထွေးဆုံးနှင့် အရေးအကြီးဆုံးပြဿနာဖြစ်၏။

ကျနော်တို့၏ ၁၀ နှစ်ကြာစစ်ပွဲတွင် သေနင်္ဂဗျူဟာခံစစ်နှင့်စပ်လျဉ်း၍သွေဖီမှုနှစ်မျိုးပေါ်ပေါက်လေ့ရှိခဲ့၏၊ တမျိုးက ရန်သူကို အထင်သေးခြင်းဖြစ်၍ ကျန်တမျိုးက ရန်သူကို ကြောက်လန့်ခြင်းဖြစ်၏။

ရန်သူကို အထင်သေးမိသည့်အတွက် ပြောက်ကျားတပ်များစွာပင်အရေးနိမ့်ခဲ့ရ၏၊ ရန်သူ၏ “ဝိုင်းဝန်းချေမှုန်းမှု” အကြိမ်ပေါင်းအချို့ကို တပ်နီတော်က တိုက်ဖျက်ခြင်းမပြုနိုင်ခဲ့။

တော်လှန်ရေးပြောက်ကျားတပ်များ ပေါ်ပေါက်လာစတွင်ခေါင်းဆောင်များသည် ရန်သူနှင့် ကိုယ်ဖက် အခြေအနေကို လွဲမှားစွာသုံးသပ်လေ့ရှိကြ၏။ ဒေသတခု၌ သူတို့တတွေရုတ်တရက်လက်နက်စွဲကိုင်ပုန်ကန်ထကြွရာ၌ အောင်ပွဲရခဲ့၍ သို့မဟုတ်တပ်ဖြူတွင်းမှ ပုန်ကန်ပြီး ထွက်လာနိုင်ခဲ့၍ အခိုက်အတန့်အားဖြင့် ပတ်ဝန်းကျင် အလွန်အဆင်ပြေနေခြင်း တို့ကိုသာ သူတို့မြင်ကြသောကြောင့် သော်၎င်း၊ ပတ်ဝန်းကျင် ဆိုးဝါးနေသော်လည်း မမြင်ကြသောကြောင့်သော်၎င်း၊ သူတို့သည် ရန်သူကို အထင်သေးလေ့ရှိ၏။ အခြားတဖက်တွင်မိမိတို့၏ ပျော့ကွက်များ (အတွေ့အကြုံမရှိခြင်းနှင့် အင်အားသေးငယ်ခြင်း)

ကိုလည်းမသိနားမလည်ကြချေ။ ရန်သူက အားကောင်း၍ ကျနော်တို့ကအားသေးနေခြင်းမှာ ပကတိဖြစ်ရပ်ဖြစ်ပါလျက်၊ လူအချို့သည်မဆင်ခြင်မစဉ်းစားလိုကြ၊ ထိုးစစ်ဆင်ဖို့သာတပြောတည်းပြောကြ၏၊ ခံစစ်နှင့်ဆုတ်ခွါခြင်းအကြောင်းကိုမူ မပြောကြ၊ ခံစစ်နှင့် စပ်လျဉ်း၍ စိတ်ဓါတ်အရပြင်ဆင်မထားကြ၊ သို့ဖြင့် မိမိတို့၏ ပြုမူလှုပ်ရှားမှုများကိုလမ်းလွဲသို့ရောက်သွားစေသည်။ ဤအကြောင်းကြောင့်ပင်မြောက်မြားစွာသောပြောက်ကျားတပ်များ အရေးနိမ့်ခဲ့ကြရ၏။

အလားတူအကြောင်းများကြောင့် တပ်နီတော်က ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုမတိုက်ဖျက်နိုင်ဘဲရှိခဲ့ရသောသာဓကများမှာ ၁၉၂၈ ခုနှစ်ကွမ်တုန်းပြည်နယ်ဟိုင်ဖုန်းဒေသနှင့် လုဖုန်းဒေသမှတပ်နီတော်အရေးနိမ့်ခဲ့ရခြင်း [၁၈] နှင့်ကိုမင်တန်တွင်ချိကျိုးနားရှက်ပွဲတပ်မျှသာကျန်တော့သည်ဆိုသော သဘောတရားကြောင့် ၁၉၃၂ ခုနှစ်က ဟူပေ-ဟိုနန် - အန်းဟွေးပြည်နယ်နယ်စပ်ဒေသမှတပ်နီတော်သည် စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ရာတွင် လိုသလိုမစီရင်မခန့်ခွဲနိုင်ခြင်းတို့ပင် ဖြစ်၏။

ရန်သူကို ကြောက်လန့်သဖြင့် ထိခိုက်နစ်နာခဲ့ရသည့် သာဓကတွေလည်းအများအပြားရှိ၏။

ထိုသူများသည် ရန်သူကိုအထင်သေးသူများနှင့် ပြောင်းပြန်ဖြစ်ကာ၊ ရန်သူကို အထင်ကြီးလွန်းပြီး ကိုယ့်ကိုယ်ကို အထင်သေးလွန်းကြသဖြင့် မလိုလားအပ်သောဆုတ်ခွါရေးပေါ် လစီကို ကျင့်သုံးကြရာခံစစ်နှင့်စပ်လျဉ်း၍ အလားတူပင်စိတ်ဓါတ်အရပြင်ဆင်မထားကြ။ ဤအ



ကြောင်းကြောင့် ပြောက်ကျားတပ်များသော်၎င်း၊ တပ်နီတော်၏တိုက်ပွဲကြီးအချို့သော်၎င်း ရှုံးသွားရ၏၊ သို့မဟုတ်အခြေခံဒေသများကို လက်လွှတ်လိုက်ရ၏။

အခြေခံဒေသများ လက်လွှတ်ရသည့် အထင်ရှားဆုံးသာဓကမှာ ပဥ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်စဉ်ကကျန်းရှီးပြည်နယ်ရှိ ဗဟိုအခြေခံဒေသကို လက်လွှတ်ခဲ့ရခြင်းပင်ဖြစ်၏။ ထိုအမှားမှာ လက်ျာသွေဖီမှုအမြင်ကြောင့် ဖြစ်၏။ ခေါင်းဆောင်လုပ်သူများသည် ကျားကိုကြောက်သလို ရန်သူကိုကြောက်ပြီး၊ နေရာမလပ်ကာကွယ်၍ အဆင့်ဆင့်ခုခံကြ၏၊ ရန်သူ၏နောက်ပိုင်းသို့ထိုးဝင်တိုက်လျှင် ကျနော်တို့အဖို့ အကျိုးရှိနိုင်ပါလျက်နှင့် မတိုက်ရဲကြ၊ ရန်သူကိုကိုယ့်နယ်အတွင်းပိုင်းသို့ ရဲရဲကြီးမျှားခေါ်ကာ အစုလိုက်အပြုံလိုက်သုတ်သင်ချေမှုန်းပစ်ရေးကိုလည်းမပြုရဲကြချေ။ သို့ဖြင့်အခြေခံဒေသတခုလုံးလက်လွှတ်ဆုံးရှုံးခဲ့ရပြီးတပ်နီတော်သည် ကီလိုမီတာ ၁၂,၀၀၀ ကျော်ခရီးရှည်ကိုချီတက်ခဲ့ရ၏။ သို့သော် ဤအမှားမျိုးမပြုမီ၌ ရန်သူကိုအထင်သေးသည့် "လက်ဝဲ" သွေဖီမှုအမှားမျိုးကို ပြုလေ့ရှိ၏။ ၁၉၃၂ ခုနှစ်က အချက်အချာမြို့ကြီးများကို တိုက်စဉ်က ကျင့်သုံးခဲ့သည့် စစ်ရေးပိုက်ရှူးရဲဝါဒသည်ပင်လျှင် နောက်ပိုင်း၌ ရန်သူ၏ ပဥ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သောအခါ ကျင့်သုံးခဲ့သည့် ခံစစ်သေလမ်းစဉ်၏ ဇစ်မြစ်ဖြစ်တော့၏။

ရန်သူကို ကြောက်လန့်သည့် အထင်ရှားဆုံး သာဓကတခုမှာ "ကျန်းကိုထောင်လမ်းစဉ်" ၏နောက်ဆုတ်ရေးဝါဒပင်ဖြစ်၏။ မြစ်ဝါ

မြစ်အနောက်ဖက်၌ တပ်နီတော်အမှတ် ၄ စစ်မျက်နှာတပ်၏အနောက်စစ်ကြောင်းတပ် အရေးနိမ့်ခဲ့ရခြင်း [၁၉] သည်ဤလမ်းစဉ်အဆိုးသတ်ပျက်စီးသွားကြောင်းကိုပေါ်ပြခြင်းပင်ဖြစ်၏။

ခံစစ်ရှင်ကို ထိုးစစ်သဘောပါသည့်ခံစစ်၊ သို့မဟုတ် ယတိပြတ်တိုက်သောခံစစ်ဟူ၍ခေါ်၏။ ခံစစ်သေကိုမူ ကာကွယ်ရေးသက်သက်ခံစစ် သို့မဟုတ် ခံစစ်သက်သက်ဟူ၍ ခေါ်၏။ ခံစစ်သေသည် အမှန်အားဖြင့် ခံစစ်အတုဖြစ်၏၊ ခံစစ်ရှင်သည်သာလျှင်ခံစစ်အစစ်ဖြစ်လျက်ပြန်လှန်တိုက်ခိုက်ရန်နှင့် ထိုးစစ်ဆင်ရန်အတွက် ခုခံကာကွယ်ခြင်းဖြစ်သည်။ ကျနော်သိသလောက်ပြောရယင် ပြည်တွင်းနှင့်ပြည်ပ၌ဖြစ်စေရှေးခေတ်နှင့် ယခုခေတ်၌ဖြစ်စေ သေနင်္ဂဗျူဟာအရနှင့် စစ်ပရိယာယ်အရ ခံစစ်သေကိုပဆန့်ကျင်သည့်အဖိုးတန်စစ်ပညာကျမ်းနှင့် အမြော်အမြင်ရှိသော စစ်ပါရဂူဟူ၍ မရှိခဲ့ဘူးပေ။ အထိုင်းအအဆုံးသူ သို့မဟုတ် အမိုက်ကန်းဆုံးသူများကသာလျှင် ခံစစ်သေကို ပြဒါးရှင်လုံး သဖွယ်မြတ်နိုးကြ၏။ သို့ဖြစ်လျက်ကမ္ဘာတွင် ဤအလုပ်မျိုးလုပ်သည့်လူစားမျိုးလည်းရှိသေး၏။ ၎င်းမှာ စစ်ပွဲ၌လွဲမှားမှုဖြစ်သည်၊ သမရိုးကျဝါဒကို စစ်ရေး၌ပေါ်ပြခြင်းဖြစ်သည်၊ ထို့ကြောင့် ၎င်းကိုကျနော်တို့ပြတ်ပြတ်သားသားဆန့်ကျင်ပစ်ရမည်။

အလွန်လျင်မြန်စွာတိုးတက်ထွန်းကားလာသော နောက်ပေါ်နယ်ချဲ့နိုင်ငံများဖြစ်ကြသည့် ဂျာမနီနှင့် ဂျပန်မှ စစ်ပါရဂူများသည် သေနင်္ဂဗျူဟာ ထိုးစစ်၏ အကျိုးကျေးဇူးများကို အားကြိုးမာန်တက်အမွှန်းတင်ကြပြီး သေနင်္ဂဗျူဟာခံစစ်ကို ဆန့်ကျင်ကြသည်။ ဤအယူ



အဆမျိုးသည် တရုပ်ပြည်တော်လှန်ရေးစစ်နှင့် လုံးဝမအပ်စပ်ပေ။ ခံစစ်၏ကြီးမားသောအားနည်းချက်တခုမှာ လူတွေ၏စိတ်ကို တက်ကြွမလာစေနိုင်ဘဲ တွေဝေယိမ်းယိုင်စေသည်ဟူ၍ နယ်ချဲ့ဂျာမနီနှင့် နယ်ချဲ့ဂျပန်စစ်ပါရဂူများက ပြောဆိုကြ၏။ ဤပြောဆိုချက်သည် လူတန်းစားပဋိပက္ခ ပြင်းထန်နေသော၊ ပေါက်ပြန်သော အုပ်စိုးသူလူတန်းစားအလွှာများ သို့မဟုတ်ပေါက်ပြန်သောအာဏာလက်ရှိ နိုင်ငံရေးအုပ်စုများကသာ စစ်ပွဲမှရရှိသည့် အကျိုးကို ခံစားနေရသည့်နိုင်ငံများကို ရည်ညွှန်းခြင်းဖြစ်ပေသည်။ ကျနော်တို့၏ အခြေအနေမှာ၎င်းတို့နှင့်မတူချေ။ ကျနော်တို့သည် အဖိနှိပ်အကျုံးကျော်ခံရသူများဖြစ်ကြသည့်အတွက် တော်လှန်ရေးအခြေခံဒေသများကို ကာကွယ်စောင့်ရှောက်ကြလော့၊ တရုပ်ပြည်ကြီးကို ကာကွယ်စောင့်ရှောက်ကြလော့ဟူသောကြွေးကြော်သံဖြင့် ပြည်သူလူထုဒုက္ခရောက်သူများစုကြီးကို စည်းရုံးသိမ်းသွင်းကာ တစိတ်တဝမ်းတည်းတိုက်ပွဲဆင်နိုင်ကြ၏။ ဆိုဗီယက်ပြည်တွင်းစစ်ကာလက တပ်နီတော်သည်လည်း ရန်သူများကို ခံစစ်ဖြင့် ဖြိုခွင်းခဲ့၏။ နယ်ချဲ့နိုင်ငံများက တပ်ဖွဲ့များဖွဲ့စည်း၍ တိုက်ခိုက်လာသော အချိန်၌ ဆိုဗီယက်ကို ကာကွယ်စောင့်ရှောက်ကြလော့ဟူသော ကြွေးကြော်သံဖြင့် သူတို့ စစ်ဆင်ခဲ့သည်သာမက၊ အောက်တိုဘာပုန်ကန်ထကြွမှုကြီးအတွက် ပြင်ဆင်နေသောအချိန်၌လည်း မြို့တော်ကို ကာကွယ်စောင့်ရှောက်ကြလော့ဟူသောကြွေးကြော်သံဖြင့် စစ်ရေးလှုံ့ဆော်မှုပြုလုပ်ခဲ့ကြ၏။ တရားသောစစ်ဟူသမျှတွင် ခံစစ်သည် နိုင်ငံရေးအရ ကိုယ်နှင့်ဖက်သားမဟုတ်သူများကို သတိလစ်ဟင်း

သွားစေနိုင်စွမ်းရှိရုံမက၊ ပြည်သူလူထုထဲမှ ခေတ်နောက်ကျသူများကိုလည်းစစ်ထဲပါအောင်လှုံ့ဆော်နိုင်၏။

လက်နက်စွဲကိုင်၍ ပုန်ကန်ထကြွသည်နှင့် တပြိုင်နက် ထိုးစစ်ဆင်မှုကို တစက္ကန့်မျှရပ်ဆိုင်းမထားရဟု မာ့က်စ်က ပြောခဲ့ဘူး၏[၂၀]။ ဆိုလိုသည်မှာ ရန်သူအငိုက်တွင် ရုတ်တရက်ပုန်ကန်ထကြွသော လူထုသည် ဖေါက်ပြန်သောအုပ်စိုးသူများအား ၎င်းတို့၏နိုင်ငံရေးအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်အောင်၊ သို့မဟုတ်ပြန်လည်တည်ထောင်နိုင်အောင် ဘယ်အခွင့်ရေးမျိုးမျှမပေးရ၊ မျက်စိတမှိတ်လျှပ်တပြက်အတွင်း ပြည်တွင်းမှဖေါက်ပြန်သောအုပ်စိုးသူအင်အားစုများကို မြေမကိုင်မိ လက်မကိုင်မိဖြစ်အောင် တိုက်ခိုက်ပစ်ရမည်၊ ရရှိပြီးသောအောင်မြင်မှုများဖြင့် တင်းတိမ်ရောင့်ရဲမနေရ၊ ရန်သူကိုအထင်မသေးရ၊ ရန်သူအားထိုးစစ်ဆင်ခြင်းကိုလျှော့မပစ်ရ၊ သို့မဟုတ် ရှေ့တက်ရန်ရွံ့နေပြီးရန်သူကိုသုတ်သင်ပစ်နိုင်သောအခွင့်ကောင်းကို လက်လွှတ်သဖြင့် တော်လှန်ရေးကို အရေးနိမ့်သွားစေခြင်းမျိုးမဖြစ်စေရဟု ဆိုလိုပေသည်။ ဤသို့ဆိုခြင်းသည် မှန်ကန်၏။ သို့သော် ကျနော်တို့နှင့်ရန်သူတို့စစ်ရေးအရအတိုက်အခံပြုနေပြီး ရန်သူကအရေးသာလျက် ကျနော်တို့ကို ဖိတိုက်နေသောအချိန်မျိုး၌ ကျနော်တို့တော်လှန်ရေးသမားများသည်လည်းခံစစ်မဆင်ရဟူ၍ မဆိုလိုပေ။ ဤသို့ဆိုလိုသည်ဟုယူဆပါက ထိပ်တန်းစားလူနုံလူအဖြစ်လိမ့်မည်။

အတိတ်က ကျနော်တို့ ဆင်နွှဲခဲ့သောစစ်သည် တခုလုံးအနေနှင့်ပြောရသော်၊ ကိုမင်တန်ကို ကျနော်တို့က ထိုးစစ်ဆင်ခြင်း ဖြစ်၏၊ သို့



ရာတွင် စစ်ရေးအရဆိုက "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်သည့်သဏ္ဌာန်ကို အသုံးပြုခဲ့၏။

စစ်ရေးအရဆိုရသော် ကျနော်တို့ဆင်နွှဲသောစစ်တွင် ခံစစ်နှင့်ထိုးစစ်ကို အလှည့်ကျ အသုံးပြုခဲ့၏။ ကျနော်တို့အဖို့ ထိုးစစ်ကိုခံစစ်အပြီးမှာ ဆင်နွှဲသည်ဟုပြောပြော၊ ထိုးစစ်ကို ခံစစ်မတိုင်မီမှာဆင်နွှဲသည်ဟုပြောပြောအကြောင်းမထူးပါ၊ အဘယ်ကြောင့်ဆိုသော် အရေးအကြီးဆုံး အချက်သည် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်ရန်ပင်ဖြစ်သောကြောင့်တည်း။ "ဝိုင်းဝန်းချေမှုန်းမှု" ကို တိုက်ဖျက်မပစ်နိုင်မီအချိန်၌ ခံစစ်ဖြစ်၍၊ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်နိုင်သည်နှင့်တပြိုင်နက် ထိုးစစ်စတင်တော့၏။ ဤသည်ကား ကိစ္စတခု၏အဆင့်နှစ်ဆင့်မျှသာဖြစ်သည်။ ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" သည်တကြိမ်နှင့်တကြိမ် ဆက်နေသည်။ အဆိုပါအဆင့်နှစ်ဆင့်အနက် ခံစစ်အဆင့်သည် ထိုးစစ်အဆင့်ထက် ပို၍ရှုပ်ထွေးပို၍အရေးကြီး၏။ ဤအဆင့်၌ "ဝိုင်းဝန်းချေမှုန်းမှု" ကိုမည်သို့တိုက်ဖျက်ပစ်ရမည် ဆိုသည်နှင့်ပတ်သက်သောပြဿနာအများအပြားပါဝင်၏။ အခြေခံမူမှာ ခံစစ်ရှင်ကိုလက်ခံ၍ ခံစစ်သေကိုဆန့်ကျင်ရန်ပင်ဖြစ်၏။

ပြည်တွင်းစစ်၌ တပ်နီတော်၏ အင်အားသည် ရန်သူ့အင်အားထက်သာလွန်သွားပါက၊ ယေဘုယျအားဖြင့် သေနင်္ဂဗျူဟာခံစစ်ကို အသုံးပြုရန်မလိုတော့ချေ။ ထိုအချိန်၌ ကျနော်တို့၏ လမ်းညွှန်ချက်မှာ သေနင်္ဂဗျူဟာ ထိုးစစ်သာလျှင် ဖြစ်ပေလိမ့်မည်။ ဤသို့သောပြောင်းလဲမှုသည် ရန်သူနှင့် ကျနော်တို့၏ အင်အားအချိုးအစားတခု

လုံးပြောင်းလဲသွားမှုပေါ်၌တည်နေပေသည်။ ထိုအချိန်သို့ရောက်လျှင် ကျန်ရှိနေဦးမည့်ခံစစ်သည် တစိတ်တဒေသအားဖြင့်သာ ကျင့်သုံးရမည့်အရာဖြစ်ပေသည်။

## (၂) "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ရန်ပြင်ဆင်ခြင်း

စနစ်တကျစီစဉ်ထားသောရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်ရန်အတွက် ကျနော်တို့က လိုအပ်သလောက် အပြည့်အစုံအသင့်ပြင်မထားပါက လက်ဦးမှုမဲ့သည့်အခြေသို့ မုချရောက်သွားပေလိမ့်မည်။ ကသောကမျောပြန်တိုက်ရခြင်းသည် အောင်ပွဲရဖို့မသေချာ။ ထို့ကြောင့် ရန်သူက "ဝိုင်းဝန်းချေမှုန်း" ရန်ပြင်ဆင်နေတုန်းမှာ ကျနော်တို့ကလည်း "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ဖို့အသင့်ပြင်ထားရန် တကယ်ပင်လုံးဝလိုအပ်၏။ ဤသို့ပြင်ဆင်ခြင်းကို ကျနော်တို့တပ်ဖွဲ့ထဲမှ လူတချို့ကဆန့်ကျင်ခဲ့ကြခြင်းသည် ကလေးဆန်ပြီးရယ်စရာကောင်းသည်။

ဤနေရာတွင် အငြင်းပွါးလွယ်သော ခက်ခဲသည့် ပြဿနာတခုရှိ၏၊ ၎င်းမှာ ကျနော်တို့၏ ထိုးစစ်ကို ဘယ်အခါမျိုးတွင် အဆုံးသတ်၍ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ရန်အတွက် ပြင်ဆင်ရေးအဆင့်သို့ ဘယ်အခါမျိုး၌ ပြောင်းလိုက်ရမည်ဟူသောပြဿနာပင်ဖြစ်၏။ အကြောင်းမှာ ကျနော်တို့က အောင်မြင်စွာထိုးစစ်ဆင်နေရပြီး ရန်သူက ခံစစ်အခြေသို့ရောက်နေချိန်တွင် ရန်သူသည်နောက်တကြိမ်



"ဝိုင်းဝန်းချေမှုန်း" ရန်ပြင်ဆင်မှုများကို လျှို့ဝှက်စွာလုပ်ဆောင်နေရာ ရန်သူ၏ ထိုးစစ်ဘယ်အချိန်ပြန်စမည်ဆိုသည်ကို ကျနော်တို့သိရှိရန် ခဲယဉ်းသောကြောင့်ဖြစ်သည်။ "ဝိုင်းဝန်းချေမှုန်းမှု"ကို တုံ့ပြန်တိုက်ခိုက် ရန်အတွက် ကျနော်တို့၏ ပြင်ဆင်မှုသည် စောလွန်းနေပါလျှင်၊ ကျနော်တို့ထိုးစစ်ဆင်၍ ရရှိမည့်အကျိုးကျေးဇူးများ လျော့နည်းသွားမည့်အပြင် တခါတရံလည်း တပ်နီတော်နှင့်ပြည်သူလူထုအပေါ် မကောင်းသော ဂယက်ရိုက်ခတ်တတ်၏။ အကြောင်းမှာ ပြင်ဆင်ရေးအဆင့်တွင် အဓိကလုပ်ငန်းများမှာစစ်ရေးအရဆုတ်ခွါရန် ပြင်ဆင်ခြင်းနှင့် ဆုတ်ခွါဖို့ ပြင်ဆင်ရန်အတွက် နိုင်ငံရေးအရလှုံ့ဆော်ခြင်းပင်ဖြစ်သောကြောင့်တည်း။ တခါတရံ၌ စောလွန်းစွာပြင်ဆင်ထားသဖြင့် ရန်သူကိုစောင့်ရသည့်အဖြစ်မျိုးနှင့် ကြုံရတတ်၏၊ အချိန်ကြာမြင့်စွာစောင့်နေပါလျက်နှင့် ရန်သူပေါ်မလာသောကြောင့် ကျနော်တို့မှာ မတတ်သာဘဲထိုးစစ်ပြန်ဆင်ရလေ့ရှိ၏။ တခါတရံ၌ ကျနော်တို့၏ထိုးစစ်ကို ပြန်စလျှင်စချင်းပင် ရန်သူကလည်း ထိုးစစ်စလိုက်တော့သဖြင့် ကျနော်တို့မှာ အခက်ကြုံရသည့် အခြေမျိုးသို့ရောက်သွားရ၏။ ထို့ကြောင့်စတင်ပြင်ဆင်ရမည့်အချိန်ကာလကို ရွေးချယ်ရေးသည် အရေးကြီးသော ပြဿနာတခုဖြစ်လာ၏။ ယင်းသို့သောအချိန်ကာလကိုရွေးချယ်သတ်မှတ်ရာတွင် ရန်သူနှင့် ကျနော်တို့ဖက်က အခြေအနေနှင့်ထိုအခြေအနေနှစ်ရပ်ဆက်စပ်နေပုံများကိုထောက်၍ရွေးချယ်သတ်မှတ်ရမည်။ ရန်သူ့အခြေအနေကို သိရှိရန်အတွက်ရန်သူ့ဖက်ကနိုင်ငံရေး၊ စစ်ရေး၊ ဘဏ္ဍာရေးအခြေအနေနှင့် ရန်သူ့နယ်မှ လူအများ

၏ အာဘော်စသည်တို့နှင့် ပတ်သက်သော အချက်အလက်များကို စုဆောင်းရမည်။ ယင်းအချက်အလက်များကို စိစစ်သုံးသပ်သည့် အခါ ရန်သူ၏ အင်အားတရပ်လုံးကို အပြည့်အဝခန့်မှန်းတွက်ဆရမည်။ ရန်သူ၏ အတိတ်ကရှုံးနိမ့်မှုများကို ကားချဲ့ခြင်းမပြုရ၊ သို့သော် ရန်သူအတွင်းတွင် ပေါ်ပေါက်နေသည့် ပဋိပက္ခများ၊ ဘဏ္ဍာရေးအခက်အခဲများနှင့် အတိတ်ကရှုံးနိမ့်မှုများက ရန်သူကို ဘယ်ပုံထိခိုက်စေခဲ့သည်ဟူသောအချက်များကိုလည်း ထည့်သွင်း၍ မစဉ်းစားဘဲမနေရ။ ကျနော်တို့ဖက်ကို ဆိုရပါမူ အတိတ်က အောင်မြင်မှုများကို ကားချဲ့ခြင်းမပြုရ၊ သို့သော်ဤအောင်မြင်မှုများကြောင့်မည်သို့မည်ပုံအကျိုးသက်ရောက်ခဲ့သည်ကိုလည်း ပြည့်ပြည့်စုံစုံထည့်သွင်း၍ မစဉ်းစားဘဲမနေရ။

ပြင်ဆင်မှုစတင်ချိန်နှင့် ပတ်သက်၍ ယေဘုယျအားဖြင့် ဆိုရပါမူ ပြင်ဆင်မှုနောက်ကျသည်ထက် စောသည်က ပိုကောင်းသည်ဟုဆိုနိုင်၏၊ အကြောင်းမူစောခြင်းကနောက်ကျခြင်းထက် ဆုံးရှုံးနစ်နာမှုနည်း၍ ပြင်ဆင်မှုရှိသဖြင့် ဖြစ်လာနိုင်စရာရှိသော ဘေးအန္တရာယ်များကိုတင်ကူးတားဆီးနိုင်ပြီး အရင်းခံအားဖြင့်မရှုံးနိုင်သောနေရာတွင် ကျနော်တို့ရပ်တည်နေနိုင်သည့် အကျိုးကျေးဇူးကို ရရှိစေသောကြောင့်ဖြစ်သည်။

ပြင်ဆင်ရေးအဆင့်၌ အဓိက ပြဿနာများမှာ၊ တပ်နီတော်ဆုတ်ခွါရန်ပြင်ဆင်ရေး၊ နိုင်ငံရေးအရလှုံ့ဆော်ရေး၊ တပ်သားသစ်များစုဆောင်းရေး၊ ဘဏ္ဍာ ရေးနှင့် စားနပ်ရိက္ခာအတွက်ပြင်ဆင်ရေး၊ နိုင်



ငံရေးအရကိုယ့်ဖက်သား မဟုတ်သူများ၏ ပြဿနာများကို စီရင်ရေးစသည်တို့ပင်ဖြစ်၏။

တပ်နီတော်ဆုတ်ခွါရန်ပြင်ဆင်ရေးဟူသည်မှာ၊ ဆုတ်ခွါရေး အတွက်အကျိုးယုတ်စေမည့် အရပ်သို့ တပ်နီတော်ကို ဦးတည်မသွားမိစေရန်၎င်း၊ ထိုးစစ်ဆင်ရာတွင် ရှေ့သို့အလွမ်းဝေးလွန်းစွာရောက်မသွားမိစေရန်၎င်း၊ အလွန်အကျွံစစ်ပန်းမသွားစေရန်၎င်း၊ စီမံဆောင်ရွက်ခြင်းကိုပင် ဆိုလို၏။ ဤသည်ကား ရန်သူက အလုံးအရင်းဖြင့်ထိုးစစ်ဆင်မည့် ဆဲဆဲအချိန်၌ တပ်နီတော်မှ အဓိက တပ်များအနေနှင့် စီမံဆောင်ရွက်ရန် လိုအပ်သော အချက်များဖြစ်၏။ ဤသို့သော အချိန်မျိုး၌ တပ်နီတော်သည် တိုက်ကွက်များရွေးချယ်ဖန်တီးရေး၊ ဝတ္ထုပစ္စည်းစုဆောင်းသိုမှီးရေး၊ တပ်တိုးချဲ့ရေးနှင့်တပ်လေ့ကျင့်ရေးဆိုင်ရာစီမံကိန်းအပေါ် အဓိကအာရုံစူးစိုက်ထားရမည်။

နိုင်ငံရေးအရလှုံ့ဆော်ရေးသည် “ဝိုင်းဝန်းချေမှုန်းမှု” ကိုတုံ့ပြန်တိုက်ခိုက်ရန်အတွက်အရေးအကြီးဆုံးပြဿနာဖြစ်၏။ ဆိုလိုသည်မှာ ရန်သူက မုချထိုးစစ်ဆင်တော့မည့်အကြောင်း လောလောဆယ်ဆယ်ပင်ထိုးစစ်ဆင်တော့မည့် အကြောင်း၊ ရန်သူကထိုးစစ်ဆင်လာလျှင် ပြည်သူလူထုကို ဒုက္ခကြီးစွာ ရောက်စေလိမ့်မည်ဖြစ်ကြောင်း တပ်နီတော်သားများနှင့် အခြေခံဒေသရှိပြည်သူများအား ရှင်းလင်းပြတ်သားပြည့်စုံစွာ ရှင်းပြရမည်၊ တချိန်တည်းမှာ ရန်သူ၏ အားနည်းချက်များအကြောင်း၊ တပ်နီတော်၏ အခွင့်သာချက်များအကြောင်း၊ ကျနော်တို့ မုချနိုင်အောင်တိုက်မည်ဟု သန္နိဋ္ဌာန်ချထားကြောင်း၊ ကျနော်

တို့ မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်မည့် အကြောင်းများကိုလည်း ရှင်းပြရမည်။ ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်၍ အခြေခံဒေသများကို ကာကွယ်စောင့်ရှောက်ကြရန် တပ်နီတော်သားများနှင့် ပြည်သူလူထု တရပ်လုံးကိုဆော်ဩရမည်။ စစ်ဖက်ဆိုင်ရာလျှို့ဝှက်ချက်များမှလွဲ၍ နိုင်ငံရေးအရ စိုင်းပြင်းလှုံ့ဆော်သည့် လုပ်ငန်းကို အတိအလင်းပင်လုပ်ရမည်၊ တော်လှန်ရေး၏ အကျိုးကို အားပေးထောက်ခံလာနိုင်စရာအကြောင်းရှိသူတိုင်းကို နိုင်ငံရေးအရ ကျယ်ကျယ်ပြန့်ပြန့်စိုင်းပြင်းလှုံ့ဆော်မိအောင် အစွမ်းကုန်ကြိုးပမ်းရမည်။ ဤလုပ်ငန်းတွင် အရေးကြီးသည့် ကွင်းဆက်မှာ ကေဒါများကို နားလည်သဘောပေါက်အောင်ရှင်းပြရေးဖြစ်၏။

တပ်သားသစ်များ စုဆောင်းသည့်အခါ အချက်နှစ်ချက်ကိုမှတ်ရမည်။ ပထမအချက်မှာ ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှု အဆင့်အတန်းနှင့် လူဦးရေအခြေအနေကို ထောက်ရှုရမည်ဖြစ်၏။ အခြားအချက်မှာ တပ်နီတော်၏ လက်ရှိအခြေအနေကိုရင်း၊ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်သည့် တိုက်ပွဲကြီးတလျှောက်လုံး၌ တပ်နီတော်မည်မျှ ဖိတ်စဉ်သွားတန်ရာသည် ဆိုသည်ကိုရင်းထောက်ရှုရမည်ဖြစ်၏။

ဘဏ္ဍာရေးနှင့် စားနပ်ရိက္ခာပြဿနာသည် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ရန်အတွက် အရေးကြီးကြောင်းကို အထူးဖော်ပြနေစရာမလိုတော့ပေ။ ရန်သူ "ဝိုင်းဝန်းချေမှုန်း" သည့်အချိန်ရှည်ကြာနိုင်ဖွယ်ရာရှိသည့် အချက်ကို ထည့်သွင်းစဉ်းစားထားရမည်။ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သည့် ကာလတလျှောက်လုံး၌ ပထ



မအားဖြင့် တပ်နီတော်အတွက်၊ ဒုတိယအားဖြင့် တော်လှန်ရေးအခြေခံဒေသမှ ပြည်သူလူထုအတွက်၊ အနည်းဆုံးလိုအပ်မည့် ဝတ္ထုပစ္စည်းအရေအတွက်ကို ခန့်မှန်းတွက်ဆထားရမည်။

နိုင်ငံရေးအရ ကိုယ့်ဖက်သားမဟုတ်သူများနှင့် ပတ်သက်၍လည်း သတိမလစ်ဟင်းသင့်ပေ၊ သို့သော် သူတို့အတွေသစ္စာဖေါက်သွားလိမ့်မည်ဟု အစိုးရိမ်လွန်ပြီး လိုသည်ထက်ပို၍ ဘေးဆီးရန်ကာမလုပ်သင့်ပေ။ မြေရှင်များ၊ ကုန်သည်များနှင့် ချမ်းသာသောလယ်သမားများအပေါ် သဘောထားပုံမတူရ၊ အဓိကအားဖြင့် သူတို့တတွေ ကြားနေသမားများဖြစ်လာအောင် နိုင်ငံရေးအရ ရှင်းပြရမည်၊ ထိုပြင်သူတို့ကိုစောင့်ကြပ်ကြည့်ရှုရန် ပြည်သူလူထုကိုစည်းရုံးရမည်။ အန္တရာယ်အရှိဆုံးသော လူအနည်းတကာ့အနည်းစုကိုသာဖမ်းဆီးခြင်း အစရှိသည့် တင်းကြပ်သောနည်းများဖြင့် အရေးယူရမည်။

"ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ရာ၌ အောင်မြင်မှုမည်၍မည်မျှရရှိမည် ဆိုသည့် အချက်သည် ပြင်ဆင်ရေးအဆင့်၏ လုပ်ငန်းတာဝန် ကျေပြွန်မှုအပေါ် တွင် အများကြီးတည်နေသည်။ ရန်သူကိုအထင်သေးသဖြင့် ပြင်ဆင်ရာတွင်ပေါ့ပေါ့ဆဆလုပ်ခြင်းနှင့် ရန်သူ၏ထိုးစစ်ကြောင့် လန့်ဖျပ်ပြီးခြေမကိုင်မိလက်မကိုင်မိဖြစ်ခြင်းတို့သည် ပြတ်ပြတ်သားသားဆန့်ကျင်ပစ်ရမည့် မကောင်းသောသွေဖီမှုများပင် ဖြစ်၏။ ထက်လည်းထက်သန် တည်လည်းတည်ငြိမ်သောစိတ်ဓါတ်နှင့်တက်လည်းတက်ကြွအစီအစဉ်လည်းရှိသောလုပ်ကိုင်ပုံများကို ကျနော်တို့လိုလားသည်။

## (၃) သေနင်္ဂဗျူဟာအရဆုတ်ခွါခြင်း

သေနင်္ဂဗျူဟာအရ ဆုတ်ခွါခြင်းသည် အင်အားသာလွန်သော တပ်၏ထိုးစစ်ကို အင်အားသေးငယ်သောတပ်က မြန်မြန်တိုက်ဖျက်မပစ်နိုင်မှန်းသိသောကြောင့်၊ နောင်အခွင့်ကောင်းကြုံလျှင် ရန်သူကို တိုက်ဖျက်နိုင်ရန်အတွက် မိမိ၏အင်အားကို ထိန်းသိမ်းသည့် အနေဖြင့် စီမံကိန်းရှိရှိ ကျင့်သုံးလိုက်သည့် သေနင်္ဂဗျူဟာခြေလှမ်းပင်ဖြစ်၏။ သို့သော်စစ်ရေးမိုက်ရူးရဲများက ဤခြေလှမ်းမျိုးကို သဲသဲမဲမဲကန့်ကွက်ကြ၏၊ သူတို့၏ သဘောမှာ "ရန်သူကို တံခါးဝမရောက်မီကပင်ဆီးတိုက်ရမည်" ဟူ၍ဖြစ်၏။

အများသိကြသည့် အတိုင်းပင်၊ လက်ဝှေ့သမားနှစ်ယောက်ထိုးသတ်ရန် ရင်ဆိုင်မိကြသောအခါလိမ္မာပါးနပ်သောလက်ဝှေ့သမားက နောက်သို့တလှမ်းဆုတ်ပေးလေ့ရှိပြီး မိုက်မဲသောလက်ဝှေ့သမားကမူ မာန်စောင်တင်းတင်းဖြင့် စလျှင်စခြင်းပင်သူ့အစွမ်းကို အကုန်ထုတ်သုံးလေ့ရှိ၏၊ အဆုံးသတ်တွင် ထိုသူကို နောက်ဆုတ်ပေးခဲ့သူကအလဲထိုးချလိုက်လေ့ရှိ၏။

《ရေသူကျွန်း》 ခေါ် ဝတ္ထုစာအုပ်ထဲက သိုင်းဆရာဟုန်သည်ချိုင်ကျင့်၏အိမ်၌ လင်ချုန်းဆိုသူကို ထိုးမည်တကဲကဲနှင့် "လာလကွာ........လာဟေ့ ........လာ" ဟုကြုံးဝါးခေါ် ငင်ရာ၊ နောက်ဆုတ်ပေးနေသော လင်ချုန်းက သိုင်းဆရာဟုန်၏ပျော့ကွက်ကိုရိပ်မိပြီး ဟုန်ကိုတခါထဲ ဂျွမ်းပြန်ကျသွားအောင်ပိတ်ကန်ပစ်လိုက်လေသည် [၂၁]။



ချွင်းချူးခေတ်က "လူ" ပြည်နှင့် "ချိ" ပြည် [၂၂] တို့စစ်ဖြစ်ခဲ့ကြ၏။ အစပထမ၌ "လူ" ပြည့်ရှင်ကျွမ်းကုန်းသည်၊ "ချိ" စစ်သည်တို့စစ်ပန်းသွားသည်အထိ မစောင့်ဆိုင်းဘဲ ချက်ချင်း ထွက်တိုက်ချင်၏၊ ချောင်ကွေ့ဆိုသူက သူ့ကိုတားသဖြင့် "ရန်ပန်းငါတိုက်" ဟူသော စစ်ပရိယာယ်ကိုကျင့်သုံးလိုက်ရာ "ချိ" စစ်သည်တို့ကိုအောင်နိုင်ခဲ့၏။ ထိုစစ်ပွဲသည် အားနည်းသောစစ်တပ်က အားကြီးသော စစ်တပ်ကို အောင်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ထင်ရှားကျော်ကြားသော သာဓကတခုအဖြစ်တရုတ်စစ်သမိုင်း၌ တွင်ရစ်ခဲ့လေသည်။ သမိုင်းပညာရှင်ကြီး စိုချူးမင် [၂၃] စီကာပတ်ကုံးရေးသားထားပုံကိုဖတ်ကြည့်ကြပါစို့။

"နွေဦးရာသီ၌ ကျွန်ုပ်တို့ 'လူ' ပြည်ကို 'ချိ' စစ်သည်တို့လာရောက်တိုက်ခိုက်ကြ၏။ ဘုရင်ကထွက်တိုက်တော့မည့်ဆဲဆဲတွင်ချောင်ကွေ့ကဘုရင်နှင့်တွေ့ခွင့်ပြုပါရန် လျှောက်ထား၏။ ချောင်ကွေ့နှင့် တနယ်တည်းနေသူများက စစ်မက်ရေးရာဟူသည် သားငါးပုဇွန်ဟင်းများနှင့် အမြဲစားကြသည့် အရာရှိကြီးတို့၏ အလုပ်သာလျှင် ဖြစ်သည်၊ အသင်ဘာကြောင့်ဝင်ပါချင်ရသနည်းဟု မေးကြ၏။ ချောင်ကွေ့က 'အရာရှိကြီးတို့ကား အမြင်မကျယ်သူများဖြစ်၍၊ အမြော်အမြင်ရှိရှိနှင့် ကြံနိုင်ဖန်နိုင်သူများမဟုတ်' ဟုပြန်ပြော၏။ ဘုရင့်ရှေ့မှောက်သို့ရောက်လျှင်ချောင်ကွေ့က 'အရှင်မင်းကြီးသည် ဘာကိုအားထား၍ တိုက်အံ့နည်း' ဟုမေး၏။ ဘုရင်က 'စားနပ်ရိက္ခာနှင့် အဝတ်အထည်တို့ကို ငါတယောက်တည်းမစားသုံးပါ၊ အခြားသူများကို အမြဲဝေမျှပေးပါသည်' ဟုဖြေ၏။ ချောင်ကွေ့က 'သင်၏သေးနုပ်သောပေးကမ်းထောက်ပံ့ကြမှုသည်လူတိုင်း၏လက်သို့ရောက်သည် မဟုတ်၍ လူထုကသင့်အတွက် စစ်တိုက်ပေးကြလိမ့်မည်မဟုတ်'

ဟုပြန်ပြော လေသော်၊ ဘုရင်က 'ငါသည် နတ်ပူဇော်ရာတွင် ယဇ်ကောင်များ၊ ကျောက်စိမ်းများနှင့် ပိုးတန်ဆာများ၏ အရေအတွက်ကို အမှန်အတိုင်းတင်လျှောက်ပါသည်၊ ဘယ်တော့မှ မုသားမပြောပါ' ဟုဆို၏။ ချောင်ကွေက 'ဤသည်သေးနုပ်လှသောဂတိသစ္စာမျှသာဖြစ်သည်၊ သင့်အားနတ်များက စောင်မကြလိမ့်မည်မဟုတ်' ဟုပြောလျှင်၊ ဘုရင်က 'ငါသည် အမှုအခင်းကြီးငယ်အားလုံးနှင့်ပတ်သက်၍ စေ့စေ့စပ်စပ် စနည်းနာခြင်းမပြုနိုင်ခဲ့သော်လည်း ဟုတ်တိုင်းမှန်ရာဖြစ်အောင်တော့ သမာသမတ်ကျကျစီရင်ဆုံးဖြတ်ပေ၏' ဟုဆို၏။ ချောင်ကွေက 'ဤသို့ဆိုလျှင် လူထုအတွက်တကယ့်စေတနာနှင့် ဆောင်ရွက်ပေးကြောင်းထင်ရှားသည်၊ ဤအချက်ဖြင့်ပင် ရန်သူကိုပြိုင်ဆိုင်နိုင်ပေပြီ၊ ထွက်တိုက်သည့်အခါကျွန်ုပ်လည်းလိုက်ပါရစေ' ဟု ဆို၏။ဘုရင်သည်ချောင်ကွေနှင့်အတူ စစ်ရထားတစီးတည်းစီး၍ ဗိုလ်ခြေအလုံးအရင်းနှင့် ချီတက်သွားကာ ချန်ရှောင်အရပ်၌ 'ချီ' ပြည်၏စစ်တပ်များနှင့် စစ်ခင်းကြလေသည်။ ဘုရင်က တိုက်စည်းနှက်ခိုင်းတော့မည်အပြုတွင်ချောင်ကွေက 'ယခုမတီးလေနှင့်ဦး' ဟုတား၏။ 'ချီ' စစ်သည်တို့သုံးကြိမ်သုံးခါစည်နှက်ပြီး ထိုးစစ်ဆင်လာသောအခါကျမှ ချောင်ကွေက 'ကိုင်း၊ ယခုတိုက်စည်နှက်လော့' ဟုပြောလေ၏။ 'ချီ' စစ်သည်တို့စစ်ရှုံးလေရာ၊ ဘုရင်က ရန်သူကို ဒလစပ်လိုက်တိုက်မည်အပြု၌ ချောင်ကွေက 'ယခု မလိုက်လေနှင့်ဦး' ဟု တားဖန်ဆိုင်းငံ့ထားပြန်၏။ ချောင်ကွေသည် စစ်ရထားမှဆင်းကာ ရန်သူ့စစ်ရထားဘီးရာများကို စစ်ဆေးကြည့်ရှု၏၊ ထို့နောက်စစ်ရထားဦးပိုင်းမှ လက်ရန်းပေါ်သို့တက်ပြီးသော် ရှေ့သို့ လှမ်းကြည့်လိုက်၏၊ ပြီးမှ 'လိုက်လော့' ဟုဆို၏။ ဘုရင့်ရဲမက်တော်တို့သည် 'ချီ' စစ်သည်များနောက်သို့ အပြင်းလိုက်ကြလေ၏။ အောင်ပွဲခံရပြီးနောက်ဘုရင်က စစ်ဘာကြောင့်နိုင်ရသနည်းဟု မေးမြန်းစုံစမ်းသည်တွင် ချောင်ကွေကအောက်ပါအတိုင်းဖြေကြားလေ၏။ စစ်ဟူသည် သတ္တိဗျတ္တိအပေါ်၌ တည်ပါသည်၊ ပထမစည်နှက်သံသည်စိတ်ဓါတ်ကိုလှုံ့ဆော်ပေးပါသည်၊ ဒုတိယစည်နှက်သံသည် စိတ်ဓါတ်ကျဆင်းသွားစေသည်၊ တတိယစည်နှက်သံသည် စိတ်ဓါတ် လုံးဝပျက်ပြားသွားစေသည်။ ရန်သူများ၏ စိတ်ဓါတ်လုံးဝပျက်ပြားနေချိန်တွင် ကျွန်ုပ်တို့စစ်သည်များ၏စိတ်ဓါတ်မှာမူ ခေါင်ဖျားသို့ရောက်နေပါသည်၊ ထို့ကြောင့် ကျွန်ုပ်တို့အောင်ပွဲခံခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံကြီးများ၏ အခြေအနေကိုအကဲခတ်ရန်မလွယ်ကူလှပါ။ ထွက်ပြေးဟန်ပြုပြီး ကျော့ကွင်းထောင်၍ အငိုက်ဖမ်းတတ်သည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ရန်သူ့စစ်ရထားဘီးရာများရှုပ်ရှက်ခတ်နေသည်ကိုရင်း၊ ရန်သူ့အလံများမြေပြင်တွင် ဗရမ်းဗတာ ပြိုကျလွင့်စင်နေသည်ကိုရင်း၊ ကျွန်ုပ်တွေ့မြင်ရသောအခါမှ၊ ရန်သူကို လိုက်လံတိုက်ခိုက်ရန်အမိန့်ပေးခြင်းဖြစ်ပါသည်။" [၂၄]

ဤကားအားသေးသောနိုင်ငံက အားကြီးသောနိုင်ငံကို ခုခံတိုက်ခိုက်ခဲ့ပုံဖြစ်၏။ ဤမှတ်တမ်းတွင်စစ်မတိုက်မီ နိုင်ငံရေးအရပြင်ဆင်ပုံ (ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုရအောင် လုပ်ခြင်း) ကိုပြထား၏၊ ပြန်လှန်တိုးစစ်သို့ကူးပြောင်းရန်အကျိုးရှိသောစစ်နေရာ (ချန်ရှောင်)၊ စတင်ပြန်လှန်တိုးစစ်ဆင်ရန် အကျိုးရှိသောအချိန် (ရန်သူများစိတ်ဓါတ်ပျက်ပြားနေပြီး မိမိဖက်၌ စိတ်ဓါတ်ခေါင်ဖျားအထိတက်နေချိန်) နှင့် စတင်၍ အပြင်းလိုက်လံတိုက်ခိုက်ရမည့် အချိန် (ရန်သူ့စစ်ရထားဘီးရာများ ရှုပ်ရှက်ခတ်နေပြီး အလံများဗရမ်းဗတာလွင့်ကျနေချိန်) တို့ကိုလည်းဖေါ်ပြထား၏။ ထိုတိုက်ပွဲသည် ကြီးကျယ်သော

တိုက်ပွဲမဟုတ်စေကာမူ၊ သေနင်္ဂဗျူဟာခံစစ်နှင့်ဆိုင်သော မှုများကို ဖော်ပြထားခဲ့၏။ တရုပ်စစ်သမိုင်း၌ ဤမှုများအတိုင်းတိုက်ခိုက်ခဲ့သ ဖြင့်အောင်ပွဲခံရသောသာဓကများမှာဒုနှင့်ဒေးရှိ၏။ ချိန်ကောင်းတွင် ချူနှင့်ဟန် တိုက်ခိုက်ခဲ့သည့်စစ်ပွဲ[၂၃]၊ ခွင်းယန်တွင် ရှင်းနှင့်ဟန်တိုက်ခိုက်ခဲ့သည့်စစ်ပွဲ[၂၆]၊ ကွမ်းတုတွင်ယွမ်ရှောင်နှင့်ချောင်ချောင်းတိုက်ခိုက်ခဲ့သည့် စစ်ပွဲ[၂၇]၊ ချိပိတွင် ဝူပြည်နှင့်ဝေပြည်တိုက်ခိုက်ခဲ့သည့်စစ်ပွဲ[၂၈]၊ ယီလင်တွင် ဝူပြည်နှင့်ရှူပြည်တိုက်ခိုက်ခဲ့သည့်စစ်ပွဲ[၂၉]၊ ဖေရှွေတွင်ချင်ပြည်နှင့်ကျင့်ပြည်တိုက်ခိုက်ခဲ့သည့် စစ်ပွဲ[၃၀] အစရှိသည့် ထင်ရှားကျော်ကြားသော စစ်ပွဲကြီးများတွင် တဖက်နှင့်တဖက် အားချင်းမမျှသဖြင့် အားနည်းသူက ပထမဦးအလျှော့ပေးကာနောက်မှပြန်တိုက်၍ အောင်နိုင်ခဲ့ကြသည်ချည်းဖြစ်၏။

ကျနော်တို့ဆင်နွှဲသောစစ်ပွဲသည် ၁၉၂၇ ခုနှစ် ဆောင်းဦး၌စတင်ခဲ့ခြင်းဖြစ်၏၊ ထိုစဉ်က ကျနော်တို့မှာအတွေ့အကြုံလုံးဝမရှိခဲ့ချေ။ နန်ချန်းပုန်ကန်မှု[၃၁] နှင့်ကွမ်ကျိုးပုန်ကန်မှု[၃၂] သည်အရေးနိမ့်သွားခဲ့၏။ ဆောင်းဦးကောက်ရိတ်ချိန်ပုန်ကန်[၃၃] စဉ်က ဟူနန်-ဟူပေ-ကျန်းရှီး နယ်စပ်ဒေသရှိတပ်နီတော်သည်လည်းအကြိမ်ကြိမ်အရေးနိမ့်ခဲ့ရသဖြင့် ဟူနန်-ကျန်းရှီးနယ်စပ်ရှိကျင်ကန်းတောင်တန်းဒေသသို့ ရွှေ့ပြောင်းသွားရ၏။ နန်ချန်းပုန်ကန်မှုအရေးနိမ့်ပြီးနောက် ကျန်နေသောတပ်များသည် ၁၉၂၈ ခုနှစ် ဧပြီလတွင် ဟူနန်ပြည်နယ်တောင်ပိုင်းကိုဖြတ်၍ ကျင်ကန်းတောင်တန်းသို့ရွှေ့ပြောင်းသွားရသည်။ သို့ဖြစ်လင့်ကစား ၁၉၂၈ ခုနှစ်မေလမှစ၍၊ ထိုစဉ်က အခြေအနေနှင့် လျော်ညီသော



အရိုးခံပြောက်ကျားစစ်အခြေခံမှုများပေါက်ဖွားလာခဲ့ပြီဖြစ်၏။ ၎င်းမှုများမှာ၊ "ရန်တက်ငါဆုတ်၊ ရန်နားငါရှုပ်၊ ရန်ပန်းငါတိုက်၊ ရန်ဆုတ်ငါလိုက်" ဟူသောစာ ၁၆ လုံးထုံးနည်းပင်ဖြစ်၏။ စာ ၁၆ လုံးထုံးနည်းခေါ် ဤစစ်ရေးမှုများကို လီလိစန်းလမ်းစဉ်မလွှမ်းမိုးမီက ပါတီဗဟိုကော်မီတီကလက်ခံခဲ့၏။ နောက်ပိုင်း၌ ကျနော်တို့၏စစ်ဆင်ရေးမှုများသည် ပို၍တိုးတက်လာပြန်၏။ ကျန်းရှီးပြည်နယ် အခြေခံဒေသတွင် "ဝိုင်းဝန်းချေမှုန်းမှု" ကိုပထမအကြိမ်တုံ့ပြန်တိုက်ခိုက်စဉ်က "ရန်သူကို ကျနော်တို့၏ နယ်မြေအတွင်းပိုင်းသို့မျှားခေါ်" ဆိုသည့်မှုကို တင်ပြခဲ့ပြီးဖြစ်ရုံမက ၎င်းမှုအတိုင်းအောင်မြင်စွာပင်ကျင့်သုံးခဲ့ပေ၏။ ရန်သူ၏တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပြီးနောက်တွင်၊ တပ်နီတော်ကြီးအတွက် စစ်ဆင်ရေးမှုအပြည့်အစုံပေါ်ပေါက်လာလေသည်။ ထိုအချိန်သည်၊ စစ်ရေးမှုများအသစ်တိုးပွါးလာသောအချိန်ဖြစ်၏။ ယင်းမှုများ၌ပါရှိသောအကြောင်းအရာများသည်များစွာကြွယ်ဝလာ၏။ အသွင်သဏ္ဍာန်သည်လည်းများစွာပြောင်းလဲလာ၏၊ အဓိကအားဖြင့်ဆိုလျှင် ယခင်ကလို အရိုးခံသက်သက်မဟုတ်တော့ဘဲ တိုးတက်လာ၏။ သို့တိုင်အောင်၊ အခြေခံမှုများမှာစာ ၁၆ လုံးပါသောထိုထုံးနည်းအတိုင်းပင်ဖြစ်၏။ စာ ၁၆ လုံးထုံးနည်း၌ "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်ရေးအတွက် အခြေခံမှုများ ပါရှိ၏၊ သေနင်္ဂဗျူဟာအရခံစစ်ဆင်ခြင်းနှင့် သေနင်္ဂဗျူဟာအရ ထိုးစစ်ဆင်ခြင်းတည်းဟူသောအဆင့်နှစ်ဆင့်ပါရှိ၏၊ ခံစစ်ဆင်ရာတွင် သေနင်္ဂဗျူဟာအရဆုတ်ခွါမှုနှင့် သေနင်္ဂဗျူဟာအရ ပြန်လှန်ထိုးစစ်ဆင်မှုတည်း

ဟူသောအဆင့်နှစ်ဆင့်ပါရှိပြန်၏။ နောက်ပိုင်း၌ပေါ်ပေါက်လာသော အရာများသည်ယင်းထိုးနည်းမှ ဖြာထွက်လာသော အရာများသာဖြစ်၏။

သို့ရာတွင်၊ “တတိယအကြိမ် ‘ဝိုင်းဝန်းချေမှုန်းမှု’ ကိုတိုက်ဖျက်ပြီးနောက်ပြည်နယ်တနယ် သို့မဟုတ်ပြည်နယ်များစွာ၌ ဦးစွာအောင်ပွဲရရန်ကြိုးပမ်းရေး” ဟူသည့် မူအရကြီးလေးလှသော အမှားများပါရှိသည့် ပါတီ၏ဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာ ပြီးနောက်တွင်၊ ၁၉၃၂ ခုနှစ် ဇန္နဝါရီလမှစ၍ “လက်ဝဲ” အချောင်သမားများကမှန်ကန်သောမူများကို တိုက်ခိုက်လာကြလေသည်၊ နောက်ဆုံး၌ မှန်ကန်သောမူများကို ပစ်ပယ်ကြပြီး၊ ထိုမူများနှင့်ဆန့်ကျင်သည့် “မူသစ်” သို့မဟုတ် “ပုံမှန်မူ” ဆိုသည်ကိုချမှတ်လိုက်ကြ၏။ ထိုအချိန်မှစ၍ ယခင်ကမူများသည် ပုံမှန်မူများဟုမခေါ်ဆိုနိုင်တော့ဘဲ ပစ်ပယ်ရမည့် “ပြောက်ကျားဝါဒ” ဖြစ်သွားတော့၏။ “ပြောက်ကျားဝါဒ” ကိုဆန့်ကျင်မှုများသည် သုံးနှစ်လုံးလုံးကြီးစိုးမင်းမူနေခဲ့၏။ ယင်းကာလ၏ ပထမအဆင့်၌ စစ်ရေးမိုက်ရူးရဲဝါဒ ပေါ်ပေါက်ခဲ့၏၊ ဒုတိယအဆင့်၌ စစ်ရေးသမရိုးကျဝါဒအဖြစ် ပြောင်းသွားကာ၊ နောက်ဆုံးတတိယအဆင့်၌ ထွက်ပြေးရေးဝါဒဖြစ်သွားလေသည်။ ၁၉၃၅ ခုနှစ် ဇန္နဝါရီလက ကွေ့ကျိုးပြည်နယ်ဇွင်ယိမြို့တွင်ကျင်းပခဲ့သော ပါတီဗဟိုကော်မီတီ၏ ပေါလစ်ဗျူရို တိုးချဲ့အစည်းအဝေးကျမှ ဤလွဲမှားသောလမ်းစဉ်ကိုဖျက်သိမ်းပစ်လိုက်ပြီး ယခင်ကလမ်းစဉ်မှန်ကန်သည်ဟု ပြန်လည်



အသိအမှတ် ပြုခဲ့သည်။ ဤအခြေသို့ရောက်ရှိအောင် ခံစားခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကား ကြီးလေးလှစွတကား!

“ပြောက်ကျားဝါဒ” ကိုသဲသဲမဲမဲကန့်ကွက်ကြသည့် ရဲဘော်များက အောက်ပါအတိုင်းပြောကြ၏။ ရန်သူကို ကျနော်တို့နယ်အတွင်းပိုင်းသို့များခေါ်ခြင်းသည် နယ်မြေအများအပြားကို လက်လွှတ်ရသဖြင့် မမှန်ကန်ချေ။ အတိတ်က ဤနည်းဖြင့်အနိုင်ရခဲ့ဘူးသော်လည်း ယခုအခြေအနေသည် အတိတ်ကနှင့်မတူတော့ပြီ မဟုတ်လော? နယ်မြေမစွန့်လွှတ်ရဘဲ ရန်သူကို အနိုင်တိုက်နိုင်ခြင်းက ပို၍မကောင်းပါလော? ရန်သူ့နယ်တွင်း၌ သော်၎င်း၊ ကျနော်တို့နှင့် ရန်သူ၏နယ်စပ်၌သော်၎င်း ရန်သူကို အနိုင်တိုက်ခြင်းသည် ပို၍မကောင်းပါလော? ယခင်က ကျင့်သုံးခဲ့သောထိုးနည်းများ၌ ပုံမှန်ကျမှုတခုတလေမျှမရှိ၊ ပြောက်ကျားတပ်များကျင့်သုံးသည့် ထိုးနည်းသာလျှင်ဖြစ်သည်။ ယခုအခါ ကျနော်တို့၏ နိုင်ငံကို တည်ထောင်ပြီးလေပြီ၊ ကျနော်တို့၏ တပ်နီတော်သည်အမြဲထမ်းတပ်မတော်ဖြစ်နေပေပြီ။ ချန်ကေရှိတ်နှင့် ကျနော်တို့ တိုက်ခိုက်နေသောစစ်ပွဲမှာ နိုင်ငံနှစ်ခု တပ်မတော်ကြီးနှစ်ခု တိုက်ခိုက်နေကြသောစစ်ပွဲပင်ဖြစ်၏။ သမိုင်းအဖြစ်အပျက်များကို ထပ်တလဲလဲမပေါ်စေရ၊ “ပြောက်ကျားဝါဒ” ဆံသောအရာများကို လုံးဝပစ်ပယ်လိုက်ရမည်။ မူသစ်များမှာ “မာ့က်စ်ဝါဒနှင့် လုံးဝကိုက်ညီသည်”၊ အတိတ်ကထိုးနည်းများမှာ ပြောက်ကျားတပ်များကတောထဲတောင်ထဲ၌ ဖန်တီးခဲ့သော အရာများဖြစ်သည်၊ တောထဲတောင်ထဲ၌ မာ့က်စ်ဝါဒမရှိ။ မူသစ်များသည် မူဟောင်းများနှင့်ပြောင်းပြန်

ဖြစ်သည်၊ "ဆယ်ယောက်ကို တယောက်နှင့်တိုက်၊ တရာကို ဆယ်ယောက်နှင့်တိုက်၊ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစားတိုက်ရမည်၊ အနိုင်ရတုန်းရန်သူကိုဖိ၍ လိုက်ရမည်"၊ "စစ်ကြောင်းအားလုံးမှထွက်တိုက်ရမည်"၊ "အချက်အချာမြို့ကြီးများကို သိမ်းပိုက်ရမည်"၊ "လက်သီးနှစ်ဖက်ဖြင့် ထိုးရမည်"။ ရန်သူကထိုးစစ်ဆင်သောအခါ တုံ့ပြန်ရမည့် နည်းလမ်းများမှာ "ရန်သူကိုတံခါးဝမရောက်မီ ဆီးတိုက်ရမည်"၊ "ရန်သူကိုကိုယ်ကလက်ဦးရမည်"၊ "အိုးတွေခွက်တွေအခွဲမခံနှင့်"၊ "နယ်မြေတလက်မမျှမဆုံးရှုံးစေနှင့်"၊ "တပ်များကို စစ်ကြောင်းခြောက်ကြောင်း ခွဲ၍ ဖြန့်ပစ်ရမည်"၊ "တော်လှန်ရေးလမ်းကြောင်းနှင့်ကိုလိုနီလမ်းကြောင်းတို့ ယတိပြတ်တိုက်ကြသည့်စစ်ပွဲ" ဖြစ်ရမည်၊ လျှပ်တပြက်မုန်တိုင်းစစ်ဆင်ခြင်းဖြစ်ရမည်၊ ခံတပ်များဖြင့်တိုက်သော စစ်ဖြစ်ရမည်၊ ချေစစ်ဖြစ်ရမည်၊ "ရေရှည်စစ်" ဖြစ်ရမည်၊ စစ်နောက်ပိုင်းဒေသကြီးထားရှိရမည်၊ အကြွင်းမဲ့စုစည်းချုပ်ကိုင်၍ ညွှန်ကြားကွပ်ကဲခြင်းဖြစ်ရမည်ဟု ဆိုကြ၏။ နောက်ဆုံးတွင်ကား အကြီးအကျယ် အိမ်ပြောင်းခဲ့ရလေသည်။ ဤမှုများကိုလက်မခံလျှင်အပြစ်ပေးကြ၏၊ အချောင်သမားဟူသောဘွဲ့ထူးတပ်ပေးကြ၏။

အထက်ပါသဘောတရားများနှင့် လက်တွေ့လုပ်ဆောင်ချက်များအားလုံးလွဲမှားနေသည်မှာသံသယဖြစ်စရာမရှိပေ။ ၎င်းတို့သည် ဆန္ဒစွဲဝါဒပင်ဖြစ်၏။ ပတ်ဝန်းကျင်အခြေအနေအဆင်ပြေနေသောအခါ ဓနရှင်ပေါက်စတို့၏ တော်လှန်ရေး အရူးအမူးလုပ်မှုနှင့် တော်လှန်ရေးလောကြီးမှုတို့ကို ဖေါ်ပြခြင်းပင်ဖြစ်၏၊ ပတ်ဝန်းကျင်အခြေအနေဆိုး



ဝါးလာသောအခါ ဤသူများသည် ပြောင်းလဲနေသောအခြေအနေအလိုက်တဇွတ်ထိုးဝါဒီ၊ သမရိုးကျဝါဒီ၊ ထွက်ပြေးရေးဝါဒီများအဖြစ်သို့ တဆင့်ပြီးတဆင့်ပြောင်းသွားကြ၏။ ၎င်းတို့မှာတခေါက်ကန်းသမားများနှင့် နလပိန်းတုံးတို့၏ သဘောတရားနှင့်လက်တွေ့လုပ်ဆောင်ချက်များဖြစ်သည်၊ မာ့က်စ်ဝါဒအနံ့အသက်ဆို၍ ပိုးစဉ်းမျှမရှိ၊ မာ့က်စ်ဝါဒကိုဆန့်ကျင်သောအရာများသာဖြစ်၏။

ဤနေရာတွင် သေနင်္ဂဗျူဟာအရ ဆုတ်ခွါခြင်းအကြောင်းကိုသာပြောပါမည်၊ ၎င်းကိုကျန်းရှီးပြည်နယ်က "ရန်သူကိုကိုယ့်နယ်အတွင်းပိုင်းသို့မျှားခေါ်ခြင်း" ဟုခေါ်ကြ၏။ စီချွမ်းပြည်နယ်ကမူ "စစ်မျက်နှာကိုချုံ့ပစ်ခြင်း" ဟုခေါ်ကြ၏။ ဤထုံးနည်းသည်အားနည်းသောတပ်က သူ့ထက်အားကြီးသောတပ်ကို တိုက်ခိုက်ရာတွင်၊ စစ်အစဦးပိုင်း၌ လိုက်နာကျင့်သုံးရမည့် ထုံးနည်းဖြစ်သည်ဟု ရှေးခေတ်စစ်သဘောတရားပါရဂူများနှင့် လက်တွေ့ စစ်တိုက်သူတိုင်းကဝန်ခံကြ၏။ "သေနင်္ဂဗျူဟာအရ ခံစစ်ဆင်ရာတွင် မိမိအတွက်အကျိုးမဲ့မည့်ယတိပြတ်တိုက်ပွဲမျိုးကိုအစဦးပိုင်း၌ ရှောင်လွဲကာ၊ မိမိအတွက်အခွင့်သာသည့်အခြေအနေရောက်မှ ယတိပြတ်တိုက်ပွဲကို ရှာကြံ၍တိုက်ရမည်" ဟုနိုင်ငံခြားစစ်ပါရဂူများကဆိုကြ၏။ ဤစကားသည် အကြွင်းမဲ့မှန်ကန်၏၊ ဤအချက်နှင့်ပတ်သက်၍ ကျနော်တို့အနေနှင့် ဘာမျှထပ်လောင်းဖြည့်စွက်ပေးရန်မလိုတော့ချေ။

သေနင်္ဂဗျူဟာအရ ဆုတ်ခွါသည့်ရည်ရွယ်ချက်မှာ တပ်အင်အားကို ထိန်းသိမ်းထားရန်နှင့် ပြန်လှန်ထိုးစစ်အတွက် အသင့်ပြင်ထားရန်

ဖြစ်သည်။ ဆုတ်ခွါရန်လိုအပ်ရခြင်းမှာအင်အားကြီးသောရန်သူ၏ထိုးစစ်နှင့် ရင်ဆိုင်ရသည့်အခါ၌၊ နောက်သို့တလှမ်းဆုတ်မပေးလျှင်တပ်အင်အားထိန်းသိမ်းရေးအတွက် အန္တရာယ်ရှိသောကြောင့်ဖြစ်၏။ ယခင်ကဆိုလျှင် ဆုတ်ခွါခြင်းကို လူအတော်များများက အပြင်းအထန်ဆန့်ကျင်ကြ၏၊ ဆုတ်ခွါခြင်းသည်၊ "အချောင်သမားတို့၏ ခံစစ်သက်သက်လမ်းစဉ်" ဖြစ်သည်ဟုယူဆကြ၏။ ဤသို့ဆန့်ကျင်ခြင်းသည်လုံးဝလွဲမှားကြောင်း ကျွန်ုပ်တို့၏ သမိုင်းကသာဓကပြခဲ့ပေပြီ။

ပြန်လှန်ထိုးစစ်အတွက် ပြင်ဆင်ရာတွင် ကျွန်ုပ်တို့အတွက်အကျိုးရှိပြီးရန်သူ့အတွက် အကျိုးမဲ့သော အချက်များကို ရွေးချယ်ဖန်တီးရမည်။ သို့ဖြင့်ရန်သူနှင့်ကျွန်ုပ်တို့၏အင်အားအနေအထားကိုပြောင်းလဲစေပြီးနောက်၊ ပြန်လှန်ထိုးစစ်ဆင်သောအဆင့်သို့ တက်လှမ်းသွားရမည်။

အတိတ်ကကျွန်ုပ်တို့၏ အခြေအနေများအရဆိုရပါမူ ဆုတ်ခွါနေသည့် အဆင့်၌ အောက်ပါအချက်များထဲက အနည်းဆုံးနှစ်ချက်နှင့်ပြည့်စုံမှသာလျှင် ရန်သူ့အတွက်အကျိုးမရှိဘဲ ကျွန်ုပ်တို့အတွက်အကျိုးရှိသည်ဟုဆိုနိုင်၍၊ ပြန်လှန်ထိုးစစ်အဆင့်သို့ ကျွန်ုပ်တို့ကူးပြောင်းနိုင်၏။ ၎င်းအချက်များမှာ

(၁) တပ်နီတော်ကို စိတ်အားထက်သန်စွာ ကူညီသောပြည်သူလူထု။

(၂) စစ်တိုက်ရန်အတွက်အကျိုးရှိသောနေရာ။

(၃) တပ်နီတော်၏အဓိကတပ်များအားလုံးစုရုံးနေခြင်း။



(၄) ရန်သူ၏ပျော့ကွက်ကိုတွေ့ရှိခြင်း။

(၅) ရန်သူကိုခြေကုန်လက်ပန်းကျပြီး စိတ်ဓါတ်ပျက်ပြားအောင်လုပ်ခြင်း။

(၆) ရန်သူကို အမှားမှားအယွင်းယွင်းဖြစ်အောင်လုပ်ခြင်း တို့ဖြစ်၏။

စိတ်အားထက်သန်စွာကူညီသော ပြည်သူလူထုတည်းဟူသော အချက်သည်တပ်နီတော်အဖို့ အရေးအကြီးဆုံးအချက်ဖြစ်၏။ ဤအချက်ကား အခြေခံဒေသဆိုသည့် အချက်ပင်ဖြစ်၏။ ဤအချက်နှင့်ပြည့်စုံလျှင်စတုတ္ထ၊ ပဥ္စမနှင့် ဆဋ္ဌမအချက်တို့ကိုလည်း လွယ်ကူစွာဖန်တီးနိုင်သည်၊တွေ့ရှိနိုင်သည်။ ထို့ကြောင့်ရန်သူကတပ်နီတော်ကိုအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာသည့်အခါ တပ်နီတော်သည်ဒေသဖြူများမှအခြေခံဒေသများသို့ ဆုတ်ခွါလာရလေ့ရှိ၏၊ အကြောင်းမူ အခြေခံဒေသများမှ ပြည်သူလူထုသည် တပ်နီတော်ကတပ်ဖြူများကို ဆန့်ကျင်တိုက်ခိုက်ရာ၌ အထက်ကြွဆုံးပါဝင်ကူညီကြသောကြောင့်ဖြစ်၏။ တဖန်အခြေခံဒေသ၏ နယ်စွန်နယ်ဖျားများသည် အလယ်ဗဟိုဒေသများနှင့် ခြားနား၏။ သတင်းမပေါက်ကြားအောင်လုပ်ရေး၊ ကင်းထောက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စစ်ထဲပါဝင်ထမ်းဆောင်ရေး စသည့်လုပ်ငန်းများကို၊ အလယ်ဗဟိုဒေသမှ ပြည်သူလူထုကနယ်စွန်နယ်ဖျားပြည်သူလူထုထက်ပို၍ စိတ်အားထက်သန်စွာဆောင်ရွက်ကြ၏။ ထို့ကြောင့် ယခင်က ကျန်းရှီးပြည်နယ်တွင် ရန်သူ၏ပထမ၊ ဒုတိယနှင့်တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" များကိုတုံ့ပြန်တိုက်ခိုက်ရာ၌ လူထုအခြေအ

နေအကောင်းဆုံး သို့မဟုတ် အတန်အသင့်ကောင်းသောဒေသများကို "ဆုတ်ခွါရမည့်စခန်းဆုံး"အဖြစ်ရွေးချယ်ခဲ့၏။ အခြေခံဒေသ၏ဤထူးခြားချက်ကြောင့်၊ တပ်နီတော်၏ စစ်ဆင်နည်းများသည်ယေဘုယျစစ်ဆင်နည်းများနှင့် များစွာကွဲပြားခြားနားလာ၏၊ နောက်ပိုင်း၌ခံတပ်များဖြင့် တိုက်သောနည်းကိုမသုံးလျှင် မဖြစ်တော့သည့်အခြေသို့ ရန်သူများ ရောက်သွားရခြင်းမှာလည်း အဓိကအားဖြင့် ဤအကြောင်းကြောင့်ဖြစ်၏။

ဆုတ်ခွါနေသော စစ်တပ်တတပ်အတွက်၊ အတွင်းစည်းမှ တိုက်ခြင်းဖြင့်ရရှိနိုင်သည့် အကျိုးကျေးဇူးကား အခွင့်သာသောစစ်နေရာကိုကိုယ့်စိတ်ကြိုက်ရွေးချယ်ကာ ထိုးစစ်ဆင်နေသော တပ်များကို မိမိလိုသလို လုပ်လာအောင် အကြပ်ကိုင်နိုင်ခြင်းပင်ဖြစ်၏။ အားနည်းသောတပ်က အားကောင်းသောတပ်ကို အနိုင်တိုက်လိုလျှင် ကောင်းသော စစ်နေရာများကိုရအောင် မကြံ၍မဖြစ်ပေ။ သို့သော် ဤအချက်တခုတည်းနှင့် မလုံလောက်သေးပေ၊ ၎င်းနှင့်တွဲဖက်ရန်အခြားအချက်များရှိဖို့လိုသေး၏။ ပထမအချက်မှာ ပြည်သူလူထု ပင်ဖြစ်၏။ နောက်တချက်မှာ အတိုက်ရလွယ်သည့်ရန်သူများပင်ဖြစ်၏၊ ဥပမာအားဖြင့် ရန်သူများခြေကုန်လက်ပန်းကျနေခြင်း၊ သို့မဟုတ်အမှားမှား အယွင်းယွင်းဖြစ်နေခြင်း သို့မဟုတ်ထိုစစ်ကြောင်းမှ ချီတက်လာနေသော ရန်သူ၌ တိုက်အားအတန်အသင့်ချိတ့်နေခြင်းတို့ပင်ဖြစ်၏။ ဤအချက်များနှင့်မပြည့်စုံလျှင်၊ စစ်ဆင်ရန်ကောင်းမွန်သော နေရာရှိလင့်ကစား၊ ထိုနေရာကိုစွန့်လွှတ်လိုက်ကာ၊ ကျနော်တို့အလိုရှိသော



အခြေအနေများရရှိသည်အထိ ဆက်လက်၍ ဆုတ်ခွါရမည်။ ဒေသဖြူများတွင် စစ်ဆင်ရန် ကောင်းမွန်သောနေရာမရှိသည်မဟုတ်၊ သို့သော် အားထားနိုင်သော လူထုအခြေခံမရှိပေ။ အကယ်၍ အခြားအချက်အလက်များကိုလည်းမဖန်တီးနိုင်သေး၊ သို့မဟုတ် မတွေ့ရှိသေးဆိုပါက တပ်နီတော်သည် အခြေခံဒေသသို့ မလွဲမရှောင်သာဆုတ်ခွါလာရပေမည်။ အခြေခံဒေသ၏ နယ်စွန်နှင့်အလယ်ဗဟိုဒေသများကွဲပြားခြားနားပုံသည်လည်း ယေဘုယျအားဖြင့် ဤအတိုင်းပင်ဖြစ်၏။

ဒေသနေတပ်များနှင့် ချုပ်ငင်ရေးတပ်များမှတပါး၊ မှန်တိုင်းစစ်ဆင်ရေးတပ်အားလုံးအတွက် မူတခုမှာ လုံးဝတစုတဝေးတည်းရှိရန်ပင်ဖြစ်၏။ သေနင်္ဂဗျူဟာအရခံစစ်ဆင်နေသောရန်သူကို တပ်နီတော်ကထိုးစစ်ဆင်သောအခါ၊ တပ်ဖြန့်၍ တိုက်လေ့ရှိ၏။ ရန်သူကအင်တိုက်အားတိုက်ထိုးစစ်ဆင်သည်နှင့်တပြိုင်နက်တပ်နီတော်သည် "အလယ်ဗဟိုသို့ဆုတ်ခွါ" ကြသည်။ ဆုတ်ခွါရမည့်စခန်းလမ်းဆုံးအဖြစ်အခြေခံဒေသ၏ အလယ်ဗဟိုဒေသကို ရွေးလေ့ရှိ၏၊ သို့သော်တခါတရံလည်းအခြေအနေအရဆုံးဖြတ်ပြီး အခြေခံဒေသ၏ ရှေ့ပိုင်းသို့မဟုတ် နောက်ပိုင်းသို့ဆုတ်ခွါရ၏။ ဤသို့အလယ်ဗဟိုသို့ဆုတ်ခွါခြင်းသည် တပ်နီတော်၏ အဓိကတပ်အားလုံးကိုလုံးဝစုရုံးထားစေနိုင်၏။

အားကောင်းသောတပ်ကို တိုက်နေသော အားနည်းသည့်တပ်အဖို့လိုအပ်သည့် နောက်ထပ်အချက်အလက်တခုမှာ ရန်သူ၏ အားနည်းသော အပိုင်းကိုရှာ၍ တိုက်ရန်ပင်ဖြစ်၏။ သို့သော်ရန်သူကစတင်ထိုးစစ်ဆင်လာသည့်အခါ၊ စစ်ကြောင်းခွဲ၍ ချီတက်လာသောရန်သူ၏တပ်

များအနက်မည်သည့်တပ်က အားအကောင်းဆုံး မည်သည့်တပ်ကဒုတိယအားအကောင်းဆုံး၊ မည်သည့်တပ်က အားအနည်းဆုံး၊ မည်သည့်တပ်ကဒုတိယအားအနည်းဆုံးဖြစ်သည်ကိုကျနော်တို့မသိဘဲရှိနေတတ်ရာ၊ စုံစမ်းထောက်လှမ်းရန်လို၏။ ယင်းသို့သိရှိအောင် အချိန်အတော်ကြာ စုံစမ်းထောက်လှမ်းရလေ့ရှိ၏။ သေနင်္ဂဗျူဟာအရဆုတ်ခွါရန်လိုအပ်ရခြင်းမှာလည်း ဤအကြောင်းကြောင့်ပင်ဖြစ်သည်။

ထိုးစစ်ဆင်လာသော ရန်သူသည် အရေအတွက်အရရော အင်အားအရပါ ကျနော်တို့ထက်များစွာသာလွန်နေသဖြင့် ရန်သူနှင့်ကျနော်တို့၏ အင်အားအနေအထားကို ပြောင်းလဲပစ်လိုလျှင် ရန်သူကိုကျနော်တို့ အခြေခံဒေသအတွင်းပိုင်းသို့ များခေါ်ပြီးအခြေခံဒေသ၌ဒုက္ခအမျိုးမျိုးတွေ့အောင်လုပ်ရမည်၊ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်က ချန်ကေရှိတ်၏ တပ်မဟာတတပ်မှစစ်ဦးစီးတယောက်ကပြောဘူးသလို "ခြေကုန်လက်ပန်းကျလို့လူဝတွေလည်းပိန်ချုံးကုန်ပြီ၊ လူပိန်တွေလည်း သေကုန်ကြရပြီ" ဟူသောအခြေမျိုးသို့ရောက်အောင်လုပ်ရမည်၊ ကိုမင်တန်၏ "ဝိုင်းဝန်းချေမှုန်းရေး" တပ်မှ အနောက်စစ်ကြောင်းသေနာပတိ ချင်မင်ရှူးပြောဘူးသလို "ကိုမင်တန်စစ်တပ်များအဆိုးနေရာတကာမဲမှောင်နေပြီး၊ တပ်နီတော်အဖို့ နေရာတကာလင်းနေသည်" ဟူသောအခြေမျိုးသို့ရောက်အောင်လုပ်ရမည်၊ သို့မှသာ ယင်းရည်မှန်းချက်ထမြောက်နိုင်ပေမည်။ ဤအချိန်အခါမျိုး၌ ရန်သူတပ်များသည် အင်အားတောင့်တင်းသည်မှန်သော်လည်း များစွာ အားလျော့သွားပေလိမ့်မည်၊ တပ်သားများသည်လည်းခြေကုန်



လက်ပန်းကျကာ စိတ်ဓါတ်ပျက်ပြားသွားပေလိမ့်မည်၊ ပျော့ကွက်အများအပြားသည်လည်း ဘွားဘွားကြီးပေါ်လာပေလိမ့်မည်။ တပ်နီတော်မှာမူ အင်အားချည့်နဲ့နေလင့်ကစား၊ အားမွေးထားပြီးသားဖြစ်လျက်ပန်းလျှော့မ်းနယ်နေသည့် ရန်သူကိုနားနားနေနေစောင့်ကာတိုက်ဖျက်ပစ်နိုင်ပေလိမ့်မည်။ ဤအခါမျိုး၌၊ တဖက်နှင့်တဖက် အားချင်းတစုံတရာညီသည့် အဖြစ်သို့ ရောက်သွားနိုင်လေ့ရှိသည်၊ သို့မဟုတ်ရန်သူက အပြတ်အသတ်တပန်းသာနေရာမှအတန်အသင့်တပန်းသာသည့်အခြေသို့ရင်း၊ ကျနော်တို့က အပြတ်အသတ်တပန်းရှုံးနေရာမှ အနည်းငယ်သာတပန်းရှုံးရသည့်အခြေသို့ရင်း၊ ပြောင်းလဲသွားနိုင်စရာရှိသည်၊ ထိုမျှသာမကသေးဘဲ၊ ရန်သူ့တပ်သည် ကျနော်တို့တပ်ထက်တပန်းရှုံးသွားနိုင်ပြီး ကျနော်တို့တပ်က ရန်သူ့တပ်ထက်သာသည့်အခြေသို့ပင်ရောက်သွားနိုင်စရာ ရှိလေသည်။ ကျန်းရှီးပြည်နယ်၌ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က၊ တပ်နီတော်သည်အဆုတ်ကြီးဆုတ်ခွါခဲ့၏ (တပ်နီတော်သည် အခြေခံဒေသ၏နောက်ပိုင်း၌စုစည်းနေခဲ့၏)၊ ဤသို့မဆုတ်ခွါခဲ့ပါက ရန်သူကိုအနိုင်တိုက်နိုင်လိမ့်မည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော်ထိုစဉ်က "ဝိုင်းဝန်းချေမှုန်း" ရန်လာသည့် စစ်တပ်အရေအတွက်မှာ ကျနော်တို့ထက် ဆယ်ဆကျော်ပိုများနေသောကြောင့် ဖြစ်၏။ "ရန်သူအားကောင်းနေသည့် အခါရှောင်ရှား၍ နေပါလေ၊ ရန်သူစစ်ပန်း၍ ရှေ့ရှိရှေ့ရဲ ဖြစ်နေမှတိုက်ပါလေ" ဟုစွန်းဇီကဆိုခြင်းမှာ ရန်သူအင်အားသာမှုယုတ်သွားစေရန်

အတွက် ခြေကုန်လက်ပန်းကျကာ၊စိတ်ဓါတ်ကျဆင်းအောင်လုပ်ရမည်ဟုဆိုလိုခြင်းဖြစ်၏။

ဆုတ်ခွါခြင်း၏ နောက်ဆုံးရည်ရွယ်ချက်တခုမှာ၊ ရန်သူတွေအမှားမှားအယွင်းယွင်းဖြစ်အောင်ဖန်တီးရေး သို့မဟုတ် ရန်သူ၏ အမှားကိုစောင့်ဖမ်းရေးဖြစ်၏။ ရန်သူ၏ တပ်မှူးသည်၊ မည်မျှပင်လိမ္မာပါးနပ်စေကာမူ၊ အတော်ရှည်ကြာသော ကာလအတွင်း၌ အမှားအနည်းငယ်မျှ မကျူးလွန်ဘဲမနေကြောင်းကို ကျနော်တို့သိထားကြရမည်၊ ထို့ကြောင့်ရန်သူ၏ဟာကွက်ကို စောင့်ဖမ်းနိုင်စရာအကြောင်း အမြဲရှိနေ၏။ ကျနော်တို့ကိုယ်တိုင်လည်း တခါတရံမှားမိ၍ ရန်သူ့အတွက် ဟာကွက်ဖွင့်ပေးသကဲ့သို့ပင် ရန်သူသည်လည်း အမှားကျူးလွန်တတ်၏။ ထို့ပြင် ကျနော်တို့သည်ရန်သူ့တပ်များအမှားအယွင်းမဖြစ်ဖြစ်အောင် တမင်ဖန်တီးနိုင်၏။ ဥပမာစွင်းစီပြောသည့် "အရိပ်အရောင်ပြ" ခြင်းဟူသောနည်းဖြင့်ဖန်တီးနိုင်၏ (အရှေ့ဖက်ကအရိပ်အယောင်ပြပြီး အနောက်ဖက်မှဝင်တိုက်၊ တနည်းဆိုရသော်တဖက်ကယောင်ပြပြီး တဖက်ကိုတိုက်ခြင်းပင်ဖြစ်၏)။ ဤနည်းအတိုင်းလုပ်လျှင်၊ ဒေသတခုကိုဆုတ်ခွါရမည့်စခန်းလမ်းဆုံးအဖြစ် ပုံသေသတ်မှတ်ထား၍ မဖြစ်ပေ။ တခါတရံမူလသတ်မှတ်ထားသော နေရာအထိဆုတ်ခွါခဲ့ပြီးဖြစ်သော်လည်း ရန်သူ၌ဟာကွက်မပေါ်သေး၍ "ဟာကွက်" ပေါ်သည်အထိနောက်ထပ်ဆုတ်ခွါရသေးသည်။

ဆုတ်ခွါရာ၌ ရှိရမည့် အခွင့်သာသည့်အချက်တို့မှာ ယေဘုယျအားဖြင့်အထက်၌ ဆိုခဲ့သည်တို့ပင်ဖြစ်၏။ သို့သော် ဤအချက်အား



လုံးနှင့် ပြည့်စုံမှသာ ပြန်လှန်ထိုးစစ်ဆင်နိုင်သည်ဟု မဆိုလိုပေ။ ဤအချက်အားလုံးတပြိုင်တည်း ပြည့်စုံနိုင်ရန်ခဲယဉ်း၏၊ ပြည့်စုံရန်လည်းမလိုချေ။ သို့ရာတွင်၊ ရန်သူ၏ လက်ရှိအခြေအနေအရလိုအပ်သောအချက်အချို့ရရှိအောင်ကြိုးစားခြင်းမှာ၊ အားကောင်းသော ရန်သူကို အတွင်းစည်းမှတိုက်နေသော အားနည်းသည့် စစ်တပ်အနေဖြင့်သတိပြုရမည့်အချက်ပင်ဖြစ်သည်။ ဤအချက်ကို ဆန့်ကျင်သောအယူအဆများသည်မမှန်ကန်ချေ။

ဘယ်အထိဆုတ်ခွါမည်ဟု အဆုံးသတ်နေရာကိုရွေးချယ်သတ်မှတ်ရာ၌ အခြေအနေတရပ်လုံးကိုမူတည်ရမည်ဖြစ်၏။ အခြေအနေတစိတ်တဒေသနှင့် ဆက်စပ်ကြည့်လျှင် ပြန်လှန်ထိုးစစ်ဆင်ရေးသို့ကျနော်တို့ကူးပြောင်းသွားရန်အတွက် အဆင်ပြေသော နေရာဖြစ်သော်လည်း အခြေအနေတရပ်လုံးနှင့် ဆက်စပ်ကြည့်သောအခါ အဆင်မပြေပါကထိုနေရာမျိုးကို ဆုတ်ခွါသွားရမည့်အဆုံးသတ်နေရာအဖြစ် ရွေးချယ်ဆုံးဖြတ်ခြင်းသည်မမှန်ချေ။ အကြောင်းမူ ကျနော်တို့၏ပြန်လှန်ထိုးစစ်ကိုတစိတ်တဒေသမှစတင်ရလေ့ရှိသဖြင့်၊ ပြန်လှန်ထိုးစစ်စတင်လိုက်သည့်အချိန်၌၊ နောင်တွင် မည်သို့မည်ပုံပြောင်းလဲလိမ့်ဦးမည်ဆိုသည်ကိုပါထည့်သွင်းစဉ်းစားထားရန်လိုသောကြောင့်ဖြစ်၏။ တခါတရံကျနော်တို့ဆုတ်ခွါသွားရမည့်အဆုံးသတ်နေရာအဖြစ် အခြေခံဒေသ၏ရှေ့ပိုင်းကို ရွေးချယ်သင့်၏၊ ဥပမာအားဖြင့်ကျန်းရှီးပြည်နယ်၌ ဒုတိယနှင့်စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်ကနှင့် ရှန်ရှီးပြည်နယ်နှင့် ကန်းစုပြည်နယ်၌ တတိယအကြိမ် "ဝိုင်းဝန်းချေ

"မှန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်ကကဲ့သို့ပင်ဖြစ်၏။ တခါတရံ၌အခြေခံဒေသ၏ အလယ်ဗဟိုပိုင်းကို ရွေးချယ်သင့်၏၊ ဥပမာအားဖြင့်ကျန်းရှီးပြည်နယ်၌ ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်ကကဲ့သို့ပင်ဖြစ်၏။ တခါတရံ၌ အခြေခံဒေသ၏နောက်ပိုင်းကို ရွေးချယ်သင့်၏၊ ဥပမာအားဖြင့်ကျန်းရှီးပြည်နယ်၌ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်ကကဲ့သို့ပင်ဖြစ်၏။ ဤသည်တို့သည် တစိတ်တဒေသအခြေအနေကို အခြေအနေတရပ်လုံးနှင့်ဆက်စပ်ကြည့်ပြီးမှ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။ ကျန်းရှီးပြည်နယ်၌ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က၊ ကျနော်တို့တပ်မတော်က ဆုတ်ခွါရန်လုံးဝမစဉ်းစားခဲ့ခြင်းမှာ အခြေအနေတစိတ်တဒေသကိုရော အခြေအနေတရပ်လုံးကိုပါ ဂရုမမူခဲ့သောကြောင့်ဖြစ်၏။ ဤကားစင်စစ်အားဖြင့် မဆင်မခြင်တဇောက်ကန်းလုပ်ခဲ့ကြခြင်းပင်ဖြစ်၏။ အခြေအနေဆိုသည်မှာ အချက်အလက်များက ဖန်တီးပေးခြင်းဖြစ်၏။ တစိတ်တဒေသအခြေအနေနှင့် အခြေအနေတရပ်လုံးတို့၏ ဆက်စပ်မှုကို အကဲခတ်သည့် အခါ၊ ထိုအခြေအနေနှစ်ရပ်လုံး၌တွေ့မြင်ရသော ကျနော်တို့၏ အချက်အလက်များနှင့်ရန်သူ၏အချက်အလက်များသည် ကျနော်တို့အဖို့ ပြန်လှန်ထိုးစစ်စတင်ဆင်နွှဲရန်တစုံတရာသော အတိုင်းအတာအထိ အဆင်ပြေမပြေဆိုသည်ကိုကြည့်ကာ ဝေဖန်ပိုင်းဖြတ်ရမည်။

ဆုတ်ခွါသွားမည့် အဆုံးသတ်နေရာများကို အခြေခံဒေသ၌ ရှေ့ပိုင်း၊ အလယ်ပိုင်းနှင့်နောက်ပိုင်းဟူ၍ ယေဘုယျအားဖြင့်သုံးမျိုးသုံး



စားခဲ့ထားနိုင်၏။ ဤသို့ဆိုသဖြင့် ဒေသဖြူတွင်စစ်ဆင်ရန် ကျနော်တို့လုံးဝငြင်းဆန်ရာကျပါသလော? မဟုတ်ပါ။ ရန်သူကအလုံးအရင်းဖြင့် "ဝိုင်းဝန်းချေမှုန်း" လာသည်ကို ရင်ဆိုင်ရသည့်အခါမျိုး၌သာ ဒေသဖြူ၌စစ်ဆင်ရန် ကျနော်တို့ငြင်းဆန်သည်။ ရန်သူ့အင်အားနှင့် ကျနော်တို့အင်အား မတန်တဆကွာခြားနေသည့် အချိန်မျိုး၌၊ အခွင့်ကောင်းစောင့်ပြီး ရန်သူကို တိုက်ဖျက်ရန်ကျနော်တို့၏ အင်အားကိုထိန်းသိမ်းထားရမည်ဟူသော မူအရသာလျှင် အခြေခံဒေသသို့ဆုတ်ခွါခဲ့ရန်နှင့် ရန်သူကို ကျနော်တို့နယ်အတွင်းပိုင်းသို့မျှားခေါ် ရန်တိုက်တွန်းပြောဆိုခြင်းဖြစ်၏။ အကြောင်းမူ၊ ဤသို့လုပ်မှသာလျှင်ပြန်လှန်ထိုးစစ်ဆင်ရန်အတွက်အဆင်ပြေစေမည့် အချက်တို့ကိုဖန်တီးနိုင်၊ တွေ့ရှိနိုင်မည်ဖြစ်သောကြောင့်တည်း။ အကယ်၍ အခြေအနေ ဤမျှမဆိုးပါက သို့မဟုတ်တပ်နီတော်အဖို့ အခြေခံဒေသ၌ပင် ပြန်လှန်ထိုးစစ်စတင်မဆင်နွှဲနိုင်လောက်အောင်အခြေအနေဆိုးဝါးနေပါက၊ သို့မဟုတ် ပြန်လှန်ထိုးစစ် ဆင်နွှဲပြီးနောက် အဆင်မပြေသဖြင့် အခြေအနေပြောင်းလဲသွားစေခြင်းငှါနောက်ထပ်ဆုတ်ခွါရန်လိုအပ်ပါက၊ ထိုအခါမျိုး၌ ဆုတ်ခွါသွားရမည့် အဆုံးသတ်နေရာကို ဒေသဖြူအတွင်း၌ သတ်မှတ်ရေးကိုလည်း လက်ခံသင့်ပေသည်၊ ဤသို့သောအတွေ့အကြုံမျိုး ကျနော်တို့၌ အလွန်နည်းခဲ့သော်လည်း ယုတ်စွအဆုံးသဘောတရားအရတော့လက်ခံသင့်ပေသည်။

ဒေသဖြူအတွင်း၌ အဆုံးသတ်ဆုတ်ခွါသွားရမည့် နေရာများကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း သုံးမျိုးသုံးစားခဲ့ထားနိုင်၏။

ပထမအစားမှာ အခြေခံဒေသရှေ့၌ ရှိသောနေရာ၊ ဒုတိယအစားမှာ အခြေခံဒေသနှင့်ဘေးတိုက်ဖြစ်နေသောနေရာ၊ တတိယအစားမှာ အခြေခံဒေသ၏နောက်၌ရှိသောနေရာပင် ဖြစ်၏။ ပထမအမျိုးအစားအဖြစ် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ဥပမာပြရသော်၊

ကျန်းရှီးပြည်နယ်၌ ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့တုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က၊ တပ်နီတော်အတွင်းတွင် မညီမညွတ်ဖြစ်မှုနှင့် ဒေသပါတီတွင်း၌ သွေးကွဲမှု မပေါ်ပေါက်ခဲ့ပါက (ဝါ) လီလီစန်းလမ်းစဉ်နှင့် အေဘီအဖွဲ့ [၃၄] ကြောင့်ဖြစ်ပေါ်လာသည့် အခက်အခဲ ၂ ခုရှိမနေခဲ့ပါက၊ ကျီအန်း၊ နန်ဖုန်းနှင့်ကျန်းရှူမြို့သုံးမြို့၏ကြားတွင်ကျနော်တို့၏ တပ်များကိုစုစည်းထားကာ ပြန်လှန်ထိုးစစ်ဆင်နိုင်မည်ဖြစ်သည်။ အကြောင်းမူ ထိုစဉ်ကကန့်ကျန်းမြစ်နှင့်ဖူရွှေမြစ်ကြားမှ [၃၅] ချီတက်လာသော ရန်သူ့တပ်အင်အားသည် တပ်နီတော်ထက်များစွာသာလွန်သည် မဟုတ်သောကြောင့်ဖြစ်၏ (ရန်သူကတသိန်း၊ တပ်နီတော်ကလေးသောင်း)။ ထိုနေရာကလူထုအခြေခံသည် အခြေခံဒေသမှာလောက် မကောင်းသော်လည်း၊ စစ်တိုက်ရန် နေရာကောင်းတော့ရှိနေ၏၊ ထို့ပြင် စစ်ကြောင်းခွဲ၍ချီတက်လာသော ရန်သူ့တပ်များကို တတပ်ပြီးတတပ် တိုက်ဖျက်ပစ်နိုင်စရာအကြောင်းလည်းရှိနေ၏။

ဒုတိယအမျိုးအစားနေရာအဖြစ် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ဥပမာပြရသော်၊



ကျန်းရှီးပြည်နယ်၌ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့ပြန်တိုက်ခိုက်ခဲ့စဉ်က၊ ရန်သူ၏ ထိုးစစ်အတိုင်းအတာသည်ထိုမျှမကြီးကျယ်လျှင်၊ ရန်သူတပ်များအနက် တပ်တတပ်သည် ဖူကျင့်ပြည်နယ်နှင့် ကျန်းရှီးပြည်နယ်နယ်စပ်ရှိကျင့်နင်၊ လီချွမ်းနှင့်တိုက်နင်မှ ချီတက်လာလျှင်၊ ယင်းတပ်၏ အင်အားသည်ကျနော်တို့တိုက်ခိုက်ရန်အတွက် အလောတော်လည်းဖြစ်နေလျှင်၊ တပ်နီတော်သည်ဖွေ့ကျင်းမှရှင်းကိုအထိ လီပေါင်းတထောင် ပန်းတက်သွားရန်မလိုဘဲ၊ ဖူကျင့်ပြည်နယ်အနောက်ဖက်ပိုင်းရှိ ဒေသဖြူတွင်စုရုံးပြီး ၎င်းတပ်ကိုပထမဦးဆုံးတိုက်ဖျက်နိုင်မည်ဖြစ်သည်။

တတိယအမျိုးအစားနေရာအဖြစ် ရွေးချယ်ခြင်းနှင့် ပတ်သက်၍ ဥပမာပြရသော်၊

အထက်ဖော်ပြပါ ကျန်းရှီးပြည်နယ်၌ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့တုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က၊ အကယ်၍ရန်သူ၏အဓိကတပ်သည် အနောက်ဖက်သို့ဦးမလှည့်ဘဲ တောင်ဖက်သို့ဦးလှည့်သွားပါက၊ ကျနော်တို့သည်ဝှေ့ချန်း၊ ရှင်ဝူး၊ အန်းယွမ်ဒေသ (ဒေသဖြူဖြစ်သည်) သို့ မတတ်သာဘဲ ဆုတ်ခွါသွားကောင်းသွားရမည်၊ ဤသို့ဖြင့်ရန်သူကို တောင်ဖက်သို့တိုး၍ ဆင်းလာအောင်များခေါ်၍ တပ်နီတော်က တောင်ဖက်မှမြောက်ဖက်သို့ စစ်ဦးပြန်လှည့်ကာ အခြေခံဒေသအတွင်းပိုင်းသို့ထိုးစစ်ဆင်သွားနိုင်စရာအကြောင်းရှိ၏။ ထိုအချိန်၌ မြောက်ဖက်အခြေခံဒေသတွင်ရန်သူတပ်အများအပြားရှိမည် မဟုတ်ချေ။

သို့သော် အထက်ဖော်ပြပါအချက်များသည် တွေးဆချက်မျှသာ ဖြစ်သည်၊ ကျနော်တို့၌ လက်တွေ့မရှိသေး၊ ၎င်းတို့ကိုသီးခြားဖြစ်ရပ် အဖြစ်သာ သဘောထားနိုင်သည်၊ ယေဘုယျမှုများအဖြစ်မှတ်ယူ၍မ ဖြစ်ပေ။ ရန်သူကအလုံးအရင်းဖြင့် "ဝိုင်းဝန်းချေမှုန်း" လာသည့်အခါ၊ ကျနော်တို့အဖို့ယေဘုယျမှုမှာ၊ ရန်သူကိုကျနော်တို့နယ်မြေအတွင်း ပိုင်းသို့မျှားခေါ်ရမည်ဖြစ်၏၊ အခြေခံဒေသသို့ဆုတ်ခွါ၍ စစ်ဆင်ရမည် ဖြစ်၏။ အကြောင်းမူ ဤနည်းလမ်းသည်သာလျှင် ရန်သူ၏ထိုးစစ်ကို ကျနော်တို့တိုက်ဖျက်ပစ်နိုင်ရန်အတွက် အသေချာဆုံးနည်းလမ်း ဖြစ်သောကြောင့်တည်း။

"ရန်သူကိုတံခါးဝမရောက်မီ ဆီးတိုက်ရမည်" ဟုပြောဆိုသူများ ကသေနင်္ဂဗျူဟာအရဆုတ်ခွါခြင်းကို ကန့်ကွက်ကြ၏။ သူတို့ပေးသည့် ဆင်ခြေများမှာဆုတ်ခွါလျှင် နယ်မြေလက်လွှတ်ဆုံးရှုံးရသည်၊ လူထု ကိုလည်းဘေးသင့်စေသည် ("အိုးတွေခွက်တွေအခွဲမခံနိုင်" ဟုဆိုကြ သည်)၊ ပြင်ပနယ်မြေများသို့လည်းမကောင်းသည့်အကျိုးသက်ရောက် လိမ့်မည်ဟုဆိုကြ၏။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန် တိုက်ခိုက်စဉ်ကမူ၊ ကျနော်တို့ကတလှမ်းဆုတ်လိုက်၊ ရန်သူ့ခံတပ်များ ကတလှမ်းတိုးလာလိုက်ဖြင့်၊ အခြေခံဒေသများသည် တနေ့တခြား ကျဉ်းမြောင်းလာပြီး လက်လွှတ်ဆုံးရှုံးခဲ့ရသည်များကို ပြန်သိမ်းဖို့ လမ်းမမြင်တော့ချေဟုဆိုကြ၏၊ ရန်သူကို မိမိနယ်အတွင်းပိုင်းသို့မျှား ခေါ်ခြင်းသည် ယခင်ကအသုံးကျသော်လည်း၊ ရန်သူကခံတပ်များ ဆောက်၍ တိုက်သော ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်း" ချိန်၌မူအသုံး



မကျတော့သဖြင့် ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက် ခိုက်ရန်အတွက် ကျနော်တို့တပ်များကိုခွဲပြီး ခုခံသည့်နည်းနှင့်လျှပ်တ ပြက်မှန်တိုင်းစစ်ဆင်သည့်နည်းကိုသာသုံးနိုင်သည်ဟုဆိုကြ၏။

ဤအယူအဆများကို ချေပရန် လွယ်ကူပါသည်၊ ကျနော်တို့သ မိုင်းကလည်းချေပပစ်လိုက်ပြီဖြစ်၏။ နယ်မြေဆုံးရှုံးရခြင်းနှင့်စပ်လျဉ်း ၍ပြောရပါမူ ဤသို့ဖြစ်လေ့ရှိ၏၊ (ဝါ) ဆုံးရှုံးခံမှမဆုံးရှုံးဘဲနေမည်၊ ဤကား "ရချင်လျှင်အယင်ပေးရမည်" ဟူသောမူပင်ဖြစ်၏။ အကယ် ၍ ကျနော်တို့ဆုံးရှုံးသွားသည်ကနယ်မြေဖြစ်ပြီး၊ ပြန်ရသည်ကရန်သူ ကိုအနိုင်တိုက်နိုင်ခြင်းနှင့် ဆုံးရှုံးခဲ့သောနယ်မြေများကို ပြန်ရခြင်းအ ပြင်၊ ထပ်မံတိုးချဲ့နိုင်ခြင်းဖြစ်ပါလျှင်၊ ၎င်းမှာအမြတ်ထွက်သောအလုပ် ပင်ဖြစ်၏။ အရောင်းအဝယ်လုပ်ရာ၌ ဝယ်သူကပိုက်ဆံ "အဆုံး" မခံ ပါက ကုန်ပစ္စည်းကိုမရနိုင်၊ ရောင်းသူကကုန်ပစ္စည်းကို "အဆုံး" မခံ ပါကထိုနည်းတူပင်ပိုက်ဆံကိုရနိုင်မည် မဟုတ်ပေ။ တော်လှန်ရေးလှုပ် ရှားမှုကြောင့် ဆုံးရှုံးရသည်များကား ပျက်စီးခြင်းဖြစ်၍ပြန်ရသည့်အ မြတ်ကား တိုးတက်လာသည့် ပြန်လည်ထူထောင်မှုပင်ဖြစ်၏။ အိပ် ခြင်းနှင့်အနားယူခြင်းကြောင့် အချိန်ကိုဆုံးရှုံးစေသော်လည်း၊ နောက် တနေ့လုပ်ငန်းအတွက် အားသစ်ကို ပြန်ရ၏။ လူရူးလူအ တယောက် သည် ဤအချက်ကိုနားမလည်၍ မအိပ်ဘဲနေပါက နောက်တနေ့၌သူ သည် အားအင်ပြည့်ဖြိုးလန်းဆန်းတော့မည်မဟုတ်၊ ၎င်းမှာအရှုံးပါ ရှုံးသောလုပ်ငန်းဖြစ်၏။ ရန်သူက ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်း" ခဲ့စဉ်က၊ အရှုံးရှုံးသည့်လုပ်ငန်းကို ကျနော်တို့လုပ်မိခဲ့ခြင်းမှာ ဤအ

ကြောင်းကြောင့်ပင်ဖြစ်၏။ နယ်မြေတစိတ်တဒေသကို လက်မလွှတ်လိုခြင်းကြောင့် နယ်မြေအားလုံးကို လက်လွှတ်ခဲ့ရသည်။ အဗီဆီးနီးယားပြည် အရေးနိမ့်ခဲ့ရခြင်း၌ အခြားအကြောင်းများရှိသည်မှန်သော်လည်း စစ်ကိုတရှူးထိုးတိုက်ခဲ့ခြင်းကြောင့် အဆုံးတွင်တပြည်လုံးကျဆုံးခဲ့ရ၏။

ပြည်သူလူထုအား အနစ်နာခံသင့်စေသည်ဆိုသော ပြဿနာကိုလည်း၊ ဤအမြင်ဖြင့်ပင်ကြည့်ရမည်။ ပြည်သူတချို့၏အိုးတွေခွက်တွေကိုအခိုက်အတန့်အခွဲမခံလျှင် ပြည်သူလူထုတရပ်လုံး၏ အိုးတွေခွက်တွေ နှစ်ရှည်လများအခွဲခံရမည်သာဖြစ်၏။ နိုင်ငံရေးအရ အခိုက်အတန့်အားဖြင့် မကောင်းသော အကျိုးသက်ရောက်မှုများဖြစ်ပေါ်မည်ကို ကြောက်နေလျှင် မကောင်းသောအကျိုးသက်ရောက်မှုများကာလရှည်ကြာစွာရှိနေမည်သာဖြစ်၏။ အောက်တိုဘာတော်လှန်ရေး အပြီးတွင် ရုရှားဗော်ရှီဗစ်တို့သည် "လက်ဝဲကွန်မြူနစ်" တို့၏သဘောအတိုင်း ဂျာမနီနှင့်စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန် ငြင်းဆန်ခဲ့ပါက၊ ပေါက်ဖွားစဆိုဗီယက်သည်ပုခက်တွင်း၌ လည်မျိုညှစ်သတ်ခံရမည့်အန္တရာယ်နှင့်ကြုံရမည်သာဖြစ်သည်။ [၃၆]

တော်လှန်ရေးကျသယောင်ယောင်ရှိသော ဤ "လက်ဝဲ" အယူအဆမျိုးသည်၊ နေရှင်ပေါက်စပညာတတ်များ၏ တော်လှန်ရေးလောကြီးမှုမှ ပေါက်ဖွါးလာခြင်းဖြစ်သည်၊ လယ်သမားကုန်ထုတ်လုပ်သူကလေးများ၏ အမြင်ကျဉ်းမှုနှင့် သမရိုးကျဖြစ်မှုမှ ပေါက်ဖွါးလာခြင်းလည်းဖြစ်သည်။ သူတို့သည် ပြဿနာများကိုကြည့်ရာတွင်တခုလုံးကို



ခြုံ၍မကြည့်တတ်ကြဘဲ၊ တစိတ်တဒေသကိုသာ ကြည့်တတ်ကြ၏၊ ယနေ့အကျိုးကိုနက်ဖြန်အကျိုးနှင့်ငြင်း၊ တစိတ်တဒေသအကျိုးကို တခုလုံးအကျိုးနှင့်ငြင်းဆက်စပ်ခြင်း မပြုလိုကြဘဲ၊ တစိတ်တဒေသအရာသို့မဟုတ် အခိုက်အတန့်ပေါ် ပေါက်လာသည့်အရာကို အသေအလဲဖက်ထားကြ၏။ တစုံတရာသောကာလက လက်တွေ့အခြေအနေအရကြည့်လိုက်လျှင်၊ ထိုစဥ်ကအခြေအနေတရပ်လုံးနှင့် ကာလတခုလုံးအတွက် အကျိုးရှိစေမည့်၊ အထူးသဖြင့်အဆုံးအဖြတ်ပေးနိုင်မည့် တစိတ်တဒေသအရာနှင့်အခိုက်အတန့်ပေါ် ပေါက်လာသည့်အရာတို့ကို၊ စွဲစွဲမြဲမြဲဆုပ်ကိုင်ထားရမည်မှာ အမှန်ဖြစ်၏၊ သို့မဟုတ်ပါကကျနော်တို့သည်ပေါက်လွှတ်ပဲစားလုပ်သူများ သို့မဟုတ် လက်လွှတ်စပယ်လုပ်သူများ ဖြစ်သွားပေလိမ့်မည်။ ဆုတ်ခွါရာတွင် အဆုံးသတ်နေရာရှိရမည်ဟုဆိုရခြင်းမှာ ဤအကြောင်းကြောင့်ပင်ဖြစ်၏။ သို့သော်ကျနော်တို့သည် ကုန်ထုတ်လုပ်သူကလေးတို့၏ အမြင်ကျဉ်းမှုကို ဘယ်တော့မှ အားကိုး၍မဖြစ်ပေ။ ကျနော်တို့သည် ဗော်ရှီဗစ်တို့၏ဉာဏ်အမြော်အမြင်ဖြင့်လုပ်ပုံကိုင်ပုံကို နမူနာယူရမည်။ ကျနော်တို့၏ မျက်စိအားနည်းနေလျှင် မှန်ပြောင်းနှင့် မှန်ဘီလူးတို့၏ အထောက်အကူကို ယူသင့်၏။ မာ့က်စ်ဝါဒနည်းသည် နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာမှန်ပြောင်းနှင့်မှန်ဘီလူးပင်ဖြစ်သည်။

သေနင်္ဂဗျူဟာအရ ဆုတ်ခွါမှုတွင် အခက်အခဲများရှိသည်ကားမှန်၏။ စတင်ဆုတ်ခွါရမည့်အချိန်ရွေးချယ်ရေး၊ အဆုံးသတ်ဆုတ်ခွါသွားရမည့် နေရာရွေးချယ်ရေး၊ နိုင်ငံရေးအရကေဒါများနှင့် ပြည်သူ

လူထုသဘောပေါက်အောင် ရှင်းပြရေးတို့မှာ ခက်ခဲသော ပြဿနာများချည်းဖြစ်၏၊ မချေဖြေရှင်းပေးရမည့် ပြဿနာများဖြစ်၏။

စတင်ဆုတ်ခွါရမည့် အချိန်သတ်မှတ်ရေး ပြဿနာသည် အရေးကြီးသော ပြဿနာဖြစ်သည်။ ကျန်းရှီးပြည်နယ်၌ ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့ တုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က ဆုတ်ခွါသည့် အချိန်သည် အံကိုက်မဖြစ်ခဲ့ပါလျှင်၊ တနည်းဆိုသော်နှောင့်နှေးခဲ့လျှင်၊ ယုတ်စွအဆုံး ကျနော်တို့၏ အောင်ပွဲအတိုင်းအတာကိုတော့ ထိခိုက်သွားဖွယ်ရာရှိ၏။ စောလွန်းသော ဆုတ်ခွါမှုရော နှောင်းလွန်းသော ဆုတ်ခွါမှုပါ ဆုံးရှုံးနစ်နာစေနိုင်သည်။ သို့သော် ယေဘုယျအားဖြင့်ဆိုရသော် အချိန်နှောင်းလွန်းခြင်းသည် စောလွန်းခြင်းထက် ပို၍ဆုံးရှုံးနစ်နာစေ၏။ အချိန်မှီဆုတ်ခွါခြင်းသည် ကျနော်တို့ကိုလုံးဝလက်ဦးမှုရစေနိုင်သည်၊ အဆုံးသတ်ဆုတ်ခွါသွားရမည့်နေရာသို့ ရောက်ပြီးနောက် ကျနော်တို့တပ်များကို ပြန်လည်ဖွဲ့စည်းပြီး ခြေကုန်လက်ပန်းကျနေသော ရန်သူကို နားနားနေနေစောင့်ယင်း ပြန်လှန်ထိုးစစ်သို့ ကူးပြောင်းရန်အတွက် ကြီးစွာအထောက်အကူပြုနိုင်သည်။ ကျန်းရှီးပြည်နယ်၌ ရန်သူ၏ပထမ၊ ဒုတိယနှင့်စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်ခဲ့စဉ်က ကျနော်တို့သည် ရန်သူကိုအေးအေးဆေးဆေး ရင်ဆိုင်နိုင်ခဲ့၏။ ဒုတိယတိုက်ပွဲကြီး၌ ရန်သူများအရှုံးကြီးရှုံးသွားပြီးနောက် ထိုမျှလျှင်မြန်စွာ အသစ်တဖန်ထိုးစစ်ပြန်ဆင်လိမ့်မည် (ဒုတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" အား တုံ့ပြန်တိုက်ခိုက်ခြင်းကို ကျနော်တို့က ၁၉၃၁ ခု မေလ ၂၉ ရက်နေ့၌ အဆုံးသတ်ခဲ့၏၊ ချန်ကေ



ရှိတ်က ဇူလိုင်လ ၁ ရက်နေ့၌ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုစတင်ခဲ့သည်) ဟုကျနော်တို့မခန့်မှန်းမိသောကြောင့်သာ တတိယတိုက်ပွဲကြီး၌ တပ်နီတော်သည် ဖုတ်ပူမီးတိုက်ကွေ့ဝိုက်ချီတက်ကာစုရုံးခဲ့ရသဖြင့်၊ များစွာပင်ပန်းနွမ်းလျှသွားရ၏။ အချိန်အံကိုက်ဖြစ်အောင် ရွေးချယ်နည်းမှာ အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော၊ ပြန်လှန်ထိုးစစ်ဆင်ရေးအတွက်ပြင်ဆင်သည့် အခံတင်စတင်ရမည့်အချိန် ရွေးချယ်နည်းနှင့် အတူတူပင်ဖြစ်သည်၊ တနည်းဆိုရသော်လိုအပ်သောစုံစမ်းထောက်လှမ်းမှုများလုပ်ပြီး၊ ရန်သူ့ဖက်နှင့် ကျနော်တို့ဖက်၏ ယေဘုယျအခြေအနေအရ ဝေဖန်ပိုင်းခြားပြီးရွေးချယ်ရမည်ဖြစ်သည်။

သေနင်္ဂဗျူဟာအရ ဆုတ်ခွါခြင်းနှင့်ပတ်သက်၍ ကေဒါများနှင့် ပြည်သူလူထု၌ အတွေ့အကြုံမရှိသေးသည့်အခါ၌ငှင်း၊ ယင်းသို့ ဆုတ်ခွါရမည့်ကိစ္စကို ကေဒါများယုံကြည်သည့်စစ်ဖက်ခေါင်းဆောင်တစုသို့မဟုတ် တဦးဦးကဆုံးဖြတ်ပိုင်ခွင့် ရှိလောက်အောင်သြဇာမရှိသေးချိန်တွင်ငှင်း၊ ယင်းသို့ဆုတ်ခွါရန် လိုအပ်သည့်အကြောင်းကို ကေဒါများနှင့် ပြည်သူလူထုအား နားလည်သဘောပေါက်အောင်ရှင်းပြရသည့် အလုပ်သည် အလွန်ခက်ခဲသောအလုပ်တခုဖြစ်၏။ ကေဒါများသည် အတွေ့အကြုံမရှိ၍၊ သေနင်္ဂဗျူဟာအရ ဆုတ်ခွါသည်ကို မယုံကြည်ကြခြင်းကြောင့်၊ ပထမနှင့် စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်ချိန် အစပိုင်း၌ရော၊ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ချိန် တလျှောက်လုံး၌ပါ၊ ဤပြဿနာတွင်ကြီးမားသော အခက်အခဲများနှင့် ကျနော်တို့တွေ့ကြုံခဲ့ရ၏။ ပထမအကြိမ်

"ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က၊ ကေဒါများသည်လိလိဝန်းလယ်းစဉ်၏ ဂယက်ကြောင့်၊ ဖျောင်းဖျ၍မရသေးမီတွင်မဆုတ်ခွါလိုကြ၊ ထိုးစစ်ဆင်ဖို့သာလိုလား၏၊ စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က၊ စစ်ရေးမိုက်ရူးရဲဝါဒ၏ ဂယက်ကြောင့်၊ အသင့်ပြင်ဆင်ခြင်းကို ကေဒါများက ဆန့်ကျင်ကြ၏။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က ကေဒါများသည်အစပထမ၌ စစ်ရေးမိုက်ရူးရဲဝါဒကို ဆက်လက်ကျင့်သုံးကာ ရန်သူအားမိမိနယ်အတွင်းပိုင်းသို့ မျှားခေါ်ခြင်းကိုဆန့်ကျင်ကြ၏၊နောက်ပိုင်း၌မူ စစ်ရေးသမရိုးကျဝါဒအဖြစ် ပြောင်းသွားကြလေသည်။ တိဗက်အမျိုးသားနှင့် ဟွေအမျိုးသား [၃၃] တို့နေထိုင်သောဒေသ၌ ကျနော်တို့၏အခြေခံဒေသမတည်ဆောက်နိုင်ကြောင်းကိုကျန်းကိုထောင်လမ်းစဉ်သမားတို့ မယုံကြည်ရာက နှာခေါင်းကျည်ပွေ့တွေ့ရပြီးမှ ယုံကြည်လာခြင်းသည်လည်းသာဓကတခုဖြစ်၏။ အတွေ့အကြုံသည်ကေဒါများအတွက်လိုအပ်၏၊ ရှုံးနိမ့်ရခြင်းသည် အမှန်ပင်အောင်မြင်မှု၏အစဖြစ်သည်။ သို့သော်၊ တပါးသူ၏ အတွေ့အကြုံကိုစိတ်ထားနှိမ့်ချစွာလက်ခံရန်လည်းလိုအပ်၏။ မည်သည့်ကိစ္စမဆို ငါတွေ့မှဖြစ်မည်၊ငါတွေ့မဟုတ်လျှင် ကိုယ့်အမြင်ကို ခေါင်းမာမာနှင့် ဆုတ်ကိုင်ထားကာ၊ တပါးသူ၏ အတွေ့အကြုံကိုလက်မခံဘဲနေလျှင်၊ "ကျဉ်းမြောင်းသော အတွေ့အကြုံဝါဒ" စစ်စစ်ပင်ဖြစ်၏။ ဤအကြောင်းကြောင့်ကျနော်တို့၏ စစ်ဆိုးရှုံးနစ်နာခဲ့ရသည်မှာ မနည်းလှတော့ချေ။



အတွေ့အကြုံမရှိသဖြင့်၊ သေနင်္ဂဗျူဟာအရ ဆုတ်ခွါရန်လိုအပ်ကြောင်းကိုပြည်သူလူထုကမယုံကြည်ပုံမှာ၊ ကျန်းရှီးပြည်နယ်၌ ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့တုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က လောက် ဘယ်တုန်းကမျှမဆိုးခဲ့ဘူးချေ။ ထိုစဉ်က၊ ကျီအန်း၊ ရှင်းကို၊ ယုန်ဖုန်းစသည့်ခရိုင်များမှဒေသပါတီအဖွဲ့အစည်းများကရော၊ ပြည်သူလူထုကပါ တပ်နီတော်ဆုတ်ခွါသည်ကို ကန့်ကွက်ခဲ့ကြ၏။ သို့သော် ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုပြန်တိုက်လိုက်ပြီးနောက်၌ အတွေ့အကြုံရရှိလာပြီဖြစ်၍ နောင် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သည့် အခါများ၌ ဤပြဿနာမျိုး လုံးဝမပေါ်တော့ချေ။ အခြေခံဒေသများလက်လွှတ်ဆုံးရှုံးရခြင်းနှင့် ပြည်သူလူထုဆင်းရဲဒုက္ခရောက်ရခြင်းမှာ အခိုက်အတန့်မျှသာ ဖြစ်ကြောင်း လူထုကယုံကြည်လာကြသည်၊ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတပ်နီတော်ကတိုက်ဖျက်နိုင်စွမ်းရှိသည်ဟုလည်း ယုံကြည်လာကြသည်။ သို့သော်၊ ပြည်သူလူထု၌ ယုံကြည်မှုရှိမရှိဆိုသောအချက်သည် ကေဒါများ၌ ယုံကြည်မှုရှိမရှိဆိုသောအချက်နှင့်များစွာသက်ဆိုင်နေပေရာ၊ အဓိကနှင့်ပထမတာဝန်မှာကေဒါများကို သဘောပေါက်လာအောင်ရှင်းပြရေးပင်ဖြစ်၏။

သေနင်္ဂဗျူဟာအရ ဆုတ်ခွါခြင်း၏ ရည်ရွယ်ချက်မှာ ပြန်လှန်ထိုးစစ်သို့ ကူးပြောင်းရန်ပင်ဖြစ်၏။ သေနင်္ဂဗျူဟာအရဆုတ်ခွါခြင်းသည်သေနင်္ဂဗျူဟာအရ ခံစစ်ဆင်ခြင်း၏ပထမအဆင့်သာဖြစ်သည်။ သေနင်္ဂဗျူဟာတရပ်လုံး၌ အရေးအပါဆုံးသောချက်ကား ဆုတ်ခွါပြီး

နောက်ဆင်နွှဲမည့် ပြန်လှန်ထိုးစစ်အဆင့်၌ အောင်ပွဲခံနိုင် မခံနိုင်ဟူသောအချက်ပင်ဖြစ်၏။

## (၄) သေနင်္ဂဗျူဟာအရပြန်လှန်ထိုးစစ်ဆင်ခြင်း

အပြတ်အသတ်အရေးသာနေသည့် ရန်သူ၏ထိုးစစ်ကို အနိုင်တိုက်လိုလျှင် ကျနော်တို့သေနင်္ဂဗျူဟာအရဆုတ်ခွါသည့်အဆင့်၌ ဖန်တီးလိုက်သော၊ ကျနော်တို့အတွက် အကျိုးရှိပြီး ရန်သူ့အတွက် အကျိုးမရှိသော၊ ရန်သူ့ ထိုးစစ်စတင်ချိန်ကနှင့်မတူတော့ဘဲပြောင်းလဲလာပြီဖြစ်သော အခြေအနေကိုမှီခိုရ၏။ ယင်းသို့သော အခြေအနေကို အကြောင်းအချက်အမျိုးမျိုးက ဖန်တီးလိုက်ခြင်းဖြစ်၏။ ဤအကြောင်းကို အထက်၌ဖေါ်ပြခဲ့ပြီးဖြစ်သည်။

သို့သော် ကျနော်တို့အတွက်အကျိုးရှိပြီး ရန်သူ့အတွက်အကျိုးမရှိသောအကြောင်းအချက်နှင့် အခြေအနေများ တည်ရှိနေရုံမျှနှင့် ရန်သူကို ရှုံးနိမ့်မသွားစေနိုင်သေးပေ။ ယင်းသို့သောအကြောင်းအချက်နှင့် အခြေအနေများ၌ အနိုင်အရှုံးကို ဆုံးဖြတ်ပေးနိုင်ဖွယ်ရာအကြောင်းများပါရှိ၏၊ သို့သော် အနိုင်အရှုံး တကယ်ပေါ်မလာသေး၊ တပ်နှစ်တပ်ဘယ်သူကနိုင်၍ ဘယ်သူကရှုံးသည်ဆိုသည်မှာ ပေါ်ပေါက်မလာသေး၊ အနိုင်အရှုံးရုပ်လုံးပေါ်လာစေရန်၊ တပ်နှစ်တပ်သည် ယတိပြတ် တိုက်ရဦးမည်ဖြစ်သည်။ ယတိပြတ် တိုက်မှသာလျှင် တပ်နှစ်တပ်အနက် ဘယ်သူကနိုင်၍ ဘယ်သူကရှုံးသည်ဟူသော ပြဿနာကို



ဖြေရှင်းနိုင်မည်။ ဤကားသေနင်္ဂဗျူဟာအရ ပြန်လှန်ထိုးစစ်ဆင်သည့်အဆင့်၏ တာဝန်တရပ်လုံးပင်ဖြစ်၏။ ပြန်လှန်ထိုးစစ်သည်ရှည်လျားသော ခရီးစဉ်တခုဖြစ်သည်၊ ခံစစ်၏အပြောင်းမြောက်ဆုံးနှင့် အသက်အပါဆုံး အဆင့်လည်းဖြစ်သည်၊ ခံစစ်၏နောက်ဆုံးအဆင့်လည်းဖြစ်သည်။ ခံစစ်ရှင်ဆိုသည်မှာအဓိကအားဖြင့် ဤသို့ယတိပြတ်တိုက်သည့်သဘောသပါသော သေနင်္ဂဗျူဟာအရ ပြန်လှန်ထိုးစစ်ဆင်ခြင်းကိုပင်ဆိုလိုပေသည်။

အကြောင်းအချက်များနှင့် အခြေအနေကို သေနင်္ဂဗျူဟာအရဆုတ်ခွါသည့်အဆင့်၌သာ ဖန်တီးရခြင်းမဟုတ်၊ ပြန်လှန်ထိုးစစ်ဆင်သည့် အဆင့်၌လည်း ဆက်လက်ဖန်တီးရသည်။ ယင်းအချိန်ရှိ အကြောင်းအချက်များနှင့် အခြေအနေသည်ယခင်အဆင့်ကအကြောင်းအချက်အခြေအနေတို့နှင့် သဏ္ဍာန်အရရော သဘောအရပါလုံးဝတူသည်မဟုတ်ပေ။

သဏ္ဍာန်အရရော သဘောအရပါ တူနိုင်သည့်အရာများလည်းရှိ၏၊ ဥပမာ ရန်သူ့တပ်များပို၍ခြေကုန်လက်ပန်းကျခြင်းနှင့် တပ်သားဦးရေ ပို၍လျော့နည်းသွားခြင်းတို့သည် ယခင်အဆင့်ကခြေကုန်လက်ပန်းကျခဲ့ခြင်းနှင့် တပ်သားဦးရေလျော့နည်းခဲ့ခြင်းတို့၏ အဆက်မျှသာဖြစ်၏။

သို့ရာတွင် လုံးဝသစ်လွင်သောအကြောင်းအချက်များနှင့် အခြေအနေသည်မလွဲမသွေပေါ်လာလိမ့်ဦးမည်ဖြစ်သည်။ ဥပမာ ရန်သူ့တပ်များသည် တိုက်ပွဲတပွဲသို့မဟုတ်သုံးလေးပွဲ၌ အရေးနိမ့်သွားသည်

ဆိုအံ့၊ ထိုအခါ၌ကျနော်တို့အတွက်အကျိုးရှိပြီးရန်သူ့အတွက်အကျိုး မရှိသော အကြောင်းအချက်များမှာ ရန်သူခြေကုန်လက်ပန်းကျခြင်း စသည်တို့ဖြစ်ရုံမက ရန်သူ့တပ်များစစ်ရှုံးခြင်းဟူသော အကြောင်း အချက်သစ်လည်း တိုးလာပေလိမ့်မည်။ အခြေအနေသည်လည်း ပြောင်းလဲလာပေလိမ့်မည်။ ရန်သူ့တပ်များသည် ဗျူဟာမှု ဇရမ်းဗတာ စွေ့ပြောင်းရပြီး၊ လုပ်ကိုင်ဆောင်ရွက်မှု၌ အမှားမှားအယွင်းယွင်းဖြစ်ကာ ကျနော်တို့နှင့် ရန်သူ၏အင်အားနှိုင်းယှဉ်ချက်သည်လည်း ယခင်က နှင့်မတူတော့ချေ။

အကယ်၍ တိုက်ပွဲတပွဲသို့မဟုတ်သုံးလေးပွဲ၌ အရေးနိမ့်သူသည်ရန်သူ့တပ်မဟုတ်ဘဲ ကျနော်တို့တပ်ဖြစ်နေပါလျှင်၊ အကြောင်းအချက်များနှင့် အခြေအနေအကျိုး ရှိမရှိဟူသည်မှာလည်း ပြောင်းပြန်ဖြစ်သွားလိမ့်မည်၊ ဆိုလိုသည်မှာ ရန်သူအဖို့အကျိုးမရှိမှုလျော့နည်းသွားကာ ကျနော်တို့အဖို့အကျိုးမရှိမှုစတင်ဖြစ်ပေါ်လာမည်သာမက ပို၍ပင်တိုးပွားလာမည်ဖြစ်သည်။ ဤသည်လည်းယခင်ကနှင့်မတူသည့်လုံးဝသစ်လွင်သောအရာဖြစ်၏။

မည်သည့်ဖက်ကရှုံးရှုံး၊ ရှုံးသည့်ဖက်သည် အသစ်တဖန်အလျင်အမြန်တိုက်ရိုက်ကြိုးပမ်းအားထုတ်လာလိမ့်မည်၊ ယင်းသို့ ကြိုးပမ်းအား ထုတ်ခြင်းမှာ ဘေးအန္တရာယ်များသောအခြေအနေမှလွတ်ကင်းရန်အတွက်ငှင်း၊ အသစ်ဖြစ်ပေါ်လာသော၊ မိမိအတွက်အကျိုးမရှိဘဲ ရန်သူအတွက်သာ အကျိုးရှိသည့်အကြောင်းအချက်များနှင့် အခြေအနေမှ ရှန်းထွက်ကာ၊ မိမိအဖို့အကျိုးရှိပြီး ရန်သူအဖို့အကျိုးမရှိသည့် အ



ကြောင်းအချက်များနှင့် အခြေအနေကို ထပ်မံဖန်တီး၍ရန်သူကိုဖိနှိပ်ရန်အတွက်ငှင်းဖြစ်၏။

နိုင်သည့်ဖက်က ကြိုးပမ်းအားထုတ်မှုမှာ အထက်ပါကြိုးပမ်းအားထုတ်မှုနှင့် ပြောင်းပြန်ဖြစ်၏။ အနိုင်ရသူသည် မိမိ၏ အောင်နိုင်မှုများကိုတိုးပွါးစေခြင်းဖြင့် ရန်သူကို ပို၍ဆုံးရှုံးအောင်၊ မိမိအတွက် အကျိုးရှိသောအကြောင်းအချက်များနှင့် အခြေအနေကို တိုးတက်ပွါးများအောင်၊ ရန်သူကို အကျိုးမရှိသောအခြေအနေမှ ရှန်းမထွက်နိုင်အောင်နှင့် ကြုံတွေ့နေရသည့် ဘေးအန္တရာယ်မှမလွတ်နိုင်အောင်ကြိုးပမ်းအားထုတ်မည်ပင်ဖြစ်၏။

ထို့ကြောင့်မည်သည့်ဖက်အတွက်ပင်မဆို ယတိပြတ်တိုက်ပွဲအဆင့်တွင်ဆင်နွှဲရသောတိုက်ပွဲသည် စစ်ပွဲတခုလုံး သို့မဟုတ်တိုက်ပွဲကြီးတပွဲလုံးတွင် အပြင်းထန်ဆုံး၊ အရှုပ်ထွေးဆုံး၊ အပြောင်းအလဲအများဆုံး၊ အခက်ခဲဆုံးနှင့် အပင်ပန်းဆုံးတိုက်ပွဲဖြစ်၏၊ ညွှန်ကြားသူများအဖို့ဆိုရလျှင်လည်း ညွှန်ကြားရမလွယ်ဆုံးသောအချိန်ဖြစ်၏။

ပြန်လှန်ထိုးစစ်ဆင်ရေးအဆင့်၌ ပြဿနာအများအပြား ရှိ၏၊ အဓိကပြဿနာများမှာ ပြန်လှန်ထိုးစစ်စတင်ရေး၊ တပ်အင်အားစုစည်းရေး၊ လှုပ်ရှားစစ်ဆင်ရေး၊ အမြန်အဆုံးသတ်စစ်ဆင်ရေး၊ ချေမှုန်းရေးစစ်ဆင်ရေးစသည်တို့ပင်ဖြစ်၏။

ပြန်လှန်ထိုးစစ်ဆင်ရေးအတွက်ဖြစ်စေ၊ ထိုးစစ်ဆင်ရေး အတွက်ဖြစ်စေ၊ အထက်ပါပြဿနာနှင့် ဆိုင်သောမူများမှာ အခြေခံသဘော

အားဖြင့် အတူတူပင်ဖြစ်၏။ ဤအဓိပ္ပါယ်အရပြောရလျှင်ပြန်လှန်ထိုးစစ်သည်ထိုးစစ်ပင်ဖြစ်သည်ဟုဆိုနိုင်၏။

သို့သော်ပြန်လှန်ထိုးစစ်သည် ထိုးစစ်နှင့်ထပ်တူထပ်မျှမဟုတ်။ ပြန်လှန်ထိုးစစ်မှုများကိုရန်သူထိုးစစ်ဆင်သည့်အခါ၌ကျနော်တို့အသုံးပြုရ၏။ ထိုးစစ်မှုများကို ရန်သူခံစစ်ဆင်သည့်အခါ ကျနော်တို့အသုံးပြုရ၏။ ဤအဓိပ္ပါယ်အရပြောရလျှင် ပြန်လှန်ထိုးစစ်နှင့် ထိုးစစ်၌ခြားနားမှုအချို့ရှိပြန်၏။

ဤအကြောင်းကြောင့် ကျနော်တို့သည် စစ်ဆင်ရေးဆိုင်ရာ ပြဿနာများစွာကို သေနင်္ဂဗျူဟာအရခံစစ်ဆင်ရေးအခန်းရှိပြန်လှန်ထိုးစစ်ဆင်ရေးအပိုင်း၌ အကုန်ထည့်သွင်း ရှင်းပြထားသည်၊ သေနင်္ဂဗျူဟာအရ ထိုးစစ်ဆင်ရေးအပိုင်း၌မူကား အကြောင်းချင်း မထပ်မိအောင် အခြားပြဿနာအနည်းငယ်ကိုသာ ထည့်သွင်းရှင်းပြထားသည်၊ သို့သော် ၎င်းတို့ကိုအသုံးချသည့်အခါ၌ ၎င်းတို့၏ တူညီချက်များကိုရော ခြားနားချက်များကိုပါလျစ်လျူရှု၍မဖြစ်ပေ။

## (၅) ပြန်လှန်ထိုးစစ်စတင်ရေးပြဿနာ

ပြန်လှန်ထိုးစစ်စတင်ရေးပြဿနာသည် "ပွဲဦးထွက်တိုက်ပွဲ" သို့မဟုတ် "ရှေ့ဦးတိုက်ပွဲ" ဆိုသည့်ပြဿနာပင်ဖြစ်၏။

သေနင်္ဂဗျူဟာအရ ခံစစ်ဆင်သည့်အခါ၌ဖြစ်စေ၊ သေနင်္ဂဗျူဟာအရထိုးစစ်ဆင်သည့်အခါ၌ ဖြစ်စေ၊ အထူးသဖြင့်ခံစစ်ဆင်သည့်အခါ



၌ ပွဲဦးထွက်တိုက်ပွဲကို လေးလေးနက်နက်သဘောထားရမည်ဟု စစ်ရှင်စစ်ပါရဂူများစွာတို့ကခံယူထားကြ၏။ ကျနော်တို့လည်း ယခင်က ဤပြဿနာကို အရေးကြီးသော ပြဿနာအဖြစ်တင်ပြခဲ့သည်။ ကျန်းရှီးပြည်နယ်၌ရန်သူ၏ပထမအကြိမ်မှပဉ္စမအကြိမ်ထိ "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့တုံ့ပြန်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲများက ကျနော်တို့ကို ကြွယ်ဝသော အတွေ့အကြုံများပေးခဲ့၏။ ယင်းအတွေ့အကြုံများကို စိစစ်သုံးသပ်ကြည့်လျှင်အကျိုးမရှိဘဲနေမည်မဟုတ်ချေ။

ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်က၊ ရန်သူသည်တပ်သားတသိန်းခန့်ဖြင့် တပ်ဖွဲ့မကြီးရှစ်ခုခွဲကာ ကျီအန်းနှင့် ကျင့်နင်စစ်ကြောင်းအတိုင်း မြောက်ဖက်မှတောင်ဖက်သို့ ဦးတည်လျက် တပ်နီတော်၏အခြေခံဒေသကိုထိုးစစ်ဆင်လာသည်။ ထိုအချိန်က တပ်နီတော်၏အင်အားမှာ လေးသောင်းခန့်သာရှိပြီး ကျန်းရှီးပြည်နယ်နင်တူးခရိုင်ဝှမ်ဖိနှင့်ရှောင်ပုဒေသတွင်းစုဝေးနေကြသည်။

ထိုစဉ်ကအခြေအနေမှာအောက်ပါအတိုင်းဖြစ်၏။

(၁) "ဝင်ရောက်ချေမှုန်း" ရန်လာသည့် ရန်သူ့တပ်အင်အားမှာတသိန်းထက်မပိုရုံမက ချန်ကေရှိတ်၏ ခါးပိုက်ဆောင်တပ်တတပ်မျှမပါသဖြင့်လည်း အခြေအနေတရပ်လုံးမှာ သိပ်မဆိုးဝါးလှ။

(၂) ရန်သူ့ဖက်မှလိုလင်၏တပ်မကြီးသည်ကျီအန်းကိုကာကွယ်စောင့်ရှောက်နေရသဖြင့် ကန့်ကျန်းမြစ်၏အနောက်ဖက်ကမ်းတွင် ရှိနေ၏။

(၃) ကုန်းပင်ဖန်း၊ ကျန်းဟော့စန့်နှင့် ထန်တောက်ယွမ်တို့ကွပ်ကဲသော ရန်သူ့တပ်မကြီး ၃ တပ်သည် ကျီအန်းအရှေ့တောင်ဖက်နှင့်နင်တူးအနောက်မြောက်ဖက်၌ရှိသောဖုထျင်၊ တုန်းကူ၊ လုန်ကန်း၊ ယွမ်ထိုတဝိုက်ကို ဝင်ရောက်သိမ်းပိုက်ထားသည်။ ကျန်းဟော့စန့်တပ်မကြီး၏အဓိကတပ်များသည်လုန်ကန်း၌ရှိပြီး၊ ထန်တောက်ယွမ်တပ်မကြီး၏အဓိကတပ်များသည် ယွမ်ထို၌ရှိသည်။ ဖုထျင်နှင့် တုန်းကုနယ်မှပြည်သူလူထုသည် အေဘီအဖွဲ့၏လှည့်ဖျားမှုကြောင့်၊ အခိုက်အတန့်အားဖြင့်တပ်နီတော်အပေါ် အယုံအကြည်မရှိကြရုံမက တပ်နီတော်ကိုပင်အတိုက်အခံပြုလာသဖြင့် ထိုဒေသများကို တိုက်ကွင်းအဖြစ်ရွေးချယ်ရန်မသင့်လျော်ပေ။

(၄) လျူဟိုတင်ကွပ်ကဲသော ရန်သူတပ်မကြီးသည် ဝေးကွာလှသောဖူကျင့်ပြည်နယ်မှ ဒေသဖြူအတွင်းရှိကျင့်နင်တွင်နေသည် ဖြစ်၍ကျန်းရှီးပြည်နယ်ထဲသို့ ဝင်လာချင်မှလာလိမ့်မည်။

(၅) မော်ပင်ဝင်နှင့် ရှုခဲ့ရှန်တို့ကွပ်ကဲသောရန်သူ့တပ်မကြီးနှစ်တပ်သည် ကွမ်ချန်းနှင့် နင်တူးကြားရှိထိုဖီ၊ လိုခို၊ တုန်းရှောင်တဝိုက်ထိအောင်ရောက်နေကြသည်။ ထိုဖီသည် ဒေသဖြူဖြစ်သည်၊ လိုခိုသည်ပြောက်ကျားဒေသဖြစ်သည်၊ တုန်းရှောင်၌ အေဘီအဖွဲ့ရှိ၍သတင်းပေါက်ကြားလွယ်သည်။ ထို့ပြင် မော်ပင်ဝင်နှင့် ရှုခဲ့ရှန်တို့ကိုတိုက်ပြီးမှအနောက်ဖက်သို့တိုက်မည်ဆိုပါကအနောက်ဖက်ရှိကျန်းဟော့စန့်၊ ထန်တောက်ယွမ်နှင့် ကုန်းပင်ဖန်းတို့၏တပ်မကြီး ၃ တပ်စုဝေးလာမည်ဖြစ်



၍ ကျနော်တို့အဖို့အောင်ပွဲရရန်မလွယ်သဖြင့် ပြဿနာကိုအဆုံးသတ်ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ချေ။

(၆) ကျန်းဟော့စန့်နှင့် ထန်တောက်ယွမ်တို့ကွပ်ကဲသော ရန်သူ့တပ်မကြီးနှစ်တပ်သည် "ဝိုင်းဝန်းချေမှုန်း" သည့်အဓိကတပ်များဖြစ်သည်၊ "ဝိုင်းဝန်းချေမှုန်းရေး" တပ်သေနာပတိချုပ်ဖြစ်သူ ကျန်းရှီးပြည်နယ်ဥက္ကဋ္ဌလူတီဖင်း၏ ခါးပိုက်ဆောင်တပ်များလည်း ဖြစ်သည်။ ကျန်းဟော့စန့်မှာရှေ့တန်းစစ်မျက်နှာစစ်ဆင်ရေးမှူးချုပ်လည်း ဖြစ်ပြန်သည်။ ဤတပ်မကြီးနှစ်တပ်ကို ကျနော်တို့သုတ်သင်ပစ်နိုင်ပါက "ဝိုင်းဝန်းချေမှုန်းမှု" ကိုအခြေခံအားဖြင့်တိုက်ဖျက်ပစ်နိုင်မည်ဖြစ်သည်။ ထိုတပ်မကြီးနှစ်တပ်သည် တပ်အင်အားတသောင်းလေးထောင်ခန့်စီ ရှိပြီး ကျန်းဟော့စန့်၏တပ်က နှစ်နေရာ၌ခွဲ၍ တပ်ချထားပြန်သဖြင့်တိုက်ပွဲတပွဲလျှင် ရန်သူ့တပ်မကြီးတခုကိုတိုက်ဖို့ရန် ကျနော်တို့မှာ အပြတ်အသတ်အရေးသာနေသည်။

(၇) ကျန်းဟော့စန့်နှင့် ထန်တောက်ယွမ်တို့၏ တပ်မကြီးနှစ်တပ်မှအဓိကတပ်များရှိရာလုန်ကန်းနှင့်ယွမ်ထိုတဝိုက်သည် ကျနော်တို့တပ်များစုဝေးသည့် နေရာနှင့် နီးသည့်ပြင်၊ လူထုအခြေခံကလည်းကောင်းသည်ဖြစ်၍ ရန်သူ့ဆီသို့တိတ်တဆိတ်ချဉ်းကပ်သွားနိုင်၏။

(၈) လုန်ကန်း၌ စစ်ဆင်ရန်နေရာကောင်းရှိသည်။ ယွမ်ထိုကိုတိုက်ရန်မလွယ်။ အကယ်၍ ရန်သူက ရှောင်ပုသို့ချီတက်ပြီးကျနော်တို့ကိုတိုက်ခိုက်ပါက၊ ထိုနေရာသည်လည်းကျနော်တို့အဖို့စစ်ဆင်ရန်နေရာကောင်းဖြစ်လိမ့်မည်။

(၉) ကျနော်တို့သည်လုန်ကန်းဖက်၌ တပ်အင်အားအများစုကြီးကို စုစည်းထားနိုင်သည်။ လုန်ကန်းအနောက်တောင်ဖက်လီနှစ်ဆယ်သုံးဆယ်အကွာရှိရှင်းကို၌လူအင်အားတထောင်ကျော်ရှိသောကျနော်တို့၏ သီးခြားတပ်မကြီးတတပ်ရှိသေးသည်၊ ထိုတပ်သည် ရန်သူ၏စစ်နောက်ပိုင်းကိုလှည့်ပတ်တိုက်ခိုက်နိုင်၏။

(၁၀) ရန်သူ၏ စစ်မျက်နှာကျိုးပေါက်သွားအောင် ကျနော်တို့တပ်များက အလယ်မှထိုးဖေါက်နိုင်ပါလျှင် အရှေ့ဖက်နှင့် အနောက်ဖက်၌ရှိနေသော ရန်သူတပ်ဖွဲ့မကြီးများသည် တတပ်နှင့်တတပ် အလှမ်းဝေးသွားမည်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် ကျန်းဟွေ့စန့်ကွပ်ကဲသောတပ်၏အဓိကအင်အားကို ပွဲဦးထွက်အနေဖြင့် တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ပြီး သူ၏ တပ်မဟာနှစ်ခုနှင့်တပ်မကြီးဌာနချုပ်ကို ထိထိမိမိတိုက်ပစ်လိုက်ရာ တပ်မကြီးမှူးအပါအဝင်လူကိုးထောင်စလုံးကို လူတယောက်မြင်းတကောင်မျှ မလွတ်အောင် လက်ရဖမ်းဆီးခဲ့၏။ ဤတိုက်ပွဲတပွဲတွင်အနိုင်ရလိုက်ခြင်းကြောင့်ထန်တောက်ယွမ်ကွပ်ကဲသောတပ်မကြီးသည် လန့်ဖျပ်ပြီး တုန်းရှောင်သို့ထွက်ပြေးလေသည်၊ ရှီခဲ့ရှန်ကွပ်ကဲသောတပ်မကြီးသည်လည်းလန့်ဖျပ်ပြီးထိုဖီသို့သုတ်ခြေတင်လေသည်။ ထန်တောက်ယွမ်၏ တပ်မကြီးကို ကျနော်တို့က လိုက်တိုက်ပြန်ရာတဝက်ခန့်သုတ်သင်ပစ်နိုင်ခဲ့၏။ ကျနော်တို့သည် ၅ ရက်အတွင်းတိုက်ပွဲနှစ်ပွဲဆင်ခဲ့သဖြင့် (၁၉၃၀ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၁၉၃၁ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့အထိ) ဖုထျင်၊ တုန်းကုနှင့်ထိုဖီ၌ရှိသော ရန်သူတပ်



များသည်အတိုက်ခံရမည်စိုး၍ တဖွဲဖွဲဆုတ်ပြေးကြလေသည်။ ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" သည်ဤသို့ဖြင့်ပြီးဆုံးသွားသည်။ ဒုတိယအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်ကအခြေအနေမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) "ဝင်ရောက်ချေမှုန်း" ရန်လာသည့် တပ်အင်အားမှာ နှစ်သိန်းရှိသည်၊ ဟိုယင်ချင်းကသေနာပတိချုပ်အဖြစ်ကွပ်ကဲလျက် နန်ချန်း၌ ဌာနချုပ်ရုံးစိုက်ထား၏။

(၂) ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်ကကဲ့သို့ပင် ရန်သူတပ်အားလုံးသည် တတပ်မျှချန်ကေရှိတ်၏ ခါးပိုက်ဆောင်တပ်မဟုတ်ကြ။ ချိုက်ထင်ခိုင်ကွပ်ကဲသော အမှတ် ၁၉ စစ်ကြောင်းတပ်မတော်၊ စွင်းလျင်ကျူန်ကွပ်ကဲသောအမှတ် ၂၆ စစ်ကြောင်းတပ်မတော်နှင့် ကျူးရှောက်လျန်ကွပ်ကဲသောအမှတ် ၈ စစ်ကြောင်းတပ်မတော်တို့သည် အင်အားအတောင့်ဆုံးသောတပ်များ သို့မဟုတ်အတန်အသင့်အင်အားတောင့်သောတပ်များဖြစ်ကြ၏၊ ကျန်တပ်များမှာအားသေးသောတပ်ချည်းဖြစ်၏။

(၃) အေဘီအဖွဲ့ကို ရှင်းလင်းသုတ်သင်ပစ်လိုက်ပြီဖြစ်ရာ၊ အခြေခံဒေသမှလူထုတရပ်လုံးကတပ်နီတော်ကို ထောက်ခံအားပေးကြ၏။

(၄) ဝမ်ကျင်းယွိကွပ်ကဲသည့် အမှတ် ၅ စစ်ကြောင်းတပ်မတော်သည်မြောက်ပိုင်းမှရောက်လာစဖြစ်ပြီး ကြောက်သွေးဝင်နေ၏၊ သူ၏ဘယ်တောင်ပံရှိ ကိုးဝှါစန်နှင့် ဟောင်မှန်လင်တို့ ကွပ်ကဲသည့်တပ်မကြီးနှစ်တပ်မှာလည်း အလားတူပင် ကြောက်သွေးဝင်နေကြ၏။

(၅) ကျနော်တို့၏ တပ်များသည် ဖုထျင်ကစတိုက်ပြီး အရှေ့ဖက်သို့သိမ်းကြုံးတိုက်သွားမည်ဆိုက၊ ဖူကျင့်ပြည်နယ်နှင့်ကျန်းရှီးပြည်နယ်နယ်စပ်၌ ရှိသောကျင့်နင်၊ လီချွမ်း၊ ထိုက်နင်အရပ်၌ အခြေခံဒေသများကို တိုးချဲ့သွားနိုင်ပြီး ဝတ္ထုပစ္စည်းများကိုလည်း စုဆောင်းနိုင်မည်ဖြစ်၏၊ ဤသို့အားဖြင့် ရန်သူ၏ နောက်တကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်ရန်အတွက် အဆင်ပြေနိုင်သည်၊ အကယ်၍ကျနော်တို့ကအရှေ့ဖက်မှအနောက်ဖက်သို့ဦးတည်၍ တိုက်ခိုက်သွားသော်ကန့်ကျန်းမြစ်က တားဆီးနေသဖြင့် တိုက်ပွဲအပြီးတွင် နယ်မြေတိုးချဲ့နိုင်စရာမရှိချေ။ အကယ်၍ တိုက်ပွဲအဆုံးသတ်ပြီးမှအရှေ့ဖက်သို့ပြန်၍ဦးလှည့်လာမည်ဆိုပါလျှင်၊ ကျနော်တို့မှာ တပ်လည်းပန်း၍ အချိန်လည်းကုန်ရဖို့ပင်ရှိ၏။

(၆) ကျနော်တို့၏ တပ်အင်အားသည် ပထမအကြိမ်တိုက်ပွဲကြီးတုန်းကနှင့်စာလျှင် အနည်းငယ်လျော့နည်းသွားသော်လည်း (သုံးသောင်းကျော်ခန့်ကျန်သည်) လေးလမျှအနားယူအားမွေးထားနိုင်ခဲ့၏။

အထက်ပါအကြောင်းများကြောင့် ဖုထျင်ဒေသ၌ ရှိသောဝမ်ကျင်းယွီနှင့် ကုန်းပင်ဖန်းတို့၏ တပ်များ (စုစုပေါင်းရဲဂျီမင့် ၁၁ ခုရှိသည်) ကို ပွဲဦးထွက်အဖြစ်တိုက်ရန် ကျနော်တို့ဆုံးဖြတ်ခဲ့၏။ ယင်းတိုက်ပွဲ၌အောင်ပွဲရပြီးနောက်ကိုးဝါစုန်၊ စွင်းလျင်ကျူန်၊ ကျူးရှောက်လျန်နှင့် လျူဟိုတင်တို့၏ တပ်များကို တတပ်ပြီးတတပ်တိုက်ခိုက်ခဲ့၏။ ၁၅ ရက်အတွင်း (၁၉၃၁ ခုနှစ် မေလ ၁၆ရက်နေ့မှ ၃၀ရက်နေ့အ



ထိ) ကျနော်တို့သည် လီပေါင်း ၇၀၀ ခရီးကို ချီတက်ပြီးတိုက်ပွဲ ၅ပွဲတိုက်ခဲ့ရာသေနတ်နှစ်သောင်းကျော်သိမ်းပိုက်ရရှိခဲ့၏၊ ဤသို့ဖြင့် "ဝိုင်းဝန်းချေမှုန်းမှု" ကိုအားရပါးရလက်သံပြောင်ပြောင်တိုက်ဖျက်နိုင်ခဲ့၏။ ဝမ်ကျင်းယွီကို တိုက်ခိုက်ခဲ့စဉ်က ကျနော်တို့သည် ချိုက်ထင်ခိုင်နှင့်ကိုးဝါစုန်ကွပ်ကဲသောတပ် ၂ တပ်ကြားသို့ရောက်နေသည်၊ ကိုးဝါစုန်တပ်နှင့် ၁၀ လီသာသာ၊ ချိုက်ထင်ခိုင်တပ်နှင့် လီ ၄၀ သာသာအလှမ်းကွာ၏၊ ကျနော်တို့သည် "ထွက်ပေါက်မရှိသည့်လမ်းကြားထဲသို့တိုးဝင်နေကြသည်" ဟုလူအချို့ကဆိုကြ၏။ သို့သော်အဆုံး၌ ကျနော်တို့သည် ထိုးဖေါက်နိုင်ခဲ့သည်။ ဤသို့ ပြုနိုင်ခဲ့သည့် အဓိကအကြောင်းရင်းမှာ စစ်ဆင်ရသည့်နေရာသည် အခြေခံဒေသဖြစ်ခြင်းနှင့် ရန်သူ၏တပ်များ အချင်းချင်းမညီမညွတ်ဖြစ်နေခြင်းကြောင့်ဖြစ်၏။ ကိုးဝါစုန်၏တပ်မကြီးအရေးနိမ့်သွားသောအခါ၊ ဟောင်မှန်လင်၏ တပ်မကြီးသည်ညတွင်းချင်းပင်ယန်ဖုန်းသို့ပြန်ပြေးသဖြင့် ဘေးဘေးမှလွတ်သွားလေသည်။

တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်ကအခြေအနေမှာအောက်ပါအတိုင်းဖြစ်၏။

(၁) ချန်ကေရှိတ်ကိုယ်တိုင်သေနာပတိချုပ်အဖြစ် ဦးစီးကွပ်ကဲ၍ သူ့လက်အောက်၌ သေနာပတိသုံးယောက်ခန့်အပ်ပြီး လက်ဝဲ၊ လက်ျာနှင့် အလယ်စစ်ကြောင်းသုံးကြောင်းကို ကွပ်ကဲစေသည်။ အလယ်စစ်ကြောင်း သေနာပတိဟိုယင့်ချင်းသည် ချန်ကေရှိတ်နှင့် အတူ နာန်ချန်ကိုနန်းချန်းမြို့၌ထား၏။ လက်ျာစစ်ကြောင်း သေနာပတိချင်

မင်ရှူးသည် သူ၏ဌာနချုပ်ကိုကျိအန်း၌ထား၏။ လက်ဝဲစစ်ကြောင်း သေနာပတိကျူးရှောက်လျန်သည်သူ၏ဌာနချုပ်ကိုနန်ဖုန်း၌ထား၏။

(၂) "ဝင်ရောက်ချေမှုန်း" ရန်လာကြသည့် တပ်အင်အားမှာလူ သုံးသိန်းရှိ၏။ အဓိကတပ်များမှာ ချန်ကေရှိတ်၏ ခါးပိုက်ဆောင်တပ် များဖြစ်ကြသော ချင်ချိန်၊ လိုကျူယင်း၊ ကျောက်ကွမ်းထောင်၊ ဝေ့လီ ဝှမ်နှင့် ကျန်တင်ဝင်တို့ကွပ်ကဲသည့် တပ်မကြီး ၅ တပ်ဖြစ်၏၊ တပ်မကြီး တတပ်တွင်ရဲဂျီမင့် ၉ ခုစီပါဝင်ရာစုစုပေါင်းလူတသိန်းခန့်ရှိသည်။ ဤ တပ်များအပြင်ကျန်ကွမ်းနိုင်၊ ချိုက်ထင်ဝိုင်နှင့် ဟန်တက်ချင်တို့ကွပ် ကဲသောတပ်မကြီးသုံးတပ်၌ လူလေးသောင်း၊ စွင်းလျင်ကျူနို့ကွပ်ကဲ သော တပ်တတပ်၌လူနှစ်သောင်းပါရှိသည်။ ကျန်တပ်များကားချန် ကေရှိတ်၏ ခါးပိုက်ဆောင်တပ်များမဟုတ်ကြ၊ အင်အားသေးငယ်ကြ သည်။

(၃) ရန်သူ၏ "ဝင်ရောက်ချေမှုန်း" ရေးသေနင်္ဂဗျူဟာမှာ "တ ဟုန်ထိုးဆက်တိုက်ဝင်တိုက်ရေး" ဖြစ်၏၊ ၎င်းသည်ဒုတိယအကြိမ်"ဝိုင်း ဝန်းချေမှုန်း" ခဲ့စဉ်ကကျင့်သုံးခဲ့သော "တက်လိုက်တပ်စွဲလိုက်" ဟူ သောသေနင်္ဂဗျူဟာနှင့် များစွာခြားနားပြီးတပ်နီတော်ကိုကန့်ကျန်း မြစ်နှင့် ညှပ်၍သုတ်သင်ချေမှုန်းပစ်ရန်ရည်ရွယ်ထားသည်။

(၄) ဒုတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" အဆုံးသတ်ချိန်မှတ တိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" စတင်ချိန်အထိတလမျှသာကြာ၏။ တပ်နီတော်သည် ပင်ပင်ပန်းပန်းတိုက်ခိုက်ရပြီးနောက်နားချိန်လည်းမ ရ၊ အားပြန်ဖြည့်ခြင်းလည်းမပြုနိုင်ခဲ့ဘဲ (လူသုံးသောင်းခန့်သာရှိ၏)၊



လီပေါင်းတထောင်မျှ ကွေ့ဝိုက်တပ်ခေါက်ကာကျန်းရှီးပြည်နယ်တောင် ပိုင်းအခြေခံဒေသအနောက်ဖက်ပိုင်းရှိ ရှင်းကိုတွင်စုရုံးခဲ့ကြ၏။ ထိုအ ချိန်၌ ရန်သူ့တပ်များသည် စစ်ကြောင်းခွဲ၍တပ်နီတော်၏ရှေ့မှောက် သို့ ချဉ်းကပ်လာနေပြီးဖြစ်သည်။ ဤသို့သောအခြေအနေမျိုးတွင်ကျ နော်တို့ချမှတ်လိုက်သောပထမလမ်းညွှန်ချက်မှာ ရှင်းကိုမှနေ၍ ဖမ့် အမ်းကိုဖြတ်ကာ ဖုထျင်ကိုဖေါက်ပြီးထွက်ရန်၊ ထိုနောက်အနောက် ဖက်မှ အရှေ့ဖက်သို့ချီတက်ကာရန်သူ့နောက်ပိုင်းဆက်သွယ်ရေးလမ်း ကြောင်း တလျှောက်ကို တဟုန်ထိုးတိုက်ရန်၊ ဤသို့လုပ်ခြင်းဖြင့်ရန်သူ ၏အဓိကတပ်များ ကျန်းရှီးပြည်နယ်တောင်ပိုင်း အခြေခံဒေသအတွင်း ပိုင်းသို့ဝင်လာသည်ကို အကျိုးမဲ့ဖြစ်သွားစေရန်ဖြစ်သည်။ ဤကားကျ နော်တို့ စစ်ဆင်မှု၏ပထမအဆင့်ဖြစ်၏။ ရန်သူသည်မြောက်ဖက်သို့ ပြန်လှည့်သွားသောအခါ အလွန်ခြေကုန်လက်ပန်းကျနေမှာ သေချာ သည်။ ထိုအချိန်ကျမှ ကျနော်တို့က ရန်သူ၏ တိုက်ရလွယ်သောအပိုင်း များကိုချက်ကောင်းယူပြီး တိုက်ခိုက်မည်။ ဤကားဒုတိယအဆင့်ဖြစ် ၏။ ဤလမ်းညွှန်ချက်၏ လိုရင်းအချက်မှာ ရန်သူ၏ အဓိကတပ်များ ကိုရှောင်ရှား၍ အားနည်းသောတပ်များကိုဝင်တိုက်ရန်ပင်ဖြစ်၏။ သို့ သော်ဖုထျင်သို့ ကျနော်တို့တပ်များချီတက်သွားနေစဉ် ရန်သူကသိရှိ သွားသဖြင့်၊ ချင်ချိန်နှင့် လိုကျူယင်း ကွပ်ကဲသောတပ်မကြီးနှစ်တပ် ကအပြင်းချီတက်လိုက်လာကြသည်။ ထို့ကြောင့် ကျနော်တို့မှာ မူလ အစီအစဉ်ကိုပြောင်းလဲပစ်လိုက်ရပြီး ရှင်းကိုအနောက်ဖက်၌ ရှိသော ကောင်းရှင်းရှီးသို့ပြန်လာရ၏။ ထိုအချိန်၌ကောင်းရှင်းရှီးဈေးကွက်

နှင့်အနီးတဝိုက်ရှိ စတုရန်းလီလေးငါးခြောက်ဆယ်ခန့်သာ ကျယ်သောနေရာ၌ ကျနော်တို့တပ်များကို စုရုံးနိုင်ခဲ့၏။ တနေ့တာမျှ စုရုံးပြီးနောက်အရှေ့ဖက်သို့ဦးလှည့်ကာရှင်းကိုခရိုင်အရှေ့ဖက်ရှိလျင်ထန်၊ ယုန်ဖုန်းခရိုင်တောင်ဖက်ရှိလျန်ချင်းနှင့် နင်တူးခရိုင်မြောက်ဖက်ရှိ ဝှမ်ဖိုတို့ဖက်ဆီသို့ တဟုန်ထိုးချီတက်သွားရန် ဆုံးဖြတ်လိုက်၏။ ပထမနေ့၌ကျနော်တို့သည် ညဉ့်အမှောင်ကို အကာကွယ်ယူပြီး ကျန်တင်ဝင်၏တပ်မကြီးနှင့် ကျန်ကွမ်းနိုင်၊ ချိက်ထင်ခိုင်၊ ဟန်တက်ချင်တို့၏တပ်များကြားထဲက လီလေးဆယ်မျှလပ်နေသည့်နေရာမှထွက်ကာ လျင်ထန်ဖက်သို့လှည့်ချီခဲ့၏။ ဒုတိယနေ့၌ ကျနော်တို့သည် ရှန်ကွမ်းယွင်ရှန်းကွပ်ကဲသောတပ် (ရှန်ကွမ်းသည်သူ့ကိုယ်ပိုင်တပ်မကြီးဖြင့် ဟောင်မုန်လင်၏တပ်မကြီးကိုကွပ်ကဲသည်) ၏ရှေ့ပြေးကင်းနှင့်ရင်ဆိုင်ခဲ့ရ၏။ တတိယနေ့၌ ရှန်ကွမ်းယွင်ရှန်၏ တပ်မကြီးကိုပွဲဦးထွက်တိုက်၍ စတုတ္ထနေ့၌ ဒုတိယပွဲအဖြစ်ဟောင်မုန်လင်၏ တပ်မကြီးကိုတိုက်ခဲ့၏။ ထိုနောက် ကျနော်တို့သည်ဝှမ်ဖိုသို့သုံးရက်နှင့်အရောက်ချီတက်ကာ တတိယပွဲအဖြစ် မော်ပင်ဝင်၏တပ်မကြီးကိုတိုက်ခဲ့၏။ ယင်းတိုက်ပွဲသုံးပွဲစလုံး၌ ကျနော်တို့ကနိုင်၍ သေနတ်တသောင်းကျော် သိမ်းပိုက်ရရှိခဲ့သည်။ ထိုအချိန်၌ အနောက်ဖက်နှင့် တောင်ဖက်သို့ ချီတက်နေသောရန်သူ့အဓိကတပ်အားလုံးသည် အရှေ့ဖက်သို့ ဦးလှည့်ကာဝှမ်ဖိုဖက်သို့ အာရုံစူးစိုက်ပြီး ကျနော်တို့ကို တိုက်ရန်အတွက် တပြိုင်တည်းအပြင်းချီတက်လာကြ၏။ အကြီးအကျယ်ပိုက်စိပ်တိုက်ဝိုင်းလာကာ ကျနော်တို့တပ်အနားသို့ကပ်လာကြ၏။ ကျနော်တို့တပ်များသည် ကျန်



ကွမ်းနိုင်၊ ချိက်ထင်ခိုင်၊ ဟန်တက်ချင်တို့၏ တပ်များနှင့်၊ ၎င်းတို့တပ်နှင့်လီနှစ်ဆယ်ခန့်ဝေးသောချင်ချိန်၊ လိုကျိုယင်းတို့၏ တပ်များအကြားရှိတောင်ကြီးများကို တိတ်တိတ်ဖြတ်ကျော်ကာ အရှေ့ဖက်မှနေ၍အနောက်ဖက်ရှိ ရှင်းကိုနယ်တွင်းသို့သွားရောက်စုရုံးကြ၏။ ရန်သူက ကျနော်တို့စုဝေးရာနေရာကို သိသွား၍ အနောက်ဖက်သို့ချီတက်လာသောအခါ၊ ကျနော်တို့တပ်များမှာ လဝက်မျှအနားယူပြီးဖြစ်ပြီး ရန်သူ့တပ်များမှာမူ အစာရေစာလည်းပြတ်၊ ခြေကုန်လက်ပန်းလည်းကျ၊ စိတ်ဓါတ်လည်းကျ၊ လက်မှိုင်ချ၍လည်းနေကြရတော့သဖြင့် တပ်ဆုတ်ရန် ဆုံးဖြတ်လိုက်ကြရတော့၏။ ရန်သူများတပ်ဆုတ်သွားသည်ကို အခွင့်ကောင်းယူကာ ကျနော်တို့က ကျန်ကွမ်းနိုင်၊ ချိက်ထင်ခိုင်၊ ကျန်တင်ဝင်နှင့် ဟန်တက်ချင်တို့၏ တပ်များကိုတိုက်ခိုက်လိုက်ရာကျန်တင်ဝင်၏ တပ်မဟာတတပ်နှင့် ဟန်တက်ချင်၏ တပ်မကြီး တတပ်တို့ကိုချေမှုန်းသုတ်သင်နိုင်ခဲ့၏။ ကျန်ကွမ်းနိုင်နှင့် ချိက်ထင်ခိုင်တို့၏တပ်မကြီးနှစ်တပ်ကို တိုက်ခိုက်ရာတွင်မူ အားချင်းညီနေသဖြင့်နောက်ဆုံး၌အဆိုပါတပ်များသည် ဆုတ်ပြေးသွားနိုင်ခဲ့၏။

စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်ကအခြေအနေမှာအောက်ပါအတိုင်းဖြစ်သည်။

ရန်သူတပ်များသည် စစ်ကြောင်းသုံးကြောင်းခွဲ၍ ကွမ်ချန်းသို့ချီတက်လာကြ၏၊ အဓိကတပ်ကအရှေ့ဖက်စစ်ကြောင်းမှ ချီလာ၏၊ အနောက်ဖက်စစ်ကြောင်းမှချီတက်လာသည့် တပ်မကြီးနှစ်တပ်သည်ကျနော်တို့ရှေ့မှောက်၌ ဘွားဘွားကြီးပေါ် နေသည့်အပြင် ကျနော်တို့

တပ်များစုဝေးရာအရပ်နှင့်လည်း နီးကပ်နေ၏။ သို့ဖြစ်၍ ကျနော်တို့သည် အနောက်ဖက်စစ်ကြောင်းမှ ချီတက်လာသော ရန်သူ့တပ်ကို ယီဝုမ်တောင်ဖက်ဒေသ၌ ဦးစွာတိုက်ခိုက်ရာလီမင်နှင့် ချင်ရှီကျိတို့၏ တပ်မကြီးနှစ်တပ်ကို တပွဲတည်းနှင့် သုတ်သင်ရှင်းလင်းပစ်လိုက်၏။ ရန်သူက လက်ဝဲစစ်ကြောင်းမှတပ်မကြီးနှစ်တပ်ခွဲထုတ်၍ အလယ်စစ်ကြောင်းမှ တပ်များနှင့်တွဲပြီး ရှေ့သို့ဆက်လက်ချီတက်လာပြန်သဖြင့် ကျနော်တို့က ယီငင်းတောင်ဖက်ဒေသ၌ ရန်သူတပ်မကြီးတတပ်ကို သုတ်သင်ရှင်းလင်းပစ်လိုက်ပြန်၏။ ယင်းတိုက်ပွဲနှစ်ပွဲတွင်သေနတ်အလက်တသောင်းကျော်သိမ်းပိုက်ရရှိခဲ့၏။ ရန်သူ၏ ဤအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" သည်လည်း အခြေခံအားဖြင့်ပျက်ပြားသွားလေတော့သည်။

ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်ကမူ ရန်သူသည်ခံကတုတ်များတည်ဆောက်သည့် သေနင်္ဗျူဟာသစ်ဖြင့် ချီတက်လာပြီးလီချွမ်းကို ဦးစွာသိမ်းပိုက်လိုက်၏။ ကျနော်တို့ကမူ လီချွမ်းကိုပြန်လည်သိမ်းပိုက်၍ ရန်သူကို အခြေခံဒေသအပြင်ဖက်၌ ခုခံတားဆီးထားရန် အကြံဖြင့် လီချွမ်းမြောက်ဖက်ရှိဒေသဖြူလည်းဖြစ်၊ ရန်သူ၏ အခိုင်အမာတပ်စခန်းလည်းဖြစ်သော ရှောင်းရှီကို ဝင်တိုက်ခဲ့၏။ ထိုတိုက်ပွဲ၌ မအောင်မြင်၍ ရှောင်းရှီအရှေ့တောင်ဖက်ရှိဒေသဖြူလည်းဖြစ် ရန်သူ အခိုင်အမာတပ်စခန်းလည်းဖြစ်သော စီးရှီးချောင်ကို တိုက်ခိုက်ပြန်ရာတွင်လည်း မအောင်မြင်ခဲ့ချေ။ ထိုနောက်တွင်ကား ကျနော်တို့သည် ရန်သူ့အဓိကတပ်များနှင့် ခံကတုတ်များကြား၌ လှည့်လည်၍တိုက်ပွဲများရှာကြံတိုက်ခိုက်နေရသဖြင့်လက်ဦးမှုမဲ့သည့် အခြေသို့ လုံးလုံးကျရောက်သွားတော့၏။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတနှစ်ကြာအောင်တုံ့ပြန်တိုက်ခိုက်ခဲ့သည်တွင် လက်ဦးမှုနှင့် တက်ကြွဖျတ်လတ်မှုလုံးဝမရှိခဲ့ချေ၊ နောက်ဆုံး၌မတတ်သာ၍ကျန်းရှီးပြည်နယ် အခြေခံဒေသမှဆုတ်ခွါခဲ့ရလေတော့သည်။



အထက်ဖေါ်ပြပါ ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ "ဝိုင်းဝန်းချေမှုန်းမှု" ကိုကျနော်တို့တပ်များ တုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က ရရှိခဲ့သည့်အတွေ့အကြုံများက၊ ခံစစ်ဘဝသို့ရောက်နေသောတပ်နီတော်သည် မိမိထက်အားကောင်းသော "ဝင်ရောက်ချေမှုန်း" လာသည့်ရန်သူ့တပ်များကို တိုက်ဖျက်ပစ်လိုလျှင်၊ ပြန်လှန်ထိုးစစ်ဆင်သည့် ပွဲဦးထွက်တိုက်ပွဲကို အလွန်အရေးကြီးသောတိုက်ပွဲအဖြစ်ယူဆရမည် ဖြစ်ကြောင်းသက်သေပြခဲ့၏။ ပွဲဦးထွက်တိုက်ပွဲ၏ အနိုင်အရှုံးသည် အခြေအနေတခုလုံးကို အကြီးအကျယ်ဂယက်ရိုက်စေနိုင်၏၊ နောက်ဆုံးတိုက်ပွဲကိုပင်ဂယက်ရိုက်စေနိုင်၏။ ထို့ကြောင့် ကျနော်တို့သည်အောက်ပါကောက်ချက်များကို ရရှိလေသည်။

ပထမအချက်။ ပွဲဦးထွက်တိုက်ပွဲကိုမုချအနိုင်တိုက်ရမည်။ ရန်သူ၏အခြေအနေ၊ မြေအနေအထား၊ လူထုအခြေအနေ စသည့်အကြောင်းအချက်တို့သည် ရန်သူ့အတွက်အကျိုးမရှိဘဲ ကျနော်တို့အတွက် အကျိုးရှိပြီးနိုင်ဖို့သေချာမှ တိုက်ခိုက်ရမည်။ နိုင်ဖို့မသေချာပါကနောက်ဆုတ်ပေးပြီးအခွင့်ကောင်းကို စောင့်ရမည်။ အခွင့်ကောင်းဆိုသည်မှာ ရှိစမြဲပင်ဖြစ်၍ ပေါ့ပေါ့ဆဆပြန်မတိုက်သင့်ပေ။ ပထမအကြိမ်

"ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က ကျနော်တို့၏မူလအစီအစဉ်မှာ ထန်တောက်ယွမ်၏ တပ်များကို တိုက်ရန်ဖြစ်၏၊ သို့သော် သူ၏တပ်များသည် အထက်စီးနေရာကောင်းဖြစ်သော ယွမ်ထိုတပ်စခန်းမှ ထွက်မလာသောကြောင့်သာ ကျနော်တို့တပ်များနှစ်ကြိမ်တိုင်ချီတက်သွားသော်လည်း နှစ်ကြိမ်စလုံးပင် စိတ်ချုပ်တည်းပြီးပြန်ဆုတ်လာခဲ့၏။ ထိုနောက်ရက်အနည်းငယ်ကြာသောအခါ ကျနော်တို့တပ်များသည် အတိုက်ရလွယ်သော ကျန်းဟွေးစန်၏ တပ်များကိုတွေ့၍ အနိုင်တိုက်နိုင်ခဲ့လေသည်။ ဒုတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က ကျနော်တို့၏တပ်များသည် တုန်းကုသို့အရောက်ချီတက်ခဲ့ရာ ခိုင်မာတောင့်တင်းသော ဖုထျင်တပ်စခန်းမှ ဝမ်ကျင်းယွီကွပ်ကဲသည့် တပ်များထွက်ခွါလာသည်ကိုစောင့်ခဲ့၏၊ သတင်းများပေါက်ကြားသွားမည့် အန္တရာယ်ကို အရေးမထားဘဲ အလောတကြီးမြန်မြန်တိုက်ရန် အကြံပေးချက်မှန်သမျှကိုလည်း ငြင်းပယ်ပြီးရန်သူနှင့် အလွန်နီးသောထိုနေရာမှာပင် ၂၅ ရက်ကြာမျှတပ်ချခဲ့၏။ နောက်ဆုံးတွင် ကျနော်တို့၏ ဆန္ဒအတိုင်းဖြစ်လာလေ၏။ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်စဉ်က ကျနော်တို့သည် မိုးသက်မုန်တိုင်းကျနေသည့် အခြေအနေမျိုးနှင့်ရင်ဆိုင်နေရ၏၊ လီပေါင်းတထောင်ခရီးနှင်၍ တပ်ခေါက်ခဲ့ရ၏၊ ရန်သူ၏နံဘေးနှင့်နောက်ကျောတွင် လှည့်ပတ်တိုက်ခိုက်မည့် ကျနော်တို့၏ အကြံအစည်ကိုလည်း ရန်သူကသိရှိသွား၏၊ သို့သော်လည်း ကျနော်တို့သည် စိတ်ချုပ်တည်း၍တပ်ဆုတ်ခဲ့၏၊ မူလအစီအစဉ်ကို ဖျက်၍ရန်သူ့စစ်



မျက်နှာ၏ အလယ်မှပေါက်ထွက်လာခဲ့၏၊ နောက်ဆုံးတွင်လျင်ထန်၌ပွဲဦးထွက်တိုက်ပွဲကို အောင်အောင်မြင်မြင်တိုက်နိုင်ခဲ့၏။ စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်က ကျနော်တို့သည်နန်ဖုန်းကိုတိုက်ရာ အထမမြောက်သဖြင့်ပြတ်ပြတ်သားသားပင် ဆုတ်ခွါခဲ့ပြီး ရန်သူ၏ လက်ျာတောင်ပံဖက်သို့လှည့်ဝင်လာကာ တုန်းရှောင်ဒေသတွင် ကျနော်တို့၏ တပ်များကို စုဝေးလိုက်၏၊ ထိုနောက် ယီဝှမ်တောင်ဖက်တွင် ကျနော်တို့အကြီးအကျယ်နိုင်သည့် တိုက်ပွဲကို စတင်ခဲ့လေသည်။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခဲ့စဉ်ကသာ ပွဲဦးထွက်တိုက်ပွဲ၏ အရေးကြီးပုံကို လုံးဝနားမလည်ဘဲ၊ လီချွမ်းမြို့တမြို့ကျသွားရုံနှင့်ပင် ကျနော်တို့သည်တုန်လှုပ်ချောက်ချားကာ ထိုမြို့ကို ပြန်သိမ်းရန်အကြံဖြင့် မြောက်ဖက်သို့ချီတက်တိုက်ခိုက်၏၊ ရှင်ခို၌ ကျနော်တို့သည် ရန်သူနှင့် မမြော်လင့်ဘဲရင်ဆိုင်တိုက်ခိုက်အောင်နိုင်ခဲ့ပြီးနောက် (ထိုတိုက်ပွဲ၌ရန်သူ့ တပ်မကြီး တတပ်လုံးပြုတ်သွား၏) ထိုတိုက်ပွဲကို ပွဲဦးထွက်တိုက်ပွဲအဖြစ်လည်းမမှတ်ယူ၊ ထိုတိုက်ပွဲကြောင့် ဖြစ်ပေါ်လာမည့်ပြောင်းလဲမှုများကိုလည်း မမြင်ဘဲ၊ အနိုင်ရဖို့ မသေချာသောရှောင်းရှီသို့ တဇောက်ကန်းဝင်တိုက်ခဲ့၏။ ဤသို့ဖြင့် ကျနော်တို့မှာ ပထမခြေလှမ်း၌ပင် လက်ဦးမှုမဲ့သည့် အခြေသို့ရောက်ခဲ့ရ၏။ ဤသည်ကားအမိုက်မဲဆုံးနှင့် အညံ့ဖျင်းဆုံးတိုက်ပုံတိုက်နည်းဖြစ်၏။

ဒုတိယအချက်။ ပွဲဦးထွက်တိုက်ပွဲစီမံကိန်းသည် တိုက်ပွဲကြီးစီမံကိန်းတခုလုံးထဲက ခွဲ၍မရသောရှေ့ဦးအစိတ်အပိုင်းဖြစ်ရမည်။ တိုက်

ပွဲကြီးတခုလုံးအတွက် ကောင်းမွန်သောစီမံကိန်းမရှိလျှင်၊ တကယ် ကောင်းမွန်သောပွဲဦးထွက်တိုက်ပွဲ ဘယ်တော့မှမရှိနိုင်။ ဆိုလိုသည်မှာ ပွဲဦးထွက်တိုက်ပွဲ၌ အောင်ပွဲခံရသည့်တိုင်အောင် ထိုတိုက်ပွဲသည် တိုက်ပွဲကြီးတခုလုံးအတွက် အကျိုးမရှိဘဲ အကျိုးယုတ်စေပါက၊ အနိုင်ရသော်လည်းရှုံးသည်ဟုဆိုရပေမည် (ဥပမာပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်း" စဉ်ကရှင်ချိ၌တိုက်ခဲ့သောတိုက်ပွဲ မျိုး)။ သို့ဖြစ်ရာပွဲဦးထွက်တိုက်ပွဲမဆင်နွှဲမီကပင်ဒုတိယ၊ တတိယ၊ စတုတ္ထတိုက်ပွဲတွင်သာမက နောက်ဆုံးတိုက်ပွဲတွင်ပါ ယေဘုယျအားဖြင့် မည်သို့မည်ပုံ တိုက်ခိုက်ရမည်ဆိုသည်ကိုရင်း၊ အကယ်၍ ကျနော်တို့သည် ဆက်လက်တိုက်ခိုက်သွားရမည့် တိုက်ပွဲတိုင်း၌အောင်ပွဲခံရပါက ရန်သူ့ တပ်အခြေအနေတရပ်လုံးသည် မည်သို့ပြောင်းလဲသွားမည်ဆိုသည်ကိုရင်း၊ အကယ်၍ရှုံးနိမ့်ပါက မည်သို့ ပြောင်းလဲသွားမည်ဆိုသည်ကိုရင်း တွက်ဆထားရန် လို၏။ နောက်ဆုံးပေါ် ပေါက်လာမည့် အကျိုးဆက်သည် ကြိုတင်မြော်မှန်းထားသည့်အတိုင်းထပ်တူထပ်မျှဖြစ်ချင်မှဖြစ်မည်၊ သို့မဟုတ် ထပ်တူထပ်မျှမဖြစ်ဘဲ နေမည်မှန်သော်လည်းရန်သူနှင့်ကျနော်တို့ဖက်မှအခြေအနေအလုံးစုံကို ထောက်ထားကာ အစစအရာရာကို သေသေချာချာ တိတိကျကျ စဉ်းစားသိမြင်ထားရမည်။ အခြေအနေတခုလုံး ကိုသိမြင်ထားခြင်းမရှိပါက၊ တကယ်ကောင်းသည့် ကျားကွက်တကွက် ရွှေ့နိုင်လိမ့်မည်မဟုတ်ချေ။

တတိယအချက်။ လာလတ္တံ့သောသေနင်္ဂဗျူဟာအဆင့်၌ မည်သို့မည်ပုံ လုပ်ရမည် ဆိုသည်ကိုပါ ဆင်ခြင်တွက်ဆထားရမည်။ ကျနော်



တို့သည် ပြန်လှန်ထိုးစစ်ဆင်ရေးကိုသာအာရုံစူးစိုက်နေပြီး ပြန်လှန်ထိုးစစ်အောင်ပွဲခံရပြီးနောက် သို့မဟုတ် မတော်တဆအရေးနိမ့်သွားရပြီးနောက်တွင် ဘာဆက်လုပ်ရမည်ဆိုသည်ကို ကြိုတင်စဉ်းစားထားခြင်းမရှိပါက၊ သေနင်္ဂဗျူဟာကို ညွှန်ကြားကွပ်ကဲသူအနေဖြင့်တာဝန်ကျေပြွန်ပြီဟုမဆိုနိုင်ချေ။ သေနင်္ဂဗျူဟာကို ညွှန်ကြားကွပ်ကဲသူတို့သည် သေနင်္ဂဗျူဟာအဆင့်တခု၌ ရောက်နေချိန်တွင်၊ လာလတ္တံ့သော အဆင့်များအတွက် သို့မဟုတ် ယုတ်စွအဆုံး လာမည့်အဆင့်တဆင့်အတွက် ဆင်ခြင်တွက်ဆထားနှင့်ရမည်ဖြစ်၏။ နောက်နောင်တွင် ပေါ်ပေါက်လာမည့်ပြောင်းလဲမှုများသည်ခန့်မှန်းရန်မလွယ်ဘဲ အလှမ်းဝေးလေလေ မသဲမကွဲဖြစ်လေလေရှိမည်ဖြစ်သော်လည်း၊ အကြမ်းအားဖြင့် တွက်ဆ၍ကားရနိုင်သည်၊ အနာဂတ်ဖြစ်ပျက်ပုံကို တွက်ဆထားရန်လိုအပ်သည်။ တလှမ်းတက်ပြီးကာမှ နောက်တလှမ်းအတွက် စဉ်းစားသည့်ညွှန်ကြားကွပ်ကဲနည်းသည် နိုင်ငံရေးအတွက်ရောစစ်ရေးအတွက်ပါ အကျိုးယုတ်စေ၏။ တလှမ်းလှမ်းပြီးတိုင်း ထိုခြေလှမ်းကြောင့်အတိအကျပြောင်းလဲလာပုံကိုကြည့်ရမည်၊ ထိုပြောင်းလဲမှုအရ မိမိ၏သေနင်္ဂဗျူဟာစီမံကိန်းများနှင့် တိုက်ပွဲကြီးစီမံကိန်းများကို ပြုပြင်ရမည်သို့မဟုတ်ဖြည့်စွက်တိုးပွါးစေရမည်။ ယင်းသို့မလုပ်ပါက ဆင်ကန်းတောတိုးမိုက်ရူးရဲအမှားကို ကျူးလွန်မိလိမ့်မည်။ ထို့ပြင်သေနင်္ဂဗျူဟာအဆင့်ကြီးတခုလုံး၊ သေနင်္ဂဗျူဟာအဆင့်အချို့တို့နှင့် ပတ်သက်သော၊ ယေဘုယျအားဖြင့် ဆင်ခြင်သဘောပေါက်ထားပြီး သော၊ ရေရှည်ဖြစ်သောလမ်းညွှန်ချက်မရှိလျှင်လည်း အလျှင်းမဖြစ်ပေ။ ဤသို့သော

လမ်းညွှန်ချက်မရှိပါက တွေဝေနှောင့်နှေးအကျပ်တွေ့သည့်အမှားများ ဖြစ်ပေါ် လာတတ်လျက် လက်တွေ့အားဖြင့် ရန်သူ၏သေနင်္ဂဗျူဟာလို အပ်မှုနှင့် အံကိုက်ဖြစ်သွားပြီး မိမိကိုယ်ကိုလက်ဦးမှုမဲ့သည့် အဖြစ် သို့ကျရောက်သွားစေတတ်၏။ ရန်သူ၏စစ်ဌာနချုပ်သည် သေနင်္ဂဗျူဟာအမြင်တစုံတရာရှိသည်ကို ကျနော်တို့ သိထားကြရမည်။ ကျနော်တို့ကိုယ်ကိုရန်သူထက်ပို၍ လိမ္မာပါးနပ်အောင်လေ့ကျင့်ထားပါမှ သေနင်္ဂဗျူဟာအရ အောင်ပွဲခံနိုင်စရာအကြောင်း ရှိလိမ့်မည်။ ပဌမ အကြိမ်ရန်သူ "ဝိုင်းဝန်းချေမှုန်း" စဉ်က "လက်ဝဲ" အချောင်ဝါဒလမ်းစဉ်နှင့်ကျန်းကိုထောင်လမ်းစဉ်တို့၏သေနင်္ဂဗျူဟာလမ်းညွှန်ချက် မှောက်မှားရခြင်းကား၊ အဓိကအားဖြင့် ဤသို့ မလုပ်ဆောင်ခဲ့ခြင်းကြောင့်ဖြစ်၏။ အချုပ်အားဖြင့်ဆိုရသော် ဆုတ်ခွါရသည့် အဆင့်၌ ပြန်လှန်ထိုးစစ်ဆင်မည့်အဆင့်အတွက် ခန့်မှန်းတွက်ဆထားရမည်၊ ပြန်လှန်ထိုးစစ်ဆင်သည့်အဆင့်၌ထိုးစစ်ဆင်မည့် အဆင့်အတွက် ခန့်မှန်းတွက်ဆထားရမည်၊ ထိုးစစ်ဆင်သည့် အဆင့်၌ ဆုတ်ခွါရမည့် အဆင့်အတွက်လည်း ခန့်မှန်းတွက်ဆထားရဦးမည်ဖြစ်၏။ ယင်းသို့သောခန့်မှန်းတွက်ဆမှုမျိုးမလုပ်ဘဲ မျက်မှောက်လောလောလတ်လတ်အကျိုးရှိမရှိ ဆိုသည့်အချက်တွင်သာရစ်ဝဲနေပါကအရေးနိမ့်ရမည်သာဖြစ်၏။

ပွဲဦးထွက်တိုက်ပွဲတွင်အနိုင်ရအောင်တိုက်ရမည်။ တိုက်ပွဲကြီး တခုလုံးအတွက်စီမံကိန်းများကို ထည့်သွင်းစဉ်းစားထား ရမည်။ လာလတ္တံ့သောသေနင်္ဂဗျူဟာအဆင့်အတွက်လည်း ထည့်သွင်းစဉ်းစား ထားရမည်။ ဤသည်တို့ကားပြန်လှန်ထိုးစစ် စတင်ဆင်နွှဲသောအခါ (ဝါ)ပွဲ



ဦးထွက်တိုက်ပွဲဆင်နွှဲသောအခါ၌ မေ့လျော့၍မဖြစ်သော မူသုံးချက်ပင်ဖြစ်၏။

## (၆) တပ်အင်အားစုစည်းရေးပြဿနာ

တပ်အင်အားစုစည်းခြင်းသည် လွယ်သယောင်ယောင်နှင့် လက်တွေ့မှာ အလွန်ခက်ခဲသောအလုပ်ဖြစ်၏။ အများစုဖြင့်အနည်းစုကို အနိုင်ရအောင်တိုက်ခြင်းသည် အကောင်းဆုံးသောနည်းဖြစ်ကြောင်း လူတိုင်းနားလည်ကြ၏။ သို့သော် လူအတော်များများသည် ယင်းသို့မလုပ်နိုင်ကြရုံမက မိမိတို့၏တပ်များကို ရံဖန်ရံခါ အစုစုခွဲပစ်လေ့ရှိကြ၏။ ဤသို့ဖြစ်ရခြင်းမှာတပ်မှူးများ၌ သေနင်္ဂဗျူဟာဆိုင်ရာ ဥာဏ်ပညာများချို့တဲ့ခြင်းနှင့် ရှုပ်ထွေးသောပတ်ဝန်းကျင် အခြေအနေကြောင့် နဝေတိမ်တောင်ဖြစ်သွားကာပတ်ဝန်းကျင်အခြေအနေက ချယ်လှယ်သမျှကိုခံကြရခြင်းကြောင့်ဖြစ်၏။ သို့ဖြင့် မိမိဖါသာထိုးထွင်းလုပ်ဆောင်နိုင်စွမ်းမရှိတော့ဘဲမီးစင်ကြည့်ကကြရလေတော့သည်။

မည်မျှပင်ရှုပ်ထွေးဆိုးဝါး၍ ဒုက္ခသုက္ခနှင့် အတိပြီးသောအခြေအနေသို့ကျရောက်နေစေကာမူ၊ တပ်မှူးများအဖို့ ပထမဆုံးလိုအပ်သောအရာမှာ မိမိတို့၏တပ်များကို လိုသလိုလွတ်လွတ်လပ်လပ် စည်းရုံးအသုံးချနိုင်ရန်ပင်ဖြစ်၏။ ရန်သူ၏အကျပ်ကိုင်မှုကြောင့်လက်ဦးမှုမဲ့သည့်အခြေသို့ရောက်သွားတတ်သော်လည်း အရေးကြီးသည်မှာ လက်ဦးမှုကိုအမြန်ပြန်ရအောင်လုပ်ရန်ပင်ဖြစ်၏။ ဤသို့မလုပ်နိုင်ပါက အရေးနိမ့်ရမည်မှာသေချာ၏။

လက်ဦးခြင်း ဆိုသည်မှာ စိတ်ကူးသက်သက်မဟုတ်တဲ့ အကောင်အထည်ရှိသောရုပ်ဝတ္ထုဖြစ်၏။ ဤကိစ္စတွင် အရေးအကြီးဆုံး အချက်မှာ တိုက်အားကောင်းသောစစ်တပ်တွေကို များနိုင်သမျှ များများ ထိန်းသိမ်းထားရေးနှင့် စုရုံးထားရေးပင်ဖြစ်၏။

ခံစစ်သည် မူလကတည်းကပင်လက်ဦးမှုမဲ့သည့် အခြေသို့ ရောက်လွယ်၏။ ထိုးစစ်တွင် အစွမ်းကုန်လက်ဦးနိုင်သလောက် ခံစစ်တွင်မဦးနိုင်။ သို့တိုင်အောင်ခံစစ်သည်သဏ္ဌာန်အရ လက်ဦးမှုမဲ့နေသော်လည်း အတွင်းသဘောအရ လက်ဦးမှုရှိနိုင်၏။ သဏ္ဌာန်အားဖြင့်လက်ဦးမှုမဲ့သည့်အဆင့်မှ သဏ္ဌာန်အရရော အတွင်းသဘောအရပါ လက်ဦးမှုရသည့် အဆင့်သို့ကူးပြောင်းသွားနိုင်၏။ သေနင်္ဂဗျူဟာအရ သေသေချာချာ အစီအစဉ်လုပ်ထားသော ဆုတ်ခွါမှုသည်၊ သဏ္ဌာန်အားဖြင့် ဆိုရသော် မတတ်သာ၍ဆုတ်ခွါရခြင်းဖြစ်၏၊ အတွင်းသဘောအရဆိုလျှင်မူ မိမိ၏တပ်များကို ထိန်းသိမ်းထားရန်၊ အခွင့်ကောင်းစောင့်ပြီး ရန်သူကိုတိုက်ဖျက်ရန်၊ ရန်သူကို မိမိနယ်အတွင်းပိုင်းသို့ မျှားခေါ်ရန်နှင့်ပြန်လှန်ထိုးစစ်အတွက် အသင့်ပြင်ရန်ပင်ဖြစ်၏။ နောက်မဆုတ်လိုဘဲ ဒရောသောပါးပြန်တိုက်ခြင်း (ရှောင်းရှီစစ်၌ တိုက်ခဲ့သောတိုက်ပွဲမျိုး) သည်လက်ဦးမှုရအောင်ကြိုးပမ်းအားထုတ်သလို ရှိသော်လည်း၊ လက်တွေ့အားဖြင့်မူလက်ဦးမှုမဲ့နေ၏။ သေနင်္ဂဗျူဟာအရပြန်လှန်ထိုးစစ်ဆင်ခြင်းသည် အတွင်းသဘောအားဖြင့်သာ လက်ဦးမှုရသည် မဟုတ် သဏ္ဌာန်အရလည်း ဆုတ်ခွါစဉ်ကရှိခဲ့သောလက်ဦးမှုမဲ့သည့် အခြေမျိုးကိုပါ ဖယ်ရှားပစ်လိုက်၏။ ကျနော်တို့ကပြန်လှန်ထိုးစစ်ဆင်



လိုက်ခြင်းသည်၊ ရန်သူကိုလက်ဦးခွင့်မစွန့် စွန့်အောင်နှင့် လက်ဦးမှုမဲ့သည့်အခြေသို့ မရောက်ရောက်အောင် ကြိုးစားခြင်းပင် ဖြစ်သည်။

ဤရည်မှန်းချက် လုံးဝအထမြောက်ရန်အတွက် တပ်အင်အားစုစည်းရေး၊ လှုပ်ရှားစစ်၊ အမြန်အဆုံးသတ်စစ်၊ ချေမှုန်းရေးစစ်တို့ သည် လိုအပ်သောအချက်အလက်များပင်ဖြစ်၏။ ၎င်းတို့အနက် တပ်အင်အားစုစည်းရေးသည် ပထမနှင့်အဓိကလိုအပ်ချက်ဖြစ်၏။

တပ်အင်အားစုစည်းရန် လိုအပ်ရခြင်းမှာ ရန်သူ့ အခြေအနေနှင့် ကျနော်တို့အခြေအနေကိုပြောင်းလဲသွားစေရန်ဖြစ်၏။

ပထမအားဖြင့် တက်ခြင်းနှင့်ဆုတ်ခြင်းအခြေအနေကို ပြောင်းလဲပစ်ရန်ဖြစ်၏။ ယခင်ကရန်သူကတက်၊ ကျနော်တို့က ဆုတ်နေရသည့်အဖြစ်မှ ယခုကျနော်တို့ကတက် ရန်သူကဆုတ်သွားရသည့်အဖြစ်သို့ ရောက်အောင်ကြံဆောင်ခြင်းပင်ဖြစ်၏။ ကျနော်တို့သည် တပ်များကို စုရုံးပြီး အနိုင်ရအောင် တိုက်ပွဲတပွဲဆင်လိုက်သည်နှင့်တပြိုင်နက် ထိုတိုက်ပွဲ၌ပင် ဤရည်မှန်းချက်အထမြောက်သွားမည့်အပြင် တိုက်ပွဲကြီးတခုလုံးကိုလည်းဂယက်ရိုက်သွားနိုင်၏။

ဒုတိယအားဖြင့် ထိုးစစ်နှင့် ခံစစ်အခြေအနေကို ပြောင်းလဲပစ်ရန်ဖြစ်၏။ အဆုံးသတ် ဆုတ်ခွါသွားရမည့် နေရာအရောက်ဆုတ်ခွါသွားခြင်းသည်၊ခံစစ်တွင်အခြေခံအားဖြင့်မတက်ကြွသည့် အဆင့် (ဝါ) “ခံ” သည့်အဆင့်၌အကြုံးဝင်၏။ ပြန်လှန်ထိုးစစ်ဆင်ခြင်းကမူ တက်ကြွသောအဆင့် (ဝါ) “ထိုး” သည့်အဆင့်၌အကြုံးဝင်၏။ ဤသို့ပြန်လှန်ထိုးစစ်ဆင်ခြင်းသည်၊ သေနင်္ဂဗျူဟာအရ ခံစစ်တလျှောက်လုံး၌၊ ခံ

စစ်သဘောနှင့် မကင်းသော်လည်း၊ ဆုတ်ခွါခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင်၊ သဏ္ဍာန်အရရော အတွင်းသဘောအရပါ ပြောင်းလဲသွားပြီဖြစ်သည်။ ပြန်လှန်ထိုးစစ်ဆင်ခြင်းသည် သေနင်္ဂဗျူဟာအရခံစစ်ဆင်ခြင်းမှသေနင်္ဂဗျူဟာအရထိုးစစ်ဆင်ခြင်းသို့ ကူးပြောင်းသော စပ်ကူးမတ်ကူးအဆင့်ဖြစ်သည့်ပြင်၊ သေနင်္ဂဗျူဟာအရ ထိုးစစ်ဆင်ခါနီးသည့်သဘောလည်း ပါ၏။ တပ်များကိုစုရုံးခြင်းသည်သေနင်္ဂဗျူဟာအရ ထိုးစစ်ဆင်ရန်အတွက်ပင်ဖြစ်သည်။

တတိယအားဖြင့် အတွင်းစည်းနှင့် အပြင်စည်းယူသည့် အခြေအနေကိုပြောင်းလဲအောင်လုပ်ရန်ဖြစ်၏။ သေနင်္ဂဗျူဟာအရ အတွင်းစည်း၌စစ်ဆင်နေရသည့်စစ်တပ်သည်၊ အထူးသဖြင့် "ဝိုင်းဝန်းချေမှုန်းမှု" ခံနေရသည့် တပ်နီတော်သည်၊ မြောက်မြားစွာသော အဆင်မပြေမှုများနှင့်ရင်ဆိုင်နေရ၏။ သို့သော် ကျနော်တို့သည်တိုက်ပွဲကြီးများ၊ သို့မဟုတ်တိုက်ပွဲများဆင်နွှဲယင်း ဤသို့သောအခြေအနေကို ပြောင်းပစ်နိုင်၏။ ပြောင်းပစ်ရန်လည်း လုံးဝလိုအပ်၏။ ကျနော်တို့အားရန်သူက "ဝိုင်းဝန်းချေမှုန်း" သောတိုက်ပွဲကြီးကိုကျနော်တို့ကရန်သူအားနေရာများစွာ၌ ပြန်၍ဝိုင်းဝန်းချေမှုန်းသော တိုက်ပွဲကလေးပေါင်းအမြောက်အမြား ဖြစ်လာအောင် ပြောင်းလဲပစ်နိုင်၏။ ရန်သူကသေနင်္ဂဗျူဟာအရ စစ်ကြောင်းများခွဲ၍ ချီတက်ကာ ကျနော်တို့အား ညှပ်တိုက်သည်ကို၊ ကျနော်တို့က တိုက်ပွဲကြီးအရ သို့မဟုတ် တိုက်ပွဲအရ စစ်ကြောင်းများခွဲ၍ချီတက်ကာ ရန်သူအားညှပ်တိုက်သည့် အဖြစ်သို့ ပြောင်းလဲပစ်နိုင်၏။ ရန်သူကသေနင်္ဂဗျူဟာအရကျနော်တို့ထက် တ



ပန်းသာနေခြင်းကို၊ ကျနော်တို့ကတိုက်ပွဲကြီးအရ သို့မဟုတ် တိုက်ပွဲအရရန်သူထက်တပန်းသာသည့်အဖြစ်သို့ ပြောင်းလဲပစ်နိုင်၏။ သေနင်္ဂဗျူဟာအရ အင်အားတောင့်တင်းသူအဖြစ်၌ ရှိနေသော ရန်သူကို၊ တိုက်ပွဲကြီးအရ သို့မဟုတ်တိုက်ပွဲအရ အားပျော့သူအဖြစ်သို့ပြောင်းလဲပစ်နိုင်၏၊ သေနင်္ဂဗျူဟာအရ အားပျော့သူအဖြစ်၌ ရှိနေသော မိမိကိုယ်ကိုတိုက်ပွဲကြီးအရ သို့မဟုတ်တိုက်ပွဲအရ အင်အားတောင့်တင်းသူအဖြစ်သို့ရောက်အောင် ကျနော်တို့ကပြောင်းလဲပစ်နိုင်၏။ ဤသည်တို့ကိုအတွင်းစည်းစစ်ဆင်သည့်အထဲက အပြင်စည်းစစ်ဆင်ခြင်း၊ "ဝိုင်းဝန်းချေမှုန်း" သည့်အထဲကဝိုင်းဝန်းချေမှုန်းခြင်း၊ ပိတ်ဆို့သည့် အထဲကပိတ်ဆို့ခြင်း၊ ခံစစ်ဆင်သည့်အထဲကထိုးစစ်ဆင်ခြင်း၊ တပန်းရှုံးနေသည့်အထဲကတပန်းသာခြင်း၊ အားပျော့သူဖြစ်နေသည့်အထဲက အားကောင်းသူဖြစ်ခြင်း၊ အဆင်မပြေသည့်အထဲက အဆင်ပြေခြင်း၊ လက်ဦးမှုမဲ့သည့်အထဲကလက်ဦးမှုရခြင်းဟူ၍ ကျနော်တို့ကခေါ်ဆို၏။ သို့ဖြစ်ရာ၊ သေနင်္ဂဗျူဟာအရခံစစ်ဆင်ယင်း အနိုင်ရအောင် ကြိုးစားရာတွင်၊ အခြေခံအားဖြင့် တပ်အင်အားစုစည်းခြင်းကို အားထားရပေသည်။

တရုပ်တပ်နီတော်၏စစ်သမိုင်း၌၊ ဤပြဿနာသည် အရေးကြီးသည့်ပြဿနာအဖြစ်အမြဲပင်အငြင်းပွါးခဲ့ရသည်။ ၁၉၃၀ ခုနှစ်အောက်တိုဘာလ ၄ ရက်နေ့ကကျီအန်းတိုက်ပွဲကြီး၌၊ကျနော်တို့သည်တပ်များကိုစုရုံးမပြီးသေးမီ ချီတက်တိုက်ခိုက်ခဲ့သောကြောင့် ဘာမျှအရာမ

ရောက်ခဲ့ချေ၊ ရန်သူတပ် (တင့်ယင်းကျပ်ကဲသည့်တပ်မကြီး) ကသူတို့ အလိုလိုထွက်ပြေး၍သာ တော်ပေသေး၏။

"စစ်ကြောင်းအားလုံးမှ ထွက်တိုက်" ဆိုသည့် ဆောင်ပုဒ်သည် ၁၉၃၂ ခုနှစ်မှစ၍ပေါ် လာ၏၊ ထိုဆောင်ပုဒ်၏အလိုအရဆိုလျှင် အခြေခံဒေသ၏အရှေ့ - အနောက် - တောင် - မြောက်အရပ်လေးမျက်နှာမှ ထွက်တိုက်ကြရမည်ဖြစ်၏။ ထိုဆောင်ပုဒ်သည်သေနင်္ဂဗျူဟာအရ ခံစစ်ဆင်မှုအတွက်သာ မှားသည်မဟုတ်၊ သေနင်္ဂဗျူဟာအရ ထိုးစစ်ဆင်မှုအတွက်လည်းမှား၏။ ရန်သူနှင့် ကျနော်တို့၏ အင်အားအနေအထားတခုလုံး၌ အခြေခံအားဖြင့်ပြောင်းလဲမှု မရှိသေးသမျှ ကာလပတ်လုံး၊ သေနင်္ဂဗျူဟာအရာ၌၎င်း၊ စစ်ပရိယာယ်အရာ၌၎င်း၊ ခံစစ်နှင့်ထိုးစစ်၊ ချုပ်ငင်မှုနှင့်မုန်တိုင်းစစ်ဆင်မှုတို့သည်အမြဲဒွန်တွဲလျက်ရှိ၏။ "စစ်ကြောင်းအားလုံးမှထွက်တိုက်" သည့်အဖြစ်မျိုးသည် လက်တွေ့၌ အလွန်ရှိခဲ၏။ စစ်ကြောင်းအားလုံးမှ ထွက်တိုက်ဟူသောဆောင်ပုဒ်သည် စစ်ရေးမိုက်ရူးရဲဝါဒနှင့်အတူ ပါလာသောစစ်ရေး အညီအမျှဝါဒပင်ဖြစ်၏။

၁၉၃၃ခုနှစ်သို့ရောက်လာသောအခါစစ်ရေးအညီအမျှဝါဒီတို့သည် "လက်သီးနှစ်ဖက်ဖြင့်ထိုးရမည်" ဟုပြောလာကြ၏။ သူတို့သည်တပ်နီတော်၏ အဓိကတပ်များကိုနှစ်စုခွဲပစ်ပြီး သေနင်္ဂဗျူဟာ ဦးတည်ချက်နှစ်ခုစလုံး၌ တပြိုင်တည်း အနိုင်ရအောင် ကြိုးစားကြ၏။ ဤသို့လုပ်သဖြင့်လက်သီးတဖက်သည် အသုံးမကျဖြစ်နေခဲ့ရပြီး ကျန်တဖက်မှာမူ ဖပ်ဖပ်မောအောင်ထိုးခဲ့ရသည့်အပြင် ထိုအချိန်ကရသင့်သော အောင်



ပွဲကိုတင်းပြည့်ကျပ်ပြည့်မရခဲ့ချေ။ ကျနော်တို့၏သဘောအရ ပြောရပါမူ၊ ရန်သူ့ တပ်အင်အားကြီးမားသည့်အခြေအနေတွင် ကျနော်တို့၌ စစ်တပ်မည်မျှပင်ရှိသည်ဖြစ်စေ၊ အချိန်တချိန်၌ အဓိကဦးတည်ထားရမည့်နေရာသည်နှစ်ခုမရှိသင့်ဘဲ တခုတည်းသာရှိရမည်။ စစ်ဆင်ရေးဦးတည်ချက်နှစ်ခုဖြစ်စေ၊ နှစ်ခုထက်ပို၍ဖြစ်စေ ထားခြင်းကို ကျနော်မကန့်ကွက်ပါ၊ သို့သော်အဓိကဦးတည်ချက်သည် အချိန်တချိန်၌၊ တခုတည်းသာရှိသင့်၏။ တရုပ်ပြည်တွင်းစစ်၏စစ်မြေပြင်တွင် အင်အားချည့်နဲ့သောတပ်အနေဖြင့် ပေါ်ထွက်လာခဲ့ရသည့် တရုပ်တပ်နီတော်ကအားကောင်းသောရန်သူကို ကမ္ဘာကြီး သိမ့်သိမ့်တုန်သွားအောင် ဆက်ခါဆက်ခါအနိုင်တိုက်နိုင်ခြင်းမှာ များသောအားဖြင့် မိမိ၏တပ်များကိုစုရုံး၍အသုံးချခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ မည်သည့်အောင်ပွဲကြီးကပင်မဆို ဤအချက်ကို ထင်ရှားစေနိုင်၏။ "ဆယ်ယောက်ကို တယောက်နှင့်တိုက်၊ တရာကိုဆယ်ယောက်နှင့်တိုက်" ဟူသည်မှာသေနင်္ဂဗျူဟာအရဆိုခြင်းဖြစ်၏။ စစ်ပွဲတလျှောက်လုံး၌ ရန်သူနှင့်ကျနော်တို့၏ အင်အားအနေအထားတခုလုံးအရဆိုခြင်းဖြစ်၏။ ကျနော်တို့လုပ်နေသည်မှာ ဤအတိုင်းပင်ဖြစ်၏။ ၎င်းသည် တိုက်ပွဲကြီးနှင့် စစ်ပရိယာယ်အတွက်ဆိုခြင်းမဟုတ်ချေ။ တိုက်ပွဲကြီးနှင့် စစ်ပရိယာယ်အရဆိုပါမူ ကျနော်တို့သည် ယင်းသို့အလျှင်းမလုပ်သင့်ချေ။ ပြန်လှန်ထိုးစစ်ဆင်ရာ၌ဖြစ်စေ၊ ထိုးစစ်ဆင်ရာ၌ဖြစ်စေ၊ ကျနော်တို့သည်တပ်များကိုစုရုံးပြီးမှ ရန်သူ့တပ်တစိတ်တပိုင်းကို အလုံးအရင်းဖြင့် တိုက်လေ့ရှိ၏။ ၁၉၃၁ ခုနှစ် ဇန္နဝါရီလက ကျန်းရှီးပြည်နယ်နင်တူးခရိုင်တုံး

ရှောင်ဒေသ၌ ထန်တောက်ယွမ်၏တပ်များကိုတိုက်ခိုက်ခဲ့စဉ်က ဖြစ်စေ၊ ၁၉၃၁ ခုနှစ် ဩဂုတ်လက ကျန်းရှီးပြည်နယ် ရှင်းကိုခရိုင်ကောင်းရှင်ရှီးဒေသ၌ အမှတ် ၁၉ စစ်ကြောင်းတပ်မတော်ကိုတိုက်ခိုက်ခဲ့စဉ်က ဖြစ်စေ၊ ၁၉၃၂ ခုနှစ် ဇူလိုင်လက ကွမ်တုန်းပြည်နယ်နန်ရှန်ခရိုင်ရွေခိုရှီးဒေသ၌ ချင်ကျိထန်၏တပ်များကို တိုက်ခိုက်ခဲ့စဉ်ကဖြစ်စေ၊ ၁၉၃၄ ခုနှစ် မတ်လက ကျန်းရှီးပြည်နယ် လီချွမ်းခရိုင်ထွမ်ချင်းဒေသ၌ချင်ချိန်၏တပ်များကိုတိုက်ခိုက်ခဲ့စဉ်က ဖြစ်စေ၊ ကျနော်တို့သည်တပ်များကို မစုရုံးခဲ့သဖြင့်နစ်နာခဲ့ရ၏။ ရွေခိုရှီးနှင့်ထွမ်ချင်း၌ တိုက်ခဲ့သောတိုက်ပွဲမျိုးကိုအနိုင်ရသောတိုက်ပွဲဟု ယူဆရမည်သာမက အကြီးအကျယ်အနိုင်ရသောတိုက်ပွဲဟုပင်ယေဘုယျအားဖြင့် ဆိုနိုင်ပါ၏ (ရွေခိုရှီးတွင် ချင်ကျိထန်၏ ရဲဂျီမင့်ပေါင်း ၂၀ ထွမ်ချင်း၌ချင်ချိန်၏ ရဲဂျီမင့် ၁၂ ခုကို ကစင့်ကလျားဖြစ်အောင်ကျနော်တို့တိုက်ခဲ့၏)။သို့သော် ဤသို့သော အောင်ပွဲမျိုးကို ကျနော်တို့ ဘယ်တော့မျှမလိုလားရုံမက တစုံတရာသော အဓိပ္ပါယ်အရဆိုလျှင်ရှုံးသည့်ပွဲဟုပင်ပြောနိုင်သည်။အကြောင်းသော်ကား စစ်သုံ့ပန်းနှင့်စစ်ပစ္စည်းများ မရနိုင်လျှင် သို့မဟုတ်အရနှင့်အကုန်မကာမိလျှင် အဓိပ္ပါယ်သိပ်မရှိလှဟု ကျနော်တို့ ယူဆသောကြောင့် ဖြစ်၏။ ကျနော်တို့၏ သေနင်္ဂဗျူဟာမှာ "ဆယ်ယောက်ကို တယောက်နှင့်တိုက်" ခြင်းဖြစ်၏၊ ကျနော်တို့၏ စစ်ပရိယာယ်မှာ "တယောက်ကိုဆယ်ယောက်နှင့်တိုက်" ခြင်းဖြစ်၏၊ ၎င်းသည် ရန်သူကိုကျနော်တို့အနိုင်တိုက်ရန်အတွက်အရင်းခံထုံးနည်းတရပ်ဖြစ်၏။



စစ်ရေးအညီအမျှဝါဒသည် ၁၉၃၄ ခုနှစ်က ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ချိန်၌၊ အထွတ်အထိပ်သို့ရောက်ခဲ့၏၊ "တပ်များကို စစ်ကြောင်း ၆ ကြောင်းခွဲ" ၍ "စစ်ကြောင်းအားလုံးမှ နေ၍ခုခံ" ခြင်းအားဖြင့် ရန်သူကိုနိုင်လိမ့်မည်ဟု ၎င်းကယူဆ၏။ သို့သော်၊ အဆုံးမှာကျနော်တို့က ရန်သူကိုမနိုင်ဘဲ ရန်သူကကျနော်တို့ကို နိုင်သွားလေသည်။ ဤသို့ဖြစ်ရသည့်အကြောင်းကား နယ်မြေများ လက်လွှတ်ဆုံးရှုံးသွားမည်ကို စိုးရိမ်သောကြောင့်ပင်ဖြစ်၏။အဓိကတပ်များကိုဦးတည်ချက်တဖက်သည်း၌ စုထားသဖြင့် ကျန်သည့်ဖက်များတွင်ချုပ်ငြိမ်ရေးတပ်များသာရှိနေတော့မည်ဖြစ်ရာ နယ်မြေများ လက်လွှတ်ဆုံးရှုံးရမည်မှာသေချာသည်။ သို့ရာတွင် အခိုက်အတန့်နှင့်တစိတ်တဒေသအားဖြင့် လက်လွှတ်ဆုံးရှုံးခြင်းမျှသာဖြစ်၏၊ ထိုသို့အဆုံးရှုံးခံလိုက်ခြင်းဖြင့် ကျနော်တို့မှန်တိုင်းစစ်ဆင်သောဖက်၌ အောင်ပွဲရနိုင်သည်။ မှန်တိုင်းစစ်ဆင်သောဖက်က အောင်ပွဲခံရလျှင်၊ ချုပ်ငြိမ်သည့်ဖက်မှဆုံးရှုံးမှုများကို ပြန်၍အဖတ်ဆည်နိုင်၏။ ရန်သူ၏ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" များကြောင့်၊ ကျနော်တို့၏နယ်မြေများလက်လွှတ်ခဲ့ရ၏။ အထူးသဖြင့်ရန်သူက တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်း" ခဲ့စဉ်က၊ ကျန်းရှီးပြည်နယ်ရှိကျနော်တို့၏အခြေခံဒေသအားလုံးလိုလိုလက်လွှတ်ခဲ့ရ၏၊ သို့သော်နောက်ဆုံး၌ ကျနော်တို့၏နယ်မြေများကို ပြန်သိမ်းနိုင်ခဲ့ရုံသာမက ပို၍ပင်တိုးချဲ့နိုင်ခဲ့သေး၏။

အခြေခံဒေသမှ ပြည်သူလူထု၏ အင်အားကို မမြင်ခြင်းကြောင့်၊ အခြေခံဒေသနှင့် အလှမ်းဝေးလွန်းသောဒေသသို့ တပ်နီတော်ချီတက်သွားမည်ကိုစိုးရိမ်သည့်လွဲမှားသောစိတ်များမကြာခဏပေါ်ပေါက်လေ့ရှိ၏၊ ၁၉၃၂ ခုနှစ်တွင်ကျန်းရှီးပြည်နယ်မှ တပ်နီတော်သည်ဝေးလံသည့် ဖူကျင့်ပြည်နယ်ကျန်းကျိုးမြို့ကို ချီတက်တိုက်ခိုက်ခဲ့စဉ်ကရင်း၊ ၁၉၃၃ ခုနှစ်က စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်သောတိုက်ပွဲကြီး၌ အောင်ပွဲခံပြီးနောက်၊ တပ်နီတော်သည် ဖူကျင့်ပြည်နယ်ဖက်သို့ ဦးလှည့်၍တိုက်ခိုက်ခဲ့စဉ်ကရင်း၊ ဤသို့စိုးရိမ်စိတ်များ ပေါ်ပေါက်ခဲ့ဘူး၏။ ကျန်းကျိုးမြို့အားသွားတိုက်စဉ်က အခြေခံဒေသတခုလုံးကို ရန်သူသိမ်းပိုက်သွားလိမ့်မည်ဟုစိုးရိမ်ကြ၏၊ ဖူကျင့်ပြည်နယ်ဖက်သို့ ဦးလှည့်၍တိုက်စဉ်ကမူ အခြေခံဒေသအချို့ကို ရန်သူသိမ်းပိုက်သွားလိမ့်မည်ဟုစိုးရိမ်ကြ၏၊ ထို့ကြောင့်တပ်အင်အားစုစည်းခြင်းကို ဆန့်ကျင်ကြပြီး၊ တပ်များဖြန့်ခွဲ၍ ခုခံခြင်းကိုလိုလားကြ၏။ သို့သော်နောက်ဆုံး၌ ရှင်းတို့လွဲမှားကြောင်း ထင်ရှားနေ၏။ ရန်သူ့အနေဖြင့်ဆိုလျှင်၊ တဖက်က ကျနော်တို့၏အခြေခံဒေသသို့ချီတက်မလာဝံ့ချေ။ အခြားတဖက်၌မူ၊ ဒေသဖြူများသို့ ဝင်ရောက်တိုက်ခိုက်နေသော တပ်နီတော်သည် သူတို့အဖို့အဓိကအန္တရာယ်ဖြစ်နေ၏။ ရန်သူ၏အာရုံသည်တပ်နီတော်၏အဓိကတပ်များရှိရာသို့ အမြဲပင်စူးစိုက်နေသည်ဖြစ်၍ တပ်နီတော်၏ အဓိကတပ်များကို အရေးမစိုက်ဘဲအခြေခံဒေသကိုသာ မပြီးဝင်ရောက်တိုက်ခိုက်သည့်အဖြစ်မျိုးမှာ အလွန်နည်း၏။ တပ်နီတော်က ခံစစ်ဆင်နေသည့်အချိန်၌ပင်၊ ရန်သူသည် တပ်နီတော်အပေါ်၌သာ



အာရုံစူးစိုက်မြဲစူးစိုက်နေ၏။ ကျနော်တို့၏ အခြေခံဒေသသေးငယ်သွားအောင်လုပ်ရေးမှာ ရန်သူ၏အစီအစဉ်တခုလုံးထဲမှ တစိတ်တဒေသသာဖြစ်၏။ သို့သော် တပ်နီတော်က မိမိ၏အဓိကတပ်များကို စုရုံးကာ ရန်သူ၏စစ်ကြောင်းတကြောင်းကို ချေမှုန်းသုတ်သင်ပစ်လိုက်သည်ဆိုလျှင်၊ ရန်သူစစ်ဦးစီးဌာနချုပ်သည် တပ်နီတော်အဓိကတပ်များအပေါ် ပို၍အာရုံစူးစိုက်လာမည်၊ ပို၍များပြားသော တပ်များဖြင့် တပ်နီတော်အဓိကတပ်များကို ဦးတည်တိုက်ခိုက်လာမည် ဖြစ်သည်။ ထို့ကြောင့် ကျနော်တို့၏ အခြေခံဒေသကို သေးငယ်သွားအောင်လုပ်လိုသည့်ရန်သူ၏ အစီအစဉ်ကိုလည်း ပျက်ပြားသွားအောင် ကျနော်တို့လုပ်နိုင်၏။

"ငါးကတုတ်ဝါဒကိုအခြေပြု၍ ရန်သူကပဉ္စမအကြိမ် 'ဝိုင်းဝန်းချေမှုန်း' ချိန်၌၊ ကျနော်တို့သည်တပ်များကိုစုရုံးပြီး တိုက်ခိုက်၍မဖြစ်၊တပ်များကို အစုစုခွဲပစ်ပြီး ခုခံကာကွယ်ခြင်းနှင့်လျှပ်တပြက်မှန်တိုင်းစစ်ဆင်ခြင်းသာပြုနိုင်၏" ဟုပြောခြင်းသည်လည်း မမှန်ကန်ချေ။ ရန်သူကတကြိမ်လျှင် ၃ လီ၄လီလောက်တက်လိုက် ငါလီ ၆လီလောက်ချဲ့လိုက်နှင့် ငါးတပ်များတည်ဆောက်ပြီးတိုက်သည့်နည်းကို အသုံးပြုခြင်းမှာ၊ တပ်နီတော်ကိုယ်၌က အဆင့်ဆင့်ဆုတ်၍ဆုတ်၍ခုခံခြင်းကြောင့် သာဖြစ်၏။ အကယ်၍ကျနော်တို့တပ်များသည် အတွင်းစည်း၌ အဆင့်ဆင့်ဆုတ်၍ဆုတ်၍ ခုခံသောစစ်ဆင်နည်းကို စွန့်လွှတ်လိုက်ပြီး၊ လိုအပ်သည့်အချိန်နှင့် ဖြစ်နိုင်သည့်အချိန်၌ ရန်သူ၏အတွင်းစည်းထဲသို့ ချီတက်တိုက်ခိုက်ခဲ့ပါက၊ အခြေအနေတမျိုးတဖုံဖြစ်သွားမှာ သေချာ

၏။ တပ်များစုရုံးခြင်းတည်းဟူသောထုံးနည်းသည် ရန်သူ၏ခံကတုတ်ဝါဒကို အောင်နိုင်သည့်နည်းလမ်းပင်ဖြစ်၏။

တပ်များကိုစုရုံးရန် ကျနော်တို့တိုက်တွန်းရာ၌ ပြည်သူ့ပြောက်ကျားစစ်ကိုစွန့်လွှတ်ပစ်ရမည်ဟု မဆိုလိုပေ။ ပြောက်ကျားစစ်ပွဲကလေးများကို စွန့်ပယ်၍ "သေနတ်မှန်သမျှ တပ်နီတော်တွင် စုထားရမည်" ဟူသော လီလီစန်းလမ်းစဉ်၏တိုက်တွန်းချက်မှာလွဲမှားကြောင်း ရှေးမဆွကပင်ထင်ရှားခဲ့ပေပြီ။ တော်လှန်ရေးစစ်ပွဲ တခုလုံး အနေဖြင့် ကြည့်လျှင် ပြည်သူ့ပြောက်ကျားစစ်နှင့် တပ်နီတော် အဓိကတပ်တို့သည်၊ လူတယောက်၏ညာလက်နှင့် ဘယ်လက်ကဲ့သို့ဖြစ်နေ၏။ တပ်နီတော်အဓိကတပ်သာရှိပြီး၊ ပြည်သူ့ပြောက်ကျားစစ်မရှိလျှင်၊ လက်တဖက်ပြတ်နေသောစိုလ်ချုပ်ကြီးနှင့် တူနေပေလိမ့်မည်။ အခြေခံဒေသမှလူထုဟူသည်မှာ၊ အထီအကျပြောရလျှင်၊ အထူးသဖြင့်စစ်ဆင်မှုအတွက်ပြောရလျှင်၊ လက်နက်စွဲကိုင်ထားကြသည့် ပြည်သူလူထုကိုပင် ဆိုလိုသည်။ အဓိကအားဖြင့် ဤအချက်ကြောင့်ပင်လျှင် ရန်သူသည် ကျနော်တို့၏အခြေခံဒေသကိုမချဉ်းကပ်ဝံ့ကြချေ။

အရေးမကြီးလှသည့်ဖက်၌လည်း စစ်ဆင်ရန်အတွက် တပ်နီတော်၏တပ်ဖွဲ့များကိုအသုံးချရမည်။ ရှိရှိသမျှတပ်အားလုံးကို တဖက်တည်းတွင်စုရုံးထားရန်မလိုပေ။ တပ်များကိုစုရုံးရန် ကျနော်တို့တိုက်တွန်းရာ၌၊ စစ်မြေပြင်တွင်စစ်ဆင်သည့်အခါ အပြတ်အသတ်တပန်းသာအောင် သို့မဟုတ် အတော်အတန်တပန်းသာအောင် အာမခံနိုင်ရမည်ဟူသောမူကို အခြေပြုထားပေသည်။ အားကောင်းသည့် ရန်သူကို



တိုက်ရာတွင်သော်၎င်း၊ အရေးကြီးသောတိုက်ပွဲတပွဲကို ဆင်နွှဲရာတွင်သော်၎င်း၊ ကျနော်တို့သည် အပြတ်အသတ် သာလွန်သောတပ်အင်အားဖြင့်တိုက်ခိုက်ရမည်။ ဥပမာအားဖြင့် ၁၉၃၀ ခုနှစ်ဒီဇင်ဘာလ ၃၀ ရက်နေ့က ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်သည့်ပွဲဦးထွက်တိုက်ပွဲ၌ကျနော်တို့သည်တပ်အင်အား လေးသောင်း စုစည်းပြီး ကျန်းဟွေးစန်၏တပ်အင်အားကိုးထောင်ကို တိုက်ခိုက်ခဲ့၏။ အင်အားချည့်နဲ့သည့်ရန်သူကိုတိုက်သည့်အခါ၌ သို့မဟုတ်အရေးမကြီးသော တိုက်ပွဲတပွဲဆင်နွှဲသည့်အခါ၌ အင်အားအတန်အသင့်သာသော တပ်ဖြင့်တိုက်လျှင်လုံလောက်ပေပြီ။ ဥပမာအားဖြင့် ၁၉၃၁ ခုနှစ်မေလ ၂၉ ရက်နေ့ကဒုတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သည့်နောက်ဆုံးတိုက်ပွဲတပွဲတွင် ကျင့်နင်၌ရှိသော လျူဟိုတင်၏လူအင်အားခုနစ်ထောင်ပါသည့် တပ်မကြီးကို တပ်နီတော်ကတပ်အင်အားတသောင်းကျော်မျှဖြင့် တိုက်ခိုက်ခဲ့၏။

တိုက်ပွဲတိုင်းမှာပင် သာလွန်သောတပ်အင်အားဖြင့် တိုက်ရမည်ဟုလည်းမဆိုလိုပေ။ တစုံတရာသောအခြေအနေ၌ အတန်အသင့်အားသေးသည့် တပ်အင်အားဖြင့်သော်၎င်း၊ အပြတ်အသတ် အားသေးသောတပ်အင်အားဖြင့်သော်၎င်း စစ်မြေပြင်သို့ထွက်၍ တိုက်နိုင်၏။ အတန်အသင့်အားသေးသောတပ်အင်အားဖြင့် ထွက်တိုက်ခြင်းနှင့် စပ်လျဉ်း၍ ပြောရပါမူ၊ ဥပမာတစုံတခုသောနယ်မြေတွင်တပ်နီတော်၏ သေးငယ်သော တပ်တတပ်သာရှိသည် ဆိုကြပါစို့ (တပ်အများအပြားရှိလျက် မစုရုံးမိခြင်းကိုမဆိုလိုပေ) လူထုအခြေခံ မြေအနေအ

ထားနှင့် ရာသီဥတုအခြေအနေတို့ကလည်း တပ်နီတော်ကိုများစွာအထောက်အကူပြုနိုင်သည်ဆိုကြပါစို့၊ ထိုအခါမျိုး၌ မိမိထက်အင်အားသာလွန်ကြီးမားသော ရန်သူ၏ ထိုးစစ်ကို တိုက်ဖျက်ရန်အလို့ငှါ၊ ပြောက်ကျားတပ်ဖြင့် သော်၎င်း၊ တပ်ဖွဲ့ငယ်ကလေးဖြင့်သော်၎င်း၊ ရန်သူ၏ စစ်ကိုယ်နှင့်တောင်ပံတဖက်ကို ချုပ်ငြိမ်ထားရမည်၊ တချိန်တည်းတွင် တပ်နီတော်၏ ရှိသမျှတပ်အင်အားကို စုရုံး၍ရန်သူ၏အခြားတောင်ပံတဖက်၏ အစိတ်အပိုင်းတခုကို အလစ်ဝင်တိုက်ရမည်၊ ဤသို့တိုက်လျှင်အောင်နိုင်သည်။ ရန်သူ့တပ်တောင်ပံတဖက်၏ အစိတ်အပိုင်းတခုကို အလစ်ဝင်တိုက်သည့်အခါ၌လည်း သေးငယ်သောတပ်အင်အားကို ကြီးမားသောတပ်အင်အားဖြင့် တိုက်ခြင်း၊ အနည်းစုကိုအများစုဖြင့် အနိုင်ယူခြင်းဟူသည်ကို မူအဖြစ်ထားရပေသည်။ အပြတ်အသတ်အားသေးသောတပ်အင်အားဖြင့်ထွက်တိုက်သည့်အခါတွင်လည်းအထက်ပါတိုက်နည်းအတိုင်းတိုက်ရမည်၊ ဥပမာ အင်အားကြီးမားသောရန်သူ့တပ်တတပ်ကို ပြောက်ကျားတပ်က အလစ်ဝင်တိုက်ခိုက်သည့်အခါ အစိတ်အပိုင်းကလေးတခုကိုသာ တိုက်ရမည်။

တပ်ကြီးကိုစစ်မြေပြင်တခုထဲ၌ စုရုံးပြီး စစ်ဆင်ခြင်းသည် မြေအနေအထား၊ လမ်းပန်း၊ ရိက္ခာ၊ တပ်ချသည့်နေရာစသည့် အချက်များတွင်အဆင်မပြေဖြစ်တတ်သည်ဟုပြောကြ၏၊ ထိုအပြောမျိုးကို ကျနော်တို့သည် အခြေအနေအရဆင်ခြင်သုံးသပ်သင့်၏။ တပ်နီတော်သည် ရန်သူ့တပ်ထက် ပို၍ဆင်းရဲဒုက္ခခံနိုင်သောကြောင့် ဤအဆင်မပြေမှုများသည် ရန်သူ့တပ်ကို ဒုက္ခပေးနိုင်သလောက် တပ်နီတော်ကိုမပေးနိုင်ချေ။



ကျနော်တို့သည် အနည်းစုဖြင့်အများစုကို အနိုင်ယူသည်ဟု တရုတ်တပြည်လုံးကို ကြီးစိုးနေသူများနှင့် ပတ်သက်၍ ပြော၏။ ကျနော်တို့သည် အများစုဖြင့်အနည်းစုကို အနိုင်ယူသည်ဟု စစ်မြေပြင်၌စစ်တိုက်နေကြသည့်ရန်သူ့တပ်တခုချင်းနှင့်ပတ်သက်၍ပြော၏။ ဤကိစ္စသည်လျှို့ဝှက်ချက်မဟုတ်တော့၊ ရန်သူသည်ယေဘုယျအားဖြင့်ကျနော်တို့၏ ဤအလေ့အထကိုနောကျေနေပြီဖြစ်သည်၊ သို့သော်ရန်သူသည်ကျနော်တို့အနိုင်မရအောင်မလုပ်နိုင်သလိုသူတို့မရှုံးအောင်လည်းမလုပ်နိုင်ချေ။ အကြောင်းမူ၊ မည်သည့်အချိန် မည်သည့်နေရာ၌ကျနော်တို့ဤသို့လုပ်လိမ့်မည် ဆိုသည်ကို ရန်သူကမသိသောကြောင့်ဖြစ်၏။ ဤအချက်ကိုမူ ကျနော်တို့ကလျှို့ဝှက်ထားကြသည်။ တပ်နီတော်သည် ယေဘုယျအားဖြင့် ပရိယာယ်နှင့် အလစ်ဝင်တိုက်လေ့ရှိသည်။

## (၇) လှုပ်ရှားစစ်

လှုပ်ရှားစစ်လော? နေရာယူစစ်လော? ကျနော်တို့၏ အဖြေမှာလှုပ်ရှားစစ်ဖြစ်၏။ ကျနော်တို့၌ စစ်တပ်ကြီးကြီးလည်းမရှိ၊ ခဲယမ်းမီးကျောက်ဖြည့်တင်းနိုင်စွမ်းလည်းမရှိ၊ အခြေခံဒေသတိုင်းတွင် တပ်နီတော်တတပ်တည်းဖြင့်သာ ဟိုဟိုဒီဒီသွားလာတိုက်ခိုက်နေရသည့် အ

ခြေအနေမျိုးလည်း ဖြစ်နေချိန်၌၊ နေရာယူစစ်သည်ကျွန်ုပ်တို့အဖို့ အခြေခံအားဖြင့် အသုံးမဝင်ပေ။ ကျွန်ုပ်တို့အဖို့ဆိုလျှင် ခံစစ်ဆင်သည့်အခါတွင်ရော ထိုးစစ်ဆင်သည့်အခါတွင်ပါ နေရာယူစစ်ကို ယေဘုယျအားဖြင့် အသုံးမပြုနိုင်ချေ။

ရန်သူ၏ အင်အားကြီးမားမှုနှင့် တပ်နီတော်တွင် လက်နက်တန်ဆာပလာချို့တဲ့မှုတို့ကြောင့် တပ်နီတော်၏ စစ်ဆင်မှု၌ ပေါ်ထွက်လာသည့် ထင်ရှားသောထူးခြားချက်တချက်ကား စစ်မျက်နှာအတည်တကျမရှိခြင်းပင်ဖြစ်၏။

တပ်နီတော်၏ စစ်မျက်နှာများသည်၊ စစ်ဆင်ရေးဦးတည်ချက်ပြောင်းလဲသလိုလိုက်ပြီးပြောင်းလဲရ၏။ စစ်ဆင်ရေးဦးတည်ချက် အတည်တကျမရှိခြင်းကြောင့် စစ်မျက်နှာများသည်လည်း အတည်တကျမရှိချေ။ ယေဘုယျဦးတည်ချက်ကြီးသည် တစုံတရာသောအချိန်ကာလ၌ ပြောင်းလဲခြင်းရှိမည်မဟုတ်သော်လည်း ထိုဦးတည်ချက်ကြီးထဲက ဦးတည်ချက်ကလေးများမှာမူ အချိန်မရွေး ပြောင်းလဲနေ၏၊ ဦးတည်ချက်တခု၌ ဟန့်တားခံရသည့်အခါ အခြားဦးတည်ချက်သို့ ပြောင်းသွားရ၏။ တစုံတရာသောကာလလွန်သွားပြီးနောက် ယေဘုယျဦးတည်ချက်ကြီးသည်လည်းအဟန့်အတားခံနေရပါက၊ ပြောင်းလဲပစ်ရမည်ဖြစ်၏။

ပြည်တွင်းတော်လှန်ရေးစစ်ကာလ၌ စစ်မျက်နှာများကို အတည်တကျသတ်မှတ်မထားနိုင်ချေ။ ဆိုဗီယက်ပြည်ထောင်စု၌ပင် ဤသို့ သတ်မှတ်မထားနိုင်သည့် အဖြစ်မျိုးရှိခဲ့ဘူး၏။ ဆိုဗီယက်စစ်တပ်များ



နှင့်ကျွန်ုပ်တို့စစ်တပ်များမတူသည့် အချက်ကား၊ ကျွန်ုပ်တို့တပ်၏စစ်မျက်နှာများသည် သူတို့ထက် ပို၍အတည်တကျမရှိခြင်းပင်ဖြစ်၏။ မည်သည့်စစ်ပွဲ၌ပင်မဆို လုံးဝအတည်တကျဖြစ်နေသည့် စစ်မျက်နှာဟူ၍မရှိနိုင်ချေ၊ အကြောင်းမှာ အနိုင်နှင့် အရှုံး၊ အတက်နှင့် အဆုတ်ရှိတတ်သောကြောင့်ဖြစ်၏။ သို့ရာတွင် အတန်အသင့် အတည်တကျဖြစ်သောစစ်မျက်နှာသည် ယေဘုယျစစ်ပွဲ၌ ရှိတတ်၏။ မိမိထက်အင်အား အပြတ်အသတ်သာသော ရန်သူကိုတိုက်နေရသည့် လက်ရှိတရုပ်တပ်နီတော်လိုစစ်တပ်တတပ်အဖို့ အတန်အသင့်အတည်တကျ ဖြစ်သောစစ်မျက်နှာမရှိနိုင်ချေ။

စစ်မျက်နှာ အတည်တကျမရှိခြင်းကြောင့် အခြေခံဒေသ၏နယ်နိမိတ်လည်း အတည်တကျမရှိပေ။ အခြေခံဒေသ၏ နယ်နိမိတ်သည် ကြီးလာလိုက် ငယ်သွားလိုက် ကျယ်လာလိုက် ကျဉ်းသွားလိုက်ဖြစ်လေ့ရှိသလို၊ ဤနေရာ၌ အခြေခံဒေသတခုပေါ်လာလိုက် ထိုနေရာ၌ အခြေခံဒေသတခုကျဆုံးသွားလိုက်လည်းဖြစ်လေ့ရှိ၏။ နယ်မြေ ဤသို့မတည်မငြိမ်ဖြစ်ရခြင်းမှာ အတည်တကျ စစ်မဆင်နိုင်ခြင်းကြောင့်ပင်ဖြစ်၏။

စစ်ပွဲနှင့်နယ်မြေအတည်တကျမရှိခြင်းကြောင့်၊ အခြေခံဒေသမှတည်ထောင်ရေးလုပ်ငန်းအမျိုးမျိုးကိုလည်း အတည်တကျ မလုပ်နိုင်ချေ။ နှစ်ရှည်လများလုပ်ရသည့် တည်ထောင်ရေးစီမံကိန်းများချမှတ်ရန် စဉ်းစား၍ပင်မဖြစ်ပေ။ စီမံကိန်းများမကြာခဏပြောင်းလဲရခြင်းမှာ ကျွန်ုပ်တို့အဖို့ရိုးနေလေပြီ။

ဤထူးခြားချက်ကို အသိအမှတ်ပြုလျှင်၊ ကျနော်တို့အဖို့အကျိုးရှိစေလိမ့်မည်။ ဤထူးခြားချက်ကို မှတည်၍ကျနော်တို့၏နေ့စဉ်လုပ်ငန်းများကိုချမှတ်ရမည်။ မဆုတ်ရဘဲ တောက်လျှောက်ချီတက်ရသည့်စစ်ပွဲမျိုးရှိလိမ့်မည်ဟု စိတ်ကူးမယဉ်ကြနှင့်၊ ကျနော်တို့ အခြေခံဒေသ၏ နယ်မြေနှင့် ကျနော်တို့ စစ်နောက်ပိုင်းဒေသအပြောင်းအလဲရှိခြင်းကြောင့် တုန်လှုပ်ချောက်ချားမသွားကြနှင့်၊ တိကျသော ရေရှည်စီမံကိန်းများ ချမှတ်ရန် မကြံစည်ကြနှင့်။ ကျနော်တို့၏ အတွေးအခေါ်နှင့် လုပ်ငန်းများကို အခြေအနေနှင့် ကိုက်အောင်လုပ်ကြရမည်၊ ထိုင်ချရန်အသင့်ပြင်ထားသလို ထသွားရန်လည်း အသင့်ပြင်ထားကြရမည်၊ ရိက္ခာခြောက်ထည့်သောအိတ်များကို လွှင့်မပစ်ကြနှင့်။ ယခုလိုမတည်ငြိမ်သောဘဝ၌ ကြိုးပမ်းအားထုတ်မှသာလျှင်၊ အတန်အသင့် တည်ငြိမ်သောဘဝကို အနာဂတ်တွင်ရနိုင်မည်၊ လုံးဝတည်ငြိမ်သောဘဝကိုအဆုံးတနေ့၌ ရနိုင်မည်။

ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်စဉ်ကခေတ်စားခဲ့သော "ပုံမှန်စစ်ပွဲ" ဆိုသည့် သေနင်္ဂဗျူဟာလမ်းညွှန်ချက်သည် ဤသို့မတည်မငြိမ်ဖြစ်မှုကို "ပြောက်ကျားဝါဒ" ဆိုပြီးအသိအမှတ်မပြုဆန့်ကျင်၏၊ မတည်မငြိမ်ဖြစ်မှုကို ဆန့်ကျင်ကြသည့် ရဲဘော်များသည်နိုင်ငံကြီးတနိုင်ငံကို အစိုးရသောသူများကဲ့သို့ကိစ္စများကို စီမံခန့်ခွဲချင်ကြရာ အဆုံး၌ မကြုံစဖူးအထူးကြီးကျယ်သောမတည်မငြိမ်ဖြစ်မှုနှင့်ကြုံခဲ့ကြရ၏၊ (ဝါ) လီပေါင်း ၂၅,၀၀၀ ခရီးရှည်ချီတက်ခဲ့ကြရ၏။



ကျနော်တို့၏ အလုပ်သမားလယ်သမားဒီမိုကရေစီ သမတ နိုင်ငံသည်တိုင်းပြည်တပြည်ဖြစ်သည်၊ သို့သော် ယခုအခါတွင် ပြီးပြည့်စုံသောတိုင်းပြည်မဟုတ်သေးချေ။ ယခုအခါကျနော်တို့သည် သေနင်္ဂဗျူဟာအရ ခံစစ်ဆင်နေရသော ပြည်တွင်းစစ်ကာလ၌ ရှိနေသေး၏၊ ကျနော်တို့၏အာဏာသည် ပြီးပြည့်စုံသည့် တိုင်းပြည်၏ အာဏာနှင့် များစွာကွာနေသေး၏၊ ကျနော်တို့စစ်တပ်များ၏ အရေအတွက်နှင့် လက်နက်တန်ဆာပလာသည်ရန်သူနှင့် များစွာကွာခြားနေသေး၏၊ ကျနော်တို့၏နယ်မြေသည်လည်း အလွန်သေးငယ်သေး၏၊ ကျနော်တို့၏ ရန်သူသည် ကျနော်တို့ကိုအပြီးတိုင်ချေမှုန်းပစ်ရန် အမြဲကြံစည်နေ၏၊ ထိုသို့ချေမှုန်းနိုင်မှ ကြေနပ်ကြလိမ့်မည်ဖြစ်၏။ ဤအချက်တို့ကို အခြေပြု၍ ကျနော်တို့၏ လမ်းညွှန်ကိုသတ်မှတ်ရာဝယ်၊ ပြောက်ကျားဝါဒကိုသိမ်းကြုံးဆန့်ကျင်၍မဖြစ်ပေ၊ တပ်နီတော်သည် ပြောက်ကျားလက္ခဏာကိုရိုးရိုးသားသားခံယူကြရပေမည်။ ဤအတွက် ရှက်နေ၍လည်းဘာမျှအသုံးကျမည်မဟုတ်။ ပြောက်ကျားလက္ခဏာသည် ကျနော်တို့၏ ထူးခြားချက်ပင်ဖြစ်၏၊ ကျနော်တို့၏ အထူးကျွမ်းကျင်ချက်ပင်ဖြစ်၏၊ ရန်သူကို အနိုင်တိုက်ရန်အတွက် ကျနော်တို့၏နည်းလမ်းပင်ဖြစ်၏။ ပြောက်ကျားလက္ခဏာကို စွန့်လွှတ်ပစ်ရန်ကျနော်တို့အသင့်ပြင်ထားသင့်၏၊ သို့သော် ယခုအခါတွင်စွန့်လွှတ်ပစ်၍မဖြစ်သေးပေ။ ပြောက်ကျားလက္ခဏာသည်အနာဂတ်တွင်ရှက်ဖွယ်ကောင်းသောအရာနှင့် စွန့်လွှတ်ပစ်ရမည့်အရာဖြစ်၏၊ သို့ရာတွင် ယခုအချိန်၌

မှု အပိုးအနဂ္ဂထိုက်တန်သော ရတနာနှင့် စွဲစွဲမြဲမြဲလက်ကိုင်ပြုထားရမည့်လက်နက်ဖြစ်၏။

"နိုင်ပုံပေါ်လျှင်တိုက်၊ နိုင်ပုံမပေါ်လျှင်ရှောင်" ဟူသည်မှာယနေ့ ကျနော်တို့ဆင်နွှဲနေသည့် လှုပ်ရှားစစ်အကြောင်းကို နားလည်ရလွယ်အောင်အနက်ပြန်ထားခြင်းဖြစ်၏။ တိုက်ဖို့လောက်သာ နားလည်ပြီး ရှောင်ဖို့နားမလည်သည့်စစ်ပါရဂူမျိုး ကမ္ဘာတွင်မရှိ၊ သို့သော်ကျနော်တို့လောက်ရှောင်သွားရသည့် အဖြစ်မျိုးတော့မရှိပေ။ ကျနော်တို့အဖို့ စစ်တိုက်ရသည့် အချိန်ထက် ရှောင်သွားရသည့်အချိန်ကပိုများလေ့ရှိ၏၊ ပျမ်းမျှခြင်းအားဖြင့် တလလျှင်တိုက်ပွဲကြီးတပွဲဆင်နွှဲရပါက အတော်ဟုတ်ပြီဟုဆိုနိုင်၏။ "ရှောင်"သမျှသည်"တိုက်"ဖို့အတွက်ဖြစ်၏၊ ကျနော်တို့၏သေနင်္ဂဗျူဟာနှင့် တိုက်ပွဲကြီးအတွက်လမ်းညွှန်ချက်အားလုံးသည် "တိုက်"ဟူသောအချက်ကို အခြေပြုထားခြင်းဖြစ်၏။ သို့ရာတွင်၊ ကျနော်တို့အတွက် တိုက်ဖို့မလွယ်သောအခြေအနေအချို့ရှိတတ်၏။ (၁) ကျနော်တို့ရင်ဆိုင်နေရသည့် ရန်သူ့တပ်သည်ကျနော်တို့ထက်များနေလျှင်တိုက်ဖို့မလွယ်ချေ။ (၂) ကျနော်တို့ရင်ဆိုင်နေရသည့်ရန်သူ့တပ်သည် ကျနော်တို့ထက်မများသော်လည်း အခြားရန်သူ့တပ်များနှင့် နီးနီးကပ်ကပ်ရှိနေလျှင် တခါတရံတိုက်ဖို့ မလွယ်ချေ။ (၃) ယေဘုယျအားဖြင့်ဆိုရသော်၊ တကောင်ကြွက်ဖြစ်မနေသည့်ပြင် အခိုင်အမာလည်းတပ်စခန်းချထားသော ရန်သူဆိုလျှင်တိုက်ဖို့မလွယ်ချေ။ (၄) အနိုင်မရနိုင်သည့် တိုက်ပွဲမျိုးဆိုလျှင်ဆက်မတိုက်သင့်ချေ။ အထက်ဖော်ပြပါအခြေအနေမျိုးမှာ ဆိုလျှင် ကျနော်တို့



သည် ရှောင်ပေးလေ့ရှိ၏။ ဤသို့ရှောင်ပေးခြင်းကို ခွင့်လည်းပြုနိုင်၏၊ လိုလည်းလိုအပ်၏။ အဘယ်ကြောင့်ဆိုသော်ကျနော်တို့သည်တိုက်ရန်လိုအပ်ကြောင်းကို ဦးစွာအသိအမှတ်ပြုပြီးမှရှောင်ရန်လိုအပ်ကြောင်းကို အသိအမှတ်ပြုသောကြောင့်ဖြစ်၏။ တပ်နီတော်ဆင်နွှဲသော လှုပ်ရှားစစ်၏ အခြေခံထူးခြားချက်ကားဤအချက်ပင်ဖြစ်၏။

လှုပ်ရှားစစ်ဆင်ရေးသည် အခြေခံဖြစ်သည်ဟု ကျနော်တို့ဆိုသော်လည်း၊ လိုလည်းလိုအပ် ဖြစ်လည်းဖြစ်နိုင်သည့်နေရာယူစစ်ဆင်ခြင်းကို မငြင်းပယ်ချေ။ သေနင်္ဂဗျူဟာအရခံစစ်ဆင်သည့်အခါ၊ ကျနော်တို့၏ ချုပ်ငြိမ်ရေးတပ်က သော့ချက်နေရာအချို့ကို အခိုင်အမာတပ်စွဲ၍ ကာကွယ်စောင့်ရှောက်ရချိန်၌ရှင်း၊ သေနင်္ဂဗျူဟာအရ ထိုးစစ်ဆင်သည့်အခါ အထီးတည်းဖြစ်ကာ အကူအညီမဲ့သည့် ရန်သူတပ်နှင့် ရင်ဆိုင်တွေ့ရချိန်၌ရှင်း၊ နေရာယူစစ်ဖြင့် ရန်သူကိုတိုက်ခိုက်ရမည်။ ကျနော်တို့တွင်နေရာယူစစ်ဆင်ခြင်းဖြင့် ရန်သူကိုနိုင်ခဲ့သည့် အတွေ့အကြုံအတော်များများရှိခဲ့ဘူး၏။ မြောက်မြားစွာသော ရန်သူ့မြို့ပြများ၊ ခံတပ်များနှင့် စည်းရိုးခတ်ရွာများကို ကျနော်တို့တိုက်ခိုက်ဖို့ခွင်းခဲ့၏၊ အတန်အသင့်ခိုင်ခန့်သည့် ရန်သူ၏စစ်မြေပြင်တပ်စခန်းများကို လည်း ကျနော်တို့တိုက်ခိုက်ချိုးဖေါက်ခဲ့၏။ သို့ရာတွင်နောက်နောင်ဆိုလျှင် ဤမှာဖက်တွင်ကျနော်တို့အားနည်းနေသေးသည့် အချက်များကိုဖြည့်ဆည်းရန်အတွက်ပို၍ကြိုးပမ်းအားထုတ်ရဦးမည်။ အခြေအနေအရလိုလည်းလိုအပ်ဖြစ်လည်းဖြစ်နိုင်သည့်အချိန်၌ နေရာယူထားသော ရန်သူကိုထိုးစစ်ဆင်ခြင်းနှင့် ထိုးစစ်ဆင်လာသောရန်သူအား နေရာယူ၍ခုခံ

ခြင်းတို့ကို လုံးဝအားပေးထောက်ခံသင့်၏။ ယခုအချိန်၌ ယေဘုယျနေရာယူစစ်ဆင်ခြင်းသို့မဟုတ်နေရာယူစစ်အားလှုပ်ရှားစစ်နှင့် တန်းတူထားခြင်းတို့သည်သာ အခြေအနေအရခွင့်မပြုနိုင်သောအရာများဖြစ်၍ကျနော်တို့က ဆန့်ကျင်သည်။

တပ်နီတော်တွင် ပြောက်ကျားလက္ခဏာရှိခြင်း၊ စစ်မျက်နှာအတည်တကျမရှိခြင်း၊ အခြေခံဒေသအတည်တကျမရှိခြင်းနှင့် အခြေခံဒေသမှထူထောင်ရေးလုပ်ငန်းများအတည်တကျမရှိခြင်းတို့သည်ဆယ်နှစ်ကြာတိုက်ခဲ့သည့် ပြည်တွင်းစစ်အတွင်း၌ ပြောင်းလဲမှုနည်းနည်းမှ မရှိခဲ့ဘူးလား? ပြောင်းလဲမှုရှိခဲ့သည်။ ကျင်ကန်းတောင်တန်း၌ နေခဲ့ရသောအချိန်မှ ကျန်းရှီးပြည်နယ်၌ ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ခြင်းမပြုမီအချိန်အထိကာလပိုင်းသည် ပထမအဆင့်ဖြစ်၏။ ဤအဆင့်၌ ပြောက်ကျားလက္ခဏာနှင့် အတည်တကျမဖြစ်မှုတို့သည် အလွန်ထင်ရှား၏။ တပ်နီတော်သည်လူလားမမြောက်မီအရွယ်၌ပင်ရှိနေသေးပြီး အခြေခံဒေသသည် ပြောက်ကျားဒေသမျှသာ ဖြစ်နေသေး၏။ ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သည့် အချိန်မှ ဒုတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သည့်အချိန်အထိကာလပိုင်းသည် ဒုတိယအဆင့်ဖြစ်၏။ ဤအဆင့်၌ ပြောက်ကျားလက္ခဏာနှင့် အတည်တကျမရှိမှုသည် အတော် နည်းသွား၏။ စစ်မျက်နှာတပ်မတော်များကို တည်ထောင်ပြီးကာ လူဦးရေသန်းနှင့်ချီ၍ရှိသော အခြေခံဒေသလည်းတည်ရှိနေပြီဖြစ်၏။ တတိယအကြိမ်"ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်ပြီးသည့်



အချိန်မှ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်သည့်အချိန်အထိကာလပိုင်းသည် တတိယအဆင့် ဖြစ်၏။ ဤအဆင့်၌ ပြောက်ကျားလက္ခဏာရော မတည်မြဲမှုပါ ပို၍နည်းသွား၏။ ဗဟိုအစိုးရနှင့် တော်လှန်ရေးစစ်ကောင်စီကို တည်ထောင်ဖွဲ့စည်းပြီးဖြစ်၏။ ခရီးရှည်ချီတက်ချိန်သည်စတုတ္ထအဆင့်ဖြစ်၏။ ပြောက်ကျားစစ်နည်းနည်းဆင်ရခြင်းနှင့် အနည်းငယ်မတည်မငြိမ်ဖြစ်ရခြင်းတို့ကို ငြင်းဆန်ခဲ့သောအမှားကြောင့် အကြီးအကျယ်ပြောက်ကျားစစ်ဆင်ခဲ့ရ၏၊ အကြီးအကျယ်လည်း မတည်မငြိမ်ဖြစ်ခဲ့ရ၏။ မျက်မှောက်အချိန်သည် ပဉ္စမအဆင့်ဖြစ်၏။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုအောင်မြင်စွာမဖြိုခွင်းနိုင်ခဲ့သောကြောင့် တကြောင်း၊ အကြီးအကျယ်မတည်မငြိမ်ဖြစ်ခဲ့ရခြင်းကြောင့်တကြောင်း၊ တပ်နီတော်သည် လူအင်အားအတော်လျော့သွားပြီး အခြေခံဒေသသည်လည်း အတော်ကျဉ်းသွားခဲ့၏။ သို့သော်အနောက်မြောက်ပိုင်းတွင် ကျနော်တို့အခြေစိုက်နိုင်ခဲ့၏။ ရှန်ရှီး - ကန်းစု - နင်ရှနယ်စပ်အခြေခံဒေသကိုလည်းတည်မြဲအောင်လုပ်ပြီး တိုးချဲ့ခဲ့၏။ တပ်နီတော်၏ အဓိကတပ်များဖြစ်သောစစ်မျက်နှာတပ်မတော်သုံးတပ်ကိုလည်း တညီတညွတ်တည်းညွှန်ကြားကွပ်ကဲနိုင်ခဲ့၏။ ယခင့်ယခင်က ဤသို့မကွပ်ကဲနိုင်ခဲ့ဘူးချေ။

သေနင်္ဗျူဟာ သဘောအရဆိုသော်၊ ကျင်ကန်းတောင်တန်း၌ နေခဲ့စဉ်အချိန်မှစတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်သည့်အချိန်အထိကာလပိုင်းကို ပထမအဆင့်၊ ပဉ္စမ အကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" အားတုံ့ပြန်တိုက်ခိုက်သည့် အချိန်ကို ဒုတိယအဆင့်၊

ခရီးရှည်ချီတက်ခဲ့ချိန်မှ ယခုအထိ ကာလပိုင်းကို တတိယအဆင့်ဟူ၍လည်းခေါ် ဆိုနိုင်၏။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု"ကိုတုံ့ပြန်တိုက်ခိုက်စဉ်က လူအချို့သည်မှန်ကန်သောယခင်က လမ်းညွှန်ချက်ကို လွဲမှားစွာပစ်ပယ်လိုက်ကြ၏၊ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်စဉ်က ကျင့်သုံးခဲ့သည့် လွဲမှားသောလမ်းညွှန်ချက်ကို ယခုကျနော်တို့က မှန်ကန်စွာပစ်ပယ်လိုက်ပြီး မှန်ကန်သောယခင်ကလမ်းညွှန်ချက်ကို ပြန်လည်အတည်ပြုလိုက်ကြ၏။ သို့သော် ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်စဉ်က အရာအားလုံးကိုပစ်ပယ်ခြင်းမဟုတ်၊ ယခင့်ယခင်က အရာအားလုံးကို ပြန်၍အတည်ပြုခြင်းလည်းမဟုတ်။ ယခင့်ယခင်ကကောင်းသည့် အရာများကိုသာပြန်၍အတည်ပြုသည်၊ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု"ကိုတုံ့ပြန်တိုက်ခိုက်စဉ်ကလွဲမှားသည့် အရာများကိုသာပစ်ပယ်သည်။

ပြောက်ကျားဝါဒ၌လက္ခဏာ ၂ ခုရှိ၏။ တခုမှာပုံမှန်မဟုတ်ခြင်း (ဝါ) စုစည်းမှုမရှိခြင်း၊ တစည်းတလုံးတည်း မဟုတ်ခြင်း၊ စည်းကမ်းမတင်းကြပ်ခြင်း၊ အလုပ်လုပ်ပုံလုပ်နည်း စေ့စေ့စပ်စပ်မရှိခြင်းတို့ပင်ဖြစ်၏။ ဤသည်တို့မှာ တပ်နီတော်နုပျိုစဉ်က ပါလာသောအရာများဖြစ်၏။ ထိုအထဲမှ အချို့သည် ထိုစဉ်ကတပ်နီတော်အဖို့လိုအပ်သောအရာများဖြစ်၏။ သို့သော် အဆင့်မြင့်သို့တပ်နီတော်ရောက်လာသောအခါတွင်မူ ထိုအရာများကို တဖြည်းဖြည်းပပျောက်သွားအောင်ကိုယ်ပိုင်အသိဖြင့် ယှဉ်၍လုပ်ရလိမ့်မည်၊ သို့မှသာတပ်နီတော်ကို ပို၍စုစည်းမှုရှိလာစေနိုင်မည်၊ ပို၍တစည်းတလုံးတည်းဖြစ်လာစေနိုင်မည်၊ ပို၍



စည်းကမ်းရှိလာစေနိုင်မည်၊ အလုပ်လုပ်ပုံလုပ်နည်း ပို၍ စေ့စေ့စပ်စပ်ရှိလာစေနိုင်မည်၊ တနည်းအားဖြင့် ဆိုရသော် ပို၍ပုံမှန်ဖြစ်လာစေနိုင်မည်ဖြစ်သည်။ စစ်ဆင်မှုကို ညွှန်ကြားကွပ်ကဲရာတွင်လည်း၊ အဆင့်မြင့်၌ မလိုအပ်တော့ပြီဖြစ်သော ပြောက်ကျားလက္ခဏာများကို တဖြည်းဖြည်းနည်းသွားအောင် ကိုယ်ပိုင်အသိဖြင့် ယှဉ်၍လုပ်သွားရလိမ့်မည်ဖြစ်သည်။ ဤမှာဖက်၌ တိုးတက်လာအောင်မလုပ်လိုဘဲ ရှေးရိုးအတိုင်းသာ ခေါင်းမာမာဖြင့်လုပ်မြဲလုပ်နေခြင်းကို ခွင့်မပြုနိုင်ပေ၊ ယင်းသို့ဆက်လုပ်နေပါက အန္တရာယ်လည်းရှိ၏၊ အလုံးအရင်းနှင့် စစ်ဆင်ရေးအတွက်လည်းအကျိုးမဲ့၏။

ပြောက်ကျားဝါဒ၏ အခြားလက္ခဏာတခုမှာ လှုပ်ရှားစစ်ဆင်ရခြင်း၊ သေနင်္ဗျူဟာအရ ၎င်းတိုက်ပွဲကြီးများဆင်နွှဲရာ၌ ၎င်းပြောက်ကျားလက္ခဏာဆောင်ရန် လိုမြဲလိုနေသေးခြင်း၊ အခြေခံဒေသများတည်တန့်အောင်မလုပ်နိုင်သေးခြင်း၊ အခြေခံဒေသ၏ ထူထောင်ရေးစီမံကိန်းများကို အခြေအနေနှင့် ကိုက်အောင်ပြောင်းလဲနေရခြင်း၊ တပ်နီတော်ကို အချိန်မတန်မီ၌ အမြဲထမ်းတပ်အဖြစ်မဖွဲ့စည်းသင့်ခြင်းတို့ပင်ဖြစ်၏။ ဤဖက်၌ သမိုင်းဖြစ်ရပ်များကိုငြင်းပယ်ခြင်း၊ အသုံးကျသောအရာများထိန်းသိမ်းထားသည်ကို ဆန့်ကျင်ခြင်း၊ လက်ရှိအဆင့်ကိုစွန့်ခွါကာလက်လှမ်းလည်းမမှီ ယခုအချိန်၌အဓိပ္ပါယ်လည်း မရှိသည့် "အဆင့်သစ်" ဆိုသည်သို့မဆင်မခြင်ကူးပြောင်းသွားလိုခြင်းတို့သည် အလားတူပင်အန္တရာယ်ရှိ၏၊ လောလောဆယ်စစ်ဆင်မှုအတွက်လည်းအကျိုးမဲ့၏၊ ထို့ကြောင့်ခွင့်မပြုနိုင်ပေ။

ယခုအခါ၊ ကျနော်တို့သည် တပ်နီတော်၏လက်နက်တန်ဆာပလာနှင့် ဖွဲ့စည်းပုံများအဆင့်သစ်သို့ကူးပြောင်းတော့အံ့ဆဲဆဲအခြေ၌ရှိနေကြသည်။ ကျနော်တို့သည် အဆင့်သစ်သို့ကူးပြောင်းသွားရန်အသင့်ပြင်ထားကြရမည်။ ဤသို့ပြင်မထားပါကမမှန်ချေ၊ အနာဂတ်စစ်ပွဲများအတွက်လည်းအကျိုးမဲ့၏။ အနာဂတ်တွင်တပ်နီတော်၏လက်နက်တန်ဆာပလာနှင့် ဖွဲ့စည်းပုံများပြောင်းလဲသွားပြီး၊ တပ်နီတော်တည်ထောင်ရေးအဆင့်သစ်သို့ ရောက်သွားပါက၊ တပ်နီတော်၏ စစ်ဆင်ရေးဦးတည်ချက်နှင့် စစ်မျက်နှာတို့သည် ယခင်ကထက် အတည်တကျဖြစ်လာပေလိမ့်မည်။ နေရာယူ၍ တိုက်သောစစ်ပွဲများတိုးလာပေလိမ့်မည်။ စစ်ပွဲအတည်တကျမရှိမှု၊ နယ်မြေအတည်တကျမရှိမှုနှင့် ထူထောင်ရေးလုပ်ငန်းများ အတည်တကျမရှိမှုတို့သည်လည်း အကြီးအကျယ်လျော့နည်းသွားကာနောက်ဆုံး၌ လုံးလုံးပပျောက်သွားပေလိမ့်မည်။ အင်အားသာလွန်သောရန်သူနှင့် ၎င်းတို့အခိုင်အမာတပ်စွဲထားသောနေရာများသည်ယခုအခါကျနော်တို့ကို ဟန့်တားနိုင်သော်လည်း နောင်တွင်ဟန့်တားနိုင်တော့မည်မဟုတ်ပေ။

ယခုအခါ၊ ကျနော်တို့သည်တဖက်က "လက်ဝဲ" အချောင်ဝါဒလွှမ်းမိုးစဉ်က ကျင့်သုံးခဲ့သောလုပ်ပုံလုပ်နည်းအမှားကို ဆန့်ကျင်ပြီး အခြားတဖက်တွင်မူ တပ်နီတော်နုပျိုစဉ်ကရှိခဲ့သည့် လက်ငင်းအချိန်၌ မလိုအပ်တော့သည့် ပုံမှန်မကျမှုများ ပြန်ပေါ်လာအောင်လုပ်ခြင်းကိုလည်းဆန့်ကျင်၏။ သို့သော်တပ်နီတော်ကို တလျှောက်လုံးအောင်ပွဲများရစေခဲ့သော တန်ဖိုးရှိလှသော တပ်မတော် တည်ဆောက်ရေးမူ



များ၊ သေနင်္ဂဗျူဟာနှင့် စစ်ပရိယာယ်မှုများကိုကား ဦးလည်မသုန်ပြန်၍ ဖေါ်ထုတ်သွားရမည်ဖြစ်သည်။ မျက်မှောက်အချိန်၌ ရန်သူကိုအနိုင်တိုက်ဖို့ အနာဂတ်တွင်အဆင့်သစ်သို့ ကူးပြောင်းနိုင်ဖို့အတွက်၊ အတိတ်ကကောင်းသော အရာမှန်သမျှကို စနစ်တကျရှိသော ပို၍တိုးတက် ပို၍ကုံလုံကြွယ်ဝသော စစ်ရေးလမ်းစဉ်ဖြစ်စေအောင် ပေါင်းရုံးသုံးသပ်ရပေမည်။

လှုပ်ရှားစစ်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြဿနာအများအပြားပင်ရှိ၏။ ဥပမာထောက်လှမ်းရေး၊ ဝေဖန်ပိုင်းခြားရေး၊ သန္နိဋ္ဌာန်ချရေး၊ တိုက်ကွက်ဆင်ရေး၊ ညွှန်ကြားကွပ်ကဲရေး၊ ပုန်းကွယ်ရေး၊ စုစည်းရေး၊ ချီတက်ရေး၊ တပ်ဖြန့်ရေး၊ တိုက်ခိုက်ရေး၊ လိုက်တိုက်ရေး၊ အလစ်ဝင်တိုက်ခိုက်ရေး၊ နေရာယူတိုက်ခိုက်ရေး၊ နေရာယူခုခံရေး၊ ပက်ပင်းတွေ့ဆုံတိုက်ခိုက်ရေး၊ ဆုတ်ခွါရေး၊ ညတိုက်ပွဲ၊ အထူးတိုက်ပွဲ၊ အားကြီးသောရန်သူကိုရှောင်ကွင်း၍အားနည်းသောရန်သူကိုတိုက်ခိုက်ရေး၊ ရန်သူ့နေရာကိုဝိုင်းထားပြီး ရန်သူ့စစ်ကူကိုများတိုက်ရေး၊ ယောင်ပြတိုက်ခိုက်ရေး၊ လေကြောင်းရန်ကာကွယ်ရေး၊ ရန်သူ့တပ်အမြောက်အမြားကြား၌တိုက်ခိုက်ရေး၊ ရန်သူကိုကျော်တက်ပြီး တိုက်ခိုက်ရေး၊ ဆက်တိုက်စစ်ဆင်ရေး၊ စစ်နောက်ပိုင်းဒေသမထားဘဲ စစ်ဆင်ရေး၊ တပ်အနားယူအားမွေးရေးစသည်တို့ပင်ဖြစ်၏။ ဤပြဿနာများသည် တပ်နီတော်၏စစ်သမိုင်း၌ ထူးခြားချက်အမြောက်အမြားရှိခဲ့၏။ ဤထူးခြားချက်များကို တိုက်ပွဲကြီးစစ်ဆင်ရေးပညာတွင် နည်းလမ်းတကျ

ရေးသားဖော်ပြခြင်းနှင့် ပေါင်းရုံးသုံးသပ်ခြင်း ပြုရမည်ဖြစ်၍၊ ဤနေရာတွင် ကျနော်မပြောတော့ပါ။

## (ဂ) အမြန်အဆုံးသတ်စစ်

သေနင်္ဗျူဟာအရ ရေရှည်စစ်ဆင်ခြင်းနှင့် တိုက်ပွဲကြီးများနှင့် တိုက်ပွဲများ၌ အမြန်အဆုံးသတ်စစ်ဆင်ခြင်းတို့သည် ကိစ္စတခု၏ဖက်နှစ်ဖက်ဖြစ်သည်၊ ပြည်တွင်းစစ်၌ ဆတူအလေးထားအပ်သည့်မူနှစ်ရပ်ဖြစ်၏၊ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲ၌လည်း ဤမူများအတိုင်း ကျင့်သုံးနိုင်၏။

ဖေါက်ပြန်သည့်အင်အားစုက တောင့်တင်းအားကောင်းနေခြင်းကြောင့် တော်လှန်သည့်အင် အားစုမှာ တစတစကြီးထွားလာရသည်ဖြစ်ရာ စစ်ပွဲသည် ရေရှည်စစ်ဖြစ်လာရ၏။ ဤအချက်တွင်စိတ်လောကြီးနေပါက၊ နစ်နာဆုံးရှုံးလိမ့်မည်ဖြစ်၏။ ဤပြဿနာ၌ "အမြန်အဆုံးသတ်" ရန်တိုက်တွန်းပြောဆိုခြင်းသည် မှား၏။ တော်လှန်ရေးစစ်ဆယ်နှစ်ဆယ်မိုးတိုက်ခိုက်လာခဲ့ခြင်းသည်၊ အခြားသော နိုင်ငံများအဖို့ အံ့ဩဖွယ်ကောင်းချင်ကောင်းမည်ဖြစ်သော်လည်း ကျနော်တို့အဖို့မူ "ပါ့ကူ" ဆောင်းပါးရေးရာ၌၊ ခေါင်းစဉ်၏လိုရင်းအနက်ကိုဖွင့်ခြင်း၊ ခေါင်းစဉ်၏အနက်ကို အကျယ်ဖွင့်ခြင်းနှင့် စာကိုယ်အကြောင်းကိုအစချီခြင်း [၃၈] ပြုသကဲ့သို့သာရှိပေသေးသည်၊ စိတ်ဝင်စားဖွယ်ကောင်းသောအခန်းများစွာတို့မှာ နောက်၌ရှိသေး၏။ ပြည်



တွင်းပြည်ပအခြေအနေများက ဂယက်ရိုက်ခတ်သောကြောင့် နောင်တွင်ဖြစ်ပေါ်တိုးတက်မှုများသည် ယခင်ကထက် များစွာလျင်မြန်လာမှာသေချာ၏။ ကမ္ဘာ့အခြေအနေနှင့် ပြည်တွင်းအခြေအနေများသည်ပြောင်းလဲလာပြီဖြစ်သည့်ပြင် ပို၍ ကြီးကျယ်သောပြောင်းလဲမှုများလည်း ဖြစ်ပေါ်လာဦးမည်ဖြစ်ရာ၊ ကျနော်တို့သည်နွေးကွေးစွာကြီးထွားတိုးတက်လာခဲ့ရသည့်၊ တတပ်ထီးတည်းလုံးပမ်းလာခဲ့ရသည့်အတိတ်ကအခြေအနေမျိုးမှ ကင်းလွတ်လာပြီဟုဆိုနိုင်၏။ သို့ရာတွင် နက်ဖြန်၌ပင် အောင်မြင်လိမ့်မည်ဟုတော့ မမြော်လင့်အပ်ပေ။ "ရန်သူများကို နံနက်စာစားချိန်မရောက်မီ သုတ်သင်ပစ်" လိုသောသူရသတ္တိကားကောင်းပါ၏၊ သို့သော် "ရန်သူများကို နံနက်စာစားချိန်မရောက်မီသုတ်သင်ပစ်" ဖို့ စီမံကိန်းအတိအကျရေးဆွဲထားခြင်းကားမကောင်းပေ။ အကြောင်းမူ တရုပ်ပြည်ရှိ ဖေါက်ပြန်သည့်အင်အားစုများကို နယ်ချဲ့နိုင်ငံအများအပြားက ထောက်ခံအားပေးနေကြသောကြောင့်၊ ပြည်တွင်းပြည်ပရန်သူအပေါင်း၏ အဓိကစစ်နေရာများကို ပြည်တွင်းတော်လှန်ရေးအင်အားစုက ဖြိုပစ်နိုင်လောက်အောင် အင်အားမရှိသေးသမျှကာလပတ်လုံး၊ နိုင်ငံပေါင်းစုံမှ တော်လှန်သည့်အင်အားစုအနေနှင့် အပြည်ပြည်ရှိဖေါက်ပြန်သည့် အင်အားအများစုကိုတိုက်ဖျက်ဟန့်တားခြင်း မပြုနိုင်သေးသမျှကာလပတ်လုံး၊ ကျနော်တို့၏ တော်လှန်ရေးစစ်ပွဲသည်ရေရှည်စစ်ပင်ဖြစ်နေလိမ့်ဦးမည် ဖြစ်သည်။ ဤအချက်ကိုမူတည်၍ရေရှည်စစ်ဆင်နွှဲဖို့အတွက် ကျနော်တို့၏ သေ

နင်္ဂဗျူဟာကို ချမှတ်ခြင်းသည် သေနင်္ဂဗျူဟာညွှန်ကြားရေးအတွက် အရေးကြီးသောလမ်းညွှန်ချက်တရပ်ဖြစ်သည်။

တိုက်ပွဲကြီးများနှင့် တိုက်ပွဲများအတွက် ချမှတ်အပ်သောမူကား အထက်ကဆိုခဲ့သည်နှင့် ပြောင်းပြန်ဖြစ်နေ၏။ ဆိုလိုသည်မှာ ရေရှည်ဆွဲမတိုက်ရ၊ အမြန်ပြီးဆုံးအောင် တိုက်ရမည်ဖြစ်သည်။ ဘယ်နိုင်ငံ ဘယ်ခေတ်တွင်မဆို၊ တိုက်ပွဲကြီးများနှင့် တိုက်ပွဲများကို အမြန်ပြီးဆုံးအောင်တိုက်ကြသည်ချည်းဖြစ်၏၊ စစ်ပွဲတခုလုံးကိုလည်း အမြန်ပြီးစေလိုကြ၏၊ အကြောင်းမူရေရှည်ဆွဲတိုက်နေခြင်းအားဖြင့် အကျိုးမရှိဟု ယူဆသောကြောင့်ဖြစ်သည်။ သို့သော်တရုတ်ပြည်တွင်မူ စစ်ပွဲကိုစိတ်ရှည်နိုင်သမျှရှည်စွာဖြင့်မတိုက်၍မဖြစ်ပေ၊ ရေရှည်စစ်အဖြစ်မတိုက်၍မဖြစ်ပေ။ ကျနော်တို့၏ လုပ်ပုံလုပ်နည်းကို "လက်ဖွေ့ထိုးစစ်ပရိယာယ်" ဖြစ်သည် (သူတပြန်ငါတပြန်တိုက်ပွဲအများအပြားတိုက်ပြီးမှ မြို့ကြီးများကို သိမ်းပိုက်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်၏) ဟုဆိုင်း၊ ကျနော်တို့ခေါင်းမွေးဖြူမဘဲတော်လှန်ရေးအောင်ပွဲကို တွေ့ရတော့မှာဘဲ ဟုဆိုင်းလီလီစန်းလမ်းစဉ်စိုးမိုးစဉ်က ပြက်ရယ်ပြုသူကပြုခဲ့ကြ၏။ ဤသို့ရှေ့လောကြီးမှုများ လွဲမှားကြောင်း ရေးမဆွကပင် ထင်ရှားခဲ့ပေပြီ။ သို့ရာတွင် ထိုသူများ၏ ဝေဖန်ချက်သည် သေနင်္ဂဗျူဟာပြဿနာကို ရည်စူးပြောဆိုခြင်းမဟုတ်ဘဲ တိုက်ပွဲကြီးနှင့် တိုက်ပွဲပြဿနာကိုရည်စူးပြောဆိုခြင်းဖြစ်ပါကအလွန်ပင်မှန်ပေလိမ့်မည်။ အကြောင်းမူ (၁) တပ်နီတော်အဖို့ လက်နက်များ အထူးသဖြင့် ခဲယမ်းမီးကျောက်များရလမ်းမရှိခြင်း။ (၂) တပ်ဖြူဖက်၌တပ်ပေါင်းများစွာရှိ



ပြီးတပ်နီတော်၌မူ တပ်တတပ်သာရှိသဖြင့် "ဝိုင်းဝန်းချေမှုန်းမှု" ကို တကြိမ်တွန်းလှန်တိုက်ခိုက်ရေးအတွက် တိုက်ပွဲများစွာကို ခပ်မြန်မြန်နှင့် ဆက်တိုက်တိုက်ခိုက်သွားရန်စိုင်းပြင်းရခြင်း၊ (၃) တပ်ဖြူဖက်မှတပ်များသည် တလမ်းစီခွဲ၍တက်လာကြသော်လည်း များသောအားဖြင့် တတပ်နှင့် တတပ်အလှမ်းသိပ်မကွာလှရာ၊ ထို့ကြောင့် ၎င်းတပ်များအနက်မှတပ်တခုခုကို ကျနော်တို့ကတိုက်သည့်အခါ တိုက်ပွဲကို မြန်မြန်အပြီးမသတ်နိုင်ပါက၊ အခြားတပ်များက ကျနော်တို့ဆီ စုပြုံလာကြမည်ဖြစ်ခြင်းတို့ကြောင့် ဖြစ်၏။ ဤအကြောင်းများကြောင့်ပင်လျှင် အမြန်အဆုံးသတ်စစ်ကို မဆင်နွှဲ၍မဖြစ်ချေ။ ကျနော်တို့အဖို့တိုက်ပွဲတပွဲကို အမြဲလိုလိုပင်နာရီပိုင်းအတွင်း သို့မဟုတ် ရက်ပိုင်းအတွင်းအပြီးသတ်ဆင်နွှဲရလေ့ရှိ၏။ "ရန်သူ့နေရာကိုဝိုင်းထားပြီးစစ်ကူကို များတိုက်" ဟူသောလမ်းညွှန်ချက်အရ၊ အဝိုင်းခံရသော ရန်သူကိုတိုက်ရန်မရည်ရွယ်ဘဲစစ်ကူကိုသာတိုက်ရန်ရည်ရွယ်သည့်အခါ၌သာ၊ ကျနော်တို့သည် အဝိုင်းခံနေရသည့်ရန်သူကို အချိန်အတန်ကြာဆွဲ၍ တိုက်ရန်အသင့်ပြင်ထား၏။ သို့တိုင်အောင် ရန်သူ့စစ်ကူတပ်များကို အမြန်ပြတ်သွားအောင်တိုက်ရမည်ပင်ဖြစ်၏။ သေနင်္ဂဗျူဟာအရ ခံစစ်ဆင်သည့်အချိန်၌ ချုပ်ငင်သည့်ဖက်မှ အရေးကြီးသည့်စစ်စခန်းများကို အခိုင်အမာကာကွယ်စောင့်ရှောက်ရတွင်၎င်း၊ သေနင်္ဂဗျူဟာအရ ထိုးစစ်ဆင်သည့်အချိန်၌ စစ်ကူမရဘဲ အဆက်ပြတ်နေသည့် ရန်သူ့တပ်များကိုတိုက်ခိုက်ရတွင်၎င်း၊ သို့မဟုတ် အခြေခံဒေသတွင်ရှိသည့် ရန်သူ၏ခြေကုပ်စခန်းများကို သုတ်သင်ရတွင်၎င်း၊ တိုက်ပွဲကြီး သို့မဟုတ်

တိုက်ပွဲကိုအချိန်ဆွဲ၍တိုက်ရလေ့ရှိ၏၊ သို့သော် ယင်းသို့အချိန်ဆွဲတိုက်ခြင်းသည် တပ်နီတော်၏အဓိကတပ်များတိုက်နေသော မြန်မြန်အဆုံးသတ်ရမည့်တိုက်ပွဲများကို အနှောက်အယှက်မဖြစ်စေရ၊ အထောက်အကူသာဖြစ်စေရမည်။

အမြန်အဆုံးသတ်သော စစ်ပွဲဆိုသည်မှာ စိတ်ထဲကဖြစ်စေချင်တိုင်းဖြစ်နိုင်သည်မဟုတ်ချေ။ အခိုင်အမာအချက်အလက် အများအပြားရှိမှဖြစ်နိုင်၏။ အဓိက အချက်အလက်တို့မှာ လိုလေသေးမရှိအောင်ပြင်ဆင်ထားမှု၊ အခွင့်အခါကောင်းကို လက်မလွှတ်စေမှု၊ သာလွန်သည့်တပ်အင်အားကို စုစည်းမှု၊ ဝိုင်း၍ပန်း၍တိုက်ခိုက်သည့် စစ်ပရိယာယ်၊ တိုက်ခိုက်ရေးအတွက်အဆင်ပြေသောမြေနေရာ၊ ရွှေပြောင်းလှုပ်ရှားနေသည့်ရန်သူကိုတိုက်ခြင်း သို့မဟုတ် အခိုင်အမာတပ်စွဲမနေရသေးသည့် တပ်ချခါစရန်သူ့တပ်ကို တိုက်ခြင်းတို့ပင်ဖြစ်၏။ ဤအချက်အလက်များနှင့် ပြည့်စုံအောင်မလုပ်လျှင် တိုက်ပွဲကြီးကိုသော်၎င်း၊ တိုက်ပွဲကိုသော်၎င်းအမြန်ပြီးဆုံးအောင်တိုက်နိုင်လိမ့်မည် မဟုတ်ပေ။

"ဝိုင်းဝန်းချေမှုန်းမှု" တကြိမ်ကို ဖြိုခွင်းခြင်းသည်တိုက်ပွဲကြီးတပွဲဖြစ်ရာရေရှည်ဆွဲတိုက်သော မူကိုမကျင့်သုံးဘဲ၊ အမြန်ပြီးဆုံးအောင်တိုက်သောမူကိုပင်ကျင့်သုံးရမည်။ အကြောင်းမှာ၊ အခြေခံဒေသမှ လူအင်အားဘဏ္ဍာရေးအင်အားနှင့်စစ်အင်အား စသည်တို့မှာ ရေရှည်ဆွဲတိုက်နိုင်လောက်အောင် မပြည့်စုံသောကြောင့် ဖြစ်၏။



သို့ရာတွင်၊ အမြန်ပြီးဆုံးအောင် တိုက်ရေးတည်းဟူသောယေဘုယျမူအရ၊ မလျော်မကန် အလွန်အကျူးလောကြီးမှုကို ဆန့်ကျင်ရန်လိုအပ်၏။ တော်လှန်ရေးအခြေခံဒေသရှိ စစ်ရေးနိုင်ငံရေး အချုပ်အချာခေါင်းဆောင်အဖွဲ့သည်၊ အခြေခံဒေသမှလူအင်အား၊ ဘဏ္ဍာရေးအင်အား၊ စစ်အင်အားနှင့် ရန်သူ့အခြေအနေကိုခန့်မှန်းတွက်ဆထားကာ၊ ရန်သူက အရှိန်ပြင်းစွာ လာရောက်တိုက်ခိုက်ခြင်းကြောင့်တုန်လှုပ်ချောက်ချားမသွားဘဲ၊ ကြိတ်မှိတ်ပြီးခံနိုင်သေးသော အခက်အခဲများကြောင့် စိတ်အားလျော့မသွားဘဲ၊ အရေးမလှမှုအနည်းငယ်ကြောင့် စိတ်ပျက်မသွားဘဲ၊ စိတ်ရှည်မှုနှင့် တောင့်ခံနိုင်မှုရှိရန် လုံးဝလိုအပ်ပေသည်။ ကျန်းရှီးပြည်နယ်တွင်ပထမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုဖြိုခွင်းပစ်စဉ်က စတိုက်သည့်အချိန်မှ တိုက်ပွဲပြီးဆုံးချိန် အထိရက်သတ္တတပတ်သာကြာ၏။ ဒုတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု"ကိုဖြိုခွင်းစဉ်ကလဝက်လောက်သာကြာ၏။ တတိယအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုမူ ၃ လကြာမျှကြိတ်မှိတ်၍ဖြိုခွင်းခဲ့ရ၏။ စတုတ္ထအကြိမ်တွင်ရက်သတ္တသုံးပတ်ကြာ၏။ ပဥ္စမအကြိမ်တွင်မူတနှစ်တိတိ ကြိတ်မှိတ်၍တိုက်ခိုက်ရ၏။ ပဥ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုမဖြိုခွင်းနိုင်၍ ဖေါက်ထွက်ခဲ့ရစဉ်ကလည်း၊ ကျနော်တို့သည် ကတိုက်ကရိုက်မလုပ်သင့်ဘဲနှင့် လုပ်ခဲ့၏။ ထိုစဉ်ကအခြေအနေအရ ဆိုလျှင်၊ ကျနော်တို့သည် တပ်များကိုအနားပေးပြီး ပြန်လည်ဖွဲ့စည်းရန်အတွက် နှစ်လသုံးလမျှဆက်၍ ကြိမ်မှိတ်ကာတောင့်ခံနိုင်သေး၏။ ဤအတိုင်းသာဖြစ်ခဲ့လျှင်၊ ကျနော်တို့အား ဝိုင်းထားသောရန်သူများကို ထိုးဖေါက်၍

ထွက်လာခဲ့ပြီးနောက် ခေါင်းဆောင်ပိုင်းကလည်းအနည်းငယ်မျှ ဥာဏ် အမြော်အမြင်ရှိခဲ့လျှင်၊ အခြေအနေသည် အကြီးအကျယ်ပြောင်းလဲ သွားဖွယ်ရာရှိ၏။

ယင်းသို့ဖြစ်လင့်ကစား၊ တိုက်ပွဲကြီးတပွဲလုံး၏အချိန်ကို တိုနိုင်သမျှတိုစေရမည်ဟူသောမူကို မဖေါက်ဖျက်ရပေ။ တိုက်ပွဲကြီးနှင့်တိုက်ပွဲ စီမံကိန်းအရ၊ တပ်အင်အား စုစည်းရန်နှင့် လှုပ်ရှားစစ်ဆင်ရန်အစွမ်းကုန်ကြိုးပမ်းအားထုတ်ရမည်၊ အတွင်းစည်းတွင် (အခြေခံဒေသ တွင်) ရန်သူ၏သက်ရှိအင်အားများကို ချေမှုန်းသုတ်သင်ပစ်ရန်နှင့် ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုအမြန်ဖြိုခွင်းပစ်ရန်ကြိုးစားရမည်၊ "ဝိုင်းဝန်းချေမှုန်းမှု" ကိုအတွင်းစည်း၌ ဖြိုခွင်းမပစ်နိုင်တော့ကြောင်းထင်ရှားသည့်အခါ၊ ရန်သူ၏ဝိုင်းထားမှုကို တပ်နီတော်၏အဓိကတပ်များဖြင့် ထိုးဖေါက်ထွက်ကာ၊ ကျနော်တို့၏ အပြင်စည်း (ဝါ) ရန်သူ၏အတွင်းစည်းသို့ လှည့်ဝင်သွားခြင်းဖြင့်ရန်သူ၏ "ဝိုင်းဝန်းချေမှုန်းမှု" ကိုဖြိုခွင်းရမည်၊ ရန်သူကခံကတုတ်တည်ပြီးစစ်ဆင်သည့်နည်းကိုကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနေသည့်ယခုအခါတွင် ကျနော်တို့သည် အထက်ဖေါ်ပြပါ စစ်ဆင်နည်းကို အမြဲကျင့်သုံးသွားရလိမ့်မည်ဖြစ်သည်။ ပဋ္ဌမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတုံ့ပြန်တိုက်ခိုက်၍ ၂ လအကြာ၊ ဖူကျင့်အရေးအခင်း ဖြစ်ပွါးလာသောအခါ၌၊ တပ်နီတော်၏ အဓိကတပ်များအနေနှင့်ယုံမှားခြင်းမရှိဘဲ ပြုလုပ်သင့်သည်မှာ ကျဲ့ကျန်းပြည်နယ်ကို ဗဟိုပြု၍ကျန်းစူး၊ ကျဲ့ကျန်း၊ အန်းဟွေး၊ ကျန်းရှီးဒေသသို့ ထိုးဝင်သွားကာ ဟန်ကျိုး၊ စူးကျိုး၊ နန်ကင်း၊ ဝူဟူ၊ နန်ချန်းနှင့်ဖူကျိုးမြို့များအကြားရှိ



နယ်မြေတလွှားတွင် အလျားလိုက်ရော ဒေါင်လိုက်ပါ လူးလာပြန်ခတ်တိုက်ရန်ပင်ဖြစ်၏၊ သေနင်္ဗျူဟာခံစစ်ကို သေနင်္ဗျူဟာထိုးစစ် အဖြစ်သို့ ပြောင်းပစ်၍ ရန်သူ၏သေရေးရှင်ရေးတမျှ အရေးကြီးသောနေရာများကိုခြိမ်းခြောက်ရန်ပင်ဖြစ်၏၊ ခံတပ်မရှိသော ကျယ်ပြန့်လှသည့်နယ်များ၌ရန်သူ့တပ်ကိုရှာ၍ တိုက်ရန်ပင်ဖြစ်၏။ ဤနည်းများဖြင့် ကျန်းရှီးပြည်နယ်တောင်ပိုင်းနှင့် ဖူကျင့်ပြည်နယ်အနောက်ပိုင်းကို လာတိုက်သည့် ရန်သူ့ တပ်များအား၊ ၎င်းတို့၏သေရေးရှင်ရေးတမျှအရေးကြီးသည့်နေရာများကို ကာကွယ်စောင့်ရှောက်ရန် ပြန်ဆုတ်သွားစေနိုင်မည်၊ ကျန်းရှီးပြည်နယ်ရှိအခြေခံစခန်းကို လာတိုက်သည့်ရန်သူကိုချေမှုန်းပစ်နိုင်မည်ဖြစ်သည့်ပြင် ဖူကျင့်ပြည်သူ့အစိုးရကိုလည်း အကူအညီပေးနိုင်မည်ဖြစ်သည် (ဤနည်းများဖြင့် ဖူကျင့်ပြည်သူ့အစိုးရကိုမုချအကူအညီပေးနိုင်မည်ဖြစ်သည်)။ သို့သော် ဤနည်းအတိုင်းမလုပ်ခဲ့သဖြင့်၊ ပဋ္ဌမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်မပစ်နိုင်သည့်အပြင်၊ ဖူကျင့်ပြည်သူ့အစိုးရသည်လည်း ပြုတ်ကျသွားရလေတော့သည်။ တနှစ်ကြာမျှတိုက်ပြီးနောက်၊ ကျဲ့ကျန်းပြည်နယ်ဖက်သို့ ကျနော်တို့ချီတက်သွားရန် အခွင့်မသင့်တော့သော်လည်း အခြားဖက်သို့ဦးတည်၍ သေနင်္ဗျူဟာအရထိုးစစ်ဆင်နိုင်သေး၏၊ (ဝါ) ကျနော်တို့၏အဓိကတပ်များဖြင့် ဟူနန်ပြည်နယ်ဖက်သို့ ချီတက်သွားနိုင်သေး၏။ သို့သော်ဟူနန်ပြည်နယ်ကို ဖြတ်၍ကွေ့ကျိုးပြည်နယ်ထဲသို့ ချီတက်သွားရန်မဟုတ်၊ ဟူနန်ပြည်နယ်အလယ်ပိုင်းသို့ ချီတက်ကာ ကျန်းရှီးမှရန်သူ့တပ်များကိုမျှားခေါ်၍ဟူနန်ပြည်နယ်ထဲတွင် သုတ်သင်ပစ်ရန်

ဖြစ်၏။ ဤနည်းအတိုင်းလည်းမလုပ်ခဲ့သဖြင့်၊ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်ရန် မြှော်လင့်ချက် လုံးဝကုန်သွားကာခရီးရှည်ချီတက်ရန်မှတပါးအခြားလမ်းမရှိတော့ချေ။

## (၄) ချေမှုန်းရေးစစ်

"အဆုံးရှုံးခံ၍တိုက်ရန်" တိုက်တွန်းပြောဆိုခြင်းသည် တရုပ်တပ်နီတော်အဖို့ဆိုလျှင်မသင့်လျော်ပေ။ ပစ္စည်းဂုဏ်ပြိုင်ခြင်းပြိုင်လျှင်နဂါးမင်းချင်းသာပြိုင်ရမည်၊ သူတောင်းစားကနဂါးမင်းနှင့် သွားပြိုင်လျှင် ရယ်စရာဖြစ်ပေလိမ့်မည်။ အရာတိုင်းလိုလိုကိုရန်သူ့ ထံမှယူနေရသောတပ်နီတော်အဖို့ အခြေခံလမ်းညွှန်ချက်မှာ ချေမှုန်းစစ်ဆင်ရမည်ပင်ဖြစ်၏။ ရန်သူ၏ သက်ရှိအင်အားများကိုသုတ်သင်ပစ်မှသာ "ဝိုင်းဝန်းချေမှုန်းမှု" ကိုတိုက်ဖျက်ပစ်နိုင်မည်၊ တော်လှန်ရေး အခြေခံဒေသများကိုတိုးပွါးလာစေနိုင်မည်။ ရန်သူများ သေကြေအနာတရဖြစ်အောင်လုပ်ခြင်းမှာ ၎င်းတို့ကိုချေမှုန်းသည့်နည်းအဖြစ်သုံးခြင်းဖြစ်၏၊ သို့မဟုတ်ပါက၊ ဘာမှအဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ ရန်သူများ သေကြေအနာတရဖြစ်အောင်တိုက်ရာ၌ ကျနော်တို့ဖက်တွင်လည်းဆုံးပါးမှုရှိမည်။ သို့သော်ရန်သူကိုချေမှုန်းပစ်ခြင်းဖြင့် ကျနော်တို့အဖို့ အားပြန်ဖြည့်နိုင်၏။ ထို့ကြောင့် ရန်သူကိုချေမှုန်းပစ်ခြင်းအားဖြင့် ကျနော်တို့ဆုံးပါးခဲ့သည်များကို ထေမိနိုင်ရုံမကကျနော်တို့တပ်များကို အားသစ်လောင်းပေးနိုင်သေးသည်။ ဖြိုခွဲရေးစစ်သည် အားကောင်းသောရန်သူကို အ



ခြေခံအားဖြင့်နိုင်အောင်တိုက်နိုင်သည် မဟုတ်ချေ။ ချေမှုန်းရေးစစ်ကသာ မည်သည့်ရန်သူကိုမဆိုချက်ခြင်းအကြီးအကျယ်ထိခိုက်သွားစေနိုင်၏။ လူတယောက်၏လက်ချောင်းဆယ်ချောင်းကို ဒဏ်ရာရအောင်လုပ်ခြင်းသည် တချောင်းပြတ်သွားအောင်လုပ်သလောက်မထိရောက်သလို၊ရန်သူ့တပ်မကြီးဆယ်တပ်ကို ပြိုကွဲအောင်တိုက်ခြင်းသည်လည်း တပ်မကြီးတတပ်လုံးကို ချေမှုန်းပစ်သလောက်မထိရောက်ပေ။

ရန်သူ၏ပထမ၊ဒုတိယ၊တတိယနှင့်စတုတ္ထအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကိုဖြိုခွင်းရန် ကျနော်တို့ချမှတ်ခဲ့သောလမ်းညွှန်ချက်မှာ ချေမှုန်းစစ်ဆင်ရန်ချည်းဖြစ်၏။ တိုက်ပွဲတိုင်း၌ ချေမှုန်းခံရသောရန်သူ့တပ်သည်၊ ရန်သူ၏တပ်အားလုံးထဲက တစိတ်တဒေသသာ ဖြစ်သော်လည်း "ဝိုင်းဝန်းချေမှုန်းမှု" ကို တိုက်ဖျက်ပစ်နိုင်ခဲ့၏။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" ကို တုံ့ပြန်တိုက်ခိုက်စဉ်ကမူ ကျနော်တို့သည် ၎င်းနှင့်ဆန့်ကျင်သောလမ်းညွှန်ချက်ကို ကျင့်သုံးခဲ့သဖြင့်၊ စင်စစ်အားဖြင့် ရန်သူ့ရည်ရွယ်ချက်အထမြောက်အောင်ကူလုပ်ပေးရာရောက်ခဲ့၏။

ချေမှုန်းစစ်ဟူသည်မှာ၊ သာလွန်သည့် တပ်အင်အားစုစည်းကာရန်သူကို ဝိုင်း၍ပန်း၍တိုက်သော စစ်ပရိယာယ်ကျင့်သုံးခြင်းပင်ဖြစ်၏။ ထိုသို့မလုပ်ပါက ချေမှုန်းစစ်မဆင်နွှဲနိုင်ချေ။ လူထု၏ထောက်ခံမှုကိုရခြင်း၊ အဆင်ပြေသော နေရာရှိခြင်း၊ တိုက်ရန်လွယ်သည့်ရန်သူတပ်ဖြစ်ခြင်း၊ အငိုက်ဖမ်းနိုင်ခြင်း စသည်တို့မှာရန်သူကို ချေမှုန်းပစ်နိုင်ရေးအတွက်မရှိမဖြစ်သော အချက်အလက်များပင်ဖြစ်၏။

တိုက်ပွဲတခုလုံး သို့မဟုတ်တိုက်ပွဲကြီးတခုလုံး၌ ကျနော်တို့၏အဓိကတပ်က ရန်သူ့တပ်တတပ်ကို ချေမှုန်းနေသည့် အချိန်၌သာလျှင်၊ ရန်သူ၏အခြားသောတပ်တခုခုကို ပြိုကွဲသွားအောင်တိုက်ခြင်း သို့မဟုတ် ထွက်ပြေးနိုင်အောင် လွှတ်ပေးလိုက်ခြင်းသည်အဓိပ္ပါယ်ရှိ၏၊ သို့မဟုတ်ပါက၊ ဘာမှအဓိပ္ပါယ်မရှိချေ။ အမြတ်ရသဖြင့်အနစ်နာခံရကျိုးနပ်သည် ဆိုသည်မှာဤအဖြစ်မျိုးပင်ဖြစ်၏။

စစ်ရေးစက်မှုလုပ်ငန်းကိုကျနော်တို့တည်ဆောက်လျှင် ထိုလုပ်ငန်းအပေါ် မှီခိုအားထားလိုစိတ်များ တိုးပွါးမလာအောင်သတိချပ်ရမည်။ ကျနော်တို့၏ အခြေခံလမ်းညွှန်ချက်မှာ နယ်ချဲ့သမားများနှင့် ပြည်တွင်းရှိ ရန်သူတို့၏စစ်ရေးစက်မှုလုပ်ငန်းအပေါ် မှီခိုအားထား ရန်ပင်ဖြစ်၏။ လန်ဒန်နှင့်ဟန့်ယန်ရှိ စစ်လက်နက်စက်ရုံများကို ကျနော်တို့ပိုင်ဆိုင်ခွင့်ရှိ၏၊ ၎င်းစက်ရုံများမှ ထုတ်လုပ်သောလက်နက်ခဲယမ်းမီးကျောက်များကို ရန်သူ့ သယ်ယူပို့ဆောင်ရေးတပ်များက ကျနော်တို့ထံအရောက်ပို့ပေးနေ၏။ ဤသည်မှာအမှန်ပင်ဖြစ်သည်၊ ရယ်စရာပြောနေခြင်းမဟုတ်ပေ။

## ရှင်းချက်

၁။ "တကယ်ဖြစ်ရပ်" ဆိုသည့် ဝေါဟာရသည် တရုပ်စာအရအဓိပ္ပါယ်နှစ်မျိုးရှိသည်။ တမျိုးမှာ တကယ့်အခြေအနေကိုဆိုလိုသည်၊ တမျိုးမှာလူတို့၏ပြုမူလုပ်ဆောင်မှု (လူအများပြောဆိုကြသည့် "လက်တွေ့") ကိုဆို



လိုသည်။ ရဲဘော်မော်စီတုန်းသည် သူ၏ရေးသားပြုစုချက်များ၌ ဤဝေါဟာရကို အဓိပ္ပါယ်နှစ်မျိုးစလုံးဖြင့်အသုံးပြုလေ့ရှိသည်။

၂။ စွင်းဝူစီခေါ် စွင်းဝူဆိုသူမှာ ခရစ်သက္ကရာဇ်မတိုင်မီ ၅ ရာစုနှစ်ကထင်ရှားကျော်ကြားသော တရုပ်စစ်ပညာရှိဖြစ်၏၊ အခန်း ၁၃ ခန်းပါသည့် «စွင်းစီ» အမည်ရှိစစ်ပညာကျမ်းကိုရေးသားပြုစုခဲ့၏။ ဤစာပိုဒ်မှာ «တိုက်ခိုက်ရန်ကြံဖန် ရေး» ဆိုသည့်အခန်း ၃ မှကောက်နုတ်ထားခြင်းဖြစ်သည်။

၃။ တရုပ်ပြည်ကွန်မြူနစ်ပါတီကို ၁၉၂၁ ခုနှစ် ဇူလိုင်လတွင် တည်ထောင်ခဲ့ရာ ဤဆောင်းပါးကိုရဲဘော်မော်စီတုန်းရေးသားသည့် ၁၉၃၆ ခုနှစ်အထိဆိုလျှင် ၁၅ နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။

၄။ ချင်တူရှူဆိုသူသည် မူလကပီကင်းတက္ကသိုလ်မှ ပါမောက္ခတယောက်ဖြစ်၏၊ «လူငယ်သစ်» ဂျာနယ်အယ်ဒီတာအဖြစ်နှင့် ထင်ပေါ်ကျော်ကြားခဲ့သည်။ သူသည် တရုပ်ပြည်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်သူများထဲတွင် တယောက်အပါအဝင်ဖြစ်ပြီး မေလ ၄ ရက်နေ့အရေးတော်ပုံခေတ်က ကျော်ကြားခဲ့သောကြောင့်၎င်း၊ ပါတီအနေနှင့်လည်း တည်ထောင်ခါစရှိနေသေးသော ကြောင့်၎င်း၊ ပါတီ၏ အတွင်းရေးမှူးချုပ်ဖြစ်လာခဲ့၏။ ၁၉၂၄ — ၁၉၂၇ ခုနှစ်တော်လှန်ရေး၏ နောက်ဆုံးကာလပိုင်းတွင် ပါတီတွင်းရှိချင်တူရှူကိုယ်စားပြုသော လက်ျာအသွေဖီရေး အတွေးအခေါ်သည် အညံ့ခံရေးဝါဒလမ်းစဉ်အဖြစ်သို့ တဆင့်ပြောင်းလဲလာသည်။ ထိုစဉ်က "အညံ့ခံရေးဝါဒီတို့သည် လယ်သမားထု၊ မြို့နေဓနရှင်ပေါက်စ လူတန်းစားနှင့် အလယ်အလတ်ဓနရှင် လူတန်းစားတို့အား ခေါင်းဆောင်မှု၊ အထူးသဖြင့်လက်နက်ကိုင်အင်အားစုအား ခေါင်းဆောင်မှုကို ကိုယ့်ဖါသာစွန့်လွှတ်ခဲ့သဖြင့် ထိုအကြိမ်တော်လှန်ရေးသည်

အရေးနိမ့်ခဲ့ရ၏” (မော်စီတုန်းရေး «မျက်မှောက်အခြေအနေနှင့် ကျနော်တို့၏တာဝန်» မှ)။ ၁၉၂၇ ခုနှစ်တွင် တော်လှန်ရေးအရေးနိမ့်ခဲ့ရပြီးနောက် ချင်တူရှုနှင့် အခြားအညှိုံ့ခံရေးဝါဒီအချို့တို့သည် တော်လှန်ရေး၏ အလားအလာအပေါ် စိတ်ပျက်အားငယ်သွားကြကာ ဖျက်သိမ်းရေးဝါဒီများ ဖြစ်သွားကြလေသည်။ သူတို့သည်ထရော့စကီဝါဒ၏ပေါက်ပြန်ရေး ရပ်တည်ချက်ကိုခံယူကြကာ ထရော့စကီဂိုဏ်းသားများ နှင့်ပေါင်း၍ပါတီဆန့်ကျင်ရေးအစုငယ်တခုဖွဲ့စည်းခဲ့ကြ၏။ ထို့ကြောင့် ချင်တူရှုကို ၁၉၂၉ ခုနှစ် နိုဝင်ဘာလတွင်ပါတီမှထုတ်ပစ်လိုက်၏။ သူသည် ၁၉၄၂ ခုနှစ်တွင် သေဆုံးသည်။ ချင်တူရှု၏ လက်ျာအချောင်ဝါဒနှင့်ပတ်သက်၍ «တရုတ်ပြည်လူ့အဖွဲ့အစည်းပုလူတန်းစားများကိုခွဲခြမ်းစိတ်ဖြာချက်» «ဟူနန်ပြည်နယ် လယ်သမားလှုပ်ရှားမှု စုံစမ်းရေး အစီရင်ခံစာ» ဟူသောဆောင်းပါးနှစ်စောင်၏ ခေါင်းစဉ်ရှင်းပြချက်များကိုရှု၊ «မော်စီတုန်းလက်ရွေးစင်ကျမ်း» အတွဲ ၂ ပါ « ‹ကွန်မြူနစ်› ဂျာနယ်ထုတ်ဝေခြင်းအမှာ» ကိုရှုကြည့်ပါ။

၅။ လီလီစန်း၏ “လက်ဝဲ” အချောင်ဝါဒဆိုသည်မှာ ၁၉၃၀ ခုနှစ်ဇွန်လမှစ၍လေးလကြာမျှပါတီတွင်း၌ ပေါ်ပေါက်ခဲ့သော “လက်ဝဲ” အချောင်ဝါဒလမ်းစဉ်ကိုဆိုလိုသည်။ ထိုလမ်းစဉ်ကို ပါတီဗဟို၏ အဓိက ခေါင်းဆောင်ဖြစ်သည့် ရဲဘော်လီလီစန်းက ကိုယ်စားပြုပြီး “လီစန်းလမ်းစဉ်” ဟုခေါ်ဆိုလေ့ရှိကြ၏။ လီစန်းလမ်းစဉ်၏ ထူးခြားချက်များမှာ၊ ပါတီ၏ဆဋ္ဌမအကြိမ်မြောက်ကွန်ဂရက်မှချမှတ်ခဲ့သောလမ်းညွှန်ချက်များကို ဆန့်ကျင်ခြင်း၊ တော်လှန်ရေးအတွက်လူထုအင်အားစုဆောင်းရန် လိုအပ်ကြောင်းကိုငြင်း၊ တော်လှန်ရေးဖြစ်ပေါ်တိုးတက်မှုသည် တနေရာနှင့်တနေရာတပြေးတည်းမရှိကြောင်းကိုငြင်း အသိအမှတ်မပြုခြင်း၊ ကျေး



လက်အခြေခံဒေသများကို နှစ်ရှည်လများ အဓိကအာရုံစိုက်တည်ထောင်ပြီး ကျေးလက်များဖြင့်မြို့များကိုဝိုင်းထားရန်နှင့် အခြေခံဒေသများဖြင့် တပြည်လုံး၌ တော်လှန်ရေးအကြီးမှုကြီးဖြစ်ပေါ်လာအောင်လုပ်ရန်ဟူသော ရဲဘော်မော်စီတုန်း၏ အတွေးအခေါ်ကို “ကမ်းကုန်အောင်မှောက်မှားသည်”၊ “လယ်သမားအယူဝါဒကို အခြေပြုထားသည့်ဒေသစွဲအယူအဆနှင့် သမရိုးကျအယူအဆ”ဖြစ်သည်ဟု ယူဆကာ တပြည်လုံး၌ အဆောတလျင်ပုန်ကန်ထကြရန်အတွက် ပြင်ဆင်မှုများလုပ်ရမည်ဟု တိုက်တွန်းခြင်းတို့ပင်ဖြစ်၏။ ယင်းသို့မှောက်မှားသောလမ်းစဉ်အရရဲဘော်လီလီစန်းသည် တပြည်လုံးရှိ အချက်အချာမြို့များ၌ လက်နက်ကိုင်ပုန်ကန်မှုကို ချက်ခြင်းစည်းရုံးရန် မိုက်ရူးရဲဆိမ်ကိန်းချမှတ်ခဲ့လေသည်။ တချိန်တည်းတွင် လီစန်းလမ်းစဉ်သည် ကမ္ဘာ့တော်လှန်ရေးဖြစ်ပေါ်တိုးတက်မှု တနေရာနှင့်တနေရာ တပြေးတည်းမရှိကြောင်းကိုလည်း အသိအမှတ်မပြုဘဲ၊ တရုတ်ပြည်တော်လှန်ရေးအထွေထွေပေါက်ကွဲမှုသည် ကမ္ဘာ့တော်လှန်ရေးအထွေထွေပေါက်ကွဲမှုကို ဖြစ်ပေါ်စေလိမ့်မည် ဟူ၍ရင်း၊ ကမ္ဘာ့တော်လှန်ရေးအထွေထွေပေါက်ကွဲမှုရှိမှသာလျှင် တရုတ်ပြည်တော်လှန်ရေးသည် အောင်ပန်းဆွတ်ခူးနိုင်မည် ဟူ၍ရင်း ယူဆ၏။ တရုတ်ပြည်ဒီမိုကရေစီတော်လှန်ရေးသည် အချိန်ရှည်ကြာမည် ဖြစ်ကြောင်းကိုလည်းအသိအမှတ်မပြုဘဲ ပြည်နယ်တခု သို့မဟုတ်ပြည်နယ်အချို့၌ ဦးစွာစတင်အောင်ပွဲခံရခြင်းသည်ပင်လျှင် ဆိုရှယ်လစ်စနစ်သို့ စတင်ကူးပြောင်းခြင်းဖြစ်သည်ဟူ၍ယူဆ၏။ ထို့ကြောင့်ပင် အချိန်အခါနှင့် မဆီလျော်သော “လက်ဝဲ” မိုက်ရူးရဲပေါ်လစီအချို့ကိုချမှတ်ခဲ့လေသည်။ ရဲဘော်မော်စီတုန်းက ဤလွဲမှားသောလမ်းစဉ်ကို ဆန့်ကျင်ခဲ့၏၊ တပါတီလုံးမှ မြောက်မြားစွာသောကေဒါများနှင့် ပါတီဝင်တို့ကလည်း

ဤလမ်းစဉ်ကို ပြင်ပစ်ရန်တောင်းဆိုခဲ့ကြ၏။ ၁၉၃၀ ခုနှစ် ဇက်တင်ဘာလတွင် ကျင်းပသောပါတီ၏ ဆဋ္ဌမမြောက်ဗဟိုကော်မီတီ တတိယအကြိမ် စုံညီအစည်းအဝေး၌ ရဲဘော်လီလီစန်းသည် အများကထောက်ပြခဲ့သော သူ၏ အမှားများကိုဝန်ခံပြီး ဗဟိုကော်မီတီခေါင်းဆောင်ပိုင်းနေရာကို ဖယ်ပေးလိုက်၏။ ရှည်ကြာသောအချိန်ကာလ အတွင်း၌ ရဲဘော်လီလီစန်းသည် သူ၏လွဲမှားသောအယူအဆများကို ပြုပြင်ခဲ့သဖြင့် ပါတီ၏ သတ္တမမြောက်ပြည်လုံးကျွတ်ကွန်ဂရက်က သူ့အားဗဟိုကော်မီတီဝင် အဖြစ် ပြန်ရွေးကောက် တင်မြှောက်ခဲ့လေသည်။

၆။ ၁၉၃၀ ခုနှစ် ဇက်တင်ဘာလတွင် ကျင်းပခဲ့သော ပါတီ၏ဆဋ္ဌမမြောက်ဗဟိုကော်မီတီ တတိယအကြိမ် စုံညီအစည်းအဝေးကရင်း၊ ထိုအစည်းအဝေး ပြီးသည့်နောက် အချိန်ကာလတခုအတွင်း၌ ရှိခဲ့သောပါတီဗဟိုကော်မီတီကရင်း၊ လီစန်းလမ်းစဉ်ပပျောက်ရေးအတွက် ထိရောက်သော ဆောင်ရွက်ချက်အများအပြားလုပ်ခဲ့၏။ သို့ရာတွင် ယင်းအစည်းအဝေး ပြီးသည့်နောက်ပိုင်း၌ ပါတီတွင်းမှ လက်တွေ့တော်လှန်ရေးတိုက်ပွဲအတွေ့အကြုံမရှိသည့် ရဲဘော်အချို့သည်ချင်ရှောက်ယွီခေါ် ဝမ်မင်နှင့် ချင်ပန်းရှင်ခေါ် ပိုကူတို့၏ ခေါင်းဆောင်မှုဖြင့်၊ ဗဟို၏ဆောင်ရွက်ချက်များကို ဆန့်ကျင်ကြလေသည်။ ထိုစဉ်ကသူတို့ထုတ်ပြန်ခဲ့သည့် «လမ်းစဉ်နှစ်သွယ်» သို့မဟုတ် «တရုတ်ပြည်ကွန်မြူနစ်ပါတီ ပို၍ ဗော်ရှီဗစ်ဆန်ရေးအတွက်တိုက်ပွဲဝင်ကြလော့၊» ဟူ၍အမည်ပေးထားသော စာအုပ်ငယ်တွင်၊ ပါတီတွင်းရှိ အဓိကအန္တရာယ်မှာ "လက်ဝဲ" အချောင်ဝါဒမဟုတ်ဘဲ "လကျာ်အချောင်ဝါဒ" ဖြစ်သည်ဟုအထူးအလေးထား၍ ရေးသားဖော်ပြထား၏။ လီစန်းလမ်းစဉ်သည် "လကျာ်" ကျသည်ဟုသူတို့ "ဝေဖန်"သည်၊ ဤသို့ဝေဖန်ခြင်းကို လက်ကိုင်ပြု၍ သူတို့ပြုမူလုပ်ရှားကြ



သည်။ လီစန်းလမ်းစဉ်နှင့်အခြားသော "လက်ဝဲ" အယူအဆများ "လက်ဝဲ" ပေါ်လစီများကို တမျိုးတဖုံဆက်လက်ကျင့်သုံးခြင်းသို့မဟုတ်ပြန်၍ နလန်ထူစေခြင်း သို့မဟုတ်တိုးပွါးစေခြင်းပြုသည့် နိုင်ငံရေးလုပ်ငန်းစဉ်သစ်တရပ်ကို ထုတ်ပေါ်တင်ပြကာ ရဲဘော်မော်စီတုန်း၏မှန်ကန်သော လမ်းစဉ်နှင့် အတိုက်အခံလုပ်ကြ၏။ «တရုတ်ပြည်တော်လှန်ရေးစစ်ပွဲ၏ သေနင်္ဂဗျူဟာ ပြဿနာများ» အမည်ရှိစာအုပ်ကို ရဲဘော်မော်စီတုန်း ရေးသားပြုစုခြင်းမှာ အဓိကအားဖြင့် စစ်ရေးဖက်တွင် ဤ "လက်ဝဲ" အချောင်ဝါဒလမ်းစဉ်သစ်၏ အမှားများကို ဝေဖန်ရန်အတွက်ပင်ဖြစ်၏။ ဤမှောက်မှားသော "လက်ဝဲ"လမ်းစဉ်သစ်သည် ၁၉၃၁ ခုနှစ် ဇန္နဝါရီလ ကကျင်းပခဲ့သောပါတီ၏ ဆဋ္ဌမမြောက်ဗဟိုကော်မီတီစတုတ္ထအကြိမ် စုံညီအစည်းအဝေးမှစ၍ ၁၉၃၅ ခုနှစ် ဇန္နဝါရီလကကွေချိုးပြည်နယ်ဇွင်းယီမြို့၌ ပါတီဗဟိုကပေါလစ်ဗျူရိုအစည်းအဝေးခေါ်ဆိုကျင်းပသည့် အချိန်အထိ ပါတီတွင်း၌ လွှမ်းမိုးခဲ့လေသည်။ ဇွင်းယီအစည်းအဝေး၌ ဤမှားယွင်းသောလမ်းစဉ်၏ခေါင်းဆောင်မှုကို အဆုံးသတ်ပစ်ကာ ရဲဘော်မော်စီတုန်းအမှူးပြုသော ဗဟိုခေါင်းဆောင်အဖွဲ့သစ်ကို တင်မြှောက်ခဲ့၏။ မှောက်မှားသော၊ ဤ "လက်ဝဲ" လမ်းစဉ်သည် ပါတီတွင်း၌ အထူးရှည်ကြာစွာ (၄နှစ်) လွှမ်းမိုးခဲ့ရကား ပါတီနှင့် တော်လှန်ရေးကိုအထူးကြီးလေးစွာဆုံးရှုံးနစ်နာစေခဲ့၏၊ တရုတ်ပြည်ကွန်မြူနစ်ပါတီ၊ တရုတ်တပ်နီတော်နှင့် တပ်နီတော်၏အခြေခံဒေသတို့ကိုရာခိုင်နှုန်းကိုးဆယ်နီးပါးဆုံးရှုံးသွားစေခဲ့သည်၊ တော်လှန်ရေးအခြေခံဒေသများမှာ ကုဋေပေါင်းများစွာသော ပြည်သူလူထုကို ကိုမင်တန်၏ ညှဉ်းပန်းနှိပ်စက်မှုအောက်သို့ကျရောက်စေခဲ့သည်၊ တရုတ်ပြည်တော်လှန်ရေး၏ ခြေလှမ်းကိုနှောင့်နှေးကြန့်ကြာသွားစေခဲ့သည်။ ဤ "လက်ဝဲ" လမ်းစဉ်အမှားကို ကျူး

လှန်ခဲ့ကြသည့် ရဲဘော်များအနက်မှ ရောဂါအများစုသည် နှစ်လရှည်ကြာ စွာ လက်တွေ့ခံစားရမှုများအရ မိမိတို့၏အမှားများကို သိမြင်လာကြ ကာပြုပြင်ပစ်ကြသည့်အပြင် ပါတီနှင့် လူထုအတွက် အကျိုးရှိသောလုပ် ငန်းများစွာကို လုပ်ဆောင်ခဲ့ကြ၏။ ဤရဲဘော်များသည် အခြားရဲဘော် အမြောက်အမြားနှင့်အတူ၊ တူညီသောနိုင်ငံရေးနားလည်မှုကို အခြေပြု လျက် ရဲဘော်မော်စီတုန်း၏ ခေါင်းဆောင်မှုအောက်တွင် စည်းလုံးညီ ညွတ်လာကြလေသည်။

၇။ «ဂျပန်နယ်ချဲ့သမားကိုဆန့်ကျင်တိုက်ခိုက်ရေးနည်းပရိယာယ်» ဆိုသည့် စာစောင်၏ ရှင်းချက် ၂၁နှင့် ၂၂တို့ကိုကြည့်ပါ။

၈။ လူရှန်းဗိုလ်သင်တန်း အဖွဲ့ဆိုသည်မှာ ကွန်မြူနစ်ဆန့်ကျင်ရေးစစ်ဖက်အကော ဒါများကို သင်တန်းပေးရန်အတွက်ချန်ကေရှိတ်တည်ထောင်ထားသော အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့ကို ၁၉၃၃ ခုနှစ် ဇူလိုင်လတွင် ကျန်းရှီးပြည်နယ် ကျူကျန်းခရိုင်ရှိ လူရှန်းတောင်တွင်တည်ထောင်ခဲ့၏။ ချန်ကေရှိတ်စစ် တပ်မှစစ်ဗိုလ်များကို ထိုအဖွဲ့သို့ အလှည့်ကျစေလွှတ်ပြီး ဂျာမနီ၊ အီတ လီနှင့် အမေရိကန်စစ်ရေးနည်းပြဆရာများကသင်ကြားပို့ချသည့် ဖက်ဆစ် စစ်ရေးနှင့် နိုင်ငံရေးသင်တန်းများသို့တက်ရစေ၏။

၉။ ပဉ္စမအကြိမ် "ဝိုင်းဝန်းချေမှုန်းမှု" အတွက် စစ်မက်ရေးရာမူသစ်များဆို သည်မှာ အဓိကအားဖြင့် တက်လိုက်တပ်စွဲလိုက်မူသော၊ ချန်ကေရှိတ် ဓါးပြဂိုဏ်း၏ "ခံကတုတ်ပေါ်လစီ" ကိုဆိုလိုခြင်းဖြစ်သည်။

၁၀။ «လီနင်ကျမ်းပေါင်းစုံ» အတွဲ ၃၁ မှ «ကွန်မြူနစ်ဝါဒ» ဟူသောဆောင်း ပါးကိုကြည့်ပါ။ ထိုဆောင်းပါး၌လီနင်ကဟန်ဂေရီကွန်မြူနစ်ပါတီဝင်ဘေး လာကွန်းကိုဝေဖန်ရာ၌ "သူ့အခြေအနေနှင့် သူ့စိစစ်သုံးသပ်ခြင်းတည်း



ဟူသောမာ့က်စ်ဝါဒ၏ အနှစ်တကာ့အနှစ်နှင့် အသက်ဝိညာဉ်ကို သူပစ် ပယ်ခဲ့၏" ဟုဆိုထားသည်။

၁၁။ ဟူနန် - ကျန်းရှီးပြည်နယ်နယ်စပ်ဒေသပါတီ၏ ပထမကွန်ဂရက်ဆိုသည် မှာ ထိုနယ်စပ်ဒေသရှိ ကွန်မြူနစ်ပါတီက နင်ကန်းခရိုင်မော်ဖင်းအရပ် တွင် ၁၉၂၈ ခုနှစ် မေလ ၂၀ ရက်နေ့၌ ကျင်းပသောကွန်ဂရက်ကိုဆိုလို သည်။

၁၂။ «ပါတီတွင်းရှိမှားယွင်းသောအတွေးအခေါ်များကိုပြုပြင်ရေး» ဆိုသည့် စာစောင်၏ရှင်းချက် ၂ နှင့် ၃ ကိုကြည့်ပါ။

၁၃။ ဓါးပြဝါဒဆိုသည်မှာ တိကျပြတ်သားသော နိုင်ငံရေးရည်မှန်းချက်မရှိ၊ စည်းကမ်းမရှိ၊ စည်းရုံးမှုမရှိဘဲ လုယက်တိုက်ခိုက်နေခြင်းကို ဆိုလိုသည်။

၁၄။ ကျန်းရှီးပြည်နယ်မှ ရှန်ရှီးပြည်နယ်မြောက်ပိုင်းသို့ တပ်နီတော်ချီတက်ခဲ့ သောလီ ၂၅,၀၀၀ ခရီးရှည်ချီတက်ပွဲကြီးကိုဆိုလိုသည်။ «ဂျပန်နယ်ချဲ့ သမားကို ဆန့်ကျင်တိုက်ခိုက်ရေးနည်းပရိယာယ်» ဆိုသည့်စာစောင်၏ ရှင်းချက် ၂၀ ကိုကြည့်ပါ။

၁၅။ "ချီကျိုးနားရှက်ပုံတပ်" ဆိုသည်မှာ အဓိကတပ်မဟုတ်ဘဲ၊ စစ်တပ်၏ တောင်ပံအဖြစ်ထမ်းဆောင်သောတပ်တစိတ်တပိုင်းကိုဆိုလိုသည်။

၁၆။ ရုရှားပြည် ၁၉၀၅ ခုနှစ် ဒီဇင်ဘာလပုန်ကန်မှု အရေးနိမ့်သွားပြီးနောက် တော်လှန်ရေးအိုကြနေရာမှ တဖြည်းဖြည်းကျဆင်းသွားသောအချိန်ကာ လကိုဆိုလိုသည်။ «ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ(ဗော်ရှီဗစ်) သမိုင်းအကျဉ်းချုပ်» အခန်း ၃ ၏ကဏ္ဍ ၅ နှင့် ၆ ကိုကြည့်ပါ။

၁၇။ ဘရက်လစ်တော့စာချုပ်ဆိုသည်မှာ ၁၉၁၈ ခုနှစ်မတ်လတွင်ဆိုဗီယက် ရုရှားနှင့် ဂျာမနီတို့ချုပ်ဆိုခဲ့သည့် စစ်ပြေငြိမ်းရေးစာချုပ်ဖြစ်သည်။ ထိုစဉ်က ရန်သူ၏ အင်အားသည် တော်လှန်ရေးအင်အားထက်များစွာ

သာလွန်နေသဖြင့် ကိုယ်ပိုင်စစ်တပ်မရှိသေးသော တည်ထောင်ခါစဆိုဗီယက်သမ္မတနိုင်ငံကို နယ်ချဲ့ဂျာမနီတို့၏ တိုက်ခိုက်မှု မခံစေရအောင်ယာယီနောက်ဆုတ်ပေးသည့် အနေနှင့် ဤစာချုပ်ကိုချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ ဤစာချုပ်ကို ချုပ်ဆိုလိုက်သဖြင့် ဆိုဗီယက်သမ္မတနိုင်ငံအဖို့ ပစ္စည်းမဲ့နိုင်ငံရေးအာဏာကို တည်တံ့ခိုင်မြဲအောင်လုပ်ရန်၊ စီးပွါးရေးကို စနစ်တကျဖြစ်အောင်လုပ်ရန်၊ တပ်နီတော်ကို တည်ထောင်ဖွဲ့စည်းရန်အချိန်ရခဲ့လေသည်။ ယင်းသို့ဖြင့်ပစ္စည်းမဲ့လူတန်းစားသည်လယ်သမားများအပေါ် ခေါင်းဆောင်မှုကို ထိန်းသိမ်းထားနိုင်လျက် အင်အားကိုလည်း စုစည်းနိုင်ခဲ့ကာ ၁၉၁၈ မှ ၁၉၂၀ ခုနှစ်အတွင်းတွင်တပ်ဖြူများနှင့် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျပန်၊ ပိုလန်စသောနိုင်ငံများ၏လက်နက်ကိုင်ဝင်ရောက်စွက်ဖက်မှုကို တွန်းလှန်တိုက်ဖျက်ပစ်နိုင်ခဲ့လေသည်။

၁၈။ ၁၉၂၇ ခုနှစ်အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကွမ်တုန်းပြည်နယ်ဟိုင်ဖုန်းနှင့်လုဖုန်းဒေသမှ လယ်သမားများသည် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်တွင် တတိယအကြိမ်ပုန်ကန်ထကြွကာဟိုင်ဖုန်း၊ လုဖုန်းနှင့် အနီးတဝိုက်ကိုသိမ်းပိုက်ခဲ့ကြ၏၊ တပ်နီတော်ကိုဖွဲ့စည်းတည်ထောင်ခဲ့ကြ၏၊ အလုပ်သမားလယ်သမား ဒီမိုကရေစီနိုင်ငံရေးအာဏာကိုတည်ဆောက်ခဲ့ကြ၏။ နောက်ပိုင်းတွင်ရန်သူကို အထင်သေးသည့် အမှားကြောင့် အရေးနိမ့်သွားရလေသည်။

၁၉။ ၁၉၃၆ ခုနှစ်ဆောင်းဦးတွင် တပ်နီတော်၏ အမှတ် ၄ နှင့်အမှတ် ၂ စစ်မျက်နှာတပ်မတော်တို့သည် တွေ့ဆုံပေါင်းစည်းမိကြပြီးနောက် ရှီးခန်းပြည်နယ်အရှေ့မြောက်ပိုင်းမှနေ၍ မြောက်ဖက်သို့ ချီတက်ရွှေ့ပြောင်းခဲ့သည်။ ထိုအချိန်တွင် ကျန်းကိုထောင်သည် ပါတီကို ဆန့်ကျင်မြဲဆန့်ကျင်သည့်အပြင် သူတလျှောက်လုံး လက်ကိုင်ပြုထားသည့် နောက်ဆုတ်ရေး



ဝါဒနှင့် ဖျက်သိမ်းရေးဝါဒအတိုင်းလုပ်မြဲလုပ်နေသည်။ ထိုနှစ်အောက်တိုဘာလတွင် ကန်းစုပြည်နယ်သို့အမှတ် ၂နှင့် အမှတ် ၄ စစ်မျက်နှာတပ်မတော်ရောက်ရှိသောအခါအမှတ်၄စစ်မျက်နှာတပ်မတော်၏လူ ၂၀,၀၀၀ ကျော်ရှိသောတပ်ဦးကို အနောက်စစ်ကြောင်းတပ်အဖြစ် ဖွဲ့စည်းကာ မြစ်ဝါမြစ်ကို ဖြတ်ကူး၍ အနောက်ဖက်ရှိချင်းဟိုင်ပြည်နယ်ဖက်သို့ချီတက်သွားရမည်ဟူ၍ ကျန်းကိုထောင်ကအမိန့်ပေးခဲ့၏။အနောက်စစ်ကြောင်းတပ်သည် ၁၉၃၆ ခုနှစ်ဒီဇင်ဘာလ၌ တိုက်ပွဲများတွင် အခြေခံအားဖြင့် အရေးနိမ့်သွား၏၊ ၁၉၃၇ ခုနှစ်မတ်လတွင်မူ လုံးဝအရေးနိမ့်သွားလေသည်။

၂၀။ ပဲရစ်ဘုံအဖွဲ့နှင့် ပတ်သက်၍ မာ့က်စ်က ကူဂယ်မန်ထံပေးပို့သောစာကို ကြည့်ပါ။

၂၁။ «ရွှေဟူကျူမ့်» ဆိုသည်မှာ လယ်သမားစစ်ပွဲအကြောင်းကို သရုပ်ဖေါ်ထားသည့် နာမည်ကျော် တရုပ်ဝတ္ထုဖြစ်သည်။ ၁၄ ရာစုနှစ်ယွမ်မင်းဆက်အကုန်မင်မင်းဆက်အစလောက်တွင် ရှီးနိုက်အန်းဆိုသူရေးသားပြုစုခဲ့သည်ဟုအဆိုရှိကြ၏။ လင်ချုန်းနှင့်ချိုင်ကျင့်ဆိုသူများမှာ ထိုဝတ္ထုထဲမှ သူရဲကောင်းများဖြစ်ကြ၏။ သိုင်းဆရာဟုန်သည်ချိုင်ကျင့်ဆိုသူထံတွင်ခစားသောသိုင်းဆရာဖြစ်သည်။

၂၂။ လူပြည်နှင့် ချီပြည်မှာ တရုပ်ပြည်၏ ချွင်းချူးခေတ် (ခရစ်သက္ကရာဇ်မတိုင်မီ ၇၂၂ – ၄၈၁ ခုနှစ်အထိ) ကပဒေသရာဇ်တိုင်းပြည် နှစ်ပြည်ဖြစ်သည်။ ချီပြည်သည် ယခုရှန်းတုန်းပြည်နယ်၏ အလယ်ပိုင်း၌ တည်ရှိခဲ့သောတိုင်းပြည်ကြီးဖြစ်သည်။ လူပြည်မှာမူ ယခုရှန်းတုန်းပြည်နယ်၏ တောင်ပိုင်း၌ တည်ရှိခဲ့သောတိုင်းပြည်ငယ်ကလေးဖြစ်သည်။ ကျွမ်းကုန်းသည် ခရစ်သက္ကရာဇ်မတိုင်မီ ၆၉၃ ခုနှစ်မှ ၆၆၂ ခုနှစ်အထိလူပြည်တွင်မင်းပြုအုပ်စိုးခဲ့သည်။

၂၃။ စိုချူးမင်ဆိုသူသည် တရုပ်ပြည်ကျိုးမင်းဆက်မှနာမည်ကျော် ရာဇဝင်မှတ်တမ်းစာအုပ်ဖြစ်သော «စိုကျွမ့်» ကိုရေးသားပြုစုသူဖြစ်သည်။ ယခုကိုးကားလိုက်သောစာပိုဒ်မှာ «စိုကျွမ့်» ထဲမှ ကျွမ်းကုန်းနန်းစံခဲ့သော ၁၀ နှစ်ဟူသောအခန်းမှဖြစ်သည်။

၂၄။ ဤစာပိုဒ်တွင် လူပြည့်ရှင်ကျွမ်းကုန်းက "ငါသည်နတ်ပူဇော်ရာတွင်ယဇ်ကောင်များ၊ ကျောက်စိမ်းများနှင့် ပိုးတန်ဆာများ၏ အရေအတွက်ကိုအမှန်အတိုင်းတင်လျှောက်ပါသည်၊ ဘယ်တော့မှမုသားမပြောပါ" ဟုဆိုခြင်းမှာ သူသည် နတ်များအပေါ် ကတိတည်ကြောင်းကိုဖော်ပြခြင်းဖြစ်သည်။ချောင်ကွေ့က "ဤသို့ဆိုလျှင်လူထုအတွက်တကယ့်စေတနာနှင့် ဆောင်ရွက်ပေးကြောင်းထင်ရှားသည်၊ ဤအချက်ဖြင့်ပင် ရန်သူကိုဖိုခွင်းနိုင်ပေပြီ" ဟုဆိုခြင်းမှာ ဘုရင်တပါးသည် အမှုကိစ္စများကို တရားသဖြင့် စီရင်နိုင်ပါက လူထု၏ထောက်ခံမှုကို ရနိုင်သည်၊ ဤအချက်ဖြင့်ပင် စစ်ထွက်တိုက်နိုင်သည်ဟုဆိုလိုသည်။

၂၅။ ချိန်ကောင်းမြို့ဟောင်းမှာ ယနေ့ဟိုနန်ပြည်နယ် ချိန်ကောင်းခရိုင်အနောက်မြောက်ဖက်တွင် တည်ရှိသည်၊ ၎င်းမြို့သည် ရှေးခေတ်ကစစ်ရေးအရ အရေးကြီးသည့်နေရာဖြစ်၏။ ခရစ်သက္ကရာဇ်မတိုင်မီ ၂၀၃ ခုနှစ်တွင် ဤအရပ်၌ ဟန့်ဘုရင်လျူပန်းနှင့် ချူဘုရင်ရှန့်ယွီတို့သူမနိုင်ကိုယ်မနိုင်စစ်ဖြစ်ခဲ့ဘူးကြသည်။ ထိုစဉ်ကရှန့်ယွီတပ်သည်ရှင်ယန်၊ချိန်ကောင်းစသောမြို့များကို ဆက်တိုက်သိမ်းပိုက်နိုင်ခဲ့၍လျူပန်းတပ်မှာ ကစင့်ကရဲပျက်စီးလုမတတ်ဖြစ်ခဲ့ရလေသည်။ သို့သော် နောက်ပိုင်းတွင် ချူစစ်သည်များစိရှေမြစ်ကို ဖြတ်ကျော်ရာ၌မြစ်လယ်သို့အရောက်တွင် လျူပန်းတပ်က အလစ်ဝင်ရောက်တိုက်ခိုက်လိုက်သဖြင့် ချူတပ်ကိုနိုင်ကာ ချိန်ကောင်းမြို့ကိုပြန်လည်သိမ်းပိုက်ခဲ့လေသည်။



၂၆။ ခွင်းယန်မြို့ဟောင်းမှာ ယခုဟိုနန်ပြည်နယ် ယဲ့ရှင့်ခရိုင်အတွင်း၌ ရှိသည်။ ခရစ်သက္ကရာဇ် ၂၃ ခုနှစ်တွင်လျူရှူ ခေါ် အရှေ့ဟန့်မင်းဆက်ကွမ်းဝူဘုရင်သည် ဤအရပ်တွင် ဝမ်မန်၏စစ်တပ်ကိုတိုက်ခိုက်ဖြိုခွင်းခဲ့လေသည်။ ဤစစ်ပွဲတွင် တဖက်နှင့်တဖက် စစ်အင်အားချင်းအပြတ်အသတ်ကွာခြားသည်။ လျူရှူတွင် စစ်သည်အင်အား ရှစ်ထောင်ကိုးထောင်လောက်သာရှိ၍ ဝမ်မန်တွင်မူ လေးသိန်းကျော်ရှိလေသည်။ သို့သော်ဝမ်မန်၏ စစ်သူကြီးများဖြစ်ကြသော ဝမ်ရှင်နှင့် ဝမ်ယိက ရန်သူကိုအထင်သေး၍ ပေါ့ပေါ့လျော့လျော့နေကြသည်ကို လျူရှူက အခွင့်ကောင်းယူကာ လက်ရွေးစင်စစ်သည်ရဲမက် သုံးထောင်ဖြင့် ဝမ်မန်စစ်တပ်၏ ပင်မတပ်ကိုထိုးဖေါက်ကာစစ်သွေးကြွတုန်းချီတက်တိုက်ခိုက်သဖြင့် ရန်သူကို အကြီးအကျယ်ဖြိုခွင်းနိုင်ခဲ့လေသည်။

၂၇။ ကွမ်းတုမှာယခုဟိုနန်ပြည်နယ်ကျုန်းမိုခရိုင်အရှေ့မြောက်ဖက်တွင်တည်ရှိသည်။ ခရစ်သက္ကရာဇ် ၂၀၀ ပြည့်နှစ်တွင် ချောင်ချောင်းစစ်တပ်နှင့်ယွမ်ရှောက်စစ်တပ်တို့ ဤအရပ်တွင်တိုက်ပွဲဖြစ်ခဲ့၏။ထိုစဉ်ကယွမ်ရှောက်တွင်စစ်သည်ဗိုလ်ခြေတသိန်းရှိ၏။ ချောင်ချောင်းတွင်မူ စစ်သည်ဗိုလ်ခြေကလည်းနည်း၍ ရိက္ခာကလည်းပြတ်နေပေသည်။ သို့သော်ယွမ်ရှောက်တပ်မှာ ရန်သူကို အထင်သေး၍ပြင်ဆင်မှုမရှိဖြစ်နေသည်ကို ချောင်ချောင်းက ချက်ကောင်းယူလျက်သွက်လက်ပေါ့ပါးသော စစ်သည်ရဲမက်များဖြင့် အလစ်ဝင်ရောက်တိုက်ခိုက်ကာ ယွမ်ရှောက်တပ်၏ စစ်သုံးပစ္စည်းများကိုမီးရှို့ပစ်၏။ ယွမ်ရှောက်တပ်တွင် ဗရုန်းဗရင်းဖြစ်နေခိုက်ချောင်ချောင်းတပ်ကထွက်တိုက်ရာ ယွမ်ရှောက်တပ်၏အဓိကအင်အားကို သုတ်သင်ချေမှုန်းနိုင်ခဲ့လေသည်။

၂၈။ ဝူပြည်ကိုစွင်းချမ်ကအုပ်စိုး၍၊ ဝေ့ပြည်ကိုချောင်ချောင်းကအုပ်စိုးသည်။ ချီဗိသည်ဟူပေပြည်နယ်ကျားယွီခရိုင်အရှေ့မြောက်ပိုင်းယန်စီမြစ်တောင်ဖက်ကမ်းတွင်တည်ရှိသည်။ခရစ်သက္ကရာဇ် ၂၀၀ ခုနှစ်တွင်ချောင်ချောင်းသည် ငါးသိန်းကျော်သာရှိသော စစ်တပ်ဖြင့် ရှစ်သိန်းရှိသည်ဟု ကြွေးကြော်ကာ စွင်းချမ်ကိုတိုက်ခိုက်လေသည်။ စွင်းချမ်းသည် ချောင်ချောင်း၏ရန်သူဖြစ်သော လျူပေနှင့်ပူးပေါင်းလျက် ချောင်ချောင်း၏ တပ်သားများ အဖျားရောဂါခွဲကပ်နေခြင်းနှင့် ရေကြောင်းတိုက်ပွဲ အလေ့အကျင့်မရှိခြင်းကို ချက်ကောင်းယူကာ စစ်သည်ဗိုလ်ခြေ ၃ သောင်းဖြင့်ချောင်ချောင်းတပ်၏စစ်လှေသမ္ဗန်များကို မီးနှင့် ရှို့လျက်ချောင်ချောင်းတပ်ကို အကြီးအကျယ်ဖြိုခွင်းခဲ့လေသည်။

၂၉။ ယီလင်ဆိုသည်မှာ ယခုဟူပေပြည်နယ် ယီချန်းခရိုင်အရှေ့ဖက်တွင်တည်ရှိသည်။ ခရစ်သက္ကရာဇ် ၂၂၂ ခုနှစ်တွင် ဤအရပ်၌ ရှူပြည်ဘုရင်လျူပေ့အားဝူပြည်စစ်သူကြီးလု ရှွင်က အကြီးအကျယ်တိုက်ခိုက်အောင်နိုင်ခဲ့လေသည်။ ဤစစ်ပွဲအစပိုင်းတွင်လျူပေ့တပ်မှာအောင်ပွဲများဆက်တိုက်ခံခဲ့ပြီး ယီလင်အရပ်သို့ရောက်ရှိလာဟုပြည်ပိုင်နက်ထဲသို့ လီပေါင်းငါးရာခြောက်ရာမျှ ချင်းနင်းဝင်ရောက်နေပြီဖြစ်၏။ လု ရှွင်ကခုနှစ်လရှစ်လမျှ ထွက်မတိုက်ဘဲ ယီလင်ကို ကာကွယ်စောင့်ရှောက်နေ၏။ လျူပေ့ဖက်တွင် "တပ်လည်းပန်း၍ မာန်လည်းကျကာအကြံအိုက်နေခိုက်" တွင်လု ရှွင်က လေတိုက်တုန်းမီးတင်ရှို့သဖြင့် လျူပေ့တပ်သည်အကြီးအကျယ်ရှုံးသွားလေသည်။

၃၀။ ခရစ်သက္ကရာဇ် ၃၈၃ ခုနှစ်တွင် အန်းဟွေးပြည်နယ်အရှေ့အရပ်၌ ချင်ဘုရင်ဖူကျင်းအားအရှေ့ကျင့်မင်းဆက်စစ်သူကြီးရှဲ ရွှမ်က အကြီးအကျယ်တိုက်ခိုက်အောင်နိုင်ခဲ့သည်။ ထိုစဉ်ကဖူကျင်းတွင် ခြေလျင်တပ်သား ၆



သိန်းကျော်၊ မြင်းတပ်သား နှစ်သိန်းခုနှစ်သောင်း၊ ကိုယ်ရံတော်မြင်းတပ်သား သုံးသောင်းကျော်ရှိ၍၊ အရှေ့ကျင့်ဖက်တွင်မူ ရေတပ်နှင့်ကြည်းတပ်အားလုံးပေါင်းရှစ်သောင်းမျှသာရှိလေသည်။ တပ်နှစ်တပ်သည် ဖေရွှေမြစ်၏ တဖက်တချက်စီတွင် တပ်ချထားရာကျင့်တပ်မှ ဗိုလ်ချုပ်များက ရန်သူတို့မာနထောင်လွှားနေသည်ကို ချက်ကောင်းယူပြီး ကျင့်စစ်သည်များ မြစ်ကိုကူး၍ ယတိပြတ်တိုက်ပွဲဆင်နွှဲနိုင်ရေးအတွက် ဖေရွှေမြစ်မြောက်ဖက်ကမ်းရှိ ချင်စစ်သည်များထံမှ စစ်မြေပြင်တခုဖယ်ပေးရန်တောင်းဆို၏။ ချင်စစ်သည်တို့ကလည်းတကယ်ပင် ဖယ်ပေးလေသည်၊ ဤသို့ဖယ်ပေးရာတွင် ဆီးမနိုင်တားမရအောင် ဒလဟောဆုတ်ခွါလေသောကြောင့် ကျင့်စစ်သည်တို့ကအခွင့်ကောင်းယူ၍ မြစ်ကူးတိုက်လိုက်ရာ ချင်တပ်သည် အကြီးအကျယ်ရှုံးသွားလေ၏။

၃၁။ ၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့၌ တရုတ်ပြည်ကွန်မြူနစ်ပါတီသည်ချန်ကေရှိတ်နှင့် ဝမ်းကျင်းဝေ့တို့၏ တန်ပြန်တော်လှန်ရေး လုပ်ဆောင်မှုကို ဆန့်ကျင်ရန်နှင့် ၁၉၂၄ – ၂၇ ခုနှစ် တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရန်အတွက်၊ ကျန်းရှီးပြည်နယ်၏ မြို့တော်ဖြစ်သောနန်ချန်းတွင် နှာမည်ကျော်ပုန်ကန်မှုကြီးကို ခေါင်းဆောင်ခဲ့လေသည်။ ထိုပုန်ကန်မှုတွင် လက်နက်ကိုင် တပ်အင်အားသုံးသောင်းကျော်ပါဝင်ခဲ့၏။ ခေါင်းဆောင်သူများမှာချူအင်လိုင်း၊ ချူတေး၊ ဟိုလုန်၊ ယဲ့ထင်စသော ရဲဘော်များဖြစ်လေသည်။ ပုန်ကန်သည့်တပ်မတော်သည်ဩဂုတ်လ ၅ ရက်နေ့၌မူလအစီအစဉ်အတိုင်းနန်ချန်းမြို့မှဆုတ်ခွါခဲ့ရာကွမ်တုန်းပြည်နယ်ရှိချောင်ကျိုးနှင့်ရှန်ထိုသို့ အရောက်တွင် အရေးနိမ့်ခဲ့ရ၏။ ပုန်ကန်သည့် တပ်အချို့ကို နောက်ပိုင်း၌ ချူတေး၊ ချင်ယီနှင့် လင်းပြောင်စသော ရဲဘော်များ ကြီးဆောင်ကွပ်ကဲကာ ကျင်ကန်းတောင်တန်းသို့ အရောက်တိုက်သွား

ကြပြီး ရဲဘော်မော်စီတုန်း ခေါင်းဆောင်သော အလုပ်သမား လယ်သမားတော်လှန်ရေးတပ်အမှတ် ၁ တပ်မတော်၏ အမှတ် ၁ တပ်မကြီးနှင့် တွေ့ဆုံပေါင်းစည်းမိကြလေသည်။

၃၂။ «တရုပ်ပြည်မှာ အာဏာနိုင်ဘာ့ကြောင့်တည်တံ့နိုင်သလဲ? » ဟူသောစာစောင်၏ ပုဒ်ချက် ၈ ကိုကြည့်ပါ။

၃၃။ ၁၉၂၇ ခုနှစ် စက်တင်ဘာလတွင် ဟူနန် - ကျန်းရှီးပြည်နယ်နယ်စပ်ပူ့ရှူး၊ ရှော၊ ဖင်းရှန်း၊ ဖင်းကျန်း၊ လျူယန်စသောခရိုင်များက ပြည်သူ့လက်နက်ကိုင်များသည် ရဲဘော်မော်စီတုန်း၏ ခေါင်းဆောင်မှုအောက်တွင် နာမည်ကျော်ဆောင်းဦးကောက်ရိတ်ချိန်ပုန်ကန်မှု ပြုခဲ့ကြပြီး အလုပ်သမားလယ်သမားတော်လှန်ရေးတပ်အမှတ် ၁ တပ်မတော်၏အမှတ် ၁ တပ်မကြီးကို တည်ထောင်ခဲ့ကြ၏။ ရဲဘော်မော်စီတုန်းသည် ထိုတပ်ကို ကျင်ကန်းတောင်တန်းသို့ရောက်အောင် ဦးစီးကွပ်ကဲသွားကာ ထိုနေရာတွင် ဟူနန် - ကျန်းရှီးပြည်နယ် နယ်စပ်တော်လှန်ရေး အခြေခံဒေသကို တည်ဆောက်ခဲ့လေသည်။

၃၄။ အေဘီအဖွဲ့ဆိုသည်မှာ ထိုစဉ်က ဒေသနီများတွင် ပုန်းလျှိုးနေသော ကိုမင်တန်၏ တန်ပြန်တော်လှန်ရေး သူလျှို အဖွဲ့အစည်းဖြစ်၏။ အေဘီဆိုသည်မှာ အင်္ဂလိပ်စာ Anti-Bolshevik (ဗော်ရှီဗစ်ဆန့်ကျင်ရေး) ကိုအတိုကောက်ရေးသားခြင်းဖြစ်သည်။

၃၅။ ကျန်းရှီးပြည်နယ်အလယ်ပိုင်းရှိ ကန်ကျန်းမြစ်နှင့် အရှေ့ပိုင်းရှိဖူရှေမြစ် အကြားကနယ်မြေဒေသကို ဆိုလိုသည်။

၃၆။ လီနင်ရေး «သီးသန့်ငြေငြိမ်းရေးချက်ခြင်းလုပ်ရန် နယ်မြေဖဲ့ပေးရေး ငြိမ်းချမ်းရေးစာချုပ်ချုပ်ခြင်းချုပ်ဆိုရန် ပြဿနာနှင့်ပတ်သက်သောစာတမ်းများ» «ယုံတမ်းစကားများနှင့်မဟုတ်တမ်းတရားပြောဆိုမှုများ»



«ကြီးလေးသောသင်ခန်းစာနှင့် ကြီးလေးသောတာဝန်» «စစ်နှင့်ငြိမ်းချမ်းရေးဆိုင်ရာအစီရင်ခံစာ» စသောစာစောင်များနှင့် «ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ (ဗော်ရှီဗစ်) သမိုင်းအကျဉ်းချုပ်» အခန်း ၇ ကဏ္ဍ ၇ ကိုကြည့်ပါ။

၃၇။ ဤတွင်ဆိုထားသော တိဗက်လူမျိုးနှင့် ဟွေ့လူမျိုးဆိုသည်မှာ စစ်ချွမ်းပြည်နယ်အနောက်ပိုင်းရှိ တိဗက်အမျိုးသားနှင့် ကန်းစု၊ ချင်းဟိုင်၊ ရှင်းကျန်းစသည့် ပြည်နယ်များမှဟွေ့အမျိုးသားများကို ရည်ညွှန်းပါသည်။

၃၈။ ပါကူဆောင်းပါးဆိုသည်မှာ ၁၅ ရာစုနှစ်မှ ၁၉ ရာစုနှစ်အထိ တရုပ်ပဒေသရာဇ်နန်းတွင်းစာမေးပွဲများအတွက် သတ်မှတ်ထားသော ထူးခြားသော ဆောင်းပါးရေးပုံရေးနည်း တမျိုးဖြစ်သည်။ ပါကူဆောင်းပါးတိုင်းတွင် ခေါင်းစဉ်လိုရင်း အနက်ကို ဖွင့်ခြင်း၊ ခေါင်းစဉ်၏ အနက်ကို အကျယ်ဖွင့်ခြင်း၊ စာကိုယ်အကြောင်းကို အစချီခြင်း၊ စာကိုယ် အကြောင်းကိုပြောခြင်း၊ အစပိုဒ်၊ အလယ်ပိုဒ်၊ အဆုံးပိုဒ်နှင့် နိဂုံးပိုဒ်ထားခြင်းဟူ၍ရှိသည်။ "ခေါင်းစဉ်လိုရင်းအနက်ကိုဖွင့်ခြင်း" တွင်ဝါကျနှစ်ခုပါသည်။ "ခေါင်းစဉ်၏ အနက်ကို အကျယ်ဖွင့်ခြင်း" တွင်ဝါကျသုံးခုသို့မဟုတ်လေးခုပါသည်။ "စာကိုယ်အကြောင်းကို အစချီခြင်း" ဆိုသည်မှာ တခုလုံးကိုခြုံပြီး အစချီလိုက်ခြင်းဖြစ်သည်။ "စာကိုယ်အကြောင်းကိုပြောခြင်း" ဆိုသည်မှာအစချီပြီးနောက်စာကိုယ်အကြောင်းဆက်လက်ပြောဆိုခြင်း ဖြစ်သည်။ အစပိုဒ်၊ အလယ်ပိုဒ်၊ အဆုံးပိုဒ်နှင့် နိဂုံးပိုဒ်ဆိုသည့် အပိုဒ်လေးပိုဒ်မှသာလျှင် အကြောင်းအရာကို တကယ်တမ်းရေးသားပြောဆိုခြင်းဖြစ်သည်၊ အလယ်ပိုဒ်မှာ ဆောင်းပါးတခုလုံး၏ အချက်အချာဖြစ်သည်။ ဤစာပိုဒ်လေးပိုဒ်တွင်အပိုဒ်တိုင်း၌ အချီအ

ချညီသောစာနှစ်ပိုဒ်စီရှိကြသည်၊ အားလုံးရှစ်ပိုဒ်ရှိသောကြောင့် ပါ့ကူ (ရှစ်ပိုဒ်) ဆောင်းပါးသို့မဟုတ်ပါပိဆောင်းပါးဟုခေါ်သည်။ ဤနေရာတွင် ရဲဘော်မောင်စိတုန်းက ပါ့ကူဆောင်းပါးရေးရာတွင် တပိုဒ်မှတပိုဒ်သို့ကူးပြောင်းရခြင်းကို သာဓကပြု၍ တော်လှန်ရေးတိုးပွါးမှု၏ အဆင့်အသီးသီးကို တင်စားပြောဆိုထားသည်။ သို့သော်ရဲဘော်မောင်စိတုန်းသည် များသောအားဖြင့် ပါ့ကူဆောင်းပါးဟူသောဝေါဟာရဖြင့် တရားသောဝါဒကို တင်စားသရော်လေ့ရှိသည်။

# ချန်ကေရှိတ်၏ကြေညာချက်နှင့်ပတ်သက်သည့် ကြေညာချက်

(၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့)

ဂျပန်ကိုခုခံရမည်ဟုဗိုလ်ချုပ်ကျန်းရှေလျန် ဗိုလ်ချုပ်ယန်ဟူချိန်တို့နှင့်တကွ တရုပ်ပြည်အနေ့ာက်မြောက်ပိုင်းပြည်သူများက တောင်းဆိုကြသည်ကိုချန်ကေရှိတ်ကရှီးအန်းမြို့တွင် လက်ခံခဲ့သည်၊ ဦးစွာအားဖြင့်ပြည်တွင်းစစ်ဆင်နေသည့်သူ့စစ်တပ်များကို ရှန်ရှီးနှင့်ကန်းစုပြည်နယ်များမှရုပ်သိမ်းရန်အမိန့်ချလိုက်သည်၊ ဤသည်ကား ချန်ကေရှိတ်က ၁၀ နှစ်တိုင်တိုင် ၎င်းကျင့်သုံးခဲ့သည့် ပေါ်လစီအမှားကို စတင်ပြောင်းလဲလိုက်ခြင်း ဖြစ်သည် [၁]။ ဤအချက်က၊ ပြည်တွင်းစစ်ကိုညွှန်ကြားနေသော၊ သွေးခွဲနေသော၊ ရှီးအန်းအရေးအခင်းတွင် ချန်ကေရှိတ်အားအသေသတ်ရန်ကြိုးစားခဲ့သော ဂျပန်နယ်ချဲ့သမားနှင့်တရုပ်နိုမ်နင်းအဏ်ခတ်ရေးဂိုဏ်း [၂] တို့၏ အကောက်ကြံမှုများကို ထိုးနှက်လိုက်လေသည်။ ဂျပန်နယ်ချဲ့သမားနှင့် တရုပ်နှိမ်နင်းအဏ်ခတ်ရေးဂိုဏ်းစိတ်ပျက်သွားကြောင်း အထင်အရှားသိမြင်နိုင်ပေသည်။ ချန်ကေရှိတ်ဤသို့နိုးကြားလာကြောင်းဖေါ်ပြသည့်အချက်သည် ၁၀ နှစ်

တိုင်တိုင်၎င်းတို့ကျင့်သုံးခဲ့သည့် ပေါ်လစီအမှားကိုအဆုံးသတ်ရန် ကိုမင်တန်၌ဆန္ဒရှိကြောင်းကိုဖော်ပြခြင်းဖြစ်သည်ဟုယူဆနိုင်သည်။

ချန်ကေရှိတ်က "ကျန်းရှေလျန်နှင့်ယန်ဟူချိန်တို့ကို ဆုံးမသည့်စာ" ဟူသော ကြေညာချက် တရပ်ကိုဒီဇဘာလ ၂၆ ရက်နေ့တွင်လိုယန်မြို့၌ထုတ်ပြန်လိုက်သည်။ ထိုကြေညာချက်သည် မရှင်းမလင်းနှင့်ဝေ့လယ်ကြောင်ပတ်နိုင်လှသည်၊ တရုပ်နိုင်ငံရေး စာစောင်များအနက်အမှန်ပင်စိတ်ဝင်စားစရာကောင်းသော စာစောင်တစောင်ဖြစ်သည်။ အကယ်၍ချန်ကေရှိတ်သည် ထိုအရေးအခင်းမှအလေးအနက်သင်ခန်းစာယူပြီးကိုမင်တန်အားအသက်ပြန်သွင်းပေးရေးအတွက် ကြိုးစားမည်ဆိုလျှင်၊ ပြည်ပရေးရာ၌အလျှော့ပေးရေး၊ ပြည်တွင်း၌စစ်တိုက်ရေး၊ ပြည်သူဖိနှိပ်ရေးစသည့် ၎င်းတို့အစဉ်ကျင့်သုံးခဲ့သော ပေါ်လစီအမှားကိုအဆုံးသတ်မည်ဆိုလျှင်၊ ကိုမင်တန်အားပြည်သူ့အလိုနှင့် ဆန့်ကျင်ဖက်မဖြစ်အောင် ရှေ့ဆောင်မည်ဆိုလျှင်၊ သူ၏ကောင်းမွန်သောစိတ်ထားကိုဖော်ပြသည့်အနေဖြင့် နိုင်ငံရေးဖက်တွင် လွန်ခဲ့သည့်အဖြစ်အပျက်များအတွက်သံဝေဂရလျက် နောင်အတွက်လမ်းဖွင့်ပေးမည့် ပိုမိုကောင်းမွန်သောစာစောင်တခုကို ရေးသင့်သည်။ ဒီဇဘာလ ၂၆ ရက်နေ့ကြေညာချက်သည် တရုပ်ပြည်သူလူထု၏ လိုလားချက်ကို မဖြည့်စွမ်းနိုင်ခဲ့ချေ။

ချန်ကေရှိတ်၏ ကြေညာချက်တွင်ပါသော "ကတိအားလုံးတည်စေမည်၊ ပြတ်ပြတ်သားသားဆောင်ရွက်မည်" ဟူသောစာပိုဒ်သည်ချီးကျူးထိုက်သည့် စာပိုဒ်ဖြစ်သည်။ ၎င်းစာပိုဒ်၏ ဆိုလိုရင်း အဓိပ္ပါယ်



ကား၊ ရှီးအန်းတွင် ကျန်းရှေလျန်နှင့်ယန်ဟူချိန်တို့တင်ပြသောအချက်များနှင့်ပတ်သက်၍ သူလက်မှတ်မထိုးခဲ့သော်လည်း၊ နိုင်ငံတော်နှင့်အမျိုးသားအတွက် အကျိုးရှိစေသောတောင်းဆိုချက်များကို လက်ခံရန်ဆန္ဒရှိကြောင်း၊ လက်မှတ်မထိုးသည့်တိုင်အောင် သူ့ကတိကို ချိုးဖေါက်လိမ့်မည်မဟုတ်ကြောင်း ဆိုလိုသည်။ ချန်ကေရှိတ်သည် သူ၏တပ်များကိုရုပ်သိမ်းစေပြီးနောက် သူလက်ခံခဲ့သော အချက်များအကိုင်းဆောင်ရွက်ရန် သစ္စာရှိမရှိကို ကျနော်တို့စောင့်ကြည့်ရပေလိမ့်မည်။ ထိုအချက်များမှာ (၁) ကိုမင်တန်နှင့် အမျိုးသားအစိုးရအားပြန်လည်ဖွဲ့စည်းရမည်၊ ဂျပန်အလိုတော်ရိများကို ထုတ်ပစ်ရမည်၊ ဂျပန်ခုခံရေးသမားများကိုလက်ခံရမည်။ (၂) ရှန်ဟဲမြို့မှနိုင်ငံချစ်ခေါင်းဆောင်များ [၃] ကိုလွှတ်ရမည်၊ နိုင်ငံရေးအကျဉ်းသမားအားလုံးကိုလွှတ်ရမည်၊ ပြည်သူ့လွတ်လပ်ခွင့်များကိုအာမခံရမည်။ (၃) "ကွန်မြူနစ်ချေမှုန်းရေး" ပေါ်လစီကိုရုပ်စဲရမည်၊ တပ်နီတော်နှင့် ပူးပေါင်းပြီးဂျပန်ကိုခုခံတိုက်ခိုက်ရမည်။ (၄) ဂျပန်ခုခံရေးနှင့်နိုင်ငံကယ်တင်ရေးလမ်းစဉ်ကိုဆုံးဖြတ်ရန်ပါတီအသီးသီး၊ ဂိုဏ်းအသီးသီး၊ လုပ်ငန်းအသီးသီးနှင့်စစ်တပ်အသီးသီးပါဝင်သော ကွန်ဖရင့်တရပ်ခေါ်ယူကျင်းပရမည်။ (၅) တရုပ်ပြည်၏ ဂျပန်ခုခံရေးတိုက်ပွဲကို စာနာထောက်ခံသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ (၆) နိုင်ငံကယ်တင်ရေးအတွက် အခြားနည်းလမ်းများချမှတ်ရမည်တို့ဖြစ်သည်။ ဤအချက်များကိုလုပ်ဆောင်ရာတွင် ဦးစွာအားဖြင့်ကတိတည်ရန်လိုသည်၊

သတ္တိလည်းနည်းနည်းရှိရန်လိုသည်။ ကျနော်တို့သည်ချန်ကေရှိတ်အား ယနေ့မှစ၍သူ၏အပြုအမူအရဆန်းစစ်အကဲဖြတ်ရပေလိမ့်မည်။

သို့ရာတွင် ချန်ကေရှိတ်၏ကြေညာချက်ထဲ၌ "ဖေါက်ပြန်ရေးသမား" တို့၏အကြပ်ကိုင်မှုကြောင့် ရိုးအန်းအရေးအခင်းဖြစ်ပွါးခဲ့သည်ဟူသောစကားလည်းပါနေပြန်သည်။ ဘယ်သူတွေကို "ဖေါက်ပြန်ရေးသမား" ဟုဆိုလိုကြောင်းချန်ကေရှိတ်ကရှင်းမပြသည်မှာ ဝမ်းနည်းစရာပင်။ ချန်ကေရှိတ်အဘိဓာန်တွင် "ဖေါက်ပြန်ရေးသမား" ဆိုသည့်ဝေါဟာရကို ဘယ်လိုအဓိပ္ပါယ်ဖွင့်ထားသည်ဟူ၍လည်း ကျနော်တို့မသိပါ။ သို့ရာတွင် ရိုးအန်းအရေးအခင်းဖြစ်ပွါးခဲ့သည်မှာ အမှန်ပင်အောက်ပါအင်အားစုများ၏ဩဇာဂယက်ကြောင့်ဖြစ်၏။ (၁) ကျန်းရှေလျှန်နှင့် ယန်ဟူချိန်တို့၏တပ်များအတွင်း၌၎င်း၊ အနေ့ာက်မြောက်ပိုင်းရှိတော်လှန်သောပြည်သူတို့အတွင်း၌၎င်း ဂျပန်ကို ခုခံတိုက်ခိုက်လိုသည့်ဒေါသအဟုန်ပြင်းထန်နေခြင်း။ (၂) တနိုင်ငံလုံးရှိ ပြည်သူများအတွင်း၌ဂျပန်ကိုခုခံတိုက်ခိုက်လိုသည့်ဒေါသအဟုန်ပြင်းထန်နေခြင်း။ (၃) ကိုမင်တန်အတွင်း၌ လက်ဝဲအင်အားစုများကြီးထွားလာခြင်း။ (၄) ဂျပန်ကိုခုခံတိုက်ခိုက်ရန်နှင့်နိုင်ငံကိုကယ်တင်ရန် ပြည်နယ်အသီးသီးမှအင်အားလက်ရှိဂိုဏ်းများကတောင်းဆိုခြင်း။ (၅) ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့ရန် ကွန်မြူနစ်ပါတီက တင်ပြခြင်း။ (၆) ကမ္ဘာ့ငြိမ်းချမ်းရေး တပ်ပေါင်းစုကြီးထွားလာခြင်း တို့ကြောင့်ဖြစ်သည်။ ယင်းအချက်အားလုံးသည်မငြင်းသာသော ဖြစ်ရပ်များဖြစ်သည်။ ချန်ကေရှိတ်ပြောသည့် "ဖေါက်ပြန်ရေးသမား" များ



ကားအခြားမဟုတ်၊ ဤအင်အားစုများပင် ဖြစ်သည်၊ သို့ရာတွင် ဤအင်အားစုများကိုလူအများကတော်လှန်ရေးသမားဟုခေါ်ကြသည်။ ချန်ကေရှိတ်ကသာ "ဖေါက်ပြန်ရေးသမား" ဟုခေါ်သည်။ ဂျပန်ကိုတကယ်တိုက်ပါမည်ဟုရိုးအန်းတွင်ချန်ကေရှိတ်ပြောခဲ့သည်ဖြစ်၍ရိုးအန်းမှထွက်ထွက်ချင်း တော်လှန်ရေးအင်အားစုများကို အစွမ်းကုန်ပုတ်ခတ်တိုက်ခိုက်လိမ့်မည်ဟု မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ကတိတည်မတည်ဆိုသည့်အချက်သည် ချန်ကေရှိတ်နှင့်သူ့ဂိုဏ်း၏နိုင်ငံရေးအသက်နှင့် ဆက်စပ်နေရုံသာမက၊ လက်တွေ့နိုင်ငံရေးလမ်းကြောင်းပေါ်တွင်သူတို့အတွက် အကျိုးယုတ်စေသည့် ဖေါင်းပွလာနေသောအင်အားစုတမျိုးက သူတို့ရှေ့ကကန့်လန့်ဖြတ်ခံနေသောကြောင့်လည်းဖြစ်သည်။ ထိုအင်အားစုကားရိုးအန်းအရေးအခင်းဖြစ်ပွါးစဉ်က ချန်ကေရှိတ်ကိုအသေသတ်ရန်ကြိုးစားခဲ့သည့် နှိမ်နင်းဒဏ်ခတ်ရေးဂိုဏ်းဟူသည်ပင်ဖြစ်သည်။ ထို့ကြောင့် ချန်ကေရှိတ်နိုင်ငံရေးအဘိဓာန်တွင် "ဖေါက်ပြန်ရေးသမား" ဟူသောဝေါဟာရကို တော်လှန်ရေးသမားအဖြစ်ပြင်လိုက်ပါရန်ချန်ကေရှိတ်အားကျနော်တို့တိုက်တွန်းလိုသည်၊ အမည်နှင့်ဖြစ်ရပ်ကိုက်ညီအောင်ပြင်ပါမှပို၍သင့်တော်ပေမည်။

ချန်ကေရှိတ်သည် ရိုးအန်းမြို့မှဘေးမသီရန်မခဘဲထွက်ခွါသွားနိုင်ခြင်းမှာ ရိုးအန်းအရေးအခင်းကို ခေါင်းဆောင်သူဗိုလ်ချုပ်ကျန်းရှေလျှန်နှင့်ယန်ဟူချိန်တို့၏ကြိုးပမ်းမှုအပြင်၊ ကွန်မြူနစ်ပါတီ၏ ဖြန်ဖြေပေးမှုကြောင့်လည်းဖြစ်သည်ကို ချန်ကေရှိတ်မမေ့သင့်။ ထိုအခင်းဖြစ်ပွါးစဉ်ကွန်မြူနစ်ပါတီက ငြိမ်းချမ်းစွာဖြေရှင်းရန်တိုက်တွန်းခဲ့ရုံမက အ

မျိုးမျိုး အဖုံဖုံ ကြိုးပမ်းခဲ့ခြင်းမှာ ဓာမျိုးပြုတ်သွားမှာ စိုးရိမ်သော ကြောင့်သာဖြစ်သည်။ အကယ်၍ပြည်တွင်းစစ်ပြန်ပွါးလာလျှင်၊ ကျန်းရွှေလျန်နှင့် ယန်ဟူချိန်တို့ကချန်ကေရှိတ်အားအချိန်ကြာမြင့်စွာချုပ်ထားလျှင်၊ ထိုအရေးအခင်း ဆက်လက်ဖြစ်ပေါ်တိုးပွါးမှုသည် ဂျပန်နယ်ချဲ့သမားနှင့် တရုပ်နိုင်ငံဒဏ်ခတ်ရေးဂိုဏ်းအဖို့သာ အကျိုးရှိစေနိုင်မည်။ ထိုအခြေအနေတွင်ကွန်မြူနစ်ပါတီသည် ဂျပန်နယ်ချဲ့သမားနှင့်ဝမ်းကျင်းဝေ [၄]၊ ဟိုယင့်ချင်း [၅] အစရှိ သူတို့ပါဝင်သော တရုပ်နိုင်ငံဒဏ်ခတ်ရေးဂိုဏ်း၏အကောက်ကြံမှုကိုပြတ်သားစွာ ဖွင့်ချကာ ထိုအရေးအခင်းကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် ပြတ်သားစွာ ရပ်ခံပြောဆိုခဲ့သည်။ ဤသို့ပြုလုပ်ခြင်းသည် ဗိုလ်ချုပ်ကျန်းရွှေလျန် ဗိုလ်ချုပ်ယန်ဟူချိန်နှင့် စန္ဒီဝင် [၆] ကဲ့သို့သော ကိုမင်တန်ပါတီဝင်များ၏လိုလားချက်နှင့်ကြိုတင်မဆွေးနွေးဘဲ ထပ်တူထပ်မျှဖြစ်နေသည်ဟု ဆိုရပေမည်။ ဤသည်ကား တနိုင်ငံလုံးရှိပြည်သူတို့၏လိုလားချက်ပင်တည်း။ အဘယ်ကြောင့်ဆိုသော် လက်ရှိပြည်တွင်းစစ်ကို ပြည်သူများကခါးခါးသီးသီးရွံ့မုန်းကြခြင်းကြောင့်ဖြစ်သည်။

ချန်ကေရှိတ်သည် ရှီးအန်းအချက်အလက်များကို လက်ခံလိုက်သဖြင့်လွတ်လာခဲ့သည်။ နောင်ပြဿနာကား "ကတိအားလုံး တည်စေမည်၊ ပြတ်ပြတ်သားသားဆောင်ရွက်မည်" ဟူသည့်သူ့စကားအတိုင်း တသွေမတိမ်းဆောင်ရွက် မဆောင်ရွက်၊ နိုင်ငံကယ်တင်ရေးနှင့်ပတ်သက်သည့်အချက်အားလုံးကို တကယ်တမ်းလုပ်မလုပ်ဟူသော ပြဿနာပင်ဖြစ်သည်။ အကယ်၍ချန်ကေရှိတ်သည်နောက်ထပ်တွေဝေယိမ်း



ယိုင်မည် ဆိုက၊ သဘောတူပြီးသားအချက်များအတိုင်း မဟုတ်ဘဲ လျှောလုပ်မည်ဆိုက၊ တနိုင်ငံလုံးရှိပြည်သူများက နည်းနည်းမျှ ခွင့်ပြုကြလိမ့်မည်မဟုတ်။ ချန်ကေရှိတ်သည် ဂျပန်ခုခံရေးပြဿနာ၌ချီတုံချတုံဖြစ်နေလျှင်၊ သူပြုခဲ့သည့်ကတိများကို အကောင်အထည်ဖေါ်ရာ၌ အချိန်ဆွဲနေလျှင်၊ တနိုင်ငံလုံးရှိပြည်သူတို့၏ တော်လှန်ရေးလှိုင်းလုံးကြီးကသူ့အား ဧကန် ရိုက်ခတ် ပုတ်ချလိုက်ပေလိမ့်မည်။ "ကတိမတည်၊ လူမမည်" ဟူသောရှေးစကားပုံတခုရှိ၏။ ဤစကားပုံကို ချန်ကေရှိတ်နှင့်သူ့ဂိုဏ်းသားများစွဲစွဲမြဲမြဲမှတ်ထားသင့်သည်။

ချန်ကေရှိတ်သည် ကိုမင်တန် ၁၀ နှစ်တိုင်တိုင်ကျင့်သုံးခဲ့သော ဖေါက်ပြန်သည့်ပေါ်လစီအညစ်အကြေးများကို ထုံးဝဆေးကြောပစ်နိုင်လျှင်၊ သူ၏အခြေခံအမှားများဖြစ်သောပြည်ပရေးရာ၌ အလျှော့ပေးခြင်း၊ ပြည်တွင်း၌စစ်တိုက်ခြင်းနှင့်ပြည်သူများအားဖိနှိပ်ခြင်းများကိုအကုန်အစင်ပြုပြင်ပြီး ပါတီအသီးသီး ဂိုဏ်းအသီးသီးနှင့် ပူးပေါင်းကာ၊ ဂျပန်ကိုတညီတညွတ်တည်းခုခံတိုက်ခိုက်ပါလျှင်၊ နိုင်ငံကယ်တင်ရေးအတွက်စစ်ရေးအရရော နိုင်ငံရေးအရပါ တကယ်တမ်းဆောင်ရွက်နိုင်လျှင်၊ ကွန်မြူနစ်ပါတီက သူ့အားအမှန်ပင်ထောက်ခံမည်ဖြစ်၏။ ကွန်မြူနစ်ပါတီသည်ဩဂုတ်လ ၂၅ ရက်နေ့ကပင် ကိုမင်တန်သို့ပေးပို့သောစာထဲ၌ ချန်ကေရှိတ်နှင့်ကိုမင်တန်အားဤသို့လုပ်လျှင် ထောက်ခံမည်ဟု ကတိပေးခဲ့သည် [၇]။ ကွန်မြူနစ်ပါတီသည် "ကတိအားလုံး တည်စေမည်၊ ပြတ်ပြတ်သားသားဆောင်ရွက်မည်" ဟူသည်ကို တကယ်ပင်လုပ်ခဲ့ကြောင်းလွန်ခဲ့သည့် ၁၅ နှစ်ကစပြီးတနိုင်ငံလုံး ရှိပြည်သူ

များကအသိအမှတ်ပြုခဲ့သည်။ တနိုင်ငံလုံးရှိ ပြည်သူများသည် ကွန်မြူနစ်ပါတီ၏ အပြောနှင့်အလုပ်တို့ကို ပြည်တွင်းရှိအခြားဂိုဏ်းဂဏပါတီတို့၏အပြောနှင့်အလုပ်တို့ထက်အမှန်ပင်ပိုမိုယုံကြည်ကြပေသည်။

## ရှင်း ချက်

၁။ တရုပ်တပ်နီတော်နှင့်ပြည်သူတို့၏ ဂျပန်ခုခံရေးလှုပ်ရှားမှုကယက်ကြောင့် ကိုမင်တန်တပ်မှ ကျန်းရွှေလျန်အမှူးပြုသော အရှေ့မြောက်ပိုင်း တပ်နှင့် ယန်ဟုချိန်အမှူးပြုသောအမှတ် ၁၇ စစ်ကြောင်းတပ်မတော်တို့သည်တရုပ်ပြည်ကွန်မြူနစ်ပါတီတင်ပြသော ဂျပန်ခုခံရေးအမျိုးသားညီညွတ် ရေးတပ်ပေါင်းစုဖွဲ့ရန်အဆိုကိုသဘောတူကာ၊ ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းပြီး ဂျပန်ကိုခုခံတိုက်ခိုက်ရန်ချန်ကေရှိတ်အား တောင်းဆိုကြသည်။ ချန်ကေရှိတ်သည် ဤတောင်းဆိုချက်ကိုငြင်းပယ်လိုက်သည့်အပြင်၊ ယခင်ထက်ပို ဖေါက်ပြန်လာကာ စစ်ရေးအရ “ကွန်မြူနစ်ချေမှုန်းရေး” အတွက် အင်တိုက်အားတိုက်ပြင်ဆင်လာပြီး၊ ရှီးအန်းမြို့တွင် ဂျပန်ကိုဆန့်ကျင်သောလူငယ်များအားသတ်ဖြတ်လေသည်။ ထို့ကြောင့်ကျန်းရွှေလျန်နှင့်ယန်ဟုချိန်တို့ပေါင်းပြီးချန်ကေရှိတ်ကိုဖမ်းချုပ်လိုက်သည်။ ဤကား ၁၉၃၆ ခုနှစ်ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဖြစ်ပွါးသော ကျော်ကြားသည့်ရှီးအန်းအရေးအခင်းဖြစ်သည်။ ချန်ကေရှိတ်သည် မတတ်နိုင်သည့်အဆုံး၌ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းရေး ဂျပန်ခုခံရေးကို လက်ခံသဖြင့် သူ့ကိုလွှတ်လိုက်ရာနန်ကင်းမြို့သို့ပြန်သွားလေသည်။

၂။ ဤသည်ကား ရှီးအန်းအရေးအခင်းဖြစ်စဉ်က နန်ကင်းကိုမင်တန်အစိုးရအတွင်း ရှိချန်ကေရှိတ်နှင့်အာဏာပြိုင်လုနေသောဝမ်းကျင်းဝေ့၊ ဟိုယင့်



ချင်းအမှူးပြုသည့် ဂျပန်အလိုတော်ရိဂိုဏ်းကိုဆိုလိုသည်။ ဤဂိုဏ်းသည် ကျန်းရွှေလျန်နှင့်ယန်ဟုချိန်တို့ကို “နှိမ်နင်းဒဏ်ခတ်” ရန်ကြိုးစားခဲ့သည်။ ၎င်းတို့သည် ဂျပန်မိတ္တူကောင်များ ထိုးစစ်ဆင်နိုင်ရေးအတွက် အခွင့်သာအောင်လုပ်ပေးယင်း ချက်ကောင်းယူ၍ ချန်ကေရှိတ်အာဏာကိုလုရန် ရှီးအန်းအရေးအခင်းကို အကြောင်းပြုပြီး အတိုင်းအတာ ကြီးမားသည့်ပြည်တွင်းစစ်တိုက်ဖို့ပြင်ဆင်ကြသည်။

၃။ ရှန်ဟဲနိုင်ငံချစ်ခေါင်းဆောင်များဆိုသည်မှာ၊ ရှန်ဟဲမြို့ ဂျပန်ခုခံရေးနိုင်ငံချစ်လှုပ်ရှားမှုကိုခေါင်းဆောင်သောရှင်ကျွင်းဇူ၊ ကျန်းနိုင်ချီ၊ စိုးထောင်းဖင်၊ လီကုန်းပူ၊ ရှားချင်းလီ၊ ရှီလျန်၊ ဝမ်စောင့်ရှီအစရှိသည့်ပုဂ္ဂိုလ် ၇ဦးကို ဆိုလိုသည်။ ချန်ကေရှိတ်အစိုးရသည် သူတို့ကို ၁၉၃၆ ခုနှစ်နိုဝင်ဘာလတွင်ဖမ်းချုပ်ပြီး ၁၉၃၇ ခုနှစ် ဇူလိုင်လကျမှပြန်လွှတ်လိုက်သည်။

၄။ ဝမ်းကျင်းဝေ့ဆိုသူမှာ ထိုစဉ်ကကိုမင်တန်အတွင်းရှိ ဂျပန်အလိုတော်ရိဂိုဏ်းမှခေါင်းဆောင်ဖြစ်သည်။ သူသည် ဂျပန်နယ်ချဲ့၏ကျူးကျော်မှုနှင့် ပတ်သက်ပြီး စော့စပ်ပြေငြိမ်းရန် ၁၉၃၁ ခုနှစ်မှစ၍ တလျှောက်လုံးတိုက်တွန်းခဲ့သည်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလတွင် သူသည် ချုန်ကင်းမြို့မှထွက်ခွါသွားပြီး ဂျပန်မိတ္တူကောင်များထံ အတိအလင်းအညံ့ခံကာ၊ နန်ကင်း ရုပ်သေးအစိုးရဖွဲ့လေသည်။

၅။ ကိုမင်တန်စစ်တရင်ဟိုယင့်ချင်း ဆိုသူမှာကိုမင်တန်အတွင်းရှိအခြားဂျပန်အလိုတော်ရိဂိုဏ်းတဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သည်။ ရှီးအန်း အရေးအခင်းဖြစ်စဉ်ကသူသည်ပြည်တွင်းစစ်တိုက်ရန်အားကြိုးမာန်တက် ကြံစည်ပြီးရှန်ရှီးပြည်နယ်ထဲသို့ဝင်ရောက်တိုက်ခိုက်ရန် လှန်ဟိုင်မီးရထားလမ်းတလျှောက်တွင် ကိုမင်တန်စစ်တပ်များကိုနေရာချထားလေသည်။ ထို့ပြင်

ရှီးအန်းမြို့ကိုဖိုးကြဲခြင်းဖြင့် ချန်ကေရှိတ်ကိုအသေသတ်ကာသူ့နေရာကို လုယူရန်စီမံခဲ့ဘူးသည်။

၆။ စုန့်စိဝင်ဆိုသူမှာ အမေရိကံအလိုတော်ရှိဖြစ်သည်။ ထိုစဉ်က အမေရိကံနယ်ချဲ့နှင့် ဂျပန်နယ်ချဲ့တို့သည် အရှေ့မျှားတွင်ဝိုလ်လုကြရာ၌ ပဋိပက္ခဖြစ်နေသောကြောင့်၊ သူသည်အမေရိကံအကျိုးကို ထောက်ထားကာ၊ ရှီးအန်းအရေးအခင်းကို ငြိမ်းချမ်းစွာဖြေရှင်းရန်တိုက်တွန်းပြောဆိုလေသည်။

၇။ ကွန်မြူနစ်ပါတီသည် ဤပေးစာဖြင့် ကိုမင်တန်၏ပေါက်ပြန်သောအုပ်စိုးမှုအားငြင်း၊ ထိုစဉ်က ကိုမင်တန်၏ ဒုတိယအကြိမ်ဗဟိုကော်မီတီစုံညီအစည်းအဝေးအားငြင်း၊ တရားနည်းလမ်းကျကျပြင်းထန်စွာ ဝေဖန်ခဲ့သည်။ တချိန်တည်းတွင်တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းရေး၊ ကိုမင်တန်နှင့် ကွန်မြူနစ်ပါတီ ပြန်လည်ပူးပေါင်းဆောင်ရွက်ရေးပေါ်လစီကိုလည်း ထုတ်ဖေါ်တင်ပြခဲ့သည်။ ၎င်းစာထဲမှ အဓိကအပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။ "လူကြီးမင်းတို့ ပါတီ၏ ဒုတိယအကြိမ်ဗဟိုကော်မီတီစုံညီအစည်းအဝေးကတင်ပြသော 'စုစည်းချုပ်ကိုင်ရေးနှင့် တညီတညွတ်တည်းရှိရေး' ဟူသည်မှာ၊ အမှန်ပင်စင်စစ်အားဖြင့် အကြောင်းနှင့်အကျိုးကို ကပြောင်းကပြန်လုပ်ပစ်ခြင်းဖြစ်သည်။ လွန်ခဲ့သောဆယ်နှစ်အတွင်း၌ ပြည်တွင်းစစ်ဖြစ်ပွါးခြင်းနှင့် တညီတညွတ်တည်းမရှိခြင်း၏ အကြောင်းရင်းမှာ လုံးဝပင်လူကြီးမင်းတို့ပါတီနှင့် လူကြီးမင်းတို့ပါတီ၏ အစိုးရက ကျင့်သုံးသောတိုင်းပြည်ကို နစ်နာစေသည့် နယ်ချဲ့အားကိုးရေးပေါ်လစီကြောင့် ဖြစ်၏။ အထူးသဖြင့် စက်တင်ဘာလ ၁၈ ရက်နေ့အရေးအခင်းဖြစ်ပွါးပြီးသည့်နောက် တလျှောက်လုံးကျင့်သုံးခဲ့သော မခုခံရေးပေါ်လစီကြောင့်



ဖြစ်၏။ လူကြီးမင်းတို့ပါတီနှင့် လူကြီးမင်းတို့ပါတီ၏ အစိုးရကထုတ်လိုက်သည့် 'အတွင်းရန်ကိုရှင်းပြီးမှ အပြင်ရန်ကိုခုခံနိုင်မည်' ဟူသောကြွေးကြော်သံအရ၊ ပြည်တွင်းစစ်ကို နှစ်ရှည်လများမနားမနေတိုက်ခိုက်ခဲ့ပြီး တပ်နီတော်အားမရေမတွက်နိုင်အောင် အကြိမ်ပေါင်းများစွာ ဝိုင်းဝန်းတိုက်ခိုက်ခဲ့၏။ တနိုင်ငံလုံးရှိပြည်သူတို့၏ နိုင်ငံချစ်လှုပ်ရှားမှုများနှင့်ဒီမိုကရေစီလှုပ်ရှားမှုများကို အင်တိုက်အားတိုက်နှိပ်ကွပ်ခဲ့၏။ ယခုတလောအထိပင် တရုပ်ပြည်အရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းကို စွန့်လွှတ်လိုက်ပြီး၊ ဂျပန်နယ်ချဲ့သမားသည် တရုပ်ပြည်၏ အကြီးဆုံးရန်သူဖြစ်ကြောင်းကိုမေ့ထားကာ၊ ရှိသမျှအင်အားဖြင့် တပ်နီတော်ကိုဆန့်ကျင်ခြင်းနှင့် လူကြီးမင်းတို့ပါတီတွင်း ဂိုဏ်းဂဏတိုက်ပွဲဆင်ခြင်းများ ပြုလုပ်နေသည်။ ဂျပန်ခုခံရေးအတွက်တပ်နီတော်ချီတက်ရာလမ်းကို အင်အားအလုံးအရင်းဖြင့် တားဆီးနှောက်ရှက်နေ၏၊ တပ်နီတော်၏ ဂျပန်ခုခံရေးနောက်ပိုင်းဒေသများကိုဝင်ရောက်နှောက်ရှက်နေ၏။ တနိုင်ငံလုံးရှိပြည်သူတို့၏ ဂျပန်ခုခံရေးတောင်းဆိုချက်ကိုလျစ်လျူရှုထား၏။ တနိုင်ငံလုံးရှိပြည်သူတို့၏ လွတ်လပ်မှုအခွင့်အရေးများကို ပိတ်ပင်လိုက်၏။ နိုင်ငံချစ်လျှင် အပြစ်သင့်ရှိမတရားစွပ်စွဲသောအမှုများတပြည်လုံးတွင်အနံ့ အပြားရှိနေ၏။ နိုင်ငံရောင်းစားလျှင်ချီးမြှောက်ခံရ၍မျိုးဖျက်သစ္စာဖေါက်များရာထူးတိုးလျက်အမြန်အလှန်ဂုဏ်ပြုနေကြ၏။ ဤသို့မှောက်မှားလှသည့်ပေါ်လစီဖြင့်စုစည်းချုပ်ကိုင်ရေးနှင့် တညီတညွတ်တည်း ရှိရေးရအောင်လုပ်မည်ဆိုပါက၊ သစ်ပင်တက်ငါးဖမ်းသည်နှင့်တူပြီး၊ ဆန့်ကျင်ဖက်အကျိုးသက်ရောက်မှုသာရပါလိမ့်မည်။အကယ်၍လူကြီးမင်းတို့၏ မှားယွင်းသောပေါ်လစီကို အရင်းအမြစ်ကစ၍ပြောင်းလဲမပစ်လျှင်၊ ဂျပန်နယ်ချဲ့သမားများအပေါ် အာဃာတစိတ်ထားရမည့်အစား၊ကိုယ့်အမျိုး

ချင်းပေါက်ဖေါ် တို့အပေါ်သာ ဆက်လက်၍ အာဃာတစိတ်ထားနေပါလျှင်၊ စုစည်းချုပ်ကိုင်ရေးနှင့် တညီတညွတ်တည်းရှိရေးတို့၊ 'ခေတ်သစ်နိုင်ငံတော်' တည်ထောင်ရေးတို့ကို မဆိုထားနှင့်လက်ရှိအခြေအနေကိုပင် ထိန်းသိမ်းထားနိုင်မည်မဟုတ်ကြောင်းသတိပေးလိုပါသည်။ တနိုင်ငံလုံးရှိပြည်သူတို့ ယခုလိုလားနေကြသောစုစည်းချုပ်ကိုင်ရေးနှင့် တညီတညွတ်တည်းရှိရေးဟူသည်မှာ နယ်ချဲ့သမားကိုမျက်နှာချိုသွေး၍ ပြည်သူလူထုကိုရက်ရက်စက်စက်သတ်ဖြတ်ညှဉ်းဆဲသောစုစည်းချုပ်ကိုင် ရေးနှင့် တညီတညွတ်တည်းရှိရေးမဟုတ်၊ ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးအတွက် စုစည်းချုပ်ကိုင်ရေးနှင့် တညီတညွတ်တည်းရှိရေးသာလျှင် ဖြစ်သည်။ ယခုအခါတွင် တနိုင်ငံလုံးရှိပြည်သူများသည် နိုင်ငံနှင့်ပြည်သူတရပ်လုံးကိုတကယ်တမ်းကယ်တင်နိုင်သောအစိုးရနှင့် စစ်မှန်သော ဒီမိုကရေစီသမတနိုင်ငံတော်ရှိဖို့လှိုက်လှိုက်လှဲလှဲလိုလားလျက်ရှိ ကြ၏။ တနိုင်ငံလုံးရှိပြည်သူတို့သည် မိမိတို့အတွက်အကျိုးဆောင်ပေးနိုင်မည့် ဒီမိုကရေစီသမတနိုင်ငံအစိုးရရှိဖို့ လိုလားကြ၏။ ၎င်းအစိုးရ၏အဓိကလုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်ရပေမည်။ (၁) နိုင်ငံခြားရန်ကို ခုခံတိုက်ခိုက်နိုင်ရမည်။ (၂) ပြည်သူလူထုကိုဒီမိုကရေစီအခွင့်အရေးပေးနိုင်ရမည်။ (၃) စီးပွါးရေးတိုးတက်ဖွံ့ဖြိုးအောင်၊ ပြည်သူလူထု၏ စားဝတ်နေရေးဆင်းရဲဒုက္ခများလျှော့ပါးအောင်၊ သို့မဟုတ်လုံးဝကောင်းစင်အောင်ဆောင်ရွက်ပေးနိုင်ရမည်။ 'ခေတ်သစ်နိုင်ငံတော်' ဟူသည်ကို ပြောမည်ဆိုလျှင်၊ ဤလုပ်ငန်းစဉ်သည်သာလျှင် ကိုလိုနီနှင့်ကိုလိုနီတပိုင်း တရုပ်ပြည်အတွက် မျက်မှောက်ခေတ်တွင် တကယ်လိုလားအပ်သော အရာဖြစ်ပေသည်။ ယခုအခါတနိုင်ငံလုံးရှိပြည်သူတို့သည် ဤပန်းတိုင်သို့ရောက်ရန် ပြင်းပြသောဆန္ဒနှင့်ကြံ့ခိုင်သောစိတ်ဆုံးဖြတ်ချက်ဖြင့်ကြိုးပမ်းလျက်ရှိကြ၏။လူကြီး



မင်းတို့ပါတီနှင့်လူကြီးမင်းတို့ပါတီ၏အစိုးရ ကျင့်သုံးသောပေါ်လစီကား တနိုင်ငံလုံးရှိပြည်သူတို့၏ လိုအင်ဆန္ဒနှင့်လုံးဝဆန့်ကျင်နေသဖြင့်ပြည်သူလူထု၏ယုံကြည်ကိုးစားမှုကို ဘယ်နည်းနှင့်မျှ ရနိုင်လိမ့်မည်မဟုတ်ချေ။ တရုပ်ပြည်ကွန်မြူနစ်ပါတီနှင့် တရုပ်တပ်နီတော်တို့က ယခုအလေးအနက်ကြေညာသည်မှာ၊ တရုပ်တနိုင်ငံလုံးတစည်းတလုံးတည်းဖြစ်သော ဒီမိုကရေစီသမတနိုင်ငံ တည်ထောင်ရေး၊ အရှယ်ရောက်သူတိုင်း မဲပေးရွေးကောက်လိုက်သော ပါလီမန်လွှတ်တော်ကျင်းပရေးတို့ကို ထောက်ခံအားပေးမည်ဖြစ်ကြောင်း၊ ပြည်သူတရပ်လုံးနှင့် ဂျပန်ခုခံရေးစစ်တပ်အားလုံးတို့၏ ကိုယ်စားလှယ်များပါဝင်တက်ရောက်သည့် ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးကွန်ဂရက်ကိုရင်း၊ တနိုင်ငံလုံးတစည်းတလုံးတည်းရှိသော နိုင်ငံကာကွယ်ရေးအစိုးရကိုရင်း ထောက်ခံမည်ဖြစ်ပါကြောင်း။ ကျုပ်တို့ကြေညာသည်မှာ၊ တနိုင်ငံလုံးတစည်းတလုံးတည်းဖြစ်သည့် ဒီမိုကရေစီသမတနိုင်ငံကိုတည်ထောင်သည့်အခါ၊ ဒေသနီများကို ယင်းနိုင်ငံ၏ အစိတ်အပိုင်းတခုအဖြစ်ပါဝင်စေမည်၊ ဒေသနီများမှ လူထုကိုယ်စားလှယ်များသည် တရုပ်နိုင်ငံလုံးဆိုင်ရာပါလီမန်လွှတ်တော်တွင် ပါဝင်ကြမည်၊ တပြည်လုံး၌ ကျင့်သုံးသော ဒီမိုကရေစီစနစ်ကို ဒေသနီများတွင် အလားတူကျင့်သုံးမည်ဖြစ်ပါကြောင်းကြေညာပါသည်။ လူကြီးမင်းတို့ ပါတီဒုတိယအကြိမ်ဗဟိုကော်မီတီစုံညီအစည်းအဝေးက ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သောနိုင်ငံကာကွယ်ရေးကောင်စီသည်ရင်း၊ လူကြီးမင်းတို့ပါတီနှင့် လူကြီးမင်းတို့ ပါတီ၏ အစိုးရမှခေါ် ယူကျင်းပလျက်ရှိသောအမျိုးသားညီလာခံသည်ရင်း၊ စုစည်းချုပ်ကိုင်ရေးနှင့် တညီတညွတ်တည်းရှိရေး၊ ဂျပန်ခုခံရေးနှင့် နိုင်ငံကယ်တင်ရေးဟူသောတာဝန်ကြီးကို ကျေပြွန်စွာထမ်းဆောင်နိုင်မည်မဟုတ်ဟု ကျုပ်တို့ယူဆပေသည်။ လူကြီးမင်းတို့ ပါတီဒု

တိယအကြိမ်ဗဟိုကော်မီတီကိုညီအစည်းအဝေးမှ အတည်ပြုခဲ့သောနိုင်ငံကာကွယ်ရေးကောင်စီစည်းမျဉ်းဥပဒေကိုကြည့်ခြင်းအားဖြင့်၊ နိုင်ငံကာကွယ်ရေးကောင်စီတွင်လူကြီးမင်းတို့ပါတီနှင့်လူကြီးမင်းတို့ပါတီ၏အစိုးရမှအာဏာလက်ရအရာရှိအနည်းငယ်လောက်သာလျှင်ပါဝင်နိုင်ကြောင်း၊ နိုင်ငံကာကွယ်ရေးကောင်စီ၏ တာဝန်မှာလည်း လူကြီးမင်းတို့ပါတီအစိုးရ၏ အတိုင်ပင်ခံအဖွဲ့အစည်းအဖြစ်မျှသာ ထမ်းဆောင်ရန်ဖြစ်ကြောင်း တွေ့မြင်နိုင်ပေသည်။ ယင်းကောင်စီမျိုးသည် မည်သည့်အောင်မြင်မှုကိုမျှရနိုင်မည်မဟုတ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကိုဘယ်နည်းနှင့်မျှရနိုင်မည်မဟုတ်ကြောင်းမှာ အလွန်ပင်ထင်ရှားပေသည်။ လူကြီးမင်းတို့ အစိုးရမှအတည်ပြုခဲ့သော 'တရုပ်သမ္မတနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသကြမ်း' နှင့် 'အမျိုးသားညီလာခံဖွဲ့စည်းပုံစည်းမျဉ်းဥပဒေနှင့် ကိုယ်စားလှယ်ရွေးကောက်ရေးစည်းမျဉ်းဥပဒေ' တို့ကို ကြည့်ခြင်းအားဖြင့်၊ လူကြီးမင်းတို့က ခေါ်ဆိုကျင်းပရန်စီစဉ်ထားသောအမျိုးသားညီလာခံသည်လည်း မည်သည့်အောင်မြင်မှုကိုမျှ ရနိုင်မည်မဟုတ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကိုရနိုင်မည် မဟုတ်ကြောင်း တွေ့မြင်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော်ယင်းအမျိုးသားညီလာခံသည် လူကြီးမင်းတို့ပါတီနှင့်လူကြီးမင်းတို့ ပါတီ၏အစိုးရမှ အရာရှိအနည်းစုတို့ကကြိုးကိုင်ထားသောအရာမျှသာဖြစ်ကာ၊ ၎င်းအရာရှိများ၏ အသုံးတော်ခံပစ္စည်းနှင့် အလှဆင်တန်ဆာလောက်သာလျှင် ဖြစ်သောကြောင့်တည်း။ ဤသို့သော နိုင်ငံကာကွယ်ရေးကောင်စီနှင့် အမျိုးသားညီလာခံသည် ကျုပ်တို့ပါတီမှတင်ပြခဲ့သော ပြည်လုံးကျွတ်ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးကွန်ဂရက် (နိုင်ငံကာကွယ်ရေးကောင်စီ) နှင့်၎င်း၊တရုပ်ဒီမိုကရေစီသမ္မတနိုင်ငံနှင့်တကွ ၎င်း၏ပါလီမန်လွှတ်တော်နှင့်၎င်း တူညီသည့်အချက်ဟူ၍ စိုးစဉ်းမျှမရှိချေ။ ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးအတွက်ဖြစ်သောနိုင်ငံကာကွယ်ရေးကောင်စီတွင်၊ ပါတီအသီးသီး၊ ဂိုဏ်းအသီးသီး၊ လုပ်ငန်းအသီးသီး၊ လက်နက်ကိုင်တပ် အသီးသီးတို့၏ ကိုယ်စားလှယ်များမှချပါဝင်စေလျက်၊ ၎င်းသည် ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးနှင့်ပတ်သက်သော လုပ်ငန်းစဉ်ကြီးကိုရေးဆွဲချမှတ်နိုင်သည့်အာဏာပိုင်အဖွဲ့အစည်းဖြစ်ရမည်၊ ယင်းကောင်စီမှနေ၍ တနိုင်ငံလုံးတစည်းတလုံးတည်းရှိသော နိုင်ငံကာကွယ်ရေးအစိုးရကို ဖွဲ့စည်းရမည်ဟု ကျုပ်တို့ယူဆပေသည်။ အမျိုးသားညီလာခံသည်လည်း တနိုင်ငံလုံးရှိ ပြည်သူတို့က ရွေးကောက်တင်မြှောက်လိုက်သော ပါလီမန်လွှတ်တော် ဖြစ်ရမည်၊ တရုပ်ဒီမိုကရေစီသမ္မတနိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်ရမည်။ ဤသို့သောနိုင်ငံကာကွယ်ရေးကောင်စီနှင့် နိုင်ငံလုံးကျွတ်ပါလီမန်လွှတ်တော်ကိုသာတနိုင်ငံလုံးရှိ ပြည်သူတို့ကလိုလားထောက်ခံ၍ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်၏။ သို့မှသာ အမိနိုင်ငံတော်နှင့် ပြည်သူတို့အားကယ်တင်ရေးဟူသော အရေးတော်ပုံကြီးကို ခိုင်မြဲသောအခြေခံအုတ်မြစ်ပေါ်တွင်တည်ထားနိုင်မည်ဖြစ်၏။ ဤသို့မဟုတ်လျှင်မည်မျှပင်နားဝင်ချိုသောစကားလုံးများ သုံးထားစေကာမူ၊ လက်တွေ့လုပ်ငန်းအတွက် မည်သို့မျှအရာရောက်မည်မဟုတ်၊ တနိုင်ငံလုံးရှိပြည်သူတို့က မည်သည့်နည်းနှင့်မျှသဘောတူနိုင်မည်မဟုတ်ချေ။ ဤအချက်များမှန်ကန်ကြောင်းပြသနေသည့် အကောင်းဆုံးသောသာဓကကား လူကြီးမင်းတို့ပါတီနှင့် လူကြီးမင်းတို့ပါတီ၏အစိုးရမှ တလျှောက်လုံးခေါ်ဆိုကျင်းပခဲ့သည့် ကွန်ဖရင့်အမျိုးမျိုးမအောင်မြင်ခဲ့ခြင်းပင်ဖြစ်၏။ 'အခက်အခဲအတားအဆီးများစွာနှင့် ကြုံတွေ့ရမည်ကို မူလကတည်းကပင်သိနှင့်ပြီးဖြစ်သည်။ သို့သော် ကျုပ်တို့သည် မိမိထမ်းဆောင်အပ်သောတာဝန်များကို

တိုင်းရေးပြည်မှုတွင် အခက်အခဲရှိနေသောကြောင့်ပေါ့ပေါ့လျော့လျော့လုပ်လိမ့်မည်မဟုတ်။" "နိုင်ငံတည်ငြိမ်ရေးအတွက်ကျုပ်တို့ပါတီကဥာဏ်မှီသမျှစွမ်းဆောင်နိုင်သမျှအဆုံးတိုင်ကြိုးပမ်းဆောင်ရွက်သွားမည်" ဟုလူကြီးမင်းတို့ပါတီ ဒုတိယအကြိမ်ဗဟိုကော်မီတီစုံညီအစည်းအဝေး၏ ကြေညာစာတမ်းတွင် ဆိုထားပြန်၏။ အမှန်ပင်လူကြီးမင်းတို့ပါတီမှာ တရုပ်ပြည်၏ အကျယ်ပြန့်ဆုံးသောနယ်မြေကို စိုးမိုးအုပ်ချုပ်နေသောပါတီဖြစ်ရာ၊ ယခင်ကပြုမှုလုပ်ဆောင်ခဲ့သမျှနှင့် ပတ်သက်သည့် နိုင်ငံရေးတာဝန်အားလုံးကို လူကြီးမင်းတို့ပါတီကတာဝန်မယူ၍ မဖြစ်ချေ။ တပါတီအာဏာရှင်စနစ် ကျင့်သုံးသော ကိုမင်တန်အစိုးရ၏ ပြုမှုချက်များအတွက် ကိုမင်တန်သည် မည်သည့်နည်းနှင့်မျှတာဝန်လွှဲဖယ်၍ မရနိုင်ပေ။ အထူးသဖြင့် စက်တင်ဘာလ ၁၈ ရက်နေ့ အရေးအခင်းပေါ်ပေါက်ခဲ့သည်ကစ၍၊ လူကြီးမင်းတို့ ပါတီသည် တနိုင်ငံလုံးရှိပြည်သူတို့၏ လိုအင်ဆန္ဒနှင့် တမျိုးသားလုံး၏ အကျိုးကိုဆန့်ကျင်ကာ၊ လုံးဝမှားယွင်းသောပေါ်လစီကို ကျင့်သုံးခဲ့သဖြင့်၊ တရုပ်ပြည်ကြီး၏ နယ်မြေတဝက်နီးပါးဆုံးရှုံးခဲ့ရလေသည်။ ဤတာဝန်နှင့်ပတ်သက်လျှင် ကိုမင်တန်ကလွှဲ၍ အခြားမည်သူတဦးတယောက်ပေါ်မျှလွှဲချ၍မဖြစ်နိုင်ပေ။ လူကြီးမင်းတို့ ပါတီကြောင့်တရုပ်ပြည်နယ်မြေတဝက်မျှဆုံးရှုံးခဲ့ရသဖြင့်၊ ပိုင်နက်နယ်မြေအချုပ်အချာအာဏာများ ပြန်လည်သိမ်းပိုက်ရေးတာဝန်ကို ထမ်းဆောင်ဖို့အတွက်လူကြီးမင်းတို့ပါတီအား ကျုပ်တို့နှင့် တနိုင်ငံလုံးရှိပြည်သူများအနေဖြင့်မကြိုးကြပ်၍ မဖြစ်ကြောင်းတွေ့ရသည်။ တချိန်တည်းတွင်လူကြီးမင်းတို့ ပါတီအတွင်းမှစိတ်ကောင်းနှလုံးကောင်းရှိသူ အမြောက်အမြားသည်လည်း ယခုအခါတွင်နိုင်ငံကျဆုံးမည့်ကြောက်မက်ဖွယ်အဖြစ်ကို၎င်း၊ ပြည်သူတို့၏ လိုအင်ဆန္ဒကို မထိမ့်မြင်မပြုအပ်ကြောင်းကို၎င်း တ



ကယ်ပင်သတိသံဝေဂရလာကြကာ၊ သဘောထားပြောင်းလဲစပြုလာကြပြီး၊ မိမိတို့ ပါတီအတွင်းမှ ပါတီနှင့်နိုင်ငံကို အန္တရာယ်ပြုနေသောသူတို့အပေါ် မကျေနပ်ခြင်းဒေါသဖြစ်ခြင်းများစတင်ဖြစ်ပေါ်လာကြ၏။ တရုပ်ပြည်ကွန်မြူနစ်ပါတီသည် ဤသို့သဘောထားပြောင်းလဲမှုကို လုံးဝစောနှာထောက်ထားသည်။ တရုပ်ပြည်ကိုမင်တန်ပါတီဝင်ထဲမှ နိုင်ငံချစ်စိတ်နှင့်စိတ်ကောင်းရှိကြသောသူတို့၏ စိတ်ဓါတ်နှင့် နိုးကြားမှုကိုလှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံပါ၏။ အမျိုးပြုတ်မည့်ဘေးနှင့် ရင်ဆိုင်နေရသည့်အခါ၌၊ သက်စွန့်ကြိုးပမ်းအားထုတ်လိုသည့်၊ ရဲရဲဝံ့ဝံ့ပြုပြင်ပြောင်းလဲလိုသည့်ဆန္ဒရှိသူတို့၏ စိတ်ဓါတ်ကိုထောက်ခံအားပေးပါ၏။ လူကြီးမင်းတို့ပါတီဗဟိုဌာနချုပ်နှင့် ပြည်နယ်ပါတီဌာနတို့တွင်၎င်း၊ ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရတို့တွင်၎င်း၊ ပညာရေးလောက၊ ဝိဇ္ဇာပညာလောက၊ အနုပညာလောက၊ သတင်းစာလောက၊ စီးပွါးရေးလောက၊ အမျိုးသမီးလောက၊ ဘာသာရေးလောက၊ ဆေးပညာလောက၊ ရဲအမှုထမ်းလောကတို့တွင်၎င်း၊ လူထုအဖွဲ့အစည်းအမျိုးမျိုး၊ အထူးသဖြင့်များစွာသောစစ်တပ်ထဲတွင်၎င်း၊ ကိုမင်တန်ပါတီဝင် အဟောင်းအသစ်များနှင့် အဆင့်ဆင့်ရှိခေါင်းဆောင်များထဲတွင်၎င်း၊ နိုးကြားသောနိုင်ငံချစ်ပုဂ္ဂိုလ် အမြောက်အမြားအမှန်ပင်ရှိသည့်အပြင်၊ ဤသို့သောပုဂ္ဂိုလ်များ တနေ့တခြားတိုးများလျက်ရှိကြောင်းကျုပ်တို့သိသည်။ ဤသည်ကားအလွန်တရာဝမ်းသာဖွယ်ကောင်းသောအခြင်းအရာတည်း။ တရုပ်ပြည်ကွန်မြူနစ်ပါတီသည် ဤသို့သောကိုမင်တန်ပါတီဝင်များနှင့်လက်တွဲလျက် ခိုင်မြဲသည့်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းကာ၊ တမျိုးသားလုံး၏ အကြီးဆုံးရန်သူဂျပန်နယ်ချဲ့သမားကို ဆန့်ကျင်တိုက်ခိုက်ရန် အချိန်မရွေးအသင့်ရှိသည်။ ထိုကိုမင်တန်ပါတီဝင်များသည်ကိုမင်တန်အတွင်း၌ ကြ

ဇာလွှမ်းနိုင်သောအင်အားတရပ်အဖြန့်ဖြစ်လာကာ၊ အမျိုးသားအကျိုးကိုမထောက်ရှုသော၊ လက်တွေ့အားဖြင့် ဂျပန်နယ်ချဲ့ကိုယ်စားလှယ်များ ဂျပန်အလိုတော်ရိမျိုးဖျက်များဖြစ်သော၊ အဆိုးဆုံးနှင့် ရက်စွယ်အကောင်းဆုံးသော ကိုမင်တန်ပါတီဝင်များ (ဝါ) ဒေါက်တာဆွန်ယက်ဆင်ကိုစော်ကားသောကိုမင်တန်ပါတီဝင်များကို ချိုးနှိမ်ပြီး၊ ဒေါက်တာဆွန်ယက်ဆင်၏ တော်လှန်သော စန်မင်ဝါဒစိတ်ဓါတ်ကို ပြန်လည်အသက်သွင်းပေးလိမ့်မည်၊ ဒေါက်တာဆွန်ယက်ဆင်၏ ရုရှားနှင့် ပူးပေါင်းရေး ကွန်မြူနစ်ပါတီနှင့်ပူးပေါင်းရေး၊ လယ်သမား အလုပ်သမားကို ကူညီရေးပေါ်လစီကြီးသုံးရပ်ကို ပြန်လည်ဖိုက်ထူလိမ့်မည်၊ တော်လှန်သော စန်မင်ဝါဒနှင့် ပေါ်လစီကြီးသုံးရပ်ကိုမိမိတို့၏ 'ဥဘယ်မိုသမ္မစွမ်းဆောင်နိုင်သမျှအဆုံးတိုင်ကြိုးပမ်းဆောင်ရွက်' လိမ့်မည်၊ ဒေါက်တာဆွန်ယက်ဆင်၏ တော်လှန်ရေးစိတ်ဓါတ်ပြည့်ဝသော သေတမ်းစာအတိုင်း 'အဆုံးတိုင်ကြိုးပမ်းဆောင်ရွက်' လိမ့်မည်ဟုကျုပ်တို့မြော်လင့်ပေသည်။ သူတို့သည်တပြည်လုံးရှိပါတီအသီးသီး၊ ဂိုဏ်းအသီးသီး၊ လုပ်ငန်းအသီးသီးတို့မှနိုင်ငံချစ်ခေါင်းဆောင်များ၊ နိုင်ငံချစ်လူထုများနှင့်လက်တွဲကာ၊ ဒေါက်တာဆွန်ယက်ဆင်၏ တော်လှန်ရေးအရေးတော်ပုံကို မဆုတ်မနစ်ဆက်လက်ခံယူထမ်းဆောင်လိမ့်မည်၊ ဂျပန်နယ်ချဲ့သမားကို ပြတ်ပြတ်သားသားမောင်းထုတ်ပြီး တရုပ်ပြည်ကျဆုံးမသွားရလေအောင်ကြိုးပမ်းတိုက်ခိုက်လိမ့်မည်၊ တနိုင်ငံလုံးရှိပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးအတွက်ကြိုးပမ်းတိုက်ခိုက်လိမ့်မည်၊ တရုပ်ပြည်၏ စီးပွါးရေးတိုးတက်အောင်ပြည်သူလူထုအများစုကြီးခံစားနေကြရသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကင်းအောင် ကြိုးပမ်းအားထုတ်လိမ့်မည်၊ တရုပ်ဒီမိုကရေစီသမတနိုင်ငံတော်နှင့် ဤနိုင်ငံ၏ ဒီမိုကရေစီပါလီမန်လွှတ်တော် ဒီမိုကရေစီအစိုးရ



ပေါ်ပေါက်ရေးအတွက်ကြိုးပမ်းအားထုတ်လိမ့်မည်ဟု ကျုပ်တို့မြော်လင့်ပါသည်။ အကယ်၍လူကြီးမင်းတို့အမှန်ပင် ဤကဲ့သို့ဆောင်ရွက်မည်ဆိုပါက၊ လူကြီးမင်းတို့ကိုကျုပ်တို့ကပြတ်ပြတ်သားသားထောက်ခံအားပေးမည်ဖြစ်ကြောင်း၊ အမျိုးသားဖိနှိပ်မှုနှင့် ပဒေသရာဇ်ဖိနှိပ်မှုဆန့်ကျင်ရေးအတွက် ၁၉၂၄ ခုနှစ်မှ ၁၉၂၇ ခုနှစ်အထိ တရုပ်ပြည်၏ကြီးမြတ်သောတော်လှန်ရေးကာလတွင် နှစ်ပါတီ၏ ကြီးမြတ်သောညီညွတ်ရေးတပ်ပေါင်းစုကိုဖွဲ့စည်းခဲ့သလို၊ လူကြီးမင်းတို့နှင့်အတူ ခိုင်မြဲသည့် တော်လှန်သောညီညွတ်ရေး တပ်ပေါင်းစု တရပ်ဖွဲ့စည်းလိုသောဆန္ဒ ကျုပ်တို့ရှိကြောင်း၊ ဤသည်သာလျှင်ပဒေနိုင်ငံကယ်တင်ရေးနှင့် တည်တံ့ရေးအတွက်တခုတည်းသော လမ်းမှန်ဖြစ်ကြောင်း ကိုမင်တန်ပါတီဝင်အပေါင်းသို့တရုပ်ပြည်ကွန်မြူနစ်ပါတီက ကြေညာလိုက်ပါသည်။"

# ဂျပန်ခုခံရေးကာလတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏တာဝန်*

(၁၉၄၇ ခုနှစ် မေလ ၃ ရက်နေ့)

## အမျိုးသားပဋိပက္ခနဲ့ပြည်တွင်းပဋိပက္ခများ တိုးပွါးမှုရဲ့လက်ရှိအဆင့်

(၁) တရုပ်ဂျပန်ပဋိပက္ခဟာ အဓိကပဋိပက္ခဖြစ်လာပြီးပြည်တွင်းပဋိပက္ခဟာ သာမညနဲ့လက်အောက်ခံပဋိပက္ခအဖြစ် ကျဆင်းသွားလို့ပေါ်ပေါက်လာတဲ့ နိုင်ငံတကာ့ဆက်ဆံမှုနဲ့ ပြည်တွင်းလူတန်းစားဆက်ဆံမှုအပြောင်းအလဲဟာ လက်ရှိအခြေအနေမျိုး(ဝါ) တိုးပွါးမှုအဆင့်သစ်ကိုရောက်ရှိလာတယ်။

(၂) တရုပ်ပြည်ဟာ အင်မတန်ရှည်ကြာတဲ့ အချိန်ကစပြီး နယ်ချဲ့နဲ့ တရုပ်ပြည်ရဲ့ ပဋိပက္ခ၊ ပဒေသရာဇ်စနစ်နဲ့ ပြည်သူလူထုကြီးရဲ့ပဋိ

*ဤစာစောင်မှာ ၁၉၄၇ ခုနှစ် မေလတွင် ယင်အန်းမြို့၌ ကျင်းပသောတရုပ်ပြည်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ကွန်ဖရင့်၌ ရဲဘော်မော်စီတုန်း တင်သွင်းသောအစီရင်ခံစာဖြစ်သည်။

ပက္ခဆိုတဲ့ ပြင်းထန်တဲ့ အခြေခံပဋိပက္ခနှစ်မျိုးထဲ ရောက်ရှိနေတယ်။ ၁၉၂၇ ခုနှစ်မှာ ကိုမင်တန်ကိုယ်စားပြုတဲ့ ဓနရှင်လူတန်းစားက တော်လှန်ရေးကို သစ္စာဖေါက်ပြီး အမျိုးသားအကျိုးကို နယ်ချဲ့သမားထံ ရောင်းစားလိုက်လို့၊ အလုပ်သမားလယ်သမားအာဏာနဲ့ ကိုမင်တန်အာဏာတို့ အကျိတ်အနယ်ဆန့်ကျင်ဖက်ဖြစ်လာတယ်၊ ဒီအပြင်အမျိုးသားဒီမိုကရေစီ တော်လှန်ရေးတာဝန်ကြီးကို တရုတ်ပြည်ကွန်မြူနစ်ပါတီတခုဦးတည်းကသာ မရှောင်မလွှဲ ထမ်းဆောင်ရမဲ့အခြေအနေပေါ်ပေါက်လာတယ်။

(၃) ၁၉၃၁ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့အရေးအခင်းအထူးသဖြင့် ၁၉၃၅ ခုနှစ်တရုတ်ပြည်မြောက်ပိုင်းအရေးအခင်း [*] ကစပြီး ပေါ်ပေါက်လာတဲ့အခြေအနေကြောင့် ဒီပဋိပက္ခတွေဟာ အောက်ပါအတိုင်းပြောင်းလဲလာတယ်။

က။ နယ်ချဲ့သမားများနဲ့ တရုတ်ပြည်ရဲ့ ပဋိပက္ခဟာ ဂျပန်နယ်ချဲ့နဲ့တရုတ်ပြည်ရဲ့ အထူးပေါ်လွင်အထူးပြင်းထန်တဲ့ ပဋိပက္ခအဖြစ်ပြောင်းလဲလာတယ်။ ဂျပန်နယ်ချဲ့သမားဟာတရုတ်ပြည်ကို အပြီးအပိုင်တိုက်ခိုက်သိမ်းပိုက်ရေးပေါ် လစ်ကျင့်သုံးနေတယ်။ ဒါကြောင့်တခြားနယ်ချဲ့တချို့နဲ့ တရုတ်ပြည်ရဲ့ ပဋိပက္ခဟာ သာမန်ပဋိပက္ခအဖြစ်ကျရောက်သွားပြီး၊ အဲဒီနယ်ချဲ့တွေနဲ့ ဂျပန်နယ်ချဲ့ရဲ့ ပဋိပက္ခအက်ကြောင်းကိုပိုပြီးကြီးလာစေတယ်။ ဒါကြောင့်တရုတ်ပြည်ရဲ့ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးတပ်ပေါင်းစုတို့ကိုဆက်စပ်ပေးဖို့၊ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူတို့မှာ တာဝန်ရှိ



လာတယ်။ ဆိုလိုတာက တရုတ်ပြည်ဟာ တရုတ်ပြည်သူတို့နဲ့တလျှောက်လုံးမိတ်ဆွေကောင်းဖြစ်ခဲ့တဲ့ ဆိုဗီယက်ပြည်ထောင်စုနဲ့ ပူးပေါင်းရမဲ့အပြင်၊ ခုအခါငြိမ်းချမ်းရေးကိုထိန်းသိမ်းထားလိုပြီး ကျူးကျော်ရေးစစ်သစ်များကို ဆန့်ကျင်ကြတဲ့ နယ်ချဲ့နိုင်ငံတွေနဲ့လဲ ဂျပန်နယ်ချဲ့ကို အတူဆန့်ကျင်တိုက်ခိုက်နိုင်အောင်ဖြစ်နိုင်တဲ့ အခြေအနေအရဆက်ဆံမှုတွေပြုရမယ်။ ကျနော်တို့ရဲ့ ညီညွတ်ရေးတပ်ပေါင်းစုဟာ နယ်ချဲ့အားလုံးကိုတပြိုင်တည်းဆန့်ကျင်ဖို့မဟုတ်၊ ဂျပန်နယ်ချဲ့ကိုသာ ခုခံတိုက်ခိုက်ရမယ်။

ခ။ တရုတ်ဂျပန်ပဋိပက္ခကြောင့် ပြည်တွင်းလူတန်းစား ဆက်ဆံမှုဟာ ပြောင်းလဲလာတယ်။ ဓနရှင်လူတန်းစားသာမကစစ်ဘုရင်တွေတောင်သေရေးရှင်ရေးပြဿနာနဲ့ ရင်ဆိုင်နေကြရလေတော့၊ သူတို့နဲ့သူတို့နိုင်ငံရေးပါတီတွေထဲမှာ နိုင်ငံရေးသဘောထားတစတစပြောင်းလဲလာတယ်။ အဲဒါကြောင့် ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းဖို့တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူတို့မှာ တာဝန်ရှိလာတယ်။ ကျနော်တို့ညီညွတ်ရေးတပ်ပေါင်းစုထဲမှာ ဓနရှင်လူတန်းစားရော၊ အမိနိုင်ငံတော်ကိုကာကွယ်လိုသူအားလုံးပါ ပါဝင်ကာ၊ ပြည်ပရန်ကို နိုင်ငံနဲ့ချီပြီး တက်ညီလက်ညီခုခံတိုက်ခိုက်ကြရမှာ ဖြစ်တယ်။ ဒီတာဝန်ကိုအောင်မြင်အောင်လုပ်ရမယ်၊ အောင်မြင်အောင်လဲလုပ်နိုင်တယ်။

ဂ။ တရုတ်ဂျပန်ပဋိပက္ခကြောင့် တနိုင်ငံလုံးရှိ ပြည်သူလူထုကြီးတရပ်လုံး (ပစ္စည်းမဲ့လူတန်းစား၊ လယ်သမားများနဲ့မြို့နေဓနရှင်ပေါက်စ

လူတန်းစား) နဲ့ ကွန်မြူနစ်ပါတီတို့ရဲ့ အခြေအနေနဲ့ ပေါ်လစီတွေဟာ ပြောင်းလဲလာတယ်။ ပြည်သူတွေဟာ ပိုပြီးကြီးမားတဲ့ အလုံးအရင်းနဲ့အုံကြွကာနိုင်ငံကယ်တင်ရေးအတွက်တိုက်ပွဲဝင်လာကြတယ်။ "စက်တင်ဘာလ ၁၈ ရက်နေ့အရေးအခင်း" ဖြစ်ပွါးပြီးတဲ့နောက်မှာ ကျင့်သုံးခဲ့တဲ့ ပေါ်လစီကို၊ ဆိုလိုတာက ဂျပန်ခုခံရေးအတွက်အချက်သုံးချက် (တော်လှန်ရေးအခြေခံဒေသများထဲဝင်တိုက်တာကို ရပ်စဲရေး၊ ပြည်သူ့လွတ်လပ်ခွင့်တွေကို အာမခံရေး၊ ပြည်သူတို့ကို လက်နက်တပ်ဆင်ပေးရေး) အရ ကျနော်တို့နဲ့ ပေါင်းလိုတဲ့ ကိုမင်တန်အဲက လူတွေနဲ့ ဂျပန်ခုခံရေးအဘောတူစာချုပ် ချုပ်ဆိုရေးပေါ်လစီကို တမျိုးသားလုံးပါဝင်တဲ့ ဂျပန်ခုခံရေးညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းရေးပေါ်လစီအဖြစ်တိုးတက်လာအောင် ကွန်မြူနစ်ပါတီက ဆောင်ရွက်ခဲ့တယ်။ အဲဒီလိုဆောင်ရွက်လိုက်တဲ့ အတွက်ကြောင့်၊ ၁၉၃၅ ခုနှစ်ဩဂုတ်လကြေညာစာတမ်း ၂၊ ဒီဇင်ဘာလဆုံးဖြတ်ချက် ၃၊ "ချန်ကေရှိတ်ကိုဆန့်ကျင်ကြ" ဆိုတဲ့ကြွေးကြော်သံကို ၁၉၃၆ ခုနှစ် မေလမှာဖွန့်လွှတ်လိုက်မှု ၄၊ ကိုမင်တန်သို့ ဩဂုတ်လပေးစာ ၅၊ ဒီမိုကရေစီသမတနိုင်ငံတော်တည်ထောင်ရေးနဲ့ ပတ်သက်တဲ့ စက်တင်ဘာလဆုံးဖြတ်ချက် ၆၊ ဒီဇင်ဘာလမှာရှီးအန်းအရေးအခင်းငြိမ်းချမ်းစွာဖြေရှင်းရေးကို စွဲစွဲမြဲမြဲ ဆောင်ရွက်ခဲ့မှု၊ ကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီတတိယအကြိမ်ညီအစည်းအဝေးသို့ပေးပို့တဲ့ ၁၉၃၈ ခုနှစ် ဖေဖော်ဝါရီလကြေးနန်းစာ ၇ စတာတွေ ဖြစ်ပေါ်လာတယ်။



ဃ။ နယ်ချဲ့တို့ရဲ့ဩဇာခံနယ်ပယ်ခွဲယူရေးပေါ်လစီနဲ့ တရုတ်ပြည်ရဲ့ကိုလိုနီတပိုင်းစီးပွါးရေးအခြေအနေအရ ပေါ်လာတဲ့ တရုတ်စစ်ဘုရင်တွေတနယ်တမင်းဗိုလ်လုပ်နေတာ၊ စစ်ဘုရင်ချင်းစစ်ခင်းနေတာတွေဟာလဲတရုတ်ဂျပန်ပဋိပက္ခကြောင့်ပြောင်းလဲလာတယ်။ ဂျပန်နယ်ချဲ့ကတရုတ်ပြည်ကိုသူတဦးတည်းပိုင်လုပ်ရာမှာလွယ်ကူစေဖို့၊စစ်ဘုရင်တွေတနယ်တမင်းဗိုလ်လုပ်နေတာနဲ့ ပြည်တွင်းစစ်ခင်းတာတွေကို အားပေးထောက်ခံတယ်။ တခြားနယ်ချဲ့တချို့က သူတို့အကျိုးစီးပွါးအတွက်တရုတ်ပြည်တစည်းတလုံးတည်းရှိရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုအခိုက်အတန့်အားဖြင့် အားပေးထောက်ခံကြတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူတို့ကတော့ပြည်တွင်းစစ်နဲ့သွေးကွဲမှုကိုဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးနဲ့ တစည်းတလုံးတည်းရှိရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းကြတယ်။

င။ တရုတ်ဂျပန် အမျိုးသားရေးပဋိပက္ခ ကြီးထွားလာလို့ နိုင်ငံရေးချိန်ခွင်မှာ၊ပြည်တွင်းလူတန်းစားချင်းပဋိပက္ခနဲ့နိုင်ငံရေးအုပ်စုချင်းပဋိပက္ခတို့ဟာအရေးချိန်လျော့သွားပြီး၊ သာမညနဲ့ လက်အောက်ခံပဋိပက္ခအဖြစ်ပြောင်းသွားတယ်။ ဒါပေမဲ့ ပြည်တွင်းလူတန်းစားချင်းပဋိပက္ခနဲ့ နိုင်ငံရေးအုပ်စုချင်း ပဋိပက္ခတွေဟာနဲ့သွားတာ ဒါမှမဟုတ်ပျောက်ကွယ်သွားတာမဟုတ်၊ ရှိမြဲရှိနေတယ်။ ဂျပန်ပြည်မှအပဖြစ်တဲ့ တခြားနယ်ချဲ့နိုင်ငံများနဲ့ တရုတ်ပြည်အကြားရှိ ပဋိပက္ခများဟာလဲဒီအတိုင်းဘဲ။ ဒါကြောင့်တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူတို့ လုပ်ရမဲ့ လုပ်ငန်းတာဝန်ကတော့၊ဂျပန်ကိုတက်ညီလက်ညီခုခံတိုက်ခိုက်

ရေးဆိုတဲ့အထွေထွေတာဝန်နဲ့ ကိုက်အောင် ခုအခါညှိလဲညှိပေးနိုင်တဲ့၊ ညှိလဲညှိပေးရမှာဖြစ်တဲ့ပြည်တွင်းပြည်ပပဋိပက္ခများကိုထိုက်သင့်အောင် ထိန်းညှိပေးရမယ်။ အဲဒါကြောင့်ငြိမ်းချမ်းရေး၊ တစည်းတလုံးတည်း ရှိရေး၊ ဒီမိုကရေစီနိုင်ငံရေး၊ ပြည်သူတို့ရဲ့ စားဝတ်နေမှုကောင်းမွန်လာ အောင်ပြုပြင်ရေး၊ ဂျပန်ကိုဆန့်ကျင်တဲ့ တခြားနိုင်ငံတွေနဲ့ စေ့စပ်ဆွေး နွေးရေးစတာတွေကို တောင်းဆိုတဲ့ တရုပ်ပြည်ကွန်မြူနစ်ပါတီရဲ့ လမ်း ညွှန်ချက်တွေပေါ်လာတာဖြစ်တယ်။

(၄) ၁၉၃၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ ကစခဲ့တဲ့ တရုပ်ပြည် တော်လှန်ရေးကာလသစ်ရဲ့ ပထမအဆင့်ဟာ ၁၉၃၇ ခုနှစ် ဖေဖေါ်ဝါ ရီလ ကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီ တတိယစုံညီအစည်းအဝေး ကျင်းပချိန်ရောက်တော့ တစခန်းရပ်သွားတယ်။ ဒီအဆင့်မှာ အရေး ကြီးတဲ့အဖြစ်အပျက်တွေကတော့ ကျောင်းသားလောက၊ ယဉ်ကျေးမှု လောက၊ စာနယ်ဇင်းလောကထဲမှာ နိုင်ငံကယ်တင်ရေးလှုပ်ရှားမှုပေါ် ပေါက်လာတယ်၊ တရုပ်ပြည်အနောက်မြောက်ပိုင်းကို တပ်နီတော်ချီ တက်ခဲ့တယ်၊ ကွန်မြူနစ်ပါတီရဲ့ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေး တပ်ပေါင်းစုပေါ်လစီကို ဝါဒဖြန့်ခြင်းနဲ့ စည်းရုံးခြင်းများလုပ်ခဲ့တယ်၊ ရှန်ဟဲမြို့နဲ့ ချင်းတောင်မြို့မှာ ဂျပန်ဆန့်ကျင်ရေးအလုပ်သမားသပိတ် တွေ ၈ ပေါ်ပေါက်ခဲ့တယ်၊ ဂျပန့်အပေါ် အင်္ဂလိပ်ကျင့်သုံးတဲ့ ပေါ်လစီ ဟာအယင်ကထက်ပိုပြီးတင်းမာလာတယ် ၉၊ ကွမ်တုန်းနဲ့ကွမ်ရှီးအရေး အခင်း ၁၀ ပေါ်ပေါက်ခဲ့တယ်၊ ရွှေယွမ်စစ်ပွဲနဲ့ ရွှေယွမ်ပြည်နယ်ကိုကူ ညီရေးလှုပ်ရှားမှု ၁၁ ပေါ်ပေါက်ခဲ့တယ်၊ တရုပ်ဂျပန်စေ့စပ်ဆွေးနွေး



ပွဲမှာ နန်ကင်းအစိုးရသဘောထား ပိုပြီးတင်းမာလာတယ် ၁၂၊ ရှီး အန်းအရေးအခင်းပေါ်ပေါက်ခဲ့တယ်၊ နောက်ဆုံးကတော့ နန်ကင်းမြို့ မှာ ကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီ တတိယစုံညီအစည်းအဝေး ၁၃ ကျင်းပခဲ့တယ် ဆိုတာတွေဘဲ။ ဒါတွေအားလုံးဟာ တရုပ်နဲ့ဂျပန်အ တိုက်အခံဖြစ်တဲ့ အခြေခံပဋိပက္ခကို အခြေပြုပြီးဖြစ်ပေါ်လာတာ၊ ဂျ ပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းဖို့ဆိုတဲ့ သမိုင်း တောင်းဆိုချက်ကို တိုက်ရိုက်အခြေပြုပြီးဖြစ်ပေါ်လာတာဖြစ်တယ်။ ဒီအဆင့်မှာ တော်လှန်ရေးရဲ့ အခြေခံတာဝန်ဟာ ဂျပန်ကို စည်းစည်း လုံးလုံးနဲ့ ခုခံတိုက်ခိုက်ဖို့အတွက် ပြည်တွင်းငြိမ်းချမ်းရေးရအောင်လုံး ပမ်းရေး၊ ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုတွေရပ်စဲရေးဖြစ်တယ်။ ဒီအဆင့်မှာ ကွန်မြူနစ်ပါတီက "ပြည်တွင်းစစ်ကို ရပ်စဲကြ၊ ဂျပန်ကို တညီတညွတ်တည်းခုခံကြ" ဆိုတဲ့ကြွေးကြော်သံကို ထုတ်ဖေါ်တင်ပြ ခဲ့တယ်။ ဒီကြွေးကြော်သံဟာ အခြေခံအားဖြင့်အကောင်အထည်ပေါ် ပြီ။ ဒါဟာ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုတကယ် ပေါ်ပေါက်ဖို့အတွက်ပထမဆုံး မရှိမဖြစ်တဲ့အချက်တခုဖြစ်တယ်။

(၅) ကိုမင်တန်ဗဟို အမှုဆောင်ကော်မီတီစုံညီအစည်းအဝေးမှာ ဂျပန်အလိုတော်ရိတွေပါနေလို့၊ အဲဒီက ချမှတ်တဲ့ပေါ်လစီတွေဟာ အ ကုန်အစင်ပြတ်ပြတ်သားသားမပြောင်းလဲနိုင်၊ ပြဿနာတွေကို တိတိ ကျကျမဖြေရှင်းနိုင်ခဲ့ဘူး။ ဒါပေမဲ့ ပြည်သူများအကြပ်ကိုင်မှုနဲ့ကိုမင် တန်အတွင်းပိုင်းပြောင်းလဲမှုတွေကြောင့် ကိုမင်တန်ဟာ လွန်ခဲ့တဲ့ဆယ် နှစ်အတွင်းက ကျင့်သုံးခဲ့တဲ့ပေါ်လစီအမှားတွေကို စတင်မပြောင်းလဲ

လို့မဖြစ်တော့ဘူး။ အဲဒါတွေကတော့ ပြည်တွင်းစစ်ခင်းရေး၊ တပါတီအာဏာရှင်စနစ်ကျင့်သုံးရေး၊ ဂျပန်ကိုမခုခံရေးဆိုတဲ့ ပေါ်လစီကနေ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဂျပန်ကိုခုခံရေးဆိုတဲ့ဖက်ကိုဦးလှည့်ကာ၊ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းရေးပေါ်လစီကိုလက်ခံစပြုလာတာ ဖြစ်တယ်။ အဲဒီလိုပြောင်းလဲစပြုလာတာကိုတော့ ကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီ တတိယာစုံညီအစည်းအဝေးမှာ တွေ့ရတယ်။ အခုကစပြီး ကိုမင်တန်ရဲ့ ပေါ်လစီကို အကုန်အစင်ပြောင်းလဲပစ်ဖို့လိုတယ်။ ဒီလိုဖြစ်လာဖို့အတွက်၊ ကျနော်တို့နဲ့ပြည်သူတရပ်လုံးဟာ ဂျပန်ခုခံရေးနဲ့ဒီမိုကရေစီရေးလှုပ်ရှားမှုတွေကို ပိုပြီးကြီးကျယ်တိုးပွါးလာအောင် လုပ်ကြရမယ်၊ ကိုမင်တန်ကို တဆင့်တိုးပြီးဝေဖန်တိုက်တွန်းကြပ်မတ်ရမယ်၊ ကိုမင်တန်ထဲက ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဂျပန်ခုခံရေးလိုလားသူတွေနဲ့ပူးပေါင်းရမယ်၊ တွေဝေယိမ်းယိုင်သူတွေကို တိုးတက်လာအောင် ဆော်အောပြီး၊ ဂျပန်အလိုတော်ရိတွေကို ဝိုင်းပယ်ပစ်ရမယ်။ ဒါမှရည်ရွယ်ချက်အထမြောက်နိုင်မယ်။

(၆) လက်ရှိအဆင့်ဟာ ကာလသစ်ရဲ့ဒုတိယအဆင့်ဖြစ်တယ်။ ပထမအဆင့်နဲ့ လက်ရှိအဆင့်ဟာ တနိုင်ငံလုံးဂျပန်ကိုလက်နက်ကိုင်ခုခံတိုက်ခိုက်ဖို့ရှေ့ရှု့ချီတက်သွဲ့ ဖင်ကူးမတ်ကူးအဆင့်ဖြစ်တယ်။ ငြိမ်းချမ်းရေးအရယူရေးဟာ ပထမအဆင့်ရဲ့ အဓိက တာဝန်လို့ဆိုယင်၊ ဒီမိုကရေစီအရယူရေးဟာ လက်ရှိအဆင့်ရဲ့ အဓိကတာဝန်ဖြစ်တယ်လို့ဆိုရမယ်။ စစ်မှန်ခိုင်မြဲတဲ့ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းဖို့အတွက်၊ ပြည်တွင်းငြိမ်းချမ်းရေးမရယင်မဖြစ်သလို၊ ပြည်တွင်းဒီမိုကရေစီမရှိယင်လဲမဖြစ်နိုင်ဘူးဆိုတာ သိထားရမယ်။ ဒါကြောင့်ဒီမိုကရေစီရအောင် ကြိုးပမ်းတာဟာ တိုးပွါးမှုရဲ့ လက်ရှိအဆင့်မှာတော်လှန်ရေးတာဝန်ရဲ့ အချက်အချာကွင်းဆက်တခုဖြစ်တယ်။ ဒီမိုကရေစီရေးတာဝန်ရဲ့အရေးကြီးပုံကိုရှင်းရှင်းလင်းလင်းမမြင်ယင်၊ ဒီမိုကရေစီရအောင်ကြိုးပမ်းတာရှော့လိုက်ယင်၊ စစ်မှန်ခိုင်မြဲတဲ့ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကိုကျနော်တို့ဖွဲ့စည်းနိုင်မှာ မဟုတ်ဘူး။



## ဒီမိုကရေစီရေးနဲ့လွတ်လပ်ရေးအတွက်တိုက်ပွဲဆင်ကြ

(၇) ဂျပန်နယ်ချဲ့ဟာ တရုတ်ပြည်မကြီးကို ကျူးကျော်ဖို့အပူတပြင်းစိုင်းပြင်းနေတယ်။ အနောက်တိုင်းမှာ ဟစ်တလာနဲ့ မူဆိုလိနီတို့က အင်တိုက်အားတိုက်ပြင်ဆင်နေတဲ့ ဓါးပြစစ်ပွဲနဲ့ အတိုင်းအဖေါက်ညီအောင်ဂျပန်တွေကလဲ အရှေ့တိုင်းမှာ အတိအကျသတ်မှတ်ထားတဲ့ သူ့အစီအစဉ်အတိုင်း တရုတ်ပြည်ကို တချက်ထဲအလဲထိုးပြီး သိမ်းပိုက်ဖို့အတွက် ပြည်တွင်းမှာဆိုယင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွါးရေးနဲ့တွေးခေါ်မှုအရ၊ ပြည်ပမှာဆိုယင် နိုင်ငံချင်းဆက်ဆံမှုအရ အခြေအနေတွေကိုအင်တိုက်အားတိုက်ပြင်ဆင်နေတယ်၊ တရုတ်ပြည်မှာ ဆိုယင်လဲဂျပန်အလိုတော်ရိတွေကို မြေတောင်မြှောက်ပေးနေတယ်။ "တရုတ်ဂျပန်လက်တွဲရေး" ဆိုတာကို ဝါဒဖြန့်တာ၊ နိုင်ငံခြားဆက်ဆံမှုမှာ

တချို့ခြေလှမ်းတွေ ညင်ညင်သာသာလှမ်းလာတာတွေဟာ စစ်ဖြစ်ခါနီးတွင် ဂျပန်ကျူးကျော်ရေးပေါ်လစီများကို ကျင့်သုံးဖို့အတွက် စစ်ပရိယာယ်အရ လိုအပ်လို့လုပ်တာဖြစ်တယ်။ တရုပ်ပြည်ဟာ မိမိရဲ့သေရေးရှင်ရေးကိုဆုံးဖြတ်ရမဲ့အခြေအနေရောက်ခါနီးနေပြီဖြစ်တဲ့အတွက်၊ နိုင်ငံကယ်တင်ရေး ဂျပန်ခုခံရေးစစ်ကို မြန်မြန်ဆန်ဆန်ပြင်ဆင်ကြရမယ်။ ပြင်ဆင်တာကို ကျနော်တို့မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ အကြောကြီးပြင်ဆင်ရမယ်ဆိုတဲ့ အယူအဆမျိုး၊ စစ်ဖက်ဆိုင်ရာ အုပ်ချုပ်ရေးဖက်ဆိုင်ရာအရာရှိတို့ရဲ့ သောက်စားမူးယစ်နေတဲ့ နိုင်ငံကျဆုံးစေတဲ့အခြင်းအရာတွေကိုတော့ ကျနော်တို့ဆန့်ကျင်တယ်။ ဒီလိုလုပ်နေတာဟာ တကယ်မှာ ရန်သူကိုအကူအညီပေးရာကျလို့ ချက်ခြင်းပြင်ပစ်ရမယ်။

(ဂ) နိုင်ငံကိုကာကွယ်ဖို့အတွက်နိုင်ငံရေးအရ၊ စစ်ရေးအရ၊ စီးပွါးရေးအရ၊ ပညာရေးအရပြင်ဆင်တာဟာနိုင်ငံကယ်တင်ရေးဂျပန်ခုခံရေးစစ်အတွက်မရှိမဖြစ်တဲ့အချက်တွေမို့လို့နဲ့နဲမှဆိုင်းတွလို့မဖြစ်ဘူး။ နိုင်ငံရေးမှာ ဒီမိုကရေစီရေးနဲ့ လွတ်လပ်ရေးရအောင် ကြိုးပမ်းတာဟာ ဂျပန်ခုခံရေးစစ်အောင်ပွဲခံဖို့အတွက် အချက်အချာကွင်းဆက်တခုဖြစ်တယ်။ ဂျပန်ကို ခုခံရာမှာ နိုင်ငံနဲ့အဝှန်း ငြိမ်းချမ်းဖို့နဲ့စည်းလုံးဖို့လိုအပ်တယ်။ ဒီမိုကရေစီနဲ့ လွတ်လပ်မှုမရှိယင်၊ ရပြီးတဲ့ငြိမ်းချမ်းရေးဟာ တည်မြဲနိုင်မှာ မဟုတ်၊ ပြည်တွင်းစည်းလုံးမှုလဲခိုင်မြဲတောင့်တင်းနိုင်မှာ မဟုတ်ဘူး။ ဂျပန်ခုခံရေးစစ်ဆင်ဖို့အတွက် ပြည်သူလူထုကိုလှုံ့ဆော်ဖို့လိုအပ်တယ်။ ဒီမိုကရေစီနဲ့လွတ်လပ်မှုမရှိယင် လှုံ့ဆော်ဖို့ဆိုတာမ



ဖြစ်နိုင်ဘူး။ ခိုင်မြဲတဲ့ငြိမ်းချမ်းရေးနဲ့ စည်းလုံးမှုမရှိယင်၊ ပြည်သူကိုမလှုံ့ဆော်ယင်ဂျပန်ခုခံရေးစစ်ရဲ့အလားအလာဟာ အဗီဆီးနီးယားနိုင်ငံကျဆုံးခဲ့ရသလိုကျဆုံးရလိမ့်မယ်။ အဗီဆီးနီးယားနိုင်ငံဟာ အဓိကအားဖြင့် ပဒေသရာဇ်စနစ်အုပ်စိုးမှုကြောင့် ပြည်တွင်းစည်းလုံးမှုခိုင်မြဲအောင်မလုပ်နိုင်ခဲ့၊ ပြည်သူလူထုတက်ကြွလာအောင် မလှုံ့ဆော်နိုင်ခဲ့ဘူး။ ဒါကြောင့်ကျဆုံးခဲ့ရတယ်။ တရုပ်ပြည်မှာစစ်မှန်ခိုင်မြဲတဲ့ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းဖို့၊ ဒီတပ်ပေါင်းစုရဲ့တာဝန်တွေပြီးမြောက်အောင်လုပ်ဖို့ဆိုယင်ဒီမိုကရေစီမရှိလို့မဖြစ်ဘူး။

(ဃ) တရုပ်ပြည်မှာ အောက်ပါဖက်နှစ်ဖက်မှ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ချက်ခြင်းစလုပ်ရမယ်။ ပထမအားဖြင့် နိုင်ငံရေးစနစ်အရ ကိုမင်တန်ရဲ့ တပါတီတည်း လူတန်းစားတရပ်တည်းအုပ်စိုးတဲ့ ဖေါက်ပြန်တဲ့ အာဏာရှင်အစိုးရကို ပါတီဂိုဏ်းအသီးသီးလူတန်းစားအသီးသီးပူးပေါင်းဆောင်ရွက်တဲ့ ဒီမိုကရေစီအစိုးရဖြစ်အောင်ပြောင်းလဲပစ်ရမယ်။ ဒီလိုပြောင်းလဲရာမှာ အမျိုးသားညီလာခံကိုရွေးကောက်ကျင်းပတဲ့အခါမှာ ဒီမိုကရေစီနဲ့ ဆန့်ကျင်တဲ့ လုပ်ပုံကိုင်နည်းတွေ ကိုပြောင်းလဲပစ်ပြီး၊ ဒီမိုကရေစီကျတဲ့ ရွေးကောက်ပွဲလုပ်ရမယ်၊ ညီလာခံဟာလွတ်လွတ်လပ်လပ်ကျင်းပနိုင်ရမယ်ဆိုတာတွေက အစပြုရမယ်။ တကယ့်ဒီမိုကရေစီကျတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို သတ်မှတ်ရေး၊ တကယ့်ဒီမိုကရေစီကျတဲ့ အမျိုးသားလွှတ်တော်ကျင်းပရေး၊ တကယ့်ဒီမိုကရေစီကျတဲ့အစိုးရကိုရွေးကောက်တင်မြှောက်ရေး၊ တကယ့်ဒီမိုကရေစီကျတဲ့ ပေါ်လစီတွေကို ကျင့်သုံးရေးများအထိ ပြုလုပ်

ဆောင်ရွက်ရမယ်။ ဒီလိုလုပ်မှသာပြည်ပရန်ကို တညီတညွတ်တည်းခုခံ တိုက်ခိုက်နိုင်ဖို့ အတွက်၊ ပြည်တွင်းငြိမ်းချမ်းရေးကို တကယ်ခိုင်မြဲအောင်လုပ်နိုင်မယ်၊ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများကို ရပ်စဲပစ်နိုင်မယ်၊ ပြည်တွင်းစည်းလုံးမှုကိုပိုပြီးခိုင်မြဲအောင်လုပ်နိုင်မယ်။ ပြုပြင်ပြောင်းလဲတဲ့ လုပ်ငန်းတွေကို ကျနော်တို့ လုပ်မပြီးခင်၊ ဂျပန်နယ်ချဲ့ကထိုးစစ်ဆင်လာကောင်း ဆင်လာလိမ့်မယ်။ ဒါကြောင့် ဂျပန်ရဲ့ထိုးစစ်ကိုအချိန်မရွေး ခုခံနိုင်ပြီး လုံးဝအနိုင်တိုက်နိုင်အောင် ကျနော်တို့ဟာပြုပြင်ပြောင်းလဲရေးတွေကို မြန်မြန်လုပ်ရမယ်။ ဒါ့ပြင် ဂျပန်ကို ခုခံတိုက်ခိုက်ယင်း အဲဒီပြုပြင်ပြောင်းလဲတဲ့ လုပ်ငန်းကို ဆုံးခန်းတိုင်ရောက်အောင်လုပ်ဖို့လဲ စီစဉ်ထားရမယ်။ ပြည်သူတရပ်လုံးနဲ့ ပါတီဂိုဏ်းအသီးသီးက နိုင်ငံချစ်ပုဂ္ဂိုလ်တွေဟာ အမျိုးသားညီလာခံနဲ့ ပတ်သက်လို့ဖြစ်ဖြစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲသတ်မှတ်ရေးပြဿနာနဲ့ ပတ်သက်လို့ ဖြစ်ဖြစ်၊ အယင်ကရှိခဲ့တဲ့ အေးတိအေးစက်သဘောထားမျိုးကို စွန့်လွှတ်ကြရမယ်၊ လက်တွေ့လဲကျ နိုင်ငံကာကွယ်ရေးအတွက်လဲ အရေးပါတဲ့ အဲဒီအမျိုးသားညီလာခံကျင်းပရေးလှုပ်ရှားမှုနဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲသတ်မှတ်ရေးလှုပ်ရှားမှုတွေကို အင်အားစုစည်းပြီးလုပ်ရမယ်။ ကိုမင်တန်အာဏာပိုင်တွေကို ပြင်းပြင်းထန်ထန်ဝေဖန်ရမယ်။ တပါတီတည်းလူတန်းစားတရပ်တည်း အာဏာရှင်စနစ်ကျင့်သုံးတာမျိုးကို ကိုမင်တန်စွန့်လွှတ်အောင်၊ ပြည်သူလူထုရဲ့ ဆန္ဒအတိုင်းလုပ်ကိုင်လာအောင် ကိုမင်တန်ကို တိုက်တွန်းကြပ်မတ်သွားရမယ်။ ဒီနှစ်လာမဲ့ လေးငါးလအတွင်းမှာနိုင်ငံနဲ့အဝှန်း



ဒီမိုကရေစီရေးလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့်စတင်လုပ်ဆောင် ရမယ်။ ဒီလှုပ်ရှားမှုရဲ့ လောလောဆယ်ရည်ရွယ်ချက်ဟာ အမျိုးသားညီလာခံနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဒီမိုကရေစီကျအောင်ဆောင်ရွက်ဖို့ဘဲ။ ဒုတိယအားဖြင့် ပြည်သူတို့ကို လွတ်လွတ်လပ်လပ်ပြောဆိုခွင့်၊ လွတ်လွတ်လပ်လပ်စုရုံးခွင့်၊ လွတ်လွတ်လပ်လပ်စည်းရုံးခွင့်တွေပေးရမယ်။ ဒီလိုလွတ်လပ်မှုမရှိယင် နိုင်ငံရေးစနစ်ကို ဒီမိုကရေစီကျအောင်ပြုပြင်ပြောင်းလဲရေး၊ ပြည်သူတွေကို ဂျပန်ခုခံရေးစစ်ထဲပါလာအောင်လှုံ့ဆော်ရေး၊ အမိနိုင်ငံတော်ကို ကာကွယ်ရေးနဲ့ကျဆုံးပြီးနယ်မြေတွေကို ပြန်သိမ်းနိုင်ရေးတွေဟာ ဖြစ်မြောက်နိုင်လိမ့်မယ်မဟုတ်ဘူး။ လာမယ့်လေးငါးလအတွင်းမှာ နိုင်ငံနဲ့အဝှန်း ဆင်နွှဲတဲ့ဒီမိုကရေစီလှုပ်ရှားမှုဟာ အဆိုပါလွတ်လပ်မှုမျိုးကို ယုတ်စွအဆုံး အနိမ့်ဆုံးအဆင့်ထိရအောင်လုံးပမ်းရမယ်။ အဲဒီထဲမှာဆိုယင် နိုင်ငံရေးအကျဉ်းသမားတွေလွှတ်ရေး၊ ပိတ်ပင်ထားတဲ့ ပါတီတွေကို တရားဝင်တည်ထောင်ခွင့်ပြုရေး စတာတွေ အပါအဝင်ဖြစ်တယ်။ နိုင်ငံရေးစနစ်ကိုဒီမိုကရေစီကျအောင်ပြုပြင်ပြောင်းလဲရေးနဲ့ ပြည်သူလူထုများလွတ်လပ်ခွင့်ရရှိရေးတို့ဟာ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုလုပ်ငန်းစဉ်ရဲ့ အရေးကြီးတဲ့ အပိုင်းဖြစ်တယ်။ တချိန်တည်းမှာ ဘဲစစ်မှန်ခိုင်မြဲတဲ့ ဂျပန်ခုခံရေး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု ဖွဲ့စည်းဖို့အတွက် မရှိမဖြစ်တဲ့အချက်တွေလဲဖြစ်တယ်။

(၁၀) ကျနော်တို့ရဲ့ ရန်သူဖြစ်တဲ့ ဂျပန်နယ်ချဲ့၊ တရုပ်မျိုးဖျက်၊ ဂျပန်အလိုတော်ရိနဲ့ ထရော့စကီဂိုဏ်းသားတွေဟာ တရုပ်ပြည်ရဲ့ ငြိမ်း

ချမ်းရေးနဲ့ တစည်းတလုံးတည်းရှိရေး၊ ဒီမိုကရေစီရေး၊ လွတ်လပ်ရေးနဲ့ဂျပန်ခုခံရေးစစ်ဆင်နွှဲရေးတို့အတွက် လုပ်အောင်တဲ့ အစီအစဉ်တိုင်းကိုအစွမ်းကုန်နှောက်ရှက်ဖျက်ဆီးနေကြတယ်။ ငြိမ်းချမ်းရေးနဲ့တစည်းတလုံးတည်းရှိရေးအတွက် ကျနော်တို့ကြိုးပမ်းခဲ့တုန်းက၊ သူတို့ဟာပြည်တွင်းစစ်ဖြစ်အောင်နဲ့ သွေးကွဲအောင်အစွမ်းကုန်ခြေထိုးကြတယ်။ ခုအခါနဲ့ နောင်မကြာခင်မှာ ဒီမိုကရေစီရေးနဲ့ လွတ်လပ်ရေးအတွက် ကျနော်တို့ကြိုးပမ်းတာကို သူတို့ နောက်ထပ်နှောက်ရှက်ဖျက်ဆီးကြအုံးမှာ သေချာတယ်။ သူတို့ရဲ့ အထွေထွေရည်မှန်းချက်ဟာ ကျနော်တို့ရဲ့ အမိနိုင်ငံတော်ကိုကာကွယ်တဲ့ ဂျပန်ခုခံရေးစစ်တာဝန် မအောင်မြင်အောင်၊ တရုပ်ပြည်ကိုတိုက်ခိုက်သိမ်းပိုက်ရေးဆိုတဲ့ သူတို့ရဲ့ ကျူးကျော်ရေးစီမံကိန်းအထမြောက်အောင်လုပ်ဖို့ ဖြစ်တယ်။ ဒီမိုကရေစီရေးနဲ့ လွတ်လပ်ရေးအရယူဖို့ ခုမှစပြီးဆင်နွှဲနေတဲ့တိုက်ပွဲမှာကိုမင်တန်ထဲကခေါင်းမာသူတွေနဲ့ ပြည်သူတွေထဲက ခေတ်နောက်ကျသူတွေကို ဝါဒဖြန့်လို့ ဆော်ဝေဖန်တဲ့ လုပ်ငန်းတွေကိုကြိုးစားလုပ်ရမဲ့အပြင်၊ ဂျပန်နယ်ချဲ့နဲ့ တရုပ်ပြည်ကို ဂျပန်တွေ ကျူးကျော်ရာမှာ နောက်လိုက်ခွေးအဖြစ်အသုံးတော်ခံတဲ့ ဂျပန်အလိုတော်ရိတွေ ထရော်စကီ ဂိုဏ်းသားတွေရဲ့ အကောက်ကြံမှုများကို ဦးတည်ပြီး၊ ဖြစ်နိုင်တဲ့နည်းမျိုးစုံနဲ့ဖွင့်ချရမယ်၊ ပြတ်ပြတ်သားသားတိုက်ရမယ်။

(၁၁) ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဂျပန်ခုခံရေးအတွက်ရင်း၊ ဂျပန်ခုခံရေးအမျိုးသား ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းရေးအတွက်ရင်း၊ တရုပ်ပြည်ကွန်မြူနစ်ပါတီကကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီ



တတိယစုံညီ အစည်းအဝေးသို့ပေးပို့တဲ့ ကြေးနန်းစာမှာ အောက်ပါအချက်လေးချက်ကိုကတိပြုခဲ့တယ်။ (၁) ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ရှန်ရှီး - ကန်းစု - နင်ရှတော်လှန်ရေးအခြေခံဒေသအစိုးရကို တရုပ်သမ္မတနိုင်ငံအထူးဒေသအစိုးရအဖြစ်၊ တပ်နီတော်ကိုအမျိုးသားတော်လှန်ရေးတပ်မတော်အဖြစ်အမည်ပြောင်းပြီး၊ နန်ကင်းဗဟိုအစိုးရနဲ့ စစ်ကောင်စီတို့ရဲ့ ညွှန်ကြားမှုကိုလိုက်နာမယ်။ (၂) အထူးဒေသအစိုးရလက်အောက်ရှိနယ်ပယ်များမှာ ဒီမိုကရေစီစနစ် အပြည့်အဝကျင့်သုံးမယ်။ (၃) ကိုမင်တန်ကို လက်နက်ကိုင်တွန်းလှန်ရေးပေါ်လစီကိုရပ်စဲမယ်။ (၄) မြေရှင်ပိုင်တဲ့မြေများ သိမ်းယူတာကို ရပ်စဲမယ်။ ဒီကတိပြုချက်တွေဟာလိုလဲလိုအပ်တယ်၊ ခွင့်လဲပြုနိုင်တယ်။ ဒီလိုလုပ်မှအမျိုးသားပဋိပက္ခနဲ့ပြည်တွင်းပဋိပက္ခတို့ရဲ့နိုင်ငံရေးအရအရေးပါမှုပြောင်းလဲသွားတာကိုအခြေပြုပြီး၊ နိုင်ငံရေးအာဏာနှစ်ရပ်ရန်ဖက်ဖြစ်နေတာကိုပြောင်းလဲပစ်နိုင်မယ်၊ တညီတညွတ်တည်းသွေးစည်းပြီး ရန်သူကိုအတူတကွခုခံတိုက်ခိုက်နိုင်မယ်။ ဒီလိုလုပ်တာဟာမူနဲ့လဲမလွတ်ချင်းချက်လဲရှိတဲ့ လိုက်လျောချက်ဖြစ်တယ်။ ဒီလိုလိုက်လျောတာဟာ တမျိုးသားလုံးလိုလားတဲ့ ငြိမ်းချမ်းရေးဒီမိုကရေစီရေးရဖို့နဲ့ ဂျပန်ခုခံရေးစစ်ဆင်နိုင်ဖို့အတွက်ဖြစ်တယ်။ ဒါပေမဲ့ လိုက်လျောတဲ့နေရာမှာအကန့်အသတ်တော့ရှိရမယ်။ အထူးဒေသနဲ့ တပ်နီတော်ထဲမှာ ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်မှုကို ထိန်းသိမ်းထားရမယ်၊ ကိုမင်တန်နဲ့ ကွန်မြူနစ်ပါတီဆက်ဆံရာမှာ ကွန်မြူနစ်ပါတီရဲ့ သီးခြားလွတ်လပ်မှုနဲ့ လွတ်လွတ်လပ်လပ်ဝေဖန်နိုင်ခွင့်တို့ကို ထိန်းသိမ်းထားရမယ်၊ ဒီအထိသာလိုက်

လျှောနိုင်မယ်၊ ဒီထက်ကျော်လွန်ပြီး လိုက်လျှောလို့မဖြစ်ဘူး။ ဒီဘောင်ကနေ ကျော်လွန်ခွင့်မပြုနိုင်ဘူး။ လိုက်လျှောတယ်ဆိုတာနှစ်ပါတီစလုံးကလိုက်လျှောရမှာဘဲ၊ ကိုမင်တန်ဖက်က သူတို့ရဲ့ ပြည်တွင်းစစ်ခင်းရေး၊ တပါတီအာဏာရှင်စနစ် ကျင့်သုံးရေးနဲ့ နိုင်ငံခြားရန်သူအားမခုခံရေးပေါ်လစီတွေကို စွန့်လွှတ်ရမယ်၊ ကွန်မြူနစ်ပါတီဖက်က နိုင်ငံရေးအာဏာနှစ်ရပ် ရန်ပွနေတဲ့ ပေါ်လစီကိုစွန့်လွှတ်ရမယ်။ ကျနော်တို့ဟာ ကျနော်တို့ဖက်က စွန့်လွှတ်သလို ကိုမင်တန်တို့ဖက်ကလဲ စွန့်လွှတ်အောင်၊ ကိုမင်တန်နဲ့ နောက်ထပ်တဖန်ပူးပေါင်းပြီး နိုင်ငံကယ်တင်ရေးလုပ်နိုင်အောင်ကြိုးပမ်းအားထုတ်သွားမယ်။ တကယ်လို့ ဒီလိုလုပ်တာကို ကွန်မြူနစ်ပါတီက အညံ့ခံတာလို့ဆိုယင်၊ ဒါဟာအာကျူဝါဒ[၁၄] ဘဲ၊ မလိုမုန်းထား မဟုတ် မတရားပြောတာဘဲ။

(၁၂) စန်မင်ဝါဒကို ကွန်မြူနစ်ပါတီက သဘောတူသလား? ကျနော်တို့အဖြေကတော့ သဘောတူတယ်[၁၅]။ စန်မင်ဝါဒဟာ ၎င်းရဲ့သမိုင်းဖြစ်စဉ်အတွင်းမှာ အပြောင်းအလဲတွေရှိခဲ့တယ်။ ဒေါက်တာဆွန်ယက်ဆင်ရဲ့ တော်လှန်တဲ့ စန်မင်ဝါဒဟာ၊ ဒေါက်တာဆွန်ယက်ဆင်က ကွန်မြူနစ်ပါတီနဲ့ပူးပေါင်းပြီးပြတ်ပြတ်သားသား လိုက်နာကျင့်သုံးခဲ့တဲ့အတွက်၊ ပြည်သူတို့ရဲ့ယုံကြည်မှုကိုရခဲ့တယ်၊ ၁၉၂၄ ခုနှစ်က ၁၉၂၇ ခုနှစ်အထိအောင်ပွဲရခဲ့တဲ့တော်လှန်ရေးရဲ့အောင်တံခွန်လဲဖြစ်ခဲ့တယ်။ ဒါပေမဲ့ ၁၉၂၇ ခုနှစ်မှာ ကိုမင်တန်က ကွန်မြူနစ်ပါတီကိုဝိုင်းပယ်(ပါတီသန့်ရှင်းရေးလှုပ်ရှားမှု[၁၆] နဲ့ကွန်မြူနစ်ဆန့်ကျင်ရေးစစ်တိုက်မှု) ကာပြောင်းပြန်ပေါ်လစီ ကျင့်သုံးခဲ့လို့ တော်လှန်ရေးရှုံးနိမ့်ပြီး၊ တမျိုးသားလုံး



ဘေးအန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရတယ်၊ ဒါကြောင့်စန်မင်ဝါဒကို ပြည်သူတို့ကမယုံကြည်တော့ဘူး။ ခုအခါအမျိုးသားအကျပ်အတည်းဘေးအန္တရာယ်ဟာ အလွန်အလွန်ကြီးမားနေတယ်။ ကိုမင်တန်ဟာအပြောင်းအလဲမလုပ်ဘဲ မူလနည်းဟောင်းအတိုင်းအုပ်စိုးလို့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်ပြည်သူတရပ်လုံးနဲ့ ကိုမင်တန်ထဲကနိုင်ငံချစ်ပုဂ္ဂိုလ်တွေဟာ ကိုမင်တန်နဲ့ ကွန်မြူနစ်ပါတီပူးပေါင်းဆောင်ရွက်ဖို့ အရေးတကြီး လိုလားတောင်းဆိုလာကြပြန်တယ်။ ဒီတော့စန်မင်ဝါဒရဲ့သဘောရင်းကို ပြန်လည်စိစစ်ပြုပြင်ရမယ်၊ ပြည်ပရေးရာမှာအချုပ်အချယ်ကင်းရေးနဲ့ လွတ်မြောက်ရေးအရယူတဲ့ အမျိုးသားရေးဝါဒ၊ ပြည်တွင်းရေးရာမှာ ဒီမိုကရေစီရေးနဲ့ လွတ်လပ်ရေးကို အကောင်အထည်ဖေါ်တဲ့ ပြည်သူ့အခွင့်အရေးဝါဒ၊ ပြည်သူတို့ကိုချမ်းမြေ့သာယာစေတဲ့ ပြည်သူ့သက်သာချောင်ချိရေးဝါဒများအရ နှစ်ပါတီပြန်လည်ပူးပေါင်းဆောင်ရွက်ရမယ်၊ ပြီးတော့ ဒီဝါဒတွေကို ပြည်သူတွေလဲပြတ်ပြတ်သားသားကျင့်သုံးဆောင်ရွက်လာအောင်ခေါင်းဆောင်ရမယ်၊ ဒါတွေဟာ တရုပ်ပြည်တော်လှန်ရေးသမိုင်းရဲ့ တောင်းဆိုချက်နဲ့ လုံးဝလျော်ညီတယ်၊ ဒီအချက်ကို ကွန်မြူနစ်ပါတီဝင်တိုင်း ကောင်းကောင်းသဘောပေါက်နားလည်ထားရမယ်။ ကွန်မြူနစ်တွေဟာ ဆိုရှယ်လစ်ပန်းတိုင်နဲ့ ကွန်မြူနစ်ပန်းတိုင်သို့ချီတက်ရေးဆိုတာကို ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး၊ သူတို့ဟာ ဓနရှင်ဒီမိုကရေစီတော်လှန်ရေးအဆင့်ကနေပြီး ဆိုရှယ်လစ်စနစ်နဲ့ ကွန်မြူနစ်စနစ်အဆင့်ကိုချီတက်သွားကြလိမ့်မယ်။ တရုပ်ပြည်ကွန်မြူနစ်ပါတီမှာ မိမိရဲ့ နိုင်ငံရေးစီးပွါးရေးလုပ်ငန်းစဉ်ရှိတယ်။ အခ

မြင့်ဆုံးလုပ်ငန်းစဉ်ဟာ ဆိုရှယ်လစ်စနစ်နဲ့ ကွန်မြူနစ်စနစ်ရုပ်လုံးပေါ်ရေးဖြစ်တယ်။ ဒါဟာစန်မင်ဝါဒနဲ့ ခြားနားတဲ့ အချက်ဘဲ။ ကွန်မြူနစ်ပါတီရဲ့ ဒီမိုကရေစီတော်လှန်ရေးကာလလုပ်ငန်းစဉ်ဟာလဲ ပြည်တွင်းရှိဘယ်ပါတီထက်မဆို ပိုပြီးပြည့်စုံပြတ်သားတယ်။ ဒါပေမဲ့ ကွန်မြူနစ်ပါတီရဲ့ ဒီမိုကရေစီတော်လှန်ရေးလုပ်ငန်းစဉ်ဟာ ကိုမင်တန်ပထမအကြိမ်ပြည်လုံးကျွတ်ကွန်ဂရက်မှာ ကြေညာခဲ့တဲ့ စန်မင်ဝါဒလုပ်ငန်းစဉ်နဲ့ ယှဉ်ကြည့်ယင်၊ အခြေခံအားဖြင့် အတိုက်အခံဖြစ်နေတာမဟုတ်။ ဒါကြောင့်စန်မင်ဝါဒကိုကျနော်တို့မငြင်းပယ်တဲ့အပြင်၊ ပြတ်ပြတ်သားသားလုပ်ကိုင်ဆောင်ရွက်ဖို့ ဆန္ဒရှိတယ်၊ ကိုမင်တန်ကိုဘဲ ကျနော်တို့နဲ့အတူစန်မင်ဝါဒအတိုင်းလုပ်ကြဖို့တောင်းဆိုတယ်၊ ပြည်သူတရပ်လုံးကိုလဲစန်မင်ဝါဒအတိုင်းလုပ်ကြဖို့ဆော်ဩတယ်။ ကွန်မြူနစ်ပါတီ၊ ကိုမင်တန်ပါတီနဲ့ ပြည်သူတရပ်လုံးဟာ အမျိုးသားလွတ်လပ်ရေး၊ ပြည်သူ့လွတ်လပ်ခွင့်၊ ပြည်သူ့ဘဝချမ်းမြေ့သာယာရေးဆိုတဲ့ ပန်းတိုင်ကြီးသုံးခုသို့ရောက်ရှိရေးအတွက် ကြိုးပမ်းအားထုတ်သင့်တယ်လို့ ကျနော်တို့ယူဆတယ်။

(၁၃) အလုပ်သမား လယ်သမား ဒီမိုကရေစီသမတနိုင်ငံတည်ထောင်ရမယ်လို့ ကျနော်တို့ အယင်ကတင်ပြခဲ့တဲ့ကြွေးကြော်သံဟာ မှားသလား? မမှားပါဘူး။ ဓနရှင်လူတန်းစားအထူးသဖြင့် ဓနရှင်ကြီးလူတန်းစားဟာ တော်လှန်ရေးကထွက်ခွါကာနယ်ချဲ့နဲ့ပဒေသရာဇ်အင်အားစုဖက်ပါသွားပြီး၊ ပြည်သူ့ရန်သူအဖြစ်ပြောင်းသွားတယ်၊ဒီတော့ တော်လှန်ရေးရဲ့ တွန်းအားထဲမှာ ပစ္စည်းမဲ့လူတန်းစား၊ လယ်သ



မားနဲ့ မြို့နေဓနရှင်ပေါက်စလူတန်းစားတို့ဘဲကျန်ခဲ့တယ်။ တော်လှန်တဲ့ နိုင်ငံရေးပါတီဆိုလို့ကွန်မြူနစ်ပါတီဘဲရှိတော့တယ်။ တော်လှန်ရေးအတွက်စည်းရုံးဖို့တာဝန်ဟာလဲ တခုတည်းသော တော်လှန်ရေးပါတီဖြစ်တဲ့ ကွန်မြူနစ်ပါတီရဲ့ ပခုံးပေါ် ကိုမလွှဲမရှောင်သာ ကျရောက်လာတာဘဲ။ ကွန်မြူနစ်ပါတီတပါတီတည်းကဘဲ တော်လှန်ရေးအောင်လံတော်ကြီးကိုမားမားမတ်မတ်ဆက်ပြီးလွှင့်ထားတယ်၊တော်လှန်ရေးအစဉ်အလာကို ထိန်းသိမ်းထားတယ်၊ အလုပ်သမားလယ်သမားဒီမိုကရေစီသမတနိုင်ငံ တည်ထောင်ရေး ကြွေးကြော်သံကို ထုတ်ဖေါ်တင်ပြခဲ့တယ်၊ နောက်ပြီးဒီကြွေးကြော်သံအတွက် နှစ်ပေါင်းများစွာခက်ခက်ခဲခဲကြိုးပမ်းအားထုတ်ခဲ့တယ်။ အလုပ်သမားလယ်သမား ဒီမိုကရေစီသမတနိုင်ငံဆိုတဲ့ကြွေးကြော်သံဟာ ဓနရှင်ဒီမိုကရေစီ တော်လှန်ရေးတာဝန်နဲ့ဖီလာဖြစ်တာမဟုတ်၊ အဲဒီတာဝန်ကို ပြတ်ပြတ်သားသားဆောင်ရွက်တာဖြစ်တယ်။ လက်တွေ့တိုက်ပွဲတွေထဲမှာ ကျနော်တို့ကျင့်သုံးတဲ့ ပေါ်လစီတိုင်းဟာ ဒီတာဝန်နဲ့မကိုက်ညီတာရယ်လို့ မရှိဘူး။ မြေရှင်တွေရဲ့မြေယာများကိုသိမ်းယူရေး၊ အလုပ်ချိန် ၈ နာရီသတ်မှတ်ရေးအပါအဝင်ဖြစ်တဲ့ ကျနော်တို့ရဲ့ ပေါ်လစီတွေဟာ အရင်းရှင်စနစ်စည်းဝိုင်းထဲရှိတဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှု စနစ်စည်းကြောင်းကို ကျော်လွန်တာမဟုတ်၊ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးတာလဲမဟုတ်ဘူး။ ဒီမိုကရေစီသစ်သမတနိုင်ငံမှာ ဘယ်လူတန်းစားတွေပါသလဲ? ပစ္စည်းမဲ့လူတန်းစား၊ လယ်သမားလူတန်းစား၊ မြို့နေဓနရှင်ပေါက်စလူတန်းစား၊

ခနေရှင်လူတန်းစား၊ အမျိုးသားတော်လှန်ရေးနဲ့ ဒီမိုကရေစီတော်လှန်ရေးကို ထောက်ခံတဲ့ ပြည်တွင်းက လူတွေအကုန်ပါတယ်။ ဒီနိုင်ငံဟာ အမျိုးသားတော်လှန်ရေးနဲ့ ဒီမိုကရေစီတော်လှန်ရေးဆင်နွှဲရာမှာ ဒီလူတန်းစားတွေမဟာမိတ်ဖွဲ့ထားတဲ့ နိုင်ငံဖြစ်တယ်။ ဒီမှာ ထူးခြားတာကခနေရှင်လူတန်းစားပါဝင်နေတဲ့ အချက်ဘဲ။ ဒါကတော့၊ ခုအခြေအနေမှာခနေရှင်လူတန်းစားဟာလဲ ကျနော်တို့နဲ့ ပြန်လည်ပူးပေါင်းပြီး ဂျပန်ခုခံရေးထဲကိုပါလာနိုင်စရာအကြောင်းရှိလို့ဖြစ်တယ်။ ဒါကြောင့် တရုပ်ပြည်တော်လှန်ရေးရှေ့သို့ ချီတက်ရေးအတွက် အကျိုးရှိအောင် ပစ္စည်းမဲ့ပါတီကသူတို့ကို မပစ်ပယ်သင့်ဘဲ ဖိတ်ခေါ်ရမယ်။ သူတို့နဲ့အတူကြိုးပမ်းတိုက်ခိုက်ဖို့ မဟာမိတ်အဖွဲ့ပြန်တည်ထောင်ရမယ်။ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုတွေကို ရပ်စဲပစ်ဖို့ဖြေရှင်းတွေရဲ့ လယ်မြေများကို အကြမ်းဖက်သိမ်းယူတဲ့ပေါ်လစီကို ကွန်မြူနစ်ပါတီကရပ်စဲလိုတယ်။ ဒီမိုကရေစီသစ်သမတနိုင်ငံတည်ထောင်ယင်း၊ ဥပဒေရေးဆွဲပြီး ဖြေရှင်းတဲ့နည်းနဲ့ဖြစ်ဖြစ်၊ တခြားသင့်လျော်တဲ့နည်းနဲ့ဖြစ်ဖြစ် မြေယာပြဿနာကို ဖြေရှင်းဖို့ကြံရွယ်ထားတယ်။ တရုပ်ပြည်ရဲ့ နယ်မြေကိုဂျပန်ပိုင်မလား၊ တရုပ်ပိုင်မလားဆိုတဲ့ ပြဿနာဟာ အယင်ဆုံးဖြေရှင်းရမဲ့ပြဿနာဖြစ်တယ်။ တရုပ်ပြည်ကာကွယ်ရေးဆိုတဲ့အချက်ကို ပဓါနထားပြီးလယ်သမားတွေရဲ့ မြေယာပြဿနာကိုဖြေရှင်းပေးရမှာမို့ အကြမ်းဖက်သိမ်းယူတဲ့နည်းအစား သင့်တော်တဲ့ နည်းသစ်များပြောင်းသုံးဖို့လိုးဝလိုအပ်လာတယ်။



အလုပ်သမား လယ်သမား ဒီမိုကရေစီသမတ နိုင်ငံဆိုတဲ့ ကြွေးကြော်သံကို အယင်က တင်ပြခဲ့တာရော အခုစွန့်လွှတ်လိုက်တာပါနှစ်ခုစလုံးဘဲမှန်ကန်တယ်။

(၁၄) အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းပြီး ရန်သူကိုအတူတကွဆန့်ကျင်တိုက်ခိုက်ဖို့၊ ပြည်တွင်းပဋိပက္ခတချို့ကို သင့်တော်အောင်ဖြေရှင်းပေးရမယ်။ ဒီလိုဖြေရှင်းတဲ့အခါ လိုက်နာရမဲ့ မူကတော့ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို အားနည်းသေးကြုံ့မသွားစေဘဲ၊ အင်အားတောင့်တင်းပြီး ကြီးထွားလာရေးအတွက်အထောက်အကူဖြစ်စေရမယ်။ ဒီမိုကရေစီတော်လှန်ရေး ကာလမှာ၊ ပြည်တွင်းလူတန်းစားချင်း၊ ပါတီဂိုဏ်းချင်း၊ နိုင်ငံရေးအုပ်စုချင်းပဋိပက္ခဖြစ်ပြီး တိုက်ပွဲဆင်ကြတာဟာ မရှောင်လွှဲနိုင်ဘူး။ ဒါပေမဲ့ ဂျပန်ကို စည်းစည်းလုံးလုံးခုခံတိုက်ခိုက်ရေးအတွက် အကျိုးမရှိတဲ့တိုက်ပွဲတွေ (ပြည်တွင်းစစ်၊ ပါတီချင်းရန်ပွဲမှု၊ တနယ်တမင်းဗိုလ်လုပ်နေမှု၊ တဖက်ကပဒေသရာဇ်နိုင်ငံရေးဖိနှိပ်မှုနဲ့ စီးပွါးရေးဖိနှိပ်မှု၊ တခြားတဖက်က ထကြွပုန်ကန်ရေးပေါ်လစီကျင့်သုံးမှုနဲ့ ဂျပန်ခုခံတိုက်ခိုက်ရေးအတွက်အကျိုးမရှိတဲ့ လွန်လွန်းတဲ့ စီးပွါးရေးတောင်းဆိုမှုတွေ) ကိုရပ်စဲနိုင်တယ်၊ ရပ်လဲရပ်စဲသင့်တယ်။ ဂျပန်ကိုစည်းစည်းလုံးလုံးခုခံတိုက်ခိုက်ရေးအတွက်အကျိုးရှိတဲ့ တိုက်ပွဲတွေ (လွတ်လွတ်လပ်လပ်ဝေဖန်မှု၊ ပါတီတွေသီးခြားလွတ်လပ်မှု၊ ပြည်သူလူထုရဲ့ နိုင်ငံရေးအခြေအနေနဲ့ စီးပွါးရေးအခြေအနေကောင်းအောင်ပြုပြင်ပေးမှုတွေ) ကိုတော့ဆက်လက်ဆင်နွှဲသွားရမယ်။

(၁၅) ဂျပန်ခုခံရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုနဲ့ တစည်းတလုံးတည်းရှိတဲ့ ဒီမိုကရေစီသမတနိုင်ငံအတွက်တိုက်ပွဲဝင်ရေးဆိုတဲ့ အထွေထွေတာဝန်ကို အခြေပြုပြီး၊ တပ်နီတော်နဲ့ ဂျပန်ခုခံရေး အခြေခံဒေသတွေလုပ်ရမဲ့ တာဝန်ကတော့၊ (၁) ဂျပန်ခုခံရေး စစ်ဖြစ်နေတဲ့ အခြေအနေနဲ့လျော်ညီအောင် တပ်နီတော်ကို အမျိုးသားတော်လှန်ရေးတပ်မတော်အဖြစ်ချက်ခြင်းပြန်လည်ဖွဲ့စည်းရမယ်။ စစ်ရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာပညာပေးမှုကို တဆင့်မြင့်တင်ပေးပြီး၊ ဂျပန်ခုခံရေးစစ်အတွင်းမှာ စံပြတပ်မတော်ဖြစ်လာအောင်ကြိုးပမ်းရမယ်။ (၂)ကျနော်တို့ရဲ့ အခြေခံဒေသတွေကိုတနိုင်ငံလုံးရဲ့ အစိတ်အပိုင်းတခုဖြစ်စေပြီး၊ အခြေအနေသစ်နဲ့ လျော်ညီတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမယ်။ ငြိမ်ဝပ်မှုထိန်းသိမ်းရေးတပ်တွေကို ပြန်လည်ဖွဲ့စည်းပြီးမျိုးဖျက်တွေနဲ့ နောက်ရက်ရေးသမားတွေကိုသုတ်သင်ရှင်းလင်းပစ်ကာ၊ ဂျပန်ခုခံရေးနဲ့ ဒီမိုကရေစီရေးမှာ စံပြဒေသတွေဖြစ်လာအောင်လုပ်ရမယ်။ (၃) ဒီဒေသတွေမှာ လိုအပ်တဲ့စီးပွါးရေးတည်ဆောက်မှုတွေလုပ်ပြီး ပြည်သူတို့ရဲ့ စားဝတ်နေရေးအခြေအနေကောင်းအောင်ပြုပြင်ပေးရမယ်။ (၄)လိုအပ်တဲ့ ယဉ်ကျေးမှုတည်ဆောက်ရေးလုပ်ငန်းတွေလုပ်ရမယ်ဆိုတာတွေပါဘဲ။

## ကျနော်တို့ရဲ့ခေါင်းဆောင်မှုတာဝန်

(၁၆) တစုံတရာသောသမိုင်းအခြေအနေမှာနယ်ချဲ့ဆန့်ကျင်ရေးနဲ့ပဒေသရာဇ်ဆန့်ကျင်ရေးတိုက်ပွဲထဲပါလာနိုင်တဲ့ တရုပ်ဓနရှင်လူတန်း



စားဟာစီးပွါးရေးနဲ့ နိုင်ငံရေးအရချည့်နဲ့တဲ့အတွက်၊ တခြားတစုံတရာသော သမိုင်းအခြေအနေမှာ တွေဝေယိမ်းယိုင်ပြီး သစ္စာဖေါက်သွားတတ်တယ်။ ဒီတရားကို တရုပ်ပြည်သမိုင်းကသက်သေပြခဲ့ပြီ။ ဒါကြောင့်တရုပ်ပြည်မှာ နယ်ချဲ့ဆန့်ကျင်ရေးပဒေသရာဇ်ဆန့်ကျင်ရေးဆိုတဲ့ဓနရှင်ဒီမိုကရေစီတော်လှန်ရေးတာဝန်ကို ဓနရှင်လူတန်းစား ခေါင်းဆောင်လို့မဖြစ်ဘူး၊ ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်မှဖြစ်မယ်ဆိုတာသမိုင်းကဆုံးဖြတ်သတ်မှတ်ပြီးပြီ။ ဒီအပြင် ဒီမိုကရေစီတော်လှန်ရေးမှာ ပစ္စည်းမဲ့လူတန်းစားရဲ့ ကြံ့ခိုင်မှုနဲ့ ဆုံးခန်းတိုင်ဆင်နွဲမှုတွေကို အပြည့်အစုံထွန်းကားစေမှ ဓနရှင်လူတန်းစားရဲ့ ပင်ကိုယ်ယိမ်းယိုင်မှုနဲ့ ဆုံးခန်းတိုင်မဆင်နွဲမှုတွေကို ကျော်နင်းနိုင်မယ်၊ တော်လှန်ရေးတဝက်တပျက်နဲ့ ရှုံးမသွားအောင်ပြုလုပ်နိုင်မယ်။ ပစ္စည်းမဲ့လူတန်းစားကို ဓနရှင်လူတန်းစားရဲ့နောက်က လိုက်စေမလား၊ ဒါမှမဟုတ်ဓနရှင်လူတန်းစားကို ပစ္စည်းမဲ့လူတန်းစားရဲ့ နောက်က လိုက်စေမလား? ဒါဟာ တရုပ်ပြည်တော်လှန်ရေးရဲ့ ခေါင်းဆောင်မှုတာဝန်နဲ့ ပတ်သက်တဲ့ ပြဿနာဖြစ်တယ်၊ တော်လှန်ရေးအရှုံးအနိုင်ကိုဆုံးဖြတ်တဲ့ သော့ချက်လဲဖြစ်တယ်။ ပစ္စည်းမဲ့ လူတန်းစားရဲ့ နိုင်ငံရေးခေါင်းဆောင်မှုနောက်ကို ဓနရှင်လူတန်းစားလိုက်ပါလာတဲ့ အခါ၊ တော်လှန်ရေးဟာဘယ်လိုရှေ့တိုးခဲ့တက်ခဲ့တယ်၊ ပစ္စည်းမဲ့ လူတန်းစား (ကွန်မြူနစ်ပါတီကတာဝန်ယူရမယ်)က နိုင်ငံရေးအရ ဓနရှင်လူတန်းစားရဲ့ နောက်မြီးဆွဲဖြစ်သွားတဲ့ အခါ [၁၇]၊ တော်လှန်ရေးဟာဘယ်လိုဆုံးရှုံးခဲ့ရတယ်ဆိုတာကို ၁၉၂၄ ခုနှစ်က ၁၉၂၇ ခုနှစ်အထိ ဖြစ်ပျက်ခဲ့တဲ့အတွေ့အကြုံ

တွေ့ကပြခဲ့ပြီ။ ဒီလိုသမိုင်းက အဖြစ်အပျက်မျိုးနောက်ထပ်မဖြစ်သင့်တော့ဘူး။ လက်ရှိအခြေအနေအရပြောပါက၊ ပစ္စည်းမဲ့ လူတန်းစားနဲ့ ကင်းကွာနေယင်၊ ပစ္စည်းမဲ့ ပါတီရဲ့ နိုင်ငံရေးခေါင်းဆောင်မှုနဲ့ ကင်းကွာနေယင်ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကိုဖွဲ့စည်းနိုင်မှာ မဟုတ်၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဂျပန်ခုခံရေးရည်ရွယ်ချက်အထမြောက်နိုင်မှာ မဟုတ်၊ အမိနိုင်ငံတော်ကိုကာကွယ်နိုင်မှာမဟုတ်၊ တစည်းတလုံးတည်းရှိတဲ့ ဒီမိုကရေစီသမတနိုင်ငံတည်ထောင်နိုင်မှာ မဟုတ်ဘူး။ ဒီကနေ့မှာ ကိုမင်တန်ကိုယ်စားပြုတဲ့နေရှင်လူတန်းစားဟာ မတက်မကြွဖြစ်မှုနဲ့ သမရိုးကျဖြစ်မှုတွေအများကြီးရှိနေသေးတယ်။ ကွန်မြူနစ်ပါတီက စတင်ဆော်ဩတဲ့ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို သူတို့ရှည်ကြာတဲ့ ကာလအတွင်းမှာ လက်မခံဝံ့တာကဒီအချက်ကို သက်သေပြနေတယ်။ ဒါကြောင့် ပစ္စည်းမဲ့လူတန်းစားနဲ့ ပစ္စည်းမဲ့ပါတီရဲ့ နိုင်ငံရေးခေါင်းဆောင်မှုတာဝန်ဟာပိုပြီးကြီးလေးလာတယ်။ ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးမှာ စစ်ဦးစီးဌာနချုပ်အဖြစ် ဆောင်ရွက်သွားဖို့ဆိုတာဟာ ကွန်မြူနစ်ပါတီရှောင်လို့မရတဲ့တာဝန်၊ ဖယ်လို့မရတဲ့ ဝတ္တရားဖြစ်တယ်။

(၁၇) ပစ္စည်းမဲ့ လူတန်းစားဟာ မိမိပါတီကတဆင့် တနိုင်ငံလုံးရှိ တော်လှန်တဲ့လူတန်းစားအသီးသီးအပေါ် ဘယ်လိုနိုင်ငံရေးခေါင်းဆောင်မှုပေးမလဲ? ပထမအချက်ကသမိုင်းဖြစ်ပေါ်တိုးတက်တဲ့ဖြစ်စဉ်နဲ့အညီ အခြေခံကျတဲ့ နိုင်ငံရေးကြွေးကြော်သံတွေထုတ်ဖော် တင်ပြရမယ်။ ဒီကြွေးကြော်သံတွေကို အကောင်အထည်ဖော်ဖို့ဖြစ်ပေါ်တိုးတက်လာတဲ့အဆင့်တိုင်းနဲ့ အဖြစ်အပျက်ကြီးတွေပေါ်လာတဲ့ အချိန်တိုင်းမှာ လှုံ့ဆော်တဲ့ ကြွေးကြော်သံတွေထုတ်ဖော် တင်ပြရမယ်။ ဥပမာ "ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းကြ" "တစည်းတလုံးတည်းရှိတဲ့ ဒီမိုကရေစီသမတနိုင်ငံ တည်ထောင်ကြ" ဆိုတဲ့ အခြေခံကြွေးကြော်သံတွေကို ကျနော်တို့ တင်ပြလိုက်တယ်၊ ပြီးတော့ "ပြည်တွင်းစစ်ကိုရပ်စဲကြ"၊ "ဒီမိုကရေစီရအောင်ကြိုးပမ်းကြ"၊ "ဂျပန်ခုခံရေးစစ်ဆင်နွှဲကြ" ဆိုတဲ့ကြွေးကြော်သံတွေကိုလဲ ပြည်သူတရပ်လုံးတညီတညွတ်တည်းလုပ်ဆောင်သွားရမဲ့ တိကျတဲ့ရည်မှန်းချက်အဖြစ်တင်ပြခဲ့ပြန်တယ်။ အဲဒီလိုတိကျတဲ့ရည်မှန်းချက်မရှိယင်၊ နိုင်ငံရေးခေါင်းဆောင်မှုရယ်လို့ ပြောနေစရာတောင်မရှိတော့ဘူး။ ဒုတိယ အချက်ကတော့ အဲဒီတိကျတဲ့ရည်မှန်းချက်အရတနိုင်ငံလုံးမှာ လက်တွေ့လုပ်ဆောင်လာတဲ့အခါ၊ ပစ္စည်းမဲ့လူတန်းစားအထူးသဖြင့် ၎င်းရဲ့တပ်ဦးဖြစ်တဲ့ ကွန်မြူနစ်ပါတီဟာ မိမိရဲ့ အကန့်အသတ်မရှိတဲ့ စိတ်အားထက်သန်မှုနဲ့ သစ္စာရှိမှုကိုပြပြီး၊ အဲဒီတိကျတဲ့ရည်မှန်းချက် အထမြောက်အောင်ကြိုးစားတဲ့ စံပြဖြစ်ရမယ်။ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုနဲ့ ဒီမိုကရေစီသမတနိုင်ငံဖြစ်မြောက်ရေးတာဝန်အားလုံးအတွက် ကြိုးပမ်းတိုက်ခိုက်ရာမှာ၊ ကွန်မြူနစ်ပါတီဝင်များဟာ အမြော်အမြင် အရှိဆုံးဖြစ်အောင်၊ အနစ်နာအခံနိုင်ဆုံး ဖြစ်အောင်၊ အကြံ့ခိုင်ဆုံးဖြစ်အောင်၊ အခြေအနေကို စိတ်ထားနှိမ့်နှိမ့်ချချနဲ့ အကဲအခတ်နိုင်ဆုံးဖြစ်အောင်၊ လူထုထဲမှ အများစုကိုအားထားပြီး လူထုထောက်ခံမှုကိုရရှိတဲ့ လူများဖြစ်အောင်လုပ်ကြရမယ်။ တတိ

ယအချက်ကတော့ သတ်မှတ်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်ကို မျက်ခြေမပြတ်ရဆိုတဲ့မူအရ၊ မဟာမိတ်တွေနဲ့ သင့်တင့်အောင်ဆက်ဆံပြီး၊ အဲဒီမဟာမိတ်အဖွဲ့ကို ကြီးထွားခိုင်မြဲလာအောင်လုပ်ရမယ်။ စတုတ္ထအချက်ကတော့ ကွန်မြူနစ်ပါတီဝင်ဦးရေများလာအောင်၊ အတွေးအခေါ် အရတညီတညွတ်တည်းရှိအောင်၊ စည်းကမ်းသေဝပ်အောင်လုပ်ရမယ်။ ပြည်သူတရပ်လုံးကိုကွန်မြူနစ်ပါတီကနိုင်ငံရေးအရခေါင်းဆောင်တာဟာ အထက်ပါအချက်တွေကိုလုပ်ပြီး ခေါင်းဆောင်တာဖြစ်တယ်။ ဒီအချက်တွေဟာ မိမိရဲ့ နိုင်ငံရေးခေါင်းဆောင်မှုရဖို့အတွက် အာမခံတဲ့အခြေခံတွေဘဲ။ တော်လှန်ရေးလုံးဝအောင်မြင်ဖို့၊ မဟာမိတ်တွေ ယိမ်းယိုင်လို့ တော်လှန်ရေးပျက်စီးသွားတာမဖြစ်ဖို့အတွက်လဲအခြေခံဖြစ်တယ်။

(၁၈) ငြိမ်းချမ်းရေးနဲ့ နှစ်ပါတီပူးပေါင်းဆောင်ရွက်ရေးဖြစ်ပေါ်လာပြီးနောက်၊ အယင်က နိုင်ငံရေးအာဏာနှစ်ရပ် ရန်မူနေခဲ့တဲ့ လမ်းစဉ်အရ ကျနော်တို့ သတ်မှတ်ခဲ့တဲ့ တိုက်ခိုက်နည်းတွေ၊ စည်းရုံးနည်းတွေ၊ လုပ်ကိုင်နည်းတွေကို ပြောင်းလဲဖို့လိုလာတယ်။ ဒီလိုပြောင်းလဲတာဟာ အဓိကကတော့လက်နက်ကိုင်တိုက်ခိုက်နည်းကို ငြိမ်းချမ်းတဲ့နည်းအဖြစ်၊ ဥပဒေပနည်းကိုဥပဒေတွင်းနည်းအဖြစ် ပြောင်းလဲရမှာဖြစ်တယ်။ ဒီလိုပြောင်းလဲဖို့ဆိုတာ မလွယ်ကူလှဘူး။ အသစ်တဖန်လေ့လာဖို့လိုတယ်၊ ဒါကြောင့်ကေဒါတွေကိုအသစ်တဖန်လေ့ကျင့်ပေးဖို့ဟာ အဓိကကွင်းဆက်ဖြစ်လာတယ်။



(၁၉) ဒီမိုကရေစီသမတနိုင်ငံရဲ့ လက္ခဏာနဲ့ အလားအလာတို့နဲ့ ပတ်သက်လို့ ရဲဘော်အများကြီးကမေးနေကြပြီ။ ကျနော်တို့အဖြေကတော့ဒီမိုကရေစီသမတနိုင်ငံရဲ့ လူတန်းစားလက္ခဏာဟာ တော်လှန်တဲ့ လူတန်းစားအသီးသီးရဲ့ မဟာမိတ်အဖွဲ့ဖြစ်တယ်၊ ဒီနိုင်ငံရဲ့ အလားအလာဟာ ဆိုရှယ်လစ်စနစ်သို့ဦးတက်နိုင်စရာ အကြောင်းရှိတယ်ဆိုတာဘဲ။ ကျနော်တို့ရဲ့ ဒီမိုကရေစီသမတနိုင်ငံကို တမျိုးသားလုံးဂျပန်ခုခံရေးတာဝန်ထမ်းဆောင်ယင်းတည်ထောင်ရမယ်၊ ပစ္စည်းမဲ့ လူတန်းစားရဲ့ ခေါင်းဆောင်မှုအောက်မှာ တည်ထောင်ရမယ်၊ နိုင်ငံတကာ့အခြေအနေသစ် (ဆိုဗီယက်ပြည်ထောင်စုမှာ ဆိုရှယ်လစ်စနစ်အောင်ပွဲခံတာ၊ ကမ္ဘာ့တော်လှန်ရေးခေတ်သစ်အကြိုကာလသို့ ရောက်နေတာ) မှာတည်ထောင်ရမယ်။ ဒါကြောင့် လူမှုစီးပွါးရေးအခြေအနေအရဒီသမတနိုင်ငံဟာ ဓနရှင်ဒီမိုကရေစီလက္ခဏာရှိတဲ့ နိုင်ငံဖြစ်နေသေးပေမဲ့၊ လက်တွေ့ဖြစ်တဲ့ နိုင်ငံရေးအကြောင်းအချက်များအရဆိုယင်၊ ယေဘုယျဓနရှင်သမတနိုင်ငံနဲ့ မတူဘူး။ အလုပ်သမားလယ်သမားဓနရှင်ပေါက်စလူတန်းစားနဲ့ ဓနရှင်လူတန်းစားတို့ မဟာမိတ်ဖွဲ့ထားတဲ့ နိုင်ငံတော်ဖြစ်သင့်တယ်။ ဒါကြောင့် ဒီသမတနိုင်ငံရဲ့ အလားအလာနဲ့ပတ်သက်လို့အရင်းရှင်စနစ်ဖက်ကို ဦးတည်သွားနိုင်စရာအကြောင်း ရှိနေပေမဲ့၊ တချိန်တည်းမှာဘဲ ဆိုရှယ်လစ်စနစ်ဖက်ကို ဦးတည်သွားနိုင်စရာအကြောင်းလဲရှိနေတယ်။ တရုပ်ပစ္စည်းမဲ့ပါတီက ဒုတိယအလားအလာဖြစ်ပေါ်လာဖို့အတွက်ကြိုးပမ်းအားထုတ်ရမယ်။

(၂၀) တံခါးပိတ်ဝါဒနဲ့ မိုက်ရူးရဲဝါဒကို တိုက်ခိုက်တာနဲ့ တချိန်တည်းမှာ နောက်ပြီးဆုံဝါဒကို ပါတိုက်တာဟာ ပါတီရဲ့ တာဝန်ကို ဆောင်ရွက်ရာမှာ မရှိမဖြစ်တဲ့ အချက်ဖြစ်တယ်။ လူထုလှုပ်ရှားမှုမှာ ကျနော်တို့ပါတီဟာ အစဉ်အလာအရပြင်းထန်တဲ့တံခါးပိတ်ဝါဒမှောက်မှားတဲ့ ဂိုဏ်းဂဏဝါဒနဲ့ မိုက်ရူးရဲဝါဒ တိမ်းစောင်းမှုတွေရှိခဲ့တယ်။ ဒါဟာ ပါတီရဲ့ဂျပန်ခုခံရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းဖို့နဲ့ လူထုအများစုကို သိမ်းသွင်းဖို့ လုပ်ငန်းကို အနှောက်အယှက်ပေးတဲ့ ဆိုးဝါးတဲ့ တိမ်းစောင်းမှုတရပ်ဖြစ်တယ်။ လက်တွေ့လုပ်ငန်းတိုင်းမှာ ဒီတိမ်းစောင်းမှုကိုသုတ်သင်ပစ်ဖို့လုံးဝလိုအပ်တယ်။ ကျနော်တို့လိုလားတာကအများစုကိုအမှီပြုဖို့၊ အခြေအနေတရပ်လုံးကိုထောက်ထားဂရုပြုဖို့ဖြစ်တယ်။ ချင်တူရှူရဲ့ နောက်ပြီးဆုံဝါဒအသက်ပြန်ဝင်လာမှုကိုခွင့်မပြုနိုင်ဘူး။ ဒါဟာ ပစ္စည်းမဲ့တပ်ဖွဲ့ထဲမှာ နေရှင်ပြုပြင်ရေးဝါဒရဲ့ရောင်ပြန်ဟပ်ချက်ဖြစ်တယ်။ ပါတီရဲ့ရပ်တည်ချက်ကိုလျှော့ချယင်၊ ပါတီရဲ့မျက်နှာအသွင်ကို မှုန်မွှားသွားအောင်လုပ်ယင်၊ အလုပ်သမားလယ်သမားတို့ရဲ့ အကျိုးကိုစွန့်လွှတ်ပြီး နေရှင်ပြုပြင်ရေးဝါဒအကြိုက်လိုက်လုပ်ယင်၊ တော်လှန်ရေးဆုံးရှုံးမှာ သေချာတယ်။ ကျနော်တို့ လိုလားတာကတော့ ပြတ်သားတဲ့တော်လှန်ရေးပေါ်လစီကို ကျင့်သုံးဖို့၊ နေရှင်ဒီမိုကရေစီတော်လှန်ရေးလုံးဝအောင်မြင်အောင် ကြိုးပမ်းသွားဖို့ ဖြစ်တယ်။ အထက်ပါမကောင်းတဲ့ တိမ်းစောင်းမှုတွေကို ကျော်နင်းနိုင်ဖို့အတွက်၊ တပါတီလုံးမှာ မာ့က်စ်လီနင်ဝါဒသဘောတရားရေချိန်ကို မြှင့်တင်ပေးဖို့ လုံးဝလိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုယင် ဒီသဘောတ



ရားမျိုးကသာ တရုပ်ပြည်တော်လှန်ရေးအောင်ပွဲရအောင် ရှေ့ဆောင်သွားနိုင်တဲ့ လမ်းပြအိမ်မြှောင်ဖြစ်လို့ပဲ။

## ရှင်း ချက်

၁။ "တရုပ်ပြည်မြောက်ပိုင်းအရေးအခင်း" ဆိုသည်မှာ၊ ၁၉၃၅ ခုနှစ်တွင် တရုပ်ပြည်မြောက်ပိုင်းသို့ ဂျပန်မိစ္ဆာကောင်များဝင်ရောက်ကျူးကျော် ခဲ့ခြင်းနှင့် တရုပ်ပြည်မြောက်ပိုင်းတွင် ချန်ကေရှိတ်ခေါင်းဆောင်သောကိုမင်တန်အစိုးရက တရုပ်ပြည်၏ အချုပ်အချာအာဏာကို လက်လွှတ်လိုက်သောကြောင့်တမျိုးသားလုံးအစော်ကားခံရသော အရေးအခင်းများကို ဆိုလိုသည်။ ထိုနှစ်မေလတွင် ဂျပန်မိစ္ဆာကောင်တို့သည် တရုပ်ပြည်မြောက်ပိုင်း အုပ်စိုးခွင့်ကို သူတို့လက်သို့အပ်ရန် ကိုမင်တန်အစိုးရ ထံ တောင်းဆိုခဲ့၏။ ဇွန်လတွင် တရုပ်ပြည်မြောက်ပိုင်း ကိုမင်တန်အစိုးရကိုယ်စားလှယ်ဟိုယင့်ချင်းသည် တရုပ်ပြည်မြောက်ပိုင်း ဂျပန်မိစ္ဆာတပ်စစ်ဗိုလ်ချုပ်အူမေဇုယိုရှိဂျိရှိနှင့် သဘောတူစာချုပ်တစုချုပ်ဆို၍ ဂျပန်တို့၏ အထက်ပါတောင်းဆိုချက်ကို လက်ခံခဲ့သည်။ ၎င်းမှာ «ဟိုယင့်ချင်း အူမေဇုသဘောတူစာချုပ်» ဆိုသည်ပင်ဖြစ်၏။ ထိုစာချုပ်အရ ဟိုပေပြည်နယ်နှင့် ချာဟားပြည်နယ်တွင် တရုပ်ပြည်၏ အချုပ်အချာအာဏာအမြောက်အမြားကို လက်လွှတ်ခဲ့ရ၏။ အောက်တိုဘာလတွင် ဂျပန်မိစ္ဆာတပ်တို့က ဟိုပေပြည်နယ်ရှန်းဟိုခရိုင်၌ တရုပ်မျိုးဖျက်များကို ထကြွပုန်ကန်ခိုင်းပြီးခရိုင်မြို့ကိုသိမ်းပိုက်လိုက်၏။ နိုဝင်ဘာလတွင် တရုပ်မျိုးဖျက်တို့အား "တရုပ်ပြည်မြောက်ပိုင်းပြည်နယ် ၅ ခုကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှု" ဆိုသည်ကိုလုပ်ခိုင်းခဲ့၏။ ပြီးလျှင်ဟိုပေပြည်နယ်အရှေ့

ပိုင်းတရုပ်မျိုးချစ်တို့၏ "ကွန်မြူနစ်ရန်ကာကွယ်ရေး ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ" ကိုလည်းတည်ထောင်ခဲ့၏။ "တရုပ်ပြည်မြောက်ပိုင်းအထူးအစိုးရအာဏာဖြစ်ပေါ်စေရေး" ဟူသောဂျပန်မိတ္တာကောင်တို့၏တောင်းဆိုချက်နှင့် ကိုက်ညီစေရန်၊ ကိုမင်တန်အစိုးရက စုန်ကျယ်ယွမ်စသူတို့အား "ဟိုပေပြည်နယ်နှင့် ချာဟားပြည်နယ်နိုင်ငံရေးကောင်စီ" ကိုဖွဲ့စည်းခိုင်း၏။

၂။ ဤသည်မှာ တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ၁၉၃၅ ခုနှစ် ဩဂုတ်လ ၁ရက်နေ့ကြေညာစာတမ်းကို ဆိုလိုသည်။ ၎င်းကြေညာစာတမ်း၏ လိုရင်းအချက်မှာ အောက်ပါအတိုင်းဖြစ်၏။ "နိုင်ငံကျဆုံးလူမျိုးပြုန်းစေမည့်ဘေးအန္တရာယ်ကြီးဆိုက်ရောက်ခမန်းဖြစ်နေသည့်ယနေ့လိုအခါတွင်၊ မွေးချင်းပေါက်ဖေါ်အပေါင်းတို့အား ကွန်မြူနစ်ပါတီက အောက်ပါအတိုင်းထပ်မံ၍ ပန်ကြားအပ်ပါသည်။ နိုင်ငံရေးပါတီဂိုဏ်းအသီးသီး ယခင်ကရောယခုပါနိုင်ငံရေးသဘောထားနှင့် အကျိုးစီးပွါးအရဘယ်လိုပင် မတူကြသည်ဖြစ်စေ၊ လုပ်ငန်းအသီးသီးတို့မှ မွေးချင်းပေါက်ဖေါ်များ တဦးနှင့် တဦးသဘောထားချင်းအကျိုးစီးပွါးချင်း ဘယ်လောက် ကွဲပြားနေကြသည်ဖြစ်စေ၊ စစ်တပ်အသီးသီးတို့ ယခင်ကရောယခုပါဘယ်လိုဘဲရန်မှုတိုက်ခိုက်နေကြသည်ဖြစ်စေ၊ 'ညီနောင်ချင်းအိမ်တွင်း၌ မသင့်မမြတ်ဖြစ်နေသော်လည်း၊ ပြင်ပရန်ကိုတစိတ်တဝမ်းတည်းခုခံသင့်၏' ဟူသောဆိုရိုးစကားနှင့်အညီ၊ တကယ်တမ်း အသိတရားရကာ၊ နိုင်ငံအတွင်းရှိရှိသမျှအင်အား (လူအင်အား၊ ဝတ္ထုပစ္စည်းအင်အား၊ ငွေအင်အား၊ လက်နက်အင်အား) များကိုစုပေါင်းပြီး ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးဟူသောမွန်မြတ်သည့် အရေးတော်ပုံကြီးအတွက် တိုက်ပွဲဝင်ကြရန်အတွက် ဦးစွာသထမ ပြည်တွင်းစစ်ကိုရပ်စဲသင့်သည်။ ကွန်မြူနစ်ပါတီက ထပ်



လောင်း၍ အောက်ပါအတိုင်းလေးနက်စွာကြေညာလိုက်ပါသည်။ ကိုမင်တန်စစ်တပ်များကသာ တပ်နီတော်ကို တိုက်ခိုက်ခြင်းမှ ရပ်စဲကြလျှင်၊ ဘယ်စစ်တပ်ပင်မဆိုဂျပန်ကိုခုခံတိုက်ခိုက်မည်ဆိုလျှင်၊ ယခင်ကဖြစ်ဖြစ် ယခုဖြစ်ဖြစ် တပ်နီတော်နှင့် ဘယ်လောက်ဘဲရန်ငြိုးရှိခဲ့ရှိခဲ့၊ ပြည်တွင်းရေးရာပြဿနာများ၌ တပ်နီတော်နှင့် ဘယ်လောက်ဘဲသဘောကွဲလွဲကွဲလွဲ၊ တပ်နီတော်သည် ၎င်းတို့နှင့် ရင်ဆိုင်တိုက်ခိုက်ခြင်းမှချက်ခြင်းရပ်စဲမည်သာမက၊ နိုင်ငံကယ်တင်ရေးတွင် ၎င်းတို့နှင့်ရင်းရင်းနှီးနှီးလက်တွဲကြိုးပမ်းသွားလိုပါသည်။" "ကွန်မြူနစ်ပါတီသည် ဤသို့သောနိုင်ငံတော်ကာကွယ်ရေးအစိုးရတည်ထောင်ရာတွင် စတင်ဆောင်ရွက်လို၏။ ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေး အရေးတော်ပုံတွင် ပါဝင်ဆောင်ရွက်လိုသောပါတီဂိုဏ်းအသီးသီး၊ အဖွဲ့အစည်းအသီးသီး (အလုပ်သမားသမဂ္ဂ၊ တောင်သူလယ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ ကုန်သည်သမဂ္ဂ၊ ပညာရေးအသင်း၊ သတင်းစာဆရာသမဂ္ဂ၊ ကျောင်းဆရာနှင့် ကျောင်းအမှုထမ်းသမဂ္ဂ၊ တနယ်တည်းသားအသင်း၊ ကျိကုန်းထန်အဖွဲ့၊ လက်နက်ကိုင်အမျိုးသားကာကွယ်ရေးအသင်း၊ ဂျပန်ဆန့်ကျင်ရေးအသင်း၊ နိုင်ငံကယ်တင်ရေးအသင်းစသည်များ) တို့နှင့် နာမည်ကျော်ပညာရှင်များ၊ နိုင်ငံရေးသမားများ၊ ဒေသဆိုင်ရာစစ်ရေးဗက်အုပ်ချုပ်ရေးဗက်ဋ္ဌာန အဖွဲ့အစည်းအသီးသီးတို့နှင့်အတူ၊ နိုင်ငံတော်ကာကွယ်ရေးအစိုးရ ပူးတွဲတည်ထောင်ရန်ကွန်မြူနစ်ပါတီကချက်ခြင်းစေ့စပ်ဆွေးနွေးလိုသည်။ စေ့စပ်ဆွေးနွေး၍တည်ထောင်လိုက်သောနိုင်ငံတော်ကာကွယ်ရေးအစိုးရသည်နိုင်ငံကယ်တင်ရေး အမျိုးသားတည်တံ့ရေးအတွက် ယာယီခေါင်းဆောင် အဖွဲ့အစည်းတရပ်ဖြစ်သင့်သည်။ ဤသို့သောနိုင်ငံတော်ကာကွယ်ရေးအစိုးရသည် ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးပြဿနာအဝဝကို ပို၍ တိတိကျကျ ဆွေး

ရွေးရန်အတွက် မွေးချင်းပေါက်ဖေါ် အပေါင်းတို့ (အလုပ်သမား၊ လယ်သမား၊ စစ်တပ်၊ အစိုးရ၊ ကုန်သည်၊ ကျောင်းသားတို့နှင့်တကွ နိုင်ငံကယ်တင်ရေးအတွက် ဂျပန်ကိုခုခံတိုက်ခိုက်လိုသောပါတီများနှင့် အဖွဲ့အစည်းအသင်းအပင်းအားလုံး၊ ပင်လယ်ရပ်ခြားတရုပ်အမျိုးသားများနှင့် ပြည်တွင်းလူမျိုးစုအသီးသီးတို့က ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်လားသော ကိုယ်စားလှယ်များ)အား တကယ်တမ်းကိုယ်စားပြုသော ကိုယ်စားလှယ်များဆိတ်ခေါ် စည်းဝေး၍အဖွဲ့အစည်းတည်ထောင်ရန် ကြိုးစားအားထုတ်မှုမည်။ တမျိုးသားလုံးအား ကိုယ်စားပြုသော ၎င်းအဖွဲ့မျိုးကိုဖွဲ့စည်းရန် ကွန်မြူနစ်ပါတီကချင်းချက်မရှိ အင်တိုက်အားတိုက်ထောက်ခံကူညီမည့်အပြင်၊ ၎င်းအဖွဲ့၏ ဆုံးဖြတ်ချက်များကိုလည်း အကြွင်းမဲ့ လိုက်နာဆောင်ရွက်မည်ဖြစ်၏။" "ဂျပန်ကို ခုခံတိုက်ခိုက်လိုသော စစ်တပ်အားလုံးကို ဂျပန်ခုခံရေးညွန့်ပေါင်းတပ်များအဖြစ်ဖွဲ့စည်းတည်ထောင်သင့်သည်။ နိုင်ငံတော်ကာကွယ်ရေးအစိုးရ၏ ခေါင်းဆောင်မှုဖြင့် တပေါင်းတစည်းတည်းသော ဂျပန်ခုခံရေးညွန့်ပေါင်းစစ်ဌာနချုပ်ကိုဖွဲ့စည်းတည်ထောင်ရမည်။ ဤစစ်ဌာနချုပ်ကို စစ်တပ်အသီးသီးမှဂျပန်ခုခံရေးတပ်မှူးတပ်သားများက ရွေးကောက်တင်မြှောက် လိုက်သည့် ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းမည်လော၊ အခြားပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းမည်လားဆိုသည်ကို ဖက်ပေါင်းစုံမှ ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတရပ်လုံးကဆုံးဖြတ်စေရမည်။ တပ်နီတော်သည် ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးတာဝန်ကို ကျေပြွန်စွာထမ်းဆောင်ရန်၊ ယင်းညွန့်ပေါင်းတပ်ထဲသို့ရှေးဦးစွာပါဖြစ်အောင်ပါဝင်မည်။ နိုင်ငံတော် ကာကွယ်ရေးအစိုးရအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတည်းဟူသော ကြီးလေးသည့်တာဝန်ကိုတကယ်တမ်းထမ်းဆောင်နိုင်ရန်နှင့် ဂျပန်ခုခံရေးညွန့်ပေါင်းတပ်အနေ



ဖြင့် ဂျပန်ခုခံရေးတည်းဟူသောကြီးလေးသည့်တာဝန်ကို တကယ်တမ်းထမ်းဆောင်နိုင်ရန်အတွက်၊ ကြေးငွေရှိသူက ငွေအင်အားဖြင့်၊ လက်နက်ရှိသူက လက်နက်အင်အားဖြင့်၊ ရိက္ခာရှိသူကရိက္ခာဖြင့်၊ ခွန်အားရှိသူက ခွန်အားဖြင့်၊ အတတ်ပညာကျွမ်းကျင်မှုရှိသူကမိမိကျွမ်းကျင်သောပညာဖြင့် ပါဝင်ကူညီကြရန်မွေးချင်းပေါက်ဖေါ်အပေါင်းတို့အား ကွန်မြူနစ်ပါတီက တိုက်တွန်းနိုးဆော်အပ်ပါသည်။ ဤနည်းဖြင့် ကျနော်တို့မွေးချင်းပေါက်ဖေါ် အားလုံးကို စိုင်းပြင်းစုရုံးကာ၊ လက်နက်သစ်လက်နက်ဟောင်းမျိုးစုံတို့ဖြင့် ကုဋေကုဋာသော ပြည်သူလူထုကြီးကို လက်နက်တပ်ဆင်ပေးရန်ဖြစ်သည်။"

၄။ ဤသည်မှာ ၁၉၃၅ ခုနှစ်ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ရှန်ရှီးပြည်နယ်မြောက်ပိုင်းဝါယောင်ပေါင်အရပ်၌ကျင်းပခဲ့သောတရုပ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မီတီ ပေါ်လစ်ဗျူရိုအစည်းအဝေးမှအတည်ပြုခဲ့သော «မျက်မှောက်နိုင်ငံရေးအခြေအနေနှင့် ပါတီ၏တာဝန်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်» ကိုဆိုလိုသည်။ ၎င်းဆုံးဖြတ်ချက်တွင် ထိုစဉ်ကပြည်တွင်းပြည်ပအခြေအနေကိုရှင်း၊ လူတန်းစားဆက်ဆံရေးပြောင်းလဲမှုကိုရှင်း၊ ပါတီ၏ ပေါ်လစီကိုရှင်း ပြည့်စုံစွာခွဲခြမ်းစိတ်ဖြာပြီးချမှတ်ခဲ့၏။ ၎င်းဆုံးဖြတ်ချက်၏ အပိုင်းတပိုင်းမှာ အောက်ပါအတိုင်းဖြစ်သည်။ "ဂျပန်နယ်ချဲ့သမားက တရုပ်ပြည်ကိုဝါးမျိုးရန်လုပ်သည့် အပြုအမူသည် တရုပ်တနိုင်ငံလုံးကိုလူထုတကမ္ဘာလုံးကိုပါတုန်လှုပ်စေခဲ့ကြောင်း မျက်မှောက်အခြေအနေက ကျနော်တို့အားပြသနေ၏။ တရုပ်နိုင်ငံရေးဘဝအတွင်းရှိ လူတန်းစားအသီးသီး၊ အလွှာအသီးသီး၊ နိုင်ငံရေးပါတီအသီးသီး၊ လက်နက်ကိုင်အင်အားစုအသီးသီးတို့သည် ၎င်းတို့အချင်းချင်းအပြန်အလှန်ဆက်ဆံမှုကိုအသစ်တဖန်ပြောင်းလဲလိုက်၏၊ သို့မဟုတ်ပြောင်းလဲနေ

ဆဲဖြစ်၏။ အမျိုးသားတော်လှန်ရေးတပ်ပေါင်းစုနှင့် အမျိုးသားတန်ပြန်တော်လှန်ရေးတပ်ပေါင်းစုကိုသည် အသစ်တဖန် ပြန်လည်ဖွဲ့စည်းလျက်ရှိ၏။ ထို့ကြောင့် ပါတီ၏နည်းပရိယာယ်လမ်းစဉ်မှာ တနိုင်ငံလုံးနှင့် တမျိုးသားလုံးအတွင်းရှိ ခပ်သိမ်းသောတော်လှန်ရေးအင်အားစုတို့ကိုလုံ့လဆော်စည်းလုံးဖွဲ့စည်းလျက်၊ လက်ရှိအဓိကရန်သူ ဂျပန်နယ်ချဲ့နှင့်နိုင်ငံရောင်းစားသူထိပ်သီးချန်ကေရှိတ်ကို ဆန့်ကျင့်ရန်ဖြစ်သည်။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်ဂိုဏ်း၊ ဘယ်လက်နက်ကိုင်တပ်၊ ဘယ်လူတန်းစားမဆိုဂျပန်နယ်ချဲ့သမားနှင့် နိုင်ငံရောင်းစားသူ ချန်ကေရှိတ်ကို ဆန့်ကျင်သူမှန်လျှင်အားလုံးပူးပေါင်းလျက်မှန်မြတ်သော အမျိုးသားတော်လှန်ရေးစစ်ကိုဆင်နွှဲခြင်း၊ ဂျပန်နယ်ချဲ့သမားကို တရုပ်ပြည်မှမောင်းထုတ်ခြင်း၊ တရုပ်ပြည်ရှိ နယ်ချဲ့ဂျပန်နောက်လိုက်ခွေးတို့၏အုပ်စိုးမှုကို အပြတ်တိုက်ဖျက်ခြင်းတို့ဖြင့် တရုပ်အမျိုးသားလုံးလွတ်မြောက်ရေးအတွက်၊ တရုပ်ပြည်လွတ်လပ်ရေးနှင့် ပိုင်နက်နယ်မြေပြည့်စုံရေးတို့အတွက် ကြိုးပမ်းအားထုတ်သင့်သည်။ အကျယ်ပြန့်ဆုံးသော ဂျပန်ဆန့်ကျင်ရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (အောက်အလွှာရောအထက်လွှာပါ ပါဝင်သည်) ရှိမှသာလျှင်၊ ဂျပန်နယ်ချဲ့သမားနှင့် ၎င်း၏နောက်လိုက်ခွေးချန်ကေရှိတ်ကို အနိုင်တိုက်နိုင်မည်၊ ဂျပန်ခုခံရေးအမျိုးသားတော်လှန်ရေးထဲသို့မတူသောပုဂ္ဂိုလ်၊ မတူသောအဖွဲ့အစည်း၊ မတူသော လူတန်းစားနှင့်အလွှာ၊ မတူသောလက်နက်ကိုင်တပ်တို့သည် ပါဝင်လာကြရာ၌၎င်းတို့အသီးသီးတွင်မတူသော ရည်ရွယ်ချက်နှင့် ရပ်တည်ချက်များရှိကြမည်မှာ ဓမ္မတာပင်၊ တချို့မှာ သူတို့ရှိရင်းစွဲနေရာအဆင့်အတန်းကို ထိန်းသိမ်းရန်အတွက်ဖြစ်၏။ တချို့မှာ လှုပ်ရှားမှုကြီး၏ခေါင်းဆောင်မှုကိုရအောင်ကြိုးစားပြီး သူတို့ခွင့်ပြုနိုင်သည့်အောင်ထက် ကျော်လွန်မသွား



စေအောင်ပြုလုပ်ရန်အတွက်ဖြစ်၏။ တချို့ကမူတကယ်ပင်တရုပ်အမျိုးသားများ၏ လုံးဝလွတ်မြောက်ရေးအတွက်ကြိုးပမ်းရန်ဖြစ်၏။ ၎င်းတို့၏ရည်ရွယ်ချက်ချင်း၊ ရပ်တည်ချက်ချင်းမတူကြသောကြောင့် တချို့သည်တိုက်ပွဲစလျှင်စချင်း တွေဝေယိမ်းယိုင်လျက် သစ္စာဖေါက်သွားတတ်ကြသည်၊ တချို့သည် လမ်းခုလတ်တွင် စိတ်ဓါတ်ကျတတ်ကြသည်၊ သို့မဟုတ်တပ်ပေါင်းစုထဲမှ ထွက်ခွါသွားတတ်ကြသည်၊ တချို့မူကား အဆုံးတိုင်တိုက်ခိုက်သွားကြမည်ဖြစ်၏။ သို့သော် ကျနော်တို့၏ တာဝန်မှာ၊ ဂျပန်ဆန့်ကျင်ရေးမှာ အခြေခံအင်အားဖြစ်လာနိုင်သူမှန်သမျှနှင့် စည်းလုံးရမည်သာမက၊ ဂျပန်ဆန့်ကျင်ရေးမှာ မဟာမိတ်ဖြစ်လာနိုင်သူမှန်သမျှနှင့်လည်း စည်းလုံးရမည်၊ ပြည်သူအပေါင်းတို့ကို ခွန်အားရှိသူကခွန်အားဖြင့်၊ ကြေးငွေရှိသူက ကြေးငွေဖြင့်၊ လက်နက်ရှိသူက လက်နက်ဖြင့်၊ အတတ်ပညာရှိသူက အတတ်ပညာဖြင့် ပါဝင်ဆောင်ရွက်စေလျက်၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသောတရုပ်အမျိုးသားတိုင်း တယောက်မကျန် ဂျပန်ဆန့်ကျင်ရေးစစ်မျက်နှာထဲ ပါဝင်နိုင်စေရမည်ဖြစ်၏။ ဤသည်ကား ပါတီ၏ အကျယ်ပြန့်ဆုံးသော အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုနှင့် ပတ်သက်သည့် နည်းပရိယာယ်ဆိုင်ရာအထွေထွေလမ်းစဉ်ပင်ဖြစ်သည်။ ၎င်းလမ်းစဉ်အတိုင်းလိုက်နာဆောင်ရွက်မှသာလျှင် ပြည်သူတရပ်လုံး၏ ဘုံရန်သူဂျပန်နယ်ချဲ့နှင့် နိုင်ငံရောင်းစားသူချန်ကေရှိတ်ကို ရင်ဆိုင်ရန် ပြည်သူအပေါင်းတို့၏ အင်အားများကို စိုင်းပြင်းလှုံ့ဆော်နိုင်မည်ဖြစ်၏။ တရုပ်အလုပ်သမားလူတန်းစားနှင့် လယ်သမားတို့သည် တရုပ်ပြည်တော်လှန်ရေး၏ အခြေခံတွန်းအားဖြစ်မြဲဖြစ်၏။ များစွာသော ဓနရှင်ပေါက်စလူထုနှင့် တော်လှန်သော ပညာတတ်တို့သည်အမျိုးသားတော်လှန်ရေးဆင်နွှဲရာတွင် အားအထားရဆုံးသော မဟာ

မိတ်များဖြစ်၏။ အလုပ်သမားလယ်သမား ဓနရှင်ပေါက်စလူတန်းစားတို့၏ ခိုင်မြဲသောမဟာမိတ်ဖွဲ့မှုသည် ဂျပန်နယ်ချဲ့သမားနှင့် နိုင်ငံရောင်းစားသူမျိုးဖျက်များကို အနိုင်တိုက်ရေးတွင် အခြေခံအင်အားဖြစ်၏။ တစိတ်တပိုင်းသော အမျိုးသား ဓနရှင်လူတန်းစားနှင့် စစ်ဘုရင်တို့သည် မြေယာတော်လှန်ရေးနှင့် အာဏာနိုကို ဘယ်လိုပင် သဘောမကျစေကာမူ၊ ဂျပန်နယ်ချဲ့သမားနှင့် နိုင်ငံရောင်းစားသူမျိုးဖျက်တို့ကို ဆန့်ကျင်သည့် တိုက်ပွဲနှင့်ပတ်သက်ပြီး စာနာခြင်း၊ သို့မဟုတ်စိတ်သဘောထားသန့်သန့်ဖြင့်ကြားနေခြင်း၊ သို့မဟုတ်ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းပြုလျှင်၊ ဂျပန်ဆန့်ကျင်ရေးတပ်ပေါင်းစုကြီးခိုင်မှုအတွက်အကျိုးရှိသည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ဖြစ်လျှင်ထိုသူတို့ကိုတန်ပြန်တော်လှန်ရေးအင်အားတရပ်လုံးနှင့် ကွဲကွာစေပြီး တော်လှန်ရေးအင်အားတရပ်လုံးကိုတိုးပွါးစေခြင်းကြောင့်ဖြစ်၏။ ယင်းရည်မှန်းချက် အောင်မြင်ရန်အတွက်၊ ပါတီသည်သင့်လျော်သော နည်းလမ်းအမျိုးမျိုး သဏ္ဍာန်အဖုံဖုံတို့ဖြင့်၊ ၎င်းအင်အားများကို ဂျပန်ဆန့်ကျင်ရေးတပ်ပေါင်းစုထဲသို့ ပါဝင်လာအောင်ကြိုးစားအားထုတ်သင့်သည်။ ထိုမျှမက မြေရှင်နှင့်လက်ဝေခံလူတန်းစားများအတွင်း၌လည်း လုံးဝတစည်းတလုံးတည်း ရှိကြသည်မဟုတ်၊ တရုပ်ပြည်ကိုယခင်ကနယ်ချဲ့သမားများစွာ အပြိုင်အဆိုင်လုယက်ခဲ့ကြသောကြောင့် နယ်ချဲ့သမားအသီးသီး၏ လက်ကိုင်တုတ်များဖြစ်သော နိုင်ငံရောင်းစားသူအုပ်စုများပေါ် ပေါက်ခဲ့သည်။ သူတို့အတွင်း၌ ပဋိပက္ခများအတိုက်အခံဖြစ်မှုများရှိနေရာ၊ တချို့တန်ပြန်တော်လှန်ရေးအင်အားများကို ယာယီပင်ဖြစ်စေဂျပန်ဆန့်ကျင်ရေးတပ်ပေါင်းစုကို ထက်ထက်ကြွကြွမဆန့်ကျင်အောင်နည်းအမျိုးမျိုးဖြင့် လုပ်ရမည်။ ဂျပန်နယ်ချဲ့သမားမှလွဲ၍ တခြားနယ်ချဲ့သမားများနှင့် ပတ်သက်လျှင်



လည်းဤနည်းပရိယာယ်ကို ကျင့်သုံးရမည်။ ပါတီသည် တရုပ်ပြည်သူအပေါင်းတို့၏ အင်အားများကို လှုံ့ဆော်စည်းလုံးဖွဲ့စည်းလျက်၊ ဘုံရန်သူကို ဆန့်ကျင်တိုက်ခိုက်ရာတွင်၊ ဂျပန်ခုခံရေးညီညွတ်ရေးတပ်ပေါင်းစုအတွင်းရှိတွေဝေယိမ်းယိုင်သော၊ စေ့စပ်ပြေငြိမ်းလိုသော၊ အညံ့ခံအရှုံးပေးလိုသော၊ သစ္စာဖောက်လိုသော သွေဖီမှုမှန်သမျှကို အနည်းငယ်မျှမယိမ်းယိုင်ဘဲပြတ်ပြတ်သားသားတိုက်ပွဲဆင်ရမည်။ တရုပ်ပြည်သူတို့၏ ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှုကို ဖျက်လိုဖျက်ဆီးလုပ်သူမှန်သမျှသည် နိုင်ငံရောင်းစားသူမျိုးဖျက်များဖြစ်ကြရာ၊ ၎င်းတို့ကိုအားလုံးက ဝိုင်းတိုက်ရမည်။ ကွန်မြူနစ်ပါတီသည် မိမိ၏ ပြတ်သားမှန်ကန်သော ဂျပန်ဆန့်ကျင်ရေး နိုင်ငံရောင်းစားသူမျိုးဖျက်ဆန့်ကျင်ရေးပြောဆိုရေးသားချက်များ လုပ်ကိုင်ဆောင်ရွက်ခြင်းများဖြင့် ဂျပန်ဆန့်ကျင်ရေးတပ်ပေါင်းစုအတွင်း မိမိ၏ခေါင်းဆောင်မှုကိုအရယူရမည်။ ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှုရှိမှသာလျှင်၊ ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှု လုံးဝအောင်မြင်နိုင်မည်။ ဂျပန်ဆန့်ကျင်ရေးစစ်အတွင်းရှိ များစွာသော ပြည်သူလူထုနှင့်ပတ်သက်၍၊ ၎င်းတို့၏အခြေခံအကျိုးစီးပွါးအတွက် လိုလားတောင်းဆိုချက်များ (တောင်သူလယ်သမားတို့၏ လယ်မြေပိုင်ဆိုင်ရေးတောင်းဆိုချက်၊ အလုပ်သမား၊ စစ်သား၊ ဆင်းရဲသား၊ ပညာတတ်စသူတို့၏စားဝတ်နေမှုကောင်းမွန်အောင် ပြုပြင်ရေးတောင်းဆိုချက်များ) ကိုဖြည့်စစေရမည်။ သို့မှသာလျှင်ပိုမိုများပြားသောလူထုအား ဂျပန်ဆန့်ကျင်ရေးစစ်ထဲသို့ပါဝင်လာအောင် လှုံ့ဆော်နိုင်မည်၊ ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှုကိုရေရှည်ဆင်နွှဲနိုင်မည်၊ နောက်ဆုံးအောင်ပွဲရနိုင်မည်ဖြစ်၏။ သို့မှသာ၊ ဂျပန်ဆန့်ကျင်ရေးစစ်အတွင်း ပါတီ၏ခေါင်းဆောင်မှုကို အရယူနိုင်မည်ဖြစ်၏။" «ဂျပန်နယ်ချဲ့သမားကိုဆန့်ကျင်တိုက်ခိုက်ရေးနည်းပရိယာယ်» ဟူသည့် ဆောင်းပါးကိုကြည့်ပါ။

၄။ စစ်ရပ်စဲ၍ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပြီး ဂျပန်အား တက်ညီလက်ညီခုခံတိုက်ခိုက်ရန်နန့်ကင်းအစိုးရထံသို့ ၁၉၃၆ ခုနှစ် မေလ ၅ ရက်နေ့က ပေးပို့သောတပ်နီတော်၏ကြေးနန်းစာမှကိုးကားထားသည်။ ၎င်းကြေးနန်းစာမှာ အောက်ပါအတိုင်းဖြစ်၏။ "နန့်ကင်းအမျိုးသားအစိုးရစစ်ကောင်စီ၊ ကြည်း - ရေး - လေတပ်အားလုံး၊ နိုင်ငံတဝှမ်းလုံးရှိပါတီအသီးသီး၊ ဂိုဏ်းအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ သတင်းစာတိုက်အသီးသီးနှင့်သူ့ ကျွန်မဖြစ်လိုသောမွေးချင်းပေါက်ဖေါ်အပေါင်းတို့၊ တရုပ်တပ်နီတော်၏ တော်လှန်ရေးစစ်ကော်မစ်ရှင်က တရုပ်ပြည်သူ့ တပ်နီတော်ဂျပန်ခုခံရေးတပ်ဦးကိုဖွဲ့စည်းလျက် မြစ်ဝါမြစ်ကိုဖြတ်ကူးပြီး အရှေ့ဘက်သွားသို့ချီတက်တိုက်ခိုက်ခဲ့သည်မှစ၍ ပွဲတိုင်းအောင်နိုင်ခဲ့သဖြင့်၊ နိုင်ငံတဝှမ်းလုံး၏ ထောက်ခံအားပေးမှုကို ရရှိခဲ့သည်။ သို့ရာတွင် တာ့ထုန် - ပူကျိုးမီးရထားလမ်းကို ဂျပန်ခုခံရေးတပ်ဦးကသိမ်းပိုက်ပြီး အရှေ့ဘက်သို့ ဟိုပေပြည်နယ်အရောက်ချီတက်ကာ ဂျပန်နယ်ချဲ့သမားနှင့်ရင်ဆိုင်တိုက်ခိုက်ရန်တက်တက်ကြွကြွပြင်ဆင်နေဆဲတွင်၊ ချန်ကေရှိတ်သည်တပ်မကြီးဆယ်ခုကျော်ကျော်ရှိသော စစ်တပ်အင်အားဖြင့် ရှန်းရှီးပြည်နယ်သို့ဝင်ရောက်ကာ၊ ဂျပန်ကိုသွားရောက်ခုခံတိုက်ခိုက်မည့် တပ်နီတော်၏ချီတက်ရာလမ်းကို ယင်ရှီရှန်းနှင့်ပူးပေါင်း၍ပိတ်ဆို့တားဆီးခဲ့၏။ ကျန်းရွှေလျန်၊ ယန်ဟူချိန်ဆိုသူတို့နှင့် ရှန်ရှီးမြောက်ပိုင်းတပ်တို့အားလည်းရှန်ရှီး၊ ကန်းစုပြည်နယ်များရှိ ဒေသနီသို့ချီတက်၍ ကျုပ်တို့၏ ဂျပန်ခုခံတိုက်ခိုက်ရေးနောက်ပိုင်းဒေသများကိုဝင်ရောက်နှောက်ယှက်ရန်အမိန့်ပေးခဲ့၏။ တရုပ်ပြည်သူ့ တပ်နီတော် ဂျပန်ခုခံရေးတပ်ဦးသည် ဂျပန်ကိုရင်ဆိုင်တိုက်ခိုက်ရေးဟူသောရည်ရွယ်ချက် ဖြစ်မြောက်စေရန်၊ ယင်းသို့ပိတ်ဆို့တားဆီးနေသော ချန်ကေရှိတ်တပ်များအား မိမိတွင်ရှိသမျှတပ်အင်အားအလုံး



အရင်းဖြင့် တိုက်ခိုက်ချေမှုန်းပစ်သင့်သည်။ သို့ရာတွင် တပ်နီတော်၏ တော်လှန်ရေးစစ်ကော်မစ်ရှင်အနေဖြင့် အမြန်ပြန်အလှန်လှန် စဉ်းစားဆင်ခြင်ကာ အမိနိုင်ငံတော်ကြီးဘေးအန္တရာယ်နှင့် ကြုံတွေ့နေရချိန်တွင် တဖက်နှင့်တဖက် ယတိပြတ်စစ်တိုက်ကြပါက၊ ဘယ်သူပင်နိုင်နိုင်တရုပ်ပြည်၏ နိုင်ငံတော်ကာကွယ်ရေးအင်အားကိုသာ ဆုံးရှုံးပျက်ပြားစေရမည်ဖြစ်၍၊ ဂျပန်နယ်ချဲ့သမားအဖို့သာဝမ်းမြောက်စရာဖြစ်စေသည်ဟု ယူဆသည်။ ထို့ပြင်ချန်ကေရှိတ်နှင့်ယင်ရှီရှန်းတို့တပ်ထဲတွင် ပြည်တွင်းစစ်ရပ်စဲကာ ဂျပန်အားတက်ညီလက်ညီခုခံတိုက်ခိုက်လိုသော နိုင်ငံချစ်မြတ်နိုးသည့် စစ်သည်တော်များမနည်းလှပေ။ ၎င်းတို့အနေဖြင့် ယခုအခါချန်ကေရှိတ်နှင့် ယင်ရှီရှန်းတို့၏ အမိန့်ကိုနာခံလျက် တပ်နီတော်၏ဂျပန်ခုခံတိုက်ခိုက်ရေးချီတက်ရာလမ်းကို ပိတ်ဆို့ဟန့်တားရခြင်းမှာလည်း၊ မိမိတို့၏စိတ်ရင်းသဘောနှင့်ဆန့်ကျင်၍ လုပ်ဆောင်ရခြင်းသာဖြစ်သည်။ ထို့ကြောင့် တပ်နီတော်၏ တော်လှန်ရေးစစ်ကော်မစ်ရှင်သည် နိုင်ငံကာကွယ်ရေးအစိုင်းအမာအင်အားများကို ထိန်းသိမ်းပြီး ဂျပန်ခုခံရေးစစ်ပြန်မြန်ဆင်နွှဲရန်၊ ပြည်သူအပေါင်းတို့အား ကျုပ်တို့အကြိမ်ကြိမ်ကြေညာခဲ့သည့်ပြည်တွင်းစစ်ရပ်စဲရေး တညီတညွတ်တည်းဂျပန်ခုခံရေး ဟူသောတိုက်တွန်းချက်ကိုကြံ့ကြံ့ခိုင်လိုက်ဆောင်ရွက်ရန်၊ ချန်ကေရှိတ်နှင့်၎င်းလက်အောက်ရှိနိုင်ငံချစ်တပ်မတော်သားအပေါင်းတို့အား နောက်ဆုံးနိုးကြားလာအောင်စေ့ဆော်ရန်အတွက်၊ ရှန်းရှီးပြည်နယ်၌ ကျုပ်တို့အောင်ပွဲပေါင်းများစွာ ရရှိခဲ့သော်လည်း ဂျပန်ခုခံရေးပြည်သူ့ တပ်ဦးအားမြစ်ဝါမြစ်အနောက်ဖက်ကမ်းသို့ဆုတ်ခိုင်းခဲ့သည်။ ကျုပ်တို့သည်ဤသို့ပြုလုပ်ခြင်းဖြင့် နန့်ကင်းအစိုးရကိုရင်း၊ တနိုင်ငံလုံးရှိကြည်း - ရေ - လေတပ်များကိုရင်း၊ ပြည်သူအပေါင်းတို့ကိုရင်း၊ ကျုပ်တို့၏ဖြူစင်ရိုးသားသော သ

ဘောသလားကိုပေါ်ပြုကာ၊ ပြည်တွင်းစစ်ရပ်စဲရေး ဂျပန်ခုခံရေးရည်ရွယ်ချက်ဖြင့်၊ ဂျပန်အားခုခံနေသော ကျုပ်တို့တပ်နီတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်တပ်မှန်သမျှနှင့် တလအတွင်းစစ်ရပ်စဲရေးအတွက်ဆွေးနွေးရန်ဆန္ဒအပြည့်အဝရှိသည်၊ နိုင်ငံကျဆုံးမည့် အရေးနှင့်ကြုံတွေ့နေရသည့်အခါဝယ်၊ ချက်ခြင်းနောင်တ တရားရသင့်ကြောင်း၊ 'ညီနောင်ချင်းအိမ်တွင်း၌ မသင့်မမြတ်ဖြစ်နေသော်လည်း၊ ပြင်ပရန်ကို တစိတ်တဝမ်းတည်းခုခံသင့်၏' ဟူသောစိတ်ဓါတ်ဖြင့်၊ နိုင်ငံတဝှန်းလုံးဦးစွာအားဖြင့်ရှန်ဆီး၊ ကန်းစု၊ စန်းရှီးပြည်နယ်တို့တွင် ပြည်တွင်းစစ်ကို ရပ်စဲကာ၊ ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးအတွက် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများကို ဆွေးနွေးတိုင်ပင်ဖို့၊ နှစ်ဦးနှစ်ဖက်မှကိုယ်စားလှယ်များစေလွှတ်သင့်ကြောင်း နန်ကင်းအစိုးရလူကြီးမင်းတို့အား တပ်နီတော်၏ တော်လှန်ရေးစစ်ကော်မတီရှင်က အလေးအနက်တိုက်တွန်းလိုသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် တမျိုးသားလုံး တနိုင်ငံလုံးအတွက် မင်္ဂလာကြီးတရပ်ဖြစ်မည်သာမက လူကြီးမင်းတို့အတွက်လည်း ကောင်းကျိုးရှိပေမည်။ အကယ်၍သာတိချတ်ယွင်းဆင်ခြင်မှုကင်းကာ၊ နိုင်ငံရှောင်းစားသူမျိုးဖျက်ဘဝနှင့်ပင်ကြေနပ်နေကြပါမူ၊ လူကြီးမင်းတို့၏ အုပ်စိုးမှုသည်နောက်ဆုံးတွင်ထိုးကျိုးစည်ပေါက်ဖြစ်လျက်၊ ပြည်သူအပေါင်းတို့၏တံတွေးခွက်တွင် ပက်လက်မျောကာအတွန်းလှန်အဖြိုဖျက်ခံရမှာသေချာသည်။ 'လက်ညှိုးတထောင် ဝိုင်းထိုးက မဖျားဘဲ သေနိုင်၏' ဟူ၍၎င်း၊ 'လူသတ်ဓါးကိုစွန့်ကချက်ခြင်းဘုရားဖြစ်နိုင်၏' ဟူ၍၎င်း ဆိုရိုးစကားပုံရှိခဲ့သည့်အတိုင်း၊ လူကြီးမင်းတို့ အလေးအနက်စဉ်းစားဆင်ခြင်ကြလိမ့်မည်ဟုမြော်လင့်ပါသည်။ စစ်ရပ်စဲ၍ငြိမ်းချမ်းဖို့စေ့စပ်ဆွေးနွေးရေး၊ ဂျပန်အား တက်ညီလက်ညီခုခံတိုက်ခိုက်ရေးဟူသော ကျုပ်တို့၏တိုက်တွန်း



ချက်ကိုထောက်ခံအားပေးကြပါရန်၊ ပြည်တွင်းစစ်ရပ်စဲအောင်ဖေ့ဆော်ရေးကော်မီတီများ ဖွဲ့စည်းကြပါရန်၊ ပြည်တွင်းစစ်မီးကို ငြိမ်းသတ်ဖို့နှစ်ဦးနှစ်ဖက်ကိုယ်စားလှယ်များစေလွှတ်ကြပါရန်၊ ၎င်းတိုက်တွန်းချက်လုံးဝအောင်မြင်အောင်ကြိုးကြပ်ပါရန်၊ သူ့ကျွန်မဖြစ်လိုသော တနိုင်ငံလုံးရှိအဖွဲ့အစည်းများ၊ ပါတီဂိုဏ်းများ၊ ပြည်သူများအားအားတပ်နီတော်၏တော်လှန်ရေးစစ်ကော်မတီရှင်က နှိုးဆော်လိုက်ပါသည်။”

၅။ «ချန်ကေရှိတ်၏ ကြေညာချက်နှင့်ပတ်သက်သည့်ကြေညာချက်» ရှင်းချက် ၇ ကိုကြည့်ပါ။

၆။ ၁၉၃၅ ခုနှစ် ဒီဇင်ဘာလ တရုပ်ပြည်ကွန်မြူနစ်ပါတီဗဟိုပေါ်လစ်ဗျူရို အစည်းအဝေးမှအတည်ပြုခဲ့သော «မျက်မှောက်နိုင်ငံရေးအခြေအနေနှင့်ပါတီ၏ တာဝန်နှင့်ပတ်သက်သောဆုံးဖြတ်ချက်» နှင့်ရဲဘော်မော်စီတုန်း၏ «ဂျပန်နယ်ချဲ့သမားကိုဆန့်ကျင်တိုက်ခိုက်ရေးနည်းပရိယာယ်» ဟူသောအစီရင်ခံစာထဲ၌ ပြည်သူ့သမတနိုင်ငံ တည်ထောင်ရေးဟူသော ကြွေးကြော်သံကိုထုတ်ဖေါ် တင်ပြခဲ့၏။ ၎င်းနောက်တွင်အခြေအနေ၏လိုအပ်ချက်အရချန်ကေရှိတ်အား ဂျပန်ကိုခုခံတိုက်ခိုက်လာအောင်အကြပ်ကိုင်သောပေါ်လစီကိုပါတီကကျင့်သုံးခဲ့ရာ၊ ပြည်သူ့သမတနိုင်ငံတည်ထောင်ရေးဟူသောကြွေးကြော်သံကို ချန်ကေရှိတ်အုပ်စုက လက်ခံလိမ့်မည် မဟုတ်ကြောင်းသိသဖြင့်၊ ၁၉၃၆ ခုနှစ် ဩဂုတ်လတွင်ကိုမင်တန်ထံသို့ပေးပို့သောစာ၌ ဒီမိုကရေစီသမတနိုင်ငံ တည်ထောင်ရေးဟူသော ကြွေးကြော်သံအဖြစ် ပြောင်းလဲခဲ့သည်။ ပြီးလျှင်၊ ထိုနှစ်စက်တင်ဘာလ၌ပါတီဗဟိုမှချမှတ်ခဲ့သော «ဂျပန်ခုခံရေး နိုင်ငံကယ်တင်ရေးလှုပ်ရှားမှု၏အခြေအနေသစ်နှင့် ဒီမိုကရေစီသမတနိုင်ငံတည်ထောင်ရေးဆုံးဖြတ်ချက်» ထဲတွင်၊ ဒီမိုကရေစီသမတနိုင်ငံ တည်ထောင်ရေးကြွေးကြော်သံနှင့် ပတ်

သက်ရှိထိထိကျကျရှင်းပြထား၏။ ၎င်းကြွေးကြော်သံနှစ်ခုသည်အသွင်အားဖြင့်မတူသော်လည်း၊ အနှစ်သာရအားဖြင့် တူသည်။ ၁၉၃၆ ခုနှစ်စက်တင်ဘာလပါတီဗဟိုဆုံးဖြတ်ချက်တွင်ပါသည့် ဒီမိုကရေစီသမတနိုင်ငံတည်ထောင်ရေးပြဿနာနှင့်ပတ်သက်သော စာပိုဒ်နှစ်ပိုဒ်မှာအောက်ပါအတိုင်းဖြစ်သည်။ "မျက်မှောက်အခြေအနေတွင် ဒီမိုကရေစီသမတနိုင်ငံတည်ထောင်ရေးကြွေးကြော်သံကို ထုတ်ဖော် တင်ပြရန်လိုအပ်သည်ဟုပါတီဗဟိုကယူဆသည်။ အဘယ်ကြောင့်ဆိုသော်၊ ဂျပန်ခုခံရေးအင်အားမှန်သမျှကို စည်းလုံးလျက်၊ တရုပ်ပြည်ပိုင်နက်နယ်မြေပြည့်စုံမှုကိုအာမခံရေး၊ တရုပ်ပြည်သူလူထုအား နိုင်ငံကျဆုံး၍မျိုးပြုတ်မည့်အန္တရာယ်မှကြိုတင်ကာကွယ်ပေးရေးတို့အတွက် ဆောင်ရွက်ရာတွင်၊ ဤနည်းသည်အကောင်းဆုံးနည်းဖြစ်သောကြောင့်တည်း။ ထို့ပြင်၎င်းသည်ပြည်သူလူထုကြီး၏ဒီမိုကရေစီရေးတောင်းဆိုချက်မှပေါ်ပေါက်လာသည့် ညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းရေးအတွက် အသင့်လျော်ဆုံးသော ကြွေးကြော်သံလည်း ဖြစ်၏။ ဒီမိုကရေစီသမတနိုင်ငံသည် နယ်မြေတစိတ်တဒေသရှိအလုပ်သမားလယ်သမား ဒီမိုကရေစီအာဏာရှင်စနစ်နှင့်နှိုင်းစာလျှင် နယ်မြေအရပို၍ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနိုင်သည့်ဒီမိုကရေစီဖြစ်၏။ တနိုင်ငံလုံး၏ အဓိကနယ်မြေများတွင်ရှိသော ကိုမင်တန်၏တပါတီအာဏာရှင်စနစ်ထက်လည်းများစွာတိုးတက်သောနိုင်ငံရေးစနစ်ဖြစ်၏။ ထို့ကြောင့်ဂျပန်ခုခံရေးစစ်နှင့်ပတ်သက်သောအနှံ့ အပြားလှုံ့ ဆော်စည်းရုံးရေးနှင့်လုံးဝအောင်ပွဲရရေးတို့အတွက်ပိုမိုအာမခံချက်ရှိသည်။ တချိန်တည်းတွင်ဒီမိုကရေစီသမတနိုင်ငံသည်တနိုင်ငံလုံးမှအများဆုံးသောပြည်သူလူထုကိုနိုင်ငံရေးဘဝထဲသို့ပါဝင်လာအောင်ဆွဲဆောင်နိုင်လျက်၊ သူတို့၏နိုးကြားမှုအဆင့်အတန်းနှင့်စည်းရုံးရေးအင်အားကို မြှင့်တင်ဖြည့်စွမ်းပေးနိုင်ရုံမ



က၊ တရုပ်ပစ္စည်းမဲ့ လူတန်းစားနှင့် ၎င်း၏ခေါင်းဆောင်ကွန်မြူနစ်ပါတီအဖို့ နောင်ဆိုရှယ်လစ်စနစ်အောင်မြင်ရေးအတွက် တိုက်ပွဲဆင်ရာတွင်လွတ်လွတ်လပ်လပ်ပြုမူလုပ်ဆောင်နိုင်သော နယ်ပယ်တခုကိုလည်းဖန်တီးပေးနိုင်သေးသည်။ ထို့ကြောင့် ဒီမိုကရေစီသမတနိုင်ငံတည်ထောင်ရေးလှုပ်ရှားမှုကို တက်တက်ကြွကြွထောက်ခံအားပေးကြောင်း တရုပ်ပြည်ကွန်မြူနစ်ပါတီက ကြေညာလိုက်သည်။ ၎င်းအပြင် တရုပ်ပြည်ကို ဒီမိုကရေစီသမတနိုင်ငံအဖြစ် တည်ထောင်၍ အရွယ်ရောက်သူတိုင်းမဲပေးနိုင်သောရွေးကောက်ပွဲဖြင့် ပေါ်ပေါက်လာသည့် ပါလီမန်လွှတ်တော်ကိုခေါ် ဆိုကျင်းပသောအခါတွင်၊ ဒေသနီများသည် ၎င်းသမတနိုင်ငံ၏အစိတ်အပိုင်းတခုဖြစ်လာလိမ့်မည်၊ ဒေသနီမှ ပြည်သူလူထုကလွှတ်တော်သို့ တက်ရောက်ရန် မိမိတို့၏ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ကြမည်။ ဒေသနီများတွင်အလားတူဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဟူ၍လည်း ကြေညာလိုက်သည်" "ပါတီဗဟိုက အောက်ပါအတိုင်းအလေးအနက် ညွှန်ပြလိုက်သည်။ တရုပ်တနိုင်ငံလုံးရှိ ပြည်သူများပါဝင်သော ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေးလှုပ်ရှားမှုဆက်လက်ဆင်နွဲခြင်း၊ ပါတီအသီးသီး၊ ဂိုဏ်းအသီးသီး၊ လုပ်ငန်းအသီးသီး၊ စစ်တပ်အသီးသီးတို့၏ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို တိုးချဲ့ခြင်း၊ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုအတွင်း တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးခေါင်းဆောင်မှုကို အားသစ်သွန်းလောင်းပေးခြင်း၊ အာဏာသနီနှင့်တပ်နီတော်ကို အလွန်ခိုင်မြဲအောင်ပြုလုပ်ခြင်း၊ အချုပ်အချာအာဏာကိုစွန့်လွှတ်၍ နိုင်ငံကိုစော်ကားပြီး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုအင်အားကို ချည့်နဲ့စေသော ပြောဆိုလုပ်ကိုင်ချက်မှန်သမျှကိုပြတ်ပြတ်သားသားတိုက်ခိုက်ခြင်းများပြုမှသာ ကျနော်တို့သည် ကို

မင်ထန်နန်ကင်းအစိုးရကို ဂျပန်ခုခံရေးလမ်းကြောင်းပေါ်သို့ရောက်အော ဆောင် ဆွဲဆောင်နိုင်မည်၊ ဒီမိုကရေစီသမတနိုင်ငံ ပေါ်ပေါက်လာရေး အတွက်ရှေးဦးလိုအပ်ချက်များကိုဖန်တီးပေးနိုင်မည်ဖြစ်၏။ အပေါ်မှ ရှိရေရှည်တိုက်ပွဲမဆင်ပါက၊ တနိုင်ငံလုံးရှိပြည်သူများအားထွေ့ဆော်၍ တော်လှန်ရေးဒီရေတက်လာအောင် မလုပ်ပါက၊ ဒီမိုကရေစီသမတနိုင်ငံ သည် အကောင်အထည်ပေါ်လာနိုင်မည်မဟုတ်ချေ။ တရုပ်ပြည်ကွန်မြူ နစ်ပါတီသည် ဒီမိုကရေစီသမတနိုင်ငံ တည်ထောင်ရေးအတွက် တိုက်ပွဲ ဆင်ရာတွင်၊ မိမိတို့ပါတီမှတင်ပြခဲ့သော ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေး လုပ်ငန်းစဉ်ကြီးဆယ်ရပ်မှ အစပြုကာ တရုပ်ဝန်ရှင်ဒီမိုကရေစီတော်လှန် ရေးအခြေခံတာဝန်များ လုံးဝပြီးဆုံးသည်အထိဆောင်ရွက်ရမည်ဟုဝင်း ဒီမိုကရေစီသမတနိုင်ငံအားတာဝန်ပေးရမည်။”

၇။ ရင်းကြေးနန်းစာကို ၁၉၃၇ ခုနှစ်ဖေဖေါ်ဝါရီလ ၁၀ ရက်နေ့တွင် ပေးပို့ ခဲ့၏။ ကြေးနန်းစာမှာအောက်ပါအတိုင်းဖြစ်သည်။ “တရုပ်ပြည်ကိုမင် တန်ဗဟိုအမှုဆောင်ကော်မီတီတတိယစုံညီအစည်းအဝေးသို့ ထက်ရောက် ကြသောလူကြီးမင်းအပေါင်းတို့ခင်ဗျား။ ရှီအန်းအရေးအခင်းကိုငြိမ်း ချမ်းစွာဖြေရှင်းနိုင်ခဲ့သောကြောင့်၊ နိုင်ငံနှင့်အဝန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ဤအချိန်မှစ၍ ပြည်တွင်းငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တစည်းတလုံးတည်းရှိရေး၊ ပြည်ပကျူးကျော်စော်ကားမှုခုခံတိုက်ခိုက် ရေးဟူသောလမ်းညွှန်ချက်မှာ အကောင်အထည်ပေါ်တော့မည်ဖြစ်ရာ၊ နိုင်ငံနှင့်အမျိုးသားအတွက် မင်္ဂလာကြီးတရပ်ဖြစ်ပေသည်။ ဂျပန်မိစ္ဆာ ကောင်တို့အရှူးအမူးကျူးကျော်နေရာ၊ တရုပ်တမျိုးသားလုံးသေရေး ရှင်ရေးပြဿနာနှင့်ရင်ဆိုင်နေရချိန်ဝယ်၊ လူကြီးမင်းတို့ ပါတီ၏ဗဟိုအ မှုဆောင်ကော်မီတီစုံညီအစည်းအဝေးသည် အောက်ပါလမ်းညွှန်ချက်ကို



အခြေပြုလျက် အောက်ပါအချက်များကို တိုင်းပြုပြည်ပြုလမ်းစဉ်ကြီးအ ဖြစ်သတ်မှတ်လိမ့်မည်ဟု ကျုပ်တို့ပါတီက အလေးအနက် မြော်လင့်ပါ သည်။ (၁) ပြည်တွင်းစစ်မှန်သမျှကိုရပ်စဲ၍ နိုင်ငံ့အင်အားကိုစုရုံးကာ ပြည်ပရန်သူကိုတညီတညွတ်တည်းခုခံတိုက်ခိုက်ရန်။ (၂) လွတ်လပ်စွာ ပြောဆိုခွင့်၊လွတ်လပ်စွာစည်းဝေးခွင့်၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်း ခွင့်များပေး၍နိုင်ငံရေးအကျဉ်းသမားအားလုံးကို လွှတ်ရန်။ (၃) ပါတီ အသီးသီး၊ဂိုဏ်းအသီးသီး၊လုပ်ငန်းအသီးသီး၊ စစ်တပ်အသီးသီးတို့၏ကိုယ် စားလှယ်အစည်းအဝေးများခေါ်ဆိုကျင်းပလျက်၊ တနိုင်ငံလုံးမှ အရည် အချင်းရှိသူမှန်သမျှကို စုရုံးပြီး၊ အားလုံးဝိုင်းဝန်း၍ နိုင်ငံကိုကယ်တင်ကြ ရန်။ (၄) ဂျပန်ခုခံရေးစစ်အတွက်ပြင်ဆင်ရေးလုပ်ငန်းအားလုံးကို အ လျင်အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်။ (၅) ပြည်သူတို့၏ စားဝတ်နေ ရေးကောင်းမွန်လာအောင်ပြုပြင်ပေးရန်တို့ဖြစ်သည်။ လူကြီးမင်းတို့ပါ တီ၏ ဗဟိုအမှုဆောင်ကော်မီတီတတိယစုံညီအစည်းအဝေးက ၎င်းတိုင်း ပြုပြည်ပြုလမ်းစဉ်ကြီးကို ပြတ်ပြတ်သားသားချမှတ်နိုင်ခဲ့သော်၊ ကျုပ်တို့ ပါတီက စည်းလုံးညီညွတ်စွာ ရန်သူအားခုခံတိုက်ခိုက်လိုသည့်ရိုးစင်သော ဆန္ဒရှိကြောင်းပြသည့်အနေဖြင့်၊ လူကြီးမင်းတို့ပါတီ၏ ဗဟိုအမှုဆောင် ကော်မီတီတတိယစုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကတိပေးလို ပါသည်။ (၁) အမျိုးသားအစိုးရကို တွန်းလှန်ရန် ရည်သန်သော လက်နက်ကိုင်ပုန်ကန်ထကြွရေးလမ်းစဉ်ကိုနိုင်ငံတဝန်း လုံးတွင်ရပ်စဲမည်။ (၂) အလုပ်သမားလယ်သမားဒီမိုကရေစီအစိုးရကိုတရုပ်သမတနိုင်ငံ အ ထူးဒေသအစိုးရအဖြစ်၊ တပ်နီတော်ကို အမျိုးသားတော်လှန်ရေး တပ်မ တော်အဖြစ်အမည်ပြောင်းလျက်၊ နန်ကင်းဗဟိုအစိုးရနှင့် စစ်ကောင်စီ၏ ညွှန်ကြားမှုကိုတိုက်ရိုက်နာခံမည်။ (၃) အထူးဒေသအစိုးရအုပ်ချုပ်

သောနယ်ပယ်များတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည့်ဝသည့်ဒီမိုကရေစီစနစ်ကိုကျင့်သုံးမည်။ (၄) မြေရှင်ပိုင်မြေများသိမ်းယူသောပေါ်လစီကိုရပ်စဲ၍ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု၏ အမျိုးဆိုင်ရာလုပ်ငန်းစဉ်ကို ပြတ်ပြတ်သားသား ဆောင်ရွက်သွားမည်" ဖြစ်သည်။

၈။ ၁၉၃၆ ခုနှစ် နိုဝင်ဘာလမှဒီဇင်ဘာလအထိ၊ ရှန်ဟဲမြို့ ဂျပန်ပိုင်ချည်စက်နှင့် တရုပ်ပိုင်ချည်စက် စုစုပေါင်း ၂၆ ရုံမှ အလုပ်သမား ၄ သောင်း ၅ ထောင်ကျော်တို့သည် သပိတ်တိုက်ပွဲကြီးဆင်နွှဲခဲ့ကြသည်။ ဒီဇင်ဘာလတွင် ချင်းတောင်မြို့ဂျပန်ပိုင် ချည်ငင်စက်ရုံအသီးသီးမှ အလုပ်သမားအားလုံးသည်လည်း ရှန်ဟဲအလုပ်သမားများကို ထောက်ခံသည့်အနေဖြင့်သပိတ်မှောက်ခဲ့ကြ၏။ ရှန်ဟဲအလုပ်သမားများသည်သပိတ်တိုက်ပွဲ၌အနိုင်ရခဲ့သဖြင့်၊ နိုဝင်ဘာမှစ၍ လုပ်ခ ၅ ရာခိုင်နှုန်းပိုရခဲ့ကြ၏။ စက်ရုံအာဏာပိုင်တို့ကအလုပ်သမားများကို အကြောင်းမဲ့အလုပ်ဖြုတ်ပစ်ခြင်း၊ အလုပ်သမားများကို ရိုက်နှက်ဆဲဆိုခြင်း မပြုရတော့ချေ။ ချင်းတောင်အလုပ်သမားများမှာမူ ဂျပန်ကမ်းတက်ရေတပ်၏ နှိပ်ကွပ်မှုကိုခံခဲ့ကြရလေသည်။

၉။ ၁၉၃၃ ခုနှစ်တွင် ဂျပန်မိစ္ဆာကောင်တို့ ရှန်းဟိုင်ကွမ်းကိုကျူးကျော်သိမ်းပိုက်ကာ တရုပ်ပြည်မြောက်ပိုင်းဒေသသို့ ချဉ်းနင်းဝင်ရောက်လာပြီးနောက်၊ အထူးသဖြင့် ၁၉၃၅ ခုနှစ် «ဟိုယင့်ချင်း - အူမေဇူ သဘောတူစာချုပ်» ကိုချုပ်ဆိုပြီးနောက်၌တရုပ်ပြည်မြောက်ပိုင်းနှင့်အလယ်ပိုင်းရှိ အင်္ဂလိပ်နှင့်အမေရိကန်နယ်ချဲ့သမားတို့၏ အကျိုးစီးပွါးများမှာဂျပန်နယ်ချဲ့သမား၏ တိုက်ခိုက်ဖျက်ဆီးမှုခံရသဖြင့်၊ ဂျပန်အပေါ် အင်္ဂလိပ်နှင့်အမေရိကန်တို့စတင်၍သဘောထားပြောင်းလဲလာကြ၏။ ထို့ပြင် ချန်ကေ



ရှိတ်အစိုးရ၏ ဂျပန်နှင့်ပတ်သက်သောပေါ်လစီကိုလည်း ဂယက်ရိုက်ခဲ့လေသည်။ ၁၉၃၆ ခုနှစ်ရှီးအန်းအရေးအခင်းဖြစ်ချိန်တွင်၊ အင်္ဂလိပ်သည် တရုပ်ပြည်ရှိ ၎င်း၏အကျိုးစီးပွါးကို ထိခိုက်စေသော ဂျပန်တို့၏တောင်းဆိုချက်ကိုငြင်းပယ်ရန်ရပ်ခံပြောဆိုခဲ့ရုံမက၊ တရုပ်ပြည်သူတို့ကို ချန်ကေရှိတ်အစိုးရကသာ ဆက်လက်အုပ်စိုးနိုင်ပါလျှင်၊ ဂျပန်တို့၏ကျူးကျော်ရေးပေါ်လစီကိုတိုက်ဖျက်ပစ်ရန်အတွက် "ကွန်မြူနစ်ပါတီနှင့်တစုံတရာသောအသွင်ဖြင့်ပူးပေါင်းမှု" ကိုခွင့်ပြုနိုင်သည်ဟူ၍ပင်ဆိုခဲ့သည်။

၁၀။ ကွမ်ရှီးပြည်နယ် စစ်ဘုရင်လီစုန်ဇင်နှင့်ပိုင်ချုန်ရှိ၊ ကွမ်တုန်းပြည်နယ် စစ်ဘုရင်ချင်ကျိတန်တို့သည် ၁၉၃၆ ခုနှစ်ဇွန်လတွင် "ဂျပန်ကိုခုခံကြနိုင်ငံကိုကယ်တင်ကြ" ဆိုသည့်ကြွေးကြော်သံကို ဘန်းပြလျက်၊ သူတို့ချင်းပူးပေါင်း၍ချန်ကေရှိတ်ကို ဆန့်ကျင်ခဲ့ကြ၏။ ၎င်းနှစ်ဩဂုတ်လတွင်ယင်းအရေးအခင်းကိုချန်ကေရှိတ်ကသွေးခွဲ၍တနည်း မြှားယောင်း၍တဖုံ နည်းမျိုးစုံဖြင့်ဖြိုခွင်းပစ်လိုက်သည်။

၁၁။ ၁၉၃၆ ခုနှစ်ဩဂုတ်လတွင်စွေယွမ်ပြည်နယ်ကိုဂျပန်တပ်များနှင့်ရုပ်သေးတပ်များစတင်၍ကျူးကျော်ဝင်ရောက်လာ၏။ နိုဝင်ဘာလတွင်စွေယွမ်ပြည်နယ်၌ တပ်စွဲနေသော တရုပ်စစ်တပ်များက ခုခံတိုက်ခိုက်ကြရာ၊ ပြည်သူအပေါင်းတို့ကလည်း စွေယွမ်ပြည်နယ်အား ကူညီရန်လှုံ့ဆော်ခဲ့ကြသည်။

၁၂။ ၁၉၃၅ ခုနှစ် «ဟိုယင့်ချင်း - အူမေဇူ သဘောတူစာချုပ်» ချုပ်ပြီးနောက်၊ တရုပ်ပြည်သူတို့၏ဂျပန်ခုခံရေးလှုပ်ရှားမှုကြီး၏ဖိအားကြောင့် ၎င်းအင်္ဂလိပ်နှင့်အမေရိကန်တို့က ဂျပန်အပေါ် တွင်ပို၍တင်းမာသောပေါ်လစီကိုကျင့်သုံးခဲ့သည့်ဂယက်ကြောင့်၎င်း နန်ကင်းကိုမင်တန်အစိုးရသည် ဂျပန်တို့ကိုပို၍တင်းမာသောသဘောထားဖြင့် ဆက်ဆံခဲ့သည်။ ၁၉၃၆

ခုနှစ်စက်တင်ဘာလမှဒီဇင်ဘာလအထိ ကျင်းပသည့်စေ့စပ်ဆွေးနွေးပွဲများတွင်ကိုမင်တန်အစိုးရကအချိန်ဆွဲသဖြင့်ရင်းဆွေးနွေးပွဲသည် အကျိုးဖြစ်ထွန်းမှုမရှိရပ်စဲသွားရသည်။

၁၃။ ရှီးအန်းအရေးအခင်းကို ငြိမ်းချမ်းစွာ ဖြေရှင်းပြီးနောက်၊ ၁၉၃၇ ခုနှစ်ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင်ကိုမင်တန်ပါတီဗဟိုကနန်ကင်းမြို့၌ကျင်းပခဲ့သောအစည်းအဝေးတခုကိုဆိုလိုသည်။

၁၄။ အာကျူဆိုသူမှာကြီးမြတ်သော တရုပ်စာရေးဆရာကြီးလူရှင်၏ «အာကျူအတ္တုပ္ပတ္တိမှန်» ခေါ် နာပည်ကျော်ဝတ္ထုစာအုပ်မှ ဇာတ်ဆောင်ဖြစ်သည်။ ဘယ်လိုပင်ဆိုးဝါးသည့်အခြေသို့ထိုက်ရောက်သည်ဖြစ်စေ ကိုယ့်ကိုယ်ကို နှစ်သိမ့်သောနည်းဖြင့် ကိုယ့်ကိုယ်ကိုအနိုင်ရသူအဖြစ်အမြဲတမ်းထင်မှတ်သူများ(ဝါ) "စိတ်ဓါတ်အရအနိုင်ရ" သူများကိုဝေဖင်လောက်သည့်ဤဇာတ်ကောင်ဖြင့်သရုပ်ဖေါ် ထားသည်။

၁၅။ ဤတွင်ဆိုလိုသည့်ဒေါက်တာဆွန်ယက်ဆင်၏ "ဇန်မင်ဝါဒ" မှာ၊ သူတင်ပြခဲ့သောအမျိုးသားရေး၊ ပြည်သူ့အခွင့်အရေး၊ ပြည်သူ့သက်သာချောင်ချိရေးဟူသော ပြဿနာသုံးရပ်နှင့်ပတ်သက်သည့် မူနှင့်လုပ်ငန်းစဉ်ကိုဆိုလိုသည်။ သူ၏ကမ္ဘာ့အမြင်သို့မဟုတ်သဘောတရား အစဆောက်အအုံကိုမဆိုလို။ ကွန်မြူနစ်တို့သည် ဒီမိုကရေစီ တော်လှန်ရေးအဆင့်တွင်ဆွန်ယက်ဆင်၏လုပ်ငန်းစဉ်ထဲမှအခြေခံအပိုင်းများကို သဘောတူသဖြင့် ၎င်းနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သို့ရာတွင် သူကိုယ်စားပြုသောဓနရှင်နှင့်ဓနရှင်ပေါက်စလူတန်းစားများ၏ ကမ္ဘာ့အမြင်နှင့်သဘောတရားအဆောက်အအုံကိုမူကား သဘောမတူချေ။ ကမ္ဘာ့အမြင်သို့မဟုတ်သဘောတရားအဆောက်အအုံအရရင်း၊ အမျိုးသားရေးပြဿနာ သို့မဟုတ် အခြားပြဿနာများနှင့် ပတ်သက်သော သဘောတရား



အမြင်အရရင်းဆိုရပါမူ၊ တရုပ်ပစ္စည်းမဲ့လူတန်းစား၏ တပ်ဦးဖြစ်သောကွန်မြူနစ်များသည်ဆွန်ယက်ဆင်နှင့်လုံးဝမတူချေ။ ရဲဘော် မော်စီတုန်းရေးသားသော «ဒီမိုကရေစီသစ်» ကိုဖတ်ပါ။

၁၆။ ၁၉၂၄ ခုနှစ်တွင် ကိုမင်တန်ပါတီကို ဆွန်ယက်ဆင်ကပြန်လည်ဖွဲ့စည်းပြီးသည့်နောက်၊ ၎င်းသည်လူတန်းစားအသီးသီးတို့၏ တော်လှန်ရေးမဟာမိတ်အဖွဲ့ဖြစ်ခဲ့၏။ ထိုစဉ်ကတရုပ်ကွန်မြူနစ်များသည် တဦးချင်းအနေဖြင့်ကိုမင်တန်ပါတီထဲပါဝင်ခဲ့ကြ၏။ ၁၉၂၇ ခုနှစ်တွင် ကိုမင်တန်သည်တော်လှန်ရေးကိုသစ္စာဖေါက်ပြီးသည့်နောက်၊ တနိုင်ငံလုံးရှိ ဒေသအသီးသီး၌ကွန်မြူနစ်များကိုရော၊ ကိုမင်တန်အတွင်းမှ ဆွန်ယက်ဆင်၏ပေါ်လစီကြီးသုံးရပ်ကို တကယ်ထောက်ခံကြသည့်လက်ဝဲသမားများကိုပါ သတ်ဖြတ်ခဲ့၏။ ၎င်းကိစ္စကို "ပါတီသန့်ရှင်းရေးလှုပ်ရှားမှု" ဟု ကိုမင်တန်ကခေါ်၏။ ထိုအချိန်ကစ၍ ကိုမင်တန်သည်မြေရှင်ကြီးနေရှင်ကြီးလူတန်းစားတို့၏တန်ပြန်တော်လှန်ရေးပါတီဖြစ်သွားလေသည်။

၁၇။ ၁၉၂၇ ခုနှစ်ပထမနှစ်ဝက်ပိုင်းကပါတီဗဟို၏ အချောင်ဝါဒခေါင်းဆောင်မှုကြောင့်ဖြစ်ပေါ် လာခဲ့သောအခြေအနေကိုဆိုလိုသည်။

# ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေး တပ်ပေါင်းစုထဲသို့သန်းပေါင်းများစွာသော လူထုကြီးပါဝင်လာအောင်ကြိုးစားကြ*

(၁၉၃၇ ခုနှစ် မေလ ၇ ရက်နေ့)

ရဲဘော်တို့၊ ≪ဂျပန်ခုခံရေးကာလတွင်တရုပ်ပြည်ကွန်မြူနစ်ပါတီ၏တာဝန်≫ ဆိုတဲ့ကျနော်ရဲ့အစီရင်ခံစာကို ဒီလေးငါးရက်အတွင်းဆွေးနွေးကြပြီးအများကသဘောတူကြတယ်၊ ရဲဘော်တယောက်တလေကဘဲမတူတဲ့ထင်မြင်ချက်များတင်ပြကြတယ်။ သူတို့ရဲ့အဲဒီထင်မြင်ချက်တွေဟာအတော်အရေးကြီးလို့ကျနော်ရဲ့နိဂုံးချုပ်မှာ အယင်ဆွေးနွေးသွားမယ်၊ ပြီးမှ တခြားပြဿနာတွေကို ဆွေးနွေးမယ်။

## ငြိမ်းချမ်းရေးပြဿနာ

ကျနော်တို့ပါတီဟာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုက်ပွဲဆင်ခဲ့တာ ၂ နှစ်နီးပါးရှိသွားပြီ။ ကိုမင်တန်ဗဟိုအမှုဆောင် ကော်မီတီတ

*ဤမိန့်ခွန်းမှာ ၁၉၃၇ ခုနှစ်မေလတွင်ကျင်းပသောတရုပ်ပြည်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ကွန်ဖရင့်၌ ရဲဘော်မော်စီတုန်းပြောကြားသည့်နိဂုံးချုပ်မိန့်ခွန်းဖြစ်သည်။

တိုယဖုံညီအစည်းအဝေးကျင်းပပြီးတဲ့နောက်၊ ငြိမ်းချမ်းရေး ရပြီဖြစ်ကြောင်း၊ "ငြိမ်းချမ်းရေးရအောင်ကြိုးပမ်း" တဲ့အဆင့်ဟာလွန်သွားပြီဖြစ်ကြောင်း၊ တာဝန်အသစ်ကတော့ "ငြိမ်းချမ်းရေးခိုင်မြဲ"အောင် လုပ်ဖို့ဖြစ်ကြောင်းကျနော်တို့ပြောခဲ့တယ်၊ ဒီတာဝန်သစ်ဟာ "ဒီမိုကရေစီရအောင်ကြိုးပမ်း" တာနဲ့ဆက်စပ်နေတယ်၊ ဆိုလိုတာကဒီမိုကရေစီရအောင်ကြိုးပမ်းတဲ့နည်းနဲ့ ငြိမ်းချမ်းရေးခိုင်မြဲအောင်လုပ်ရမယ်လို့လဲ ကျနော်တို့ညွှန်ပြခဲ့တယ်။ ဒါပေမဲ့ ရဲဘော်တချို့ကကျနော်တို့ထင်မြင်ချက်ဟာ အခြေအမြစ်မရှိဘူးလို့ ပြောကြတယ်။ သူတို့ရဲ့ကောက်ချက်ဟာကျနော်တို့နဲ့ပြောင်းပြန်ဖြစ်မှာ ဒါမှမဟုတ် ကောက်ချက်နှစ်မျိုးကြားမှာ ယိမ်းယိုင်နေမှာ သေချာတယ်။ ဘာကြောင့်လဲဆိုတော့ "ဂျပန်တွေနောက်ဆုတ်သွားပြီ"၊ နန်ကင်းဟာပျိုပြီးယိမ်းယိုင်လာပြီ၊ တရုတ်ဂျပန်အမျိုးသားနှစ်ခုရဲ့ပဋိပက္ခဟာ လျော့နည်းသွားပြီ၊ ပြည်တွင်းပဋိပက္ခဟာပြင်းထန်လာပြီ" လို့ဆိုကြလို့ဘဲ။ ဒီအကဲဖြတ်ချက်အရဆိုယင်၊ ဓမ္မတာဘဲအဆင့်သစ်နဲ့တာဝန်သစ်ရယ်လို့မရှိဘူး၊ အခြေအနေဟာအဆင့်ဟောင်းကိုပြန်ရောက်သွားပြီ၊ ဒါမှမဟုတ် အဆင့်ဟောင်းကိုတောင်မမှီဘူးလို့ဆိုရာကျတယ်။ ဒီထင်မြင်ချက်ဟာမမှန်ဘူးလို့ကျနော်ယူဆတယ်။

ငြိမ်းချမ်းရေးရပြီလို့ ကျနော်တို့ပြောတာဟာ ငြိမ်းချမ်းရေးခိုင်မြဲပြီလို့ဆိုလိုတာမဟုတ်ဘူး၊ ငြိမ်းချမ်းရေးဟာမခိုင်မြဲသေးဘူးလို့တောင်ကျနော်တို့ပြောခဲ့တယ်။ ငြိမ်းချမ်းရေး အကောင်အထည်ပေါ်အောင်လုပ်တာနဲ့ ငြိမ်းချမ်းရေးခိုင်မြဲအောင်လုပ်တာဟာ မတူတဲ့ကိစ္စနှစ်ရပ်



ဖြစ်တယ်။ သမိုင်းဟာ အခိုက်အတန့်အားဖြင့် နောက်ပြန်လှည့်သွားကောင်းသွားလိမ့်မယ်၊ ငြိမ်းချမ်းရေးဟာ အဆင်မပြေတာတွေနဲ့ကြုံရကောင်းကြုံရလိမ့်မယ်၊ အကြောင်းရင်းကတော့ ဂျပန်နယ်ချဲ့သမားတွေ၊ မျိုးဖျက်တွေနဲ့ ဂျပန်အလိုတော်ရိတွေရှိနေသေးလို့ဘဲ။ ဒါပေမဲ့ရှီးအန်းအရေးအခင်းဖြစ်ပွါးပြီးတဲ့နောက် ငြိမ်းချမ်းရေးအကောင်အထည်ပေါ်လာတာကတော့ တကယ်ဘဲ။ ဒီလိုပေါ်ပေါက်လာတာဟာအကြောင်းကြောင်းကြောင့်ဖြစ်တယ် (ဂျပန့်ရဲ့ ထိုးစစ်ဆင်ရေးအခြေခံပေါ်လာစီ၊ ဆိုဗီယက်နဲ့အင်္ဂလိပ်အမေရိကံပြင်သစ်တို့ကငြိမ်းချမ်းရေးကို ထောက်ခံခြင်း၊ တရုတ်ပြည်သူတို့ကအကြပ်ကိုင်ခြင်း၊ ရှီးအန်းအရေးအခင်းမှာကွန်မြူနစ်ပါတီရဲ့ ငြိမ်းချမ်းရေးပေါ်လစီနဲ့ စင်ပြိုင်အစိုးရနှစ်ခုရန်ဖက်ဖြစ်နေမှုကို ရပ်စဲရေးပေါ်လစီ၊ မနေရှင်လူတန်းစားရဲ့ကွဲပြဲမှု၊ ကိုမင်တန်ရဲ့ကွဲပြဲမှုအကြောင်းများကြောင့်ဖြစ်တယ်)။ ငြိမ်းချမ်းရေးကိုချန်ကေရှိတ်တယောက်တည်းဖန်တီးနိုင်တာမဟုတ်၊ ဖျက်ဆီးနိုင်တာလဲမဟုတ်။ ငြိမ်းချမ်းရေးကိုသူဖျက်ဆီးမယ်ကြံယင်၊ အဖက်ဖက်ကအင်အားစုတွေနဲ့ တိုက်ရလိမ့်မယ်၊ ဂျပန်နယ်ချဲ့နဲ့ဂျပန်အလိုတော်ရိတွေဖက်ကိုလဲကပ်သွားရလိမ့်မယ်၊ ဒါမှသာ အကြံမြောက်နိုင်မယ်။ ဂျပန်နယ်ချဲ့နဲ့ဂျပန်အလိုတော်ရိတွေက တရုတ်ပြည်မှာပြည်တွင်းစစ်ဆက်ဖြစ်အောင် ကြိုးစားနေတယ်ဆိုတာ ယုံမှားစရာမရှိဘူး။ ငြိမ်းချမ်းရေးမခိုင်မြဲသေးတာဟာ ဒီအချက်ကြောင့်ဘဲ။ ဒီအခြေအနေမျိုးမှာကျနော်တို့က "ပြည်တွင်းစစ်ကိုရပ်စဲကြ" ဒါမှမဟုတ် "ငြိမ်းချမ်းရေးရအောင်ကြိုးပမ်းကြ" ဆိုတဲ့ကြွေးကြော်သံဟောင်းတွေကို

ပြန်ကြော့မနေဘဲ ရှေ့တလှမ်းတက်ပြီး "ဒီမိုကရေစီရအောင်ကြိုးပမ်းကြ" ဆိုတဲ့ ကြွေးကြော်သံသစ်ကိုထုတ်ဖော်ရမယ်လို့ ကောက်ချက်ချလိုက်တယ်၊ ဒါမှ ငြိမ်းချမ်းရေးခိုင်မြဲနိုင်မယ်၊ဒါမှလဲဂျပန်ခုခံရေးစစ်ကိုဆင်နွှဲနိုင်မယ်။ "ငြိမ်းချမ်းရေးခိုင်မြဲအောင် လုပ်ကြ"၊ "ဒီမိုကရေစီရအောင်ကြိုးပမ်းကြ"၊ "ဂျပန်ခုခံရေးစစ်ဆင်နွှဲကြ" ဆိုတဲ့ဆက်စပ်နေတဲ့ကြွေးကြော်သံသုံးရပ်ကို ဘာကြောင့်ကျနော်တို့တင် ပြရသလဲ? ကျနော်တို့ရဲ့တော်လှန်ရေးရထားဘီးကြီးကို ရှေ့တွန်းတင်ချင်လို့ ဖြစ်တယ်၊ အခြေအနေကလဲ ကျနော်တို့ရှေ့တလှမ်းတက်ဖို့ ခွင့်ပြုနေလို့ဖြစ်တယ်။ အဆင့်သစ်နဲ့တာဝန်သစ်ကိုငြင်းပယ်ယင်၊ ကိုမင်တန်ဟာ "ပြောင်းလဲစပြုလာပြီ" ဆိုတာကိုငြင်းပယ်ယင်၊ ဒီလောဂျစ်အရ တနှစ်ခွဲအတွင်း ငြိမ်းချမ်းရေးအတွက်တိုက်ပွဲဝင်ခဲ့ကြတဲ့အင်အားစုအားလုံးရဲ့ကြိုးပမ်းမှုကြောင့်ရရှိတဲ့အောင်မြင်မှုတွေကိုလဲ ငြင်းပယ်ယင်၊ အဲဒီလူဟာရှေ့ကိုတလှမ်းမှမတိုးဘဲ နေရာဟောင်းမှာရပ်တန့်နေလိမ့်မယ်။

ဒီရဲဘော်တွေဟာ ဘာကြောင့်ဒီလိုမလျော်ကန်တဲ့အကဲဖြတ်ချက်မျိုးကိုရရှိသလဲ? အကြောင်းကတော့ လက်ရှိအခြေအနေကိုအကဲခပ်ရာမှာ သူတို့ဟာအရင်းခံအချက်တွေကိုအခြေမပြုဘဲ၊ တစိတ်တဒေသဖြစ်တဲ့ယာယီဖြစ်တဲ့အခြင်းအရာတွေ (ဆာတိုရဲ့ နိုင်ငံခြားရေးလုပ်ဆောင်မှု၊ စူးကျိုးတရားစီရင်မှု [၂]၊ အလုပ်သမားသပိတ်များကိုနှိပ်ကွပ်မှု၊ အရှေ့မြောက်ပိုင်းတပ်ကိုအရှေ့ပိုင်းသို့ ရွှေ့ပြောင်းမှု [၃]၊ ဗိုလ်ချုပ်ယန်ဟုချိန် နိုင်ငံခြားသို့ခရီးထွက်မှု [၄] အစရှိတဲ့အခြင်းအရာတွေ) ကိုအခြေပြုလို့ဘဲ၊ ဒီတော့ သူတို့အဖို့ စိတ်ပျက်အားငယ်စရာတွေပေါ်



လာတာပေါ့။ ကိုမင်တန်ပြောင်းလဲစပြုလာပြီလို့ကျနော်တို့ပြောတာနဲ့တချိန်တည်းမှာ၊ ကိုမင်တန်ဟာ လုံးလုံးကြီးပြောင်းလဲတာမဟုတ်သေးဘူးလို့လဲ ပြောခဲ့တယ်။ ကျနော်တို့နဲ့ပြည်သူတွေဟာ အယင်ကထက် ဆထက်ထမ်းပိုးတိုးပြီး မကြိုးပမ်းယင်၊ ကိုမင်တန်ဟာ သူတို့ဆယ်နှစ်လုံးလုံးကျင့်သုံးလာခဲ့တဲ့ဖေါက်ပြန်တဲ့ပေါ်လစီကို ကိုယ့်ဖါသာအကုန်အစင် ပြောင်းလဲပစ်လိမ့်မယ်ဆိုတာ စဉ်းစားလို့မရတဲ့ ကိစ္စဘဲ။ "လက်ဝဲ" သမားအမည်ခံသူ တော်တော်များများဟာ သာမန်အချိန်မှာ ကိုမင်တန်ကိုပက်ပက်စက်စက် ဆဲရေးကြိမ်းမောင်းကြတယ်၊ ရှီးအန်းအရေးအခင်းဖြစ်ပွါးတုန်းကလဲ ချန်ကေရှိတ်ကိုသတ်ပစ်ရမယ်၊ "တုန်ကွမ်းအပြင်ကိုထွက်တိုက်ကြ" [၅] ရမယ်လို့ တိုက်တွန်းကြတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးအကောင်အထည်ပေါ်လာလာချင်း စူးကျိုးတရားစီရင်မှုစတဲ့ကိစ္စတွေဖြစ်ပွါးလာတော့ "ဘာကြောင့်ချန်ကေရှိတ်ဒီလိုလုပ်ရပြန်သလဲ" လို့သူတို့ကတအံ့တသြမေးလာကြတယ်။ ကွန်မြူနစ်ပါတီဝင်တွေဘဲဖြစ်ဖြစ်၊ ချန်ကေရှိတ်ဘဲဖြစ်ဖြစ်၊ နတ်သိကြားတွေမဟုတ်ဘူး၊ အထီးတည်းနေထိုင်ကြသူတွေလဲမဟုတ်ဘူး၊ ပါတီတရပ်လူတန်းစားတရပ်မှာပါနေသူတွေဖြစ်တယ်ဆိုတာကို ဒီလူတွေ နားလည်ထားဖို့ကောင်းတယ်။ ကွန်မြူနစ်ပါတီဟာ တော်လှန်ရေးကိုတလှမ်းပြီးတလှမ်းရှေ့တက်သွားအောင်လုပ်နိုင်စွမ်းရှိပေမဲ့၊ တနိုင်ငံလုံးရှိ ဒုစရိုက်တွေကို တမနက်ထဲနဲ့အကုန်ရှင်းလင်းပစ်နိုင်တဲ့စွမ်းရည်တော့ မရှိဘူး။ ချန်ကေရှိတ်နဲ့ကိုမင်တန်ဟာပြောင်းလဲစပြုနေပြီ၊ ဒါပေမဲ့တနိုင်ငံလုံးရှိပြည်သူများက ဆထက်ထမ်းပိုးတိုးပြီးမကြိုးပမ်းယင်၊ သူတို့ဆယ်

နှစ်လုံးလုံးစုပုံလာခဲ့တဲ့အညစ်အကြေးတွေကို ဘယ်နည်းနဲ့မှတမနက်ထဲနဲ့အကုန်ဆေးကြောပစ်နိုင်မှာမဟုတ်ဘူး။ လှုပ်ရှားမှုဟာငြိမ်းချမ်းရေး ဒီမိုကရေစီရေးနဲ့ဂျပန်ခုခံရေးကို ရှေ့ရှုနေတယ်လို့ ကျနော်တို့ပြောပေမဲ့၊ကြိုးပမ်းအားထုတ်မှုမရှိတဲ့ပြည်တွင်းစစ်၊ အာဏာရှင်စနစ်နဲ့မခုခံရေးဆိုတဲ့ အနိဋ္ဌာရုံဟောင်းတွေကို အကုန်သုတ်သင်ပစ်နိုင်တယ်လို့ မဆိုလိုဘူး။ အနိဋ္ဌာရုံဟောင်းတွေ၊ အညစ်အကြေးတွေ၊ တော်လှန်ရေးဖြစ်စဉ်ထဲမှာအဆင်မပြေမှုတချို့နဲ့ ဖြစ်ကောင်းဖြစ်နိုင်တဲ့နောက် ပြန်လှည့်မှုတွေကိုတိုက်ပွဲဆင်မှသာ၊ ကြိုးပမ်းအားထုတ်မှသာ ကျော်နင်းနိုင်မယ်၊ ရေရှည်တိုက်ပွဲ ဆင်မှသာ၊ ရေရှည်ကြိုးပမ်းအားထုတ်မှသာ ကျော်နင်းနိုင်မယ်။

"ကျနော်တို့ကိုဖျက်ဆီးဖို့ သူတို့တကြံထဲကြံနေကြတယ်" လို့ပြောကြတယ်။ ဒီစကားဟာမှန်တယ်။ သူတို့ဟာကျနော်တို့ကိုဖျက်ဆီးဖို့အမြဲကြံနေတာဘဲ၊ ဒီလိုအကဲဖြတ်တာမှန်တယ်လို့ကျနော်လုံးဝယုံကြည်တယ်၊ ဒါကိုထဲ့မတွက်ယင် အိပ်မောကျရာရောက်မယ်။ ဒါပေမဲ့ ပြဿနာကသူတို့ရဲ့ဖျက်ဆီးပုံဖျက်ဆီးနည်းဟာအပြောင်းအလဲရှိမရှိ ဆိုတာဘဲ။ ကျနော်ကတော့ အပြောင်းအလဲရှိတယ်လို့ထင်တယ်။ စစ်တိုက်ရေးနဲ့သတ်ဖြတ်ရေးဆိုတဲ့ပေါ်လစီက ပြုပြင်ရေးနဲ့လှည့်ဖြားရေးဆိုတဲ့ပေါ်လစီသို့၊ အကြမ်းနည်းနဲ့လုပ်တဲ့ပေါ်လစီက အနုနည်းနဲ့ လုပ်တဲ့ပေါ်လစီသို့၊ စစ်ရေးပေါ်လစီက နိုင်ငံရေးပေါ်လစီသို့ ပြောင်းလဲလာတယ်။ ဘာကြောင့်ဒီလိုပြောင်းလဲလာသလဲ? ဂျပန်နယ်ချဲ့နဲ့ ရင်ဆိုင်နေရချိန်မှာ ဓနရှင်လူတန်းစားဆီက ကျနော်တို့မဟာမိတ်ရှာရသ



လို၊ ဓနရှင်လူတန်းစားနဲ့ကိုမင်တန်ကလဲ မတတ်သာလို့ အခိုက်အတန့်အားဖြင့် ပစ္စည်းမဲ့လူတန်းစားဆီက မဟာမိတ်ရှာရတယ်။ ပြဿနာကိုအကဲခပ်တဲ့အခါမှာဒီအချက်ကိုအခြေပြုရမယ်။ ပြည်ပရေးရာ နဲ့ပတ်သက်လို့ပြောရယင်၊ ဖြင်သစ်အစိုးရကဆိုဗီယက်ပြည်ထောင်စုကို ရန်မူနေရာက ဆိုဗီယက်ပြည်ထောင်စုနဲ့ မိတ်ဖွဲ့ရတဲ့အဖြစ်ကို ပြောင်းလဲရတာ [၆] ဟာလဲဒီသဘောဘဲ။ ပြည်တွင်းမှာ ကျနော်တို့ထမ်းဆောင်ရမဲ့တာဝန်ဟာလဲစစ်ရေးကနိုင်ငံရေးကိုပြောင်းသွားပြီ။ ကျနော်တို့ဟာကလိမ်ဉာဏ်ဆင်နေဖို့ မလိုပါဘူး၊ ကျနော်တို့ရဲ့ ရည်ရွယ်ချက်ဟာ ဓနရှင်လူတန်းစားနဲ့ကိုမင်တန်ပါတီထဲက ဂျပန်ခုခံရေးကိုထောက်ခံတဲ့လူမှန်သမျှနဲ့စည်းလုံးပြီးဂျပန်နယ်ချဲ့ကိုအတူတကွအနိုင်တိုက်ဖို့ဖြစ်တယ်။

## ဒီမိုကရေစီပြဿနာ

"ဒီမိုကရေစီကို အလေးတင်းပြောဆိုလုပ်ကိုင်တာ မှားတယ်၊ ဂျပန်ခုခံရေးကိုသာ အလေးတင်းပြောဆိုလုပ်ကိုင်သင့်တယ်။ ဂျပန်ကိုတိုက်ရိုက်မခုခံယင်ဒီမိုကရေစီလှုပ်ရှားမှုမရှိနိုင်။ လူအများစုကဂျပန်ကိုသာခုခံလိုကြတယ်၊ ဒီမိုကရေစီကိုအလိုမရှိကြ။ ဒီဇင်ဘာလ၉ရက်နေ့အရေးတော်ပုံမျိုးနောက်ထပ်ပေါ် ပေါက်လာယင် ဟန်ကျမယ်" လို့ပြောကြသေးတယ်။

ပထမဆုံး ကျနော်မေးခွန်းနဲနဲထုတ်ပါရစေ။ လွန်ခဲ့တဲ့အဆင့်မှာ (၁၉၃၅ ခုနှစ်ဒီဇင်ဘာလ ၉ ရက်နေ့အရေးတော်ပုံက ၁၉၃၇ ခုနှစ်ဖေ

ပေါ်ဝါရီလ ကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီ တတိယစုံညီအစည်း အဝေးအထိ) လူအများစုကဂျပန်ကိုသာခုခံလိုကြပြီး ပြည်တွင်းငြိမ်း ချမ်းရေးကိုအလိုမရှိကြဘူးလို့ဆိုနိုင်သလား? အယင်ကငြိမ်းချမ်းရေး ကိုအလေးတင်းပြောဆိုလုပ်ကိုင်ခဲ့တာမှားသလား? ဂျပန်ကို တိုက်ရိုက် မခုခံယင် ငြိမ်းချမ်းရေးလှုပ်ရှားမှု မရှိနိုင်တော့ဘူးတဲ့လား? (ရှီးအန်း အရေးအခင်းနဲ့ ကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီ တတိယစုံညီအ စည်းအဝေးဟာ စွေယွှမ်ပြည်နယ်ဂျပန်ခုခံရေးစစ်အဆုံးသတ်သွားပြီး နောက်မှဖြစ်တာဘဲ၊ အခုအချိန်မှာ စွေယွှမ်ပြည်နယ်ကဂျပန်ခုခံရေး စစ်မျိုး၊ ဒါမှမဟုတ်ဒီဇင်ဘာလ ၉ ရက်နေ့ အရေးတော်ပုံမျိုးပေါ်မ လာသေးဘူး) ဂျပန်ကိုခုခံမယ်ဆိုယင် ပြည်တွင်းမှာ ငြိမ်းချမ်းရမယ်၊ မငြိမ်းချမ်းယင် ဂျပန်ကိုခုခံနိုင်မှာမဟုတ်ဘူး၊ ငြိမ်းချမ်းရေးဟာဂျ ပန်ခုခံရေးအတွက်လိုအပ်တဲ့အချက်အလက်ဖြစ်တယ်ဆိုတာကို နားမ လည်တဲ့လူဘယ်ရှိမလဲ။ ပြီးခဲ့တဲ့အဆင့်မှာ ဂျပန်ကိုတိုက်ရိုက်ခုခံတာ ဖြစ်ဖြစ်၊ သွယ်ဝိုက်ခုခံတာဖြစ်ဖြစ် (ဒီဇင်ဘာလ ၉ရက်နေ့အရေးတော် ပုံကကိုမင်တန်ဗဟိုအမှုဆောင်ကော်မီတီ တတိယစုံညီအစည်းအဝေး အထိ) အားလုံးဟာ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းတာချည်း ဖြစ် တယ်။ ငြိမ်းချမ်းရေးဟာပြီးခဲ့တဲ့အဆင့်မှာ အချက်အချာကွင်းဆက် ဖြစ်တယ်၊ အဲဒီအဆင့်ကဂျပန်ခုခံရေးလှုပ်ရှားမှုမှာ အနှစ်သာရအကျ ဆုံးအရာလဲဖြစ်တယ်။

အခုအဆင့်သစ်မှာလဲ ဒီမိုကရေစီဟာ ဂျပန်ခုခံရေးအတွက်အနှစ် သာရအကျဆုံးအရာဖြစ်တယ်။ ဒီမိုကရေစီအတွက် ကြိုးပမ်းတာဟာ



ဂျပန်ခုခံရေးအတွက်ကြိုးပမ်းတာဘဲ။ ဂျပန်ခုခံရေးနဲ့ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးတို့ဟာကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်ကြသလို၊ဂျပန်ခုခံရေးနဲ့ဒီမိုကရေစီတို့ဟာလဲ အချင်းချင်းအမှီသဟဲပြုနေကြ တယ်။ ဒီမိုကရေစီဟာဂျပန်ခုခံရေးအတွက်အာမခံချက်ဖြစ်သလို၊ ဂျ ပန်ခုခံရေးကလဲ ဒီမိုကရေစီလှုပ်ရှားမှုတိုးပွါးလာနိုင်အောင် အခွင့်အ လမ်းဖန်တီးပေးနိုင်တယ်။

အဆင့်သစ်မှာ ဂျပန်ကို တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်တိုက်ပွဲ ဆင်မှုတွေအမြောက်အမြားဖြစ်ပေါ်လာလိမ့်မယ်လို့ ကျနော်တို့ မျှော် လင့်တယ်၊ ဖြစ်လဲဖြစ်ပေါ်လာပါလိမ့်မယ်။ ဒီတိုက်ပွဲတွေက ဂျပန်ခုခံ ရေးစစ်ကိုစေ့ဆော်ပေးလိမ့်မယ်၊ ဒီမိုကရေစီလှုပ်ရှားမှုအတွက်လဲ အ များကြီးအထောက်အကူပြုလိမ့်မယ်။ ဒါပေမဲ့ကျနော်တို့ကိုသမိုင်းက ပေးထားတဲ့တော်လှန်ရေးတာဝန်ထဲမှာ၊ အချက်အချာလဲကျ အနှစ် သာရလဲဖြစ်တဲ့အရာကတော့ဒီမိုကရေစီအတွက်ကြိုးပမ်းဖို့ဖြစ်တယ်။ ဒီ တော့ "ဒီမိုကရေစီ" "ဒီမိုကရေစီ" လို့ကြွေးကြော်တာမှားသလား? ကျနော်ကတော့မမှားဘူးလို့ထင်တယ်။

"ဂျပန်တွေနောက်ဆုတ်သွားပြီ၊ အင်္ဂလိပ်နဲ့ဂျပန်ဟာ သူမသာ ကိုယ်မသာဖြစ်လာလိမ့်မယ်၊ နန်ကင်းဟာပိုပြီးယိမ်းယိုင်လာပြီ" လို့ ပြောကြတယ်၊ ဒါဟာသမိုင်းဖြစ်ပေါ်တိုးတက်မှုတရားကို နားမလည် လို့ဖြစ်ပေါ်လာတဲ့မလိုလားအပ်တဲ့ကြောင့်ကြမှုတရပ်ဘဲ။ တကယ်လို့ ဂျပန်တွေဟာသူတို့ပြည်တွင်းတော်လှန်ရေးကြောင့် လုံးလုံးဆုတ်သွား လို့ရှိယင်ကျနော်တို့တရုပ်ပြည်တော်လှန်ရေးအတွက် အထောက်အကူ

ဖြစ်နိုင်တယ်၊ ကျနော်တို့ကလဲဒီလိုဖြစ်လိမ့်မယ်လို့မြော်လင့်တာဘဲ၊ ဒီလိုဖြစ်ယင်ကမ္ဘာ့ကျူးကျော်ရေးစစ်ကြောင်းစတင်ပြီကွဲတာဖြစ်မယ်၊ ဒီတော့ ဘာများကြောင့်ကြနေစရာ ရှိသေးသလဲ? ဒါပေမဲ့အမှန်ကဒီလိုမဟုတ်သေးဘူး၊ ဆာတို့ရဲ့ နိုင်ငံခြားရေးလုပ်ဆောင်မှုတွေဟာစစ်ကြီးအတွက်ပြင်ဆင်တာဖြစ်တယ်၊ ကျနော်တို့ဟာစစ်ကြီးနဲ့ရင်ဆိုင်နေရပြီ။ အင်္ဂလိပ်ရဲ့ယိမ်းယိုင်တဲ့ပေါ် လစီဟာဘာမှခရီးရောက်မှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့အင်္ဂလိပ်နဲ့ဂျပန်အကျိုးစီးပွါးချင်းပဋိပက္ခဖြစ်နေလို့ဘဲ။ တကယ်လို့နန်ကင်းအစိုးရဟာ တာရှည်ယိမ်းယိုင်နေယင်၊ တနိုင်ငံလုံးကပြည်သူများရဲ့ ရန်သူဖြစ်သွားလိမ့်မယ်။ သူတို့ရဲ့အကျိုးစီးပွါးကလဲ ဒီလိုယိမ်းယိုင်နေဖို့ခွင့်မပြုဘူး။ အခိုက်အတန့်နောက်ဆုတ်သွားမှုဟာ သမိုင်းရဲ့အထွေထွေတရားကိုပြောင်းမပစ်နိုင်ဘူး။ ဒါကြောင့် အဆင့်သစ်ကိုငြင်းပယ်လို့မဖြစ်ဘူး၊ ဒီမိုကရေစီအတွက် ကြိုးပမ်းဖို့ တာဝန်တင်ပြတာကိုလဲငြင်းပယ်လို့မဖြစ်ဘူး။ နောက်ပြီးဒီမိုကရေစီအတွက် ကြိုးပမ်းကြဆိုတဲ့ကြွေးကြော်သံကို ဘယ်အခြေအနေမှာတင်ပြတင်ပြလျော်ကန်သင့်မြတ်တယ်၊တရုပ်အမျိုးသားများမှာဒီမိုကရေစီဟာများလွန်းနေတာမဟုတ်ဘဲ နဲလွန်းနေတယ်ဆိုတာကိုလူတိုင်းကသိကြတယ်။ဒါတင်မကအဆင့်သစ်ကိုရောက်ပြီလို့ညွှန်ပြတာနဲ့ဒီမိုကရေစီအတွက်ကြိုးပမ်းဖို့တာဝန်ကိုတင်ပြတာဟာ ဂျပန်ခုခံရေးစစ်သို့တလှမ်းတိုးသွားတာဖြစ်တယ်ဆိုတာ လက်တွေ့ဖြစ်ရပ်များကလဲ ဖေါ်ပြတယ်။အခြေအနေဟာရှေ့တက်လာပြီ့မို့နောက်ပြန်ဆုတ်မနေပါနဲ့တော့။

"အမျိုးသားညီလာခံအကြောင်းကို ဘာကြောင့် အလေးတင်းပြောရတာလဲ " ဒါဟာတိုင်းပြည်ရဲ့အရေးကိစ္စအားလုံးနဲ့သက်ဆိုင်နိုင်လို့၊ ဖေါက်ပြန်တဲ့အာဏာရှင်စနစ်ကနေပြီး ဒီမိုကရေစီစနစ်သို့ ကူးပြောင်းတဲ့ပေါင်းကူးတံတားဖြစ်လို့၊ တိုင်းပြည်ကာကွယ်ရေး သဘောပါနေလို့၊ တရားလဲဝင်လို့ဖြစ်တယ်။ ဟိုပေပြည်နယ်အရှေ့ပိုင်းနဲ့ ချာဟားပြည်နယ်မြောက်ပိုင်းကို ပြန်သိမ်းဖို့၊ ကုန်ပစ္စည်းခိုးသွင်းခိုးထုတ်မှုကိုနှိမ်နင်းဖို့၊ "စီးပွါးရေးဖက်မှာလက်တွဲဆောင်ရွက်မှု" ကိုဆန့်ကျင်ဖို့ဆိုတာတွေဟာရဲဘော်တို့တင်ပြတဲ့အတိုင်းသိပ်မှန်ပါတယ်။ သို့ပေမဲ့ ဒါတွေဟာဒီမိုကရေစီအတွက်ကြိုးပမ်းရေးတာဝန်နဲ့ ဖြစ်ဖြစ်၊ အမျိုးသားညီလာခံနဲ့ဖြစ်ဖြစ် နဲနဲမှပဋိပက္ခမဖြစ်ပါဘူး။ ဒီနှစ်ခုဟာတခုနဲ့တခုထမြောက်အောင်မြင်အောင်အထောက်အကူပြုနေတယ်၊ ဒါပေမဲ့ အချက်အချာကတော့ အမျိုးသားညီလာခံနဲ့ ပြည်သူ့ လွတ်လပ်မှုဘဲ။

နေ့စဉ်နဲ့အမျှဆင်နွဲနေရတဲ့ ဂျပန်ဆန့်ကျင်ရေးတိုက်ပွဲနဲ့ ပြည်သူ့နေထိုင်စားသောက်မှုအဆင့်အတန်းမြှင့်တင်ရေးတိုက်ပွဲတွေကို ဒီမိုကရေစီလှုပ်ရှားမှုနဲ့ ပေါင်းစပ်ပေးရမယ်ဆိုတာလုံးဝမှန်တယ်၊ ဒါနဲ့ပတ်သက်လို့အငြင်းပွါးစရာလဲမရှိပါဘူး။ ဒါပေမဲ့ ခုအဆင့်မှာအချက်အချာလဲကျအနှစ်သာရလဲဖြစ်တဲ့အရာတွေကတော့ ဒီမိုကရေစီနဲ့ လွတ်လပ်ရေးဘဲ။

## တော်လှန်ရေးရဲ့ အလားအလာပြဿနာ

ရဲဘော်တချို့က ဒီပြဿနာကို တင်ပြလို့ ကျနော် တိုတိုဘဲပြောပါ့မယ်။

ရှေ့နောက်ဆက်စပ်နေတဲ့ ဆောင်းပါးနှစ်ပုဒ်ကိုရေးရာမှာ ရှေ့က ဆောင်းပါးကို ကောင်းအောင်ရေးနိုင်မှ နောက်ကဆောင်းပါးကိုလဲ ကောင်းအောင်ရေးနိုင်မယ်။ အဲဒီလိုဘဲ ဒီမိုကရေစီတော်လှန်ရေးကို ပြတ်ပြတ်သားသား ခေါင်းဆောင်မှ ဆိုရှယ်လစ်အောင်ပွဲအတွက် အချက်အလက်ဖန်တီးပေးနိုင်မယ်။ ကျနော်တို့ဟာ ဆိုရှယ်လစ်စနစ်အတွက်တိုက်ပွဲဆင်နေကြတာ ဖြစ်တယ်၊ ဒီအချက်မှာ ကျနော်တို့ဟာ တော်လှန်တဲ့စန်မင်ဝါဒကို လက်စွဲပြုသူမှန်သမျှနဲ့ မတူဘူး။ နောင်ရောက်မဲ့ ရည်မှန်းချက်ပန်းတိုင်ကြီးကို ရှေ့ရှုပြီး အခုကျနော်တို့ကြိုးပမ်းနေတယ်။ ဒီပန်းတိုင်ကြီးကိုမျက်ခြေပြတ်သွားယင် ကျနော်တို့ဟာကွန်မြူနစ်ပါတီဝင်တွေမဟုတ်တော့ဘူး။ ဒါပေမဲ့မျက်မှောက်ကြိုးပမ်းမှုကိုလက်ရှော့လိုက်ယင်လဲ ကျနော်တို့ဟာကွန်မြူနစ်ပါတီဝင်တွေ မဟုတ်တော့ဘူး။

ကျနော်တို့ဟာ တော်လှန်ရေးကူးပြောင်းမှုသဘောတရား ? ကို လက်ကိုင်ပြုထားသူတွေမို့၊ ဒီမိုကရေစီတော်လှန်ရေးက ဆိုရှယ်လစ်တော်လှန်ရေးကိုကူးပြောင်းသွားရမယ်လို့ရပ်ခံပြောဆိုကြတယ်။ ဒီမိုကရေစီတော်လှန်ရေးဟာ အဆင့်ဆင့်ဖြစ်ထွန်းသွားလိမ့်မယ်။ အဲဒီအဆင့်တွေဟာ ဒီမိုကရေစီသမ္မတနိုင်ငံတည်ထောင်ရေး ဆိုတဲ့ကြွေးကြော်သံအတိုင်း ဖြစ်ထွန်းသွားလိမ့်မယ်။ ဓနရှင်လူတန်းစားအရေးသာနေတဲ့အဖြစ်က ပစ္စည်းမဲ့လူတန်းစားအရေးသာနေတဲ့ အဖြစ်ကို ကူးပြောင်းရေးဟာ ရေရှည်ဆင်နွှဲရမဲ့တိုက်ပွဲတရပ်ဖြစ်တယ်၊ ခေါင်းဆောင်မှုအတွက်ဆင်နွှဲတဲ့တိုက်ပွဲတရပ်ဖြစ်တယ်၊ ဒီတိုက်ပွဲမှာအောင်



မယ် မအောင်မယ်ဆိုတာ ပစ္စည်းမဲ့လူတန်းစားရဲ့နိုင်ငံရေးနိုးကြားမှုနဲ့ စည်းရုံးမှုရေချိန်ကိုရော၊ လယ်သမားများနဲ့ မြို့နေဓနရှင်ပေါက်စ လူတန်းစားတို့ရဲ့ နိုင်ငံရေးနိုးကြားမှုနဲ့ စည်းရုံးမှုရေချိန်ကိုပါ ကွန်မြူနစ်ပါတီကမြှင့်တင်ပေးတဲ့လုပ်ငန်းပေါ် မူတည်တယ်။

ပစ္စည်းမဲ့လူတန်းစားရဲ့ခိုင်မြဲတဲ့မဟာမိတ်ဟာ လယ်သမား ဖြစ်တယ်၊ ပြီးတော့မှမြို့နေဓနရှင်ပေါက်စလူတန်းစား ဖြစ်တယ်။ ခေါင်းဆောင်မှုကိုကျနော်တို့နဲ့ပြိုင်လုနေသူကတော့ဓနရှင်လူတန်းစားဘဲ။

ဓနရှင်လူတန်းစားရဲ့ တွေဝေယိမ်းယိုင်မှုနဲ့မပြတ်သားမှုကို တိုက်ဖျက်မယ်ဆိုယင် ကျနော်တို့ဟာလူထုအင်အားနဲ့ မှန်ကန်တဲ့ပေါ်လစီကိုအမှီပြုရမယ်၊ ဒီလိုမလုပ်ယင် ဓနရှင်လူတန်းစားက ပစ္စည်းမဲ့လူတန်းစားကိုလွှမ်းမိုးသွားလိမ့်မယ်။

သွေးထွက်သံယိုမဖြစ်ဘဲ ကူးပြောင်းသွားနိုင်လိမ့်မယ်လို့ ကျနော်တို့မြော်လင့်တယ်။ ဒီလိုကူးပြောင်းသွားနိုင်အောင်လဲ ကျနော်တို့ကြိုးပမ်းအားထုတ်ရမယ်။ နောက်ဆုံးဘယ်လိုဖြစ်မလဲဆိုတာ လူထုအင်အားအပေါ် မူတည်တယ်။

ကျနော်တို့ဟာ တော်လှန်ရေးကူးပြောင်းမှုသဘောတရား ကို လက်ကိုင်ပြုထားသူတွေဖြစ်တယ်၊ ထရော့စကီဝါဒရဲ့ “အဆက်မပြတ်တော်လှန်ရေး” သဘောတရားကို လက်ကိုင်ပြုထားသူတွေ ” မဟုတ်ဘူး။ ကျနော်တို့ဟာ ဒီမိုကရေစီသမ္မတနိုင်ငံတည်ထောင်ရေးအတွက် မလွဲတမ်းဖြတ်သန်းရမဲ့အဆင့်အားလုံးကိုဖြတ်သန်းပြီး ဆိုရှယ်လစ်စနစ်

သို့အရောက်ချီတက်ဖို့ရပ်ခံပြောဆိုတယ်၊ နောက်မြီးဆွဲဝါဒကိုရော မိုက်ရူးရဲဝါဒနဲ့စိတ်လောကြီးမှုကိုပါ ကျနော်တို့ဆန့်ကျင်တယ်။

ဓနရှင်လူတန်းစားဟာ အခိုက်အတန့်အားဖြင့်သာ တော်လှန်ရေးထဲပါနိုင်တယ်ဆိုပြီးဓနရှင်လူတန်းစားကိုပစ်ပယ်တာနဲ့ ဓနရှင်လူတန်းစားထဲက ဂျပန်ကိုခုခံချင်တဲ့ဂိုဏ်းသားနဲ့ပူးပေါင်းတာ (ကိုလိုနီတပိုင်းနိုင်ငံမှာ) ကိုအညှို့ခံရေးဝါဒလို့စွပ်စွဲတာဟာ ထရော့စကီဝါဒီတွေရဲ့ပြုမှုပြောဆိုချက်တွေဖြစ်တယ်၊ ဒါကိုကျနော်တို့သဘောမတူနိုင်ဘူး။ အခုအချိန်မှာ ဓနရှင်လူတန်းစားထဲက ဂျပန်ကို ခုခံတိုက်ခိုက်ချင်တဲ့ဂိုဏ်းသားတွေနဲ့ပူးပေါင်းတာဟာဆိုရှယ်လစ်စနစ်သို့ချီတက်ရာ လမ်းခရီးမှာ မလွှဲမသွေဖြတ်ရမဲ့တံတားဖြစ်တယ်။

## ကေဒါပြဿနာ

တော်လှန်ရေးကြီးတရပ်ကိုရှေ့ဆောင်ရာမှာ ကြီးမြတ်တဲ့ပါတီ တရပ်နဲ့ အကောင်းဆုံးကေဒါတွေအများအပြားရှိဖို့ လိုတယ်။ ခေါင်းဆောင်တွေဟာကျဉ်းမြောင်းတဲ့ အုပ်စုကလေးတခုဖြစ်နေယင်၊ ပါတီတွင်းခေါင်းဆောင်များနဲ့ကေဒါများဟာ အမြင်ကျဉ်းတဲ့၊ အမြော်အမြင်မရှိတဲ့၊ အစွမ်းအစမရှိတဲ့လူတွေသာဖြစ်နေယင်လူဦးရေသန်းပေါင်း ၄၅၀ ရှိတဲ့တရုပ်ပြည်မှာမကြုံဘူးတဲ့ တော်လှန်ရေးကြီးကိုခေါင်းဆောင်နိုင်မှာမဟုတ်ဘူး။ တရုပ်ပြည်ကွန်မြူနစ်ပါတီဟာရှေးမဆွကတဲ့ နိုင်ငံရေးပါတီကြီးတရပ် ဖြစ်နေပြီ၊ ဖေါက်ပြန်ရေးသမားတွေမင်းမူနေချိန်



တုန်းကဆုံးရှုံးနစ်နာမှုတွေရှိခဲ့ပေမဲ့ နိုင်ငံရေးပါတီကြီးတရပ် ဖြစ်မြဲဖြစ်နေတယ်။ ဒီပါတီမှာ ကောင်းမွန်တဲ့ခေါင်းဆောင်နဲ့ ကေဒါအမြောက်အမြားရှိတယ်၊ ဒါပေမဲ့မလုံလောက်သေးဘူး။ ကျနော်တို့ပါတီရဲ့အဖွဲ့အစည်းများကိုတနိုင်ငံလုံးပြန့်ပွါးသွားအောင် လုပ်ရမယ်၊ ကေဒါတွေကိုသောင်းနဲ့ချီပြီး ကိုယ်ပိုင်အသိနဲ့ ပျိုးထောင်ပေးရမယ်၊ အကောင်းဆုံးလူထုခေါင်းဆောင်ရာပေါင်းတချို့ရှိရမယ်။ ဒီကေဒါများနဲ့ ခေါင်းဆောင်များဟာ မာ့က်စ်လီနင်ဝါဒကို နားလည်ရမယ်။ နိုင်ငံရေးအမြော်အမြင်နဲ့လုပ်ရည်ကိုင်ရည်ရှိရမယ်၊ အနစ်နာခံတဲ့ စိတ်ဓါတ်နဲ့ပြည့်စုံရမယ်၊ ပြဿနာများကိုကိုယ့်ဖါသာဖြေရှင်းနိုင်စွမ်းရှိရမယ်၊ အခက်အခဲတွေ့ရတဲ့အခါမယိမ်းမယိုင်ကြံ့ခိုင်ရမယ်၊ အမျိုးသားအတွက်၊ လူတန်းစားအတွက်နဲ့ ပါတီအတွက် သစ္စာရှိရှိဆောင်ရွက်ရမယ်။ ပါတီဟာဒီလူတွေကိုအမှီပြုပြီးပါတီဝင်များနဲ့ဆက်သွယ်တယ်၊ လူထုနဲ့ ဆက်သွယ်တယ်၊ လူထုအားဒီလူတွေကြံ့ကြံ့ခိုင်ခေါင်းဆောင်တာကို ပါတီကအမှီပြုပြီးရန်သူကိုအပြုတ်တိုက်တယ်။ ဒီလူတွေဟာ ကိုယ်ကျိုးမငဲ့ရ၊ တဦးချင်းသူရဲကောင်းဝါဒနဲ့ထင်ပေါ်ရေးဝါဒမရှိရ၊ ပျင်းရိမှုနဲ့စိတ်ဓါတ်ကျမှုမရှိရ၊ ဘဝင်မြင့်တဲ့ ဂိုဏ်းဂဏဝါဒမရှိရ။ သူတို့ဟာကိုယ်ကျိုးမငဲ့ အများအကျိုးသက်သက်ဆောင်ရွက်တဲ့ အမျိုးသားသူရဲကောင်းများနဲ့လူတန်းစားသူရဲကောင်းများဖြစ်ကြရမယ်၊ ဒါတွေဟာ ကွန်မြူနစ်ပါတီဝင်များ၊ ပါတီရဲ့ကေဒါများနဲ့ပါတီခေါင်း ဆောင်များမှာရှိအပ်တဲ့အရည်အသွေးနဲ့လုပ်ဟန် ဖြစ်တယ်။ အသက်ကိုစတေးသွားတဲ့ကျနော်တို့ရဲ့ ပါတီဝင်သောင်းပေါင်းများစွာ၊ ကေဒါထောင်ပေါင်းများ

စွာနဲ့အကောင်းဆုံးခေါင်းဆောင် ဆယ်ပေါင်းများစွာတို့က ကျနော်တို့ကိုပေးခဲ့တဲ့စိတ်ဓါတ်အမွေအနှစ်ဟာလဲ ဒါတွေဘဲ။ ကျနော်တို့ဟာယုံမှားသံသယမရှိဘဲ ဒီအရည်အချင်းတွေရှိလာအောင်လုပ်ပြီးကိုယ့်ကိုယ်ကိုပိုပြီးကောင်းမွန်အောင်ပြုပြင်သင့်တယ်၊ ကိုယ့်ကိုယ်ကို ပိုပြီးမြင့်မားတဲ့တော်လှန်ရေးရေချိန်ရောက်အောင် မြှင့်တင်သင့်တယ်။ ဒါပေမဲ့ဒါနဲ့မလုံလောက်သေးဘူး။ တပါတီလုံးနဲ့တနိုင်ငံလုံးမှာကေဒါသစ် နဲ့ခေါင်းဆောင်သစ်အမြောက်အမြားရှာဖွေဖို့ကိစ္စကိုလဲ ကျနော်တို့ရဲ့ တာဝန်တရပ်အဖြစ် ထားရမယ်။ "အရေးပါသိမ်းဟာ ကေဒါပေါ်မှာ တည်တယ်" [၉] လို့စတာလင်ပြောခဲ့တဲ့အတိုင်းဘဲ ကျနော်တို့ရဲ့တော်လှန်ရေးဟာကေဒါတွေကိုအားကိုးအားထားပြုနေရတယ်။

## ပါတီတွင်းဒီမိုကရေစီပြဿနာ

ဒီရည်မှန်းချက်ပန်းတိုင်ကိုရောက်ချင်ယင် ပါတီတွင်းမှာ ဒီမိုကရေစီရှိရမယ်။ ပါတီကိုအားကောင်းစေချင်ယင်၊ ပါတီရဲ့ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကိုကျင့်သုံးပြီးတပါတီလုံးစိတ်ဓါတ်တက်ကြွလာအောင်လုပ်ဆောင်ရမယ်။ ဖေါက်ပြန်ရေးသမားများမင်းမူနေတဲ့ ပြည်တွင်းစစ်ဖြစ်နေတဲ့အချိန်က ဗဟိုချုပ်ကိုင်မှုကပိုများခဲ့တယ်။ ခုအချိန်မှာဗဟိုချုပ်ကိုင်မှုဟာဒီမိုကရေစီနဲ့ နီးနီးကပ်ကပ်ဆက်စပ်နေရမယ်။ ဒီမိုကရေစီကျင့်သုံးခြင်းအားဖြင့်တပါတီလုံးစိတ်ဓါတ်တက်ကြွလာအောင်လုပ်ရမယ်။ ဒီလိုတက်ကြွလာအောင်လုပ်တဲ့နည်းနဲ့ ကေဒါအမြောက်အမြားကိုလေ့ကျင့်သားရအောင် လုပ်ပေးရမယ်၊ ဂိုဏ်းဂဏစိတ်အကြွင်းအ



ကျန်တွေကို သုတ်သင်ပစ်ရမယ်၊ တပါတီလုံးသံမဏိလိုခိုင်မာအောင်စည်းလုံးရမယ်။

## ကွန်ဖရင့်စည်းလုံးမှုနဲ့တပါတီလုံးစည်းလုံးမှု

ဒီကွန်ဖရင့်မှာ တင်ပြကြတဲ့နိုင်ငံရေးကွဲလွဲမှုတွေဟာ ရှင်းပြပြီးတဲ့နောက် ပပျောက်သွားပြီးသဘောတူညီလာကြပြီ၊ အယင်က ဗဟိုရဲ့လမ်းစဉ်နဲ့ရဲဘော်တဦးတလေရဲ့ခေါင်းဆောင်မှု အောက်မှာ ကျင့်သုံးခဲ့တဲ့နောက်ဆုတ်ရေးလမ်းစဉ်တို့ ကွဲလွဲချက်ရှိနေခဲ့တာလဲ ပြေရှင်းသွားပြီ [၁၀] ၊ ဒါက ကျနော်တို့ပါတီအလွန်ကြံ့ခိုင်စွာစည်းလုံးလာပြီ ဆိုတာကိုဖေါ်ပြတာဘဲ။ ဒီစည်းလုံးမှုဟာ မျက်မှောက်အမျိုးသား- ဒီမိုကရေစီတော်လှန်ရေးအတွက် အရေးအကြီးဆုံးအခြေခံ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ကွန်မြူနစ်ပါတီရဲ့စည်းလုံးမှုရှိမှသာ လူတန်းစားတရပ်လုံးရဲ့စည်းလုံးမှုနဲ့ တမျိုးသားလုံးရဲ့စည်းလုံးမှုရှိနိုင်မှာ ဖြစ်လို့ဘဲ၊ လူတန်းစားတရပ်လုံးရဲ့စည်းလုံးမှုနဲ့တမျိုးသားလုံး ရဲ့စည်းလုံးမှုရှိမှသာရန်သူကိုအနိုင်တိုက်ပြီး၊ အမျိုးသား - ဒီမိုကရေစီတော်လှန်ရေးတာဝန်ကိုပြီးမြောက်စေနိုင်မှာဖြစ်လို့ဘဲ။

## ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုထဲသို့ သန်းပေါင်းများစွာသောလူထုကြီးပါဝင်လာအောင်ကြိုးစားကြ

ကျနော်တို့ရဲ့မှန်ကန်တဲ့နိုင်ငံရေးလမ်းညွှန်ချက်နဲ့ ခိုင်မြဲတဲ့စည်းလုံးမှုရဲ့ရည်ရွယ်ချက်ကတော့ သန်းပေါင်းများစွာသောလူထုကြီးကို ဂျပန်

ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုထဲ ပါဝင်လာအောင် ကြိုးပမ်းဖို့ဖြစ်တယ်။ ပစ္စည်းမဲ့လူတန်းစား၊ လယ်သမားလူတန်းစား၊ မြို့နေဓနရှင်ပေါက်စလူတန်းစားထဲက လူထုကြီးကို ကျနော်တို့ဝါဒဖြန့်ရမယ်၊ တိုက်တွန်းနှိုးဆော်ရမယ်၊ စည်းရုံးရမယ်။ ဓနရှင်လူတန်းစားထဲက ဂျပန်ကိုခုခံတိုက်ခိုက်ချင်တဲ့ ဂိုဏ်းသားတွေနဲ့ မဟာမိတ်ဖြစ်လာအောင်လဲကျနော်တို့ပိုပြီးအားထုတ်လုံးပမ်းရအုံးမယ်။ ပါတီရဲ့ လမ်းညွှန်ချက်ကိုလူထုရဲ့လမ်းညွှန်ချက်ဖြစ်လာအောင်လဲကျနော်တို့အကြာကြီးလက်မလျှော့တမ်း၊ အရှုံးမပေးတမ်း၊ သူမတူအောင်အပင်ပန်းခံပြီး စိတ်ရှည်ရှည်နဲ့လုံးပမ်းအားထုတ်ကြရအုံးမယ်။ ဒီလိုမလုပ်ယင် ဘယ်ကိစ္စမှအထမြောက်နိုင်မှာ မဟုတ်ဘူး။ ဂျပန်ခုခံရေးအမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းနိုင်အောင်၊ ခိုင်မြဲအောင်နဲ့ တပ်ပေါင်းစုရဲ့တာဝန်တွေကိုပြီးမြောက်အောင် ဆောင်ရွက်ရာမှာဘဲဖြစ်ဖြစ်၊ တရုပ်ပြည်ကိုဒီမိုကရေစီသမတနိုင်ငံဖြစ်အောင် တည်ဆောက်ရာမှာဘဲဖြစ်ဖြစ် လူထုပါလာအောင် ကြိုးပမ်းတဲ့အလုပ်နဲ့ နဲနဲမှကင်းကွာလို့ မဖြစ်ဘူး။ ဒီလိုကြိုးပမ်းလို့ သန်းပေါင်းများစွာသောလူထုကြီးဟာ ကျနော်တို့ခေါင်းဆောင်မှုအောက် ရောက်လာယင်၊ ကျနော်တို့တော်လှန်ရေးတာဝန်ဟာအမြန်ဆုံးပြီးမြောက်နိုင်မယ်။ ကျနော်တို့ရဲ့ ကြိုးပမ်းချက်ကြောင့်ဂျပန်နယ်ချဲ့သမားကိုအပြတ်တိုက်နိုင်မှာ သေချာတယ်၊ တမျိုးသားလုံးနဲ့လူ့ အဖွဲ့အစည်းတရုပ်လုံးကိုလဲ လွတ်မြောက်စေနိုင်မှာ သေချာတယ်။



## ရှင်း ချက်

၁။ ရိုးအန်းအရေးအခင်းဖြစ်ပွါးပြီးနောက် ဂျပန်နယ်ချဲ့သမားသည် ကိုမင်တန်အာဏာပိုင်များနှင့် အပေါ်ယံအားဖြင့် ခေတ္တခဏပြေလည်အောင် ဆက်ဆံလာသည်၊ ရည်ရွယ်ချက်မှာထိုစဉ်ကအကောင်အထည်ပေါ်လာစပြုသော ပြည်တွင်းငြိမ်းချမ်းရေးနှင့်တဖြည်းဖြည်းဖြစ်တည်လာစပြုသော ဂျပန်ခုခံရေး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကို ဖျက်ဆီးအောင် ကိုမင်တန်အားသွေးဆောင်ရန် ဖြစ်သည်။ ၁၉၃၆ ခုနှစ်ဒီဇင်ဘာလနှင့် ၁၉၃၇ ခုနှစ်မတ်လ၌လည်း၊ ဂျပန်မိစ္ဆာကောင်တို့သည်နန်ကင်းကိုမင်တန်အစိုးရကို ထောက်ခံကြောင်း ကြေနန်းရိုက်ပို့လိုက်ရန် အတွင်းမှန်ကိုးကိုယ်ပိုင်အုပ်ချုပ်ရေးရုပ်သေးအစိုးရကို နှစ်ကြိမ်တိုင်တိုင်စေခိုင်းခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးသာတိုကိုယ်တိုင် ချန်ကေရှိတ်ကို ဆွယ်မြူကာ ယခင်ကတရုပ်ပြည်အပေါ် ဂျပန်တို့ဆက်ဆံခဲ့ပုံကို ပြောင်းလဲပစ်မည် ဟု၎င်း၊ တရုပ်ပြည်ပေါင်းစည်းမိအောင်နှင့်နလန်ထလာအောင် ကူညီမည် ဟု၎င်း ကလိမ်ဉာဏ်နှင့်ပြောလာသည်။ အခြားတဖက်တွင်ဂျပန်ဘဏ္ဍာဘုရင်ကိုဒါမကင်ဂျိစသူတို့အား “စီးပွါးရေးလေ့လာရေးအဖွဲ့” ဆိုသည်ကိုဖွဲ့စည်းစေပြီး တရုပ်ပြည်သို့ စေလွှတ်လိုက်သည်၊ “ခေတ်မှီနိုင်ငံအဖြစ်တည်ဆောက်ရန်”အတွက် တရုပ်ပြည်ကိုအကူအညီပေးမည်ဟု ကလိမ်ဉာဏ်နှင့်ပြောသည်။ “သာတိုး၏ နိုင်ငံခြားရေးလုပ်ဆောင်မှု” ဆိုသည်နှင့်ဂျပန်နယ်ချဲ့သမားတို့၏ ဤဟန်ဆောင်မှုကြောင့် နဝေတိမ်တောင်ဖြစ်နေကြသူများကယူဆသော “ဂျပန်တွေနောက်ဆုတ်သွားပြီ” ဆိုသည်မှာယင်းကျူးကျော်ရေးလုပ်ကြံမှုများကိုပင် ဆိုလိုသည်။

၂။ ရှန်ဟဲမြို့တွင်ဂျပန်ခုခံရေးနိုင်ငံကယ်တင်ရေး လှုပ်ရှားမှု ကို ခေါင်းဆောင်ကြသောရှင်ကျင်းဇူနှင့်အခြားပုဂ္ဂိုလ် ၆ ဦးအား ကိုမင်တန်အစိုးရက ၁၉၃၆ ခုနှစ်နိုဝင်ဘာလတွင် ဖမ်းဆီးလိုက်သည်၊ ၁၉၃၇ ခုနှစ် ဧပြီလ၌ စူးကျိုးမြို့ရှိ ကိုမင်တန်အထက်တန်းတရားရုံးမှ အစိုးရရှေ့နေကရှင်ကျင်းဇူတို့အား "တရားစွဲ" သည်။ နိုင်ငံချစ်လှုပ်ရှားမှုမှန်သမျှကို "သမတနိုင်ငံအားအန္တရာယ်ပေးမှု" ဖြစ်သည်ဟု ဖေါက်ပြန်သောကိုမင်တန်အာဏာပိုင်တို့ကစွပ်စွဲနေကျအတိုင်း၊ ရှင်ကျင်းဇူတို့၏ "ပြစ်မှု"ကိုလည်း "သမတနိုင်ငံအား အန္တရာယ်ပေးမှု" ဖြစ်သည်ဟုစွပ်စွဲကြသည်။

၃။ ရှိုးအန်းအရေးအခင်းမဖြစ်ပွါးမီက အရှေ့မြောက်ပိုင်းတပ်သည် ရှန်ရှီး-ကန်းစုပြည်နယ်နယ်စပ်၌ တပ်စွဲနေသည်၊ ရှန်ရှီးမြောက်ပိုင်းရှိ တပ်နီတော်နှင့် တိုက်ရိုက်ဆက်ဆံမှုရှိနေ၍ တပ်နီတော်၏ဩဇာဂယက်ရိုက်မှုများစွာခံရသည်။ ထို့ကြောင့်ပင် သူတို့သည်ရှိုးအန်းအရေးအခင်းပေါ်ပေါက်လာအောင် လုပ်ကြသည်။ ၁၉၃၇ ခုနှစ်မတ်လတွင်ကိုမင်တန်ဖေါက်ပြန်ရေးသမားတို့သည် တပ်နီတော်နှင့် အရှေ့မြောက်ပိုင်းတပ်၏ဆက်သွယ်မှုကို ဖြတ်ပစ်ရန်အတွက်၎င်း၊ တချိန်တည်းတွင် အရှေ့မြောက်ပိုင်းတပ်တွင်း၌သွေးကွဲလာစေရန်အတွက်၎င်း၊ ထိုတပ်ကိုဟိုနန်နှင့်အန်းဟွေး ပြည်နယ်များသို့ အတင်းပြောင်းရွှေ့ခိုင်းသည်။

၄။ ယန်ဟူချိန်ဆိုသူမှာ ရှိုးအန်းအရေးအခင်းကို လှုံ့ဆော်ခဲ့သည့်အနောက်မြောက်ပိုင်းစစ်ရေးခေါင်းဆောင်ဖြစ်သည်၊ ကျန်းရွှေလျန်နှင့်အတူ နာမည်ကျော်လာသဖြင့် "ကျန်း-ယန်" ဟုတိုစဉ်ကခေါ်ကြသည်။ ကျန်းရွှေလျန်သည်ချန်ကေရှိတ်ကို ချုပ်ထားရာမှလွှတ်ကာ နန်ကင်းသို့လိုက် ပို့ပြီးနောက်ချက်ခြင်းအဖမ်းခံရသည်။ ၁၉၃၇ ခုနှစ်ဧပြီလတွင်ယန်ဟူချိန်သည်လည်း ကိုမင်တန်ဖေါက်ပြန်ရေးသမားတို့၏အကြပ်ကိုင်မှု ကြောင့်



မတက်သာသဲ့ရာထူးမှနုတ်ထွက်ကာနိုင်ငံခြားသို့ထွက်သွားရသည်။ ဂျပန်ခုခံရေးစစ်ဖြစ်ပွါးတော့မှ ယန်ဟူချိန်သည်တရုပ်ပြည်သို့ပြန်လာပြီးဂျပန်ခုခံရေးလုပ်ငန်းထဲပါဝင်ဆောင်ရွက်ရန်စီစဉ်နေချိန်မှာပင်၊ ချန်ကေရှိတ်ကသူ့ကိုဖမ်းကာကြာမြင့်စွာအကျဉ်းချထားလိုက်သည်။ ၁၉၄၉ ခုနှစ် စက်တင်ဘာလ၌ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ချုန်ကင်းမြို့ အနီးသို့အရောက်တွင်အကျဉ်းစခန်းထဲမှာအသတ်ခံရသည်။

၅။ ထုန်ကွမ်းသည် ရှန်ရှီး-ဟိုနန်-စန်းရှီးပြည်နယ်နယ်စပ်ရှိ စစ်ရေးအရအရေးကြီးသည့်နေရာဖြစ်သည်။ ရှိုးအန်းအရေးအခင်းဖြစ်ပွါးစဉ်ကကိုမင်တန်တပ်များသည် အများအားဖြင့် ထုန်ကွမ်းအရှေ့ဖက်၌တပ်စွဲနေကြသည်၊ ထိုစဉ်က "လက်ဝဲ" သမားအမည်ခံသူအချို့ (ကျန်းကိုထောင်အပါအဝင်) က "ထုန်ကွမ်းအပြင်ကို ထွက်တိုက်ကြ" ဟုတိုက်တွန်းကြသည်၊ ဆိုလိုသည်မှာ ကိုမင်တန်တပ်များကိုထိုးစစ်ဆင်ရန်ဖြစ်သည်။ ဤတိုက်တွန်းချက်သည် ရှိုးအန်းအရေးအခင်းကို ငြိမ်းချမ်းစွာဖြေရှင်းရမည်ဟူသောပါတီဗဟို၏လမ်းညွှန်ချက်နှင့်ဖီလာဖြစ်နေသည်။

၆။ ပြင်သစ်နယ်ချဲ့သမားတို့သည် ရုရှားအောက်တိုဘာတော်လှန်ရေးဖြစ်ပွါးပြီးနောက် ဆိုဗီယက်ပြည်ထောင်စုအားရန်မူသည့်ပေါ်လစီကို ကြာမြင့်စွာကျင့်သုံးခဲ့သည်။ အောက်တိုဘာတော်လှန်ရေးပြီးဆုံးသည့် နောက်မကြာမီပင်၊ ၁၉၁၈မှ ၁၉၂၀ခုနှစ်အထိဆိုဗီယက်ပြည်ထောင်စုကို ၁၄ နိုင်ငံကလက်နက်ကိုင်စွက်ဖက်ရာတွင် ပြင်သစ်အစိုးရလည်း တက်တက်ကြွကြွပါဝင်ခဲ့သည်။ ယင်းစွက်ဖက်မှုအရေးနိမ့်သွားပြီးနောက်၌လည်း ဆိုဗီယက်ပြည်ထောင်စုကို ဝိုင်းပယ်သည့် ဖေါက်ပြန်သော ပေါ်လစီကို ကျင့်သုံးမြဲကျင့်သုံးခဲ့သည်။ ၁၉၃၅ ခုနှစ်မေလရောက်တော့မှပင်၊ ဆိုဗီယက်ပြည်ထောင်စု၏ငြိမ်းချမ်းသောနိုင်ငံခြားရေးဝါဒက ပြင်သစ်ပြည်သူ

များကိုဂယက်ရိုက်သောကြောင့်၎င်း၊ ဖက်ဆစ်ဂျာမနီကပြင်သစ်ကိုအန္တရာယ်ပြုလာသောကြောင့်၎င်း၊ ပြင်သစ်ကဆိုဗီယက်ပြည်ထောင်စုနှင့်အပြန်အလှန်ကူညီရေးစာချုပ်ချုပ်ခဲ့သည်။ သို့သော် ပေါက်ပြန်သောပြင်သစ်အစိုးရသည် ၎င်းစာချုပ်အတိုင်း သစ္စာရှိရှိလိုက်နာဆောင်ရွက်ခြင်းမရှိပေ။

၇။ မာ့က်စ်နှင့်အိန်ဂယ်ရေး«ကွန်မြူနစ်ကြေညာစာတမ်း» အပိုင်း၄။ လီနင်ရေး «ဒီမိုကရေစီတော်လှန်ရေးအတွင်း ဆိုရှယ်ဒီမိုကရက်ပါတီ၏နည်းပရိယာယ်နှစ်သွယ်»အပိုင်း ၁၂ နှင့်၁၃၊«ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ(ဗော်ရှီဗစ်) သမိုင်းအကျဉ်းချုပ်» အခန်း၃အပိုဒ်၃တို့ကိုဖတ်ပါ။

၈။ စတာလင်ရေး «လီနင်ဝါဒအခြေခံများ» အပိုင်း ၃၊« အောက်တိုဘာတော်လှန်ရေးနှင့်ရုရှားကွန်မြူနစ်တို့၏နည်းပရိယာယ်»အပိုင်း ၂၊ «လီနင်ဝါဒနှင့်ပတ်သက်သောပြဿနာများ»အပိုင်း၃တို့ကိုဖတ်ပါ။

၉။ ၁၉၃၅ ခုနှစ်မေလတွင်တပ်နီတော်တက္ကသိုလ်ကျောင်းသားများသင်တန်းဆင်းပွဲ၌စတာလင်ပြောကြားသောမိန့်ခွန်းကိုကြည့်ပါ။ “ကမ္ဘာပေါ်ရှိအဖိုးတန်အရင်းအနှီးအားလုံးထဲက အဖိုးတန်ဆုံးနဲ့ အဆုံးအဖြတ်အပေးနိုင်ဆုံးဟာလူဖြစ်တယ်ကေဒါဖြစ်တယ်။ လက်ရှိအခြေအနေမှာ‘အရာခပ်သိမ်းဟာကေဒါပေါ်မှာတည်တယ်’ ဆိုတာကိုနားလည်ထားရမယ်” ဟုစတာလင်ကပြောခဲ့သည်။

၁၀။ ၁၉၃၅ ခုနှစ်မှ ၁၉၃၆ ခုနှစ်အတွင်းပါတီဗဟို၏လမ်းစဉ်နှင့်ကျန်းကိုထောင်၏နောက်ဆုတ်ရေးလမ်းစဉ်တို့သဘောကွဲလွဲချက်ရှိသည်ကို ဆိုလိုသည်။ «ဂျပန်နယ်ချဲ့သမားကိုဆန့်ကျင်တိုက်ခိုက်ရေးနည်းပရိယာယ်» ဟူသောဆောင်းပါး၏ရှင်းချက် ၂၂ ကိုဖတ်ပါ။ ရဲဘော်မော်စီတုန်းက “ကွဲလွဲချက် ....... ပြေရှင်းသွားပြီ” ဟုဆိုခြင်းမှာတပ်နီတော်အမှတ်၄စစ်မျက်နှာတပ်



နှင့်ဗဟိုတပ်နီတော်တို့ပေါင်းစည်းမိခြင်းကိုဆိုလိုသည်။ နောက်ပိုင်းတွင်ကျန်းကိုထောင်ကပါတီကို အတိအလင်းသစ္စာဖေါက်ကာ တန်ပြန်တော်လှန်ရေးသမားဖြစ်သွားခြင်းမှာရှေ့ဆောင်လမ်းစဉ်နှင့်မဆိုင်တော့သဲ တဦးတယောက်၏သစ္စာဖေါက်မှုသာဖြစ်သည်။

# လက်တွေ့ကျမ်း*

## — သိမြင်မှုနှင့်လက်တွေ့ဆက်စပ်ပုံ(ဝါ)သိခြင်းနှင့် လုပ်ခြင်းဆက်စပ်ပုံ

(၁၉၃၇ ခုနှစ် ဇူလိုင်လ)

မာ့က်စ်မတိုင်မီကရုပ်ဝါဒသည် သိမြင်မှုဟူသောပြဿနာကို စိစစ်ကြည့်ရှုရာ၌လူတို့၏လူ့အဖွဲ့အစည်းလက္ခဏာနှင့်၎င်း၊ လူ့သမိုင်း ဖြစ်ပေါ် တိုးတက်မှုနှင့်၎င်းကင်းကွာနေသောကြောင့် သိမြင်မှုက လူမှုရေး

---

*ကျနော်တို့ပါတီတွင်း၌ တရားသေဝါဒသမားရဲဘော်အချို့သည်တရုပ်ပြည်တော်လှန်ရေးအတွေ့အကြုံများကို လက်ခံရန် ကြာမြင့်စွာငြင်းဆန်နေကြပြီး၊ “မာ့က်စ်ဝါဒသည်တရားသေမဟုတ်၊ ပြုမူလုပ်ဆောင်ချက်၏ ရှေ့ဆောင်လမ်းပြဖြစ်သည်” ဟူသောအမှန်တရားကို အသိအမှတ်မပြုဘဲနေခဲ့ဘူး၏။ သူတို့သည် မာ့က်စ်ဝါဒစာအုပ်များထဲမှ ဟိုတလုံးဒီတပိုဒ်ဆွဲထုတ်ကာ အစိမ်းလိုက်မျိုချပြီး ၎င်းတို့ဖြင့်လူတွေကိုချောက်လှန့်ကြ၏။ ထိုရဲဘော်မျိုးအပြင် အတွေ့အကြုံဝါဒသမားရဲဘော်အချို့လည်း ရှိသေး၏။ သူတို့သည် ဟိုတပိုင်းဒီတစဖြစ်နေသော သူတို့၏အတွေ့အကြုံများကိုသာ အချိန်ကြာစွာ တွယ်ကပ်နေကြပြီး၊ တော်လှန်

လက်တွေ့အပေါ် အမှီပြုနေကြောင်း၊ (ဝါ) သိမြင်မှုသည် ကုန်ထုတ်လုပ်ရေးနှင့် လူတန်းစားတိုက်ပွဲများအပေါ် အမှီပြုနေရကြောင်းကိုနားမလည်နိုင်ချေ။

လူသားတို့၏ ကုန်ထုတ်လုပ်ရေးလုပ်ဆောင်မှုသည် အခြေခံအကျဆုံးလက်တွေ့လုပ်ဆောင်မှု ဖြစ်ပြီး၊ အခြားလုပ်ဆောင်မှုအားလုံးကို အဆုံးအဖြတ်ပေးသောအရာဖြစ်သည်ဟု ဦးစွာအားဖြင့် မာ့က်စ်ဝါဒီများကယူဆပေသည်။ လူတို့၏သိမြင်မှုသည် အဓိကအားဖြင့်ရုပ်ဝတ္ထုနှင့်ပတ်သက်သော ကုန်ထုတ်လုပ်ရေးလုပ်ဆောင်မှုအပေါ် အမှီပြုပြီး၊ သဘာဝအခြင်းအရာများ၊ သဘာဝလက္ခဏာများ၊ သဘာဝနိယာမတရားများ၊ လူတို့နှင့်သဘာဝဆက်သွယ်မှုများကို တစတစ နားလည်လာသည်။ထို့အပြင် လူလူချင်းတစ်ုံတရာသော အပြန်အလှန်ဆက်ဆံမှုကိုလည်းကုန်ထုတ်လုပ်ရေး လုပ်ဆောင်မှုမှတဆင့် မတူသောအဆင့်အတန်းအရတစတစသိမြင်လာသည်။ ကုန်ထုတ်လုပ်ရေး လုပ်ဆောင်မှု

ရေးလက်တွေ့တွင် သဘောတရား၏အရေးကြီးပုံကိုနားမလည်ကြ၊တော်လှန်ရေးအခြေအနေတရပ်လုံးကိုမမြင်ကြပေ။ သူတို့သည် အလုပ်ကိုပင်ပန်းစွာလုပ်ကြသော်လည်း၊ ဆင်ကန်းတောတိုး လုပ်နေကြခြင်းသာဖြစ်၏။ ဤရဲဘော်နှစ်မျိုးစလုံး၏မှားယွင်းသည့်အတွေးအခေါ်များကြောင့်၊ အထူးသဖြင့် တရားသေဝါဒအတွေးအခေါ်များကြောင့် ၁၉၃၁ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ တရုပ်ပြည်တော်လှန်ရေးသည်အကြီးအကျယ်ဆုံးရှုံးနစ်နာခဲ့ရ၏။ တရားသေဝါဒီများသည် မာ့က်စ်ဝါဒအရေခြုံကာရဲဘော်အမြောက်အမြားကို လှည့်ဖြားသွေးဆောင်ခဲ့၏။ ရဲဘော်မော်စီတုန်းသည်ပါတီတွင်းရှိဆန္ဒစွဲဝါဒဖြစ်သည့် တရားသေဝါဒနှင့်အတွေ့



နှင့်ကင်းကွာလျှင် ဤအသိပညာအားလုံးကိုရရှိနိုင်မည်မဟုတ်ပေ။ လူတန်းစားမရှိသော လူ့အဖွဲ့အစည်း၌ လူတိုင်းသည်လူ့အဖွဲ့အစည်းဝင်တဦးအနေဖြင့် အခြားလူ့အဖွဲ့အစည်းဝင်များနှင့်အတူ ပူးပေါင်းလုပ်ကိုင်ကြပြီးတစုံတရာသော ကုန်လုပ်ဆက်ဆံမှုဖွဲ့ကာ၊ ကုန်ထုတ်လုပ်ရေးလုပ်ဆောင်ယင်း လူသားတို့၏စားဝတ်နေရေးရုပ်ဝတ္ထုဆိုင်ရာပြဿနာများကိုဖြေရှင်းလေသည်။ လူတန်းစားရှိသည့် လူ့အဖွဲ့အစည်းအမျိုးမျိုးတွင်မူကား၊ လူတန်းစားအသီးသီးမှ လူ့အဖွဲ့အစည်းဝင်တို့သည်လည်း မတူသောအသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် တစုံတရာသောကုန်လုပ်ဆက်ဆံမှုများဖွဲ့ကာ၊ ကုန်ထုတ်လုပ်ရေးလုပ်ဆောင်ယင်း လူသားတို့၏ စားဝတ်နေရေးရုပ်ဝတ္ထုဆိုင်ရာ ပြဿနာများကို ဖြေရှင်းကြသည်။ ဤကား လူတို့သိမြင်မှုဖြစ်ပေါ်တိုးတက်ခြင်း၏ အခြေခံရေသောက်မြစ်ဖြစ်သည်။

လူတို့၏ လူမှုရေးလက်တွေ့သည် ကုန်ထုတ်လုပ်ရေးလုပ်ဆောင်မှု

အကြံ့ဝါဒအတွေ့သဖြင့်တရားသေဝါဒအမှားကို မာ့က်စ်ဝါဒ၏သိမြင်မှု သဘောတရားအမြင်ဖြင့်ဖွင့်ချဝေဖန်ရန်အတွက်ဤ «လက်တွေ့ကျမ်း» ကိုရေးသားလေသည်။ လက်တွေ့ကို အထင်သေးသောတရားသေဝါဒဖြစ်သည့် ဆန္ဒစွဲဝါဒကိုဖွင့်ချဝေဖန်ရန်အလေးထားသောကြောင့် «လက်တွေ့ကျမ်း» ဟု အမည်ပေးခြင်းဖြစ်သည်။ ရဲဘော်မော်စီတုန်းသည် ယင်အန်းမြို့ရှိ ဂျပန်ခုခံရေးစစ်ရေး နိုင်ငံရေးတက္ကသိုလ်တွင် ဤကျမ်းတွင်ပါရှိသောအမြင်များဖြင့်ပြောဟောသင်ကြားခဲ့ဘူးသည်။

အသွင်သဏ္ဌာန်တမျိုးတည်းဖြင့်သာ ကန့်သတ်နေသည်မဟုတ်ဘဲ၊ လူတန်းစားတိုက်ပွဲ၊ နိုင်ငံရေးဘဝ၊ဝိဇ္ဇာပညာနှင့် အနုပညာလုပ်ငန်းတည်းဟူသောအခြားအသွင်သဏ္ဌာန်အမျိုးမျိုးဖြင့်လည်း ရှိသေး၏၊ ခြုံ၍ဆိုသော် လူမှုရေးလက်တွေ့၏အလုံးစုံသောနယ်ပယ်များတွင် လူ့အဖွဲ့အစည်းရှိလူအားလုံး ပါဝင်လုပ်ကိုင်ကြ၏။ထို့ကြောင့် လူတို့၏သိမြင်မှုသည် ရုပ်ဝတ္ထုဘဝမှတပါး၊ နိုင်ငံရေးဘဝနှင့် ယဉ်ကျေးမှုဘဝ (၎င်းတို့သည်ရုပ်ဝတ္ထုဘဝနှင့်နီးကပ်စွာဆက်စပ်နေသည်) အတွင်းမှလည်း လူလူချင်း၏ ဆက်ဆံမှုအမျိုးမျိုးကို မတူသည့်အဆင့်အတန်းအမျိုးမျိုးအရသိရှိလာပေသည်။ ၎င်းတို့အနက် အထူးသဖြင့်လူတန်းစားတိုက်ပွဲအသွင်သဏ္ဌာန်အမျိုးမျိုးသည် လူတို့၏သိမြင်မှုဖြစ်ပေါ်တိုးတက်ခြင်းကိုလေးနက်စွာဂယက်ရိုက်သည်။ လူတန်းစားရှိသောလူ့အဖွဲ့အစည်းထဲတွင်လူတိုင်းသည်လူတန်းစားတရပ်ရပ်ထဲမှာရှိနေကြပြီး၊ အတွေးအခေါ်အမျိုးမျိုးသည် လူတန်းစားတံဆိပ်ခတ်နှိပ်မထားသည်ဟူ၍ မရှိပေ။

လူ့အဖွဲ့အစည်းကုန်ထုတ်လုပ်ရေးလုပ်ဆောင်မှုသည် အဆင့်နိမ့်ရာမှမြင့်ရာသို့ တလှမ်းပြီးတလှမ်းဖြစ်ပေါ်တိုးတက်လာ၏၊ ထို့ကြောင့်သဘာဝလောကနှင့်ပတ်သက်၍ ဖြစ်စေ၊ လူ့လောကနှင့်ပတ်သက်၍ဖြစ်စေလူတို့၏သိမြင်မှုသည်လည်း အဆင့်နိမ့်ရာမှမြင့်ရာသို့ (ဝါ) တိမ်ရာမှနက်ရာသို့၊ တဖက်သတ်ကျရာမှဖက်ပေါင်းစုံသို့ တလှမ်းပြီးတလှမ်းဖြစ်ပေါ်တိုးတက်လာသည်ဟု မာ့က်စ်ဝါဒီများကယူဆပေသည်။ အလွန်ရှည်ကြာသောသမိုင်းကာလအတွင်းတွင် လူတို့သည်လူ့အဖွဲ့အ



စည်းသမိုင်းကိုတဖက်သတ်သာနားလည်နေကြရခြင်းမှာ၊ တဖက်တွင်သွေးစုတ်သူလူတန်းစားများ၏ တယူသန်အမြင်ကလူ့အဖွဲ့အစည်း သမိုင်းကိုအမှားမှားအယွင်းယွင်းဖြစ်အောင် အမြဲပြုလုပ်နေခြင်းကြောင့်၎င်း၊ အခြားတဖက်တွင် ကုန်ထုတ်လုပ်ရေးအတိုင်းအတာသေးငယ်သည့်အချက်က လူတို့၏မြင်ကွင်းကို ကန့်သတ်ထားခြင်းကြောင့်၎င်းဖြစ်ပေသည်။ဧရာမကြီးမားသောကုန်လုပ်အင်အားစုဖြစ်သည့် အကြီးစားစက်မှုလုပ်ငန်းနှင့်တပါတည်း ခေတ်သစ်ပစ္စည်းမဲ့လူတန်းစား ပေါ်ပေါက်လာသောအချိန်ကျမှသာလျှင်၊ လူတို့သည် လူ့အဖွဲ့အစည်းသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို သမိုင်းအရ ဖက်ပေါင်းစုံ သိရှိနားလည်လာနိုင်ပြီး၊ လူ့အဖွဲ့အစည်းနှင့်ပတ်သက်သည့်သိမြင်မှုကို ဝိဇ္ဇာပညာတရပ်အဖြစ်ပြောင်းလဲနိုင်ခဲ့သည်၊ ဤကား မာ့က်စ်ဝါဒ၏ ဝိဇ္ဇာပညာပင်ဖြစ်သည်။

လူတို့၏ လူမှုရေးလက်တွေ့သည်သာလျှင်၊ ပြင်ပလောကနှင့်ပတ်သက်သောလူတို့သိရှိနားလည်မှုအတွက် အမှန်တရား၏ စံထားချက်ဖြစ်သည်ဟုမာ့က်စ်ဝါဒီများကယူဆကြသည်။ တကယ့်ဖြစ်ရပ်များမှာအောက်ပါအတိုင်းဖြစ်သည်၊ လူမှုရေး လက်တွေ့ဖြစ်စဉ်များ (ရုပ်ဝတ္ထုထုတ်လုပ်ရေးဖြစ်စဉ်၊လူတန်းစားတိုက်ပွဲဖြစ်စဉ်၊ ဝိဇ္ဇာပညာစမ်းသပ်မှုဖြစ်စဉ်) တွင်လူတို့သည် စိတ်ထဲတွင်ကြိုတင်ခန့်မှန်းထားသောအကျိုးသက်ရောက်မှုရရှိမှသာလျှင်၊ လူတို့၏ သိမြင်မှုမှန်ကန်ကြောင်း သက်သေပြချက်ရသည်။ လူတို့သည် မိမိတို့၏လုပ်ငန်းအောင်မြင်စေလိုပါက၊ ဆိုလိုသည်မှာကြိုတင်ခန့်မှန်းထားသော အကျိုးဆက်ကိုရလိုပါက၊

မိမိတို့၏အတွေးအခေါ် ကိုပကတိတည်ရှိနေသည့် ပြင်ပလောက၏ ဖြစ်ရိုးဖြစ်စဉ်တရားများနှင့် မှချကိုက်ညီစေရမည်၊ မကိုက်ညီပါက လက်တွေ့တွင် ရှုံးနိမ့်လိမ့်မည်။ အရေးနိမ့်ပြီးနောက် ၎င်းမှသင်ခန်းစာများယူပြီးပြင်ပလောက၏ဖြစ်ရိုးဖြစ်စဉ်တရားများနှင့် ကိုက်ညီအောင် မိမိ၏အတွေးအခေါ် ကိုပြုပြင်လျှင်ရှုံးနိမ့်မှုကို အောင်မြင်မှုအဖြစ် ပြောင်းလဲနိုင်သည်။ "ရှုံးနိမ့်မှုသည်အောင်မြင်မှု၏မိခင်" "တခါသေဘူး ပျဉ်ဖိုးနားလည်" ဟုသည်မှာဤသဘောပင်ဖြစ်သည်။ အနုပဋ္ဌိလောမ ရုပ်ဝါဒ၏သိမြင်မှုသဘောတရားက လက်တွေ့ကို ပထမနေရာသို့ မြှင့်တင်ထားကာ၊ လူတို့၏သိမြင်မှုသည် လက်တွေ့နှင့် စိုးစဉ်းမျှ ကင်းကွာ၍မဖြစ်နိုင်ဟုယူဆပြီး၊ လက်တွေ့၏ အရေးကြီးပုံကိုငြင်းဆိုသော၊ သိမြင်မှုကိုလက်တွေ့မှခွဲခွါစေသော မှားယွင်းသည့် သဘောတရားမှန်သမျှကို ပစ်ပယ်သည်။ "လက်တွေ့သည် (သဘောတရားရေးရာ ဖြစ်သော) သိမြင်မှုထက်မြင့်မားသည်၊ အကြောင်း မှာ၎င်းသည်တလောကလုံး သဘောဆောင်သည့်ဂုဏ်သတ္တိရှိသည့်အပြင်၊ တိုက်ရိုက်ဖြစ်ရပ်သဘောဆောင်သည့် ဂုဏ်သတ္တိလည်း ရှိသောကြောင့် ဖြစ်သည်" ၁ ဟုလီနင်ကပြောခဲ့ဘူးသည်။ မာ့က်စ်ဝါဒ၏ အနုပဋ္ဌိလောမရုပ်ဝါဒအသိမှုတွင်အထင်ရှားဆုံးထူးခြားချက်နှစ်ချက်ရှိ၏ ။ တချက်မှာ၎င်း၏ လူတန်းစားလက္ခဏာဖြစ်၏၊ ၎င်းကအနုပဋ္ဌိလောမရုပ်ဝါဒသည် ပစ္စည်းမဲ့လူတန်းစားအတွက်အကျိုးပြုသည်ဟု အတိအလင်းကြေညာထား၏။ အခြားတချက်ကား ၎င်း၏လက်တွေ့သဘောဖြစ်၏၊ ၎င်းကသဘောတရားသည် လက်တွေ့ကိုအမှီပြုရသည်၊ သဘောတရား၏အခြေခံသည်လက်တွေ့ဖြစ်သည်၊ သဘောတရားက လက်တွေ့ကိုပြန်၍အကျိုးပြုသည်ဟု အလေးအနက်ပြောဆိုထား၏။ သိမြင်မှုသို့မဟုတ်သဘောတရားသည် အမှန်တရားဟုတ်မဟုတ်ကိုဆုံးဖြတ်ရာ၌၊ ဆန္ဒပိုင်းအရမည်သို့ခံစားရသည်ဟူသောအချက်ဖြင့် မဆုံးဖြတ်ရ၊ ပကတိပိုင်း အရလူမှုရေးလက်တွေ့တွင် မည်သို့သောအကျိုးသက်ရောက်မှုရရှိသည်ဟူသည့်အချက်ဖြင့်ဆုံးဖြတ်ရမည်ဖြစ်၏။ အမှန်တရား၏ စံထားချက်မှာ လူမှုရေးလက်တွေ့သာဖြစ်နိုင်၏။ လက်တွေ့အမြင်သည် အနုပဋ္ဌိလောမရုပ်ဝါဒဆိုင်ရာသိမြင်မှုသဘောတရား၏ ပထမနှင့်အခြေခံ ဖြစ်သောအမြင်ဖြစ်သည် [၂] ။



သို့သော်လူတို့၏သိမြင်မှုသည် လက်တွေ့မှမည်သို့ပေါ် ထွက်လာပြီး၊ လက်တွေ့ကို တဖန်မည်သို့ပြန်၍အကျိုးပြုသနည်း? ဤအချက်နှင့်ပတ်သက်၍ သိမြင်မှု၏ဖြစ်ပေါ် တိုးတက်မှုဖြစ်စဉ်ကိုကြည့်လျှင်ရှင်းလင်းလာပေလိမ့်မယ်။

မူလအားဖြင့်လက်တွေ့ဖြစ်စဉ်အတွင်းတွင်လူတို့သည် အစပထမ၌ အရာဝတ္ထုများ၏အပေါ် ယံအခြင်းအရာများ၊ အရာဝတ္ထုများ၏ ဖက်တဖက်ဖက်၊ အရာဝတ္ထုတို့၏ ပြင်ပဆက်သွယ်မှုများကိုသာ တွေ့မြင်ကြသည်။ ဥပမာ အခြားအရပ်မှလူများ ယင်အန်းမြို့သို့ လာရောက်ကြည့်ရှုလေ့လာသည့်အခါ၊ ပထမတရက်နှစ်ရက်တွင် ယင်အန်းမြို့၏မြေအနေအထား၊ လမ်းများနှင့်အိမ်များ တည်နေပုံကိုမြင်တွေ့ကြ၏၊ လူအမြောက်အမြားနှင့် တွေ့ဆုံကြ၏၊ ထမင်းစားပွဲများ၊ ညှိခံပွဲများနှင့်လူထုစည်းဝေးပွဲကြီးများသို့ တက်ရောက်ကြ၏၊ ပြောဆိုချက်အမျိုးမျိုး

ကိုကြားရကြ၏၊ စာစောင်စာတမ်းအဖုံဖုံကို ဖတ်ရှုကြ၏၊ ဤသည်တို့ကား အရာကိစ္စများ၏ အပေါ်ယံအခြင်းအရာများ၊ အရာကိစ္စများ၏ ဖက်တပက်ဖက်နှင့် ဤအရာကိစ္စများ၏အပြင်ပိုင်းဆက်သွယ်မှုများဖြစ်သည်။ ၎င်းကို သိမြင်မှု၏အာရုံခံစားမှုအဆင့်ဟုခေါ်၏၊ အာရုံခံစားခြင်းနှင့်အာရုံထင်ခြင်းအဆင့်ဖြစ်၏။ ဆိုလိုသည်မှာ ယင်အန်းမြို့ရှိအထူးထူးသောဤအရာကိစ္စများသည်လေ့လာရေးအဖွဲ့မှလူကြီးမင်းများ၏အာရုံခံစားရာအင်္ဂါများအပေါ် ထင်ဟပ်လာပြီး၊ သူတို့၏အာရုံခံစားမှုကို ဖြစ်ပေါ်လာစေသည်၊ သူတို့၏ဦးနှောက်ထဲတွင် မြောက်မြားလှသောအာရုံထင်မှုများနှင့်တကွ ဤအာရုံထင်မှုများအချင်းချင်း အကြမ်းဖျင်း အပြင်ပိုင်းဆက်သွယ်မှုများ ထင်ပေါ်လာလေသည်။ ဤသည်ကား သိမြင်မှု၏ပထမအဆင့်ဖြစ်၏။ ဤအဆင့်တွင် လူတို့သည် နက်နဲသောထင်မြင်ယူဆချက်များ မဖြစ်နိုင်သေး၊ လောဂျစ်နည်း ကျသည့်ကောက်ချက်များမချနိုင်သေးပေ။

လူမှုရေး လက်တွေ့ဆက်လက်ဖြစ်ပွါးယင်း လက်တွေ့ထဲမှလူတို့၏ အာရုံခံစားမှုနှင့်အာရုံထင်မှုများ အကြိမ်ပေါင်းများစွာ အပြန်ပြန်အလှန်လှန်ဖြစ်ပေါ်လာရာ၊ သိမြင်မှုဖြစ်စဉ်အတွင်း ရုတ်ခြည်းပြောင်းလဲမှု (ခုန်လွှားတိုးတက်မှုကိုဆိုလိုသည်)တရပ် လူတို့၏ ဦးနှောက်ထဲတွင်ဖြစ်ပွါးလာပြီး ထင်မြင်ယူဆချက်ပေါ်ပေါက်လာသည်။ ထင်မြင်ယူဆချက်ဟူသည့်အရာသည် အရာကိစ္စများ၏ အပေါ်ယံအခြင်းအရာများ၊ အရာကိစ္စများ၏ဖက်တဖက်ဖက်နှင့် ၎င်းတို့၏အပြင်ပိုင်းဆက်သွယ်မှုများမဟုတ်တော့ဘဲ၊ အရာကိစ္စများ၏ အနှစ်သာရကိုရင်း၊ အ



ရာကိစ္စတခုလုံးကိုရင်း၊ အရာကိစ္စတို့၏ အတွင်းပိုင်းဆက်သွယ်မှုကိုရင်း ဆုပ်ကိုင်မိပြီ ဖြစ်၏။ ထင်မြင်ယူဆချက်သည် အရေအတွက်အားဖြင့်သာမကအရည်အချင်းအားဖြင့်လည်း အာရုံခံစားမှုနှင့် ကွာခြားပေသည်။ ဤအတိုင်းရှေ့သို့ဆက်တက်ပြန်သော်၊ ပိုင်းဖြတ်မှုနှင့် ကျိုးကြောင်းဆင်ခြင်မှုတည်းဟူသော နည်းများကို အသုံးပြုလျှင် လောဂျစ်နည်းကျသည့်ကောက်ချက်များရနိုင်ပေသည်။ ≪သုံးပြည်ထောင်ဝတ္ထု≫ တွင်ပါသည့် "မျက်မှောင်ကြုတ်က၊ အကြံရ" ဟူသည်နှင့်ကျနော်တို့နေ့စဉ်ပြောနေကျဖြစ်သော "ကျုပ်စဉ်းစားကြည့်ပါရ စေအုံး" ဟူသည်တို့မှာလူတို့၏ထင်မြင်ယူဆချက်များဖြင့် ဦးနှောက်ထဲတွင်ပိုင်းဖြတ်ရန်နှင့်ကျိုးကြောင်းဆင်ခြင်ရန်အချိန်ယူခြင်းဖြစ်သည်။ ဤသည်ကားသိမြင်မှု၏ဒုတိယအဆင့်ဖြစ်သည်။ အခြားအရပ်မှ လာကြသောလေ့လာရေးအဖွဲ့ဝင်လူကြီးမင်းများသည် အချက်အလက် အမျိုးမျိုးကိုစုဆောင်းကာ၊ သူတို့၏ "စဉ်းစားကြည့်" မှုထပ်လောင်း ပြည့်စွက်ပြီးသည့်နောက်၌၊ "ကွန်မြူနစ်ပါတီ၏ ဂျပန်ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ပေါ်လစီသည် ပြည့်စုံပြတ်သားသည်၊ ရိုးသားဖြောင့်မတ်သည်၊ အမှန်တကယ်ဖြစ်သည်" ဟူသည့်ပိုင်းဖြတ်ချက်ကို ချနိုင်မည်ဖြစ်၏။ သူတို့သည် ဤသို့ပိုင်းဖြတ်ပြီးနောက်၊ နိုင်ငံကယ်တင်ရေးအတွက်စည်းလုံးညီညွတ်မှုကိုသူတို့တကယ်ပင်လိုလားပါက၊ "ဂျပန် ခုခံရေးအမျိုးသားညီညွတ်ရေးတပ်ပေါင်းစုသည်မုချအောင်မြင်နိုင်သည်" ဟူသည့်ကောက်ချက်ကို သူတို့တဆင့်တိုး၍ချနိုင်ပေမည်။ ထင်မြင်ယူဆမှု၊ ပိုင်းဖြတ်မှုနှင့် ကျိုးကြောင်းဆင်ခြင်မှုဟူသည့် ဤအဆင့်သည်အ

ရာကိစ္စတခုခုနှင့်ပတ်သက်၍ လူတို့သိမြင်မှု၏ဖြစ်စဉ်တခုလုံးတွင် ပို့မိုအရေးကြီးသောအဆင့်ဖြစ်သည်၊ ၎င်းသည်ဆင်ခြင်သိအဆင့် ပင်ဖြစ်၏။ သိမြင်မှု၏တကယ့်လုပ်ငန်းတာဝန်ကား အာရုံခံစားမှုမှတဆင့် တွေးခေါ်မှုသို့ရောက်ရှိရန်၊ ပကတိအရာကိစ္စများ၏ အတွင်းပိုင်းပဋိပက္ခများ၊ ၎င်းတို့၏ဖြစ်ရိုးဖြစ်စဉ်တရားများ ၊ ဤဖြစ်စဉ်နှင့်ထိုဖြစ်စဉ်တို့၏ အတွင်းပိုင်းဆက်သွယ်မှုများကို တစတစ နားလည်ရန်ဖြစ်၏။ တနည်းအားဖြင့်ဆိုသော် လောဂျစ်နည်းကျသိခြင်းသို့ ရောက်ရန်ပင်ဖြစ်၏။ တဖန်ထပ်မံ၍ပြောရသော်၊ လောဂျစ်သိသည် အာရုံသိနှင့်မတူသည်မှာအောက်ပါအကြောင်းကြောင့်ဖြစ်သည်။ အာရုံသိမှာ အရာကိစ္စများ၏တဖက်သတ်ကျသော၊ အပေါ်ယံအခြင်းအရာဖြစ်သော အပြင်ပိုင်းဆက်သွယ်မှုဖြစ်သော အရာများနှင့်သာသက်ဆိုင်ပြီး လောဂျစ်သိကမူရှေ့သို့ အလှမ်းကြီးတလှမ်းတက်လိုက်ကာ၊ အရာကိစ္စများ၏ တခုလုံးကို၎င်း၊ အနှစ်သာရနှင့် အတွင်းပိုင်းဆက်သွယ်မှုများကို၎င်းသိလာသည်၊ ပတ်ဝန်းကျင်ကမ္ဘာလောကကြီး၏ အတွင်းပိုင်းပဋိပက္ခများကိုပေါ်လွင်လာစေသည်၊သို့ဖြင့်ပတ်ဝန်းကျင်ကမ္ဘာလောကကြီး တခုလုံးနှင့်၎င်း လောကကြီးဖက်အားလုံး၏ အတွင်းပိုင်းဆက်သွယ်မှုအရ၎င်း လောကကြီး၏ဖြစ်ပေါ်တိုးတက်မှုကို ပိုင်နိုင်စွာသိလာသည်။

လက်တွေ့အပေါ် အခြေစိုက်သော၊ တိမ်ရာမှနက်ရာသို့ တိုးဝင်သွားသော၊ အနုပဋိလောမရုပ်ဝါဒကျသော သိမြင်ခြင်း၏ဖြစ်ပေါ် တိုးတက်မှုဖြစ်စဉ်နှင့်ပတ်သက်သည့် ဤသဘောတရားမျိုးကို မာ့က်စ်ဝါဒမပေါ်မီ မည်သူတဦးတယောက်ကမျှ ဤသို့မဖြေရှင်းခဲ့ဘူးပေ။ မာ့က်စ်ဝါဒ၏ရုပ်ဝါဒသည် ဤပြဿနာကိုပထမဆုံးအကြိမ်မှန်ကန်စွာ ဖြေရှင်းခဲ့၏၊ သိမြင်ခြင်း၏နက်နဲသော လှုပ်ရှားမှုကို ရုပ်ဝါဒကျကျအနုပဋိလောမနည်းကျကျညွှန်ပြခဲ့၏၊ လူတို့၏ကုန်ထုတ်လုပ်ရေးနှင့် လူတန်းစားတိုက်ပွဲအတွင်းရှိရုပ်တွေးသော၊ အစဉ်သဖြင့် အပြန်ပြန်အလှန်လှန်ဖြစ်နေသောလက်တွေ့ဆောင်ရွက်ချက်များထဲတွင်၊ အာရုံသိမှ လောဂျစ်သိသို့လူ့အဖွဲ့အစည်းရှိ လူတို့တက်လှမ်းသောလှုပ်ရှားမှုကို ညွှန်ပြခဲ့သည်။ "ရုပ်ဝတ္ထု၊သဘာဝတရား၊ တန်ဖိုးအစရှိသည်တို့နှင့် ပတ်သက်သောအကောင်အထည်မဲ့အသိ၊ ချုပ်၍ ပြောရလျှင် ဗိဇ္ဇာနည်းကျသော (မှန်ကန်သော၊ လေးနက်တည်ကြည်သော၊ အရမ်းပြောခြင်းမဟုတ်သော) အကောင်အထည်မဲ့ အသိအားလုံးတို့သည်၊ သဘာဝကိုပိုမိုနက်နဲ၊ ပိုမိုမှန်ကန်၊ ပိုမိုပြည့်စုံစွာ ရောင်ပြန်ဟပ်လျက်ရှိသည်" ၉ ဟု လီနင်ကပြောခဲ့၏။သိမြင်မှုဖြစ်စဉ်အတွင်းရှိ အဆင့်နှစ်ဆင့်၏ထူးခြားချက်မှာနိမ့်သောအဆင့်တွင်သိမြင်မှုသည် အာရုံခံစားမှုဖြစ်ပြီး၊ မြင့်သောအဆင့်တွင်သိမြင်မှုသည် လောဂျစ်သိဖြစ်သည်၊ သို့သော် မည်သည့်အဆင့်မဆို သိမြင်မှု၏ တပေါင်းတစည်းတည်းသော ဖြစ်စဉ်အတွင်းရှိအဆင့်များဖြစ်သည်ဟု မာ့က်စ်လီနင်ဝါဒကယူဆသည်။ အာရုံသိနှင့်ဆင်ခြင်သိသည် အနှစ်သာရအရမတူသော်လည်း၊ တခုနှင့်တခုကင်းကွာနေသည်မဟုတ်ဘဲ၊ လက်တွေ့တည်းဟူသော အခြေခံပေါ်တွင်ပေါင်းစည်းလာပေသည်။ အာရုံခံစား၍ရသောအရာများကို ကျနော်တို့ချက်ခြင်းနားမလည်နိုင်၊ နားလည်ပြီးသော အရာများကိုသာပို၍လေးနက်စွာအာရုံခံစားနိုင်ကြောင်းကို ကျနော်တို့၏ လက်တွေ့

များက သက်သေပြခဲ့သည်။ အာရုံခံစားမှုသည် အပေါ်ယံအခြင်းအရာပြဿနာကိုသာ ဖြေရှင်းနိုင်ပြီး၊ သဘောတရားကသာ အနှစ်သာရနှင့်ပတ်သက်သော ပြဿနာကို ဖြေရှင်းနိုင်၏။ ဤပြဿနာများကို ဖြေရှင်းရာတွင် လက်တွေ့နှင့်ဝိုးစဉ်းမျှကင်းကွာ၍မဖြစ်နိုင်ပေ။ မည်သူမဆို အရာဝတ္ထုတခုခုကို သိနားလည်လိုပါက ထိုအရာဝတ္ထုနှင့်ထိတွေ့ခြင်း၊ ဆိုလိုသည်မှာထိုအရာဝတ္ထု၏ပတ်ဝန်းကျင်တွင် နေထိုင်(လက်တွေ့လုပ်ဆောင်) ခြင်းမှလွဲ၍အခြားနည်းဖြင့် ဖြေရှင်း၍မရချေ။ ပဒေသရာဇ်လူ့အဖွဲ့အစည်း၌ အရင်းရှင်လူ့အဖွဲ့အစည်း၏ ဖြစ်ရိုးဖြစ်စဉ်တရားကိုကြိုတင်မသိမြင်နိုင်၊ အဘယ်ကြောင့်ဆိုသော် အရင်းရှင်စနစ်မပေါ်ပေါက်သေး၊ ၎င်းနှင့်ပတ်သက်သော လက်တွေ့ မရှိသေးသောကြောင့် ဖြစ်သည်။ မာ့က်စ်ဝါဒသည် အရင်းရှင်လူ့အဖွဲ့အစည်းမှသာ ပေါ်ထွက်လာသောအရာဖြစ်နိုင်သည်။ မာ့က်စ်သည် လွတ်လွတ်လပ်လပ်ရှိသောအရင်းရှင်စနစ်ခေတ်တွင်၊ နယ်ချဲ့စနစ်ခေတ်၏ ထူးခြားသည့်ဖြစ်ရိုးဖြစ်စဉ်တရားအချို့ကို အတိအကျကြိုတင်၍မသိမြင်နိုင်၊ အဘယ်ကြောင့်ဆိုသော် အရင်းရှင်စနစ်၏နောက်ဆုံးအဆုံးအဆင့် ဖြစ်သောနယ်ချဲ့စနစ်ဆိုက်ရောက်မလာသေး၊ ၎င်းနှင့်ပတ်သက်သောလက်တွေ့မျိုးလည်း မရှိသေးသောကြောင့်ဖြစ်သည်။ လီနင်နှင့်စတာလင်တို့ကသာလျှင်ဤလုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်ခဲ့သည်။ မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်တို့သည် သူတို့၏သဘောတရားရေးများကို ဖန်တီးပြုစုနိုင်သည့်အကြောင်းမှာ၊ သူတို့၏ ဉာဏ်ထက်မြက်မှုဟူသည့် အချက်အလက်အပြင်၊ အဓိကအားဖြင့် သူတို့သည်ထိုခေတ်ကလူတန်း



စားတိုက်ပွဲနှင့် ဝိဇ္ဇာပညာစမ်းသပ်မှုဟူသည့် လက်တွေ့တွင်ကိုယ်တိုင်ပါဝင်ခြင်းကြောင့်ဖြစ်သည်၊ ပေါ်ပြပါဒုတိယအချက်အလက် မရှိလျှင်၊ ဉာဏ်မည်မျှပင်ထက်မြက်သည်ဖြစ်စေ အောင်မြင်နိုင်မည်မဟုတ်ချေ။ "အိမ်တွင်းနေဘိ၊ ပညာရှိကား၊ လောကကြောင်းရာ၊ စုံစွာသိလိမ့်" ဟူသည့်စကားသည်အတတ်ပညာမတွန်းကားသော ရှေးခေတ်ကဆိုလျှင် ယုံတမ်းစကားမျှသာဖြစ်၏၊ အတတ်ပညာတွန်းကားသော ယခုခေတ်တွင်မူ ဤစကားကို အကောင်အထည် ပေါ်နိုင်သည်ဟု ဆိုသည့်တိုင်အောင်၊ တကယ်ကိုယ်တိုင်သိသူများကား ကမ္ဘာပေါ်တွင် လက်တွေ့လုပ်ဆောင်နေသူများသာ ဖြစ်သည်၊ ထိုသူများသည် သူတို့၏လက်တွေ့လုပ်ဆောင်ချက်မှ "သိရှိမှု" ကိုရပြီး၊ သူတို့၏သိရှိမှုများသည်ရေးသားချက်များနှင့်အတတ်ပညာနည်းများဖြင့် "ပညာရှိ" ၏လက်တွင်းသို့တဆင့်ရောက်သွားမှသာ၊ ထိုပညာရှိကြီးသည်သွယ်ဝိုက်သည့်နည်းဖြင့် "လောကကြောင်းရာ၊ စုံစွာသိလိမ့်" မည်ဖြစ်၏။ အရာဝတ္ထုတခုခု သို့မဟုတ်အချို့ကိုတိုက်ရိုက်သိလိုပါက၊ တည်ရှိနေသော ဖြစ်ရပ်ကို၎င်း၊ အရာဝတ္ထုတခုခု သို့မဟုတ်အချို့ကို၎င်း ပြောင်းလဲသည့်လက်တွေ့တိုက်ပွဲတွင်ကိုယ်တိုင်ပါဝင်မှသာ၊ ထိုအရာဝတ္ထု သို့မဟုတ်ထိုအရာဝတ္ထုအချို့၏အပေါ်ယံအခြင်းအရာများနှင့်ထိတွေ့နိုင်သည်၊ တည်ရှိနေသောဖြစ်ရပ်ကိုပြောင်းလဲသည့်လက်တွေ့တိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်မှသာလည်း ထိုအရာဝတ္ထုသို့မဟုတ်ထိုအရာဝတ္ထုများ၏အနှစ်သာရများကို ပေါ်လွင်စေနိုင်ပြီး၎င်းတို့ကိုသိရှိနားလည်နိုင်သည်။ ဤကားမည်သူမဆို တကယ်ပင်သွားနေရသော သိမြင်မှုလမ်းကြောင်းဖြစ်သည်၊ သို့သော်လူ

အချို့က ဤအချက်ကိုဆန့်ကျင်ကာ တမင်တလွဲတချော်ဖြစ်အောင် ပြောကြသည်၊ ကမ္ဘာပေါ်တွင် ရယ်စရာအကောင်းဆုံးသူများကား "ဘာမဆိုအကုန်သိသူများ"ဖြစ်ကြ၏၊ သူတို့သည်လေဖမ်းဝါးလုံးတန်း ချည်ကာတစ္စန်းတစသိရုံဖြင့်မိမိတို့ကိုယ်ကို "ဇမ္ဗူမှာတလူ" ဟုကြွား ဝါကြ၏၊ ဤသို့ပြုခြင်းမှာ သူတို့ကိုယ်သူတို့ရှိသည်ထက်ပိုခန့်မှန်းခြင်း ဖြစ်ကြောင်းအပြည့်အဝသိနိုင်ပေသည်။ အသိပညာကား ဝိဇ္ဇာနည်း ကျကိစ္စတရပ်ဖြစ်ရာစိုးစဉ်းမျှတတ်ယောင်ကား လုပ်၍မဖြစ်၊ စိုးစဉ်းမျှ ဘဝင်မြင့်၍မဖြစ်ပေ၊ တကယ်လိုအပ်သည့်အချက်ကား ရင်းနှင့်ပြောင်း ပြန်ဖြစ်သည့်ရိုးသားမှုနှင့်စိတ်ထားနှိမ့်ချမှုပင်ဖြစ်သည်။ သင်သည်အ သိပညာရရှိလိုပါက၊ တည်ရှိနေသောဖြစ်ရပ်ကို ပြောင်းလဲသည့်လက် တွေ့အလုပ်တွင်ပါဝင်ရမည်။ သစ်သော်သီး၏အရသာကို သင်သိလိုပါ ကသစ်သော်သီး၏ ဖြစ်ရပ်ကိုပြောင်းလဲရမည်၊ ကိုယ်တိုင်စားကြည့်ရ မည်။ အနုမြူဖွဲ့စည်းပုံနှင့်အနုမြူ၏ပင်ကိုယ်သဘာဝကို သင်သိလိုပါက၊ ရူပဗေဒနှင့်ဓါတုဗေဒစမ်းသပ်မှုများ လုပ်ရမည်၊ အနုမြူ၏အခြေအနေ ကိုပြောင်းလဲပစ်ရမည်ဖြစ်၏။ တော်လှန်ရေးသဘောတရားနှင့် နည်း နာများကိုသင်သိလိုပါက၊ တော်လှန်ရေးထဲ ပါဝင်ဆောင်ရွက်ရမည်။ တကယ့်အသိပညာမှန်သမျှသည်တိုက်ရိုက်အတွေ့အကြုံမှစပြီးဖြစ်ပေါ် လာခြင်းဖြစ်သည်။ သို့သော်လူတို့သည် အရာရာတိုင်းတွင်တိုက်ရိုက်အ တွေ့အကြုံခံယူနိုင်ကြသည်မဟုတ်၊ စင်စစ်မှာ ကျနော်တို့၏အသိပညာ သည် အများအားဖြင့် သွယ်ဝိုက်အတွေ့အကြုံမှ ရရှိသော အရာများ ဖြစ်သည်၊ ရှေးခေတ်နှင့်နိုင်ငံခြားမှ ရသောအသိပညာအားလုံးသည်



ဤသို့ပင်ဖြစ်သည်။ ဤအသိပညာများမှာရှေးလူများ၊ နိုင်ငံခြားသား များအနေဖြင့် တိုက်ရိုက်အတွေ့အကြုံများမှရရှိသော အရာများဖြစ် သည်၊ အကယ်၍ ရှေးလူများနှင့် နိုင်ငံခြားသားများ တိုက်ရိုက်ကိုယ် တွေ့လုပ်ဆောင်ရာတွင်၊ ယင်းအသိပညာများသည် လီနင်ပြောဆို သော "ဝိဇ္ဇာနည်းကျအကောင်အထည်မဲ့အသိ" ဟူသည့်အချက်အ လက်နှင့်ကိုက်ညီပါက၊ ပကတိအရာဝတ္ထုများကို ဝိဇ္ဇာနည်းကျ ရောင် ပြန်ဟပ်ပါက ယုံကြည်အားထားလောက်သည်၊ ထိုသို့မဟုတ်လျှင်ယုံ ကြည်အားထားနိုင်သည်မဟုတ်ချေ။ သို့ဖြစ်၍ လူတဦးတယောက်၏ အသိပညာသည် တိုက်ရိုက်အတွေ့အကြုံနှင့်သွယ်ဝိုက်အတွေ့အကြုံမှ ရ သောအသိပညာဟူ၍အပိုင်းနှစ်ပိုင်းသာရှိသည်။ ထို့ပြင် ကျနော်တို့၏ သွယ်ဝိုက်အတွေ့အကြုံသည် အခြားသူများ၏ တိုက်ရိုက်အတွေ့အကြုံ ဖြစ်သည်။ ထို့ကြောင့်အသိပညာတခုလုံးကို ခြုံ၍ပြောရသော်၊ မည်သို့ သောအသိပညာမျိုးမဆိုတိုက်ရိုက်အတွေ့အကြုံနှင့် ကင်းကွာ၍ မဖြစ် နိုင်ချေ။ မည်သည့်အသိပညာမဆိုလူ့ခန္ဓာကိုယ်ရှိအာရုံခံစားရေးအင်္ဂါ များမှနေ၍ ပကတိပြင်ပလောကကိုအာရုံခံစားရာမှ ပေါ်လာခြင်းဖြစ် ၏။ အကြင်သူသည်ဤအာရုံခံစားခြင်းကိုငြင်း၊ တိုက်ရိုက်အတွေ့အကြုံ ကိုငြင်း၊ တည်ရှိနေသောဖြစ်ရပ်ကို ပြောင်းလဲပစ်သည့်လက်တွေ့တွင် ကိုယ်တိုင်ပါဝင်ခြင်းကိုငြင်း ငြင်းပယ်ပါလျှင်၊ ထိုသူသည်ရုပ်ဝါဒသမား မဟုတ်ချေ။ "ဘာမဆိုအကုန်သိသူများ" သည်ရယ်စရာကောင်းသည် ဟုဆိုခြင်းမှာ ဤအကြောင်းကြောင့်ပင်ဖြစ်၏။ "ကျားအောင်းရာဂူ ထဲ မဝင်ဘဲနဲ့၊ ကျားငယ်ကလေး၊ ရနိုင်ခဲ၏" ဟူသည့်တရုတ်ရှေးစကား

ပုံတခုရှိသည်။ ဤစကားပုံသည် လူတို့၏လက်တွေ့အဖို့အမှန်တရားဖြစ်၏၊ သိမြင်မှုသဘောတရားအဖို့လည်း အမှန်တရားဖြစ်ပေသည်။ လက်တွေ့နှင့်ကင်းကွာသောသိမြင်မှုသည်မရှိနိုင်ချေ။

တည်ရှိနေသောဖြစ်ရပ်များကို ပြောင်းလဲပစ်သည့် လက်တွေ့အပေါ် အခြေစိုက်၍ပေါ်ပေါက်လာသည့်အနုပဋိလောမရုပ်ဝါဒ ကျသော သိမြင်ရေး၏လှုပ်ရှားမှု (ဝါ) သိမြင်ရေး တဖြေးဖြေး နက်နဲလာသော လှုပ်ရှားမှုကို ရှင်းလင်းစွာသဘောပေါက်စေရန်အတွက်၊ အောက်ပါဥပမာအချို့ကိုထပ်မံဖော်ပြပါမည်။

အရင်းရှင်လူ့အဖွဲ့အစည်း နှင့်ပတ်သက်၍ ပစ္စည်းမဲ့လူတန်းစား၏ သိမြင်မှုသည်၊ စက်ကရိယာများရိုက်ချိုးခြင်း၊ အလိုအလျောက်ပေါ်ပေါက်သည့်တိုက်ပွဲများဆင်နွှဲခြင်းကို သူတို့လက်တွေ့လုပ်သည့် အစပိုင်းကာလတွင်၊ အာရုံသိအဆင့်၌သာရှိသေး၏၊ အရင်းရှင်စနစ်ဆိုင်ရာအခြင်းအရာအသီးသီး၏ တဖက်သတ်ကျမှုနှင့် ပြင်ပဆက်သွယ်မှုလောက်သာသူတို့သိမြင်ကြသည်။ ထိုစဉ်ကသူတို့သည် "မိမိဖါသာရှိသောလူတန်းစား" သာဖြစ်နေသေး၏။ သို့သော် အသိရှိရှိစည်းရုံးမှုရှိဖြင့် စီးပွါးရေးတိုက်ပွဲများ နိုင်ငံရေးတိုက်ပွဲများကို သူတို့လက်တွေ့ဆင်နွှဲသည့်ဒုတိယကာလပိုင်းသို့ ရောက်သောအခါ၊ ပစ္စည်းမဲ့လူတန်းစားသည်အရင်းရှင်လူ့အဖွဲ့အစည်း၏ အနှစ်သာရကိုင်း၊ လူ့အဖွဲ့အစည်းရှိ လူတန်းစားများ၏ သွေးစုတ်သော လူမှုဆက်ဆံရေးကိုင်း၊ ပစ္စည်းမဲ့လူတန်းစား၏ သမိုင်းပေးလုပ်ငန်းတာဝန်ကိုင်းနားလည်လာသည်၊ ဤသို့ နားလည်ခြင်းမှာ၊ လက်တွေ့များကြောင့်ရင်း၊ ကာလ



ရှည်တိုက်ပွဲအတွေ့အကြုံများရရှိပြီး မာ့က်စ်နှင့်အိန်ဂယ်တို့က ယင်းအတွေ့အကြုံအမျိုးမျိုးကို ဝိဇ္ဇာနည်းကျ စုစည်းပေါင်းချုပ်လိုက်သဖြင့် မာ့က်စ်ဝါဒ သဘောတရား ပေါ်ပေါက်လာကာ၊ ၎င်းသဘောတရားဖြင့်ပစ္စည်းမဲ့လူတန်းစားကို ပညာပေးခြင်းကြောင့်ရင်း ဖြစ်သည်။ ဤအခါတွင် သူတို့သည် "မိမိအဖို့ဖြစ်သောလူတန်းစား" အဖြစ်ပြောင်းလာတော့၏။

နယ်ချဲ့စနစ်နှင့်ပတ်သက်၍ တရုပ်ပြည်သူတို့၏သိမြင်မှုသည်လည်း ဤအတိုင်းပင်ဖြစ်သည်။ ပထမအဆင့်မှာအပေါ်ယံသာသိသောအာရုံသိအဆင့်ဖြစ်ပြီး၊ နိုင်ငံခြားဟူသမျှကိုသိမ်းကျုံးဆန့်ကျင်သော "ထိုက်ဖင်းထျင်းကို" အရေးတော်ပုံနှင့် "ယီဟိုထွမ်" အရေးတော်ပုံစသည့်တိုက်ပွဲများဖြင့်ပေါ်ပြ၏။ ဒုတိယအဆင့်ကျမှသာ ဆင်ခြင်သိအဆင့်သို့ရောက်လာ၏၊ ဤအဆင့်တွင် နယ်ချဲ့စနစ်၏အတွင်းပိုင်းနှင့် အပြင်ပိုင်းရှိပဋိပက္ခအမျိုးမျိုးကို တွေ့မြင်လာရုံမက၊ နယ်ချဲ့သမားများသည် တရုပ်လက်ဝေခံလူတန်းစား ပဒေသရာဇ်လူတန်းစားတို့နှင့် ပူးပေါင်းပြီးတရုပ်ပြည်သူလူထုကြီးကို ဖိနှိပ်သွေးစုတ်သည့် ပင်ကိုယ်သဘာဝကိုလည်းတွေ့မြင်လာကြသည်၊ ဤသို့သောသိမြင်မှုသည် ၁၉၁၉ ခုနှစ်မေလ ၄ ရက်နေ့အရေးတော်ပုံ ပေါ်ပေါက်လာသည့် အချိန်လောက်ကစတင်ခဲ့ပေသည်။

စစ်ပွဲအကြောင်းကို ကျနော်တို့ ကြည့်ကြဦးစို့၊ စစ်ပွဲကို ခေါင်းဆောင်သူများသည် အကယ်၍စစ်ပွဲအတွေ့အကြုံမရှိသော သူများဖြစ်လျှင်၊ အခိုင်အမာလက်တွေ့စစ်ပွဲတပွဲ (ဥပမာလွန်ခဲ့သည့် ၁၀ နှစ်အ

တွင်း ကျနော်တို့ဆင်နွှဲခဲ့သော မြေယာတော်လှန်ရေးစစ်) အတွက်နက်နဲသောညွှန်ကြားရေးတရားများကို အစပိုင်းက သိရှိနားလည်ဦးမည်မဟုတ်ချေ။ အစပိုင်းအဆင့်တွင် သူတို့သည်ကိုယ်တိုင်တိုက်ပွဲများစွာတိုက်သည့်အတွေ့အကြုံရရုံသာရပြီး၊ ရှုံးရသောအကြိမ်ပေါင်းလည်းများစွာပင်ရှိခဲ့သေး၏။ သို့ဖြင့်ယင်းအတွေ့အကြုံ (အောင်မြင်သောအတွေ့အကြုံ၊ အထူးသဖြင့်ရှုံးနိမ့်သော အတွေ့အကြုံ) များမှ သူတို့သည်စစ်ပွဲတခုလုံး အစမှအဆုံးထိ ဆက်သွယ်နေသောအတွင်းပိုင်းအရာများဆိုလိုသည်မှာ ထိုအခိုင်အမာစစ်ပွဲ၏တရားများကို နားလည်လာနိုင်သည်၊ သေနင်္ဂဗျူဟာနှင့်စစ်ပရိယာယ်များကိုနားလည်လာနိုင်သည်။ သို့ဖြင့်စစ်ပွဲကိုပိုင်နိုင်စွာဦးစီးလာနိုင်သည်။ ဤသို့သောအခါတွင် အတွေ့အကြုံမရှိသူတဦးအားပြောင်း၍ ဦးစီးခိုင်းပါမူ၊ သူလည်း တိုက်ပွဲများတွင်ရှုံးခဲ့ရပြီးနောက် (အတွေ့အကြုံများရရှိပြီးနောက်) မှသာလျှင်၊ စစ်ပွဲ၏မှန်ကန်သော တရားများကိုနားလည်နိုင်ပေမည်။

ရဲဘော်အချို့သည်လုပ်ငန်းတာဝန်တခုခုကို ရဲရဲတင်းတင်းလက်မခံဝံ့သောအခါတွင် "ဒီအလုပ်ကျနော်မပိုင်ဘူး" ဟုပြောသည်ကို မကြာခဏကြားရ၏။ ဘာကြောင့်မပိုင်သလဲ? အကြောင်းမှာသူသည်ဤလုပ်ငန်း၏ အတွင်းသဘောနှင့် ပတ်ဝန်းကျင်အခြေအနေတို့နှင့် ပတ်သက်သည့် ဖြစ်ရိုးဖြစ်စဉ်တရားကို နားမလည်ခြင်းကြောင့်၎င်း၊ ဤအလုပ်မျိုးကိုတခါမျှသူမကြုံဘူးခြင်း သို့မဟုတ်အကြုံရနည်းခြင်းကြောင့်၎င်းဖြစ်သည်၊ သို့ဖြစ်ရာ ဤအလုပ်မျိုး၏ဖြစ်ရိုးဖြစ်စဉ်တရားဟူ၍ပြောနိုင်စရာအကြောင်းမရှိတော့ချေ။ အလုပ်အကြောင်းနှင့် ပတ်ဝန်းကျင်



အခြေအနေကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာပြီးနောက်၊ သူသည်ပိုင်နိုင်မှုအတော်အသင့်ရှိလာပြီဟု ထင်သည့်အခါ၊ ယင်းအလုပ်ကိုဆောင်ရွက်လိုစိတ်ရှိလာပေမည်။ အကယ်၍ထိုသူသည် ယင်းအလုပ်ကိုဆောင်ရွက်ရာတွင်အချိန်အတန်ကြာပါက၊ ယင်းအလုပ်နှင့် ပတ်သက်သည့်အတွေ့အကြုံရလာလိမ့်မည်၊ ထိုပြင်သူသည် ပြဿနာများကိုဆန္ဒစွဲကျစွာ၊ တဖက်သတ်ကျစွာ၊ အပေါ်ယံကျစွာ ကြည့်ရှုသူမဟုတ်ဘဲ၊ အခြေအနေကိုစိတ်ထားနိမ့်ချစွာစိစစ်လေ့လာသူ တယောက်ဖြစ်ပါက၊ သူသည်အလုပ်ကို ဘယ်လိုဆောင်ရွက်ရမည်ဆိုသည့်အချက်နှင့်ပတ်သက်၍ နိဂုံးချုပ်ချက်ရရှိနိုင်လိမ့်မည်၊ လုပ်ကိုင်ဆောင်ရွက်ရန် သူ၏သတ္တိလည်းအများကြီး တိုးလာပေလိမ့်မည်။ ပြဿနာကိုဆန္ဒစွဲကျကျ၊ တဖက်သတ်ကျကျ၊ အပေါ်ယံကျကျကြည့်ရှုသောသူများသည်သာလျှင်၊ တနေရာရာသို့ ရောက်သွားသည့်အခါ၊ ပတ်ဝန်းကျင်အခြေအနေကိုလည်းမမေး၊ ကိစ္စများကိုလည်း တခုလုံးအနေဖြင့် (ကိစ္စများ၏ ဖြစ်ပျက်လာပုံနှင့်မျက်မှောက်အခြေအနေတခုလုံး) မကြည့်၊ ကိစ္စများ၏အနှစ်သာရ (ကိစ္စများ၏လက္ခဏာ၊ ဤကိစ္စနှင့်ထိုကိစ္စအတွင်းပိုင်း ဆက်သွယ်မှု) ကိုလည်းသိအောင်မလုပ်ဘဲ၊ မိမိကိုယ်ကိုဟုတ်လှပြီအထင်နှင့်အမိန့်ပေးကြသည်။ ဤသို့သောသူများသည်၊ ရှုံးပြန်ကျမှာသေချာသည်။

အထက်ပါအချက်များမှ တွေ့မြင်နိုင်သည်မှာ သိမြင်မှု၏ ဖြစ်စဉ်တွင်ပထမခြေလှမ်းမှာပြင်ပလောကရှိ အကြောင်းအရာများနှင့် စတင်ထိတွေ့ခြင်းကားအာရုံခံစားခြင်းအဆင့်ဖြစ်သည်။ ဒုတိယခြေလှမ်းမှာအာရုံခံစား၍ ရသောအချက်အလက်များကို စုစည်းပေါင်းချုပ်ပြီး စ

နှစ်တကျစီစဉ်ခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းကား ထင်မြင်ယူဆမှု၊ ပိုင်းဖြတ်မှုနှင့်ကျိုးကြောင်းဆင်ခြင်မှုဟူသော အဆင့်ဖြစ်၏။ အာရုံခံစား၍ရသောအချက်အလက်များအလွန်ကြွယ်ဝ (တပိုင်းတစနှင့် မပြည့်မစုံမလုံမလောက်မဟုတ်) ပြီး၊ တကယ့်ဖြစ်ရပ်များနှင့် ကိုက်ညီ (မှားယွင်းသောအာရုံခံစားမှုမဟုတ်) မှသာလျှင်၊ ဤသို့သောအချက်အလက်များကိုအခြေတည်ပြီး မှန်ကန်သော ထင်မြင်ယူဆချက်များနှင့် လောဂျစ်တရားများဖန်တီးနိုင်သည်။

ဤနေရာတွင်အရေးကြီးသော အချက်နှစ်ချက်ကို အလေးထား၍ ထပ်မံညွှန်ပြရပေမည်။ ပထမအချက်မှာ အထက်တွင်ဖော်ပြပြီးခဲ့သော ဆင်ခြင်သိသည်အာရုံသိအပေါ် အမှီပြုရသည်ဟူသည့်ပြဿနာကို ထပ်လောင်းပြောဆိုလိုပါသည်၊ အကယ်၍အကြင်သူတဦးတယောက်သည် ဆင်ခြင်သိကိုရရှိဖို့အတွက်အာရုံသိမှတဆင့် ယူရန်မလိုဟုယူဆပါလျှင်၊ ထိုသူသည်စိတ်ဝါဒသမားဖြစ်၏။ အတိတ်မှ သမိုင်းတွင် "ဆင်ခြင်ရေးသက်သက်ဝါဒ" ဂိုဏ်းဟူ၍ရှိခဲ့ဘူး၏၊ ၎င်းသည်ဆင်ခြင်မှု၏ စစ်မှန်မှုကိုသာအသိအမှတ်ပြုပြီး၊ အတွေ့အကြုံ၏စစ်မှန်မှုကို အသိအမှတ်မပြုပေ၊ ဆင်ခြင်မှုသာလျှင် အားကိုးလောက်သည်၊ အာရုံခံစား၍ ရသောအတွေ့အကြုံသည် အားမကိုးလောက်ဟု ယူဆသည်၊ ဤဂိုဏ်း၏ အမှားမှာ တကယ့်ဖြစ်ရပ်များကို ကပြောင်းကပြန်လုပ်ပစ်ခြင်း ပင်ဖြစ်သည်။ ဆင်ခြင်၍ ရရှိသောအရာများအားကိုးလုံခြင်းမှာ အာရုံခံစားမှုမှ ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်၏။ သို့မဟုတ်ပါက၊ ဆင်ခြင်ထားသောအရာများသည်မြစ်ဖျားမရှိသောမြစ်၊ အမြစ်မရှိသော သစ်ပင်ကဲ့



သို့ မိမိ၏ဆန္ဒပိုင်းအရ အလိုအလျောက်ပေါ် ပေါက်လာသည့် မခိုင်လုံသောအရာသာဖြစ်ပေမည်။ သိမြင်မှုဖြစ်စဉ်၏ အစီအစဉ်အရဆိုလျှင်၊ အာရုံခံစား၍ရသောအတွေ့အကြုံသည်ပထမအရာဖြစ်သည်၊ အသိဖြစ်စဉ်အတွင်း၌လူမှုရေးလက်တွေ့၏အရေးပါပုံကိုကျနော်တို့ အလေးထားညွှန်ပြရခြင်းမှာ၊ လူမှုရေးလက်တွေ့သည်သာလျှင်လူတို့၏ သိမြင်မှုကိုစတင်ဖြစ်ပေါ် စေနိုင်သောကြောင့်၊ အာရုံခံစားမှု အတွေ့အကြုံများကို ပကတိပြင်ပလောကမှ စတင်ရရှိစေသောကြောင့်ဖြစ်သည်။ မိမိမျက်စိကိုမှိတ် နားကိုပိတ်ထားကာ ပကတိပြင်ပလောကနှင့်လုံးလုံးအဆက်ပြတ်နေသူအဖို့သိမြင်မှုဟူ၍မရှိနိုင်ပေ။ သိမြင်မှုသည် အတွေ့အကြုံမှစသည်၊ ဤကားသိမြင်မှုဆိုင်ရာရုပ်ဝါဒပင်တည်း။

ဒုတိယအချက်မှာသိမြင်မှုကို နက်နဲလာအောင်လုပ်ရန်လို၏၊ သိမြင်မှု၏အာရုံခံစားမှုအဆင့်ကို ဆင်ခြင်မှုအဆင့်သို့ ဖြစ်ပေါ်တိုးတက်အောင်လုပ်ရန်လို၏၊ ဤကား သိမြင်မှုဆိုင်ရာအနုပဋိလောမနည်းဖြစ်သည်[၅]။ သိမြင်မှုသည်အဆင့်နိမ့်သောအာရုံခံစားမှုတွင် ရပ်တန့်နေနိုင်သည်ဟူ၍၎င်း၊ ဆင်ခြင်သိသည်စိတ်မချရ၊ အာရုံခံအသိသာလျှင်စိတ်ချရသည်ဟူ၍၎င်းထင်မှတ်ခဲ့သော်၊ သမိုင်းတွင် ရှိခဲ့သော "အတွေ့အကြုံဝါဒ" အမှားများကိုထပ်မံမှားခြင်းပင်ဖြစ်၏။ ဤသဘောတရားမျိုး၏အမှားသည် အောက်ပါအချက်ကိုနားမလည်သောကြောင့်ဖြစ်သည်။ အာရုံခံစား၍ရသောအချက်အလက်များသည် ပကတိ ပြင်ပလောကကို တစုံတရာမှန်ကန်စွာ ရောင်ပြန်ဟပ်သော်လည်း (ဤနေရာတွင်အတွေ့အကြုံသည် မိမိ၏စိတ်အတွင်းမှခံစားမှုသာဖြစ်သည် ဆို

သော စိတ်ဝါဒဆိုင်ရာအတွေ့အကြုံဝါဒကိုမဆိုလိုပေ)၊ ၎င်းတို့သည် တဖက်သတ်ကျသောအရာနှင့် အပေါ်ယံအရာများသာဖြစ်သည်၊ ဤသို့သောရောင်ပြန်ဟပ်ခြင်းသည် မပြည့်စုံ၊ အရာဝတ္ထုများ၏ အနှစ်သာရကိုရောင်ပြန်မဟပ်သေးဟူသည်ကို နားမလည်သောကြောင့် ဖြစ်၏။ အရာဝတ္ထုတခုလုံးကို လုံးဝရောင်ပြန်ဟပ်ရန်၊ အရာဝတ္ထုများ၏ အနှစ်သာရကိုရောင်ပြန်ဟပ်ရန်၊ အရာဝတ္ထုများ၏ အတွင်းပိုင်းတရားများကိုရောင်ပြန်ဟပ်ရန်အတွက်၊ အာရုံခံစား၍ ရရှိသောကြွယ်ဝသည့်အချက်အလက်များအားစဉ်းစားတွေးတောခြင်းဖြင့်၊ အကာကိုပစ် အနှစ်ကိုယူ၊ အတုကိုပစ် အစစ်ကိုယူ၊ ဤအချက်မှ ထိုအချက်သို့၊ အပေါ်ယံမှ အတွင်းပိုင်းသို့ ထိုးထွင်းခြင်းဟူသည့် ပြုပြင်ပြောင်းလဲမှု လုပ်ယင်း ထင်မြင်ယူဆချက်များနှင့် သဘောတရားများ ကို စနစ်တကျ ဖြစ်စေရမည်၊ အာရုံသိမှဆင်ခြင်သိသို့ ခုန်လွှားတိုးတက်သွားရမည်ဖြစ်၏။ ပြုပြင်ပြောင်းလဲပြီးဖြစ်သော ဤသိမြင်မှုမျိုးသည် ပို၍အနှစ်မဲ့ဖြစ်သွားသည်မဟုတ်၊ ပို၍မခိုင်မလုံဖြစ်သွားသည် မဟုတ်၊ ၎င်းနှင့်ဆန့်ကျင်စွာပင်သိမြင်မှုဖြစ်စဉ်အတွင်းလက်တွေ့အပေါ် အခြေစိုက်၍ ဝိဇ္ဇာနည်းကျ ပြုပြင်ပြောင်းလဲထားသောအရာမှန်လျှင် လီနင်ပြောခဲ့သလိုပကတိအရာဝတ္ထုများကို ပို၍နက်နဲ၊ ပို၍မှန်ကန်၊ ပို၍ပြည့်စုံစွာ ရောင်ပြန်ဟပ်သောအရာများဖြစ်သည်။ အသေးအမွှားကိစ္စထဲတွင် နစ်မြုပ်နေသည့် ညံ့ဖျင်းသူများမှာဤသို့မဟုတ်၊ သူတို့သည်အတွေ့အကြုံကို အထင်ကြီးပြီးသဘောတရားကိုအထင်သေးသဖြင့်၊ ပကတိဖြစ်စဉ်တခုလုံးကို ခြုံ၍မကြည့်တတ်ဘဲ၊ ရှင်းလင်းပြတ်သားသောလမ်းညွှန်မှုချို့တဲ့ပြီး ဝေးလံ



သော အနာဂတ်ကိုမမြင်ကြ၊ အောင်မြင်မှုကလေး နည်းနည်းရရုံဖြင့်၊ တစွန်းတစကလေးသိရုံဖြင့် ကြေနပ်နှစ်သိမ့်နေကြသည်။ တော်လှန်ရေးကို ဤလူစားမျိုးက ခေါင်းဆောင်ပါလျှင် တော်လှန်ရေးအကျပ်တွေ့မည်သာဖြစ်၏။

ဆင်ခြင်သိသည်အာရုံသိအပေါ် အမှီပြုရသည်၊ အာရုံသိကို ဆင်ခြင်သိသို့ဖြစ်ပေါ် တိုးပွါးလာအောင်လုပ်ရန်လိုသည်၊ ဤကား အနုပဋိလောမရုပ်ဝါဒ၏ သိမြင်မှုသဘောတရားဖြစ်ပေသည်။ အဘိဓမ္မာရေးရာတွင် “ဆင်ခြင်ရေးသက်သက်ဝါဒ” နှင့် “အတွေ့အကြုံဝါဒ” တို့သည် သိမြင်မှု၏သမိုင်းသဘော သို့မဟုတ်အနုပဋိလောမသဘောကို နားမလည်ကြပေ၊ ၎င်းတို့တွင်တဖက်သတ်ကျသော အမှန်တရားများ (ရုပ်ဝါဒဆိုင်ရာဆင်ခြင်ရေးသက်သက်ဝါဒနှင့် အတွေ့အကြုံဝါဒများကို ဆိုလိုပေသည်၊ စိတ်ဝါဒဆိုင်ရာဆင်ခြင်ရေးသက်သက်ဝါဒနှင့် အတွေ့အကြုံဝါဒများကိုမဆိုလိုပေ) ပါရှိသော်လည်း သိမြင်မှုသဘောတရားတခုလုံးအရဆိုလျှင်၊ ၎င်းတို့နှစ်ခုလုံးပင် မှားယွင်းသည်။ အာရုံခံစားမှုမှ ဆင်ခြင်မှုသို့ တက်လှမ်းသောအနုပဋိလောမရုပ်ဝါဒဆိုင်ရာသိမြင်ရေးလှုပ်ရှားမှုသည်၊ သေးငယ်သော သိမြင်မှုဖြစ်စဉ် (ဥပမာအားဖြင့် အရာဝတ္ထုတခု သို့မဟုတ်လုပ်ငန်းတခုနှင့်ပတ်သက်သော သိမြင်မှု) အဖို့ ဤသို့ဖြစ်၏၊ ကြီးမားသောသိမြင်မှုဖြစ်စဉ် (ဥပမာအားဖြင့် လူ့အဖွဲ့အစည်းတခု သို့မဟုတ်တော်လှန်ရေးတရပ်နှင့်ပတ်သက်သော သိမြင်မှု) အဖို့လည်းဤသို့ပင်တည်း။

သို့သော် သိမြင်ရေးလှုပ်ရှားမှုသည် ဤတွင် အဆုံးသတ်သည် မဟုတ်ပေ။ အနုပဋိလောမရုပ်ဝါဒဆိုင်ရာ သိမြင်ရေးလှုပ်ရှားမှု ပြဿနာကိုဆွေးနွေးရာ၌၊ ဆင်ခြင်သိလောက်နှင့် ရပ်ထားပါက၊ ပြဿနာကိုတဝက်သာ သုံးသပ်ခြင်းဖြစ်သည်၊ မာ့က်စ်ဝါဒအဘိဓမ္မာအဖို့ ပြောရလျှင် အလွန်အရေးမကြီးလှသောအပိုင်းကိုသာ ဆွေးနွေးရသေးသည်။ အလွန်အရေးကြီးသောပြဿနာကား၊ ပကတိတည်ရှိနေသည့် ကမ္ဘာလောက၏ဖြစ်ရိုးဖြစ်စဉ်တရားများကို နားလည်ကာ ကမ္ဘာလောကအကြောင်းကိုရှင်းပြနိုင်သည်ဟူသည့်အချက်တွင်မတည်ဘဲ၊ ဤနားလည်ထားသည့်တရားများဖြင့် ကမ္ဘာလောကကြီးကို လှုပ်ရှားနိုင်စွမ်းရှိစွာ ပြုပြင်ပြောင်းလဲနိုင်သည်ဟူသည့်အချက်တွင် တည်သည်ဟု မာ့က်စ်ဝါဒအဘိဓမ္မာကယူဆပေသည်။ မာ့က်စ်ဝါဒအအမြင်အရ ကြည့်သော် သဘောတရားသည် အရေးကြီးပေသည်၊ "တော်လှန်ရေးသဘောတရားမရှိလျှင် တော်လှန်ရေးလှုပ်ရှားမှု မရှိနိုင်" [၁] ဟုလီနင်ပြောဆိုခဲ့သောစကားတွင်၎င်း၏အရေးကြီးပုံကို အပြည့်အဝဖော်ပြထားသည်။ သို့သော် မာ့က်စ်ဝါဒကသဘောတရားကို အလေးထားဂရုစိုက်ခြင်းမှာ၊ ၎င်းသည် လက်တွေ့လုပ်ဆောင်ချက်များကို လမ်းညွှန် နိုင်သောကြောင့်ဖြစ်၏၊ လမ်းညွှန်နိုင်သောကြောင့်သာလျှင်ဖြစ်၏။ မှန်ကန်သောသဘောတရားရှိသော်လည်း၊ ၎င်းကို ပါးစပ်ကသာ ဟစ်နေပြီး လက်တွေ့ချမသုံးဘဲချောင်ထိုးထားလျှင်၊ ဤသဘောတရားသည် မည်မျှကောင်းမွန်စေကာမူအဓိပ္ပါယ်ရှိမည်မဟုတ်ချေ။ သိမြင်မှုသည် လက်တွေ့မှစလာခြင်းဖြစ်၏၊ လက်တွေ့မှတဆင့် ရရှိသောသဘောတရားရေး



သိမြင်မှုသည် လက်တွေ့သို့ တဖန်ပြန်သွားဖို့လိုသည်။ သိမြင်မှု၏လှုပ်ရှားနိုင်စွမ်းသည် အာရုံသိမှဆင်ခြင်သိသို့ လှုပ်ရှားစွာခုန်လွှားတိုးတက်သွားမှုတွင်ပေါ်ပြရုံမက၊ ပို၍အရေးကြီးသည်မှာဆင်ခြင်သိမှတော်လှန်ရေးလက်တွေ့သို့ ခုန်လွှားတိုးတက်သွားမှုတွင်လည်း ပေါ်ပြရပေဦးမည်။ ကမ္ဘာလောက၏ဖြစ်ရိုးဖြစ်စဉ်တရားဆိုင်ရာသိမြင်မှုကို ဆုပ်ကိုင်ရရှိပြီးနောက်၊ ၎င်းသိမြင်မှုကို ကမ္ဘာလောကအားပြုပြင်ပြောင်းလဲသောလက်တွေ့ထဲသို့ တဖန်ပြန်သွားစေရမည်၊ ကုန်ထုတ်လုပ်ရေးလက်တွေ့ထဲတွင်၎င်း၊ တော်လှန်သော လူတန်းစားတိုက်ပွဲနှင့် အမျိုးသားရေးတိုက်ပွဲလက်တွေ့ထဲတွင်၎င်း၊ ဝိဇ္ဇာပညာ စမ်းသပ်မှု လက်တွေ့ထဲတွင်၎င်း တဖန်ပြန်လည်အသုံးပြုရမည်။ ဤကား သဘောတရားကိုစစ်ဆေးခြင်းနှင့် သဘောတရားကို ဖြစ်ပေါ်တိုးတက်စေခြင်းတို့၏ဖြစ်စဉ်ဖြစ်၏၊ သိမြင်မှုဖြစ်စဉ်တခုလုံး၏ဆက်လက်မှုဖြစ်သည်။ သဘောတရားများသည် ပကတိအမှန်တရားနှင့် ကိုက်ညီ မကိုက်ညီဟူသည့်ပြဿနာကိုအထက်တွင်ပြောဆိုခဲ့သည့် အာရုံခံစားမှုမှ ဆင်ခြင်မှုသို့ တက်လှမ်းသော သိမြင်ရေးလှုပ်ရှားမှုအတွင်းတွင် လုံးဝဖြေရှင်းပြီးသည်မဟုတ်၊ လုံးဝဖြေရှင်းရန်လည်း မဖြစ်နိုင်ချေ။ ဤပြဿနာကို လုံးဝဖြေရှင်းရမည်ဆိုလျှင်၊ ဆင်ခြင်သိကိုလူမှုရေးလက်တွေ့ထဲသို့ တဖန်ပြန်သွားစေရမည်သာဖြစ်သည်၊ သဘောတရားကို လက်တွေ့တွင်ချသုံးကာ၊ ကြိုတင်ခန့်မှန်းထားသော ရည်ရွယ်ချက်အတိုင်း ဤသဘောတရားအောင်နိုင်မအောင်နိုင်ဆိုသည့်အချက်ကို ကြည့်ရမည်ဖြစ်၏။ မြောက်မြားစွာသော သဘာဝဝိဇ္ဇာပညာသဘောတရားများသည် အမှန်တရားဖြစ်

သည်ဟုအသိအမှတ်ပြုခြင်းခံရသည်မှာ၊ ဤသဘောတရားများကို သဘာဝဝိဇ္ဇာပညာရှင်များ စတင်ဖန်တီးလိုက်စဉ်ကသာမက၊နောင်ဝိဇ္ဇာပညာလက်တွေ့အများကလည်း မှန်ကန်ကြောင်းသက် သေပြခြင်းကြောင့်ဖြစ်သည်။ မာ့က်စ်လီနင်ဝါဒသည် အမှန်တရားဖြစ်သည်ဟုအသိအမှတ်ပြုခြင်းခံရသည်မှာလည်း၊ မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်တို့ကဤသဘောတရားကို ဝိဇ္ဇာနည်းကျစတင်ဖန်တီးစဉ်က သာမက၊ နောင်ကာလရှိတော်လှန်သောလူတန်းစားတိုက်ပွဲနှင့် အမျိုးသားရေးတိုက်ပွဲလက်တွေ့များကလည်း မှန်ကန်ကြောင်း သက်သေပြခြင်းကြောင့်ဖြစ်သည်။ အနုပဋိလောမရုပ်ဝါဒသည် တလောကလုံးဆိုင်ရာ အမှန်တရားဖြစ်ရသည့်အကြောင်းမှာ၊ မည်သူ၏ လက်တွေ့လုပ်ဆောင်ချက်မဆို ၎င်း၏နယ်ပယ်မှ တိမ်းရှောင်ကျော်ထွက်၍ မရနိုင်သောကြောင့်ဖြစ်၏။ မြောက်မြားစွာသော သဘောတရားများ၏ မှန်ကန်မှုသည် တင်းပြည့်ကျပ်ပြည့်ရှိသည်မဟုတ်၊ လက်တွေ့စမ်းသပ်မှုမှတဆင့် ၎င်းတို့၏မပြည့်စုံမှုကို ပြည့်စုံလာအောင်ပြုပြင်ရသည်ဟု လူသားတို့၏ သိမြင်မှုသမိုင်းက ကျနော်တို့ကို ထောက်ပြထားသည်။ မြောက်မြားစွာသော သဘောတရားများသည် မှားယွင်းနေပေရာ၊ လက်တွေ့စမ်းသပ်မှုမှတဆင့် ၎င်းတို့၏အမှားများကို ပြင်လိုက်ပေသည်။ လက်တွေ့သည် အမှန်တရား၏စံထားချက်ဖြစ်သည်ဟုသည်နှင့် “ဘဝနှင့်လက်တွေ့ဆိုင်ရာအမြင်သည် သိမြင်မှုသဘောတရား၏ ပထမဆုံးအမြင်နှင့်အခြေခံအမြင်ဖြစ် သင့်ပေသည်”[၆] ဟုသည် တို့၏အကြောင်းရင်းကား အဆက်ပါအချက်ကြောင့်ဖြစ်သည်။ “တော်လှန်ရေး လက်တွေ့မပါသောသဘောတရားသည် အမြုံဖြစ်၏၊ ထို့နည်းတူစွာ တော်လှန်ရေးသဘောတရား မရှိသော လက်တွေ့သည် အကန်းဖြစ်၏”[၇] ဟု စတာလင်ပြောခဲ့ခြင်းမှာအလွန်ကောင်းလှပေသည်။



သိမြင်ရေးလှုပ်ရှားမှုသည်ဤတွင်ပြီးဆုံးသွားပြီလော? ပြီးလည်းပြီးဆုံးပြီ၊ ပြီးလည်းမပြီးဆုံးသေးဟု ကျနော်တို့အဖြေပေးရလိမ့်မည်။ လူ့အဖွဲ့အစည်းရှိလူသားတို့သည် တစုံတခုသော ဖြစ်ပေါ်တိုးတက်မှုအဆင့်ရှိတစုံတခုသောပကတိဖြစ်စဉ်ကို ပြောင်းလဲသည့်လက်တွေ့ (တစုံတခုသောသဘာဝဖြစ်စဉ်ကို ပြောင်းလဲသောလက်တွေ့ဖြစ်စေ၊ တစုံတခုသောလူမှုရေးဖြစ်စဉ်ကို ပြောင်းလဲသောလက်တွေ့ဖြစ်စေ) ထဲသို့ ပါဝင်ကြပြီး၊ ပကတိဖြစ်စဉ်၏ရောင်ပြန်ဟပ်မှုကြောင့်ရင်း၊ ဆန္ဒပိုင်း၏ စွမ်းဆောင်နိုင်မှုကြောင့်ရင်း၊ လူတို့၏သိမြင်မှုသည် အာရုံခံစားမှုမှ ဆင်ခြင်မှုသို့ပြောင်းလဲလာကာ၊ ပကတိဖြစ်စဉ်၏ တရားများနှင့်ယေဘုယျအားဖြင့် လျော်ညီသောအတွေးအခေါ်၊ သဘောတရား၊ စီမံကိန်းသို့မဟုတ်အစီအစဉ်များကိုဖန်တီးလိုက်သည်၊ ထို့နောက် ဤအတွေးအခေါ်၊ သဘောတရား၊ စီမံကိန်း သို့မဟုတ် အစီအစဉ်များကိုအဆိုပါပကတိဖြစ်စဉ်၏လက်တွေ့ထဲတွင် ထပ်မံကျင့်သုံးလိုက်ရာတွင် အကယ်၍ကြိုတင်ခန့်မှန်းထားသော ရည်ရွယ်ချက်အတိုင်း အထမြောက်လျှင်၊ ဆိုလိုသည်မှာကြိုတင်ခန့်မှန်းသတ်မှတ်ထားသော အတွေးအခေါ်၊ သဘောတရား၊ စီမံကိန်း၊ အစီအစဉ်များကို အဆိုပါပကတိ ဖြစ်စဉ်၏လက်တွေ့တွင်တကယ်ဖြစ်ရုပ်အဖြစ်၊ သို့မဟုတ်အကြမ်းဖျင်းအားဖြင့်တကယ့်ဖြစ်ရုပ်အဖြစ်ပြောင်းလဲပစ်နိုင်လျှင်၊ ဤဖြစ်စဉ်နှင့် ပတ်

သက်သော သိမြင်ရေးလှုပ်ရှားမှုအဖို့ပြီးဆုံးပြီဟုဆိုရပေမည်။ ဥပမာ၊ သဘာဝကို ပြုပြင်ပြောင်းလဲသောဖြစ်စဉ်တွင် တစုံတခုသောအင်ဂျင်နီယာစီမံကိန်းအောင်မြင်ခြင်း၊ တစုံတခုသော ဝိဇ္ဇာပညာ၏မှန်းဆချက်ကိုအထောက်အထားဖြင့်မှန်ကြောင်းသက်သေပြခြင်း၊ တစုံတခုသော ပစ္စည်းကရိယာကိုဖြစ်အောင်လုပ်ခြင်း၊ တစုံတခုသော လယ်ထွက်သီးနှံကိုရရှိခြင်း၊ လူ့အဖွဲ့အစည်းကို ပြုပြင်ပြောင်းလဲသောဖြစ်စဉ်တွင်တစုံတခုသော သပိတ်မှောက်မှုအောင်မြင်ခြင်း၊ တစုံတခုသော စစ်ပွဲတွင်အောင်ပွဲရခြင်းနှင့် တစုံတခုသော ပညာရေးစီမံကိန်း အကောင်အထည်ပေါ်လာခြင်းတို့သည် ကြိုတင်ခန့်မှန်းထားသော ရည်ရွယ်ချက်များအကောင်အထည်ပေါ်လာသည်ဟု ဆိုနိုင်ပေသည်။ သို့သော်ယေဘုယျအားဖြင့်ဆိုလျှင်၊ သဘာဝကို ပြုပြင်ပြောင်းလဲသောလက်တွေ့တွင်ဖြစ်စေ၊ လူ့အဖွဲ့အစည်းကိုပြုပြင်ပြောင်းလဲသော လက်တွေ့တွင်ဖြစ်စေ၊ လူတို့၏မူလသတ်မှတ်ထားသော အတွေးအခေါ်၊ သဘောတရား၊ စီမံကိန်း၊ အစီအစဉ်များသည် ပြောင်းလဲမှု စိုးစဉ်းမျှမရှိဘဲဖြစ်မြောက်လာသည့်ကိစ္စမှာ အလွန်နည်းပေသည်။ ဤသို့ဖြစ်ရသည့် အကြောင်းရင်း မှာ၊ တည်ရှိနေသော ဖြစ်ရပ်များကို ပြုပြင်ပြောင်းလဲနေသော လူတို့သည် အစဉ်သဖြင့် ကန့်သတ်မှုအမြောက်အမြားခံနေရသောကြောင့် ဖြစ်သည်။ သူတို့သည် ဝိဇ္ဇာပညာအချက်အလက်များနှင့်အတတ်ပညာအချက်အလက်များ၏ကန့်သတ်မှုများကို အစဉ်ခံရရုံမက၊ ပကတိဖြစ်စဉ်၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ၎င်းဖြစ်စဉ်မှ ပေါ်ပြသည့်အတိုင်းအတာ၏ကန့်သတ်မှုများ (ပကတိဖြစ်စဉ်၏ ဖက်များ



နှင့်အနှစ်သာရ လုံးဝမပေါ်လွင်လာသေးခြင်း) ကိုလည်း ခံရသောကြောင့်ဖြစ်သည်။ ယင်းအခြေအနေတွင် လက်တွေ့လုပ်ဆောင်ရာ၌မမြော်လင့်သောအခြေအနေများကို တွေ့ရခြင်းကြောင့်အတွေးအခေါ်၊ သဘောတရား၊ စီမံကိန်းနှင့်အစီအစဉ်များကို တစိတ်တပိုင်းအားဖြင့်ပြောင်းပစ်ရခြင်းမျိုးအမြဲရှိတတ်သည်၊ တခုလုံးကို ပြောင်းပစ်လိုက်သည့်အခါမျိုးလည်းရှိတတ်သည်။ ဆိုလိုသည်မှာ မူလသတ်မှတ်ထားသောအတွေးအခေါ်၊ သဘောတရား၊ စီမံကိန်းနှင့် အစီအစဉ်များသည်တစိတ်တပိုင်းအားဖြင့်၎င်း၊ တခုလုံးအားဖြင့်၎င်း လက်တွေ့နှင့်မကိုက်ညီခြင်းများ၊ တစိတ်တပိုင်းအားဖြင့်၎င်း၊ တခုလုံးအားဖြင့်၎င်း မှားယွင်းခြင်းများရှိတတ်၏။ များသောအားဖြင့်အပြန်ပြန်အလှန်လှန်ထပ်ခါတလဲလဲဆုံးရှုံးပြီးမှသာ မှားယွင်းသောသိမြင်မှုများကိုပြုပြင်နိုင်၏၊ ပကတိဖြစ်စဉ်တရားနှင့်ကိုက်ညီလာနိုင်၏၊ သို့ဖြင့်ဆန္ဒပိုင်းအရာကိုပကတိအရာအဖြစ်သို့ ပြောင်းလဲပစ်နိုင်၏၊ (ဝါ) လက်တွေ့လုပ်ဆောင်ရာ၌ ကြိုတင်ခန့်မှန်းထားသောအကျိုးဆက်များကိုရရှိနိုင်၏။ သို့ရာတွင်မည်သို့ပင်ဖြစ်စေ၊ ဤအခါမျိုးသို့ရောက်လျှင် တစုံတခုသောဖြစ်ပေါ်တိုးပွါးမှုအဆင့်အတွင်းရှိ တစုံတခုသောပကတိဖြစ်စဉ်နှင့် ပတ်သက်သောလူတို့၏သိမြင်ရေးလှုပ်ရှားမှုသည်ပြီးဆုံးပြီဟုဆိုနိုင်ပေသည်။

သို့သော်ဖြစ်စဉ်၏ ရှေ့သို့ရွေ့ရှားမှုအရဆိုလျှင်၊ လူတို့၏သိမြင်ရေးလှုပ်ရှားမှုသည် မပြီးဆုံးသေးပေ။ သဘာဝလောကနှင့်သက်ဆိုင်သည့်ဖြစ်စဉ်ပင်ဖြစ်စေ၊ လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်သည့်ဖြစ်စဉ်ပင်ဖြစ်စေ၊ မည်သည့်ဖြစ်စဉ်မဆို အတွင်းပိုင်းပဋိပက္ခတိုက်ပွဲများကြောင့်ရှေ့သို့ရွေ

ရှား၍ဖြစ်ပေါ်တိုးပွါးနေရာ၊ လူတို့၏ သိမြင်ရေးလှုပ်ရှားမှုသည်လည်း ထက်ကြပ်မကွာရှေ့သို့ရွေ့ရှား၍ဖြစ်ပေါ်တိုးပွါးသင့်သည်။ လူ့အဖွဲ့အစည်းလှုပ်ရှားမှုအရ ပြောရလျှင်၊ တကယ့်တော်လှန်ရေးခေါင်းဆောင်များသည်မိမိ၏အတွေးအခေါ်၊ သဘောတရား၊ စီမံကိန်းနှင့်အစီအစဉ်များမှားယွင်းသည့်အခါပြုပြင်တတ်ရမည်သာမက၊ အထက်တွင်ပြောခဲ့သည့်အတိုင်းတစုံတခုသောပကတိဖြစ်စဉ်၌ တစုံတခုသောဖြစ်ပေါ်တိုးပွါးမှုအဆင့်မှ အခြားသောဖြစ်ပေါ်တိုးပွါးမှုအဆင့်သို့ရွေ့ရှားပြောင်းလဲသွားသည့်အခါ၌လည်း မိမိကိုယ်တိုင်နှင့် တော်လှန်ရေးထဲပါဝင်ကြသူအားလုံးကိုဆန္ဒပိုင်းသိမြင်မှုအရ ယင်းသို့ပင်ရှေ့သို့ရွေ့ရှားပြောင်းလဲသွားအောင်ပြုလုပ်တတ်ရမည်၊ ဆိုလိုသည်မှာ တော်လှန်ရေးတာဝန်သစ်နှင့် လုပ်ငန်းအစီအစဉ်သစ်များတင်ပြရာ၌ အခြေအနေ၏ပြောင်းလဲမှုသစ်များနှင့်ကိုက်ညီစေရမည်ဖြစ်၏။ တော်လှန်ရေးကာလတွင်အခြေအနေ၏ ပြောင်းလဲမှုသည် အလွန်လျင်မြန်၏၊ တော်လှန်ရေးပါတီဝင်များ၏ သိမြင်မှုသည်ထိုပြောင်းလဲမှုများနှင့်တပါတည်းလျင်မြန်စွာလိုက်၍မပြောင်းလဲနိုင်ပါက၊ တော်လှန်ရေးအောင်မြင်အောင် ခေါင်းဆောင်နိုင်မည် မဟုတ်ချေ။

သို့ရာတွင် အတွေးအခေါ်သည် တကယ့်ဖြစ်ရပ်များ၏ နောက်တွင်ကျန်ရစ်လေ့ရှိသည်၊ ဤသို့ဖြစ်ရခြင်းမှာ လူတို့၏သိမြင်မှုသည်လူ့အဖွဲ့အစည်းဆိုင်ရာ အချက်အလက်အမြောက်အမြား၏ ကန့်သတ်မှုများကိုခံရသောကြောင့်ဖြစ်သည်။ ကျနော်တို့သည် တော်လှန်ရေးတပ်ဖွဲ့တွင်းရှိ ခေါင်းမာဂိုဏ်းသားများကို ဆန့်ကျင်သည်၊ သူတို့၏အ



တွေးအခေါ်များသည် ပြောင်းလဲသွားပြီဖြစ်သော ပကတိအခြေအနေများနှင့်တပါတည်း မတိုးတက်နိုင်၍၊ သမိုင်းတွင် လက်ျာအချောင်ဝါဒအဖြစ်ပေါ်ပြလာကြသည်။ ထိုသူများသည် ပဋိပက္ခများ၏တိုက်ပွဲကပကတိဖြစ်စဉ်အားရှေ့သို့တိုးတက်စေခဲ့သည်ကို မမြင်၍၊ သူတို့၏သိမြင်မှုမှာ အဆင့်ဟောင်းတွင်ရပ်တန့်မြဲရပ်တန့်နေကြသည်။ ခေါင်းမာဂိုဏ်းသားအားလုံး၏အတွေးအခေါ်တွင် ဤသို့သောထူးခြားချက်ရှိနေသည်။ သူတို့၏အတွေးအခေါ်သည် လူမှုရေးလက်တွေ့နှင့်ကင်းကွာနေသည်၊ သူတို့သည် လူ့အဖွဲ့အစည်းတည်းဟူသောရထားရှေ့မှာရှေ့ဆောင်လမ်းပြအလုပ်ကို မလုပ်ဆောင်နိုင်ဘဲ၊ ရထားနောက်မှလိုက်လျက် ရထားအရှိန် မြန်ရန်ကောဟု၍သာ ပြစ်တင်တတ်ကြသည်၊ ရထားကိုနောက်သို့ ပြန်ဆွဲရန်၊ ရထားကို နောက်သို့ ပြန်မောင်းစေရန်ကြံစည်ကြသည်။

ကျနော်တို့သည် “လက်ဝဲ” လေအိုးအချောင်ဝါဒကိုလည်း ဆန့်ကျင်၏။ သူတို့၏ အတွေးအခေါ်များသည် ပကတိဖြစ်စဉ်၏ တစုံတခုသော ဖြစ်ပေါ်တိုးပွါးမှုအဆင့်ထက် ကျော်လွန်နေသည်၊ အချို့သည်စိတ်ကူးယဉ်မှုကိုအမှန်တရားအဖြစ်မြင်ကြ၏၊ အချို့ကမူနောင်မှအကောင်အထည် ဖေါ်နိုင်မည့် ရည်မှန်းချက်ကို မျက်မှောက်တွင် မနိုင့်တနိုင်ပြုလုပ်နေကြသည်၊ ဤသို့ပြုလုပ်ခြင်းသည် လက်ရှိလူအများစု၏လက်တွေ့နှင့်၎င်း၊ လက်ရှိတကယ့်ဖြစ်ရပ်များနှင့်၎င်း ကင်းကွာပြီး အပြုအမူအရမိုက်ရူးရဲဝါဒကိုဖေါ်ပြနေသည်။

စိတ်ဝါဒနှင့်စက်ယန္တရား ရုပ်ဝါဒ၊ အချောင်ဝါဒနှင့် မိုက်ရူးရဲဝါဒတို့၏ထူးခြားချက်ကား ဆန္ဒပိုင်းနှင့် ပကတိပိုင်းကင်းကွာနေခြင်း၊ သိမြင်မှုနှင့် လက်တွေ့ကင်းကွာနေခြင်းတို့ပင်ဖြစ်သည်။ ဝိဇ္ဇာနည်းကျလူမှုရေးလက်တွေ့တည်းဟူသော ထူးခြားချက်ရှိသည့် မာ့က်စ်လီနင်ဝါဒ၏ သိမြင်မှုသဘောတရားက ဤသို့မှားယွင်းသော အတွေးအခေါ်များကိုပြတ်ပြတ်သားသားမဆန့်ကျင်ဘဲမနေနိုင်ပေ။ စကြာဝဠာ ဖြစ်ပေါ်တိုးပွါးမှု၏အကြွင်းမဲ့ဖြစ်သောအထွေထွေဖြစ်စဉ်တွင် အတိအကျဖြစ်စဉ်အသီးသီး၏ဖြစ်ပေါ် တိုးပွါးမှုသည် နှိုင်းယှဉ်၍တည်ရှိခြင်းဖြစ်သည်၊ ထို့ကြောင့် အကြွင်းမဲ့အမှန်တရားတည်းဟူသော မြစ်ရှည်ကြီးတွင်တစုံတခုသောဖြစ်ပေါ် တိုးပွါးမှုအဆင့်ရှိ အတိအကျဖြစ်စဉ်အသီးသီးနှင့် ပတ်သက်၍လူတို့၏သိမြင်မှုသည်နှိုင်းယှဉ်ခြင်းအရ ဖြစ်သော အမှန်တရားသာပါရှိသည်ကို မာ့က်စ်ဝါဒီများက အသိအမှတ်ပြု၏။ မရေမတွက်နိုင်သောနှိုင်းယှဉ်ခြင်းအရ ဖြစ်သောအမှန်တရားများကို စုပေါင်းလိုက်လျှင်၊ အကြွင်းမဲ့ အမှန်တရားဖြစ်လာသည်[၆]။ ပကတိဖြစ်စဉ်၏ ဖြစ်ပေါ် တိုးတက်မှုသည် ပဋိပက္ခများ တိုက်ပွဲများဖြင့်ပြည့်နှက်နေသောဖြစ်ပေါ် တိုးတက်မှုဖြစ်သည်။ လူတို့၏ သိမြင်ရေးလှုပ်ရှားမှု၏ ဖြစ်ပေါ် တိုးတက်မှုမှာလည်း ပဋိပက္ခများ တိုက်ပွဲများဖြင့်ပြည့်နှက်နေသောဖြစ်ပေါ် တိုးတက်မှုဖြစ်၏။ ပကတိကမ္ဘာလောက၏ အနုပဋိလောမနည်းကျ လှုပ်ရှားမှုမှန်သမျှသည် လူတို့၏ သိမြင်မှုအတွင်းတွင်အနှေးနှင့်အမြန်ရောင်ပြန်ဟပ်နိုင်ပေသည်။ လူမှုရေးလက်တွေ့တွင် ပေါ်ပေါက်ခြင်း၊ ဖြစ်ပေါ် တိုးပွါးခြင်းနှင့် ကွယ်ပျောက်ခြင်းဟူ သည့်



ဖြစ်စဉ်သည် အဆုံးမရှိသကဲ့သို့၊ လူတို့၏ သိမြင်မှုပေါ်ပေါက်ခြင်းဖြစ်ပေါ် တိုးပွါးခြင်းနှင့် ကွယ်ပျောက်ခြင်းဟူသည့် ဖြစ်စဉ်သည်လည်း အဆုံးမရှိပေ။ တစုံတရာသောအတွေးအခေါ်၊ သဘောတရား၊ စီမံကိန်းနှင့်အစီအစဉ်များကို အခြေစိုက်ခြင်းဖြင့်၊ ပကတိတည်ရှိနေသော ဖြစ်ရပ်များကိုပြုပြင်ပြောင်းလဲသောလက်တွေ့သည် တကြိမ်ထက် တကြိမ်ရှေ့သို့ တိုးတက်ရာတွင်၊ ပကတိတည်ရှိနေသော ဖြစ်ရပ်များနှင့် ပတ်သက်သောလူတို့၏သိမြင်မှုသည်လည်း တကြိမ်ထက်တကြိမ် နက်နဲလာပေသည်။ ပကတိတည်ရှိနေသောကမ္ဘာလောက၏ ပြောင်းလဲရေးလှုပ်ရှားမှုသည် ထာဝစဉ်ပြီးဆုံးခြင်း မရှိသည့်အလျောက်၊ လက်တွေ့လုပ်ဆောင်ရာတွင် အမှန်တရားနှင့်ပတ်သက်သော လူတို့၏သိမြင်မှုသည်လည်း ထာဝစဉ်ပြီးဆုံးခြင်းမရှိပေ။ မာ့က်စ်လီနင်ဝါဒသည် အမှန်တရားကိုအပြီးသတ်လိုက်သည် မဟုတ်ဘဲ၊ လက်တွေ့တွင်အမှန်တရားသိမြင်ရေးလမ်းကြောင်းများကို အဆက်မပြတ် ဖွင့်ပေးလျက်ရှိသည်။ ကျနော်တို့၏နိဂုံးချုပ်ချက်ကားဆန္ဒပိုင်းနှင့်ပကတိပိုင်း၊ သဘောတရားနှင့်လက်တွေ့၊ သိခြင်းနှင့်လုပ်ခြင်းတို့အား အခိုင်အမာကျကျသမိုင်းအရပေါင်းစပ်ပေးခြင်းဖြစ်၏၊ အခိုင်အမာသမိုင်းနှင့် ကင်းကွာသော “လက်ဝဲ” သို့မဟုတ် လက်ျာတွေးခေါ်မှုအမှားမှန်သမျှကို ဆန့်ကျင်သည်။

လူ့အဖွဲ့အစည်း ဖြစ်ပေါ် တိုးတက်မှု ရောက်ရှိနေသော မျက်မှောက်ခေတ်တွင် ကမ္ဘာလောကကို မှန်ကန်စွာသိမြင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးသမိုင်းပေးတာဝန်သည် ပစ္စည်းမဲ့လူတန်းစားနှင့်၎င်း၏

နိုင်ငံရေးပါတီ၏ ပခုံးပေါ် သို့ကျရောက်နေပြီဖြစ်သည်။ ဝိဇ္ဇာနည်းကျ သိမြင်မှုအရ သတ်မှတ်ထားသောကမ္ဘာလောကကို ပြုပြင်ပြောင်းလဲ ရေးလက်တွေ့ဖြစ်စဉ်သည် ကမ္ဘာပေါ်၌ ဖြစ်စေ၊ တရုပ်ပြည်၌ ဖြစ်စေ သမိုင်းဆိုင်ရာအချိန်ကာလ(ဝါ) သမိုင်းတွင်မကြုံဘူးသောအရေးကြီး သည့်အချိန်ကာလသို့ဆိုက်ရောက်နေပြီ။ ၎င်းကား ကမ္ဘာကြီးနှင့်တ ရုပ်ပြည်၏အမှောင်ထုကြီးကိုလုံးဝတွန်းလှန်ဖယ်ရှားပစ်ပြီး မကြုံစဖူး ထွန်းလင်းတောက်ပြောင်သည့် ကမ္ဘာကြီးအဖြစ်သို့ ပြောင်းလဲပစ်ရေး ပင်ဖြစ်၏။ ကမ္ဘာလောကကြီးကို ပြုပြင်ပြောင်းလဲရန် ပစ္စည်းမဲ့လူ တန်းစားနှင့်တော်လှန်သောပြည်သူများဆင်နွဲနေသောတိုက်ပွဲ၌၊ အ ကောင်အထည်ပေါ် အောင်ထမ်းဆောင်ရမည့် အောက်ပါတာဝန်များ ပါဝင်သည်။ပကတိကမ္ဘာလောကကို ပြုပြင်ပြောင်းလဲသည်နှင့်တချိန် တည်းတွင် မိမိ၏ဆန္ဒပိုင်းကမ္ဘာလောက(ဝါ) မိမိ၏သိမြင်နိုင်စွမ်းကို လည်း ပြုပြင်ပြောင်းလဲရမည်၊ ဆန္ဒပိုင်းကမ္ဘာလောကနှင့် ပကတိ ကမ္ဘာလောက၏ဆက်စပ်မှုကိုပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။ ကမ္ဘာ လုံး၏တစိတ်တဒေသတွင် ဤသို့သော ပြုပြင်ပြောင်းလဲမှုမျိုးကို အ ကောင်အထည်ဖေါ် ခဲ့ပြီ၊ ၎င်းကား ဆိုဗီယက်ပြည်ထောင်စု၌ပင် ဖြစ်၏။ ဆိုဗီယက်ပြည်သူတို့သည် ဤပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို မြန်လာအောင် ဆောင်ရွက်လျက်ရှိ၏။ တရုပ်ပြည်သူများနှင့်ကမ္ဘာ့ ပြည်သူများလည်းဤပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို ဖြတ်သန်းလျက်ရှိ ၏၊ သို့မဟုတ်ဖြတ်သန်းလိမ့်မည်ဖြစ်၏။ ပြုပြင်ပြောင်းလဲခြင်းခံရမည့်



ပကတိကမ္ဘာလောကဟုဆိုရာ၌ ပြုပြင်ပြောင်းလဲရေးကို ဆန့်ကျင်သူ အားလုံးလည်းပါဝင်သည်၊ သူတို့ကိုပြုပြင်ပြောင်းလဲရာတွင်အကျပ် ကိုင်သည့်အဆင့်ကိုဖြတ်သန်းရမည်၊ ထိုနောက်မှသာ ကိုယ်ပိုင်အသိရှိ သောအဆင့်သို့ ရောက်ရှိနိုင်မည် ဖြစ်၏။ ကမ္ဘာပေါ်ရှိလူသားတရပ် လုံးက မိမိကိုယ်ကို၎င်း၊ ကမ္ဘာလောကကြီးကို၎င်း ကိုယ်ပိုင်အသိနှင့် ပြုပြင်ပြောင်းလဲသည့်ကာလသို့ဆိုက်ရောက်လာသောအခါကားကမ္ဘာ့ ကွန်မြူနစ်ခေတ်ပင်ဖြစ်သည်။

လက်တွေ့မှတဆင့် အမှန်တရားကိုရှာဖွေတွေ့ရှိပြီး၊ တဖန်လက် တွေ့မှတဆင့်အမှန်တရားကို မှန်ကြောင်းသက်သေအထောက်အထား ပြု၍၎င်းကိုဖြစ်ပေါ် တိုးပွါးစေပြန်၏။ အာရုံသိမှဆင်ခြင်သိသို့ လှုပ် ရှားနိုင်စွမ်းရှိစွာ ဖြစ်ပေါ် တိုးပွါးပြီး၊ တဖန်ဆင်ခြင်သိမှ တော်လှန်ရေး လက်တွေ့ကို လှုပ်ရှားနိုင်စွမ်းရှိစွာလမ်းညွှန်၍ ဆန္ဒပိုင်းကမ္ဘာလောက နှင့်ပကတိကမ္ဘာလောကကို ပြုပြင်ပြောင်းလဲသည်။ လက်တွေ့လုပ် လိုက်၊ သိမြင်လိုက်၊ နောက်ထပ်လက်တွေ့လုပ်လိုက်၊ နောက်ထပ်သိမြင် လိုက်ဟူသည့်သဏ္ဍာန်သည်စက်ဝိုင်းကဲ့သို့အဆုံးမရှိ ထပ်ခါထပ်ခါလည် လျက်ရှိ၏၊ လက်တွေ့နှင့်သိမြင်မှုတို့သည်တပတ်, ပတ်မိတိုင်း၊ အတွင်း သဘောသည်နှိုင်းယှဉ်ခြင်းအားဖြင့် ပို၍မြင့်သောအဆင့်သို့တက်လှမ်း လာသည်။ ဤသည်ကား အနုပဋိလောမရုပ်ဝါဒဆိုင်ရာသိမြင်မှုသ ဘောတရားတခုလုံးဖြစ်၏၊ ဤသည်ကား အနုပဋိလောမရုပ်ဝါဒ၏ သိခြင်းနှင့်လုပ်ခြင်းတို့ ပေါင်းစည်းနေသောအမြင်ပင်တည်း။

## ရှင်း ချက်

၁။ ဤအပိုဒ်သည် လီနင်ရေး «ဟီးဂယ်၏ ‹လောဂျစ်ပညာ› စာအုပ်မှ ကောက်နုတ်ချက်» ဟူသည့်စာအုပ်မှဖြစ်သည်။

၂။ မာ့က်စ်ရေး «ဖွိုးဝါးဗတ်နှင့်ပတ်သက်သောစစ်တမ်း» နှင့်လီနင်ရေး«ရုပ်ဝါဒနှင့်အတွေ့အကြုံဝေဖန်ရေးဝါဒ» ၏အခန်း ၂ ကဏ္ဍ ၆ ကိုကြည့်ပါ။

၃။ ဤအပိုဒ်သည်လီနင်ရေး «ဟီးဂယ်၏ ‹လောဂျစ်ပညာ› စာအုပ်မှ ကောက်နုတ်ချက်» ဟူသည့်စာအုပ်မှဖြစ်သည်။

၄။ «ဟီးဂယ်၏ ‹လောဂျစ်ပညာ› စာအုပ်မှကောက်နုတ်ချက်» ဟူသည့်စာအုပ်တွင်၊ "သိနားလည်ရန်အတွက်အတွေ့အကြုံမှစပြီးသိနားလည်ရမည်၊ စူးစမ်းလေ့လာရမည်၊ အတွေ့အကြုံကို ယေဘုယျအဖြစ်သို့မြှင့်တင်ပေးရမည်၊" ဟူသည့်လီနင်၏ရေးသားချက်ကိုကြည့်ပါ။

၅။ လီနင်ရေး «ဘာလုပ်ကြမည်နည်း? » အခန်း ၁ ကဏ္ဍ ၄ မှ။

၆။ လီနင်ရေး «ရုပ်ဝါဒနှင့်အတွေ့အကြုံဝေဖန်ရေးဝါဒ» အခန်း ၂ ကဏ္ဍ ၆ မှ။

၇။ စတာလင်ရေး «လီနင်ဝါဒအခြေခံများ» တတိယပိုင်းမှ။

၈။ လီနင်ရေး «ရုပ်ဝါဒနှင့်အတွေ့အကြုံဝေဖန်ရေးဝါဒ» အခန်း ၂ ကဏ္ဍ ၅ ကိုကြည့်ပါ။

# ပဋိပက္ခကျမ်း*

## (၁၉၃၇ ခုနှစ် ဩဂုတ်လ)

အရာဝတ္ထုများ၏ ပဋိပက္ခဥပဒေသ (ဝါ) ဆန့်ကျင်ဖက်များပေါင်းစည်းမှုဥပဒေသသည် ရုပ်ဝါဒအနုပဋိလောမ၏ အရင်းခံ အကျဆုံးဥပဒေသဖြစ်သည်။ "မူလအဓိပ္ပါယ်အရဆိုသော်၊ အနုပဋိလောမသည် အရာဝတ္ထုများ၏အနှစ်သာရအတွင်းရှိပဋိပက္ခများကို သုံးသပ်လေ့လာခြင်းဖြစ်သည်။"[၁] ဟုလီနင်ကပြောခဲ့သည်။ လီနင်သည်ယင်းဥပဒေသကို အနုပဋိလောမ၏ အနှစ်သာရဟူ၍၎င်း၊ အနုပဋိလောမ၏ အမြူတေ[၂] ဟူ၍၎င်းမကြာခဏပြောခဲ့လေသည်။ ထို့ကြောင့် ယင်းဥပဒေသကိုကျနော်တို့လေ့လာသည့်အခါ ဖက်အများအပြားကို၎င်း၊ အ

* ရဲဘော်ပေါ်စီတုန်းသည် «လက်တွေ့ကျမ်း» ကိုရေးသားပြီးနောက် အလားတူရည်ရွယ်ချက်ဖြင့်၊ဆိုလိုသည်မှာပါတီတွင်းရှိဆိုးဝါးသည့်တရားသေဝါဒအတွေးအခေါ်ကိုပပျောက်စေရန်ရည်ရွယ်ချက်ဖြင့် ဤအဘိဓမ္မာကျမ်းကိုရေးသားခြင်းဖြစ်၏။ ၎င်းကို ယင်အန်းမြို့ရှိ ဂျပန်ခုခံရေးစစ်ရေးနိုင်ငံရေး တက္ကသိုလ်တွင် ပြောဟောခဲ့ဘူးသည်။ ဤ «ပေါ်စီတုန်းလက်ရွေးစင်ကျမ်း» ထဲသို့စုဆောင်းထည့်သွင်းသောအခါ ကျမ်းပြုသူကအချို့နေရာများတွင်ဖြည့်ခြင်း၊ ဖြုတ်ခြင်းနှင့်ပြင်ခြင်းများပြုလုပ်ခဲ့သည်။

ဘိဓမ္မာပြဿနာအမြောက်အမြားကိုရှင်း ဆက်စပ်၍ မလေ့လာဘဲမဖြစ်နိုင်ချေ။ အကယ်၍ အောက်ပါပြဿနာအားလုံးကို ကျနော်တို့ရှင်းအောင်လုပ်နိုင်မည်ဆိုလျှင်၊ ကျနော်တို့သည် ရုပ်ဝါဒအနုပဋိလောမကိုအရင်းခံအားဖြင့် နားလည်သဘောပေါက်ပြီဟု ဆိုနိုင်၏။ ၎င်းပြဿနာများကားကမ္ဘာ့အမြင်နှစ်မျိုး၊ ပဋိပက္ခအနှံ့အပြားရှိမှု၊ ပဋိပက္ခ၏ထူးခြားမှု၊အဓိကပဋိပက္ခနှင့် ပဋိပက္ခ၏အဓိကဖက်၊ပဋိပက္ခရှိဖက်များ၏ ထပ်တူဖြစ်မှုနှင့်တိုက်ခိုက်မှု၊ ပဋိပက္ခအတွင်းရှိ အတိုက်အခံဖြစ်မှု၏အခန်းစသည်တို့ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း၊ ဒီဗိုရင်ပညာဂိုဏ်း၏ စိတ်ဝါဒကိုဆိုဗီယက်ပြည်ထောင်စုအဘိဓမ္မာလောကမှဝေဖန်လိုက်သည်၊ ဤကိစ္စကိုကျနော်တို့အလွန်စိတ်ဝင်စားခဲ့သည်။ ဒီဗိုရင်၏စိတ်ဝါဒသည် တရုပ်ပြည်ကွန်မြူနစ်ပါတီတွင်း၌ အလွန်ဆိုးဝါးစွာ ဩဇာအရှိန်သက်ရောက်ခဲ့သည်ဖြစ်ရာ၊ ကျနော်တို့ပါတီတွင်းရှိ တရားသေဝါဒအတွေးအခေါ်မှာဤစိတ်ဝါဒဂိုဏ်း၏ လုပ်ဟန်နှင့်ဆက်စပ်မှုမရှိဟု မဆိုနိုင်ချေ။ ထို့ကြောင့် ယခုအခါကျနော်တို့၏အဘိဓမ္မာသုတေသနလုပ်ငန်းသည် တရားသေဝါဒအတွေးအခေါ်အား အဓိကဦးတည်၍ ဖယ်ရှင်းပစ်ရမည်ဖြစ်သည်။

## ၁။ ကမ္ဘာ့အမြင်နှစ်မျိုး

ကြာဝင္ဘာ၏ဖြစ်ထွန်းတိုးတက်မှု ဥပဒေသနှင့်ပတ်သက်၍လူသားတို့၏အသိပညာသမိုင်းတွင် အစဉ်သဖြင့် သိမြင်နားလည်ပုံ ၂ မျိုးရှိခဲ့သည်။ တမျိုးကားတက္ကဗေဒသိမြင်နားလည်မှုဖြစ်၍၊ အခြားတမျိုးကား အနုပဋိလောမသိမြင်နားလည်မှုဖြစ်၏။ ၎င်းတို့သည် အပြန်အလှန်ဆန့်ကျင်သော ကမ္ဘာ့အမြင်နှစ်မျိုးအဖြစ် ဖြစ်ပေါ်လာသည်။ လီနင်က "ဖြစ်ထွန်းတိုးပွါးမှု (တစတစပြောင်းလဲမှု) နှင့်ပတ်သက်၍အခြေခံအမြင်နှစ်မျိုး (သို့မဟုတ်ဖြစ်နိုင်သည့် အမြင်နှစ်မျိုး သို့မဟုတ်သမိုင်းတွင်တွေ့မြင်နေကျဖြစ်သည့် အမြင်နှစ်မျိုး) ကား၊ (၁) ဖြစ်ထွန်းတိုးပွါးမှုသည် လျော့နည်းသွားမှုနှင့်တိုးများလာမှုဖြစ်သည် ဟူ၍၎င်း၊ ထပ်ပြန်တလဲလဲဖြစ်ပေါ်မှုဖြစ်သည်ဟူ၍၎င်း ယူဆခြင်း၊ (၂) ဖြစ်ထွန်းတိုးပွါးမှုသည်ဆန့်ကျင်ဖက်များပေါင်းစည်းမှု (ပေါင်းစည်းမှုသည် အပြန်အလှန်တွန်းဖယ်နေသောဆန့်ကျင်ဖက်နှစ်ရပ်အဖြစ်ကွဲနေခြင်းနှင့် ထိုဆန့်ကျင်ဖက်နှစ်ရပ်အပြန်အလှန်ဆက်သွယ်နေခြင်း) ဖြစ်သည်ဟုယူဆခြင်းတို့ဖြစ်သည်။" ဟုဆိုခဲ့၏။[၃] လီနင်ပြောသည်ကား ထိုမတူသောကမ္ဘာ့အမြင်နှစ်မျိုးပင်တည်း။

တက္ကဗေဒကို တရုပ်ပြည်တွင် ရှမ်ဗေဒဟုခေါ်သည်။ ဤအတွေးအခေါ်မျိုးသည် တရုပ်ပြည်တွင်ဖြစ်စေ၊ ဥရောပတိုက်တွင်ဖြစ်စေ၊ အလွန်ရှည်ကြာသောသမိုင်းကာလပိုင်းအတွင်း စိတ်ဝါဒ၏ ကမ္ဘာ့အမြင်ဆိုင်ရာအဖြစ်ဖြင့် လူတို့၏ဦးနှောက်ထဲတွင်ကြီးစိုးနေပေသည်။ ဥရောပတိုက်တွင်မြေရှင်လူတန်းစား၏အစပိုင်းကာလက ရုပ်ဝါဒသည်လည်း တက္ကဗေဒအမြင်ပင်ဖြစ်သည်။ ဥရောပတိုက် တိုင်းပြည်အမြောက်အမြား၏လူမှုစီးပွါးရေးအခြေအနေသည် အရင်းရှင်စနစ်၏ မြင့်မားသည့်အဆင့်သို့တိုးတက်လာခြင်း၊ ကုန်လုပ်စွမ်းအားစု၊ လူတန်းစားတိုက်ပွဲ

နှင့်ဝိဇ္ဇာပညာများသည် သမိုင်းတွင်မကြုံဘူးသည့် အဆင့်အထိတိုး တက်လာခြင်း၊ စက်မှုလုပ်ငန်းပစ္စည်းမဲ့လူတန်းစားသည် သမိုင်းတိုး တက်မှုအတွက်အကြီးမြတ်ဆုံးသော တန်းအားကြီးတရပ်ဖြစ်လာခြင်း တို့ကြောင့် မာ့က်စ်ဝါဒ၏ ရုပ်ဝါဒအနုပဋိလောမကမ္ဘာ့အမြင်ပေါ် ပေါက်လာလေသည်။ သို့ဖြင့်နေရှင်လူတန်းစားထဲတွင်အတိအလင်း ပြောင်ပြောင်တင်းတင်း ပေါက်ပြန်သောစိတ်ဝါဒအမြင်၊ သိမ်ဖျင်း သောတစတစပြောင်းလဲရေးဝါဒထွက်ပေါ် လာပြန်ကာ ရုပ်ဝါဒအနုပဋိ လောမကိုအတိုက်အခံပြုလေသည်။

တက္ကဗေဒကမ္ဘာ့အမြင်၊ သို့မဟုတ်သိမ်ဖျင်းသောတစတစပြောင်း လဲရေးကမ္ဘာ့အမြင်ဆိုသည်တို့မှာ အထီးတည်းဖြစ်သော၊ မလှုပ်မရှား တန့်ရပ်နေသော၊ တဖက်သတ်ကျသောအမြင်ဖြင့် ကမ္ဘာလောကကို ကြည့်ရှုခြင်းဖြစ်သည်။ ဤသို့သောကမ္ဘာ့အမြင်သည် ကမ္ဘာပေါ် ရှိအ ရာကိစ္စမှန်သမျှကိုရင်း၊ ထိုအရာကိစ္စတို့၏သဏ္ဌာန်များနှင့် အမျိုးအ စားအားလုံးတို့ကိုရင်းတခုနှင့်တခုထာဝစဉ်တသီးတခြားစီဖြစ်နေသည် ဟုမြင်သည်၊ ထာဝစဉ်မပြောင်းလဲဟုမြင်သည်။ အကယ်၍ပြောင်းလဲ သည်ဟုဆိုလျှင်လည်းအရေအတွက်အားဖြင့်တိုးခြင်းလျော့ခြင်းနှင့်နေ ရာပြောင်းခြင်းမျှသာဖြစ်သည်ဟုဆိုသည်။ ထိုသို့တိုးခြင်း လျော့ခြင်း နှင့် နေရာပြောင်းခြင်းများ၏အကြောင်းရင်းမှာလည်း အရာကိစ္စများ ၏အတွင်းပိုင်း၌ မရှိဘဲ၊ အပြင်၌ သာရှိသည်။ ဆိုလိုသည်ကားပြင်ပ အင်အားကတွန်းဆော်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ ကမ္ဘာပေါ် ရှိ မတူသော အရာကိစ္စအမျိုးမျိုးနှင့် ၎င်းတို့၏ထူးခြားမှုများသည်



၎င်းတို့ စတင်ပေါ်ပေါက်ကတည်းက အတိုင်းပင် တည်ရှိနေသည်ဟု တက္ကဗေဒသမားများကယူဆကြသည်။နောက်ပိုင်းတွင်ဖြစ်ပေါ် သော ပြောင်းလဲမှုမှာအရေအတွက်အားဖြင့် တိုးပွါးလာခြင်းနှင့် လျော့နည်း သွားခြင်းမျှသာဖြစ်သည်၊ အရာကိစ္စတမျိုးသည် ၎င်းနှင့်တူသည့်အ ရာများကိုသာအစဉ်အမြဲထပ်ပြန်တလဲလဲပေါက်ဖွါးနိုင်ပြီး၊ အခြားမတူ သောအရာတမျိုးအဖြစ်မပြောင်းလဲနိုင်ဟုသူတို့ယူဆကြသည်။ တက္က ဗေဒသမားများ၏ အမြင်အရဆိုလျှင် အရင်းရှင်စနစ်၏ သွေးစုတ်မှု၊ အရင်းရှင်စနစ်၏ပြိုင်ဆိုင်မှု၊ အရင်းရှင်လူ့အဖွဲ့အစည်း၏ တကိုယ် ကောင်းဝါဒအတွေးအခေါ် အစရှိသည်တို့ကို ရှေးကျေးကျွန်ခေတ်မှာ၊ ထိုထက်မကကမ္ဘာဦးမှာပင် တွေ့နိုင်သည်၊ နောင်လည်း ထာဝစဉ်မ ပြောင်းလဲဘဲဆက်လက်တည်ရှိသွားလိမ့်ဦးမည်ဟုယူဆသည်။ လူ့အ ဖွဲ့အစည်းတိုးတက်ခြင်း၏ အကြောင်းရင်းနှင့်ပတ်သက်၍ ပြောလျှင် လူ့အဖွဲ့အစည်းပြင်ပတွင်ရှိသည့် ပထဝီ၊ ရာသီဥတုအစရှိသည့် အ ကြောင်းအချက်များကြောင့် ဖြစ်သည်ဟု သူတို့ရှင်းပြကြသည်။ သူ တို့သည် အရာကိစ္စများ၏ ပြင်ပတွင်သာ ဖြစ်ထွန်းတိုးတက်ရာ အ ကြောင်းရင်းကိုသမန်ကာရှာကာရှာဖွေကြပြီး၊ အရာကိစ္စများသည် အ တွင်းပဋိပက္ခကြောင့်ဖြစ်ထွန်းတိုးပွါးလာသည်ဟု ရုပ်ဝါဒအနုပဋိလော မကတင်ပြခဲ့သည့်သြဝါဒကိုငြင်းပယ်ကြသည်။ ထို့ကြောင့်သူတို့သည် အရာကိစ္စများအရည်အချင်းအမျိုးမျိုးအဖုံဖုံရှိသည်ကိုရင်း၊ အရည်အ ချင်းတမျိုးမှ အခြားအရည်အချင်းတမျိုးသို့ ပြောင်းလဲသည့်အခြင်း အရာကိုရင်း ရှင်းမပြနိုင်ချေ။ ယင်းအတွေးအခေါ် သည် ဥရောပတိုက်

၌ ၁၇ ရာစုနှစ်နှင့် ၁၈ ရာစုနှစ်များတွင်စက်ယန္တရားရုပ်ဝါဒဖြစ်သည်၊ ၁၉ ရာစုနှစ်အကုန်နှင့် ၂၀ ရာစုနှစ် အစကျမှ သိမ်ဖျင်းသော တစတစပြောင်းလဲ ရေးသဘောတရားရှိလာသည်။ တရုပ်ပြည်၌ မူကား "ကောင်းကင် ဘုံမပြောင်းသ၍တရားတော်လည်းမပြောင်းလဲ" [၄] ဟူသောတက္ကဗေဒအတွေးအခေါ်ကိုဆွေးမြေ့ ယိုယွင်းခဲ့ပြီဖြစ်သည့် ပဒေသရာဇ်အုပ်စိုးသူလူတန်းစားများက ကာလရှည်ကြာစွာပင် ထောက်ခံအားပေးခဲ့သည်။ လွန်ခဲ့သည့်အနှစ်တရာကစပြီး ဥရောပတိုက်မှ ပြန့်ပွါးရောက်ရှိလာသော စက်ယန္တရားရုပ်ဝါဒနှင့် သိမ်ဖျင်းသောတစတစ ပြောင်းလဲရေးသဘောတရားကိုမူ ဓနရှင်လူတန်းစားကထောက်ခံအားပေးလေသည်။

တက္ကဗေဒကမ္ဘာ့အမြင်နှင့်ပြောင်းပြန်ပင် အရာကိစ္စများ၏ ဖြစ်ထွန်းတိုးပွါးမှုကိုလေ့လာရာတွင် အရာကိစ္စများ၏ အတွင်းပိုင်းကိုရင်း၊ အရာကိစ္စတခုနှင့် အခြားအရာကိစ္စများ၏ဆက်စပ်မှုကိုရင်း လေ့လာရမည်ဟုရုပ်ဝါဒအနုပဋိလောမကမ္ဘာ့အမြင်က ယူဆသည်။ ဆိုလိုသည်ကား အရာကိစ္စများ၏ဖြစ်ထွန်းတိုးပွါးမှုကို အရာကိစ္စများ၏ အတွင်းပိုင်းရှိ မလွဲမသွေဖြစ်ပေါ်ရမည့် ကိုယ်ပိုင်လှုပ်ရှားမှုအဖြစ်ရင်း၊ ထို့နောက်အရာကိစ္စတိုင်း၏ လှုပ်ရှားမှုသည် ၎င်းအရာကိစ္စ၏ ဘေးပတ်ပတ်လည်ရှိအခြားအရာကိစ္စများနှင့် အပြန်အလှန်ဆက်စပ်လျက် အပြန်အလှန်ဂယက်ရိုက်နေသည်ဟူ၍ရင်း ကြည့်မြင်ရမည်ပင်ဖြစ်သည်။ အရာကိစ္စဖြစ်ထွန်းတိုးပွါးမှု၏ အရင်းခံအကြောင်းသည် အရာကိစ္စ၏ ပြင်ပ၌မရှိ၊ အရာကိစ္စ၏ အတွင်းပိုင်း၌သာရှိပြီး၊ အရာကိစ္စ၏ အတွင်း



ပဋိပက္ခပေါ်တွင်တည်ပေသည်။ မည်သည့်အရာကိစ္စ၏ အတွင်းပိုင်းတွင်မဆို ယင်းပဋိပက္ခရှိနေမှုကြောင့် အရာကိစ္စများ၏ လှုပ်ရှားမှုနှင့် ဖြစ်ထွန်းတိုးပွါးမှုကို ဖြစ်စေလေသည်။ အရာကိစ္စ၏ ယင်းအတွင်းပဋိပက္ခသည်အရာကိစ္စဖြစ်ထွန်းတိုးပွါးခြင်း၏ အရင်းခံအကြောင်း ဖြစ်ပြီး၊ အရာကိစ္စတခုနှင့် အခြားအရာကိစ္စများ အပြန်အလှန်ဆက်စပ်ခြင်းနှင့် အပြန်အလှန်ဂယက်ရိုက်ခြင်းသည် ဒုတိယအကြောင်းရင်းဖြစ်သည်။ သို့ဖြစ်၍၊ ရုပ်ဝါဒအနုပဋိလောမသည် တက္ကဗေဒကျသည့်စက်ယန္တရားရုပ်ဝါဒနှင့် သိမ်ဖျင်းသောတစတစပြောင်းလဲရေး သဘောတရားတို့၏ပြင်ပ ပယောဂသဘောတရား သို့မဟုတ်အတွန်းဆော်ခံသဘောတရားတို့ကို အားရှိရှိ ဆန့်ကျင်တိုက်ခိုက်နိုင်လေသည်။ ပြင်ပပယောဂသက်သက်သည် အရာကိစ္စ၏ စက်ယန္တရားသဖွယ်လှုပ်ရှားမှု (ဝါ)ပမာဏ၏ အကြီးအသေး၊ အရေအတွက်၏ အတိုးအလျော့တို့ကိုသာ ဖြစ်စေနိုင်ကြောင်းထင်ရှားသည်၊ ဘယ်အတွက်ကြောင့်မတူသည့် အရာကိစ္စများမှာ အရည်အချင်းအရ ထောင်သောင်းမကခြားနားနေရသည်နှင့်အပြန်အလှန်ပြောင်းလဲနေကြသည်တို့ကို ၎င်းမပြနိုင်ကြောင်း ထင်ရှားသည်။ စင်စစ်မှာပြင်ပအင်အားကတွန်းဆော်၍ ဖြစ်ပေါ်လာသည့်စက်ယန္တရားသဖွယ်လှုပ်ရှားမှုပင်လျှင်၊ အတွင်းပဋိပက္ခက မှတဆင့်ဖြစ်ပေါ်လာရပေသည်။ အပင်များနှင့်တိရစ္ဆာန်များ ရိုးရိုးကြီးထွားလာခြင်း၊ အရေအတွက်တိုးပွါးလာခြင်းများသည်လည်း အဓိကအားဖြင့် အတွင်းပဋိပက္ခများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အလားတူပင်လူ့ အဖွဲ့အစည်း၏ တိုးတက်မှုသည် အဓိကအားဖြင့်ပြင်ပ

အကြောင်းကြောင့်မဟုတ်ဘဲ အတွင်းပိုင်းအကြောင်းကြောင့်ပင် ဖြစ်သည်။ တိုင်းပြည်အမြောက်အမြားသည် ပထဝီအနေအထားနှင့် ရာသီဥတုအခြေအနေတူသလောက်ရှိလင့်ကစား၊ ၎င်းတို့တိုးတက်ပြောင်းလဲပုံမှာ လွန်စွာခြားနား၍ လွန်စွာမညီညာကြချေ။ တိုင်းပြည်တပြည်ထဲမှာပင် ပထဝီအနေအထားနှင့်ရာသီဥတုအခြေအနေမပြောင်းလဲသော်လည်း၎င်း၏လူ့အဖွဲ့အစည်းပြောင်းလဲမှုမှာ အလွန်ကြီးမားသည်။ နယ်ချဲ့ရုရှားနိုင်ငံသည် ဆိုရှယ်လစ်ဆိုဗီယက်ပြည်ထောင်စု အဖြစ်ပြောင်းလဲလာပြီး၊ ပဒေသရာဇ်ဆံသောတံခါးပိတ်ထားသည့် ဂျပန်ပြည်သည်နယ်ချဲ့ဂျပန်နိုင်ငံအဖြစ် ပြောင်းလဲလာသည်။ ယင်းတိုင်းပြည်နှစ်ပြည်၏ ပထဝီအနေအထားနှင့် ရာသီဥတုအခြေအနေသည် ပြောင်းလဲခြင်းမရှိချေ။ အချိန်ကြာညောင်းစွာ ပဒေသရာဇ်စနစ်ဖြင့် စိုးမိုးခဲ့သည့် တရုပ်ပြည်သည် လွန်ခဲ့သောအနှစ်တရာမှစ၍ အကြီးအကျယ်ပြောင်းလဲလာပြီး၊ ယခုအခါ အချုပ်အချယ်ကင်းသော လွတ်မြောက်သော တရုပ်ပြည်သစ်အဖြစ်သို့ ရှေ့ရှုပြောင်းလဲလျက်ရှိသည်၊ တရုပ်ပြည်၏ ပထဝီနှင့်ရာသီဥတုအခြေအနေသည် ပြောင်းလဲခြင်း မရှိချေ။ ကမ္ဘာတခုလုံးနှင့်ကမ္ဘာ့အစိတ်အပိုင်း အသီးသီးတို့၏ ပထဝီအနေအထားနှင့် ရာသီဥတုအခြေအနေများသည် ပြောင်းလဲလျက်ရှိသော်လည်း၊ ၎င်းတို့၏ ပြောင်းလဲမှုကိုလူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုနှင့်နှိုင်းယှဉ်လိုက်ပါက အလွန်နည်းပါးလှသည်။ ကမ္ဘာ့ပထဝီအနေအထားနှင့်ရာသီဥတုအခြေအနေပြောင်းလဲမှုသည် နှစ်ပေါင်းသောင်းနှင့်ချီပြီးကြာမှသာသိသာနိုင်၏၊ လူ့အဖွဲ့အစည်းပြောင်းလဲမှုမှာ မူ



ကားနှစ်ထောင်ပေါင်းအချို၊ ရာပေါင်းအချို၊ ဆယ်ပေါင်းအချို၊ သို့မဟုတ်နှစ်အနည်းငယ်အတွင်း သို့မဟုတ်လအနည်းငယ် (တော်လှန်ရေးကာလ) အတွင်းအထင်အရှားပြောင်းလဲလေသည်။ ရုပ်ဝါဒအနုပဋိလောမအမြင်အရ သဘာဝလောက၏ ပြောင်းလဲမှုမှာ အဓိကအားဖြင့်သဘာဝလောက၏ အတွင်းပဋိပက္ခကြီးထွားမှုကြောင့် ဖြစ်သည်။ လူ့အဖွဲ့အစည်း၏ပြောင်းလဲမှုမှာအဓိကအားဖြင့်လူ့အဖွဲ့အစည်း ၏အတွင်းပဋိပက္ခကြီးထွားမှုကြောင့် (ဝါ) ကုန်လုပ်စွမ်းအားစုနှင့်ကုန်လုပ်ဆက်ဆံမှုတို့၏ ပဋိပက္ခ၊ လူတန်းစားချင်းပဋိပက္ခ၊ အသစ်နှင့်အဟောင်းပဋိပက္ခများ၏ကြီးထွားမှုကြောင့်ဖြစ်သည်၊ ယင်းပဋိပက္ခများကြီးထွားလာ၍ လူ့အဖွဲ့အစည်းအားရှေ့သို့တက်လှမ်းရန် တွန်းဆော်ပေးလိုက်သည်၊ လူ့အဖွဲ့အစည်းဟောင်းကို အသစ်ဖြင့်အစားထိုးရန် တွန်းဆော်ပေးလိုက်သည်။ ရုပ်ဝါဒအနုပဋိလောမသည် ပြင်ပ ပယောဂကိုပစ်ပယ်ပါသလား? မပစ်ပယ်ပါ။ ပြင်ပပယောဂသည် ပြောင်းလဲရေးအတွက် အကြောင်းအချက်ဖြစ်သည်၊ အတွင်းပိုင်းအကြောင်းရင်းမှာမူကားပြောင်းလဲရေးအတွက် အခြေအမြစ်ဖြစ်သည်၊ ပြင်ပပယောဂသည်အတွင်းပိုင်းအကြောင်းရင်းကို အမှီပြုမှအရာရောက်ပေသည်ဟု ရုပ်ဝါဒအနုပဋိလောမကယူဆသည်။ ကြက်ဥသည်သင့်လျော်သော အပူဓါတ်ကို ရရှိသောကြောင့် ကြက်ကလေးဖြစ်လာသည်၊ သို့ရာတွင် အပူဓါတ်ကကျောက်ခဲကို ကြက်ကလေးဖြစ်အောင် ပြောင်းလဲမပေးနိုင်ချေ၊ အဘယ်ကြောင့်ဆိုသော် ဤအရာနှစ်ခု၏အခြေအမြစ်ချင်း မတူသောကြောင့်ဖြစ်သည်။ တိုင်းပြည်အသီးသီးရှိပြည်သူများ၏ အ

ပြန်အလှန်ဂယက်ရိုက်မှုသည်အမြဲပင်ရှိ၏။ အရင်းရှင်စနစ်ခေတ်၊ အထူးသဖြင့်နယ်ချဲ့စနစ်နှင့်ပစ္စည်းမဲ့တော်လှန်ရေးခေတ်တွင်နိုင်ငံရေး၊ စီးပွါးရေးနှင့်ယဉ်ကျေးမှုအရ တိုင်းပြည်အသီးသီးတို့အပြန်အလှန်ဂယက်ရိုက်မှုနှင့်အပြန်အလှန်တွန်းဆော်ပေးမှုမှာအလွန်တရာပင်ပြင်းထန်၏။ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးသည် ရုရှားနိုင်ငံသမိုင်းတွင်သာခေတ်သစ်တရပ် ဖွင့်လှစ်လိုက်သည် မက၊ ကမ္ဘာ့သမိုင်းတွင်လည်းခေတ်သစ်တရပ်ဖွင့်လိုက်သည်ဖြစ်၍၊ ကမ္ဘာပေါ်ရှိတိုင်းပြည်အသီးသီး၏အတွင်းပိုင်းပြောင်းလဲမှုများကို ဂယက်ရိုက်ခတ်လေသည်၊ အလားတူပင်တရုတ်ပြည်၏အတွင်းပိုင်းပြောင်းလဲမှုကိုလည်း အထူးနက်နဲစွာ ဂယက်ရိုက်ခတ်လေသည်။ သို့ရာတွင်ဤသို့သောပြောင်းလဲမှုများသည် တိုင်းပြည်အသီးသီး၏အတွင်းပိုင်းနှင့်တရုတ်ပြည်၏ အတွင်းပိုင်းရှိ ကိုယ်ပိုင်တရားမှတဆင့်ဖြစ်ပေါ် ရခြင်းဖြစ်သည်။ စစ်တပ်နှစ်တပ်စစ်တိုက်ရာတွင်တတပ်ရှုံး၍အခြားတတပ်နိုင်သည်၊ ရှုံးသူနှင့်နိုင်သူနှစ်ဖက်စလုံးကိုသူတို့အတွင်းပိုင်းအကြောင်းရင်းကဆုံးဖြတ်၏။ နိုင်သူသည်အင်အားကြီးသောကြောင့်သော်၎င်း၊ ခေါင်းဆောင်မှုမှားယွင်းခြင်း မရှိသောကြောင့်သော်၎င်း ဖြစ်သည်။ ရှုံးသူမှာ အင်အားနည်းသောကြောင့်သော်၎င်း၊ ခေါင်းဆောင်မှုညံ့ဖျင်းသောကြောင့် သော်၎င်း ဖြစ်သည်။ ပြင်ပယေဘုယျသည် အတွင်းပိုင်းအကြောင်းရင်းကို အမှီပြုမှသာအရာရောက်၏။ ၁၉၂၇ ခုနှစ်တွင် တရုတ်ပြည်စနရှင်ကြီးလူတန်းစားကပစ္စည်းမဲ့လူတန်းစားကို အနိုင်တိုက်နိုင်ခြင်းမှာ၊ တရုတ်ပြည်ပစ္စည်းမဲ့လူတန်းစားအတွင်းပိုင်း (တရုတ်ပြည်ကွန်မြူနစ်ပါတီအတွင်း



ပိုင်း) ရှိအချောင်ဝါဒကို အမှီပြု၍သာ အရာရောက်ခြင်း ဖြစ်သည်။ ယင်းအချောင်ဝါဒကို ကျနော်တို့ဖယ်ရှင်းလိုက်ပြီးသည့်အခါတွင် တရုတ်ပြည်တော်လှန်ရေးသည်တဖန်ဖြစ်ထွန်းတိုးတက်လာပြန်လေသည်။ ထိုနောက်တဖန်တရုတ်ပြည်တော်လှန်ရေးသည် ရန်သူ၏ပြင်းထန်သောတိုက်ခိုက်မှုကိုခံလိုက်ရပြန်သည်၊ ဤသို့ဖြစ်ရခြင်းမှာ ကျနော်တို့ပါတီအတွင်း၌ မိုက်ရူးရဲဝါဒပေါ် ပေါက်လာသောကြောင့်ဖြစ်သည်။ ယင်းမိုက်ရူးရဲဝါဒကို ကျနော်တို့ ဖယ်ရှင်းလိုက်ပြီးသည့်အခါ တွင်ကျနော်တို့၏ အရေးတော်ပုံသည် နောက်ထပ်တဖန် ဖြစ်ထွန်းတိုးတက်လာပြန်သည်။ ဤအခြင်းအရာများကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးပါတီတရပ်သည် တော်လှန်ရေးကို အောင်ပွဲရသည်အထိ ရှေ့ဆောင်သွားမည်ဆိုလျှင်၊ မိမိ၏နိုင်ငံရေးလမ်းစဉ်မှန်ကန်မှုနှင့် စည်းရုံးရေးခိုင်မာမှုကိုမှီအားထားရမည်။

အနုပဋိလောမ၏ ကမ္ဘာ့အမြင်သည် တရုတ်ပြည်တွင်ဖြစ်စေ၊ ဥရောပတိုက်တွင်ဖြစ်စေ ရှေးခေတ်အခါ ကပင်ပေါ် ပေါက်ခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ရှေးခေတ်အနုပဋိလောမမှာ အလိုအလျောက်ဖြစ်လာသည့်ရိုးရိုးဖြစ်သည့်လက္ခဏာဆောင်သည်။ ထိုစဉ်က လူမှုရေးသမိုင်းအခြေအနေများအရ ဆိုလျှင်၊ ပြီးပြည့်စုံသော သဘောတရားရှိရန်မဖြစ်နိုင်သေးချေ၊ ထို့ကြောင့် စကြာဝဠာကို အကုန်ရှင်းမပြနိုင်ဘဲနောင်အခါတွင်တက္ကဗေဒ၏ဝင်ရောက်နေရာယူခြင်းကို ခံလိုက်ရသည်။ ၁၈ ရာစုနှစ်နောက်ပိုင်းမှ ၁၉ ရာစုနှစ်အစပိုင်းအထိတွင် နာမည်ကျော်ဂျာမန်အဘိဓမ္မာဆရာဟီဂယ်သည် အနုပဋိလောမနှင့်ပတ်သက်၍ အ

လွန်အရေးပါသည့်ကောင်းမှုကိုပြုခဲ့သည်။ သို့ရာတွင်သူ့ အနုပဋိလောမမှာ စိတ်ဝါဒအနုပဋိလောမသာဖြစ်သည်။ ပစ္စည်းမဲ့ လူတန်းစားအရေးတော်ပုံသမားများဖြစ်သူ ကြီးမြတ်သည့်မာ့က်စ်နှင့် အိန်ဂယ်တို့ကလူသားတို့ အသိပညာသမိုင်း၏ ကောင်းမွန်သောအောင်မြင်မှုများကိုစုစည်းပေါင်းချုပ်လိုက်ပြီး၊ အထူးသဖြင့် ဟီးဂယ်၏အနုပဋိလောမမှကျိုးကြောင်းညီညွတ်သည့် အပိုင်းကို ဝေဖန်စိစစ်ထုတ်ယူကာ၊ အနုပဋိလောမရုပ်ဝါဒနှင့် သမိုင်းရုပ်ဝါဒဟူသည့် မှန်မြတ်သည့်သဘောတရားကိုဖန်တီးလိုက်တော့မှသာ၊ လူသားတို့၏ အသိပညာသမိုင်းတွင်မရှိစဘူးသော တော်လှန်ရေးကြီးတရပ်ဖြစ်ပေါ်လာပေတော့သည်။ ထိုနောက်တွင်လီနင်နှင့် စတာလင်တို့က ယင်းမှန်မြတ်သည့် သဘောတရားကိုတိုးတက်စေလိုက်ပြန်သည်။ တရုပ်ပြည်သို့ယင်းသဘောတရားပြန့်ပွါးရောက်ရှိလာသည်နှင့် တပြိုင်နက် တရုပ်ပြည်၏ တွေးခေါ်မှုလောကတွင် အလွန်းကြီးမားသည့်ပြောင်းလဲမှုများ ဖြစ်ပေါ်လာပေတော့သည်။

ဤအနုပဋိလောမကမ္ဘာ့အမြင်သည် အဓိကအားဖြင့်လူများအားအရာကိစ္စအမျိုးမျိုး၏ ပဋိပက္ခလုပ်ရှားမှုကို ကောင်းမွန်စွာ လေ့လာကြည့်ရှုရန်နှင့်ခွဲခြမ်းစိတ်ဖြာရန်သင်ကြားပေးသည်၊ ထို့ပြင် ယင်းခွဲခြမ်းစိတ်ဖြာချက်အရ ပဋိပက္ခကို ဖြေရှင်းသည့်နည်းများ ညွှန်ပြပေးသည်။ ထို့ကြောင့်အရာကိစ္စများအတွင်းရှိပဋိပက္ခ၏ ဥပဒေသကို တိတိကျကျနားလည်ရန်ကျနော်တို့အဖို့အလွန်အရေးကြီးပေသည်။



## ၂။ ပဋိပက္ခအနှံ့အပြားရှိမှု

ရှင်းလင်းပေါ်ပြရာတွင် လွယ်ကူစေရန်အတွက် ပဋိပက္ခအနှံ့အပြားရှိမှုကိုကျနော်ပထမပြောပြီးမှ ပဋိပက္ခ၏ထူးခြားမှုကိုပြောမည်။ အကြောင်းမှုကားမာ့က်စ်ဝါဒကိုမြင့်မြတ်စွာဖန်တီးသူများနှင့် ဆက်ခံသူများဖြစ်သည့်မာ့က်စ်၊ အိန်ဂယ်၊ လီနင်နှင့်စတာလင်တို့သည် ရုပ်ဝါဒအနုပဋိလောမ၏ကမ္ဘာ့အမြင်ကိုရှာဖွေတွေ့ရှိပြီး၊ လူ့သမိုင်းနှင့် သဘာဝသမိုင်းကို ခွဲခြမ်းစိတ်ဖြာသည့် ဖက်များတွင်၎င်း၊ လူ့အဖွဲ့အစည်းနှင့်သဘာဝကို ပြုပြင်သည့် (ဥပမာ ဆိုဗီယက်ပြည်ထောင်စုတွင်) ဖက်များတွင်၎င်း ရုပ်ဝါဒအနုပဋိလောမကို အသုံးပြုလိုက်၍ အလွန်ကြီးမားသော အောင်မြင်မှုများရရှိကာ၊ ပဋိပက္ခအနှံ့အပြားရှိမှုကိုလူအမြောက်အမြားပင်အသိအမှတ်ပြုပြီးဖြစ်သည်၊ ထို့ကြောင့် ယင်းပြဿနာနှင့်ပတ်သက်၍ အနည်းငယ်ရှင်းပြလျှင်ပင် သဘောပေါက်နိုင်ပေသည်။ ပဋိပက္ခ၏ ထူးခြားမှုပြဿနာနှင့်ပတ်သက်၍မူကား ရဲဘော်အမြောက်အမြား၊ အထူးသဖြင့်တရားသေဝါဒီများသည် မရှင်းလင်းကြသေးပေ။ ပဋိပက္ခအနှံ့အပြားရှိမှုသည် ပဋိပက္ခ၏ထူးခြားမှုအထဲတွင်တည်ရှိသည်ကို သူတို့နားမလည်ကြချေ။ မျက်မှောက်တည်နေသောအရာကိစ္စများရှိပဋိပက္ခ၏ထူးခြားမှုကို လေ့လာဆန်းစစ်ခြင်းသည်တော်လှန်ရေးလက်တွေ့ဆိုင်ရာတိုးတက်ကြီးထွားမှုကို ကျနော်တို့ဦးဆောင်ရာတွင်အဘယ်မျှအဓိပ္ပါယ်လေးနက်သည်ကိုလည်း သူတို့နားမလည်ကြချေ။ ထို့ကြောင့် ပဋိပက္ခ၏ထူးခြားမှုပြဿနာကို အလေး

ထားကာလေ့လာသင့်ပြီး၊ ၎င်းနှင့်ပတ်သက်၍ အကြောင်းအရာလိုလို လောက်လောက်ဖြင့် ရှင်းပြရပေလိမ့်မည်။ ယင်းအကြောင်းကြောင့် အရာကိစ္စ၏ ပဋိပက္ခဥပဒေသကို ကျနော်တို့ခွဲခြမ်းစိတ်ဖြာကြသောအခါ၊ ပဋိပက္ခအနှံ့အပြားရှိမှုကို ပထမဆုံးခွဲခြမ်းစိတ်ဖြာရလိမ့်မည်၊ ထို့နောက်ပဋိပက္ခ၏ ထူးခြားမှုပြဿနာကို အလေးထားပြီး ခွဲခြမ်းစိတ်ဖြာရမည်၊ နောက်ဆုံးတွင်ပဋိပက္ခ၏အနှံ့အပြားရှိမှုပြဿနာကို ပြန်ကောက်မည်။

ပဋိပက္ခအနှံ့အပြားရှိမှု သို့မဟုတ် အကြွင်းမဲ့ရှိမှုဆိုသည့် ယင်းပြဿနာတွင်အဓိပ္ပါယ်နှစ်ခုပါသည်။ တခုမှာပဋိပက္ခသည် အရာကိစ္စအားလုံး၏ဖြစ်ထွန်းတိုးပွါးမှုဖြစ်စဉ်ထဲတွင် ရှိသည်၊ အခြားတခုမှာအရာကိစ္စတခုစီ၏ဖြစ်ထွန်းတိုးပွါးမှုဖြစ်စဉ်တလျှောက်လုံးတွင် အစမှအဆုံးတိုင်အောင် ပဋိပက္ခလှုပ်ရှားမှုတည်ရှိသည်ဟူ၍ဖြစ်၏။

"လှုပ်ရှားမှု ကိုယ်တိုင်ကပင် ပဋိပက္ခဖြစ်၏။" [၁] ဟုအိန်ဂယ်က ပြောခဲ့သည်။ ဆန့်ကျင်ဖက်များပေါင်းစည်းမှုဥပဒေသ၏ အဓိပ္ပါယ်သတ်မှတ်ချက်နှင့်ပတ်သက်ပြီး လီနင်ကဝင်းသည် "သဘာဝလောက (စိတ်ဓါတ်နှင့် လူမှုရေးနှစ်ခုစလုံးအပါအဝင်) ၏အခြင်းအရာများနှင့် ဖြစ်စဉ်များအားလုံးတွင် အပြန်အလှန်ပဋိပက္ခဖြစ်သော အပြန်အလှန်တွန်းဖယ်သောအပြန်အလှန်ဆန့်ကျင်သော ဦးတည်မှုကို အသိအမှတ်ပြုခြင်း (ရှာဖွေတွေ့ရှိခြင်း)" [၆] ဖြစ်သည်ဟု ပြောခဲ့သည်။ ဤအမြင်များမှန်ပါသလား? မှန်ကန်၏။ အားလုံးသော အရာကိစ္စအတွင်းရှိပဋိပက္ခဖက်များ၏အပြန်အလှန်အမှီပြုခြင်းနှင့် အပြန်အလှန်တိုက်ခိုက်



ခြင်းတို့သည်အရာကိစ္စအားလုံး၏ အသက်ကိုဆုံးဖြတ်ပြီး၊ အရာကိစ္စအားလုံး၏ ဖြစ်ထွန်းတိုးပွါးမှုကို တွန်းဆော်ပေးသည်။ ပဋိပက္ခမရှိသောအရာကိစ္စဟူ၍ မရှိ၊ ပဋိပက္ခမရှိလျှင် ကမ္ဘာလောကသည်လည်းရှိတော့မည်မဟုတ်ချေ။

ပဋိပက္ခသည်ရိုးရိုးလှုပ်ရှားမှုသဏ္ဌာန် (ဥပမာ၊ စက်ယန္တရားပမာလှုပ်ရှားမှု) ၏အခြေခံဖြစ်ရာ၊ ရှုပ်ထွေးသည့် လှုပ်ရှားမှုသဏ္ဌာန်အဖို့ပို၍အခြေခံဖြစ်တော့၏။

အိန်ဂယ်က ပဋိပက္ခအနှံ့အပြားရှိမှုကို ဤကဲ့သို့ရှင်းပြခဲ့သည် ၊ "အကယ်၍ ရိုးရိုးစက်ယန္တရားပမာ ရွေ့ရှားမှုကိုယ်တိုင်တွင် ပဋိပက္ခရှိနေပါက၊ ရုပ်ဝတ္ထု၏ပိုမိုမြင့်မားသော လှုပ်ရှားမှုသဏ္ဌာန်များ၊ အထူးသဖြင့်သြဂဲနစ်အသက်နှင့် ၎င်း၏ဖြစ်ထွန်းတိုးပွါးမှုများတွင် ပဋိပက္ခများပို၍ပါရှိနေပေတော့သည်။ ........... အသက်သည် ဦးစွာအားဖြင့် အောက်ပါအချက်တွင်တည်ပေသည် ၊ သက်ရှိအရာတခုသည်အခိုက်အတန့်တိုင်းမှာပင် ၎င်းကိုယ်တိုင်ဖြစ်သည်ဆိုသော်လည်း အခြားအရာလည်းဖြစ်ပြန်သည်။ ထို့ကြောင့်အသက်သည်လည်းအရာဝတ္ထုများနှင့် ၎င်းတို့၏ဖြစ်စဉ်များအတွင်း၌ တည်ရှိနေသော သူ့ဖါသာအဆက်မပြတ်ပေါ်ပေါက်လာပြီး သူ့ဖါသာဖြေရှင်းသော ပဋိပက္ခဖြစ်သည်။ ယင်းပဋိပက္ခရပ်ဆိုင်းသည်နှင့်တပြိုင်နက် အသက်သည်လည်း ချုပ်ငြိမ်းသွားပြီးသေလေတော့သည်။ ထိုနည်းတူပင် တွေးခေါ် ရာနယ်ပယ်တွင်လည်းပဋိပက္ခများကို ကျနော်တို့မရှောင်ကွင်းနိုင်ကြောင်း တွေ့ရသည်၊ ထို့ပြင် ဥပမာ ၊ လူတို့၏ကိုယ်တွင်း၌အတိုင်းမသိသောသိမြင်နိုင်

စွမ်းရှိသည်၊ တဦးတယောက်အဖို့ ဤသိမြင်နိုင်စွမ်းသည် ပြင်ပအခြေအနေ၏ ကန့်သတ်ခြင်းကြောင့်၎င်း၊ မိမိဉာဏ်စွမ်း၏ ကန့်သတ်ခြင်းကြောင့်၎င်း၊ လက်တွေ့ဖေါ်ပြရာတွင် မူလသိမြင်နိုင်စွမ်းနှင့်ပဋိပက္ခဖြစ်နေ၏၊ ယင်းပဋိပက္ခကိုလူသားတို့၏ ဘိုးစဉ်ဘောင်ဆက်တွင်အဆုံးမရှိသော ၊ အနည်းဆုံးကျနော်တို့အဖို့ စင်စစ်အားဖြင့်အဆုံးမရှိသော ၊ ဖြစ်စဉ်အဆက်ဆက်တွင်၊ အဆုံးမရှိ ရှေ့သို့ ချီတက်နေသည့်လှုပ်ရှားမှုအတွင်းတွင်ဖြေရှင်းနေကြောင်းကို ကျနော်တို့တွေ့မြင်ရပေသည်။"

"အဆင့်မြင့်သင်္ချာဗေဒ၏ အဓိကအခြေခံတခုမှာ ပဋိပက္ခဖြစ်သည် ..........."

"အဆင့်နိမ့်သင်္ချာဗေဒမှာလည်း ပဋိပက္ခများဖြင့် ပြည့်နှက်နေပေသည်။ ..........."၇

လီနင်ကလည်း ပဋိပက္ခအနံ့အပြားရှိမှုကို အောက်ပါအတိုင်းရှင်းပြခဲ့သည် ။

"သင်္ချာဗေဒတွင် + နှင့် — ၊ ကိန်းလျော့နှင့်ကိန်း ပြည့်။

အားဗေဒတွင်ပြုမူခြင်းနှင့်တုံ့ပြန်ပြုမူခြင်း။

ရူပဗေဒတွင်ဓါတ်ဖို့နှင့်ဓါတ်မ။

ဓါတုဗေဒတွင်အနုမြူ၏ပေါင်းစပ်ခြင်းနှင့် ကွဲကွာခြင်း။

လူမှုဝိဇ္ဇာပညာတွင်လူတန်းစားတိုက်ပွဲ"၈

စစ်ပွဲတွင်ထိုးစစ်နှင့်ခံစစ်၊ အတက်နှင့်အဆုတ်၊ အနိုင်နှင့်အရှုံးအားလုံးတို့သည်ပဋိပက္ခအခြင်းအရာများဖြစ်သည်။ တဖက်မရှိလျှင်အခြားတဖက်လည်းတည်ရှိနိုင်မည်မဟုတ်။ ၎င်းတို့နှစ်ဖက်တဖက်နှင့် တဖက်



တိုက်ခိုက်ခြင်းနှင့်ဆက်စပ်ခြင်းသည် စစ်ပွဲတခုလုံးကို ဖြစ်စေသည်၊ စစ်ကိုဖြစ်ထွန်းတိုးတက်အောင် တွန်းဆော်ပေးသည်၊ စစ်ပွဲနှင့်ပတ်သက်သောပြဿနာများကိုဖြေရှင်းပေးသည်။

လူတို့၏အယူအဆခြားနားမှုတိုင်းကို ပကတိပိုင်းပဋိပက္ခ၏ ထင်ဟပ်မှုဖြစ်သည်ဟုယူဆသင့်သည်။ ပကတိပိုင်းပဋိပက္ခများက စိတ်ဆန္ဒပိုင်းအတွေးအခေါ် ထဲသို့ထင်ဟပ်ခြင်းသည် အယူအဆ၏ ပဋိပက္ခလှုပ်ရှားမှုကိုဖြစ်စေသည်၊ တွေးခေါ်မှုကို တိုးတက်အောင်တွန်းဆော်ပေးသည်၊ လူတို့၏တွေးခေါ်မှုပြဿနာများကိုအဆက်မပြတ် ဖြေရှင်းပေးသည်။

ပါတီတွင်း၌ မတူသောအတွေးအခေါ်များ၏ ဆန့်ကျင်ဖက်ဖြစ်မှုနှင့်တိုက်ခိုက်မှုသည်အစဉ်ဖြစ်ပွါးနေသည်၊ ဤသည်ကား လူ့အဖွဲ့အစည်းအတွင်းရှိ လူတန်းစားပဋိပက္ခများနှင့်အရာဝတ္ထုအသစ်အဟောင်းတို့၏ပဋိပက္ခများကပါတီတွင်းသို့ ထင်ဟပ်ခြင်းဖြစ်သည်။ ပါတီတွင်း၌ ပဋိပက္ခများနှင့်ပဋိပက္ခများကို ဖြေရှင်းသော တွေးခေါ်မှုတိုက်ပွဲများမရှိလျှင်၊ ပါတီ၏အသက်သည်လည်း ချုပ်ငြိမ်းသွားပြီဟု ဆိုရပေမည်။

သို့ဖြင့်ရိုးရိုးလှုပ်ရှားမှုသဏ္ဍာန်တွင်ဖြစ်စေ၊ သို့မဟုတ်ရှုပ်ထွေးသည့်လှုပ်ရှားမှုသဏ္ဍာန်တွင်ဖြစ်စေ၊ ပကတိတည်ရှိနေသည့် အခြင်းအရာတွင်ဖြစ်စေ၊ သို့မဟုတ် တွေးခေါ်မှုအခြင်းအရာတွင်ဖြစ်စေ၊ ပဋိပက္ခအနံ့အပြားရှိနေသည်၊ ပဋိပက္ခသည် ဖြစ်စဉ်အားလုံးတွင်ရှိသည်ဆိုသည့်အချက်မှာရှင်းလင်းသွားပေပြီ။ သို့သော် ဖြစ်စဉ်တိုင်း၏အစပိုင်းအဆင့်မှာပဋိပက္ခရှိပါသလား? အရာဝတ္ထုတိုင်း၏ ဖြစ်ထွန်းတိုးပွါးသည့်

ဖြစ်စဉ်၌အစမှအဆုံးတိုင်တလျှောက်လုံးတွင် ပဋိပက္ခလှုပ်ရှားမှုရှိပါသလား?

ဒိုဗိုရင်ပညာဂိုဏ်းကို ဆိုဗီယက်ပြည်ထောင်စုအဘိဓမ္မာလောကက ဝေဖန်လိုက်သည့် ဆောင်းပါးများမှတဆင့် သိမြင်နိုင်သည်မှာ၊ ဒိုဗိုရင်ပညာဂိုဏ်းက ပဋိပက္ခသည် ဖြစ်စဉ်တရပ်စလျှင်စချင်း ပေါ်ထွက်လာသည်မဟုတ်၊ ယင်းဖြစ်စဉ် ဖြစ်ထွန်းတိုးပွါး၍ တစုံတခုသောအဆင့်သို့ ရောက်မှသာပေါ်ထွက်လာသည်ဟုယူဆ၏။ ဤသို့ဆိုပါက၊ ထိုကာလမတိုင်မီ ဖြစ်စဉ်၏ဖြစ်ထွန်းတိုးပွါးမှုသည် အတွင်းပိုင်းအကြောင်းရင်းကြောင့်မဟုတ်၊ ပြင်ပယောဂကြောင့် ဖြစ်လေတော့သည်။ ဤသို့ဖြင့်ဒိုဗိုရင်သည် တက္ကဗေဒ၏ ပြင်ပယောဂ သဘောတရားနှင့် စက်ယန္တရားသဘောတရားသို့ ပြန်လည်ရောက်ရှိသွား လေတော့သည်။ ယင်းယူဆချက်မျိုးဖြင့် လက်တွေ့ပြဿနာကို ခွဲခြမ်းစိတ်ဖြာ၍ ဆိုဗီယက်ပြည်ထောင်စုတွင် ချမ်းသာသော လယ်သမားများနှင့် သာမန်လယ်သမားများ၌ခြားနားချက်သာရှိပြီး ပဋိပက္ခမရှိဟု သူတို့မြင်ကြကာ၊ ဘူခါရင်၏ထင်မြင်ချက်ကို လုံးဝသဘောတူကြတော့သည်။ ပြင်သစ်တော်လှန်ရေးကို ခွဲခြမ်းစိတ်ဖြာသည့်အခါ၊ တော်လှန်ရေးမတိုင်မီကအလုပ်သမား လယ်သမားနှင့်ဓနရှင်လူတန်းစားတို့ ပူးပေါင်းဖွဲ့စည်းသောတတိယအက်စတိတ်တွင်လည်း ခြားနားချက် သာရှိပြီး၊ ပဋိပက္ခမရှိဟုသူတို့ထင်မြင်ကြ၏။ ဒိုဗိုရင်ပညာဂိုဏ်း၏ ဤသို့သောထင်မြင်ယူဆချက်မျိုးသည် မာ့က်စ်ဝါဒနှင့်ဆန့်ကျင်၏။ ကမ္ဘာပေါ်ရှိခြားနားချက်တိုင်းပင်ပဋိပက္ခပါရှိနေပြီဖြစ်ကြောင်းနှင့် ခြားနားချက်သည် ပင်



ပဋိပက္ခဖြစ်ကြောင်းကို သူတို့မသိကြချေ။ အလုပ်သမားနှင့် အရင်းရှင်တို့သည်လည်းယင်းလူတန်းစားနှစ်ရပ်ပေါ်ပေါက်လာချိန်မှစ၍ အပြန်အလှန်ပဋိပက္ခဖြစ်နေ၏၊ ပြင်းထန်မှုမရှိသေးခြင်းသာ ဖြစ်သည်။ အလုပ်သမားနှင့်လယ်သမားတို့လည်း ဆိုဗီယက်ပြည်ထောင်စု လူ့အဖွဲ့အစည်းအခြေအနေမှာပင်ခြားနားချက်ရှိသည်၊ သူတို့၏ ခြားနားချက်သည်လည်းပဋိပက္ခပင်ဖြစ်၏၊ သို့ရာတွင် အတိုက်အခံဖြစ်သည်အထိ ပြင်းထန်မလာခြင်းသာ ဖြစ်သည်၊ အလုပ်သမားနှင့် အရင်းရှင်တို့၏ ပဋိပက္ခနှင့်မတူသဖြင့် လူတန်းစားတိုက်ပွဲသဏ္ဌာန်ကျင့်သုံးရန်မလိုအပ်ပေ။ သူတို့သည် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးအတွင်းတွင်ခိုင်မြဲသောမဟာမိတ်အဖြစ်ဖွဲ့စည်းပြီး၊ ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ရှေ့ရှူချီတက်သည့် ခရီးစဉ်အတွင်းတွင် ယင်းပဋိပက္ခကို တဖြည်းဖြည်း ဖြေရှင်းသွားလိမ့်မည်။ ဤကား ပဋိပက္ခ၏ ခြားနားမှုပြဿနာဖြစ်သည်၊ပဋိပက္ခရှိမရှိဟူသည့်ပြဿနာမဟုတ်ချေ။ ပဋိပက္ခကား အနှံ့အပြားရှိသည်၊ အကြွင်းမဲ့ရှိသည်၊ အရာဝတ္ထုများ၏ ဖြစ်ထွန်းတိုးပွါးမှုဖြစ်စဉ်မှန်သမျှတွင်ရှိသည့်အပြင်၊ ဖြစ်စဉ်မှန်သမျှ၏အစမှအဆုံးတိုင်တလျှောက်လုံးတွင်ရှိသည်။

ဖြစ်စဉ်သစ်များပေါ်ပေါက်ခြင်းဟူသည်ကားအဘယ်နည်း? ၎င်းမှာ ပေါင်းစည်းမှုအဟောင်းနှင့် ထိုပေါင်းစည်းမှုတွင်ပါဝင်သောဆန့်ကျင်ဖက်ဗီဇများက ပေါင်းစည်းမှုအသစ်နှင့်ထိုပေါင်းစည်းမှုတွင်ပါဝင်သောဆန့်ကျင်ဖက်ဗီဇများအား နေရာဖယ်ပေးလိုက်ခြင်း ဖြစ်သည်။ သို့ဖြင့် ဖြစ်စဉ်အသစ်ကဖြစ်စဉ်အဟောင်းကို အစားထိုးကာ ပေါ်

ပေါက်လာပေသည်။ ဖြစ်စဉ်အဟောင်းကုန်ဆုံးသွားပြီးဖြစ်စဉ်အသစ်ပေါ်ထွက်လာသည်။ ဖြစ်စဉ်အသစ်တွင် ပဋိပက္ခအသစ်ပါလာပြီး၊ မိမိ၏ပဋိပက္ခကြီးထွားမှုသမိုင်းကိုအစပြုလေတော့သည်။

အရာဝတ္ထုများ ဖြစ်ထွန်းတိုးပွါးရာဖြစ်စဉ်အစအဆုံးရှိ ပဋိပက္ခလှုပ်ရှားမှုကိုမာ့က်စ်က «အရင်းကျမ်း» တွင်စုံနှုန်းသာတင်လောက်အောင်ခွဲခြမ်းစိတ်ဖြာထားကြောင်းလီနင်ညွှန်ပြခဲ့သည်။ ၎င်းမှာမည်သည့်အရာဝတ္ထု၏ဖြစ်ထွန်းတိုးပွါးမှုဖြစ်စဉ်ကိုမဆို လေ့လာဆန်းစစ်ရာတွင် မုချအသုံးချရမည့်နည်းဖြစ်ပေသည်။ လီနင်ကိုယ်တိုင်လည်း၎င်းကိုမှန်ကန်စွာအသုံးချသည်၊ သူ၏ရေးသားချက်များအားလုံးတွင် စွဲစွဲမြဲမြဲအသုံးပြုခဲ့သည်။

"«အရင်းကျမ်း»၌ မာ့က်စ်ရှေးဦးစွာ ခွဲခြမ်းစိတ်ဖြာလိုက်သည့်အရာမှာနေ့ရှင်လူ့အဖွဲ့အစည်း (ရောင်းကုန်လူ့အဖွဲ့အစည်း)ထဲတွင် အလွယ်ကူဆုံး၊ ယေဘုယျအကျဆုံး၊ အခြေခံအဖြစ်ဆုံး၊ တွေ့နေကျအဖြစ်ဆုံး၊ သာမန်အဖြစ်ဆုံးနှင့် အကြိမ်ပေါင်းကုဋေကုဋာချီ၍ တွေ့ကြုံရသောဆက်ဆံမှု (ဝါ) ရောင်းကုန်လဲလှယ်ရေး ပင်ဖြစ်သည်။ ယင်းခွဲခြမ်းစိတ်ဖြာမှုက ထိုရိုးရိုးအဖြစ်ဆုံးအခြင်းအရာထဲရှိ (နေ့ရှင်လူ့အဖွဲ့အစည်း၏ထို 'ကလပ်စည်း' ထဲရှိ) ခုခေတ်လူ့အဖွဲ့အစည်း၏ပဋိပက္ခအားလုံး (ပဋိပက္ခအားလုံး၏ 'ကလလရေကြည်' များအပါအဝင်) ကိုထုတ်ဖေါ် ဖွင့်ပြလိုက်သည်။ ထို့နောက်ပိုင်း ဖေါ်ပြချက်များက ထိုပဋိပက္ခများနှင့်ယင်းလူ့အဖွဲ့အစည်းရှိ အစိတ်အပိုင်းအသီးသီးစုစုပေါင်း



၏အစမှအဆုံးတိုင် ဖြစ်ထွန်းတိုးပွါးကြောင်း (ကြီးထွားလာမှုနှင့်လှုပ်ရှားမှု ၂ ခုစလုံး) ကိုကျနော်တို့အားပြသလိုက်ပေသည်။"

လီနင်ကအထက်ပါစကားများကို ပြောဆိုပြီးသည့်နောက် ၊ "ဤသည်ကားယေဘုယျအနုပဋိလောမ၏ ........... ဖေါ်ပြရေး (လေ့လာရေးအပါအဝင်) နည်းဖြစ်ရမည်။" ၉ ဟုဆက်လက်ပြောလေသည်။

တရုပ်ပြည် ကွန်မြူနစ်ပါတီဝင်များသည် ဤနည်းကို မုချတတ်မြောက်ရမည်၊ သို့မှသာ တရုပ်ပြည်တော်လှန်ရေးသမိုင်းနှင့် လက်ရှိအခြေအနေကို မှန်ကန်စွာခွဲခြမ်းစိတ်ဖြာနိုင်မည်၊ ထို့ပြင်တော်လှန်ရေး၏အနာဂတ်ကိုဆင်ခြင်ခန့်မှန်းနိုင်မည် ဖြစ်သည်။

## ၃။ ပဋိပက္ခ၏ထူးခြားမှု

ပဋိပက္ခသည် အရာဝတ္ထုအားလုံး၏ ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်တွင်ရှိနေသည်၊ ပဋိပက္ခသည်အရာဝတ္ထုတခုစီ၏ ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်အစအဆုံးတလျှောက်လုံးတွင်ရှိသည်၊ ဤကားပဋိပက္ခ၏အနှံ့အပြားရှိမှုနှင့်အကြွင်းမဲ့ရှိမှုဖြစ်သည်၊ ဤအကြောင်းကို အထက်တွင်ပြောခဲ့ပြီးပြီ။ ပဋိပက္ခ၏ထူးခြားမှုနှင့်နှိုင်းယှဉ်မှုကို ယခုပြောကြစို့။

ဤပြဿနာကိုအခြေအနေအသီးသီး မှလေ့လာရမည်။

ဦးစွာအားဖြင့်ရုပ်ဝတ္ထုလှုပ်ရှားမှုသဏ္ဌာန်အမျိုးမျိုးရှိပဋိပက္ခများသည်အားလုံးပင် ထူးခြားသည့်လက္ခဏာဆောင်ကြသည်။ ရုပ်ဝတ္ထုကိုလူတို့သိကြခြင်းသည် ရုပ်ဝတ္ထု၏လှုပ်ရှားမှုသဏ္ဌာန်ကို သိကြခြင်းဖြစ်

သည်၊ အကြောင်းမူကား လှုပ်ရှား နေသောရုပ်ဝတ္ထု မှလွဲ၍ ကမ္ဘာပေါ်တွင်အဘယ်အရာမျှမရှိချေ၊ ရုပ်ဝတ္ထု၏လှုပ်ရှားမှုသည်လည်း မုချပင်တစုံတခုသောသဏ္ဌာန်ရှိရမည်ဖြစ်သည်။ ရုပ်ဝတ္ထု ၏လှုပ်ရှားမှုသဏ္ဌာန်တိုင်းမှာပင်၊ ၎င်းနှင့်အခြားလှုပ်ရှားမှုသဏ္ဌာန်အမျိုးမျိုး၏တူညီသောအချက်များကိုမုချသတိပြုရမည်။ သို့ရာတွင်အထူးအရေးကြီးသည့်အရာကိစ္စများကိုကျနော်တို့သိမြင်ရာတွင် အခြေခံအုတ်မြစ်ဖြစ်သည့်အရာမှာ၊ ရုပ်ဝတ္ထုလှုပ်ရှားမှု၏ထူးခြားချက်ကို မုချသတိပြုရန်ဖြစ်သည်။ ဆိုလိုသည်ကား၊ ၎င်းနှင့် အခြားလှုပ်ရှားမှုသဏ္ဌာန်များ၏အရည်အချင်းအရခြားနားသည်ကို သတိပြုရန်ဖြစ်သည်။ ဤအချက်ကိုသတိပြုမှသာလျှင် အရာကိစ္စများကိုခွဲခြားနိုင်မည်။ မည်သည့်လှုပ်ရှားမှုသဏ္ဌာန်မဆို၊ ၎င်း၏အတွင်းပိုင်း၌ ကိုယ်ပိုင်ထူးခြားသည့်ပဋိပက္ခရှိနေသည်။ ယင်းပဋိပက္ခထူးသည်ပင်အရာကိစ္စတခု၏အခြားအရာကိစ္စများနှင့်ခြားနားသည့်အနှစ်သာရထူးကို ဖြစ်စေလေသည်။ ဤသည်ကား ကမ္ဘာပေါ်ရှိအရာကိစ္စအမျိုးမျိုးတို့ အကွဲကွဲအပြားပြားဖြစ်နေကြခြင်း၏အတွင်းပိုင်းအကြောင်းရင်းဖြစ်သည်၊ သို့မဟုတ် အခြေအမြစ်ဟုခေါ်သည်။ သဘာဝလောကတွင် လှုပ်ရှားမှုသဏ္ဌာန်အမြောက်အမြားတည်ရှိရာ၊ စက်ယန္တရားပမာလှုပ်ရှားမှု၊အသံမြည်ခြင်း၊ အလင်းရောင်ဖြာထွက်ခြင်း၊ အပူရှိန်ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်ဓါတ်စီးခြင်း၊ ဓါတ်ကွဲခြင်း၊ ဓါတ်ပေါင်းခြင်းအစရှိသည်တို့ဖြစ်သည်။ ဤသို့သောရုပ်ဝတ္ထုလှုပ်ရှားမှုသဏ္ဌာန်အားလုံးသည် အပြန်အလှန်အမှီပြုတည်ရှိနေပြီး၊ အနှစ်သာရအရ တခုနှင့်တခုကွဲပြားခြားနားပေသည်။ ရုပ်ဝတ္ထု၏လှုပ်



ရှားမှုသဏ္ဌာန်တိုင်းတွင် ပါရှိသည့်အနှစ်သာရထူးကို ၎င်းကိုယ်နှိုက်ရှိသည့်ထူးခြားသည့်ပဋိပက္ခက သတ်မှတ်လေသည်။ ယင်းအခြေအနေသည် သဘာဝလောကတွင်သာမက၊ လူမှုရေးအခြင်းအရာများနှင့် တွေးခေါ်မှုဆိုင်ရာအခြင်းအရာများတွင်လည်း အလားတူ တည်ရှိနေသည်။ လူ့အဖွဲ့အစည်းသဏ္ဌာန်တိုင်းနှင့် တွေးခေါ်မှုသဏ္ဌာန်တိုင်း၌ ၎င်း၏ပဋိပက္ခထူးနှင့်အနှစ်သာရထူး များရှိ၏။

ဝိဇ္ဇာပညာသုတေသနဘာသာရပ် ခွဲခြားရာမှာ၊ ဝိဇ္ဇာပညာဘာသာရပ်များတွင်ရှိသောထူးခြားသည့်ပဋိပက္ခများကို အခြေတည်၍ ခွဲခြားခြင်းဖြစ်သည်။ ထို့ကြောင့်တစုံတခုသော အခြင်းအရာ၏နယ်ပယ်အတွင်းထူးခြားသည့် တစုံတခုသောပဋိပက္ခအား သုတေသနပြုခြင်းသည် တစုံတခုသောဝိဇ္ဇာပညာဘာသာရပ်တရပ်ဖြစ်လာတော့သည်။ ဥပမာ၊ သင်္ချာဗေဒတွင် ပေါင်းကိန်းနှင့်နုတ်ကိန်း၊ စက်ယန္တရား ဗေဒတွင်ပြုမှုခြင်းနှင့်တုံ့ပြန်ပြုမှုခြင်း၊ ရူပဗေဒတွင်ဓါတ်ဖိုနှင့်ဓါတ်မ၊ဓါတုဗေဒတွင်ဓါတ်ကွဲခြင်းနှင့်ဓါတ်ပေါင်းခြင်း၊ လူမှုဝိဇ္ဇာပညာတွင်ကုန်လုပ်စွမ်းအားစုနှင့် ကုန်လုပ်ဆက်ဆံမှု၊ လူတန်းစားနှင့်လူတန်းစား အပြန်အလှန်တိုက်ပွဲ၊ စစ်ရေးဗေဒတွင်ထိုးစစ်နှင့်ခံစစ်၊ အဘိဓမ္မာတွင် စိတ်ဝါဒနှင့်ရုပ်ဝါဒ၊ တက္ကဗေဒအမြင်နှင့်အနုပဋိလောမအမြင်စသည်တို့တွင် ပဋိပက္ခထူးနှင့်အနှစ်သာရထူးရှိသည့်အတွက်ကြောင့်သာ၊ မတူသောဝိဇ္ဇာပညာ သုတေသနဘာသာရပ်များဖြစ်ကြရသည်။ အမှန်ပင်ပဋိပက္ခ၏အနှံ့အပြားရှိမှုကို မသိလျှင်၊ အရာကိစ္စလှုပ်ရှားမှု ဖြစ်ပေါ်တိုးတက်ခြင်း၏အနှံ့အပြားရှိသည့်အကြောင်းရင်း သို့မဟုတ် အနှံ့အပြားရှိ

သည့်အခြေအမြစ်ကိုဘယ်နည်းနှင့်မျှရှာတွေ့နိုင်လိမ့်မည်မဟုတ်။ သို့ရာတွင်ပဋိပက္ခ၏ထူးခြားမှုကိုမလေ့လာလျှင်၊ အရာကိစ္စတခု၏ အခြားအရာကိစ္စများနှင့်မတူသောအနှစ်သာရထူးကို ဘယ်နည်းနှင့်မျှသတ်မှတ်ဆုံးဖြတ်နိုင်လိမ့်မည်မဟုတ်၊ အရာကိစ္စလှုပ်ရှားမှုဖြစ်ပေါ် တိုးတက်ခြင်း၏ထူးခြားသောအကြောင်းရင်း သို့မဟုတ်ထူးခြားသော အခြေအမြစ်ကိုဘယ်နည်းနှင့်မျှ ရှာတွေ့နိုင်လိမ့်မည်မဟုတ်၊ အရာကိစ္စများကိုလည်းဘယ်နည်းနှင့်မျှ ခွဲခြားနိုင်လိမ့်မည်မဟုတ်၊ ဝိဇ္ဇာပညာသုတေသနနယ်ပယ်ကိုလည်းဘယ်နည်းနှင့်မျှခွဲခြားနိုင်လိမ့်မည်မဟုတ်တော့ချေ။

လှုပ်ရှားမှုကိုလူသားတို့သိရှိနားလည်သည့် အစီအစဉ်အရဆိုလျှင်၊ အမြဲတမ်းပင်တခုချင်းဖြစ်သော ထူးခြားသော အရာကိစ္စကိုသိမြင်ခြင်းမှ ယေဘုယျအရာကိစ္စများကိုသိမြင်ခြင်းသို့ တဖြည်းဖြည်း ကျယ်ပြန့်သွားသည်။ လူတို့သည်အမြဲတမ်းပင်မတူသောအရာကိစ္စ အမြောက်အမြား၏အနှစ်သာရထူးများကို ဦးစွာသိပြီးမှ၊ တဆင့်တိုး၍စုစည်းပေါင်းချုပ်ခြင်းအလုပ်ကိုလုပ်နိုင်ပြီး၊ အရာကိစ္စအမျိုးမျိုး၏တူညီသောအနှစ်သာရကိုသိရှိလာကြသည်။ ဤသို့တူညီသည့်အနှစ်သာရကို လူတို့သိရှိကြပြီးနောက်တွင်၊ ယင်းတူညီသည့်သိမြင်မှုကို လမ်းညွှန်အဖြစ် ထားကာ၊ မလေ့လာရသေးသော သို့မဟုတ်နက်နဲစွာမလေ့လာရသေးသော လက်တွေ့အရာကိစ္စအမျိုးမျိုးကို ဆက်လက်လေ့လာပြီး၊ ၎င်းတို့၏အနှစ်သာရထူးများကိုရှာဖွေထုတ်ယူကြသည်၊ ဤသို့ပြုမှသာ ထိုတူညီသောအနှစ်သာရနှင့်ပတ်သက်သော သိမြင်မှုကို ဖြည့်စွက်ခြင်း၊ ကြွယ်ဝစေခြင်းနှင့် တိုးတက်စေခြင်းများ ပြုနိုင်ပြီး၊ ဤတူညီသော အနှစ်



သာရနှင့်ပတ်သက်သောသိမြင်မှုကိုခြောက်သွေ့ပြီး အသေဖြစ်မသွားအောင်ပြုလုပ်နိုင်လိမ့်မည်။ ဤသည်တို့ကား သိမြင်မှု၏ဖြစ်စဉ်နှစ်ခုဖြစ်သည်၊ တခုမှာထူးခြားမှုမှယေဘုယျအဖြစ်သို့၊ အခြားတခုမှာ ယေဘုယျမှထူးခြားမှုသို့ဖြစ်သည်။ လူသားတို့၏သိမြင်မှုသည် ဤသို့ပင်ကြောင်လိန်လှကားလိုပတ်ကာ အစဉ်ဖြစ်ပွါးနေ၍၊ တပတ်ပတ်မိတိုင်း (ဝိဇ္ဇာနည်းအရတိကျစွာဖြစ်ပါက) လူသားတို့၏သိမြင်မှုကိုတဆင့်မြင့်တက်စေနိုင်ပြီး တကြိမ်ထက်တကြိမ် ပို၍ပို၍ နက်နဲစေနိုင်သည်။ ဤပြဿနာနှင့်ပတ်သက်၍ ကျနော်တို့၏ တရားသေဝါဒီများမှားယွင်းကြသည်မှာ၊ တဖက်တွင်ပဋိပက္ခ၏ထူးခြားမှုကို မှုချလေ့လာ၍၊ အရာကိစ္စတခုစီ၏အနှစ်သာရထူးကိုသိမှသာပဋိပက္ခ၏အနန္တ အပြားရှိမှုကိုကောင်းကောင်းသိနိုင်ပြီး၊ အရာကိစ္စအမျိုးမျိုး၏ တူညီသောအနှစ်သာရကို ကောင်းကောင်းသိနိုင်မည်ဖြစ်ကြောင်း နားမလည်ကြခြင်းဖြစ်သည်။ အခြားတဖက်တွင် အရာကိစ္စများ၏တူညီသောအနှစ်သာရကို ကျနော်တို့သိပြီး သည့်နောက်၊ နက်နဲစွာမလေ့လာရသေးသော သို့မဟုတ်အသစ်ပေါ်ထွက်လာသော လက်တွေ့အရာကိစ္စများကို မှုချဆက်လက်လေ့လာရဦးမည်ဖြစ်ကြောင်း နားမလည်ခြင်းဖြစ်သည်။ ကျနော်တို့၏တရားသေဝါဒီများသည် လူပျင်းများဖြစ်သည်၊ သူတို့သည် လက်တွေ့အရာကိစ္စများနှင့်ပတ်သက်၍မည်သည့်ခက်ခဲပင်ပန်းသော လေ့လာရေးလုပ်ငန်းမျိုးကိုမဆို လုပ်ရန်ငြင်းဆန်ကြသည်၊ သူတို့သည် ယေဘုယျအမှန်တရားကို မိုးပေါ်မှကျလာသည့်အရာဟုယူဆကြသည်၊ ၎င်းကိုလူသူများ မထိတွေ့ကိုင်နိုင်သည့်အကောင်အထည်မဲ့

ပုံသေနည်းသက်သက်ဖြစ်အောင် လုပ်ပြီး၊ အမှန်တရားနှင့် ပတ်သက်သည့် လူသားတို့သိမြင်မှုဖြစ်ရိုး ဖြစ်စဉ်ကို လုံးဝ ငြင်းပယ်သည့်အမြင်ပြောင်းပြန်ပင်လုပ်ပစ်ကြသည်။ သူတို့သည်လူသားတို့သိမြင်မှု၏ဖြစ်စဉ်နှစ်ရပ်အပြန်အလှန်ဆက်သွယ်မှု (ဝါ) ထူးခြားမှုမှယေဘုယျသို့၊ ယေဘုယျမှထူးခြားမှုသို့ ဟူသည်ကိုလည်း နားမလည်ကြ၊ သူတို့သည် မာ့က်စ်ဝါဒ၏သိမြင်မှုသဘောတရားကိုအလျှင်းနားမလည်ကြချေ။

အရာဝတ္ထုလှုပ်ရှားမှုသဏ္ဌာန်များဆိုင်ရာစနစ်ကြီးတိုင်း၏ ပဋိပက္ခထူးနှင့် ၎င်းကသတ်မှတ်လိုက်သောအနှစ်သာရကို သုံးသပ်လေ့လာရမည်သာမက၊ အရာဝတ္ထုလှုပ်ရှားမှုသဏ္ဌာန်တိုင်း၏ ရှည်လျားသောဖြစ်ထွန်းတိုးတက်မှုခရီးစဉ်အတွင်းရှိ ဖြစ်စဉ်တိုင်း ၏ပဋိပက္ခထူးနှင့် ၎င်း၏အနှစ်သာရကိုလည်းလေ့လာရမည်ဖြစ်သည်။ လှုပ်ရှားမှုသဏ္ဌာန်ခပ်သိမ်း၏ တကယ်ရှိ၍စိတ်ကူးဖြင့်ဖန်တီးခြင်းမဟုတ်သည့် ဖြစ်ထွန်းတိုးတက်မှုဖြစ်စဉ်တိုင်းအတွင်းတွင် အားလုံးသည် အနှစ်သာရအရမတူကြချေ။ ကျနော်တို့၏လေ့လာရေးလုပ်ငန်းသည် ဤအချက်ကို မုချအာလေးထားရမည်၊ ဤအချက်မှမုချအစပြုရမည်ဖြစ်သည်။

အရည်အချင်းချင်းမတူသောပဋိပက္ခများကို အရည်အချင်းချင်းမတူသောနည်းများဖြင့်သာဖြေရှင်းနိုင်သည်။ ဥပမာ၊ ပစ္စည်းမဲ့လူတန်းစားနှင့် ဓနရှင်လူတန်းစား၏ပဋိပက္ခကို ဆိုရှယ်လစ်တော်လှန်ရေးနည်းဖြင့်ဖြေရှင်းရသည်၊ ပြည်သူလူထုနှင့် ပဒေသရာဇ်စနစ်၏ ပဋိပက္ခကို ဒီမိုကရေစီတော်လှန်ရေးနည်းဖြင့် ဖြေရှင်းရသည်၊ ကိုလိုနီနှင့်နယ်ချဲ့စနစ်၏ ပဋိပက္ခကို အမျိုးသားတော်လှန်ရေးစစ်နည်းဖြင့် ဖြေရှင်း



ရသည်၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းရှိ အလုပ်သမားလူတန်းစား နှင့်လယ်သမားလူတန်းစား၏ ပဋိပက္ခကို လယ်ယာလုပ်ငန်း စုပေါင်းလုပ်ကိုင်ရေးနှင့် လယ်ယာလုပ်ငန်းစက်ယန္တရားတပ်ဆင်ရေးနည်းဖြင့် ဖြေရှင်းရသည်၊ ကွန်မြူနစ်ပါတီအတွင်းရှိပဋိပက္ခကိုဝေဖန်ရေးနှင့် မိမိကိုယ်ကိုဝေဖန်ရေးနည်းဖြင့် ဖြေရှင်းရသည်၊ လူ့အဖွဲ့အစည်း နှင့်သဘာဝ၏ပဋိပက္ခကို ကုန်လုပ်စွမ်းအားစုများဖြစ်ထွန်းတိုးပွါးစေသည့် နည်းဖြင့်ဖြေရှင်းရသည်။ ဖြစ်စဉ်များပြောင်းလဲရာတွင် ဖြစ်စဉ်ဟောင်းနှင့် ပဋိပက္ခဟောင်း ပျောက်ကွယ်သွားပြီး ဖြစ်စဉ်သစ်နှင့် ပဋိပက္ခသစ်ပေါ်ပေါက်လာသောကြောင့်ပင်၊ပဋိပက္ခကိုဖြေရှင်းသည့်နည်းသည်လည်းမတူတော့ချေ။ ရုရှားပြည်တွင်ဖေဖော် ဝါရီတော်လှန်ရေးနှင့်အောက်တိုဘာတော်လှန်ရေးတို့က ဖြေရှင်းလိုက်သောပဋိပက္ခများနှင့် ထိုပဋိပက္ခများကိုဖြေရှင်းရာတွင်အသုံးပြုသောနည်းများသည်တခုနှင့်တခုအရင်းခံကျ၍မတူကြချေ။ မတူသောနည်းဖြင့်မတူသောပဋိပက္ခကို ဖြေရှင်းခြင်းသည်ကား မာ့က်စ်လီနင်ဝါဒီများတသွေမတိမ်းလိုက်နာရမည့်မူတရပ်ဖြစ်သည်။ တရားသေဝါဒီများသည်ယင်းမူကိုမလိုက်နာကြ၊ သူတို့သည်တော်လှန်ရေးအခြေအနေအမျိုးမျိုး၏ခြားနားမှုကို နားမလည်ကြချေ၊ ထို့ကြောင့် မတူသောနည်းများဖြင့် မတူသောပဋိပက္ခများကိုဖြေရှင်းသင့်ကြောင်းကိုလည်းနားမလည်၊ ပြောင်းလဲ၍မရဟုသူတို့ထင်သောပုံသေနည်းတမျိုးဖြင့် နေရာတကာတွင် တပုံစံတည်းဇွတ်တရွတ်အသုံးပြုကြသည်၊ ဤသို့ပြုခြင်းသည် တော်လှန်ရေးကိုဆုံးရှုံးနစ်နာစေ

သည်၊ သို့မဟုတ် မူလကကောင်းအောင်လုပ်နိုင်သည့်ကိစ္စများကို အလွန်ဆိုးဝါးသွားစေနိုင်သည်။

အရာကိစ္စများ၏ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်အတွင်း၌ တခုလုံးအဖြစ်ဖြင့်၎င်း၊ အပြန်အလှန်ဆက်စပ်နေသည့်အဖြစ်ဖြင့်၎င်း တည်ရှိနေသောပဋိပက္ခများ၏ထူးခြားမှုကို ထုတ်ဖေါ်ရန်အတွက်၊ ဆိုလိုသည်မှာ အရာကိစ္စများဖြစ်ထွန်းတိုးပွါးသည့် ဖြစ်စဉ်၏အနှစ်သာရကို ဖေါ်ထုတ်ရန်အတွက်ဖြစ်စဉ်အတွင်းရှိ ပဋိပက္ခဖက်အသီးသီး၏ထူးခြားမှုကို မုချဖေါ်ထုတ်ရမည်၊ ထိုသို့မဟုတ်လျှင် ဖြစ်စဉ်၏အနှစ်သာရကိုဖေါ်ထုတ်ရန်မဖြစ်နိုင်၊ ၎င်းမှာလည်း ကျနော်တို့လေ့လာရေး လုပ်ငန်းလုပ်သည့်အခါမှုချသတိပြုရမည့်ကိစ္စဖြစ်သည်။

ကြီးမားသောအရာကိစ္စတခုသည် ၎င်း၏ဖြစ်ထွန်းတိုးပွါးမှုဖြစ်စဉ်အတွင်း၌ ပဋိပက္ခအမြောက်အမြားရှိသည်။ ဥပမာ၊ တရုပ်ပြည်ဓနရှင်ဒီမိုကရေစီတော်လှန်ရေးဖြစ်စဉ် အတွင်း၌ တရုပ်လူ့အဖွဲ့အစည်းအတွင်းရှိအဖိနှိပ်ခံလူတန်းစားအသီးသီးနှင့် နယ်ချဲ့၏ ပဋိပက္ခ၊ ပြည်သူလူထုနှင့်ပဒေသရာဇ်စနစ်၏ပဋိပက္ခ၊ ပစ္စည်း မဲ့လူတန်းစားနှင့်ဓနရှင်လူတန်းစား၏ပဋိပက္ခ၊ လယ်သမားများ မြို့နေဓနရှင်ပေါက်စများနှင့် ဓနရှင်လူတန်းစား၏ပဋိပက္ခ၊ ဖေါက်ပြန်သော အုပ်စိုးသူဂိုဏ်းအချင်းချင်း၏ပဋိပက္ခစသည်တို့ရှိရာ၊ အခြေအနေမှာ အလွန်တရာပင်ရှုပ်ထွေးလှသည်။ ဤပဋိပက္ခများတွင် ကိုယ်စီကိုယ်စီထူးခြားမှုများရှိနေ၍ ၎င်းတို့ကိုတပြေးညီစွာသဘောမထား နိုင်သကဲ့သို့ပင်၊ ပဋိပက္ခတိုင်း ၏ဖက်နှစ်ဖက်တွင်လည်း ထူးခြားမှုအသီးသီးရှိနေကြပြန်သဖြင့် တပြေးညီစွာ



သဘောမထားနိုင်ချေ။ တရုပ်ပြည်တော်လှန်ရေးကို ဆောင်ရွက်နေသည့်ကျနော်တို့သည်တခုလုံးအဖြစ်ဖြင့် (ဝါ) အပြန်အလှန်ဆက်စပ်သောအဖြစ်ဖြင့် ပဋိပက္ခအသီးသီး၏ထူးခြားမှုကို နားလည်ရမည်သာမက၊ ပဋိပက္ခ၏ဖက်အသီးသီးကို လေ့လာမှသာ ၎င်း၏တခုလုံးအဖြစ်ကိုနားလည်နိုင်လိမ့်မည်။ ပဋိပက္ခ၏ဖက်အသီးသီးကို နားလည်ရမည်ဆိုသည်မှာ၊ ၎င်းတို့၏ဖက်တိုင်းသည် မည်သည့် အထူးသတ်မှတ်ထားသည့်အဆင့်နေရာတွင်အသီးသီးရှိကြသည်၊ အသီးအသီးမည်သို့သောအကောင်အထည်သဏ္ဍာန်ဖြင့်တဖက်နှင့်အပြန်အလှန်အမှီပြုတည်ရှိပြီးအပြန်အလှန်ပဋိပက္ခဖြစ်သည့် ဆက်သွယ်မှုပေါ်ပေါက်လာသည်၊ အပြန်အလှန်အမှီပြုတည်ရှိပြီး အပြန်အလှန်ပဋိပက္ခဖြစ်သည့် အတွင်းနှင့်အပြန်အလှန် အမှီပြုတည်ရှိမှုကွဲပျက်ပြီးနောက်တွင်၊ မည်သည့် တိကျသည့်နည်းဖြင့် တဖက်နှင့်တိုက်ပွဲဆင်ကြပြန်သည်တို့ကို နားလည်ရေးဖြစ်သည်။ ထိုပြဿနာများကိုသုတေသနပြုရေးသည် အလွန်တရာအရေးကြီးသောကိစ္စတရပ်ဖြစ်သည်။ လီနင်က ၊ မာ့က်စ်ဝါဒ၏အနှစ်သာရအကျဆုံးအရာ၊ မာ့က်စ်ဝါဒ၏ အသက်ပါသည့်ဝိညာဉ်မှာ၊ တိကျသည့် အခြေအနေကို တိတိကျကျခွဲခြမ်းစိတ်ဖြာခြင်းဟူသည့် အချက်တွင်တည်သည် ** ဟုပြောဆိုခြင်းမှာ ဤအဓိပ္ပါယ်ကို ဆိုလိုခြင်းဖြစ်သည်။ကျနော်တို့၏တရားသောဝါဒီများသည်လီနင်၏ညွှန်ကြားချက်ကိုဖီလာပြုကာ၊ မည်သည့်အရာကိစ္စကိုမဆိုတိတိကျကျခွဲခြမ်းစိတ်ဖြာရန်ဦးနှောက်ကိုဘယ်တော့မှအသုံးမပြုကြချေ၊ ဆောင်းပါးရေးသားလျှင်သို့မဟုတ်မိန့်ခွန်းပြောဆိုလျှင် အနှစ်မရှိဗလာနတ္ထိဖြစ်သည့် "ပါ့ကူ"

လေသံတွေချည်သာသုံးလျက် ကျနော်တို့ပါတီအတွင်းဝယ် အလွန်တရာဆိုးဝါးလှသည့် လုပ်ဟန်တမျိုးဖြစ်ပေါ်စေသည်။

ပြဿနာကိုလေ့လာရာတွင် ဆန္ဒစွဲဖြစ်မှု၊ တဖက်သတ်ကျမှုနှင့်အပေါ်ယံကျမှုများမပါစေရ။ ဆန္ဒစွဲဖြစ်မှုဆိုသည်ကား ပြဿနာကိုပကတိတည်ရှိနေသည့်အတိုင်း ကြည့်ရမှန်းမသိခြင်း ဖြစ်သည်၊ ဆိုလိုသည်မှာ ပြဿနာကိုရုပ်ဝါဒအမြင်ဖြင့် ကြည့်ရမှန်းမသိခြင်းဖြစ်သည်။ ဤအချက်ကို «လက်တွေ့ကျမ်း» ထဲတွင် ကျနော်ပြောဆိုခဲ့ပြီးပြီ။ တဖက်သတ်ကျမှုဆိုသည်ကား ပြဿနာကိုဖက်ပေါင်းစုံမှကြည့်ရမှန်း မသိခြင်း ဖြစ်သည်။ ဥပမာ ၊ တရုပ်ပြည်အကြောင်းကိုသာ နားလည်ပြီး ဂျပန်ပြည်အကြောင်းကို နားမလည်ခြင်း၊ ကွန်မြူနစ်ပါတီအကြောင်းကိုသာနားလည်ပြီးကိုမင်တန်အကြောင်းကို နားမလည်ခြင်း၊ ပစ္စည်းမဲ့လူတန်းစားအကြောင်းကိုသာ နားလည်ပြီး မြေရှင်လူတန်းစားအကြောင်းကိုနားမလည်ခြင်း၊ လယ်သမားအကြောင်းကိုသာ နားလည်ပြီး မြေရှင်အကြောင်းကို နားမလည်ခြင်း၊ ချောမောသည့် အခြေအနေကိုသာနားလည်ပြီး ခက်ခဲသည့် အခြေအနေကိုနားမလည်ခြင်း၊ အတိတ်ကိုသာ နားလည်ပြီး အနာဂတ်ကိုနားမလည်ခြင်း၊ တခုချင်းကိုသာနားလည်ပြီး တခုလုံးကိုနားမလည်ခြင်း၊ ချို့ယွင်းချက်ကိုသာနားလည်ပြီး အောင်မြင်မှုကို နားမလည်ခြင်း၊ တရားလိုအကြောင်းကိုသာနားလည်ပြီး တရားခံအကြောင်းကိုနားမလည်ခြင်း၊ တော်လှန်ရေး၏လျှို့ဝှက်လုပ်ငန်းကို သာနားလည်ပြီးတော်လှန်ရေး၏ပြောင်လုပ်ငန်းကိုနားမလည်ခြင်းအစရှိသည်တို့ဖြစ်သည်။ စကားတခွန်းတည်းဖြင့်ချုပ်



ပြောရလျှင်၊ ပဋိပက္ခဖက်အသီးသီး၏ ထူးခြားချက်ကို နားမလည်ခြင်းဖြစ်သည်။ ၎င်းအားပြဿနာကို တဖက်သတ်ကြည့်ခြင်းဟုခေါ်သည်။ သို့မဟုတ်တစိတ်တပိုင်းကိုသာမြင်ပြီး တခုလုံးကိုမမြင်ခြင်း၊ သစ်ပင်သာမြင်ပြီးသစ်တောကို မမြင်ခြင်းဟုခေါ်သည်။ ဤသို့ဖြစ်ပါက ပဋိပက္ခကိုဖြေရှင်းရန်နည်းလမ်းရှာ၍ရနိုင်မည်မဟုတ်၊ တော်လှန်ရေးလုပ်ငန်းတာဝန်ကို ပြီးမြောက်စေနိုင်မည်မဟုတ်၊ ထမ်းဆောင်နေရသောလုပ်ငန်းကို ကောင်းမွန်စွာလုပ်နိုင်မည်မဟုတ်၊ ပါတီတွင်း တွေးခေါ်မှုတိုက်ပွဲကိုမှန်ကန်စွာတိုးတက်အောင်လုပ်နိုင်မည်မဟုတ်တော့ချေ။ စစ်ရေးနှင့်ပတ်သက်၍ စွင်းဇီက ၊ "ရန်သူ့အကြောင်းကိုယ့်အကြောင်းကောင်းကောင်းသိမှ တိုက်ပွဲတိုင်းတွင် မရှုံးနိုင်" [၁၁] ဟုပြောခဲ့၏။ စစ်တိုက်သည့်ဖက်နှစ်ဖက်ကို သူရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ထန်မင်းဆက်မှ ဝေ့ကျိန်းက ၊ "နှစ်ဖက်မှစကားကို နားထောင်လျှင် အလင်းဆောင်ပြီး၊ တဖက်စကားကို ယုံမှားလျှင် အမိုက်မှောင်ကျလိမ့်မည်" [၁၂] ဟုပြောခဲ့၏။ သူလည်း တဖက်သတ်ကျမှုများကြောင်းကို နားလည်ပေသည်။ သို့ရာတွင် ကျနော်တို့၏ရဲဘော်တချို့သည် ပြဿနာကိုကြည့်ရာတွင်တဖက်သတ်ကျလေ့ရှိသည်။ ထိုသူများသည်မကြာခဏနှာခေါင်းကျည်ပွေ့တွေ့ကြရသည်။ «ရှေ့ဟုကျမ်း» အမည်ရှိဝတ္ထုထဲတွင် စုန်ကျန်းဆိုသူက ကျူကျားကျေးရွာကို သုံးကြိမ်ဝင်တိုက်ရာ၌ [၁၄] နှစ်ကြိမ်မှာအခြေအနေကို ရှင်းလင်းစွာမသိ၊ နည်းနာမမှန်ကန်သောကြောင့်စစ်ရှုံးရလေသည်။ နောက်ပိုင်းတွင် နည်းနာပြောင်းလိုက်ပြီး အခြေအနေစုံစမ်းထောက်လှမ်းကာ ပိုင်အောင်လုပ်ခဲ့သည်၊

သို့ဖြင့် ဝက်ပါတမျှရှပ်သည့်လမ်းများအကြောင်းကို သိရှိပြီး၊ လီကျားကျွမ်းရွာ၊ ဟုကျားကျွမ်းရွာနှင့် ကျူကျားကျွမ်းရွာများ မဟာမိတ်ဖွဲ့မှုကိုခွဲဖျက်ကာ၊ နိုင်ငံခြားပုံပြင်ထဲရှိ ထရိုဂျင်မြင်းအစီအမံနှင့်တူသည့် နည်းနာကိုအသုံးပြုလျက်ရန်သူ့ တပ်တွင်းသို့ မိမိစစ်သားများကို ရုပ်ဖျက်ပြီး တိတ်တဆိတ်ရောဝင်နေစေခြင်းဖြင့် တတိယအကြိမ်တိုက်ရာတွင် အနိုင်ရလေတော့သည်။ «ရွှေဟူကျမ်း» ဝတ္ထုထဲတွင်ရုပ်ဝါဒအနုပဋိလောမနည်းကျသည့် ဥပမာအမြောက်အမြားရှိသည်။ ကျူကျားကျွမ်းရွာကိုသုံးကြိမ်တိုက်ခြင်းဟူသည့်အကြောင်းကား အကောင်းဆုံး ဥပမာတခုဖြစ်သည်။ လီနင်က ၊ "အရာဝတ္ထုတခုကို တကယ်အမှန်သိလိုပါက၊ ထိုအရာဝတ္ထု၏ဖက်အားလုံး၊ ဆက်သွယ်မှုနှင့် 'အောင်သွယ်မှု' အားလုံးတို့ကိုပိုင်နိုင်အောင်လုပ်ရမည်၊ လေ့လာရမည်။ ဤအချက်ကိုပြီးပြည့်စုံအောင် ကျနော်တို့ ဘယ်နည်းနှင့်မျှ လုပ်နိုင်မည် မဟုတ်သော်လည်းဖက်အားလုံးကို ပိုင်နိုင်ရမည်ဟု တောင်းဆိုထားခြင်းသည် အမှားအယွင်းများနှင့် အသေလုပ်မှုများကို ကာကွယ်တားဆီးရန်ဖြစ်သည်" [၁၄] ဟုပြောခဲ့၏။ သူ့စကားကို ကျနော်တို့မှတ်ထားသင့်သည်။ အပေါ်ယံကျမှုဆိုသည်ကားပဋိပက္ခတခုလုံးနှင့် ပဋိပက္ခဖက်အသီးသီး၏ထူးခြားချက်များကိုမကြည့်၊အရာကိစ္စကိုနက်နက်နဲနဲဆင်ခြင်သုံးသပ်ရန်၊ ပဋိပက္ခ၏ထူးခြားချက်များကို အသေးစိတ်လေ့လာရန်လိုအပ်သည်ကိုငြင်းပယ်ပြီး၊ အဝေးမှနေ၍ရပ်ကြည့်ရုံကြည့်လျက်၊ ပဋိပက္ခပုံပန်းကိုအကြမ်းဖျင်းမျှသာမြင်ရုံနှင့်ပဋိပက္ခကို ဖြေရှင်းရန်ကြံရွယ်ခြင်း (မေးခွန်းများကို ဖြေဆိုခြင်း၊ အငြင်းပွါးချက်များကိုဖြေရှင်းခြင်း၊ လုပ်ငန်းများကိုစီမံလုပ်ကိုင်ခြင်း၊ စစ်ပွဲများကို ညွှန်ကြားခြင်း) ဖြစ်သည်။ ထိုနည်းဖြင့်လုပ်လျှင်ကမောက်ကမဖြစ်ဟု၍မရှိခဲ့ချေ။ တရုပ်ပြည်ရှိ တရားသေဝါဒီနှင့် အတွေ့အကြုံဝါဒီရဲဘော်တွေအမှားမှားမိကြခြင်းမှာ အရာကိစ္စများကိုသူတို့ကြည့်သည့်နည်းသည် ဆန္ဒစွဲဖြစ်သောကြောင့်၊ တဖက်သတ်ကျသောကြောင့်၊ အပေါ်ယံကျသောကြောင့် ဖြစ်သည်။ တဖက်သတ်ကျမှုအပေါ်ယံကျမှုများသည်လည်း ဆန္ဒစွဲဖြစ်မှုပင်ဖြစ်သည်၊ အကြောင်းမူကား ရှိရှိသမျှသော ပကတိတည်ရှိနေသည့်အရာကိစ္စများတွင် အပြန်အလှန်ဆက်စပ်မှုနှင့်အတွင်းပိုင်းတရားများရှိပါလျက်နှင့်၊ လူများသည် ဤအခြေအနေများကိုတကယ်ဖြစ်ရပ်အတိုင်း မဖေါ်ပြဘဲ၊ ၎င်းတို့ကိုတဖက်သတ်ကျစွာ သို့မဟုတ်အပေါ်ယံလောက်သာကြည့်ပြီး၊ အရာကိစ္စများ၏ အပြန်အလှန်ဆက်စပ်မှုနှင့်အရာကိစ္စများ၏ အတွင်းပိုင်းတရားကို မသိကြ၍ဖြစ်၏၊ ထို့ကြောင့်၎င်းနည်းသည်ဆန္ဒစွဲဖြစ်ပေတော့သည်။

အရာကိစ္စများ၏ဖြစ်ထွန်းတိုးပွါးသည့် ဖြစ်စဉ်တလျှောက်လုံးရှိပဋိပက္ခလှုပ်ရှားမှုတွင် ၎င်း၏အပြန်အလှန်ဆက်စပ်မှုအရ၊ ၎င်း၏ဖက်အသီးသီးအခြေအနေအရထူးခြားချက်များရှိသည်ကို ကျနော်တို့ မှုချသတိပြုရမည်၊ ထို့မျှမက ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်၏အဆင့်အသီးသီးတွင်၎င်းတို့၏ထူးခြားချက်များရှိသည်ဟူ၍လည်းမှုချသတိပြုရမည်။

အရာကိစ္စဖြစ်ထွန်းတိုးပွါးသည့် ဖြစ်စဉ်၏အရင်းခံပဋိပက္ခနှင့် ဤအရင်းခံပဋိပက္ခအတွက် သတ်မှတ်လိုက်သည့် ဖြစ်စဉ်၏ ဒာန္တစ်သာရသည်ဖြစ်စဉ်မပြီးဆုံးမချင်း ကွယ်ပျောက်မသွားချေ၊ သို့ရာတွင်အရာ

ကိစ္စ၏ ဖြစ်ထွန်းတိုးပွါးသည့်ရှုပ်ထွေးသောဖြစ်စဉ်အတွင်းရှိ ဖြစ်ထွန်းတိုးပွါးမှုအဆင့်အသီးသီး၏အခြေအနေများ သည်တခုနှင့်တခုခြားနားလေ့ရှိတတ်သည်။ ဤသို့ဖြစ်ရခြင်းမှာ အရာကိစ္စများ၏ ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်ရှိအရင်းခံပဋိပက္ခ၏ လက္ခဏာနှင့်ဖြစ်စဉ်၏ အနှစ်သာရမှာမပြောင်းလဲသော်လည်း၊ အရင်းခံပဋိပက္ခသည် ရှုပ်ထွေးသောဖြစ်စဉ်အတွင်းရှိ ဖြစ်ထွန်းတိုးပွါးမှုအဆင့်အသီးသီးတွင်တဖြည်းဖြည်းပြင်းထန်လာသောသဏ္ဌာန်ကို ဆောင်သောကြောင့်ဖြစ်သည်။ ထို့ပြင်အရင်းခံပဋိပက္ခက သတ်မှတ်လိုက်သော သို့မဟုတ်ဂယက်ရိုက်ခတ်လိုက်သော ပဋိပက္ခအကြီးအငယ်အမြောက်အမြားအနက်၊ တချို့မှာပြင်းထန်၍လာသည်၊ တချို့မှာယာယီအားဖြင့်သို့မဟုတ်တစိတ်တပိုင်းအားဖြင့်ပြေရှင်းသွားသည်၊ သို့မဟုတ် အရှိန်ယုတ်လျော့သွားသည်၊ တချို့မှာအသစ်ပေါ်ပေါက်လာသည်၊ ထို့ကြောင့်ဖြစ်စဉ်တွင် အဆင့်များရှိကြောင်းထင်ရှားသည်။ အကယ်၍ လူတို့သည်အရာကိစ္စဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်တွင်အဆင့်များရှိကြောင်းကိုသတိမမူပါက၊ အရာကိစ္စ၏ ပဋိပက္ခကိုလျော်ကန်စွာကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ချေ။

ဥပမာ၊ လွတ်လပ်စွာပြိုင်ဆိုင်သောခေတ်မှ အရင်းရှင်စနစ်သည် နယ်ချဲ့စနစ်အဖြစ်သို့ဖြစ်ထွန်းလာသောအခါတွင်၊ ပစ္စည်းမဲ့လူတန်းစားနှင့်ဓနရှင်လူတန်းစားဟူသော ဤအရင်းခံပဋိပက္ခနှစ်ရပ်၏လူတန်းစားလက္ခဏာနှင့်ဤလူ့အဖွဲ့အစည်းရှိ အရင်းရှင်စနစ်၏ အနှစ်သာရသည် မပြောင်းလဲသော်လည်း၊ ဤလူတန်းစားနှစ်ရပ်၏ပဋိပက္ခသည် ပြင်းထန်လာသည်။ လက်ဝါးကြီးအုပ်အရင်းနှင့် လွတ်လပ်သည့် အရင်းတို့



၏ပဋိပက္ခဖြစ်ပေါ်ပေါက်ဖွါး လာသည်၊ အရှင်သခင် တိုင်းပြည်များနှင့် ကိုလိုနီများ၏ ပဋိပက္ခပြင်းထန်လာသည်၊ အရင်းရှင်နိုင်ငံချင်း ပဋိပက္ခ (ဝါ) တိုင်းပြည်အသီးသီး၏တိုးတက်မှု မညီညာသောအခြေအနေကြောင့် ပေါ်ပေါက်လာသည့်ပဋိပက္ခသည် အထူးတလည် ပြင်းထန်ထက်မြက်စွာပေါ်ပြူလာသည်၊ ထိုအကြောင်းများ ကြောင့် အရင်းရှင်စနစ်၏ အဆင့်ထူးပေါ် ထွက်လာသည်၊ နယ်ချဲ့စနစ်အဆင့်ပေါ် ထွက်လာသည်။ လီနင်ဝါဒသည်နယ်ချဲ့စနစ်နှင့် ပစ္စည်းမဲ့တော်လှန်ရေးခေတ်ရှိမာ့က်စ်ဝါဒဖြစ်ရခြင်းမှာ လီနင်နှင့်စတာလင်တို့သည် ယင်းပဋိပက္ခများကို မှန်ကန်စွာရှင်းပြပြီး၊ ၎င်းတို့ကိုဖြေရှင်းသည့် ပစ္စည်းမဲ့တော်လှန်ရေးသဘောတရားနှင့် နည်းပရိယာယ်များကို မှန်ကန်စွာချမှတ်လိုက်သောကြောင့်ဖြစ်သည်။

၁၉၁၁ ခုနှစ် တော်လှန်ရေးမှအစချီသည့်တရုပ်ပြည်ဓနရှင်ဒီမိုကရေစီတော်လှန်ရေးဖြစ်စဉ်၏အခြေအနေကိုကြည့်ပါက၊ ၎င်းတွင်လည်းထူးခြားသောအဆင့်အချို့ရှိသည်ကိုတွေ့မြင်ရလိမ့်မည်။ အထူးသဖြင့်ဓနရှင်လူတန်းစား ခေါင်းဆောင်သည့် အချိန်က တော်လှန်ရေးနှင့်ပစ္စည်းမဲ့လူတန်းစားခေါင်းဆောင်သည့်အချိန်က တော်လှန်ရေးသည်တခုနှင့်တခု အလွန်အလွန်ကွဲပြားသောသမိုင်းအဆင့်နှစ်ရပ်အဖြစ်ခြားနားလျက်ရှိသည်။ ၎င်းကား ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်မှုကြောင့်တော်လှန်ရေးအသွင်အပြင်မှာ အရင်းအမြစ်မှနေ၍ ပြောင်းလဲလာရ၊ လူတန်းစားဆက်သွယ်မှုများ အသစ်ပြင်ဆင်ပြောင်းလဲခြင်း၊ လယ်သမားတော်လှန်ရေးကို ကျယ်ကျယ်ပြန့်ပြန့်လှုံ့ဆော်ခြင်း၊

နယ်ချဲ့စနစ်နှင့်ပဒေသရာဇ်စနစ်တို့အားဆန့်ကျင်သော တော်လှန်ရေးကိုအပြီးအပိုင်လုပ်ခြင်း၊ ဒီမိုကရေစီတော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ကူးပြောင်းနိုင်ဖွယ်ရှိခြင်း အစရှိသည်များ ပေါ်ပေါက်လာသည်။ ဤအရာအားလုံးသည် ခေတ်ရှင်လူတန်းစားက တော်လှန်ရေးကိုခေါင်းဆောင်နေချိန်၌ ပေါ်ပေါက်လာနိုင်စရာ မရှိချေ။ ဖြစ်စဉ်တလျှောက်လုံးရှိအရင်းခံပဋိပက္ခ၏လက္ခဏာ၊ ဖြစ်စဉ်တွင်းရှိနယ်ချဲ့နှင့်ပဒေသရာဇ်ကိုဆန့်ကျင်သော ဒီမိုကရေစီတော်လှန်ရေးလက္ခဏာ (၎င်း၏ဆန့်ကျင်ဖက်ကား ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းလက္ခဏာဖြစ်၏)မှာ မပြောင်းလဲသော်လည်း၊ ဤရှည်လျားသောအချိန်ကာလအတွင်း၌ ၁၉၁၁ ခုနှစ်တော်လှန်ရေးဆုံးရှုံးခြင်းနှင့် မြောက်ပိုင်း စစ်ဘုရင်များ၏အုပ်စိုးမှု၊ ပထမအကြိမ်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုတည်ထောင်ခြင်းနှင့် ၁၉၂၄–၁၉၂၇ခုနှစ် တော်လှန်မှု၊ ညီညွတ်ရေးတပ်ပေါင်းစုကွဲခြင်းနှင့် ခေတ်ရှင်လူတန်းစားများ တန်ပြန်တော်လှန်ရေးဖက်သို့ကူးပြောင်းသွားမှု၊ စစ်ဘုရင်သစ်များ အချင်းချင်းဖြစ်သောစစ်၊ မြေယာတော်လှန်ရေးစစ်၊ ဒုတိယအကြိမ်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုတည်ထောင်ခြင်းနှင့် ဂျပန်ခုခံရေးစစ်အစရှိသည့် အရေးအခင်းကြီးများဖြစ်ပွါးခဲ့ခြင်းဖြင့်အနှစ် ၂၀ ကျော်အတွင်း၌ ဖြစ်ထွန်းတိုးပွါးမှုအဆင့်အချို့ကို ဖြတ်သန်းခဲ့ရပေသည်။ ထိုအဆင့်များအတွင်း၌အချို့ပဋိပက္ခများပြင်းထန်လာသည် (ဥပမာ၊ မြေယာတော်လှန်ရေးစစ်နှင့်ဂျပန်ကတရုပ်ပြည်အရှေ့မြောက်ပိုင်းပြည်နယ် ၄ ခုသို့ဝင်ရောက်ကျူးကျော်ခြင်း)၊ အချို့ပဋိပက္ခများတစိတ်တပိုင်းအားဖြင့်သို့မဟုတ်



ယာယီအားဖြင့် ပြေလည်သွားသည် (ဥပမာ၊ မြောက်ပိုင်းစစ်ဘုရင်များကိုချေမှုန်းပစ်ခြင်း၊ မြေရှင်များ၏လယ်မြေများကို ကျနော်တို့သိမ်းယူခြင်း)၊ အချို့ပဋိပက္ခများအသစ်တဖန်ပေါ်ပေါက်လာသည် (ဥပမာ၊ စစ်ဘုရင်သစ်များအချင်းချင်းတိုက်ပွဲ၊ တောင်ပိုင်းတော်လှန်ရေးအခြေခံစခန်းများဆုံးရှုံးပြီးနောက် မြေရှင်များက လယ်မြေများကိုပြန်လည်သိမ်းယူခြင်း) ဟူသည့် ထူးခြားသောအခြေအနေများပါဝင်လေသည်။

အရာကိစ္စများဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်အတွင်းမှ ဖြစ်ထွန်းတိုးပွါးသည့်အဆင့်အသီးသီးရှိပဋိပက္ခများ၏ထူးခြားမှုကို လေ့လာရာ၌၊ ၎င်းတို့၏ဆက်စပ်မှုနှင့် ၎င်းတို့၏တခုလုံးဖြစ်မှုကိုကြည့်ရမည်သာမက၊ အဆင့်အသီးသီးရှိပဋိပက္ခ၏ဖက်အသီးသီးကိုလည်း ကြည့်ရမည်။

ကိုမင်တန်နှင့်ကွန်မြူနစ်ပါတီကို ဥပမာထား ကြည့်ကြစို့။ ကိုမင်တန်အနေဖြင့် ပထမအကြိမ်ညီညွတ်ရေးတပ်ပေါင်းစုကာလတွင် ရုရှားနှင့်ပူးပေါင်းခြင်း၊ ကွန်မြူနစ်ပါတီနှင့်ပူးပေါင်းခြင်း၊ အလုပ်သမားလယ်သမားများကို ကူညီခြင်းဟူသောဆွန်ယက်ဆင်၏ ပေါ်လစီကြီးသုံးရပ်အတိုင်းကျင့်သုံးဆောင်ရွက်သောကြောင့်၊ ၎င်းသည် တော်လှန်၍အညွန့်တလူလူရှိသည့်ပြင်၊ လူတန်းစားအသီးသီး၏ ဒီမိုကရေစီတော်လှန်ရေးမဟာမိတ်အဖွဲ့လည်းဖြစ်ခဲ့သည်။ ၁၉၂၇ ခုနှစ်နောက်တွင် ကိုမင်တန်သည်ဆန့်ကျင်ဖက်သို့ပြောင်းလဲသွား၍မြေရှင်နှင့်ခေတ်ရှင်ကြီးလူတန်းစား၏ ဖေါက်ပြန်သည့်အဖွဲ့အစည်း ဖြစ်သွားလေသည်။ ၁၉၃၆ ခုနှစ်ဒီဇင်ဘာလရှီးအန်းအရေးအခင်းဖြစ်ပွါးပြီးသည့်နောက်တွင် ပြည်

တွင်းစစ်ရပ်စဲခြင်း၊ ကွန်မြူနစ်ပါတီနှင့်ပူးပေါင်းကာ အတူတကွဂျပန်နယ်ချဲ့ကိုဆန့်ကျင်ခြင်းဟူသည့်ဖက်သို့ စတင်ပြောင်းလဲလာပြန်သည်။ ဤသည်ကား အဆင့် ၃ ဆင့်အတွင်း ကိုမင်တန်၏ထူးခြားချက်များဖြစ်သည်။ ယင်းထူးခြားချက်များ ဖြစ်ပေါ်လာသည်မှာ အမှန်ပင်အကြောင်းရင်းအမျိုးမျိုး ရှိလေသည်။ တရုပ်ပြည်ကွန်မြူနစ်ပါတီအနေဖြင့်ဆိုရသော်၊ ပထမအကြိမ် ညီညွတ်ရေးတပ်ပေါင်းစုကာလတွင် ၎င်းသည်နုနယ်သောပါတီဖြစ်သည်၊ ၎င်းသည် ၁၉၂၄–၁၉၂၇ ခုနှစ်အထိဖြစ်ပွါးသောတော်လှန်ရေးကို ရဲရင့်စွာခေါင်းဆောင်ခဲ့သည်၊ သို့ရာတွင်တော်လှန်ရေး၏လက္ခဏာ၊လုပ်ငန်းတာဝန်နှင့်နည်းနာများကိုသဘောပေါက်နားလည်ရာမှာ နုနယ်သေးသည်၊ ထို့ကြောင့်ယင်းတော်လှန်ရေး၏နောက်ပိုင်းတွင် ပေါ်ပေါက်သောချင်တူရှဝါဒမှာ ဩဇာတက်လာနိုင်ကာတော်လှန်ရေးဆုံးရှုံးရလေသည်။ ၁၉၂၇ ခုနှစ်နောက်တွင်ကွန်မြူနစ်ပါတီသည်မြေယာတော်လှန်ရေးစစ်ကိုရဲရင့်စွာခေါင်းဆောင်ပြန်ပြီး၊ တော်လှန်သည့် စစ်တပ်နှင့် တော်လှန်ရေးအခြေခံဒေသများကိုဖန်တီးတည်ထောင်လိုက်သည်၊ သို့ရာတွင် ၎င်းသည်လည်း မိုက်ရူးရဲဝါဒအမှားမှားမိသဖြင့် စစ်တပ်နှင့်အခြေခံဒေသများ ကြီးစွာနစ်နာဆုံးရှုံးခဲ့ရလေသည်။ ၁၉၃၅ ခုနှစ်နောက်တွင်ကွန်မြူနစ်ပါတီသည်မိုက်ရူးရဲဝါဒအမှားကို ပြန်လည်ပြုပြင်လိုက်ပြီး ဂျပန်ခုခံရေးညီညွတ်ရေးတပ်ပေါင်းစုအသစ်ကို ခေါင်းဆောင်လာခဲ့သည်၊ ဤ ကြီးမြတ်သည့်တိုက်ပွဲသည်ယခုအခါတိုးတက်ကြီးထွားလျက်ရှိသည်။ ဤအဆင့်တွင်ကွန်မြူနစ်ပါတီသည် တော်လှန်ရေး၏ စမ်းသပ်စစ်ဆေးမှုကိုနှစ်ကြိမ်ခံ



ခဲ့ရပြီး ကြွယ်ဝသည့်အတွေ့အကြုံများရှိသည့်ပါတီဖြစ်လာတော့သည်။ ဤသည်တို့မှာတရုပ်ပြည်ကွန်မြူနစ်ပါတီ၏အဆင့် ၃ ဆင့်တွင်ရှိသောထူးခြားချက်များဖြစ်သည်။ ယင်းထူးခြားချက်များကို ဖြစ်ပေါ်စေသည်မှာလည်း အကြောင်းရင်းအမျိုးမျိုးရှိပေသည်။ ယင်းထူးခြားချက်များကိုမလေ့လာလျှင် ဖြစ်ထွန်းတိုးတက်သည့်အဆင့်အသီးသီးရှိနှစ်ပါတီ၏ ထူးခြားသည့်အပြန်အလှန်ဆက်သွယ်မှု ၊ ညီညွတ်ရေးတပ်ပေါင်းစု တည်ထောင်ခြင်း၊ ညီညွတ်ရေးတပ်ပေါင်းစု ပြိုကွဲခြင်း၊ နောက်တဖန်ညီညွတ်ရေးတပ်ပေါင်းစုကို တည်ထောင်ခြင်းတို့ကို နားလည်နိုင်လိမ့်မည်မဟုတ်ချေ။ နှစ်ပါတီ၏ထူးခြားချက်အမျိုးမျိုးကိုလေ့လာလိုပါက၊ ပို၍အရင်းခံကျသည့် အရာမှာ ဤနှစ်ပါတီ၏လူတန်းစားအုတ်မြစ်နှင့် ဤလူတန်းစားအုတ်မြစ်ကြောင့် အချိန်ကာလအသီးသီးတွင်ဖြစ်ပေါ်လာသော ယင်းနှစ်ပါတီနှင့်အခြားအင်အားစုများ၏ပဋိပက္ခဆန့်ကျင်ဖက်ဖြစ်မှုကို မုချလေ့လာရမည်။ ဥပမာ၊ကိုမင်တန်သည် ပထမအကြိမ်ကွန်မြူနစ်ပါတီနှင့်ပူးပေါင်းသည့် ကာလပိုင်းတွင်တဖက်၌ပြည်ပနယ်ချဲ့နှင့်ပဋိပက္ခရှိ၏၊ ထို့ကြောင့်၎င်းသည်နယ်ချဲ့ကိုဆန့်ကျင်သည်၊ အခြားတဖက်၌ ပြည်တွင်းပြည်သူလူထုကြီး နှင့်ပဋိပက္ခရှိ၏၊ ၎င်းသည်လုပ်သားပြည်သူတို့အတွက်အကျိုးရှိအောင်အမြောက်အမြားလုပ်ပေးပါမည်ဟု နှုတ်ဖြင့်ကတိပြုသော်လည်း၊ စင်စစ်တွင်အနည်းငယ်သာလုပ်ပေးသည်၊ သို့မဟုတ်ဘာကိုမျှလုပ်မပေးချေ။ ၎င်းသည်ကွန်မြူနစ်ဆန့်ကျင်ရေးစစ်ဆင်နွှဲနေသည့်ကာလတွင်၊ နယ်ချဲ့ပဒေသရာဇ်တို့နှင့်ပူးပေါင်းလုပ်ကိုင်ကာ ပြည်သူလူထုကြီးကိုဆန့်ကျင်

ငြိုးယခင်ကတော်လှန်ရေးအတွင်း ပြည်သူလူထုကြီးတိုက်ယူရရှိခဲ့သည့်အကျိုးအမြတ်အားလုံးကို တချက်တည်း သင်ပုန်းချေပစ်လိုက်သဖြင့် ရင်းနှင့်ပြည်သူလူထုကြီး၏ ပဋိပက္ခမှာ ပြင်းထန်လာတော့သည်။ ယခု ဂျပန်ခုခံရေးစစ်ကာလတွင် ကိုမင်တန်သည် ဂျပန်နယ်ချဲ့နှင့်ပဋိပက္ခရှိသည်၊ တဖက်တွင်ကိုမင်တန်သည်ကွန်မြူနစ်ပါတီနှင့်ပူးပေါင်းလို၏၊ တချိန်တည်းမှာပင် ကွန်မြူနစ်ပါတီနှင့်ပြည်တွင်းပြည်သူများအား တိုက်ခိုက်ခြင်းနှင့်ဖိနှိပ်ခြင်းကိုလက်မလျှော့ချေ။ ကွန်မြူနစ်ပါတီကမူ မည်သည့်ကာလတွင်မဆို ပြည်သူလူထုကြီးဖက်မှရပ်တည်ကာ နယ်ချဲ့စနစ်နှင့်ပဒေသရာဇ်စနစ်ကိုဆန့်ကျင်သည်။ သို့ရာတွင်လက်ရှိဂျပန်ခုခံရေးစစ်ကာလတွင် ကိုမင်တန်ကဂျပန်ကိုခုခံလိုသည့်သဘောကို ပြသသောကြောင့်၊ ကွန်မြူနစ်ပါတီသည် ကိုမင်တန်နှင့်ပြည်တွင်းပဒေသရာဇ်အင်အားစုအပေါ် တင်းတင်းမာမာမလုပ်သည့် ပေါ်လစီကို ကျင့်သုံးလေသည်။ ယင်းအခြေအနေများကြောင့် နှစ်ပါတီပူးပေါင်းမှု ဖြစ်ပေါ်လာခြင်း၊ သို့မဟုတ် နှစ်ပါတီတိုက်ပွဲဆင်မှု ဖြစ်ပေါ်လာခြင်း ဖြစ်ရလေသည်၊ ထို့အပြင် နှစ်ပါတီပူးပေါင်းနေသည့် အချိန်ကာလ၌ပင်လျှင်၊ ပေါင်းလည်းပေါင်း တိုက်လည်းတိုက်ဟူသည့် ရှုပ်ထွေးသောအခြေအနေလည်းရှိပေသေးသည်။ အကယ်၍ကျနော်တို့သည်ထိုပဋိပက္ခဖက်များ၏ထူးခြားချက်များကိုမလေ့လာလျှင် ကျနော်တို့သည်ယင်းနှစ်ပါတီတို့အသီးအသီးအခြားဖက်များနှင့်ဆက်သွယ်မှုကို နားမလည်နိုင်ရုံသာမက နှစ်ပါတီတို့၏ အပြန်အလှန်ဆက်သွယ်မှုကိုလည်း နားလည်နိုင်မည်မဟုတ်ချေ။



ဤအကြောင်းများကို ကြည့်ခြင်းအားဖြင့်၊ ရုပ်ဝတ္ထုလှုပ်ရှားမှုသဏ္ဌာန်အသီးသီး၏ပဋိပက္ခ၊ ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်အသီးသီးအတွင်းရှိလှုပ်ရှားမှုသဏ္ဌာန်အသီးသီး၏ ပဋိပက္ခ၊ ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်အသီးသီးရှိပဋိပက္ခ၏ဖက်အသီးသီး၊ ဖြစ်ထွန်းတိုးပွါးသည့် ဖြစ်စဉ်အသီးသီး၏ အဆင့်အသီးသီးရှိပဋိပက္ခနှင့် ဖြစ်ထွန်းတိုးပွါးသည့်အဆင့်အသီးသီးရှိပဋိပက္ခ၏ ဖက်အသီးသီးဟူသော မည်သည့်ပဋိပက္ခများ၏ထူးခြားမှုကိုမဆိုလေ့လာရာတွင်၊ ဆန္ဒစွဲဖြစ်သည့် ထင်ရာစိုင်းမှုမပါသင့်ဘဲ၊ တိတိကျကျခွဲခြမ်းစိတ်ဖြာရမည်။ တိတိကျကျခွဲခြမ်းစိတ်ဖြာခြင်းမပြုလျှင်ဘယ်ပဋိပက္ခ၏ထူးခြားမှုကိုမျှ သိနိုင်မည်မဟုတ်ချေ။ ကျနော်တို့သည် လီနင်ပြောသော "တိကျသည့်အရာကိစ္စများကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာရမည်။" ဟူသည့်စကားကို အမြဲထမ်းပင်နှလုံးပိုက်ထားရမည်။

ထိုတိတိကျကျ ခွဲခြမ်းစိတ်ဖြာမှုမျိုးကို မာ့က်စ်နှင့်အိန်ဂယ်တို့က ကျနော်တို့အား အလွန်ကောင်းမွန်သော စံနမူနာများ ဦးစွာပေးခဲ့သည်။

မာ့က်စ်နှင့်အိန်ဂယ်တို့သည် ယင်းအရာကိစ္စများ၏ပဋိပက္ခ ဥပဒေသကိုလူ့အဖွဲ့အစည်းသမိုင်းဖြစ်စဉ်နှင့်ပတ်သက်၍ လေ့လာရာတွင် အသုံးပြုလိုက်သောအခါ၊ သူတို့သည် ကုန်လုပ်စွမ်းအားစုများနှင့်ကုန်လုပ်ဆက်ဆံမှုများ၏ပဋိပက္ခကိုတွေ့ရှိလေသည်၊ ခေါင်းစုတ်လူတန်းစားနှင့်ခေါင်းစုတ်ခံလူတန်းစား၏ ပဋိပက္ခနှင့်တကွ ယင်းပဋိပက္ခကြောင့် ပေါက်ဖွါးလာသောစီးပွါးရေးအုတ်မြစ်နှင့် နိုင်ငံရေး၊ တွေးခေါ်မှုအစ

ရှိသည့်အသက်အဆောက်အအုံတို့၏ပဋိပက္ခကို သူတို့တွေ့ရှိလေသည်။ ယင်းပဋိပက္ခများက မတူသော လူတန်းစားလူ့အဖွဲ့အစည်းအမျိုးမျိုးတွင် မတူသောလူမှုတော်လှန်ရေးအမျိုးမျိုးကို မည်သို့မလွဲမသွေဖြစ်ပေါ်စေနိုင်ကြောင်းကိုသူတို့တွေ့ရှိလေသည်။

မာ့က်စ်ကယင်းဥပဒေသကို အရင်းရှင်လူ့အဖွဲ့အစည်းစီးပွါးရေးအဆောက်အအုံအားလေ့လာရာတွင်အသုံးပြုလိုက်သောအခါ၊ ဤလူ့အဖွဲ့အစည်း၏အခြေခံပဋိပက္ခသည် ကုန်ထုတ်လုပ်ရေးမှာလူ့အဖွဲ့အစည်းလက္ခဏာဆောင်ခြင်းနှင့် ပိုင်ဆိုင်မှုစနစ်မှာ ပုဂ္ဂလိကလက္ခဏာဆောင်ခြင်းတို့၏ ပဋိပက္ခဖြစ်ကြောင်းကိုသူတွေ့လေသည်။ ဤပဋိပက္ခသည်၊ တခုချင်းသောလုပ်ငန်းဌာနများ၏ ကုန်ထုတ်လုပ်ရေးစည်းရုံးမှုရှိခြင်းနှင့် လူ့အဖွဲ့အစည်းတခုလုံး၏ ကုန်ထုတ်လုပ်ရေးစည်းရုံးမှုမဲ့ခြင်းတို့၏ ပဋိပက္ခအဖြစ်ဖြင့် ပေါ်ပြလေသည်။ လူတန်းစားအနေဖြင့် ယင်းပဋိပက္ခ၏ပေါ်ပြချက်ကား ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားတို့၏ ပဋိပက္ခဖြစ်သည်။

အရာကိစ္စ၏ ပမာဏအလွန်ကျယ်ပြန့်ခြင်းနှင့် ဖြစ်ထွန်းတိုးပွါးရာတွင်အကန့်အသတ်မရှိခြင်းတို့ကြောင့် တစုံတခုသော အခြေအနေတွင်အနှံ့အပြားရှိသည့် အရာသည် အခြားတစုံတခုသော အခြေအနေတွင် ထူးခြားသည့်အရာဖြစ်သွားသည်။ ပြောင်းပြန်အားဖြင့် တစုံတခုသောအခြေအနေတွင် ထူးခြားသည့်အရာသည် အခြားတစုံတခုသောအခြေအနေတွင် အနှံ့အပြားရှိသည့် အရာဖြစ်သွားသည်။ အရင်းရှင်စနစ်တွင် ပါရှိနေသည့် ကုန်ထုတ်လုပ်ရေး၏ လူ့အဖွဲ့အစည်း



လက္ခဏာဆောင်ခြင်းနှင့် ကုန်လုပ်ပစ္စည်းပုဂ္ဂလိကပိုင်ဆိုင်မှုစနစ်ဖြစ်နေခြင်းတို့၏ပဋိပက္ခသည် အရင်းရှင်စနစ် တည်ရှိနေသော၊ ကြီးထွားနေသော တိုင်းပြည်အားလုံးတို့တွင်တူညီစွာရှိသည့် အရာဖြစ်သည်၊ အရင်းရှင်စနစ်အနေဖြင့် ပြောရလျှင် ၎င်းသည်ပဋိပက္ခအနှံ့အပြားရှိမှုဖြစ်သည်။ သို့ရာတွင် အရင်းရှင်စနစ်၏ယင်းပဋိပက္ခသည် ယေဘုယျလူတန်းစားလူ့အဖွဲ့အစည်းဖြစ်ထွန်းတိုးတက်သည့် တစုံတခုသော သမိုင်းအဆင့်တွင်ရှိသည့်အရာဖြစ်သည်၊ ယေဘုယျလူတန်းစား လူ့အဖွဲ့အစည်းအတွင်းရှိကုန်လုပ်စွမ်းအားစုနှင့်ကုန်လုပ်ဆက်ဆံမှုတို့၏ ပဋိပက္ခအနေဖြင့်ပြောလျှင် ၎င်းသည်ပဋိပက္ခ၏ထူးခြားမှုဖြစ်ပေသည်။ သို့သော် မာ့က်စ်ကအရင်းရှင်လူ့အဖွဲ့အစည်းတွင် ရှိသော ယင်းပဋိပက္ခအားလုံး၏ထူးခြားမှုကို ခွဲစိတ်ပြပြီးသည့်တချိန်တည်းမှာပင်၊ ယေဘုယျလူတန်းစားလူ့အဖွဲ့အစည်းအတွင်းရှိကုန်လုပ်စွမ်းအားစုနှင့် ကုန်လုပ်ဆက်ဆံမှုတို့၏ ပဋိပက္ခအနှံ့အပြားရှိမှုကိုလည်း ပိုမိုနက်နဲစွာ၊ ပိုမိုလုံလောက်စွာ၊ ပိုမိုပြည့်စုံစွာရှင်းလင်းပြသလိုက်သည်။

ထူးခြားသည့်အရာကိစ္စသည် အနှံ့အပြားရှိသည့် အရာကိစ္စနှင့်ဆက်စပ်နေသောကြောင့်၎င်း၊ အရာကိစ္စတိုင်း၏ အတွင်းပိုင်းတွင်ပဋိပက္ခ၏ထူးခြားမှုသာမကပဋိပက္ခ၏ အနှံ့အပြားရှိမှုလည်းပါဝင်ရာ၊ အနှံ့အပြားရှိမှုသည်ထူးခြားမှုအတွင်းတွင်တည်ရှိသောကြောင့်၎င်း၊ တစုံတခုသောအရာကိစ္စကိုကျနော်တို့လေ့လာသည့်အခါ ထိုဖက်နှစ်ဖက်နှင့် ၎င်းတို့၏အပြန်အလှန်ဆက်စပ်မှုကို တွေ့အောင် ရှာဖွေရမည်။ အရာကိစ္စတခု၏အတွင်းပိုင်းရှိထူးခြားမှုနှင့် အနှံ့အပြားရှိမှု တည်းဟူ

သောဖက်နှစ်ဖက်နှင့် ၎င်းတို့၏အပြန်အလှန်ဆက်စပ်မှုကို တွေ့အောင် ရှာဖွေရမည်၊ အရာကိစ္စတခုနှင့် ၎င်း၏ပြင်ပရှိအရာကိစ္စအမြောက်အမြား၏အပြန်အလှန်ဆက်စပ်မှုကိုတွေ့အောင်ရှာဖွေရမည်။ စတာလင်ကသူ၏ကျော်ကြားသော «လီနင်ဝါဒအခြေခံများ» ဟူသည့်စာအုပ်၌ လီနင်ဝါဒ၏သမိုင်းဆိုင်ရာရေသောက်မြစ်ကို ရှင်းပြပြောဆိုရာ တွင် လီနင်ဝါဒပေါက်ဖွားလာစဉ်ကနိုင်ငံတကာ့အခြေအနေကိုခွဲခြမ်းစိတ်ဖြာလိုက်သည်၊ နယ်ချဲ့စနစ်အခြေအနေတွင် အထွတ်အထိပ် တိုင်အောင်ကြီးထွားနေပြီဖြစ်သော အရင်းရှင်စနစ်၏ပဋိပက္ခအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာလိုက်သည်၊ ယင်း ပဋိပက္ခများက ပစ္စည်းမဲ့တော်လှန်ရေးကို လောလောဆယ်ဖြေရှင်းရမည့် လက်တွေ့ပြဿနာအဖြစ်သို့ ရောက်ရှိစေကြောင်း၊ ထို့အပြင် အရင်းရှင်စနစ်အား တိုက်ရိုက်တဟုန်ထိုးတိုက်ခိုက်ရန် ကောင်းမွန်သော အကြောင်းအချက်များ ဖန်တီးပေးကြောင်းကို ခွဲခြမ်းစိတ်ဖြာပြလိုက်သည်။ ထို့မျှမကရုရှားနိုင်ငံသည် အဘယ်ကြောင့် လီနင်ဝါဒ၏ဇာတိရပ်မြေဖြစ်ရကြောင်း၊ ဇာဘုရင်ရုရှားနိုင်ငံသည် ထိုစဉ်ကနယ်ချဲ့စနစ်၏ ပဋိပက္ခမှန်သမျှ စုဝေးရာဗဟိုချက်မဖြစ်ရကြောင်းနှင့်ရုရှားပစ္စည်းမဲ့လူတန်းစားသည် နိုင်ငံတကာ့တော်လှန်သော ပစ္စည်းမဲ့လူတန်းစား၏တပ်ဦးဖြစ်ရသည့် အကြောင်းများကိုလည်း ခွဲခြမ်းစိတ်ဖြာပြလိုက်သည်။ သို့ဖြင့်စတာလင်ကနယ်ချဲ့စနစ်၏ပဋိပက္ခအနှံ့အပြားရှိမှုကို ခွဲခြမ်းစိတ်ဖြာကာ၊ လီနင်ဝါဒသည် နယ်ချဲ့စနစ်နှင့် ပစ္စည်းမဲ့တော်လှန်ရေးခေတ်၏မာ့က်စ်ဝါဒဖြစ်ကြောင်းကိုရှင်းပြလိုက်သည်၊ ဤယေဘုယျပဋိပက္ခထဲတွင် ဇာဘုရင်ရုရှားနယ်



ချဲ့စနစ်၏ထူးခြားမှုရှိကြောင်းကို နောက်ထပ်ခွဲခြမ်းစိတ်ဖြာလိုက်ကာ၊ ရုရှားနိုင်ငံသည် ပစ္စည်းမဲ့တော်လှန်ရေးသဘောတရားနှင့် နည်းပရိယာယ်တို့၏ဇာတိရပ်မြေဖြစ်ရကြောင်း၊ ထို့ပြင် ဤထူးခြားမှုထဲတွင် ပဋိပက္ခ၏ အနှံ့အပြားရှိမှုလည်းပါရှိကြောင်းကို ရှင်းပြလိုက်သည်။ စတာလင်၏ ထိုသို့ခွဲခြမ်းစိတ်ဖြာမှုသည် ကျနော်တို့အဖို့ပဋိပက္ခ၏ထူးခြားမှုနှင့်အနှံ့အပြားရှိမှု၊ ထို့အပြင် ၎င်းတို့၏ အပြန်အလှန်ဆက်စပ်မှုကိုသိနားလည်ရန်စံနမူနာဖြစ်စေသည်။

အနုပဋိလောမနည်းဖြင့် ပကတိတည်ရှိသည့် အခြင်းအရာများကိုလေ့လာသည့်အခါ မည်သည့်ဆန္ဒစွဲဖြစ်သောထင်ရာစိုင်းမှုမျှ မပါရှိစေဘဲ၊ ပကတိတည်ရှိသည့် တကယ့်လှုပ်ရှားမှုအတွင်း၌ ပါရှိသည့်အခိုင်အမာ အကြောင်းအချက်များမှ ယင်းအခြင်းအရာများအတွင်းရှိအခိုင်အမာပဋိပက္ခများ၊ ပဋိပက္ခဖက်အသီးသီး၏ အခိုင်အမာအဆင့်နေရာနှင့်ပဋိပက္ခများ၏အခိုင်အမာအပြန်အလှန်ဆက်စပ်မှုတို့ကို တွေ့အောင်ရှာဖွေရမည်ဟူ၍ မာ့က်စ်နှင့် အိန်ဂယ်ကဲ့သို့ပင် လီနင်နှင့်စတာလင်တို့ကလူအများအားအစဉ်သဖြင့်ညွှန်ကြားခဲ့သည်။ ကျနော်တို့၏တရားသေဝါဒီများသည် ဤသို့သော လေ့လာရေးသဘောထားမျိုးမရှိသောကြောင့်လုပ်သမျှမှန်ကန်သည်ဟူမရှိချေ။ ကျနော်တို့သည်တရားသေဝါဒ၏ ဆုံးရှုံးမှုများကိုသတိပေးနှိုးဆော်ချက်အဖြစ်ထားကာ အထက်ပါလေ့လာရေး သဘောထားကို တတ်မြောက်အောင်ဆည်းပူးရမည်၊ ဤမှအပအခြားလေ့လာနည်းမရှိတော့ချေ။

ပဋိပက္ခ၏အနှံ့အပြားရှိခြင်းနှင့် ပဋိပက္ခ၏ထူးခြားခြင်းတို့၏ ဆက်စပ်မှုကား ပဋိပက္ခ၏အများဆိုင်ရာလက္ခဏာနှင့် တခုချင်းလက္ခဏာတို့၏ဆက်စပ်မှုဖြစ်သည်။ အများဆိုင်ရာလက္ခဏာဆိုသည်မှာ ဖြစ်စဉ်အားလုံးတွင်၎င်း၊ ထို့အပြင် ဖြစ်စဉ်အားလုံး၏အစအဆုံးတလျှောက်လုံးတွင်၎င်းပဋိပက္ခတည်ရှိခြင်းဖြစ်သည်။ ပဋိပက္ခသည်ကားလှုပ်ရှားမှုဖြစ်၏၊အရာဝတ္ထုဖြစ်၏၊ ဖြစ်စဉ်ဖြစ်၏၊ တွေးခေါ်မှုလည်းဖြစ်၏။အရာဝတ္ထုများ၏ပဋိပက္ခကိုငြင်းပယ်ခြင်းသည် ရှိရှိသမျှကိုငြင်းပယ်ခြင်း မည်၏။ ဤသည်ကား ရှေးအခါကဖြစ်စေ၊ ယခုအခါတွင်ဖြစ်စေ၊ တရုပ်ပြည်တွင်ဖြစ်စေ၊ နိုင်ငံခြားတွင်ဖြစ်စေ၊ ခြွင်းချက်မရှိ အားလုံးနှင့် ဆိုင်သောတရားမှန်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည်အများဆိုင်ရာလက္ခဏာဖြစ်သည်၊ အကြွင်းမဲ့လက္ခဏာဖြစ်သည်။ သို့ရာတွင် ဤသို့သောအများဆိုင်ရာလက္ခဏာသည် တခုချင်းလက္ခဏာအားလုံးတွင် ပါရှိသည်၊ တခုချင်းလက္ခဏာမရှိဘဲ အများဆိုင်ရာလက္ခဏာမရှိနိုင်ချေ။ အကယ်၍တခုချင်းလက္ခဏာများအားလုံးကိုပယ်ရှားပစ်လိုက်လျှင် အဘယ်မှာ အများဆိုင်ရာလက္ခဏာရှိပါတော့မည်နည်း။ ပဋိပက္ခများသည်တခုစီထူးခြားစွာရှိနေသောကြောင့် တခုချင်းလက္ခဏာဖြစ်ပေါ်လာသည်။ တခုချင်းလက္ခဏာအားလုံးတို့သည် အကြောင်းအချက်အရယာယီအရတည်ရှိသည်ဖြစ်သောကြောင့် ၎င်းတို့သည်နှိုင်းယှဉ်မှုအရတည်ရှိခြင်းဖြစ်သည်။

အများဆိုင်ရာလက္ခဏာနှင့်တခုချင်း လက္ခဏာ၊ အကြွင်းမဲ့လက္ခဏာနှင့်နှိုင်းယှဉ်မှုလက္ခဏာဟူသည့်တရားသည် အရာဝတ္ထုများရှိ ပဋိ



ပက္ခပြဿနာနှင့်ပတ်သက်သည့် အဆီအနှစ်များဖြစ်ရာ၊ ၎င်းကိုနားမလည်လျှင်အနုပဋိလောမကို စွန့်ပယ်သည်နှင့်တူပေသည်။

## ၄။ အဓိကပဋိပက္ခနှင့်ပဋိပက္ခ၏အဓိကဖက်

ပဋိပက္ခ၏ ထူးခြားမှုဟူသည့်ပြဿနာတွင် အထူးတလည် တင်ပြပြီး ခွဲခြမ်းစိတ်ဖြာရမည့် အချက်နှစ်ချက်ရှိသေးသည်၊ ၎င်းမှာ အဓိကပဋိပက္ခနှင့်ပဋိပက္ခ၏အဓိကဖက်ဖြစ်သည်။

ရှုပ်ထွေးသော အရာဝတ္ထု၏ ဖြစ်ထွန်းတိုးပွါးသည့် ဖြစ်စဉ်တွင် ပဋိပက္ခအမြောက်အမြားတည်ရှိရာ၊ ၎င်းတို့အနက်တခုသည် အဓိကပဋိပက္ခဖြစ်ရမည်၊ ၎င်း၏တည်ရှိမှုနှင့် ကြီးထွားမှုကြောင့်အခြားပဋိပက္ခများ၏တည်ရှိမှုနှင့် ကြီးထွားမှုတို့ကိုသတ်မှတ်သည်၊ သို့မဟုတ်ဂယက်ရိုက်သည်။

ဥပမာ၊ အရင်းရှင်စနစ်လူ့အဖွဲ့အစည်းတွင်ပစ္စည်းမဲ့လူတန်းစားနှင့်ဓနရှင်လူတန်းစားဟူသော ဤပဋိပက္ခဖြစ်နေသည့် အင်အားစုနှစ်ရပ်သည် အဓိကပဋိပက္ခဖြစ်သည်။ အခြားပဋိပက္ခအင်အားစုအားလုံးကိုယင်းအဓိကပဋိပက္ခကသတ်မှတ်သည်၊ ဂယက်ရိုက်သည်။ ဥပမာ၊ ကြွင်းကျန်နေသည့် ပဒေသရာဇ်လူတန်းစားနှင့် ဓနရှင်လူတန်းစား၏ပဋိပက္ခ၊ လယ်သမားဓနရှင်ပေါက်စများနှင့်ဓနရှင်လူတန်းစား၏ပဋိပက္ခ၊ ပစ္စည်းမဲ့လူတန်းစားနှင့်လယ်သမားဓနရှင်ပေါက်စများ၏ ပဋိပက္ခ၊ လွတ်လပ်သည့် ဓနရှင်လူတန်းစားနှင့် လက်ဝါးကြီးအုပ်ဓနရှင်လူ

တန်းစား၏ပဋိပက္ခ၊ ခေတ်သစ်လူတန်းစား၏ ဒီမိုကရေစီစနစ်နှင့် ခေတ်ပေါ်လူတန်းစား၏ ဖက်ဆစ်စနစ်၏ ပဋိပက္ခ၊ အရင်းရှင်နိုင်ငံများအချင်းချင်းပဋိပက္ခ၊ နယ်ချဲ့နှင့်ကိုလိုနီများ၏ပဋိပက္ခနှင့်အခြားပဋိပက္ခများလည်း ဤအတိုင်းဖြစ်သည်။

တရုပ်ပြည်ကဲ့သို့သော ကိုလိုနီတပိုင်းနိုင်ငံများတွင် အဓိကပဋိပက္ခနှင့် အဓိကမဟုတ်သောပဋိပက္ခများ၏ ဆက်စပ်မှုသည် အခြေအနေရှုပ်ထွေးစွာပေါ်ပြသည်။

ဤသို့သောနိုင်ငံအား နယ်ချဲ့ကကျူးကျော်ရေးစစ်ဆင်လာသော အခါသစ္စာဖောက်များမှလွဲ၍ ယင်းနိုင်ငံအတွင်းရှိ လူတန်းစားအားလုံးသည် အမျိုးသားရေးစစ်ဆင်နွှဲ၍ နယ်ချဲ့ကိုဆန့်ကျင်ရန်ယာယီအားဖြင့်ပူးပေါင်းနိုင်ကြသည်။ ထိုအခါတွင် နယ်ချဲ့စနစ်နှင့် ယင်းနိုင်ငံ၏ပဋိပက္ခသည်အဓိကပဋိပက္ခဖြစ်လာပြီး၊ ယင်းနိုင်ငံအတွင်းရှိ လူတန်းစားအသီးသီး၏ ပဋိပက္ခ (ပဒေသရာဇ်စနစ်နှင့်ပြည်သူလူထုကြီးတို့၏ အဓိကပဋိပက္ခလည်းအပါအဝင်) အားလုံးသည် ယာယီအားဖြင့် ဒုတိယအဆင့်နှင့်လက်အောက်ခံအဆင့်နေရာသို့လျှောကျသွားသည်။ တရုပ်ပြည်တွင် ဖြစ်ပွါးသော ၁၈၄၀ ခုနှစ်ဘိန်းစစ်ပွဲ၊ ၁၈၉၄ ခုနှစ်တရုပ်ဂျပန်စစ်ပွဲ၊ ၁၉၀၀ပြည့်ယိဟိုထွမ်အရေးတော်ပုံနှင့် လက်ရှိတရုပ်ဂျပန်စစ်ပွဲများသည် ဤအခြေအနေမျိုးပင်ဖြစ်သည်။

သို့သော်လည်း အခြားအခြေအနေတမျိုးတွင်မူကား ပဋိပက္ခများ၏အဆင့်နေရာများသည်ပြောင်းလဲလေသည်။ နယ်ချဲ့ကစစ်ဖြင့်မဖိနှိပ်ဘဲ၊ နိုင်ငံရေး၊ စီးပွါးရေး၊ ယဉ်ကျေးမှုအစရှိသည့် ပို၍ညင်သာသော



သဏ္ဍာန်များဖြင့် ဖိနှိပ်လာသည့်အခါ၊ ကိုလိုနီတပိုင်းနိုင်ငံများရှိ အုပ်စိုးသူလူတန်းစားများသည် နယ်ချဲ့ထံအညံ့ခံတတ်ကြပြီး၊ သူတို့နှစ်ဦးမဟာမိတ်ဖွဲ့ကာ ပြည်သူလူထုကြီးကိုအတူတကွဖိနှိပ်လာတတ်ကြသည်။ ထိုအခါတွင်ပြည်သူလူထုကြီးသည် ပြည်တွင်းစစ်ဟူသည့် သဏ္ဍာန်ဖြင့် နယ်ချဲ့နှင့် ပဒေသရာဇ်လူတန်းစားမဟာမိတ်အဖွဲ့ကို ဆန့်ကျင်လေ့ရှိကြသည်၊ နယ်ချဲ့ကမူတိုက်ရိုက်မလုပ်ဘဲသွယ်ဝိုက်သည့်နည်းဖြင့်ကိုလိုနီတပိုင်းနိုင်ငံများမှ ဖေါက်ပြန်သည့် ဂိုဏ်းများကို ပြည်သူများအားဖိနှိပ်ရန်အကူအညီပေးလေ့ရှိသည်၊ သို့ဖြစ်ရာယင်းနိုင်ငံအတွင်းရှိပဋိပက္ခမှာ အထူးတလည်ပြင်းထန်ထင်ရှားလာလေသည်။ တရုပ်ပြည်တွင်ဖြစ်ပွါးသော ၁၉၁၁ ခုနှစ် တော်လှန်ရေးစစ်ပွဲ၊ ၁၉၂၄–၁၉၂၇ ခုနှစ်တော်လှန်ရေးစစ်ပွဲနှင့် ၁၉၂၇ ခုနှစ် နောက်ပိုင်းဆယ်နှစ်ကြာ မြေယာတော်လှန်ရေးစစ်ပွဲများသည် ဤအခြေအနေမျိုးပင်ဖြစ်သည်။ ထို့ပြင်ကိုလိုနီတပိုင်းနိုင်ငံများမှဖေါက်ပြန်သော အာဏာပိုင်အုပ်စုအချင်းချင်းတို့၏ ပြည်တွင်းစစ်များ၊ ဥပမာ၊ တရုပ်ပြည်စစ်ဘုရင်များအချင်းချင်းတိုက်သောစစ်များသည်လည်း ဤအမျိုးအစားထဲတွင်ပါဝင်သည်။

ပြည်တွင်းတော်လှန်ရေးစစ်သည် နယ်ချဲ့နှင့် ၎င်း၏နောက်လိုက်ခွေးဖြစ်သည့် ပြည်တွင်းဖေါက်ပြန်ရေးဂိုဏ်း၏ တည်တံ့မှုကို အရင်းအမြစ်မှနေ၍ခြိမ်းခြောက်သည်အထိ တိုးတက်ကြီးထွားလာသောအခါ၊ နယ်ချဲ့သည်၎င်း၏အုပ်စိုးမှုဆက်လက်တည်မြဲစေရန် အထက်ပေါ်ပြပါနည်းမဟုတ်သည့်အခြားနည်းကို ကျင့်သုံးလေ့ရှိသည်၊ သို့မဟုတ်တော်လှန်ရေးတပ်ပေါင်းစု၏ အတွင်းပိုင်းကို သွေးခွဲခြင်း၊ သို့မဟုတ် စစ်တပ်

များတိုက်ရိုက်ပို့ကာ ပြည်တွင်းဖေါက်ပြန်ရေးဂိုဏ်းကိုကူညီခြင်းများပြုကြသည်။ ထိုအခါတွင် နိုင်ငံခြားနယ်ချဲ့နှင့် ပြည်တွင်းဖေါက်ပြန်ရေးဂိုဏ်းတို့သည် လုံးဝပင်တဖက်စွန်းတွင် အတိအလင်းရပ်လျက်၊ ပြည်သူလူထုကြီးကမူ အခြားတဖက်စွန်းတွင်ရပ်နေသဖြင့်၊ ၎င်းတို့၏ပဋိပက္ခသည်အဓိကပဋိပက္ခဖြစ်လာပြီး အခြားပဋိပက္ခများ၏ ကြီးထွားမှုကိုသတ်မှတ်သည်၊ သို့မဟုတ်ဂယက်ရိုက်လေသည်။ အောက်တိုဘာတော်လှန်ရေးပြီးသည့်နောက် အရင်းရှင်နိုင်ငံ အသီးသီးက ရုရှားဖေါက်ပြန်ရေးဂိုဏ်းကိုအကူအညီပေးခဲ့ခြင်းမှာ လက်နက်ကိုင်ဝင်ရောက်စွက်ဖက်ခဲ့သည့်သာဓကဖြစ်၏။ ၁၉၂၇ ခုနှစ်တွင်ချန်ကေရှိတ်၏သစ္စာဖေါက်မှုသည်တော်လှန်ရေးတပ်ပေါင်းစုကိုသွေးခွဲခဲ့သောသာဓကဖြစ်၏။

သို့ရာတွင် မည်သို့ပင်ဖြစ်စေ ဖြစ်စဉ်၏ဖြစ်ထွန်းတိုးတက်သည့်အဆင့်တိုင်းတွင် ရှေ့ဆောင်အခန်းမှ ပါဝင်သည့် အဓိကပဋိပက္ခတခုသာရှိသည်မှာသံသယဖြစ်စရာလုံးဝမရှိချေ။

ဤသည်ကို ကြည့်ခြင်းဖြင့်မည်သည့်ဖြစ်စဉ်တွင်မဆို အကယ်၍ပဋိပက္ခများစွာရှိပါက၊ ယင်းပဋိပက္ခများအနက် ရှေ့ဆောင်သော ဆုံးဖြတ်သောအခန်းမှပါဝင်သည့်အဓိကပဋိပက္ခတခုသာရှိရမည်။ အခြားပဋိပက္ခများသည် ဒုတိယနှင့်လက်အောက်ခံအဆင့်နေရာတွင်ရှိရမည်။

ထို့ကြောင့် မည်သည့်ဖြစ်စဉ်ကိုပင် လေ့လာစေကာမူ၊ အကယ်၍ ပဋိပက္ခတခုထက် များသောရှုပ်ထွေးသည့်ဖြစ်စဉ်ဆိုပါက ၎င်းအဓိကပဋိပက္ခကိုတွေ့အောင်အစွမ်းကုန်ကြိုးစားရှာဖွေရမည်။ ယင်းအဓိကပဋိပက္ခကိုဆုပ်ကိုင်မိပါက၊ ပြဿနာအားလုံးကို လွယ်လင့်တကူဖြေ



ရှင်းနိုင်လိမ့်မည်။ ဤကားအရင်းရှင်စနစ်လူ့အဖွဲ့အစည်းကို မာ့က်စ်လေ့လာပြီး ကျနော်တို့ကိုသင်ပြသောနည်းဖြစ်သည်။ လီနင်နှင့်စတာလင်တို့ကနယ်ချဲ့စနစ်နှင့်အရင်းရှင်စနစ်၏ အထွေထွေကျပ်တည်းမှုကိုင်း၊ ဆိုဗီယက်ပြည်ထောင်စု၏ စီးပွါးရေးကိုင်း လေ့လာသုံးသပ်ရာတွင်လည်း ဤနည်းကိုကျနော်တို့အားသင်ပြခဲ့ပေသည်။ အထောင်အသောင်းသောပညာရှိများနှင့် လက်တွေ့လုပ်ကိုင်နေသူများသည် ဤနည်းကို နားမလည်သောကြောင့်လကွယ်နေညဥ့် သန်းခေါင်မိုးမှောင်ကျ၍လမ်းစရှာမရသလို၊ ပြဿနာ၏အချက်အချာကိုရှာမတွေ့၊ပဋိပက္ခဖြေရှင်းသည့်နည်းကိုလည်းရှာမရဘဲဖြစ်နေကြသည်။

ဖြစ်စဉ်ထဲတွင်ရှိသောပဋိပက္ခအားလုံးကိုတန်းတူထား၍မဖြစ်၊၎င်းတို့ကိုအဓိကနှင့်သာမညဟူ၍ နှစ်မျိုးနှစ်စားခွဲခြားရမည်၊ အဓိကပဋိပက္ခကိုဆုပ်ကိုင်မိရန်အထူးဂရုစိုက်ရမည်ဖြစ်ကြောင်းအထက်တွင်ပြောပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ပဋိပက္ခအမျိုးမျိုးတွင်အဓိကပင်ဖြစ်စေ၊ သာမညပင်ဖြစ်စေမည်သည့်ပဋိပက္ခမဆို၊ ပဋိပက္ခဖြစ်နေသည့် ဖက်နှစ်ဖက်ကို တန်းတူအဖြစ် ထားရှိနိုင်ပါမည်လော? မထားနိုင်ပေ၊ ဘယ်ပဋိပက္ခတွင်မဆို ပဋိပက္ခဖြစ်နေသည့်ဖက်များသည် ကြီးထွားမှုမညီညာပေ။ တခါတရံသူမသာကိုယ်မသာဖြစ်သလိုလို ရှိသော်ငြားလည်း အမှန်မှာယာယီနှင့်နှိုင်းယှဉ်မှုအရသာဖြစ်ပြီး၊ အရင်းခံ အခြေအနေမှာ ကားမညီညာချေ။ ပဋိပက္ခဖြစ်နေသောဖက်နှစ်ဖက်အနက် တဖက်သည်မုချပင်အဓိကဖြစ်ပြီး၊ အခြားတဖက်မှာ သာမညဖြစ်ရမည်။ အဓိကဖက်မှာ ပဋိပက္ခထဲတွင်ရှေ့ဆောင်အခန်းမှပါဝင်သောဖက်ကိုဆိုလို

သည်။ အရာကိစ္စ၏လက္ခဏာကို အဓိကအားဖြင့် စီမံခန့်ခွဲသောနေရာတွင်ရှိနေသည့်ပဋိပက္ခ၏အဓိကဖက်က ဆုံးဖြတ်လေသည်။

သို့ရာတွင်ယင်းအခြေအနေမှာမပြောင်းလဲသည်မဟုတ်၊ ပဋိပက္ခ၏အဓိကဖက်နှင့် အဓိကမဟုတ်သောဖက်များသည်၊ အပြန်အလှန်ပြောင်းလဲနေကြသည့်အလျောက်၊ အရာကိစ္စ၏ လက္ခဏာသည်လည်း လိုက်၍ပြောင်းလဲနေသည်။ ပဋိပက္ခကြီးထွားရာ၌ တစုံတခုသော ဖြစ်စဉ်သို့မဟုတ်တစုံတခုသောအဆင့်တွင်အဓိကဖက်သည်က,ဖက်ဖြစ်ပြီး၊ အဓိကမဟုတ်သော ဖက်သည်ခ,ဖက်ဖြစ်သည်။ အခြားကြီးထွားသည့်အဆင့်တရပ်သို့မဟုတ်ဖြစ်စဉ်တရပ်သို့ရောက်သောအခါ၊ က,နှင့်ခ,တို့သည် အပြန်အလှန်နေရာချင်းလဲကြသည်။ ဤပြောင်းလဲမှုကို အရာကိစ္စဖြစ်ထွန်းတိုးပွါးမှုအတွင်းရှိပဋိပက္ခ ဖက်နှစ်ဖက်တိုက်ပွဲဖြစ်နေသည့် အင်အားအတိုးအလျော့၏ အတိုင်းအတာကဆုံးဖြတ်သည်။

“အဟောင်းကိုအသစ်ဖြင့်အစားထိုးသည်” ဟူသည့်စကားကို ကျနော်တို့မကြာခဏပြောဆိုလေ့ရှိသည်၊ အဟောင်းကို အသစ်ဖြင့် အစားထိုးခြင်းသည်ကမ္ဘာလောကတွင် ဘယ်တော့မှဆန့်ကျင်၍မရသော အနန္တအပြားရှိသည့်တရားဖြစ်သည်။ အရာကိစ္စတခုသည် ၎င်း၏လက္ခဏာနှင့် အကြောင်းအချက်များအရ မတူသော ခုန်ပျံသည့်သဏ္ဌာန်ကို ဖြတ်သန်းကာ အခြားအရာကိစ္စတခုအဖြစ်သို့ ပြောင်းလဲလျှင်၊ အဟောင်းကို အသစ်ဖြင့်အစားထိုးသောဖြစ်စဉ်မည်၏။ ဘယ်အရာကိစ္စမဆို၎င်း၏အတွင်းပိုင်း၌ အသစ်နှင့်အဟောင်းဟူသောဖက်နှစ်ဖက်၏ပဋိပက္ခရှိ၏၊ ယင်းပဋိပက္ခသည်ကောက်ကွေ့ရှုပ်ထွေးသောတိုက်ပွဲတ



သိုကြီးကိုဖြစ်ပေါ်စေသည်။ တိုက်ပွဲများ၏ ရလဒ်အဖြစ်ဖြင့်သစ်လွင်သောဖက်သည်သေးငယ်ရာမှကြီးမားလာပြီး စီမံခန့်ခွဲသော အရာဖြစ်လာပေသည်။ ဟောင်းနွမ်းသောဖက်မှာမူကြီးမားရာမှသေးငယ်သွားပြီး တဖြည်းဖြည်း ပျက်သုန်းကွယ်ပျောက်သွားလေသည်။ သစ်လွင်သောဖက်သည် ဟောင်းနွမ်းသောဖက်အပေါ် စီမံခန့်ခွဲနိုင်မှုရရှိသည်နှင့်တပြိုင်နက်၊ အရာကိစ္စဟောင်း၏လက္ခဏာသည် အရာကိစ္စသစ်၏လက္ခဏာအဖြစ်သို့ပြောင်းလဲလေသည်။ ၎င်းကိုကြည့်လျှင် အရာကိစ္စ၏လက္ခဏာကိုအဓိကအားဖြင့်ပဋိပက္ခအတွင်းရှိ စီမံခန့်ခွဲသည့် နေရာကို ရရှိနေသော အဓိကဖက်ကဆုံးဖြတ်ကြောင်း သိနိုင်သည်။ ပဋိပက္ခအတွင်းရှိစီမံခန့်ခွဲသောနေရာကို ရရှိနေသည့်အဓိကဖက် ပြောင်းလဲသောအခါအရာကိစ္စ၏လက္ခဏာလည်း လိုက်ပြောင်းလဲလေသည်။

ပဒေသရာဇ် လူ့အဖွဲ့အစည်းဟောင်းမှာတုန်းက လက်အောက်ခံနေရာတွင် ရှိခဲ့သည့်အရင်းရှင်စနစ်သည် အရင်းရှင်လူ့အဖွဲ့အစည်းတွင်စီမံခန့်ခွဲသောနေရာကို ရရှိထားသည့်အင်အားစုအဖြစ်သို့ပြောင်းလဲလာရာလူ့အဖွဲ့အစည်း၏ လက္ခဏာသည်လည်း ပဒေသရာဇ်စနစ်မှ အရင်းရှင်စနစ်သို့ပြောင်းလဲလာလေသည်။ အရင်းရှင်လူ့အဖွဲ့အစည်းသစ်တွင်ပဒေသရာဇ်အင်အားစုသည် မူလကစီမံခန့်ခွဲသောအင်အားစုအဖြစ်မှလက်အောက်ခံအင်အားစုအဖြစ်သို့ ပြောင်းလဲသွားပြီးနောက် တဖြည်းဖြည်း ပျက်သုန်းကွယ်ပျောက်ရတော့သည်။ ဥပမာ၊ အင်္ဂလန်နှင့် ပြင်သစ် စသည့်တိုင်းပြည်များမှာ ဤအတိုင်းပင် ဖြစ်သည်။ ကုန်လုပ်စွမ်းအားစုများတိုးတက်လာသည်နှင့်အမျှ ဓနရှင်လူတန်းစား

သည်သစ်လွင်၍တိုးတက်သောအခန်းတွင် ပါဝင်သည့် လူတန်းစားအဖြစ်မှဟောင်းနွမ်း၍ ပေါက်ပြန်သောအခန်းတွင်ပါသည့် လူတန်းစားအဖြစ်သို့ ပြောင်းလဲသွားပြီး၊ နောက်ဆုံးတွင် ပစ္စည်းမဲ့လူတန်းစား၏တွန်းလှန်ဖြိုဖျက်ခြင်းကိုခံရကာ၊ ၎င်း၏ပုဂ္ဂလိကပိုင်ဖြစ်သည့် ကုန်လုပ်ပစ္စည်းများမှာ အပိုင်စီးခံရလျက်အာဏာလက်မဲ့လူတန်းစားဖြစ်သွားသည်၊ ဤလူတန်းစားသည်လည်းတဖြည်း ဖြည်းကွယ်ပျောက်သွားရမည်ဖြစ်သည်။ ဓနရှင်လူတန်းစားထက် လူဦးရေအားဖြင့် အပြတ်အသတ်များသော၊ ဓနရှင်လူတန်းစားနှင့် တချိန်တည်းပေါက်ဖွါးလာသော၊ သို့သော် ဓနရှင်လူတန်းစား၏အုပ်စိုးမှုခံနေရသောပစ္စည်းမဲ့လူတန်းစားသည်သစ်လွင်သော အင်အားစုတရပ်ဖြစ်သည်၊ ၎င်းသည်ကနဦးကဓနရှင်လူတန်းစား၏လက်အောက်ခံဖြစ်နေရာမှ တဖြည်းဖြည်းကြီးထွားလာကာ၊ အမှီခိုကင်း၍သမိုင်းတွင် ရှေ့ဆောင်အခန်းမှပါဝင်သောလူတန်းစားဖြစ်လာ၍၊ နောက်ဆုံးတွင် နိုင်ငံရေးအာဏာကိုလက်ရသိမ်းယူပြီးအုပ်စိုးသောလူတန်းစား ဖြစ်လာတော့သည်။ ထိုအခါတွင်လူ့အဖွဲ့အစည်း၏ လက္ခဏာသည် ဟောင်းနွမ်းသောအရင်းရှင်လူ့အဖွဲ့အစည်းမှသစ်လွင်သောဆိုရှယ်လစ်လူ့အဖွဲ့အစည်းအဖြစ်သို့ပြောင်းလဲသွားလေသည်။ ဤသည်ကားဆိုဗီယက်ပြည်ထောင်စုဖြတ်သန်းခဲ့ပြီး၍၊ အခြားနိုင်ငံအားလုံးလည်း မုချဖြတ်သန်းရမည့်လမ်းကြောင်းဖြစ်သည်။

တရုပ်ပြည်၏အခြေအနေအရ ပြောရလျှင်၊ တရုပ်ပြည်အားကိုလိုနီတပိုင်းဖြစ်အောင်လုပ်သောနယ်ချဲ့သည် ပဋိပက္ခအဓိကနေရာတွင်ရှိ



လျက်တရုပ်ပြည်သူတို့ကိုဖိနှိပ်လေရာ၊ တရုပ်ပြည်မှာ အမှီခိုကင်းသောနိုင်ငံမှကိုလိုနီတပိုင်းနိုင်ငံအဖြစ်သို့ ရောက်ခဲ့ရလေသည်။ သို့ရာတွင်အခြေအနေသည်မုချပြောင်းလဲရမည်၊ နှစ်ဦးနှစ်ဖက်တိုက်ပွဲဆင်သည့် အခြေအနေတွင် ပစ္စည်းမဲ့လူတန်းစားခေါင်းဆောင်မှုအောက်၌ ပေါပေါက်ကြီးထွားလာသည့် တရုပ်ပြည်သူတို့၏အင်အားက မုချပင်တရုပ်ပြည်ကိုကိုလိုနီတပိုင်းနိုင်ငံမှ အမှီခိုကင်းသောနိုင်ငံအဖြစ်သို့ပြောင်းပစ်လိမ့်မည်၊ နယ်ချဲ့မှာမူ အတိုက်ဖျက်ခံရပြီး၊ တရုပ်ပြည်ဟောင်းသည်တရုပ်ပြည်သစ်အဖြစ်မုချပြောင်းလဲလာရလိမ့်မည်ဖြစ်သည်။

တရုပ်ပြည်ဟောင်းမှတရုပ်ပြည်သစ်သို့ပြောင်းလဲရာတွင်ပြည်တွင်းရှိပဒေသရာဇ်အင်အားစုဟောင်းနှင့် ပြည်သူ့အင်အားစုသစ်တို့၏ အခြေအနေပြောင်းလဲမှုလည်းပါဝင်လျက်ရှိသည်။ ဟောင်းနွမ်းသော ပဒေသရာဇ် မြေရှင်လူတန်းစားသည် တိုက်ဖျက်ခြင်းခံရပြီး၊ အုပ်စိုးသူအဖြစ်မှ အုပ်စိုးခံရသူအဖြစ်သို့ ပြောင်းသွားကာ၊ ယင်းလူတန်းစားသည်လည်း တဖြည်းဖြည်းကွယ်ပျောက်ရမည်ဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစားခေါင်းဆောင်မှုကိုခံယူသော ပြည်သူများမှာမူကား အုပ်စိုးခံရသူအဖြစ်မှအုပ်စိုးသူအဖြစ်သို့ ပြောင်းလာလိမ့်မည်။ ထိုအခါတွင် တရုပ်ပြည်လူ့အဖွဲ့အစည်း၏ လက္ခဏာပြောင်းလဲသွားလိမ့်မည်၊ ကိုလိုနီတပိုင်းနှင့် ပဒေသရာဇ်တပိုင်းလူ့အဖွဲ့အစည်းဟောင်းမှဒီမိုကရေစီလူ့အဖွဲ့အစည်းသစ်အဖြစ်သို့ပြောင်းလဲသွားလိမ့်မည်။

ဤသို့ အပြန်အလှန်ပြောင်းလဲသည့် ကိစ္စနှင့်ပတ်သက်၍ လွန်ခဲ့သည့်အခါက အတွေ့အကြုံရှိခဲ့ပြီးဖြစ်သည်။ တရုပ်ပြည်ကိုနှစ်ပေါင်း

သုံးရာနီးပါးမျှစိုးမိုးအုပ်ချုပ်ခဲ့သောချင်းမင်းဆက်သည် ၁၉၁၁ ခုနှစ် တော်လှန်ရေးကာလတုန်းက အတိုက်ဖျက်ခံခဲ့ရသည်၊ ဒေါက်တာဆွန်ယက်ဆင်ခေါင်းဆောင်သော တော်လှန်ရေးတုန်မှန်ဝေ့ သည် တချိန်ကအောင်ပွဲရခဲ့ဘူးသည်။ ၁၉၂၄ ခုနှစ်မှ ၁၉၂၇ ခုနှစ်အထိဖြစ်ပွါးသော တော်လှန်ရေးစစ်အတွင်း၌ ကွန်မြူနစ်ပါတီနှင့်ကိုမင်တန်ပူးပေါင်းသော တောင်ပိုင်းတော်လှန်ရေးအင်အားစုသည် သေးငယ်ချည့်နဲ့ရာမှ ကြီးမားသန်စွမ်းလာပြီး မြောက်ပိုင်းချီတက်ရေးစစ်အောင်ပွဲကို ရလိုက်သည်၊ တချိန်ကဗိုလ်ကျခဲ့သော မြောက်ပိုင်းစစ်ဘုရင်များမှာမူကား အတိုက်ဖျက်ခံကြရသည်။ ၁၉၂၇ ခုနှစ်တွင် ကိုမင်တန်ဖေါက်ပြန်ရေးအင်အားစု၏ ထိုးနှက်ချက်ကြောင့်ကွန်မြူနစ်ပါတီ ခေါင်းဆောင်သော ပြည်သူ့ အင်အားသည် အလွန်သေးငယ်သွားရသည်၊ သို့ရာတွင်မိမိအတွင်းပိုင်းရှိ အချောင်ဝါဒကိုဖယ်ရှင်းပစ်လိုက်သောကြောင့် တဖြည်းဖြည်းကြီးထွားလာပြန်သည်။ ကွန်မြူနစ်ပါတီ ခေါင်းဆောင်သော တော်လှန်ရေးအခြေခံဒေသအတွင်း၌ လယ်သမားများသည် အုပ်စိုးခံရသူအဖြစ်မှအုပ်စိုးသူအဖြစ်သို့ ပြောင်းလာပြီး မြေရှင်များမှာမူကား ပြောင်းပြန်ဖြစ်သွားတော့သည်။ ကမ္ဘာပေါ်တွင် အစဉ်သဖြင့် ဤကဲ့သို့ပင်အသစ်ကအဟောင်းကို အစားထိုးနေသည်၊ အစဉ်သဖြင့်ပင် ဤသို့အဟောင်းကို အသစ်ဖြင့်အစားထိုးခြင်း၊ အဟောင်းပျောက်၍အသစ်တည်ခြင်း၊ သို့မဟုတ်အဟောင်းဖယ်၍ အသစ်ပေါ်ခြင်းများဖြစ်နေကြသည်ချည်းဖြစ်၏။



တော်လှန်ရေးတိုက်ပွဲတွင် တခါတရံခက်ခဲသည့် အခြေအနေသည် ချောမောသည့် အခြေအနေထက်ပိုများသည်၊ ထိုအခါမျိုး၌ခက်ခဲမှုသည် ပဋိပက္ခ၏အဓိကဖက်ဖြစ်ပြီး ချောမောမှုသည် သာမညဖက်ဖြစ်သည်၊ သို့ရာတွင်တော်လှန်ရေးသမားများ၏ ကြိုးစားအားထုတ်မှုကြောင့်အခက်အခဲများကို တဖြည်းဖြည်းကျော်နင်းနိုင်ပြီး၊ချောမောသည့် အခြေအနေသစ်ဖြစ်ပေါ်လာအောင်ဖန်တီးနိုင်သည်ဖြစ်ရာ၊ ခက်ခဲသည့်အခြေအနေက ချောမောသည့်အခြေအနေကို နေရာဖယ်ပေးလိုက်ရတော့သည်။ ၁၉၂၇ ခုနှစ် တရုပ်ပြည်တော်လှန်ရေးရှုံးနိမ့်ပြီးနောက်အခြေအနေနှင့် တရုပ်တပ်နီတော်ခရီးရှည်ချီတက်စဉ်ကအခြေအနေများသည် ဤသို့ပင်ဖြစ်သည်။ လက်ရှိတရုပ်ဂျပန်စစ်တွင် တရုပ်ပြည်သည်အကျပ်အတည်းဖြင့်ရင်ဆိုင်နေရပြန်သည်။ သို့သော်ကျနော်တို့သည်တရုပ်ဂျပန်နှစ်ဦးနှစ်ဖက်၏ အခြေအနေကိုအရင်းအမြစ်မှနေ၍ ပြောင်းလဲသွားအောင် လုပ်နိုင်သည်။ ပြောင်းပြန်ပြန်ပြောရလျှင် တော်လှန်ရေးသမားများအမှားမှားမိပါက၊ ချောမောရာမှလည်းခက်ခဲရာသို့ပြောင်းလဲသွားနိုင်ပေသည်။ ၁၉၂၄ ခုနှစ်မှ ၁၉၂၇ ခုနှစ်အထိ ဖြစ်ပွါးသောတော်လှန်ရေး၏အောင်မြင်မှုသည် ရှုံးနိမ့်သည့် အဖြစ်သို့ ပြောင်းခဲ့ရ၏။ ၁၉၂၇ ခုနှစ်နောက်တွင် တောင်ပိုင်းပြည်နယ်အသီးသီး၌ ဖြစ်ထွန်းတိုးပွါးလာသော တော်လှန်ရေးအခြေခံဒေသအားလုံးပင် ၁၉၃၄ ခုနှစ်သို့ရောက်သောအခါဆုံးရှုံးခဲ့ရသည်။

ပညာရပ်များကို လေ့လာသည့်အခါတွင် မသိရာမှသိရာသို့ဟူသည့် ပဋိပက္ခသည်လည်း ဤအတိုင်းပင်ဖြစ်သည်။ မာ့က်စ်ဝါဒကိုလေ့လာ

ခါစထွင် မာ့က်စ်ဝါဒနှင့် ပတ်သက်၍ မသိခြင်း၊ သို့မဟုတ်နည်းနည်းသိခြင်းဟူသည့် အခြေအနေနှင့် မာ့က်စ်ဝါဒဆိုင်ရာ အသိပညာ တို့သည် အပြန်အလှန်ပဋိပက္ခဖြစ်နေပေသည်။ သို့ရာတွင် ကြိုးစား၍လေ့လာခြင်းဖြင့်မသိရာမှသိရာသို့ပြောင်းလာနိုင်သည်။ နည်းနည်းသိရာမှများများသိရာသို့ပြောင်းလာနိုင်သည်။ မာ့က်စ်ဝါဒနှင့်ပတ်သက်၍ မျက်ကန်းသဖွယ်ဖြစ်ရာမှ ပိုင်နိုင်စွာအသုံးပြုနိုင်သည့်အဖြစ်သို့ ပြောင်းလဲလာနိုင်သည်။

အချို့ပဋိပက္ခများမှာဒီလိုမဟုတ်ဟုလူအချို့ကယူဆကြသည်။ ဥပမာ၊ ကုန်လုပ်စွမ်းအားစုနှင့်ကုန်လုပ်ဆက်ဆံမှု၏ပဋိပက္ခတွင် ကုန်လုပ်စွမ်းအားစုက အဓိကဖြစ်သည်ဟူ၍၎င်း၊ သဘောတရားနှင့် လက်တွေ့တို့၏ပဋိပက္ခတွင် လက်တွေ့သည်အဓိကဖြစ်သည် ဟူ၍၎င်း၊ စီးပွါးရေးအုတ်မြစ်နှင့်အထက်အဆောက်အအုံတို့၏ပဋိပက္ခတွင် စီးပွါးရေး အုတ်မြစ်သည်အဓိကဖြစ်သည်ဟူ၍၎င်း ယူဆလျက်၊ ၎င်းတို့၏နေရာများသည်အပြန်အလှန် ပြောင်းလဲခြင်းမရှိဟု ဆိုကြသည်။ ဤသည်ကား စက်ယန္တရားရုပ်ဝါဒ၏ယူဆချက်ဖြစ်သည်၊ အနုပဋိလောမရုပ်ဝါဒ၏ ယူဆချက် မဟုတ်ချေ။ ကုန်လုပ်စွမ်းအားစု၊ လက်တွေ့၊ စီးပွါးရေးအုတ်မြစ်တို့သည် ယေဘုယျအားဖြင့် အဓိကနှင့်အဆုံးအဖြတ်ပေးသော အခန်းမှပါဝင်ကြသည်မှာအမှန်ဖြစ်၏၊ အကြင်သူသည် ဤအချက်ကိုအသိအမှတ်မပြုပါက ထိုသူသည် ရုပ်ဝါဒသမားမဟုတ်ချေ။ သို့ဖြစ်သော်လည်းကုန်လုပ်ဆက်ဆံမှု၊ သဘောတရား၊ အထက်အဆောက်အအုံ ဟူသည့်ဖက်များသည် တစုံတခုသောအခြေအနေတွင်ပြန်၍အဓိကနှင့်အ



ဆုံးအဖြတ်ပေးသောအခန်းမှ ပါဝင်ကြပြန်သည်၊ ဤအချက်ကိုလည်း အသိအမှတ် ပြုရမည်ဖြစ်သည်။ ကုန်လုပ်ဆက်ဆံမှုကို မပြောင်းလဲသောကြောင့် ကုန်လုပ်စွမ်းအားစု မကြီးထွားမတိုးတက်နိုင်သည့် အခါတွင်၊ကုန်လုပ်ဆက်ဆံမှုပြောင်းလဲရေးသည် အဓိကနှင့်အဆုံးအဖြတ်ပေးသောအခန်းမှပါဝင်ပေသည်။ "တော်လှန်ရေးသဘောတရား မရှိလျှင် တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်" ၁၅ ဟု လီနင်ပြောသကဲ့သို့ ဖြစ်နေသည့်အခါတွင်၊ တော်လှန်ရေးသဘောတရား ဖန်တီးရေးနှင့်ဖြန့်ဖြူးရေးတို့သည်အဓိကနှင့်အဆုံးအဖြတ်ပေးသော အခန်းမှပါဝင်ပေသည်။ ကိစ္စတရပ်ရပ် (ဘယ်ကိစ္စမဆိုအတူတူပင်ဖြစ်သည်) ကိုလုပ်ဆောင်လိုသော်လည်းလမ်းညွှန်မှု၊ နည်းနာ၊ စီမံကိန်း သို့မဟုတ်ပေါ်လစီများမရှိသေးသည့်အခါတွင်၊ လမ်းညွှန်မှု၊ နည်းနာ၊ စီမံကိန်းသို့မဟုတ်ပေါ်လစီများချမှတ်ရေးသည်လည်း အဓိကနှင့်အဆုံးအဖြတ်ပေးသော အရာဖြစ်သည်။ နိုင်ငံရေး၊ ယဉ်ကျေးမှုအစရှိသည့် အထက်အဆောက်အအုံများသည်စီးပွါးရေးအုတ်မြစ်၏ ဖြစ်ထွန်းတိုးတက်မှုကိုတားဆီးနှောက်ယှက်နေသည့် အခါတွင် နိုင်ငံရေးနှင့် ယဉ်ကျေးမှုအရ ပြောင်းလဲရေးသည်အဓိကနှင့် အဆုံးအဖြတ်ပေးသောအရာဖြစ်လေတော့သည်။ ကျနော်တို့ဤသို့ပြောဆိုခြင်းသည်ရုပ်ဝါဒကို ဖီလာရာကျပါသလော? မကျပါ။ အကြောင်းမှုကားသမိုင်း၏ တိုးတက်မှုတခုလုံးတွင် ရုပ်ကစိတ်ကိုဆုံးဖြတ်ကြောင်း၊ လူမှုရေးတည်ရှိမှုကလူမှုရေးသိမြင်မှုကို အဆုံးအဖြတ်ပေးကြောင်း ကျနော်တို့အသိအမှတ်ပြုထားသကဲ့သို့ပင် စိတ်ကရုပ်ကိုတုံ့ပြန်နိုင်သည့်သတ္တိရှိကြောင်း၊ လူမှုရေးသိမြင်မှုက လူမှုရေး

တည်ရှိမှုကိုတုံ့ပြန်နိုင်သည့် သတ္တိရှိကြောင်း၊ အထက်အဆောက်အအုံကစီးပွါးရေးအခြေခံအုတ်မြစ်ကို တုံ့ပြန်နိုင်သည့် သတ္တိရှိကြောင်းကိုလည်း အသိအမှတ်ပြုထား၍ ဖြစ်သည်၊ မုချလည်း အသိအမှတ်ပြုရမည်။ ဤသည်ကား ရုပ်ဝါဒကိုဖီလာပြုသည်မဟုတ်၊ စက်ယန္တရားရုပ်ဝါဒကိုရှောင်ကွင်းပြီး အနုပဋိလောမရုပ်ဝါဒကို စွဲစွဲမြဲမြဲ ကျင့်သုံးခြင်းဖြစ်သည်။

ပဋိပက္ခ၏ထူးခြားချက်ကို လေ့လာရာတွင် ဖြစ်စဉ်ထဲရှိ အဓိကပဋိပက္ခနှင့်အဓိကမဟုတ်သည့်ပဋိပက္ခ၊ ၎င်းပြင် ပဋိပက္ခ၏အဓိကဖက်နှင့် အဓိကမဟုတ်သည့်ဖက်ဟူသည့်ယင်းအခြေအနေနှစ်ရပ်ကိုမလေ့လာပါက၊ ဆိုလိုသည်မှာယင်းပဋိပက္ခနှစ်ရပ်၏ ခြားနားမှုကို မလေ့လာပါက၊ ကျနော်တို့သည်အကောင်အထည်မဲ့သည့် လေ့လာရေးထဲတွင် နစ်မွန်းနေလိမ့်မည်၊ ပဋိပက္ခ၏အခြေအနေကို အတိအကျနားလည်နိုင်တော့မည်မဟုတ်၊ သို့ဖြစ်သောကြောင့် ပဋိပက္ခကိုဖြေရှင်းရန် မှန်ကန်သည့်နည်းကိုလည်းရှာတွေ့နိုင်မည်မဟုတ်ချေ။ ယင်းပဋိပက္ခ နှစ်ရပ်၏ခြားနားမှုသို့မဟုတ်ထူးခြားမှုတို့သည်ပဋိပက္ခဖြစ်နေသည့် အင်အားများ၏ မညီမျှမှုဖြစ်သည်။ ကမ္ဘာပေါ်တွင်အကြွင်းမဲ့ ညီမျှစွာတိုးပွါးကြီးထွားသောအရာဟူ၍မရှိ၊ ညီမျှစွာ တိုးတက်ရေးသဘောတရား သို့မဟုတ်ချိန်ခွင်ညီသဘောတရားကိုကျနော်တို့မုချဆန့်ကျင်ကြရမည်။ တချိန်တည်းမှာပင် လက်တွေ့ရှိနေသည့်ပဋိပက္ခအခြေအနေ၊ ပဋိပက္ခ၏အဓိကဖက်နှင့် အဓိကမဟုတ်သည့်ဖက်များ တိုးပွါးကြီးထွားမှုဖြစ်စဉ်အတွင်း၌ ပြောင်းလဲခြင်းတို့သည်အရာကိစ္စဟောင်းအား အရာကိစ္စသစ်



ကအစားထိုးသည့်အင်အားကို ပေါ်ပြခြင်းပင်ဖြစ်သည်။ ပဋိပက္ခ၏မညီမျှသည့်အခြေအနေအမျိုးမျိုးကိုလေ့လာသုံးသပ်ခြင်း၊ အဓိကပဋိပက္ခနှင့်အဓိကမဟုတ်သည့်ပဋိပက္ခ၊ ပဋိပက္ခ၏အဓိကဖက်နှင့် အဓိကမဟုတ်သည့်ဖက်များကို လေ့လာသုံးသပ်ခြင်းတို့သည် တော်လှန်သောနိုင်ငံရေးပါတီတရပ်က ၎င်း၏နိုင်ငံရေးနှင့်စစ်ရေးတို့၏သေနင်္ဂဗျူဟာနည်းပရိယာယ်လမ်းညွှန်ချက်များကို မှန်ကန်စွာ ဆုံးဖြတ်ချမှတ်ရန်အတွက်အရေးကြီးသောနည်းများအနက် တခုဖြစ်သည်၊ ကွန်မြူနစ်အားလုံးယင်းအချက်ကိုသတိပြုအပ်သည်။

## ၅။ ပဋိပက္ခဖက်များ၏ထပ်တူဖြစ်မှုနှင့်တိုက်ခိုက်မှု

ပဋိပက္ခ၏အနှံ့အပြားရှိမှုနှင့် ထူးခြားမှုဟူသော ပြဿနာကိုနားလည်ပြီးသည့်နောက်ပဋိပက္ခရှိဖက်များ၏ ထပ်တူဖြစ်မှုနှင့်တိုက်ခိုက်မှုဟူသည့်ပြဿနာကိုကျနော်တို့တဆင့်တိုးပြီး သုံးသပ်လေ့လာရမည်။

ထပ်တူဖြစ်မှု၊ ပေါင်းစည်းမှု၊ တညီတည်းဖြစ်မှု၊ အပြန်အလှန်စိမ့်ဝင်မှု၊ အပြန်အလှန်ယှက်သန်းမှု၊ အပြန်အလှန်အမှီပြုမှု (သို့မဟုတ်အပြန်အလှန်မှီ၍တည်ရှိမှု)၊ အပြန်အလှန်ဆက်ဆံမှု သို့မဟုတ်အပြန်အလှန်ပူးပေါင်းမှုဟူသည့် ဤမတူသောစကားလုံးများသည် တခုတည်းသောအဓိပ္ပါယ်ကိုဆိုလိုပြီး အောက်ပါအခြေအနေနှစ်ရပ်ကို ပြောဆိုခြင်းဖြစ်သည်၊ ပထမအားဖြင့် အရာကိစ္စ၏ ဖြစ်ထွန်းတိုးပွါးသည့်ဖြစ်စဉ်အတွင်းရှိပဋိပက္ခတိုင်း၏ ဖက်နှစ်ဖက်သည် ကိုယ်နှင့်ဆန့်ကျင်သော

ဖက်ကိုမိမိတည်ရှိမှုအတွက် လိုအပ်ချက်အဖြစ်ထားလျက်၊ တပေါင်းတစည်းတည်းဖြစ်သည့်အရာတခုထဲတွင် နှစ်ဖက်စလုံးအတူတကွတည်ရှိနေကြသည်။ ဒုတိယအားဖြင့်၊ ပဋိပက္ခဖြစ်နေသော ဖက်နှစ်ဖက်တွင် တစုံတခုသော အကြောင်းအချက်များအရ တဖက်စီသည်မိမိနှင့်ဆန့်ကျင်သောဖက်သို့ ပြောင်းလဲနေသည်။ ဤသည်တို့ကား ဆိုလိုသည့် ထပ်တူဖြစ်မှုဖြစ်သည်။

လီနင်က "အနုပဋိလောမသည်ကား ဆန့်ကျင်ဖက်များမည်ကဲ့သို့ ထပ်တူဖြစ်နိုင်သည်၊ မည်ကဲ့သို့ထပ်တူဖြစ်လာသည် (မည်ကဲ့သို့ထပ်တူဖြစ်သည့်အဖြစ်သို့ပြောင်းလဲလာသည်) — မည်သို့သောအကြောင်းအချက်တွင် ၎င်းတို့သည်အပြန်အလှန်ပြောင်းလဲ ကြသည်၊ ထပ်တူဖြစ်လာသည် — အဘယ့်ကြောင့် လူတို့၏စဉ်းစားဉာဏ်သည်ဤဆန့်ကျင်ဖက်များကိုသေနေသော၊ မလှုပ်မယှက်အစိုင်အခဲဖြစ်နေသော အရာများဟုမယူဆသင့်ဘဲ၊ အသက်ပါသော၊ အကြောင်းအချက်အရ ဖြစ်သော၊ ပြောင်းလဲနိုင်သော၊ အပြန်အလှန်ပြောင်းလဲသော အရာများဖြစ်သည်ဟု ယူဆသင့်သည်ဟူသော အကြောင်းများကို လေ့လာသုံးသပ်သောသြဝါဒတရပ်ဖြစ်သည်" [၁၆] ဟုပြောဆိုခဲ့၏။

လီနင်၏ဤအထက်ပါပြောဆိုချက်မှာ မည်သည့်အဓိပ္ပါယ်ဆောင်သနည်း?

ဖြစ်စဉ်တိုင်းရှိပဋိပက္ခဖြစ်နေသော ဖက်အသီးသီးသည် နဂိုကပင်အပြန်အလှန်တွန်းဖယ်၍၊ အပြန်အလှန်တိုက်ခိုက်ကာ၊ အပြန်အလှန်ဆန့်ကျင်ကြသည်။ ကမ္ဘာပေါ်တွင် ရှိရှိသမျှအရာကိစ္စများ၏ ဖြစ်စဉ်



အတွင်းနှင့် လူတို့၏တွေးခေါ်မှုအတွင်း၌၊ တခုမကျန် ဤသို့သော ပဋိပက္ခလက္ခဏာဆောင်သည့် ဖက်များရှိနေကြသည်။ ရိုးရိုးဖြစ်စဉ်တွင် ပဋိပက္ခတတွဲသာရှိသည်၊ ရှုပ်ထွေးသည့်ဖြစ်စဉ်၌မူပဋိပက္ခတတွဲမက ရှိသည်။ ပဋိပက္ခအတွဲအသီးသီးအကြား တဖန်အပြန်အလှန်ပဋိပက္ခဖြစ်ပြန်သည်။ ပကတိတည်နေသည့်ကမ္ဘာလောကရှိ ခပ်သိမ်းကုန်သော အရာကိစ္စများနှင့် လူတို့၏အတွေးအခေါ်များမှာ ဤသို့ပင်ဖွဲ့တည်နေပြီး၊ ၎င်းတို့ကိုလှုပ်ရှားအောင် တွန်းဆော်ပေးလေသည်။

ဤသို့ဆိုပါကလုံးဝထပ်တူမဟုတ်၊ လုံးဝပေါင်းစည်းမှုမဟုတ်ဘဲ အဘယ့်ကြောင့်ထပ်တူဖြစ်သည်၊ သို့မဟုတ်ပေါင်းစည်းသည်ဟု ဆိုရပြန်ပါသနည်း?

အစကတည်းကပင် ပဋိပက္ခဖြစ်နေသောဖက်များသည် သီးခြားကင်းကွာပြီးတည်ရှိနိုင်သည်မဟုတ်။ အကယ်၍ ၎င်းနှင့်ဆန့်ကျင်သည့်ပဋိပက္ခဖက်မရှိလျှင် ၎င်းကိုယ်တိုင်တည်ရှိနိုင်စရာအကြောင်း မရှိတော့ချေ။ စဉ်းစားကြည့်ပါ၊ အလုံးစုံသောပဋိပက္ခဖြစ်နေသည့် အရာကိစ္စများ၊ သို့မဟုတ်လူတို့၏စိတ်ထဲတွင်ပဋိပက္ခဖြစ်နေသည့် အယူအဆများ၏မည်သည့်ဖက်မဆိုတသီးတခြားတည်ရှိနေနိုင်ပါသလား? မွေးဖွားခြင်းမရှိလျှင်သေဆုံးခြင်းမရှိ၊ သေဆုံးခြင်းမရှိလျှင် မွေးဖွားခြင်းလည်းရှိမည်မဟုတ်။ အထက်မရှိလျှင်အောက်ဟူ၍ပြောစရာမရှိ၊ အောက်မရှိလျှင်အထက်ဟူ၍လည်း ပြောစရာမရှိ။ ဒုက္ခမရှိလျှင်သုခမရှိနိုင်၊ သုခမရှိလျှင်ဒုက္ခလည်း ရှိမည်မဟုတ်။ ချောမောခြင်းမရှိလျှင် ခက်ခဲခြင်းဟူ၍မရှိနိုင်၊ ခက်ခဲခြင်းမရှိလျှင် ချောမောခြင်းဟူ၍လည်း ရှိမည်မ

ဟုတ်။ မြေရှင်မရှိလျှင်သီးစားလယ်သမားမရှိနိုင်၊ သီးစားလယ်သမား မရှိလျှင်မြေရှင်လည်းရှိမည်မဟုတ်။ ဓနရှင်လူတန်းစားမရှိလျှင် ပစ္စည်းမဲ့လူတန်းစားမရှိနိုင်၊ ပစ္စည်းမဲ့လူတန်းစားမရှိလျှင် ဓနရှင်လူတန်းစား လည်းရှိမည်မဟုတ်။ နယ်ချဲ့စနစ်၏အမျိုးသားဖိနှိပ်မှုမရှိလျှင် ကိုလိုနီ နှင့်ကိုလိုနီတပိုင်းမရှိနိုင်၊ ကိုလိုနီနှင့် ကိုလိုနီတပိုင်းမရှိလျှင် နယ်ချဲ့စနစ် ၏အမျိုးသားဖိနှိပ်မှုလည်းရှိမည်မဟုတ်တော့ချေ။ ဆန့်ကျင်ဖက် ဖြစ် သောအစိတ်အပိုင်းအားလုံးတို့သည် ဤကဲ့သို့ပင်ဖြစ်သည်၊ တစုံတခု သောအကြောင်းအချက်များကြောင့် တဖက်တွင် အပြန်အလှန်ဆန့် ကျင်နေပြီးအခြားတဖက်တွင်အပြန်အလှန်ဆက်စပ်နေသည်၊ အပြန်အ လှန်ယှက်သန်းနေသည်၊ အပြန်အလှန် စိမ့်ဝင်နေသည်၊ အပြန်အလှန် အမှီပြုနေသည်၊ ဤသို့သောလက္ခဏာကို ထပ်တူဖြစ်မှုဟု ခေါ်သည်။ ပဋိပက္ခဖြစ်နေသော ဖက်အားလုံးတွင် တစုံတခုသော အကြောင်းအ ချက်၌လုံးဝထပ်တူမဖြစ်သောကြောင့်ပဋိပက္ခဟုခေါ်သည်။ သို့ရာတွင် ထပ်တူဖြစ်မှုလဲ ရှိနေပြန်သောကြောင့် အပြန်အလှန်ဆက်စပ်လျက်ရှိ သည်။ "ဆန့်ကျင်ဖက်များသည် မည်ကဲ့သို့ထပ်တူဖြစ်နိုင်သည်" ဟူ သည့်အနုပဋိလောမသုံးသပ်လေ့လာချက်ကိုလီနင်ပြောဆိုခြင်းမှာ ဤ သို့သောအခြေအနေကိုပြောခြင်းဖြစ်သည်။ အဘယ်ကြောင့် ထပ်တူ ဖြစ်နိုင်ပါသနည်း? အကြောင်းမှုကား တဖက်နှင့်တဖက်မိမိတည်ရှိနိုင် ရေးအတွက် အပြန်အလှန်မှီတွယ်ထားသော အကြောင်းအချက်ဖြစ် သောကြောင့်တည်း။ ဤသည်ကား ထပ်တူဖြစ်မှု၏ပထမအဓိပ္ပါယ် ဖြစ်သည်။



သို့ရာတွင်ပဋိပက္ခ၏ဖက်နှစ်ဖက်သည် မိမိတည်ရှိရေးအတွက်အပြန် အလှန်မှီတွယ်ထားသော အကြောင်းအချက်ဖြစ်သည်၊ ဖက်နှစ်ဖက်တို့ တွင်ထပ်တူဖြစ်မှုရှိသည်၊ ထို့ကြောင့် ၎င်းတို့သည် တပေါင်းတစည်း တည်းဖြစ်သည့်အရာတခုထဲတွင် အတူတကွတည်ရှိနေနိုင်ကြသည် ဟု ပြောရုံမျှနှင့် လုံလောက်ပါသလော? မလုံလောက်သေးချေ။ အရေး ကိစ္စများသည်ပဋိပက္ခ၏ဖက်နှစ်ဖက်အပြန်အလှန်အမှီပြု၍ တည်ရှိခြင်း ဖြင့်ပြီးသည်မဟုတ်၊ ပိုမိုအရေးကြီးသည်မှာ ပဋိပက္ခဖြစ်နေသောအရာ ကိစ္စများ၏အပြန်အလှန်ပြောင်းလဲမှု ဖြစ်သည်။ ဆိုလိုသည်ကားအရာ ကိစ္စထဲတွင် ပဋိပက္ခဖြစ်နေသော ဖက်နှစ်ဖက်သည် တစုံတခုသောအ ကြောင်းအချက်ကြောင့်မိမိနှင့်ဆန့်ကျင်ဖက်ဖြစ်သောဖက်သို့ ပြောင်း လဲသွားသည်၊ မိမိနှင့်ဆန့်ကျင်ဖက်ဖြစ်သောဖက်၏တည်ရှိရာသို့ပြောင်း လဲသွားသည်။ ဤသည်ကား ပဋိပက္ခထပ်တူဖြစ်မှု၏ဒုတိယအဓိပ္ပါယ် ဖြစ်သည်။

အဘယ်ကြောင့် ဤတွင်လည်းထပ်တူဖြစ်မှုရှိပါသနည်း? သင်တို့ ကြည့်ပါ၊ အုပ်စိုးခံပစ္စည်းမဲ့လူတန်းစားသည် တော်လှန်ရေးဆင်နွှဲခြင်း ဖြင့်အုပ်စိုးသူအဖြစ် ပြောင်းလာပြီး၊ မူလကအုပ်စိုးသူဓနရှင်လူတန်း စားမှာမူကား အုပ်စိုးခံရသူအဖြစ်သို့ ပြောင်းလဲသွားသည်၊ ၎င်းတို့နှစ် ဖက်စလုံးသည် မိမိ၏မူလဆန့်ကျင်ဖက်နေရာသို့ ပြောင်းလဲသွားပေ သည်။ ဆိုဗီယက်ပြည်ထောင်စုတွင် ဤသို့ဖြစ်ခဲ့၏၊ ကမ္ဘာတဝှန်းလုံး တွင်လည်းဤသို့ပင်ဖြစ်လိမ့်မည်။ ၎င်းတို့အကြား၌ တစုံတခုသောအ

ကြောင်းအချက်များအရ ဆက်စပ်မှုနှင့်ထပ်တူဖြစ်မှုမရှိခဲ့လျှင် မည်သည့်နည်းဖြင့် ဤပြောင်းလဲမှုဖြစ်လာနိုင်မည်နည်း။

တရုပ်ပြည်အနီးခေတ်သမိုင်း၏တစုံတခုသောအဆင့်တွင် တစုံတရာတိုးတက်သည့်အခန်းမှပါဝင်ခဲ့သောကိုမင်တန်သည် ၎င်း၏သန္ဓေပါလူတန်းစားလက္ခဏာနှင့် နယ်ချဲ့ဝါဒ၏ဆွဲဆောင်မှုများ (ဤသည်တို့ကားအကြောင်းအချက်များဖြစ်သည်) ကြောင့်၊ ၁၉၂၇ ခုနှစ်နောက်တွင်တန်ပြန်တော်လှန်ရေးဂိုဏ်းအဖြစ် ပြောင်းလဲသွားသည်၊ တရုပ်ဂျပန်ပဋိပက္ခ၏ပြင်းထန်လာမှုနှင့် ကွန်မြူနစ်ပါတီ၏ ညီညွတ်ရေးတပ်ပေါင်းစုပေါ်လစီများ (ဤသည်တို့ကား အကြောင်းအချက် ဖြစ်သည်) ကြောင့်မတတ်သာဘဲ ဂျပန်ကိုခုခံဆန့်ကျင်ရန်သဘောတူရပြန်သည်။ ပဋိပက္ခဖြစ်နေသောအရာများသည် အရာတခုမှအခြားတခုအဖြစ်သို့ပြောင်းလဲရာ၊ ၎င်းတို့အကြားတွင် တစုံတခုသောထပ်တူဖြစ်မှုရှိပေသည်။

ကျနော်တို့လုပ်ဆောင်ခဲ့သည့်မြေယာတော်လှန်ရေးသည် မြေယာများပိုင်ဆိုင်သော မြေရှင်လူတန်းစားကမြေယာဆုံးရှုံးသောလူတန်းစားအဖြစ်သို့ ပြောင်းလဲကာ၊ မြေယာဆုံးရှုံးခဲ့ရဘူးသည့် လယ်သမားများကမြေယာရရှိသည့်ပုဂ္ဂလိကပိုင်ဆိုင်သူကလေးများအဖြစ် ပြောင်းလဲလာသည့်ဖြစ်စဉ်အတိုင်းဖြစ်ခဲ့သည်၊ နောင်လည်း ဖြစ်လိမ့်ဦးမည်။ ရှိခြင်းနှင့်မရှိခြင်း၊ ရရှိခြင်းနှင့်ဆုံးရှုံးခြင်းများ အကြားတွင် တစုံတခုသောအကြောင်းအချက်များကြောင့် အပြန်အလှန်ဆက်သွယ်မှု ရှိနေပြီး၊ နှစ်ဖက်စလုံးတွင်ထပ်တူဖြစ်မှုရှိနေသည်။ ဆိုရှယ်လစ်စနစ်တွင်



လယ်သမားများ၏ ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ်သည် ဆိုရှယ်လစ်လယ်ယာလုပ်ငန်း၏အများပိုင်ဆိုင်မှုစနစ်သို့ ပြောင်းလဲလာလိမ့်မည်၊ ဆိုဗီယက်ပြည်ထောင်စုတွင်ဤသို့လုပ်နေပြီ၊ တကမ္ဘာလုံးလည်း အနာဂတ်တွင်ဤသို့ပင်လုပ်လိမ့်မည်။ ပုဂ္ဂလိကပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းအကြား ဤမှထိုသို့ရောက်စေသောပေါင်းကူးတံတားတခု ရှိသည်၊ ၎င်းကိုအဘိဓမ္မာစကားအရ ထပ်တူဖြစ်မှု သို့မဟုတ်အပြန်အလှန်ပြောင်းလဲမှု သို့မဟုတ်အပြန်အလှန်စိမ့်ဝင်မှုဟု ခေါ်သည်။

ပစ္စည်းမဲ့အာဏာရှင်စနစ် သို့မဟုတ် ပြည်သူ့အာဏာရှင်စနစ်ကိုခိုင်မြဲစေခြင်းသည် ဤအာဏာရှင်စနစ်ကိုဖျက်သိမ်းပြီး မည်သည့်နိုင်ငံတော်စနစ်ကိုမဆို ချေဖျက်မည့်ပိုမိုမြင့်မားသောအဆင့်သို့ ချီတက်ရန်အကြောင်းအချက်များ ပြင်ဆင်ခြင်းပင် ဖြစ်သည်။ ကွန်မြူနစ်ပါတီတည်ထောင်၍ ကြီးထွားတိုးတက်စေခြင်းသည် ကွန်မြူနစ်ပါတီနှင့်တကွ နိုင်ငံရေးပါတီအားလုံး ပပျောက်စေရေးအတွက် အကြောင်းအချက်များပြင်ဆင်ခြင်းပင်ဖြစ်သည်။ ကွန်မြူနစ်ပါတီ ခေါင်းဆောင်သောတော်လှန်ရေးစစ်တပ်တည်ထောင်ပြီး တော်လှန်ရေး စစ်ဆင်နွှဲခြင်းသည် စစ်ကို ထာဝစဉ်ပပျောက်စေရေးအတွက် အကြောင်းအချက်များပြင်ဆင်ခြင်းပင် ဖြစ်သည်။ ဤအပြန်အလှန်ဆန့်ကျင်ဖက်ဖြစ်သော အရာများစွာတို့သည် တချိန်တည်းမှာပင် အပြန်အလှန်အကျိုးပြုသောအရာများဖြစ်သည်။

အများသိကြသည့်အတိုင်း စစ်နှင့်ငြိမ်းချမ်းရေးသည် အပြန်အလှန်ပြောင်းလဲနေပေသည်။ စစ်မှငြိမ်းချမ်းရေးသို့ ပြောင်းလဲခြင်း၊ ဥပ

မာ ပထမကမ္ဘာစစ်ကြီးမှ စစ်ပြီးကာလငြိမ်းချမ်းရေးသို့ ပြောင်းလဲခဲ့သည်။ တရုပ်ပြည်၏ပြည်တွင်းစစ်လည်း ယခုရပ်ဆိုင်းသွားပြီး ပြည်တွင်းငြိမ်းချမ်းရေး ပေါ်ထွက်လာပေသည်။ ငြိမ်းချမ်းရေးမှ စစ်သို့ပြောင်းလဲခြင်း၊ ဥပမာ ၁၉၂၇ ခုနှစ်တွင် ကိုမင်တန်နှင့်ကွန်မြူနစ်ပါတီပူးပေါင်းဆောင်ရွက်ခြင်းမှ စစ်ဖြစ်ခြင်းသို့ ပြောင်းလဲခဲ့သည်၊ လက်ရှိကမ္ဘာ၏ငြိမ်းချမ်းနေသောအခြေအနေလည်း ဒုတိယကမ္ဘာစစ်ကြီးအဖြစ်သို့ ပြောင်းလဲသွားနိုင်စရာအကြောင်းရှိသည်။ အဘယ်ကြောင့်ဤသို့ဖြစ်ရသနည်း? အကြောင်းမှုကား လူတန်းစားရှိသည့် လူ့အဖွဲ့အစည်းထဲတွင် စစ်နှင့်ငြိမ်းချမ်းရေးဟူသည့် ဤပဋိပက္ခဖြစ်နေသောအရာကိစ္စများသည် တစုံတခုသောအကြောင်းအချက်တွင် ထပ်တူဖြစ်မှုရှိနေသောကြောင့်ဖြစ်သည်။

ပဋိပက္ခဖြစ်နေသောအရာမှန်သမျှသည် အပြန်အလှန်ဆက်သွယ်နေပြီး တစုံတခုသောအကြောင်းအချက်၌ ပေါင်းစည်းသည့်အရာတခုထဲတွင်ဒွန်တွဲနေသည်သာမက၊ တစုံတခုသော အကြောင်းအချက်တွင် အပြန်အလှန်လည်း ပြောင်းလဲလေသည်၊ ဤသည်ကား ပဋိပက္ခထပ်တူဖြစ်ခြင်း၏ အဓိပ္ပါယ်အပြည့်အစုံဖြစ်သည်။ လီနင် ပြောဆိုသည့် "မည်ကဲ့သို့ ထပ်တူဖြစ်လာသည် (ထပ်တူအဖြစ်မည်သို့ပြောင်းလဲလာသည်)၊ မည်သို့သော အကြောင်းအချက်တွင် ၎င်းတို့သည်အပြန်အလှန်ပြောင်းလဲကြသည်၊ ထပ်တူဖြစ်လာသည်" ဟူသည်ကား ဤအဓိပ္ပါယ်ပင်ဖြစ်သည်။



"အဘယ်ကြောင့် လူတို့၏ဦးနှောက်ထဲတွင် ဤဆန့်ကျင်ဖက်များကိုသေနေသော၊ မလှုပ်မယှက်အစိုင်အခဲဖြစ်နေသောအရာများဟု မယူဆသင့်ဘဲ၊ အသက်ပါသော အကြောင်းအချက်အရ ဖြစ်သော၊ ပြောင်းလဲနိုင်သော၊ အပြန်အလှန် ပြောင်းလဲသော အရာများဖြစ်သည်ဟုယူဆသင့်သနည်း?" အကြောင်းမှုကားပကတိတည်ရှိသည့်အရာကိစ္စများသည် နဂိုကပင်ဤကဲ့သို့ဖြစ်သောကြောင့်တည်း။ ပကတိတည်ရှိသည့်အရာကိစ္စများအတွင်းရှိ ပဋိပက္ခဖြစ်နေသော ဖက်အသီးသီး၏ ပေါင်းစည်းမှု သို့မဟုတ်ထပ်တူဖြစ်မှုသည် အစကပင် သေနေသော၊ မလှုပ်မယှက်အစိုင်အခဲဖြစ်နေသောအရာများ မဟုတ်ဘဲ၊ အသက်ပါသော၊ အကြောင်းအချက်အရဖြစ်သော၊ ပြောင်းလဲနိုင်သော၊ ယာယီဖြစ်သော၊ နှိုင်းယှဉ်မှုအရဖြစ်သော အရာများ ဖြစ်သည်၊ ပဋိပက္ခမှန်သမျှသည်တစုံတခုသောအကြောင်းအချက်အရ၎င်းတို့နှင့်ဆန့်ကျင်ဖက်ဖြစ်သောဖက်များသို့ ပြောင်းလဲပေသည်။ ဤသို့သောအခြေအနေသည် လူတို့၏ တွေးခေါ်မှုထဲတွင် ပြန်လည်ထင်ဟပ်သည့်ရှိသော် မာ့က်စ်ဝါဒ၏ရုပ်ဝါဒအနုပဋိလောမကမ္ဘာ့အမြင် ဖြစ်လာတော့သည်။ မျက်မှောက်နှင့်သမိုင်းတွင်ရှိခဲ့သော ဖေါက်ပြန်သည့် အုပ်စိုးသူလူတန်းစားများနှင့် ၎င်းတို့ကိုအလုပ်အကျွေးပြုသောတက္ကဗေဒ ကသာလျှင်ဆန့်ကျင်ဖက်ဖြစ်သောအရာကိစ္စများကို အသက်ပါသော၊ အကြောင်းအချက်အရ ဖြစ်သော၊ ပြောင်းလဲနိုင်သော၊ အပြန်အလှန်ပြောင်းလဲသောအရာများဟုမယူဆဘဲ၊ သေနေသော၊ မလှုပ်မယှက်အစိုင်အခဲဖြစ်နေသောအရာများဖြစ်သည်ဟု ယူဆပြီး၊ ယင်းမှားယွင်း

သောအမြင်ကို နေရာတကာတွင်ဝါဒဖြန့်လျက်၊ ပြည်သူလူထုကိုလှည့်စားခြင်းအားဖြင့် သူတို့၏အုပ်စိုးမှုဆက်လက်တည်မြဲစေခြင်း ဟူသောရည်ရွယ်ချက်အထမြောက်အောင်ပြုလုပ်ကြသည်။ ကွန်မြူနစ်များ၏လုပ်ငန်းတာဝန်မှာ ဖေါက်ပြန်ရေးသမားများနှင့် တက္ကဗေဒကျသည့်မှားယွင်းသောအတွေးအခေါ်ကို ဖွင့်ချပြီး၊ အရာဝတ္ထုများ၏နဂိုပါအနုပဋိလောမကို ဝါဒဖြန့်ကာ၊ အရာဝတ္ထုများ မြန်မြန်ပြောင်းလဲအောင်တွန်းဆော်ပေးခြင်းအားဖြင့်၊တော်လှန်ရေးရည်ရွယ်ချက်အထမြောက်အောင်ပြုလုပ်ရန်ဖြစ်သည်။

တစုံတရာသောအကြောင်းအချက်များ၌ ပဋိပက္ခ၏ ထပ်တူဖြစ်မှုဟုပြောဆိုရာတွင် ကျနော်တို့ပြောဆိုသည့်ပဋိပက္ခသည် လက်တွေ့ပဋိပက္ခ၊ အခိုင်အမာပဋိပက္ခဖြစ်သည်၊ ပဋိပက္ခ၏ဖက်များအပြန်အလှန်ပြောင်းလဲခြင်းသည်လည်းလက်တွေ့ဖြစ်သည်၊ အခိုင်အမာဖြစ်သည်ဟုဆိုလိုသည်။ ဒဏ္ဍာရီများတွင် ဖန်ဆင်းပြောင်းလဲမှုအမျိုးမျိုး ရှိသည်၊ ဥပမာ《ရှန်းဟိုင်ကျင်း》ထဲတွင် "ဇော်ဂျီခွါးဖုကနေမင်းဆီအရောက်ပြေးခြင်း"[၁၇] 《ဟွိုင်နန်စီ》ဝတ္ထုထဲတွင် "ယီဆိုသူက နေကိုးစင်းကိုပစ်ချခြင်း" [၁၈]၊ 《အနောက်အရပ်သို့ ခရီးသွားမှတ်တမ်း》ထဲတွင် မျောက်မင်းစွင်းဝူခုန်း၏ဖန်ဆင်းမှုခုနစ်ဆယ့်နှစ်မျိုး [၁၉] နှင့် 《လျောင်ကျိုင်းကျိယိ》[၂၀] တွင်စုန်းကဝေတစ္ဆေများက လူယောင်ဖန်ဆင်းခြင်းစသည်တို့ဖြစ်သည်၊ ဤသို့သော ဒဏ္ဍာရီများတွင် ပြောဆိုထားသည့်ပဋိပက္ခများ၏ အပြန်အလှန် ပြောင်းလဲခြင်းများသည်ကား မရေမတွက်နိုင်သည့် ရှုပ်ထွေးသော လက်တွေ့ပဋိပက္ခများ၏ အပြန်အလှန်



ပြောင်းလဲမှုများကလူတို့ဦးနှောက်အတွင်း ဖြစ်ပေါ်စေသောကလေးကလားဆန်သည့်၊ စိတ်ကူးဖြင့်ပေါ်လာသည့်၊ ဆန္ဒစွဲကျကျအတွေးယဉ်သည့် ပြောင်းလဲခြင်းများဖြစ်ပြီး၊ အခိုင်အမာရှိသည့်ပဋိပက္ခများမှနေ၍ဖေါ်ပြလိုက်သည့် အကောင်အထည်ရှိရှိပြောင်းလဲခြင်းများ မဟုတ်ချေ။ "မည်သည့်ဒဏ္ဍာရီမဆို သဘာဝအင်အားများကိုစိတ်ကူးဖြင့်အနိုင်ယူပြီးစီမံချယ်လှယ်ကာ၊ ပုံသွင်းပေးထားခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုသဘာဝအင်အားများကို လက်တွေ့စီမံချယ်လှယ်နိုင်သည်နှင့်အမျှ၊ ဒဏ္ဍာရီများလည်း ကွယ်ပျောက် ရချေတော့သည်။" [၂၁] ဟုမာ့က်စ်ကပြောခဲ့သည်။ ဤသို့သောဒဏ္ဍာရီများထဲရှိ (ကလေးပုံပြင်များထဲတွင်လည်းရှိ၏) အမျိုးမျိုးသော ဖန်ဆင်းသည့်ပုံပြင်များသည် သဘာဝအင်အားစသည်တို့အပေါ် လူတို့က အနိုင်ယူချယ်လှယ်ခြင်းတို့ကိုစိတ်ကူးဖြင့်ဖေါ်ပြထားသည့်အလျောက် လူတွေကို နှစ်သက်အောင်ဆွဲဆောင်နိုင်သည့်အပြင် အကောင်းဆုံးဒဏ္ဍာရီက "ထာဝစဉ်စွဲလမ်းနိုင်စေသည့်အစွမ်း" (မာ့က်စ်) ရှိသော်လည်း၊ ဒဏ္ဍာရီများမှာ အခိုင်အမာရှိသည့် ပဋိပက္ခများ၏တစုံတခုသော အကြောင်းအချက်များကိုအခြေပြု၍ ဖွဲ့တည်ထားခြင်းမဟုတ်သောကြောင့် ၎င်းတို့သည် လက်တွေ့ဖြစ်ရပ်၏ ဝိဇ္ဇာနည်းကျထင်ဟပ်မှုမဟုတ်ချေ။ ဆိုလိုသည်မှာ၊ ဒဏ္ဍာရီ သို့မဟုတ် ကလေးပုံပြင်ထဲရှိပဋိပက္ခအဖြစ်ဖွဲ့တည်ထားသောဖက်များတွင် အကောင်အထည်ရှိသည့် ထပ်တူဖြစ်မှုမဟုတ်ဘဲ၊ စိတ်ကူးယဉ်သည့်ထပ်တူဖြစ်မှုသာဖြစ်သည်။ လက်တွေ့ဖြစ်ရပ်ပြောင်း

လဲခြင်း၏ထပ်တူဖြစ်မှုကိုဝိဇ္ဇာနည်းကျထင်ဟပ်ပြသည်ကား မာ့က်စ်ဝါဒ၏အနုပဋိလောမဖြစ်သည်။

အဘယ်ကြောင့် ကြက်ဥကကြက်ကလေးဖြစ်လာနိုင်ပြီး၊ကျောက်ခဲကကြက်ကလေးဖြစ်မလာနိုင်သနည်း? အဘယ်ကြောင့် စစ်နှင့်ငြိမ်းချမ်းရေးသည်ထပ်တူဖြစ်မှုရှိပြီး၊ စစ်နှင့်ကျောက်ခဲသည် ထပ်တူဖြစ်မှုမရှိသနည်း? အဘယ်ကြောင့် လူကလူကိုမွေးဖွါးနိုင်ပြီး၊ အခြားအရာများကို မမွေးဖွါးနိုင်သနည်း? အခြားအကြောင်းကြောင့် မဟုတ်၊ ပဋိပက္ခ၏ထပ်တူဖြစ်မှုသည် တစုံတခုသောလိုအပ်သည့် အကြောင်းအချက်များ၌သာရှိသောကြောင့်ဖြစ်သည်။ တစုံတခုသောလိုအပ်သည့် အကြောင်းအချက်များ ချို့တဲ့ပါက၊ အဘယ်ထပ်တူဖြစ်မှုမျှမရှိတော့ချေ။

အဘယ်ကြောင့်ရုရှားနိုင်ငံတွင် ၁၉၁၇ ခုနှစ်ဖေဖော်ဝါရီလကစနရှင်ဒီမိုကရေစီတော်လှန်ရေးသည် ထိုနှစ်အောက်တိုဘာလကပစ္စည်းမဲ့ဆိုရှယ်လစ်တော်လှန်ရေးတို့နှင့်တိုက်ရိုက်ဆက်သွယ်မှုရှိပြီး၊ ပြင်သစ်နရှင်တော်လှန်ရေးသည် ဆိုရှယ်လစ်တော်လှန်ရေးနှင့် တိုက်ရိုက်ဆက်သွယ်မှုမရှိဘဲ၊ ၁၈၇၁ ခုနှစ်ပဲရစ်တုံအဖွဲ့သည် နောက်ဆုံးတွင်ဆုံးရှုံးခဲ့ရသနည်း? အဘယ်ကြောင့်မွန်ဂိုးလီယားနှင့် အာရှတိုက်အလယ်ပိုင်းရှိတိုရစ္ဆာန်မွေးကာ လှည့်လည်နေထိုင်သည့်စနစ်သည် ဆိုရှယ်လစ်စနစ်နှင့် တိုက်ရိုက်ဆက်သွယ်မှုရှိပြန်သနည်း? အဘယ်ကြောင့် တရုပ်ပြည်တော်လှန်ရေးသည် အရင်းရှင်စနစ်ဖြစ်ရေးအလားအလာကို ရှောင်ကွင်းနိုင်ပြီး၊ ဆိုရှယ်လစ်စနစ်နှင့် တိုက်ရိုက်ဆက်သွယ်နိုင်လျက်၊ အ



နောက်နိုင်ငံများ၏ သမိုင်းလမ်းကြောင်းဟောင်းကို လိုက်ရန်မလိုဘဲ၊ နေရှင်အာဏာရှင်စနစ်ကာလပိုင်းတရပ်ကို ဖြတ်သန်းရန် မလိုတော့သနည်း? အခြားအကြောင်းကြောင့်မဟုတ်၊ အားလုံးပင် သက်ဆိုင်ရာကာလမှာတည်ရှိနေသည့် အကြောင်းအချက်များကြောင့်ဖြစ်သည်။ တစုံတခုသောလိုအပ်သည့် အကြောင်းအချက်များ ပြည့်စုံလာသောအခါ၊ အရာဝတ္ထုများ၏ဖြစ်ထွန်းတိုးပွါးမှုဖြစ်စဉ်တွင် တစုံတခုသောပဋိပက္ခများဖြစ်ပေါ်လာပြီး၊ယင်းပဋိပက္ခ သို့မဟုတ် ယင်းပဋိပက္ခများအပြန်အလှန် အမှီပြုတည်ရှိလျက်၊ အပြန်အလှန် ပြောင်းလဲကြမြန်သည်၊ သို့မဟုတ်ပါက အဘယ်အရာမျှမဖြစ်နိုင်တော့ချေ။

ထပ်တူဖြစ်မှုပြဿနာကား ဤသို့ဖြစ်သည်။ သို့ဆိုလျှင်၊ တိုက်ခိုက်မှုသည်အဘယ်နည်း? ထပ်တူဖြစ်မှုနှင့်တိုက်ခိုက်မှု၏ ဆက်သွယ်မှုကားမည်သို့နည်း?

"ဆန့်ကျင်ဖက်များ၏ ပေါင်းစည်းမှု (တညီတည်းဖြစ်မှု၊ ထပ်တူဖြစ်မှု၊ ပေါင်းစပ်မှု) သည်အကြောင်းအချက်အရဖြစ်၏၊ တခဏမျှဖြစ်၏၊ ယာယီမျှဖြစ်၏၊ နှိုင်းယှဉ်မှုအရဖြစ်၏။ အပြန်အလှန်တွန်းဖယ်သောဆန့်ကျင်ဖက်များ၏တိုက်ပွဲကမူ ဖြစ်ထွန်းတိုးပွါးမှုနှင့် လှုပ်ရှားမှုများကဲ့သို့ပင်အကြွင်းမဲ့ဖြစ်သည်။" ၂၂ ဟုလီနင်ကပြောခဲ့သည်။

လီနင်၏ ဤပြောဆိုချက်သည်အဘယ်အဓိပ္ပါယ်ဆောင်သနည်း?

ဖြစ်စဉ်အားလုံးတွင် အစနှင့်အဆုံးရှိသည်၊ ဖြစ်စဉ်အားလုံးသည် ၎င်းတို့၏ဆန့်ကျင်ဖက်အရာများအဖြစ်သို့ ပြောင်းလဲသည်။ ဖြစ်စဉ်အားလုံး၏တည်တံ့မှုသည်နှိုင်းယှဉ်မှုအရဖြစ်သည်၊ သို့ရာတွင်ဖြစ်စဉ်တ

မျိုးက အခြားဖြစ်စဉ်တမျိုးအဖြစ်သို့ ပြောင်းလဲမှုမျိုးသည်ကား အကြောင်းမဲ့ဖြစ်သည်။

ဘယ်အရာကိစ္စ၏ လှုပ်ရှားမှုမဆို နိုင်းယှဉ်မှုအရ ငြိမ်သက်သည့်သဏ္ဌာန်နှင့် ထင်ရှားစွာပြောင်းလဲသည့်သဏ္ဌာန်ဟူ၍ သဏ္ဌာန်နှစ်မျိုးဆောင်သည်၊ သဏ္ဌာန်နှစ်ခုစလုံး၏လှုပ်ရှားမှုမှာ အရာကိစ္စအတွင်းရှိ ပဋိပက္ခဖြစ်နေသော အကြောင်းရင်းနှစ်ရပ်အပြန်အလှန်တိုက်ပွဲဆင်မှုကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အရာကိစ္စ၏လှုပ်ရှားမှုသည် ပထမသဏ္ဌာန်ဆောင်သောအခါ အရေအတွက်အရ ပြောင်းလဲမှုသာရှိပြီးအရည်အချင်းအရပြောင်းလဲမှုမရှိ၊ ထို့ကြောင့် ၎င်း၏အသွင်အပြင်သည်ငြိမ်သက်သလိုလိုရှိနေသည်။ အရာကိစ္စ၏ လှုပ်ရှားမှုသည် ဒုတိယသဏ္ဌာန်ဆောင်သောအခါ၊ ၎င်းသည် ပထမသဏ္ဌာန်ရှိအရေအတွက်အရပြောင်းလဲမှု၏ တစုံတခုသော အမြင့်ဆုံးအဆင့်သို့ ရောက်ရှိပြီးဖြစ်ရာ၊ ပေါင်းစည်းနေသောအရာသည် ကွဲပျက်ကာ၊ အရည်အချင်းအရပြောင်းလဲလာတော့သည်၊ ထို့ကြောင့်ပင် ထင်ရှားစွာပြောင်းလဲသည့်အသွင်ပေါ်လာတော့သည်။ ကျနော်တို့နေ့စဉ်တွေ့မြင်နေကြရသည့်ပေါင်းစည်းခြင်း၊ သွေးစည်းခြင်း၊ ပူးပေါင်းခြင်း၊ စေ့စပ်ခြင်း၊ ညီမျှခြင်း၊ သရေဖြစ်ခြင်း၊ တန့်လျက်နေခြင်း၊ ငြိမ်သက်ခြင်း၊ အမြဲရှိခြင်း၊ ချိန်ခွင်ညီဖြစ်ခြင်း၊ ခဲနေခြင်း၊ ဆွဲဆောင်ခြင်း စသည်တို့ကား အားလုံးပင် အရေအတွက်အရ ပြောင်းလဲသောသဏ္ဌာန်တွင်ရှိသည့်အရာကိစ္စ၏အသွင်ဖြစ်သည်။ အခြားတဖက်တွင်တပေါင်းတစည်းတည်းရှိသောအရာ၏ကွဲပျက်မှု၊ သွေးစည်းခြင်း၊ ပူးပေါင်းခြင်း၊ စေ့စပ်ခြင်း၊ ညီမျှ



ခြင်း၊ သရေဖြစ်ခြင်း၊ တန့်လျက်နေခြင်း၊ ငြိမ်သက်ခြင်း၊ အမြဲရှိခြင်း၊ ချိန်ခွင်ညီဖြစ်ခြင်း၊ ခဲနေခြင်း၊ ဆွဲဆောင်ခြင်းအစရှိသည့်သဏ္ဌာန်များ၏ပျက်စီးမှု၊ ဆန့်ကျင်ဖက်သဏ္ဌာန်သို့ပြောင်းလဲမှုတို့သည်ကား အားလုံးပင်အရည်အချင်းအရ ပြောင်းလဲသောသဏ္ဌာန်တွင် ရှိသည့်၊ ဖြစ်စဉ်တမျိုးမှ အခြားဖြစ်စဉ်တမျိုးသို့ ပြောင်းလဲသောအခြေအနေတွင်ရှိသည့်အရာကိစ္စ၏အသွင်ဖြစ်သည်။ အရာကိစ္စများသည်အမြဲတမ်းပင် ပထမသဏ္ဌာန်မှဒုတိယသဏ္ဌာန်သို့ အဆက်မပြတ်ပြောင်းလဲနေကာ၊ ပဋိပက္ခ၏တိုက်ပွဲသည် သဏ္ဌာန်နှစ်ခုစလုံး၌ပင် ရှိပြီး၊ ဒုတိယသဏ္ဌာန်ကိုဖြတ်သန်းခြင်းဖြင့် ပဋိပက္ခပြေရှင်းလေတော့သည်။ ထို့ကြောင့်ဆန့်ကျင်ဖက်များ၏ ပေါင်းစည်းမှုသည် အကြောင်းအချက်အရ၊ ယာယီအရ၊ နိုင်းယှဉ်မှုအရ ဖြစ်ပြီး၊ ဆန့်ကျင်ဖက်များ၏ အပြန်အလှန်တွန်းဖယ်သောတိုက်ပွဲများမှုအကြောင်းမဲ့ဖြစ်သည်ဟု ပြောဆိုခြင်းဖြစ်သည်။

ဆန့်ကျင်ဖက်အရာနှစ်ခုအကြားတွင် ထပ်တူဖြစ်မှုရှိသည်၊ ထို့ကြောင့်၎င်းတို့နှစ်ခုသည် တပေါင်းတစည်းတည်းရှိသော အရာတခုထဲတွင်အတူတကွတည်ရှိနိုင်ပြီး အပြန်အလှန်လည်း ပြောင်းလဲနိုင်မြန်သည်ဟုအထက်တွင်ကျနော်တို့ပြောခဲ့သည်၊ ဤသည်ကားအကြောင်းအချက်အရဖြစ်သည်ဟု ဆိုခြင်းပင်တည်း။ ဆိုလိုသည်မှာ ပဋိပက္ခဖြစ်သောအရာများသည် တစုံတခုသောအကြောင်းအချက်တွင် ပေါင်းစည်းနိုင်ပြီး၊ အပြန်အလှန်လည်းပြောင်းလဲနိုင်ခြင်းကို ဆိုလိုသည်။ ယင်းအကြောင်းအချက်မရှိပါကပဋိပက္ခဖြစ်မလာနိုင်၊ အတူတကွ မတည်ရှိနိုင်၊ အပြန်အလှန်ပြောင်းလဲခြင်းလည်း မရှိနိုင်တော့ချေ။ တ

စုံတခုသောအကြောင်းအချက်ကြောင့်သာပဋိပက္ခ၏ ထပ်တူဖြစ်မှုဖြစ်ပေါ်လာပေသည်၊ ထို့ကြောင့် ထပ်တူဖြစ်မှုသည် အကြောင်းအချက်အရနိုင်းယှဉ်မှုအရဖြစ်သည်ဟု ပြောဆိုခြင်းဖြစ်သည်။ ပဋိပက္ခတိုက်ပွဲသည်ဖြစ်စဉ်၏အစမှ အဆုံးတလျှောက်လုံးတွင်ရှိပြီး၊ ဖြစ်စဉ်တခုကို အခြားဖြစ်စဉ်တခုသို့ပြောင်းလဲစေသည်၊ ပဋိပက္ခ၏တိုက်ပွဲသည် မည်သည့်နေရာတွင်မဆိုရှိသည်၊ ထို့ကြောင့် ပဋိပက္ခ၏ တိုက်ခိုက်မှုသည် ချွင်းချက်မရှိ၊ အကြွင်းမဲ့ဖြစ်သည်ဟုဆိုခြင်းကို ဤတွင်ကျနော်တို့ထပ်မံပြောလိုသည်။

အကြောင်းအချက်အရ၊နှိုင်းယှဉ်မှုအရထပ်တူဖြစ်မှုနှင့်ချွင်းချက်မရှိသောအကြွင်းမဲ့ဖြစ်သော တိုက်ခိုက်မှုတို့ပေါင်းစပ်ခြင်းသည် အရာကိစ္စအားလုံးတို့၏ပဋိပက္ခလှုပ်ရှားမှုကိုဖြစ်ပေါ်စေသည်။

"အပြန်အလှန်ဆန့်ကျင်ပြီး အပြန်အလှန်ပြည့်စုံစေသည်" [၂၄] ဟူ၍ကျနော်တို့တရုပ်လူမျိုးများမကြာခဏပြောဆိုလေ့ရှိကြသည်။ ဆိုလိုသည်မှာ အပြန်အလှန်ဆန့်ကျင်ဖက်ဖြစ်သောအရာများသည် ထပ်တူဖြစ်မှုရှိသည်။ ဤစကားသည်အနုပဋိလောမကျပြီး၊ တက္ကဗေဒကိုဆန့်ကျင်ပေသည်။ "အပြန်အလှန် ဆန့်ကျင်ဖက်ဖြစ်သည်"ဟူသည်ကားပဋိပက္ခရှိဖက်နှစ်ဖက်၏အပြန်အလှန်တွန်းဖယ်ခြင်း သို့မဟုတ်အပြန်အလှန်တိုက်ခိုက်ခြင်းကို ဆိုလိုသည်။ "အပြန်အလှန် ပြည့်စုံစေသည်" ဟူသည်ကား တစုံတခုသော အကြောင်းအချက် အောက်တွင် ပဋိပက္ခရှိဖက်နှစ်ဖက်သည်အပြန်အလှန်ပေါင်းစပ်လိုက်ကာ၊ ထပ်တူဖြစ်



မှုရရှိလာခြင်းကိုဆိုလိုသည်။ တိုက်ခိုက်မှုသည် ထပ်တူဖြစ်မှုတွင်ကိန်းအောင်းနေပေသည်၊ တိုက်ခိုက်မှုမရှိလျှင်ထပ်တူဖြစ်မှုမရှိချေ။

ထပ်တူဖြစ်မှုတွင် တိုက်ခိုက်မှုရှိနေသည်၊ ထူးခြားမှုတွင် အနှံ့အပြားဖြစ်မှုရှိနေသည်၊ တခုချင်းလက္ခဏာထဲတွင် အများဆိုင်ရာလက္ခဏာရှိနေသည်။ လီနင်ပြောသည့်အတိုင်းပြောရလျှင် "နှိုင်းယှဉ်မှုအရဖြစ်သောအရာများတွင်အကြွင်းမဲ့အရာများရှိနေသည်" [၂၅] ဖြစ်၏။

## ၆။ ပဋိပက္ခအတွင်းရှိအတိုက်အခံဖြစ်မှု၏အခန်း

ပဋိပက္ခ၏ တိုက်ခိုက်မှုပြဿနာများထဲတွင် အတိုက်အခံဖြစ်မှုကား အဘယ်နည်းဟူသော ပြဿနာပါဝင်နေသည်။ ကျနော်တို့၏ အဖြေမှာ၊ အတိုက်အခံဖြစ်မှုသည် ပဋိပက္ခတိုက်ပွဲ၏ သဏ္ဌာန်တမျိုးဖြစ် ၏၊ ပဋိပက္ခတိုက်ပွဲ၏သဏ္ဌာန်အားလုံးမဟုတ်ချေ။

လူ့သမိုင်းတွင်လူတန်းစားအတိုက်အခံဖြစ်မှုရှိနေသည်၊ ဤကားပဋိပက္ခထဲရှိ တိုက်ပွဲ၏ ထူးခြားသောဖေါ်ပြချက်တရပ် ဖြစ်သည်။ သေးစုတ်လူတန်းစားနှင့် သေးစုတ်ခံလူတန်းစားတို့၏ ပဋိပက္ခသည် ကျေးကျွန်လူ့အဖွဲ့အစည်းတွင်ဖြစ်စေ၊ ပဒေသရာဇ် လူ့အဖွဲ့အစည်းတွင်ဖြစ်စေ၊ အရင်းရှင်လူ့အဖွဲ့အစည်းတွင်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတခုထဲတွင်အပြန်အလှန်ပဋိပက္ခဖြစ်သော လူတန်းစားနှစ်ရပ်ရှည်ကြာစွာအတူတကွတည်ရှိနေပြီးအပြန်အလှန်တိုက်ပွဲဆင်ခြင်းဖြစ်သည်၊ သို့ရာတွင် လူတန်းစားနှစ်ရပ်၏ ပဋိပက္ခတစုံတခုသောအဆင့်အထိ ကြီး

ထွားတော့မှသာ၊ ဖက်နှစ်ဖက်သည်အတိအလင်း အတိုက်အခံဖြစ်သည့် သဏ္ဌာန်များရှိလာကာ၊ တော်လှန်ရေးအဖြစ် တိုးတက်ပြောင်းလဲလာတော့သည်။ လူတန်းစားရှိသည့်လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေးမှစစ်သို့ပြောင်းလဲခြင်းသည်လည်း ဤသို့ပင်ဖြစ်ပေသည်။

ဗုံးမပေါက်ကွဲသေးမီအချိန်သည် တစုံတခုသော အကြောင်းအချက်များကြောင့် ပဋိပက္ခဖြစ်သောအရာများ အရာတခုအတွင်း [illegible]ပေါင်းစည်း၍ အတူတကွတည်ရှိနေသော အချိန်အခါဖြစ်သည်။ အကြောင်းအချက်သစ် (မီးပွင့်ခြင်း) ပေါ်ပေါက်လာသောအခါမှသာ ပေါက်ကွဲလေတော့သည်။ သဘာဝလောကရှိ အခြင်းအရာအားလုံးတို့သည်ပဋိပက္ခဟောင်းများကိုဖြေရှင်းပြီး အရာသစ်များပေါ်လာစေရန်အတိအလင်းတိုက်ခိုက်သည့်သဏ္ဌာန်ကို နောက်ဆုံးသုံးလာသောအခါ၌လည်း အထက်ပါနှင့်အလားတူသည့်အခြေအနေမျိုးရှိပေသည်။

အထက်ပါအခြေအနေမျိုးကိုသိနားလည်ရန်မှာ လွန်စွာ အရေးကြီးသည်။ သို့မှသာ ကျနော်တို့သည် လူတန်းစားရှိသည့်လူ့အဖွဲ့အစည်းထဲတွင်တော်လှန်ရေးများနှင့် တော်လှန်ရေးစစ်များ ကေန်မုချပေါ်ပေါက်မည်ဖြစ်ကြောင်း၊ တော်လှန်ရေးများနှင့် တော်လှန်ရေးစစ်များတို့မရှိလျှင်လူ့အဖွဲ့အစည်းခုန်ပျံတိုးတက်ရေးသည် မဖြစ်မြောက်နိုင်ကြောင်း၊ ပြည်သူများနိုင်ငံရေးအာဏာရရှိစေရန် ဖေါက်ပြန်သောအုပ်စိုးသူလူတန်းစားကို တွန်းလှန်ဖြိုဖျက်နိုင်မည်မဟုတ်ကြောင်းတို့ကို သိမြင်နိုင်သည်။ ဖေါက်ပြန်ရေးသမားများ ပြောဆိုလေ့ရှိကြသော လူမှုတော်လှန်ရေးသည် မလိုအပ်၊ မဖြစ်နိုင်အစရှိသည့် လိမ်လည်ဝါဒ



ဖြန့်မှုကိုကွန်မြူနစ်များကဖွင့်ချရမည် ဖြစ်ပြီး၊ မာ့က်စ်လီနင်ဝါဒ၏ လူမှုတော်လှန်ရေး သဘောတရားကို မိမိရရဆုပ်ကိုင်၍၊ လူမှုတော်လှန်ရေးသည်လုံးဝလိုအပ်သည်သာမကလုံးဝဖြစ်နိုင်ကြောင်းကို၎င်း၊ လူ့သမိုင်းတခုလုံးနှင့်ဆိုဗီယက်ပြည်ထောင်စု၏အောင်ပွဲက ဤဝိဇ္ဇာနည်းကျအမှန်တရားကို သက်သေထူပြကြောင်းကို၎င်းပြည်သူများအားနားလည်စေရမည်။

သို့ရာတွင် ကျနော်တို့သည် ပဋိပက္ခတိုက်ပွဲ၏ အခြေအနေအမျိုးမျိုးကို အတိအကျလေ့လာသုံးသပ်ရမည်၊ အထက်တွင်ဆိုခဲ့သည့် ပုံသေနည်းကို အရာကိစ္စအားလုံးတွင် မရမကအတင်းတည့်မသုံးသင့်ချေ။ ပဋိပက္ခနှင့်တိုက်ပွဲသည် အနံ့အပြားရှိသည်၊ အကြွင်းမဲ့ ဖြစ်သည်၊ သို့ရာတွင် ပဋိပက္ခကို ဖြေရှင်းသည့်နည်းများ (ဝါ) တိုက်ပွဲဆင်သည့်သဏ္ဌာန်များကားပဋိပက္ခ၏ လက္ခဏာချင်း မတူသည့် အလျောက်မတူကြပေ။ အချို့ပဋိပက္ခများသည်အတိအလင်းအတိုက်အခံဖြစ်သည့်လက္ခဏာရှိ၍၊ အချို့ပဋိပက္ခများမှာမူဤသို့မဟုတ်ချေ။ အရာကိစ္စများအတိအကျဖြစ် ထွန်းတိုးပွါးသည်ကို အခြေတည်၍၊ အချို့ပဋိပက္ခများသည် မူလကအတိုက်အခံမဟုတ်သည့်အဖြစ်မှ အတိုက်အခံအဖြစ်သို့ ပြောင်းလဲသွားပြီး၊ အချို့ပဋိပက္ခများမှာကား၊ မူလကအတိုက်အခံဖြစ်နေရာမှအတိုက်အခံမဟုတ်သည့်အဖြစ်သို့ ပြောင်းလဲသွားလေသည်။

ကွန်မြူနစ်ပါတီအတွင်းရှိ မှန်ကန်သောတွေးခေါ်မှုနှင့် မှားယွင်းသောတွေးခေါ်မှုများ၏ ပဋိပက္ခသည် အထက်တွင် ပြောခဲ့သည့် အ

တိုင်းပင်၊ လူတန်းစားများတည်ရှိနေသည့်အခါ၌ လူတန်းစား ပဋိပက္ခကပါတီတွင်းသို့ထင်ဟပ်ခြင်းဖြစ်သည်။ ယင်းပဋိပက္ခမျိုးသည်စခါစတွင်သော်၎င်း၊ သို့မဟုတ်ပြဿနာတခုချင်းတွင်သော်၎င်း၊ ချက်ခြင်းအတိုက်အခံသဘောမျိုးရှိမည်မဟုတ်သေးချေ။ သို့ရာတွင်လူတန်းစားတိုက်ပွဲ ပိုမိုပြင်းထန်သည်နှင့်အမျှ၊ ယင်းပဋိပက္ခမျိုးသည်လည်း အတိုက်အခံအဖြစ်ပြောင်းလဲသွားနိုင်ပေသည်။ ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီ၏သမိုင်းက ကျနော်တို့အား ပြသလိုက်သည်မှာ၊ လီနင်၊ စတာလင်တို့၏ မှန်ကန်သောအတွေးအခေါ်နှင့်ထရော်စကီ၊ ဘူခါရင်အစရှိသူတို့၏မှားယွင်းသောအတွေးအခေါ် တို့၏ပဋိပက္ခသည် စခါစတွင် အတိုက်အခံဖြစ်သည့်သဏ္ဍာန်ဖြင့် ပေါ်ပြသည်မဟုတ်သေးချေ၊ သို့ရာတွင် နောက်ပိုင်း၌အတိုက်အခံဖြစ်သည့်အထိ ပြောင်းလဲလာပေသည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏သမိုင်းတွင်လည်း၎င်းအခြေအနေမျိုးရှိခဲ့ဘူးသည်။ ကျနော်တို့ပါတီထဲတွင် ရဲဘော်အမြောက်အမြား၏မှန်ကန်သော အတွေးအခေါ်နှင့်ချင်တူရှူ၊ ကျန်းကိုထောင်အစရှိသူတို့၏မှားယွင်းသောအတွေးအခေါ် တို့၏ပဋိပက္ခသည်လည်း စခါစတွင် အတိုက်အခံဖြစ်သည့်သဏ္ဍာန်ဖြင့်ပေါ်ပြသည် မဟုတ်၊ သို့ရာတွင်နောက်ပိုင်း၌ အတိုက်အခံအဖြစ်ပြောင်းလဲသွားပေသည်။ မျက်မှောက်အခါတွင် ကျနော်တို့ပါတီထဲရှိမှန်ကန်သောအတွေးအခေါ်နှင့် မှားယွင်းသောအတွေးအခေါ် တို့၏ပဋိပက္ခသည် အတိုက်အခံသဏ္ဍာန်ဖြင့်မပေါ်ပြသေးပေ၊ အကယ်၍အမှားကျူးလွန်သည့် ရဲဘော်သည် မိမိ၏အမှားကိုပြင်နိုင်လျှင် အတိုက်အခံအဖြစ်သို့ ပြောင်းလဲသွားလိမ့်



မည်မဟုတ်ချေ။ ထို့ကြောင့်ပါတီသည်တဖက်တွင် မှားယွင်းသောအတွေးခေါ်မှုအပေါ် လေးနက်တည်ကြည်စွာ တိုက်ပွဲဆင်နွှဲရမည်၊ အခြားတဖက်တွင် အမှားကျူးလွန်မိသောရဲဘော်များကို ကိုယ်တိုင်နိုးကြားသဘောပေါက်လာအောင် အခါအခွင့် ပြည့်စုံလုံလောက်စွာပေးရမည်ဖြစ်သည်။ ယင်းအခြေအနေတွင် ပြင်းထန်လွန်းသောတိုက်ပွဲသည်မသင့်လျော်ကြောင်းထင်ရှားပေသည်။ သို့ရာတွင်အမှားမှားမိသူများသည်ခေါင်းမာစွာအမှားကို တင်းခံရှုမက ပို၍ကဲလာလျှင်၊ယင်းပဋိပက္ခသည်လည်း အတိုက်အခံအဖြစ်သို့ ပြောင်းလဲသွားနိုင်စရာအကြောင်းရှိသည်။

စီးပွါးရေးအရမြို့နှင့်တောတို့၏ ပဋိပက္ခသည် အရင်းရှင်လူ့အဖွဲ့အစည်း(နေရှင်လူတန်းစားအုပ်စိုးသောမြို့များသည် တောရွာများကိုရက်စက်စွာသွေးစုတ်သည်) တွင်၎င်း၊ ကိုမင်တန်အုပ်စိုးသော ဒေသများ (နိုင်ငံခြားနယ်ချဲ့နှင့် ပြည်တွင်းလက်ဝေခံနေရှင်ကြီး လူတန်းစားတို့ကအုပ်စိုးသော မြို့များသည်တောရွာများကို ရိုင်းစိုင်းကြမ်းကြုတ်စွာသွေးစုတ်သည်)တွင်၎င်း အလွန်အမင်း အတိုက်အခံဖြစ်နေသည်။ သို့ရာတွင်ဆိုရှယ်လစ်တိုင်းပြည်တွင်၎င်း၊ ကျနော်တို့၏ တော်လှန်ရေးအခြေခံဒေသများတွင်၎င်း၊ ၎င်းအတိုက်အခံဖြစ်သည့် ပဋိပက္ခမျိုးသည် အတိုက်အခံမဟုတ်သည့် ပဋိပက္ခအဖြစ်ပြောင်းလဲသွားသည်၊ ကွန်မြူနစ်လောကသို့ရောက်သောအခါ ယင်းပဋိပက္ခမျိုးပပျောက်သွားလိမ့်မည်ဖြစ်သည်။

လိနင်က၊ "အတိုက်အခံဖြစ်မှုနှင့်ပဋိပက္ခသည် နည်းနည်းမှမတူပါ။ ဆိုရှယ်လစ်စနစ်တွင်အတိုက်အခံဖြစ်မှုကွယ်ပျောက်ပြီး၊ ပဋိပက္ခတည်ရှိနေပေသေးသည်"[၂၅] ဟုပြောခဲ့သည်။ ဆိုလိုသည်ကား အတိုက်အခံဖြစ်မှုသည် ပဋိပက္ခတိုက်ပွဲ၏သဏ္ဌာန်တမျိုးသာဖြစ်ပြီး၊ ၎င်း၏အလုံးစုံသောသဏ္ဌာန်မဟုတ်၊ ဤပုံသေနည်းကိုနေရာတကာတွင်အသုံးချ၍မဖြစ်နိုင်ချေ။

## ၇။ နိဂုံး

ဤမျှဆွေးနွေးခဲ့ပြီဖြစ်ရာ၊ ကျနော်တို့သည် အားလုံးကို ခြုံ၍ကောက်ချက်အချို့ချနိုင်ပေပြီ။ အရာဝတ္ထုများ၏ ပဋိပက္ခဥပဒေသ (ဝါ)ဆန့်ကျင်ဖက်များ ပေါင်းစည်းခြင်းဥပဒေသသည်ကား သဘာဝနှင့်လူ့အဖွဲ့အစည်း၏ အရင်းခံဥပဒေသဖြစ်သည်၊ ထို့ကြောင့်လည်း တွေးခေါ်မှု၏အရင်းခံဥပဒေသဖြစ်သည်။ ၎င်းသည်တက္ကဗေဒကမ္ဘာ့အမြင်နှင့်ပြောင်းပြန်ဖြစ်သည်။ ၎င်းသည် လူသားတို့၏ သိမြင်မှုသမိုင်းတွင်ကြီးမားသောတော်လှန်ရေးတရပ်ဖြစ်သည်။ အနုပဋိလောမရုပ်ဝါဒ၏အမြင်ဖြင့်ကြည့်သော်၊ ပဋိပက္ခသည် အလုံးစုံသောပကတိတည်ရှိသည့်အရာဝတ္ထုများနှင့်ဆန္ဒပိုင်းတွေးခေါ်မှုများ၏ ဖြစ်စဉ်များအတွင်း၌ရှိနေပေသည်၊ ပဋိပက္ခသည်ဖြစ်စဉ်အားလုံးတွင်အစမှအဆုံးတိုင်အောင်ရှိနေသည်၊ ဤသည်ကားပဋိပက္ခ၏အနှံ့အပြားရှိမှုနှင့် အကြွင်းမဲ့ရှိမှုဖြစ်ပေသည်။ ပဋိပက္ခဖြစ်နေသောအရာဝတ္ထုများနှင့် ၎င်း



တို့၏ဖက်တိုင်းတွင်ထူးခြားချက်အသီးသီးရှိကြသည်၊ ဤသည်ကား ပဋိပက္ခ၏ထူးခြားမှုနှင့်နှိုင်းယှဉ်မှုလက္ခဏာများဖြစ်ပေသည်။ ပဋိပက္ခဖြစ်နေသောအရာဝတ္ထုများသည် တစုံတရာသောအကြောင်းအချက်များကြောင့်ထပ်တူဖြစ်မှုရှိသည်၊ ထို့ကြောင့် တပေါင်းတစည်းတည်းရှိသောအရာတခုအတွင်း၌ အတူတကွတည်ရှိနိုင်ပြီး၊ ၎င်းတို့နှင့်ဆန့်ကျင်သည့်ဖက်သို့လည်းအပြန်အလှန်ပြောင်းလဲနိုင်ပြန်သည်၊ ဤသည်ကားပဋိပက္ခ၏ထူးခြားမှုနှင့်နှိုင်းယှဉ်၍ရှိမှု ဖြစ်ပြန်သည်။ သို့ရာတွင် ပဋိပက္ခတိုက်ပွဲသည်အဆက်မပြတ်ဖြစ်ပြီး၊ ၎င်းတို့အတူတကွတည်ရှိနေသည့်အခါတွင်ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့အပြန်အလှန်ပြောင်းလဲနေသည့်အခါတွင်ဖြစ်စေတိုက်ပွဲရှိနေသည်၊ အထူးသဖြင့် ၎င်းတို့အပြန်အလှန်ပြောင်းလဲနေသည့်အခါတွင် တိုက်ပွဲသည် ပိုမို ထင်ရှားလာသည်။ ဤသည်လည်းပဋိပက္ခ၏ အနှံ့အပြားရှိမှုနှင့် အကြွင်းမဲ့ရှိမှု ဖြစ်ပြန်သည်။ ပဋိပက္ခ၏ထူးခြားမှုနှင့်နှိုင်းယှဉ်မှုလက္ခဏာကို ကျနော်တို့လေ့လာသုံးသပ်သည့်အခါတွင်၊ ပဋိပက္ခများနှင့်ပဋိပက္ခဖြစ်သော ဖက်များ အနက်အဘယ်သည် အဓိကဖြစ်သည်၊ အဘယ်သည် အဓိကမဟုတ်ဟူသည့်ခြားနားချက်ကိုသတိပြုရမည်။ ပဋိပက္ခ၏ အနှံ့အပြားရှိမှုနှင့်တိုက်ခိုက်မှုကို ကျနော်တို့လေ့လာသုံးသပ်သည့်အခါတွင် ပဋိပက္ခ၏မတူသည့်တိုက်ပွဲသဏ္ဌာန်အမျိုးမျိုး၏ ခြားနားချက်ကို သတိပြုရမည်။ ဤသို့မပြုလုပ်ပါက အမှားများကျူးလွန်မိလိမ့်မည်။ အကယ်၍ ကျနော်တို့လေ့လာသုံးသပ်ပြီးသည့်နောက် အထက်ပါ အရေးကြီးသည့်အချက်များကို တကယ်ပင်နားလည်သိရှိပါက မာ့က်စ်လိနင်ဝါဒအ

ခြေခံမှုများကို ဖေါက်ဖျက်သည့်၊ ကျနော်တို့၏ တော်လှန်ရေးအရေးတော်ပုံကို အကျိုးယုတ်စေသည့်ထိုတရားသေဝါဒအတွေးအခေါ်များကိုတိုက်ဖျက်ဖို့ခွင်းပစ်နိုင်လိမ့်မည်၊ အတွေ့အကြုံရှိသော ရဲဘော်တို့ကိုလည်း မိမိ၏အတွေ့အကြုံများကို ပြန်လည်စနစ်တကျစိစဉ်စေနိုင်ကာ၊ မူလက္ခဏာဆောင်လာအောင် လုပ်နိုင်စေပြီး အတွေ့အကြုံဝါဒအမှားများမပြုမိအောင်ရှောင်ရှားနိုင်စေလိမ့်မည်ဖြစ်သည်။ ဤသည်တို့ကား ပဋိပက္ခဥပဒေသကို ကျနော်တို့လေ့လာရာတွင်ရရှိသောရိုးရိုးနိဂုံးချုပ်ချက်အချို့ဖြစ်သည်။

## ရှင်း ချက်

၁။ လီနင်ရေး «အဘိဓမ္မာမှတ်စု» မှ «ဟီးဂယ်၏ ‹အဘိဓမ္မာသမိုင်း› ပထမတွဲ ‹ယိလိယာပညာဂိုဏ်း၏အဘိဓမ္မာ› ဆိုသည့်ကဏ္ဍမှကောက်နုတ်ချက်» မှ

၂။ လီနင်ရေး «အနုပဋိလောမပြဿနာ» မှ "ပေါင်းစည်းနေသော အရာကို နှစ်ခုအဖြစ် ခွဲခြင်းနှင့် ၎င်းတွင်ရှိသော ပဋိပက္ခအစိတ်အပိုင်းတို့ကို ကျနော်တို့သိမြင်ခြင်းသည် အနုပဋိလောမ၏ အနှစ်သာရဖြစ်သည်" ဟူသည်တွင်ကြည့်ပါ။ လီနင်ရေး «ဟီးဂယ်၏ ‹လောဂျစ်ပညာ› ကောက်နုတ်ချက်» မှ "အနုပဋိလောမကိုဆန့်ကျင်ဖက်တို့၏ပေါင်းစည်းမှုဟူသောသြဝါဒအဖြစ် တိုတိုနှင့်လိုရင်းရောက်အောင်သတ်မှတ်နိုင်သည်။ ဤသို့ဆိုလျှင် အနုပဋိလောမ၏ အမြုတေကိုဆုပ်ကိုင်နိုင်ပြီ၊ သို့သော်ရှင်း



ကိုရှင်းပြရန်နှင့် ကျယ်ပြန့်နက်နဲအောင် လုပ်ရန်လိုအပ်သည် "ဟူသည်တွင်ကြည့်ပါ။

၃။ လီနင်ရေး «အနုပဋိလောမပြဿနာ» မှ

၄။ ဟန်မင်းဆက်တွင် ကွန်ဖြူးရှပ်ပညာဂိုဏ်းကို ကိုယ်စားပြုသည့် နာမည်ကျော်ကြားသူတုန်ကျုံးရှူး(ခရစ်သက္ကရာဇ်မတိုင်မီ ၁၇၉ — ခရစ်သက္ကရာဇ်မတိုင်မီ ၁၀၄ ခုနှစ်) က "တရားတော်သည်ကောင်းကင်မှဖြာထွက်လာသည်၊ ကောင်းကင်ဘုံမပြောင်းသ၍ တရားတော်လည်းမပြောင်းလဲ" ဟုဟန်ဥတီဘုရင်အားပြောခဲ့ဘူးသည်၊ ဤတွင် "တရားတော်" ဆိုသည်မှာ တရုပ်ရှေးဟောင်းအဘိဓမ္မာဆရာတို့၏ အစဉ်သုံးစကားဖြစ်၏။ ၎င်း၏ အဓိပ္ပါယ်မှာ "လမ်းကြောင်း" သို့မဟုတ် "ဓမ္မတာတရား" ဖြစ်သည်၊ "ဥပဒေသ" သို့မဟုတ် "ဖြစ်ရိုးဖြစ်စဉ်တရား" ဟုအဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။

၅။ အိန်ဂယ်ရေး «ဒုရင်းဆန့်ကျင်ရေး» ပထမတွဲကဏ္ဍ ၁၂ «အနုပဋိလောမ။ အရေအတွက်နှင့် အရည်အချင်း» ကိုရှုပါ။

၆။ လီနင်ရေး «အနုပဋိလောမပြဿနာ» ကိုရှုပါ။

၇။ အိန်ဂယ်ရေး «ဒုရင်းဆန့်ကျင်ရေး» ပထမတွဲကဏ္ဍ ၁၂ «အနုပဋိလောမ။ အရေအတွက်နှင့် အရည်အချင်း» မှ

၈။ လီနင်ရေး «အနုပဋိလောမပြဿနာ» မှ

၉။ လီနင်ရေး «အနုပဋိလောမပြဿနာ» မှ

၁၀။ «လီနင်ကျမ်းပေါင်းချုပ်» အတွဲ ၂၅ «ကွန်မြူနစ်ဝါဒ» ဆောင်းပါးကိုရှုပါ။ «တရုပ်ပြည်တော်လှန်ရေးစစ်၏ သေနင်္ဂဗျူဟာပြဿနာများ» ဆောင်းပါးမှရှင်းချက် (၁၀)ကိုကိုးကားရှုကြည့်ပါ။

၁၁။ «စွင်းစီ» အတွဲ၃ «တိုက်ခိုက်ရန်ကြံဖန်ရေး» စာစောင်ကိုကြည့်ပါ။

၁၂။ ခေ့ကျိန်းသည် (သက္ကရာဇ် ၅၈၀ – ၆၄၃) ထန်မင်းဆက်အစပိုင်းကာလ ကန့်ငင်ရေးသမားနှင့် သမိုင်းဆရာဖြစ်သည်။ ဤအပိုဒ်ကို «စီးကျိုလုန်း ကျင့်» အတွဲ ၁၉၂ မှထုတ်နုတ်ထားခြင်းဖြစ်သည်။

၁၃။ «ရွှေဟူကျွမ်း» သည် မြောက်ဖက်စုန့်မင်းဆက်ကုန်ခါနီးတွင် တကြိမ်ဖြစ်ခဲ့သော လယ်သမားစစ်ပွဲအကြောင်းကို သရုပ်ဖေါ်ရေးသားထားသည့် ဝတ္ထုဖြစ်သည်။ စုန့်ကျန်းဆိုသူမှာ ထိုဝတ္ထုအတွင်းမှအဓိကဇာတ်ကောင်ဖြစ်သည်။ ကျုကျားကျွမ်းရွာသည် လယ်သမားစစ်ပွဲအခြေခံဒေသဖြစ်သည့် လျန့်ရှန်းပို၏အနီးတွင် ရှိ၏၊ ထိုရွာကိုအုပ်ချုပ်သူမှာမြေရှင်လူဆိုးကြီးကျုချောင်ဖုန့်ဖြစ်သည်။

၁၄။ လီနင်ရေး «အလုပ်သမားသမဂ္ဂ၊ လက်ရှိအခြေအနေနှင့် ထရော်ဇကီ - ဘူခါရင်တို့အမှားကိုထပ်မံရေးသားခြင်း» မှ

၁၅။ လီနင်ရေး «ဘာလုပ်ကြမလဲ» ပထမအခန်းကဏ္ဍ ၄ ကိုကြည့်ပါ။

၁၆။ လီနင်ရေး «ဟီးဂယ်၏ <လောဂျစ်ပညာ> စာအုပ်မှကောက်နုတ်ချက်»မှ

၁၇။ «ရှန်းဟိုင်ကျင်း» စာအုပ်ကို တရုပ်ပြည်ကျန့်ကိုခေတ် (ခရစ်သက္ကရာဇ်မတိုင်မီ ၄၀၃ – ခရစ်သက္ကရာဇ်မတိုင်မီ ၂၂၁ ခုနှစ်) တွင် ရေးသား၏။ ၎င်းအထဲ၌ဇော်ကျိုသွားဖုအကြောင်းကို ရေးသားထားလေသည်။ ၎င်းဖုသည်နေမင်းဆီအရောက်ပြေးသော်လည်း နေကို မမှီဘဲ၊ ရေငတ်လွန်း၍သေသွားသည်။ ၎င်း၏တောင်ဝေးမှာမူ သစ်တောဖြစ်သွားသည်ဟုအဆိုရှိလေသည်။

၁၈။ ယိဆိုသူမှာ တရုပ်ရှေးဟောင်းပုံပြင်မှ သူရဲကောင်းတဦးဖြစ်သည်။ သူသည် လေးအတတ်မှာ တဖက်ကမ်းခတ်တတ်မြောက်၍ အလွန် ကျော်ကြားသည်။ ခရစ်သက္ကရာဇ်မတိုင်မီ ၂၇၁ ခုနှစ်ကာလတွင် ပြုစုခဲ့သော «ဝှိုင်နန်စီ» စာအုပ်ထဲမှပုံပြင်တခုမှာ၊ ယောင်ခေတ်၌နေ ၁၀စင်းထွက်ခဲ့သည်ဟုဆို၏၊ သစ်ပင်မြက်ပင်များအပူဒဏ်မှ ကင်းလွတ်ရန်အတွက်၊ ယောင်ဘုရင်က နေ ၁၀ စင်းကို လေးနှင့်ပစ်ချရန် သူ့အားအမိန့်ပေးခဲ့သည်ဟုအဆိုရှိ၏။ ၂၇၁ ခုနှစ်ဝမ်ယိရေးသားသည့် ဤပုံပြင်နှင့်ပတ်သက်သောဆောင်းပါး၌ ယိကနေ ၉ စင်းကိုပစ်ချခဲ့သည်ဟုဆို၏။



၁၉။ «အနောက်အရပ်သို့ခရီးသွားမှတ်တမ်း» စာအုပ်သည် ၁၆ ရာစုနှစ်အတွင်းတရုပ်ဇာတ်ရီပုံဝတ္ထုတစ်ခုဖြစ်သည်။ ဆွန်းဝူခုန်းသည် «အနောက်အရပ်သို့ခရီးသွားမှတ်တမ်း» တွင်ဇာတ်ဆောင်ဖြစ်သည်။ သူသည်တန်ခိုးကြီးသည့်မျောက်ဖြစ်၍ကိုယ်ယောင် ၇၂ မျိုးပြောင်းလဲဖန်ဆင်းနိုင်သည့်အတတ်ပညာရှိသည်။ သူသည်သားငှက်၊ တိရစ္ဆာန်၊ ပိုးမွှား၊ ငါး၊ သစ်မြက်၊ ဝတ္ထုပစ္စည်းသို့မဟုတ်လူ စသည်တို့ကို သဘောရှိပြောင်းလဲဖန်ဆင်းနိုင်သည်။

၂၀။ «လျောင်ကျိုင်းကျိုယိ» ဆိုသည်မှာ ၁၇ ရာစုနှစ် ချင်းမင်းဆက်ပူဆုန်လင်ဆိုသူကစုဆောင်းရေးသားထားသည့် ကျေးလက်ပုံပြင်ပေါင်းချုပ်တအုပ်ဖြစ်သည်။ အားလုံးပေါင်းပုံပြင်တို့ ၄၃၁ ခုရှိရာ၊ အများမှာစုန်းကဝေ၊ တစ္ဆေ၊ နတ်အကြောင်းများဖြစ်သည်။

၂၁။ မာ့က်စ်ရေး «နိုင်ငံရေးဘောဂဗေဒဝေဖန်ချက်နိဒါန်း» စာအုပ်မှ

၂၂။ လီနင်ရေး «အနုပဋိလောမပြဿနာ» မှ

၂၃။ ယင်းစကားပိုဒ်ကို ပန်းကူ (ခရစ်သက္ကရာဇ် ၁ ရာစုနှစ်က တရုပ်နာမည်ကျော်သမိုင်းဆရာ) ရေးသော «ချင်ဟန့်ရှူးကျမ်း» အတွဲ၁၀ «ယိဝင်ကျီ» ဆောင်းပါးတွင် စတင်တွေ့ရှိခဲ့သည်။ ထို့နောက် ၎င်းကို အများကသုံးစွဲလာကြလေသည်။

၂၄။ လီနင်ရေး «အနုပဋိလောမပြဿနာ» ကိုကြည့်ပါ။

၂၅။ ဘူခါရင်၏«စပ်ကူးမတ်ကူးကာလဘောဂဗေဒ»နှင့်ပတ်သက်သည့်လီနင်၏ဝေဖန်ချက်ကိုကြည့်ပါ။

毛 泽 东 选 集
第 一 卷
（下）

*

外文出版社出版（北京）
1967年第一版
编号：（缅）1050—625

1—B—666P

# မြန်မာ့ စစ်ပညာ

ဝီကီပီးဒီးယား မှ

[အညွှန်းသို့ ခုန်ကူးရန်](#) [ရှာဖွေရန် ခုန်ကူးမည်](#)

**မာတိကာ**


- ၁မြန်မာ့ စစ်ပညာ
- ၂စစ်တိုက်နည်း ခိုက်နည်း
    - ၂.၁စစ်အင်္ဂါ(၇)ပါး
    - ၂.၂စစ်ချီခြင်း(၄)ပါး
    - ၂.၃စစ်ကပ်ခြင်း(၂)ပါး
    - ၂.၄စစ်ထိုးခြင်း(၆)ပါး
    - ၂.၅စစ်ခံခြင်း(၆)ပါး
    - ၂.၆စစ်ဖျက်ခြင်း(၆)ပါး
    - ၂.၇စစ်ပြန်ခြင်း(၃)ပါး
- ၃ကိုးကား


## မြန်မာ့ စစ်ပညာ[ပြင်ဆင်ရန်]

သေနင်္ဂဗျူဟာ စစ်ပညာသည် တိုင်းပြည်အသီးသီး၊ လူမျိုးအသီးသီးတွင် ရှေးကတည်းက ရှိခဲ့သည်။ ယခုလည်းရှိနေဦးမည်။ နောင်လည်း ရှိရမည်ပင် ဖြစ်သည်။ စစ်ပညာများမှာ အချိန်ကာလ ခေတ်အားလျော်စွာ တစ်မျိုးတစ်ဖုံ ထူးခြား တိုးတက် လာသော်လည်း အခြေအနေ အချိန်အခါအရ ရှေးပညာရပ်များကို လက်လွှတ်၍ မရပေ။ ထို့ကြောင့် ရှေးမြန်မာ့ စစ်ပညာကို တိမ်မြုပ်မသွားအောင် ထိန်းသိမ်းထားသင့်ပေသည်။ လက်ဝဲသုန္ဒရ အမတ်ကြီးက မြန်မာ့ စစ်ပညာကို ပျောက်ပျက်မသွားစေရန် ရည်ရွယ်၍ သေနင်္ဂဗျူဟာပျို့ ဗျူဟာစက္ကပျို့နှင့် နန္ဒိသေနပျို့များကို ရေးသား စပ်ဆိုခဲ့သည်။

စစ်ပညာသည် စစ်ကိုအောင်နိုင်စွာ တိုက်ခိုက်နိုင်ရန် လိုက်နာကျင့်သုံးရသော စစ်တိုက်နည်းများနှင့် စစ်သဘောတရားများ ဖြစ်သည်။ ယခုခေတ်တွင် စစ်ပညာကို လေ့လာဆည်းပူးရာ၌-

1. စစ်ဦးဆောင်ညွှန်ကြားရေး
2. စစ်ဆင်ယင်ရေး(စစ်ပရိယာယ်)
3. တိုက်ပွဲခင်းကျင်းရေး(သေနင်္ဂဗျူဟာ)

4. စစ်ဖွဲ့စည်း အုပ်ချုပ်ရေး ဟူ၍ ပိုင်းခြားကာ လေ့လာဆည်းပူးရသည်။

## စစ်တိုက်နည်း ခိုက်နည်း[ပြင်ဆင်ရန်]

မြန်မာ့ စစ်ပညာတွင် စစ်တိုက်ခိုက်နည်းမှာ အခြေခံအပိုင်းဖြစ်သည့် **စစ်အစီအရင် (၇)ပါး** ဖြစ်သည်။ ထိုစစ်အစီအရင် (၇)ပါးမှ တဆင့် ဖြာထွက်လာသော သရုပ်သကန်များဖြစ်သည်။

**စစ်အစီအရင် (၇)ပါး**

1. စစ်အင်္ဂါ(၇)ပါး (သေနင်္ဂ)
2. စစ်ချီခြင်း(၄)ပါး (သေနာဂတိ)
3. စစ်ကပ်ခြင်း(၂)ပါး (သေနုပဂ)
4. စစ်ထိုးခြင်း(၆)ပါး (သေနာယုဒ္ဓ)
5. စစ်ခံခြင်း(၆)ပါး (သေနာပဋိဂ္ဂဟ)
6. စစ်ဖျက်ခြင်း(၆)ပါး (သေနာဗေဒ)
7. စစ်ပြန်ခြင်း(၃)ပါး (သေနာနိဝတ္တန)

### စစ်အင်္ဂါ(၇)ပါး[ပြင်ဆင်ရန်]

**စစ်အစီအရင် (၇)ပါး** မှ စစ်အင်္ဂါ(၇)ပါးသည် စစ်စတင်တိုက်သည် ဆိုသည်နှင့် သုံးစွဲကိုင်တွယ်ရသည့် အချက်အလက်များ ဖြစ်သည်။

1. စစ်ဖျား စစ်လျှင်
2. စစ်၏ ရင်ဝ
3. စစ်၏ ပခုံး
4. စစ်၏ နံပါး
5. စစ်၏ ဝမ်း
6. စစ်၏ ကျောက်ကုန်း(ကျောကုန်း)
7. စစ်ခံတပ် တို့ဖြစ်သည်။

### စစ်ချီခြင်း(၄)ပါး[ပြင်ဆင်ရန်]

### စစ်ကပ်ခြင်း(၂)ပါး[ပြင်ဆင်ရန်]

1. လမင်းပုံ စစ်ကပ်ခြင်း

2. နေမင်းပုံ စစ်ကပ်ခြင်း

**စစ်ထိုးခြင်း(၆)ပါး**[ပြင်ဆင်ရန်]

**စစ်ခံခြင်း(၆)ပါး**[ပြင်ဆင်ရန်]

**စစ်ဖျက်ခြင်း(၆)ပါး**[ပြင်ဆင်ရန်]

**စစ်ပြန်ခြင်း(၃)ပါး**[ပြင်ဆင်ရန်]

[၁]

https://www.youtube.com/watch?v=nzSvbOrwIbw

https://www.youtube.com/watch?v=Mzh6SsulwIY

ဂဏန်းလက်မသဏ္ဍာန် စစ်ကစားခြင်း
Pincer Movement

ဂဏန်းလက်မသဏ္ဍာန် စစ်ကစားခြင်း
Pincer Movement ဆိုတဲ့ နည်းဗျူဟာကို ထပ်ဆင့်နဂါးပတ် တိုက်စစ် double envelopment လို့လဲ ခေါ်ဆိုကြပါတယ်။ ဒီနည်းဗျူဟာမှာ မိမိတပ်များသည် ရန်သူတပ် အခင်းအကျင်းရဲ့ ဘေးနံတွေဆီကို တပြိုင်နက်တည်း ရွေ့လျားတိုက်စစ်ဆင်တာ ဖြစ်ပါသည်။ ရန်သူ၏တပ်များ မိမိ၏ အလယ်ဗဟိုချက်ဆီ စစ်ဆင်လာသောအခါ တောင်ပံတပ်များကို ရန်သူ၏ စစ်နံများ flanks ဆီသို့ တပြိုင်ထည်း စေလွှတ် ပိတ်ဆို့ပြီး ချေမှုန်းနိုင်ရန် လုပ်ဆောင်ခြင်းပင် ဖြစ်သည်။

ပြည့်ဝသော ဂဏန်းလက်မသဏ္ဍာန် စစ်ကစားခြင်းတွင် ထိုးစစ်ဆင်လာသောတပ်များသည် ပြိုင်ဘက်တပ်မတော်မှ ရင်ဆိုင်အနေအထား တောင်ပံနှစ်ဘက်နှင့် တပ်နောက်ဆွယ်ပိုင်းမှ တိုက်ခိုက်လာမှုတို့ ကြုံတွေ့ကြရသည်။ ပြိုင်ဘက်တပ်မတော်၏ ဆန့်ထွက်လာသော လက်တံများ ချိတ်ဆက်မိသွားသောအခါ ထိုးစစ်ဆင်သူသည် ဝိုင်းပတ်ပိတ်တို့ခံရသော အနေအထားသို့ ရောက်ရှိသွားရပြီး လက်နက်ချလျှင်ချ သို့မဟုတ်လျှင် အပြီးတိုင် ချေမှုန်းခံရနိုင်သည်။ ရောမတပ်များနှင့် ကာသေ့ချ်များ၏ ကနေစစ်ပွဲကိုကြည့်ပါ။ သို့သော် ပိတ်မိနေသော တပ်များသည် ဖောက်ထွက်နိုင်ဖို့ အားထုတ်လာနိုင်ပြီး ပိတ်ဆို့ထားသော စက်ဝန်းပြင်ပမှ ၎င်းတို့၏တပ်များမှ ဝင်ဆောင့်ပေးပြီး လွတ်လမ်းကို ဖန်တီး ဖောက်ထွက်သွားနိုင်ပါသည်။ စတာလင်ဂရက်တိုက်ပွဲတွင် ပိတ်မိနေသော အမှတ် ၆ ဂျာမန်တပ်တော်ကို တပ်တော်စု ဒေါ်န် Army group Don က ကယ်တင်ရန် ကြိုးပမ်းခဲ့ပုံနှင့် ဆင်တူပါသည်။ သို့သော် ဂျာမန်တို့၏ ထိုစစ်ဆင်ရေး မအောင်မြင်ခဲ့ပါ။
ဂဏန်းလက်မသဏ္ဍာန် စစ်ကစားခြင်းကို ဘယ်လိုလုပ်ဆောင်မလဲ
ဟန်ဆောင်လှည့်စားခြင်း Feint ။ ။ လှည့်စားခြင်းဆိုသည်မှာ မိမိတို့တပ်တော်၏ အစိတ်အပိုင်းတခုသည် မိမိတို့အတွက် ကောင်းမွန်သည့် မြေအနေထားအထိ ဟန်ပြနောက်ဆုတ်ပေးပြီး ပြိုင်ဘက်တပ်တော်များကို ဆွဲခေါ်ယူရန်ဖြစ်သည်။ မိမိတို့၏ အလယ်ဗဟိုမှ အဓိကအစိတ်အပိုင်းသည် နောက်ဆုတ်ပေးပြီး ဘယ်ညာတောင်ပံနှင့် ဗဟိုချက်ကြားတွင် ကွက်လပ်ဖြစ်ပေါ်လာစေသည်။ ထိုကွက်လပ်ထည်းသို့ ရန်သူတပ်တော်များ အတင်းတိုးဝင်လာစေရန် ထောင်ချောက်ဆင်ထားပြီး မိမိတို့ဘယ်ညာတောင်ပံနှစ်ဘက်မှာ ရှေ့သို့ တိုးထွက်လာပြီး ရန်သူ၏ စစ်နံနှစ်ဖက်ကို ဝန်းရံပိတ်ဆို့ရမည် ဖြစ်သည်။ထိုနည်းဗျူဟာတွင် မိမိ၏ တောင်ပံများသည် မူလအနေအထားတွင် နေမြဲဖြစ်ပြီး ဗဟိုချက်ပိုင်းက တပ်များက နောက်သို့ ရွေ့လျားရန်ဖြစ်သည်။ ကနေတိုက်ပွဲတွင် ကာသေ့ချ်တို့၏ ဗျူဟာသည် ထိုကဲ့သို့ စစ်ဆင်ပါသည်။

ခုန်ကူးခြင်း Leaping။ ။ ဤနည်းဗျူဟာတွင် တပ်တော်အလုံး၏ အစိတ်အပိုင်းများ ရွှေ့လျားနေရာယူရန်ဖြစ်သည်။ ဘေးတောင်ပံစစ်ဆင်မှုအတွက်မူ တောင်ပံတပ်များသည် ရန်သူ၏ စစ်နံများဆီရောက်အောင် ရွှေ့လျားရန်ဖြစ်သည်။ ထိုနည်းစနစ်သည် ရန်သူကိုကျုံးသွင်းရန်ဖို့အတွက် ကောင်းမွန်သော နည်းဗျူဟာ မဟုတ်ပါချေ။ မိမိတို့ တောင်ပံတပ်များ ရွှေ့လျားသည်နှင့် ရန်သူက ရိပ်မိကာ မိမိတို့၏ ဂဏန်းလက်မနစ်ဖက်ကို ချိတ်ဆက်နိုင်ဖို့ အခွင့်အလမ်း နည်းပါးသွားပြီဖြစ်သည်။

ဂဏန်းလက်မသဏ္ဍာန် စစ်ကစားခြင်းကို ဘယ်လိုရှောင်ထွက်နိုင်မလဲ

နည်းဗျူဟာ ခွာစစ် Tactical Retreat ။ ။ မိမိတို့တပ်များ ပိတ်မိခြင်း မခံရခင် ခွာစစ်ဆင်ခြင်းသည် အကောင်းဆုံး နည်းဗျူဟာဖြစ်သည်။ မိမိက ခွာလျှင် ရန်သူက ဝိုင်းပတ်နိုင်မည် မဟုတ်တော့ပေ။

တနေရာထည်း စုစည်းတိုက်ခိုက်ခြင်း Focused Attack။ ။ ဂဏန်းလက်မကြားတွင် ညပ်မိနေပြီဆိုလျှင် တပ်များအလုံး စုစည်းပြီး တိုက်ခိုက်ရန်ဖြစ်သည်။ ဂဏန်းလက်မ၏ အဆက်ကို ရှိသမျှပစ်အားနှင့် စုစည်းပစ်ခတ်ပြီး ဖောက်ထွက်ရမည် ဖြစ်သည်။

လှည့်စားမှုကို မသိဟန်ဆောင်ခြင်း Ignore the Feint။ ။ ဆုတ်ခွာနေသော ရန်သူနောက်သို့ လိုက်စစ်ဆင်ရာတွင် ဂရုဓမ္မ ကြီးစွာထားပါ။ ဆုတ်ခွာခြင်းဟူသည် မိမိအား ကျုံးသွင်းရန် ဟန်ပြခွာစစ်ဆင်ခြင်းသာ ဖြစ်ပါလိမ့်မည်။

သတိပြုရမည့်အချက်မှာ ဂဏန်းလက်မသဏ္ဍာန် စစ်ကစားခြင်းကို အောင်မြင်စွာ ဆင်နွှဲနိုင်ဖို့ အခြားနည်းနာများလည်း ရှိပါသေးသည်။ ထိုတိုက်ပွဲပုံစံတွင် ပေါင်းစပ်ညှိနှိုင်းမှုနှင့် coordination ဆက်သွယ်ရေးစနစ် communication တို့က အသက်တမျှ အရေးကြီးပါသည်။

ဂဏန်းလက်မသဏ္ဍာန် စစ်ကစားခြင်း၏ အားသာချက်များ

=နည်းနာကျကျ မှန်ကန်စွာ အသုံးပြုခဲ့သော် ထိုးစစ်ဆင်လာသော ရန်သူကို တားဆီးနိုင်သည်။
=ရန်သူ၏ စစ်ကူ အင်အားဖြည့်မှုကို ပိတ်ဆို့နိုင်သည်။
=ရန်သူတပ်ကို ထောက်ချောက်ထည်း ဆွဲသွင်း ပိတ်ဆို့နိုင်မည်။
=ရန်သူ၏ အင်အားစုစည်းတိုက်တိုက်နိုင်မှု စွမ်းရည်ကို လျော့ကျစေသည်။ ဥပမာ ကနေတိုက်ပွဲတွင် ရောမတပ်များသည် ဂဏန်းလက်မကြားတွင် ခြေလက်လှုပ်ရှား၍ မရတော့သည်အထိ ညပ်သွားကြရသည်ဟု ဆိုကြသည်။

အားနည်းချက်များ။

=အုပ်ချုပ်ကွပ်ကဲမှု လျော့ယဲ သွားသည်။
=မိမိတောင်ပံတပ်များကို စက်ဝန်းပြင်ပမှ တန်ပြန်တိုက်စစ် ဆင်နွှဲခြင်း ခံရနိုင်သည်။
=ပေါင်းစပ်ညှိနှိုင်းမှု coordination မကောင်းပါက ရန်သူကို ပိတ်ဆို့နိုင်မှု မရှိနိုင်ပေ။
=ဗဟိုချက်အဓိကတပ်များ တောင်ပံတပ်များဟူ၍ အင်အားကို ဖြန့်ခွဲလိုက်ရ၍ ထုမရှိတော့ပဲ စုစည်းမှုအား လျော့ကျသွားသည်။
=မိမိတပ်အချင်းချင်း မှားယွင်းပစ်ခက် ထိခိုက်မှု ဖြစ်နိုင်ခြေ များသည်။ တပ်ဖွဲ့တခုချင်းဆီ၏ ပစ်ခတ်မှုနယ်နိမိတ် sector of fire ကို တိတိကျကျ သတ်မှတ် သိရှိထားရမည်။ သို့မဟုတ်ပါက ရန်သူ၏ ဝဲယာ ရှေ့နောက် စစ်မျက်နှာများကို ဖိလာသော မိမိတပ်များအချင်းချင်းသည် မျက်နှာချင်းဆိုင် အနေအထား ရောက်လာပြီဖြစ်ရာ တပ်အချင်းချင် မှားယွင်းပစ်ခတ်မိနိုင်ခြေ များလှပါသည်။


စစ်ဟူသည်ကား ကမ္ဘာဦးအစကတည်းက လူသားတို့၏ ဆက်ဆံရေးနယ်ပယ်တွင် ကြီးမားသောကဏ္ဍတရပ်အဖြစ် ရှိနေလာခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။သမုတိသစ္စာနယ်မြေ ဤလူကမ္ဘာလောကကြီးတွင် အမြဲတစေ မှန်ကန်သော တရားဟူသည် မရှိစကောင်းပါ။ အချိန်ကာလ (ကာလ)၊ မြေအနေအထား(ဒေသ)၊ သူ့အင်အား ကိုယ်အင်အား နိုင်ငံရေး ရေချိန် စသော( ပယောဂ) တို့ကို


ချင့်ချိန်တွက်ချက်ပြီး၍သာ မိမိတို့အသာရမည့် နည်းဗျူဟာ မဟာဗျူဟာတို့ကို ပြုလွယ်ပြောင်းလွယ် ကျင့်သုံးရန်သာ ဖြစ်ပါသည်။


#KyawThwin_Modernist

#MNJ

#စစ်မှတ်တမ်း






## နောက်ဆုတ်နေတဲ့ တပ်၊ နောက်ဆုတ်နေတဲ့ ခြေထောက်

"ကျနော့်အမြင်တော့ တပ်က နောက်ဆုတ်နေတာ၊ ရှေ့တိုးတာ မဟုတ်ဘူး။ တပ်မှူးကောင်းတို့မည်သည်ကား တပ်ကို ဆုတ်တဲ့အခါမှာ အစီအစဉ်တကျ ဆုတ်ရပါတယ်။ အခု ၂၀၁၈ ခုနှစ် အခြေခံဥပဒေကို နောက်ခံထားပြီး ဆုတ်တာဖြစ်တယ်။"

အဲသလို ပြောသွားသူကတော့ ၂၀၁၀ ရွေးကောက်ပွဲအတွက် နန့်နန့်တက်ဖြစ်နေတဲ့ ဦးသုဝေပဲဖြစ်ပါတယ်။

ဒီနေရာမှာ ရှင်းရှင်းသိထားဖို့က နအဖတပ်မှာ နောက်ဆုတ်တယ်ဆိုတာ မရှိပါဘူး။ ခွာစစ်ဆင်တယ်ဆိုတာပဲ ရှိပါတယ်။ နအဖတပ်ဟာ ဂျပန်ဖက်ဆစ်တပ်က မွေးထုတ်ထားတာဖြစ်လို့ ဂျပန်ဖက်ဆစ်တပ်လိုပဲ တပ်ဆုတ်တဲ့ ဘာသာရပ်ကို သူ့စစ်ဗျူဟာမှာ လက်မခံပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းဟာ ဗမာ့တပ်မတော်ကို စတင်တည်ထောင်တုန်းက ဂျပန်စစ်တပ်ရဲ့ တပ်,မဆုတ်ရေး အားနည်းချက်ကို သိမြင်ပြီး ဗမာ့တပ်မတော်ရဲ့ စစ်သဘောတရားမှာ တပ်ဆုတ်ရေးဗျူဟာနဲ့ သဘောတရားကို အသေအချာ ထည့်သွင်းဖို့ လမ်းညွှန်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဗမာ့တပ်မတော်ရဲ့ စစ်ပါရဂူဖြစ်လာတဲ့ ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗမာ့တပ်မတော်ရဲ့ သဘောတရားပါရဂူ လုပ်ခဲ့တဲ့ ဗိုလ်မှူးချုပ်မောင်မောင်တို့ကလည်း တပ်ဆုတ်ခွာခြင်းသဘောတရားနဲ့ လက်တွေ့ကို စစ်မဟာဗျူဟာ နည်းဗျူဟာတွေထဲ စနစ်တကျ ထည့်သွင်းချမှတ်ခဲ့ပါတယ်။

ဒါပေမယ့် ဒီမိုကရေစီအစိုးရကို ဖြတ်လမ်းနည်းနဲ့ အင်အားသုံးဖြုတ်ချခဲ့တဲ့ ဗိုလ်နေဝင်းရဲ့ စစ်အာဏာသိမ်းပွဲနောက်ပိုင်းမှာတော့ ဗမာ့တပ်မတော်ဟာ ဖက်ဆစ်တပ်မတော် မူလဇာတိရုပ်ကို ပြန်လည်ရုပ်လုံးဖော်လာခဲ့ပါတယ်။ အခြေခံစစ်ပညာလေ့ကျင့်ရေး တပ်ကအစ ဗိုလ်သင်တန်းကျောင်း၊ စစ်တက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်အလယ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အဆုံး တပ်မတော်စစ်မဟာဗျူဟာ စစ်နည်းဗျူဟာ သင်ကြားပို့ချမှုအားလုံးဟာ မဆုတ်ရေးကိုဘဲ ဦးစားပေးလာပြီး တပ်ဆုတ်ရေးကို လုံးဝလျစ်လျူရှုခဲ့ပါတော့တယ်။ တပ်ဆုတ်ရေးအစား ခွာစစ်ဆင်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ပဲ အကန့်အသတ် ကြီးကြီးမားမားနဲ့ သွတ်သွင်းလာပါတော့တယ်။ အင်္ဂလိပ်လို military retreat လို့ သုံးနှုန်းပေမယ့် မြန်မာလိုတော့ စကားလုံးအဓိပ္ပာယ်အရကို ယာယီခွာထားတဲ့သဘော၊ ပြန်ထိုးမယ့်သဘောဖြစ်ပါတယ်။

နအဖစစ်တပ် သတ်မှတ်ထားတဲ့ ခွာစစ်ဆင်ဖို့ အကြောင်းတရားတွေကတော့ (က) ရန်သူအား နှောင့်ယှက်ရန်၊ အင်အားယုတ်လျော့စေရန်၊ (ခ) ရန်သူအား ကျုံးသွင်း၍ ဖျက်ဆီးရန်၊ (ဂ) အဆုံးအဖြတ်တိုက်ပွဲများအတွက် ပြင်ဆင်ချိန် ပိုရရန်၊ (ဃ) မိမိတပ်များ တပ်ဖြန့်ပုံနှင့် တညီတစည်းတည်းဖြစ်ရန်၊ (င) မိမိတပ်အစိတ်အပိုင်းကို အခြားတဒေသတွင် သုံးနိုင်ရန်၊ (စ) ရန်သူ့ထိုးစစ်ကို ရင်ဆိုင်နိုင်စွမ်းမရှိလို့ မိမိအင်အား လုံးဝချေမှုန်းခံရမယ့် အခြေအနေမျိုး မိမိအကျိုးယုတ်စေမယ့် အခြေအနေမျိုးကို ရှောင်ရှားရန်တို့ဖြစ်ပါတယ်။ ဒီကနေ့ နအဖလုပ်နေတာဟာ အဲဒီအချက် (၆) ချက်နဲ့တောင် အကျုံးမဝင်သေးပါဘူး။ တကယ်လို့ အကျုံးဝင်မယ်ဆိုရင်လည်း ဘယ်လိုမှ နောက်ဆုတ်တာမဟုတ်ဘဲ ကိုက်မယ့်ခွေး နောက်တလှမ်းဆုတ်တာလောက် ဆိုတဲ့သဘောပဲဖြစ်ပါလိမ့်မယ်။

လက်တွေ့ရှေ့တန်းစစ်မြေပြင်မှာဆိုရင် နအဖစစ်တပ်ဟာ မဆုတ်တမ်း ခံစစ်စခန်း ဆိုတာတွေ တည်ဆောက်ထားပါတယ်။ ခ-အဆင့် မဆုတ်တမ်းခံစစ်စခန်းဆိုတာ တိုင်းစစ်ဌာနချုပ်အမိန့်မရဘဲ ဆုတ်ခွင့်မရှိတဲ့ စခန်းဖြစ်ပြီး က-အဆင့် မဆုတ်တမ်း ခံစစ်စခန်းဆိုရင်တော့ ကာကြည်းအမိန့်မရဘဲ ဆုတ်ခွင့်မရှိတဲ့ စခန်းဖြစ်ပါတယ်။ ကာကြည်းဟာ ဘယ်တော့မှ ဆုတ်မိန့်ပေးတဲ့ ထုံးစံမရှိလို့ တကယ်တော့ လုံးဝမဆုတ်ဘဲ အသေခံရတဲ့ စခန်းတွေသာဖြစ်ပါတယ်။ ဒီလိုစခန်းမျိုးတွေက ဆုတ်ရင် သေချာပေါက် စစ်ခုံရုံးနဲ့ တွေ့တော့မှာဖြစ်ပါတယ်။

ဗမာစစ်တပ်မှာ လူကို အလေးထားတာ မဟုတ်တဲ့အတွက် လူမသေဘဲ လက်နက်ဆုံးရင် စစ်ခုံရုံးရောက်တာချည်း ဖြစ်ပါတယ်။ လေတပ်မှာဆိုရင် ပျံနေရင်း လေယာဉ်ပျက်လို့ လေယာဉ်မှူး လေထီးနဲ့ ခုန်ဆင်းရင် စစ်ခုံရုံးနဲ့ တွေ့ပါတယ်။ နာဂစ်မုန်တိုင်းတုန်းက ရေတပ်အရာရှိတွေ၊ စစ်သည်တွေဟာ အခြေအနေကို သေချာသိလျက်နဲ့ စစ်ခုံရုံးကို ကြောက်လို့ စစ်သင်္ဘောအစုတ်ကလေးတွေ ပေါ်မှာပဲ တွယ်ကပ်နေကြရတဲ့အတွက် ရေတပ်ရဲ့သင်္ဘော ရာနဲ့ချီပြီး အသက်ဆုံးခဲ့ကြပါတယ်။ ဒါဟာ နအဖစစ်တပ်ရဲ့ မဆုတ်ရေးသဘောတရားအပေါ် အခြေခံတာဖြစ်ပါတယ်။

ဒီလိုလက်နက်ကလေးတလက်၊ စခန်းလေးတခု၊ လှေကလေးတစီးကိုတောင် ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် စွန့်လွှတ်ဖို့ စိတ်မကူးတဲ့ နအဖဟာ တနစ်ကို အနည်းဆုံးဒေါ်လာ သန်း (၂,၀၀၀) လောက်ဝင်နေတဲ့ သဘာဝဓာတ်ငွေ့တွေ၊ ဒေါ်လာသန်းချီရတဲ့ ကျောက်စိမ်း၊ ကျောက်နီ၊ ကြေးနီ၊ ကျွန်း၊ ပိတောက်၊ ငါးပုစွန်၊ ရွှေနဲ့တကွ တပြည်လုံးက လူထုတွေ လုပ်ငန်းရှင်တွေဆီက ဆက်ကြေးတွေကို စွန့်လွှတ် ဆုတ်ခွာပြီး သဟိတ်ဂ်မြို့ သို့မဟုတ် ဘရပ်ဆဲမြို့က စစ်ရာဇဝတ်မှုအထူးခုံရုံး သို့မဟုတ် လူသားမျိုးနွယ် ဆန့်ကျင်ရေးရာဇဝတ်မှု အထူးခုံရုံးဆီ ချီတက်ဖို့ ဘယ်တော့မှ မလုပ်ပါဘူး။

အခုဆိုရင် ဗိုလ်ချုပ်ကြီးများ အဓိကရှယ်ယာပါတဲ့ စီးပွားရေးကုမ္ပဏီတွေ၊ ဦးပိုင်နာမည်ခံထားတဲ့ မြန်မာ့စီးပွားရေး ဗိုလ်ပိုင်လီမိတက်နဲ့ တခြားစစ်တပ်ကုမ္ပဏီက ဗမာပြည်စီးပွားရေး အဆောက်အအုံကြီးကို စိတ်ပိုင်းခွဲခြမ်းပြီး အိတ်တွေထဲ ထည့်နေကြတာ တွေ့ရသလို အနစ် (၂၀) လုံးလုံး စီးပွားရေးထဲ နစ်နေတဲ့ တိုင်းရင်းသားအပစ်ရပ်တွေရဲ့ ခေါင်းပိုင်းတွေကို မညှာမတာ ကိုယ်ချင်းမစာ ကန်ထုတ်ပြီး ပင်လုံအခွင့်အရေး တခုမှမပေးဘဲ ရှိသမျှ လူ-လက်နက်-နယ်မြေ အားလုံး မောင်ပိုင်စီး အခွံခွာဖို့လုပ်နေတာ တွေ့ရပါတယ်။

ရွေးကောက်ပွဲဥပဒေ၊ ပါတီမှတ်ပုံတင်ဥပဒေတွေကို ကြည့်လိုက်တဲ့အခါ လက်ရှိထောင်ကျနေတဲ့ ပါတီဝင်တွေကို ဖယ်ထုတ်ဖို့တင်မက ထောင်ကျခဲ့ဖူးပြီး နအဖရဲ့ 'သက်ဆိုင်ရာ' က အမတ်အဖြစ် ပယ်ဖျက်ထားသူတွေပါ ရွေးကောက်ပွဲ မဝင်နိုင်အောင် လုပ်ထားတာတွေ့ရပါတယ်။ ၂၀၀၈ နာဂစ်အခြေခံဥပဒေဆိုတာ တမျိုးသားလုံး၊ တိုင်းရင်းသားပြည်သူ အားလုံးကို ကျွန်ပြုမယ့်ဥပဒေလို့ အများက သတ်မှတ်ထားပေမယ့် အခု ၂၀၁၀ ရွေးကောက်ပွဲဥပဒေတွေကတော့ နိုင်ငံရေးသမားတွေ နိုင်ငံရေးပါတီတွေကို အထူးသီးသန့်ရွေးပြီး ကျွန်ပြုဖို့ ထုတ်ပြန်ထားတဲ့ ဥပဒေတွေ ဖြစ်နေပါတယ်။

ဒါ့အပြင် ခွာစစ်မှာ လုပ်ရကိုင်ရမယ့် လုပ်ငန်းစဉ်တွေကို သတ်မှတ်ထားတာလည်း ရှိပါသေးတယ်။ အဲဒီထဲပါတာတွေကတော့ ရန်သူနဲ့ အဆက်ဖြတ်ခြင်း၊ အမြောက်ပစ်ကူပေးခြင်း၊ လှည့်စားခြင်း၊ နောက်ချန်တပ်ခွဲထုတ်ခြင်း၊ ဒေသန္တရ တန်ပြန်တိုက်ခိုက်မှုပြုခြင်း၊ ဟန့်စစ်ဆင်ခြင်း၊ ဖုံးကွယ်လျှို့ဝှက်ခြင်း၊ အတားအဆီးများချခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း (ဆက်သွယ်ရေးလမ်းများ၊ ပစ္စည်းကိရိယာများ၊ မြေလှန်စနစ်) တို့ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အစပိုင်းက အင်္ဂလိပ်စစ်တပ်တွေ မြေလှန်စနစ်ကျင့်သုံးပြီး ဗမာပြည်ကနေ 'အောင်မြင်စွာ' ဆုတ်ခွာသွားရာမှာ ဗမာပြည်တခုလုံး ဖွတ်ဖွတ်ကြေသွားခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ အခုလည်း အင်္ဂလိပ်ထက် အဆတထောင်မက ပိုဆိုးတဲ့ နအဖတွေ ဒီလိုဆုတ်ခွာမှာကို ပြောနေတာဆိုရင်တော့ ကျနော်တို့

မြန်မာပြည်သူတွေ ထိုင်း၊ မလေးရှား၊ ဘင်္ဂလား၊ တရုတ် ရရာနိုင်ငံကို ရတဲ့အပေါက်ကနေ အသားကုန်ပြေးဖို့၊ မပြေးနိုင်ရင်တော့ ကမ္ဘာမှာရှိသမျှ ဘုရားအားလုံးကို တ,နေဖို့ပဲရှိပါတော့တယ်။

ခံစစ်အကြောင်းတရား ခံစစ်လက္ခဏာတွေကတော့ (က) ထိုးစစ်ဆင်ဖို့ ပိုအခွင့်သာတဲ့ အခြေအနေများပေါ်ပေါက်ရန် (စစ်ကူ-အချိန်) စောင့်ခြင်း (ခ) တနေရာတွင် စစ်အင်အားမြှုံခြင်း၊ ရန်သူကို ထိန်းချုပ်/တားဆီးထားခြင်း၊ အမှည့်ခွေထားခြင်းဖြင့် အခြားတနေရာတွင် ရန်သူ့ထက်သာလွန်တဲ့ အင်အားများ စုရုံး၍ ပြတ်သားစွာ ထိုးစစ်ဆင်နိုင်ရန်၊ (ဂ) အချက်အချာနေရာတခုကို ရန်သူမသိမ်းနိုင်အောင် ကာကွယ်ရန်၊ (ဃ) စစ်နံကို ကာကွယ်ရန်တို့ဖြစ်ပါတယ်။

တိုက်စစ်အကြောင်းတရား တိုက်စစ်လက္ခဏာတွေကို ကြည့်တဲ့အခါ (က) ရန်သူ့အင်အားများကို ဖျက်ဆီးရန်၊ (ခ) ရန်သူ့နယ်များ သိမ်းပိုက်ရန်၊ (ဂ) ရန်သူက မိမိတပ်မှူးသဘောကို လိုက်နာစေရန်၊ (ဃ) ရန်သူကို ပထမအဆင့် ထိန်းချုပ်ထား၊ ဒုတိယအဆင့် စစ်ကစားထားပြီး တတိယအဆင့် ဖိဖိစီးစီး တိုက်ခိုက်ဖျက်ဆီးရန်၊ (င) ခံစစ်၊ ခွာစစ်၊ ချီစစ်များဖြင့် လိုအပ်သလို ကျွမ်းကျင်ပါးနပ်စွာ ပေါင်းစပ်ပြီး စစ်အောင်စေရန်လို့ တွေ့ရပါတယ်။ ဒါ့အပြင် ရန်သူနဲ့ လူထုကို ချောက်ချားတုန်လှုပ်စေတာ၊ ရန်သူ့ပစ္စည်းကိရိယာ အဆောက်အဦ လမ်းပန်းဆက်သွယ်ရေးတွေကို ဖျက်ဆီးလုယူတာ၊ ရန်သူ့လှုပ်ရှားမှု ကျုံ့သွားစေတာ၊ ရန်သူ့လှုပ်ရှားခွင် ကျဉ်းသွားစေတာ၊ ရန်သူ့အင်အား ပြန့်ကျဲသွားစေတာလည်း တိုက်စစ်ဖြစ်ပါတယ်။

ဒါတွေနဲ့ အခု ၂၀၁၀ ရွေးကောက်ပွဲအတွက် နအဖ လုပ်နေတာတွေကို ချိန်ထိုးကြည့်ရင် နအဖ အခုလုပ်နေတာ ခွာစစ်လား၊ ခံစစ်လား၊ တိုက်စစ်လား သိနိုင်ပါတယ်။ မဆလ-နဝတ-နအဖ စစ်အုပ်စုဟာ တပ်ဆုတ်ဖို့ မပြောနဲ့၊ ခွာစစ်ဆင်နေတဲ့ အရိပ်အယောင်တောင် နည်းနည်းလေးမှ မတွေ့ရပါဘူး။ ကမ္ဘာပေါ်က ဖက်ဆစ်စစ်တပ်တိုင်းမှာ တပ်ဆုတ်တယ်ဆိုတာမရှိဘဲ သေတာတောင် ချေးပန်းမရပ်ဘူးဆိုတဲ့ စရိုက်လက္ခဏာ တင်းပြည့်ကျပ်ပြည့် ရှိပါတယ်။

ဒါပေမယ့် တချိန်က ဦးနုရဲ့ ပီဒီပီ လက်နက်ကိုင်တော်လှန်ရေးသမားအဖြစ်ကနေ မဆလ မောင်နေဝင်းထံ လက်နက်ချခဲ့၊ ရှစ်လေးလုံးအရေးတော်ပုံရဲ့ ကြားဖြတ်အစိုးရဖွဲ့စည်းရေး တောင်းဆိုချက်ကို ပထမဆုံးစွန့်လွှတ်ပြီး ၉၀ ရွေးကောက်ပွဲအတွက် ဒီမိုကရေစီပါတီအဖြစ် အဦးဆုံး မှတ်ပုံတင်ခဲ့၊ နောက်တခါ ၂၀၀၈ နာဂစ်အခြေခံဥပဒေ အတည်ဖြစ်သွားတဲ့နောက်မှာ ရန်ကုန်နဲ့ ကနေဒါ စီးပွားရေးလောကမှာ နာမည်ပျက်လုတဲ့ မူးယစ်ရာဇာတဖြစ်လဲ ဖိုးတွမ်တီး ထောင်ပြေး မိုက်ကယ်ချူးဟွာကျော်မြင့် လက်ဝေခံအဖြစ် ယူဒီပီပါတီလုပ်ခဲ့၊ အခုနောက်ဆုံးမှာတော့ ၂၀၁၀ ရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီအဖြစ်ဝင်ဖို့ ရှုပိုးထိုးနေတဲ့ ဆရာကြီးကသာ ရောင်စုံအလံတွေ လွှင့်ထားတဲ့ ၈၈ ပျက်၊ ၇၄ ပျက်၊ ၆၂ ပျက်၊ မဆလ ပျက်၊ အလံနီပျက်၊ ဗကပပျက်၊ ပြည်ပြေးပျက်၊ အန်အယ်လ်ဒီ ပျက် စတဲ့ တွင်းတူကျင်းဆို့ တသိုက်နဲ့အတူ ဖရိုဖရဲ ပရမ်းပတာနဲ့ တပ်ဆုတ်ပြီးရင်း ဆုတ်လိုက်တာ နောက်ဆုံး ဝက်တို့ပျော်စံရာ တွင်းသာယာထဲအထိ ရောက်သွားတာတွေ့ရပါကြောင်း ...။ ။

ဂါမဏိ
၇/ မေ ၂၀၁၀

သူတို့shareထားတဲ့ postတိုင်းက အမုန်အကန်ပါလို့ ထောက်ခံကြောင်း တံဆိပ်တုန်းတွေနဲ့ဆိုတော့လေ)ကိုယ်လည်းအာဏာရှင်ကို ကမ္ဘာမြေပေါ်ကမောင်းထုတ်စေချင်တာ။

သွေးလာခဲ့နေတယ်တဲ့လေ သွေးခဲ့တယ်ပြောရအောင် အိမ်မှာနေပြီး Keyboard fighter လုပ်နေနဲ့သူမဟုတ်ဘူး
ဆန္ဒပြပွဲမှာနေ့တိုင်းနီးပါးပါဝင်နေသူတစ်ယောက်ကိုယ်နဲ့သိတဲ့မိတ်ဆွေသည်သိတယ်။
ကိုယ်ကနိုင်ငံရေးကိုသိလှတတ်လှပါပြီလို့လုပ်တာတော့မဟုတ်ဘူး
ကိုယ်သိကြားရတဲ့သတင်းစကားကို
တခြားသူလည်းပျော်ရွှင်စေချင်တဲ့သဘောပါ။အကားနေရင်းဂျင်းထည့်ရအောင်
ကိုကဘာပြန်ရသွားမှာမို့လည်း ကိုယ်တိုင်ထွင်ပြီးလုပ်ကြံပြောရအောင်လည်း
ကိုယ်ကအဲ့လောက်တတ်မနေဘူး။

memtအများစုက Fake acc တွေနဲ့ အမေစု Profileနဲ့လူနည်းစုလည်းပါတယ် အကုန်လုံး Blockစာကျွေးလိုက်တယ်တော်တော်ဆိုးဆိုးဖြစ်နေတဲ့acc ဆို report ပါထုပေးလိုက်တယ် သူထု ကိုယ်ထုပဲဟုတ်တယ်လေ ကိုယ်က attention
ယူတယ်ပြောရအောင်နိုင်ငံရေးသမားလည်းမဟုတ်၊အနုပညာသမားလည်းမဟုတ်၊cele acc လည်းမဟုတ်၊စာရေးဆရာလည်းမဟုတ်။

ခုဖြစ်နေတာ အနီ၊အစိမ်း၊အပြာ ကိစ္စမဟုတ်ဘူး
တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ကိစ္စအားလုံးရဲ့ဦးတည်ချက်က
စစ်အာဏာရှင်ပြုတ်ကျရေးပဲ။ဘာလို့သွေးကွဲနေမှာလဲ အမြင်မတူဘူးဆိုရင်လည်းကျော်သွားလိုက် လို့ရတာပဲလေ..

ခေတ်ကြိုက်မီဒီယာ

# စစ်ရေး

ဝီကီပီးဒီးယား မှ

[အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်]

**မာတိကာ**

- ၁စစ်ရေးအင်အား
  - ၁.၁စစ်သားအရေအတွက်
    - ၁.၁.၁နိုင်ငံ စစ်သားအရေအတွက်
  - ၁.၂လက်နက်အရေအတွက်နှင့် အဖျက်စွမ်းရည်
    - ၁.၂.၁နျူကလီးယားလက်နက်၏ အရေးပါမှု
  - ၁.၃စစ်ရေးအသုံးစရိတ်
    - ၁.၃.၁စစ်ရေးစွမ်းရည်
  - ၁.၄စစ်ခေါင်းဆောင်မှု
  - ၁.၅ကိုးကား

# စစ်ရေးအင်အား[ပြင်ဆင်ရန်]

နိုင်ငံ့အင်အားကို စစ်ရေးအင်အားတောင့်တင်းခြင်း၊ အားပျော့ခြင်းဖြင့် တိုင်းတာသည်။ ကမ္ဘာ့နိုင်ငံရေးတွင် ဩဇာလွှမ်းမိုးနိုင်ခြင်းသည် စစ်ရေးအင်အားအပေါ် များစွာ မှီတည်နေသည်။ စစ်အင်အားသည် ဩဇာလွှမ်းမိုး ခြင်းတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုသည်။ နိုင်ငံ့ပါဝါကို အကြမ်းဖျင်းအားဖြင့် အမျိုးအစား (၄) မျိုး ခွဲနိုင်သည်။ • Superpower • Great Power • Middle-ranking Power • Small Power ဟူ၍ နိုင်ငံ့ပါဝါကို အမျိုးအစား (၄) မျိုးခွဲသည်။

ဤနေရာတွင် နိုင်ငံတစ်ခု၏ စစ်ရေးအင်အားသည် မိမိနိုင်ငံအတွင်း သာမက နယ်နိမိတ်မျဉ်းကိုပါ ကျော်လွန်၍ ဩဇာသက်ရောက်နိုင်သည်။ စစ်အေးကာလအတွင်း စူပါ ပါဝါ နှစ်နိုင်ငံသာ ရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု တို့ ဖြစ်သည်။ စူပါ ပါဝါဖြစ်ခြင်းသည် နျူကလီးယားပါဝါ ပိုင်ဆိုင်ခြင်းသည် အနိုင် အရှုံးကို ဆုံးဖြတ်ပေးမည့် ဝှက် ဖဲဖြစ်သည်။

စစ်ရေးအင်အားကို မောင်းနှင်သည့် ဖက်တာများ များစွာရှိသည်။ စစ်အင်အားကြီးမားခြင်းကို ဖြစ်စေသည့် အချက်များမှာ - (က) စစ်သားအင်အားအရေအတွက် (သို့) လက်နက်ကိုင်အင်အားစု အရွယ်အစား (ခ) စစ်ရေးစွမ်းရည် (ဂ) လက်နက်အင်အား အရေအတွက် (ဃ) စစ်ရေးအသုံးစရိတ် (င) စစ်ရေးစွမ်းရည်မြင့်သင်တန်း (စစ်ရေးလေ့ကျင့်မှု) (စ) စစ်ရေးစိတ်ဓာတ်/ တိုက်ရည်ခိုက်ရည် မြင့်မာခြင်း (ဆ) ဖွဲ့စည်းပုံ (စစ်တပ်ဖွဲ့စည်းပုံ) ( ဇ) စစ်ရေးခေါင်းဆောင်မှု စသည်ဖြင့် အချက်များစွာရှိသည်။

ဤအချက်မှာ စစ်ရေးစွမ်းရည်ထက်မြက်ခြင်းသည် အရေအတွက်တစ်ခုတည်းအားဖြင့် မသက်ဆိုင်ချေ။ အကြောင်းမှာ အရေအတွက်ဟူသည် လူသားတံတိုင်းကို အားပြု၍ တည်ဆောက်ထားသော ကာကွယ်ရေး မဟာဗျူဟာဖြစ်သောကြောင့်ဖြစ်သည်။ ခေတ်သစ်တွင်

စစ်သားအရေအတွက်ထက် စစ်သားတစ်ဦးချင်းစီ၏ အရည်အချင်းနှင့် စစ်ရေးစွမ်းရည်မြင့်မားခြင်းတို့သည် များစွာ အရေးပါ အရာရောက်သည်။ စစ်သည် တစ်ဦး သည် ရန်သူအရေအတွက်ကို မည်မျှအထိ ချေမှုန်းနိုင်သည် ဆိုသည့် ပေတံဖြင့် စစ်သားတစ်ဦး၏ စစ်ရေး စွမ်း ရည်ကို တိုင်းတာလေ့ရှိသည်။ ရန်သူကို များများ ချေမှုန်းနိုင်လေလေ၊ စစ်ရေးစွမ်းရည်မြင့်လေလေဟု ယေဘု ယျသတ်မှတ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စစ်ရေးအင်အား ရည်ချိန်ကို တိုင်းတာရာတွင် အောက်ပါ ညွှန်းကိန်းများဖြင့် တိုင်းတာသည်။ - စစ်သားအရေအတွက်၊ - စစ်သည်တို့၏ ကိုယ်ရည်ကိုယ်သွေး (သို့) စစ်ရေးစွမ်းရည် - လက်နက်အရေအတွက်နှင့် လက်နက်တို့၏ အစွမ်း - စစ်ရေးအသုံးစရိတ် စသည်တို့သည် စစ်အင်အားကို ဖော်ပြရာ ညွှန်းကိန်းများဖြစ်သည်။

## စစ်သားအရေအတွက်[ပြင်ဆင်ရန်]

စစ်အင်အားကြီးမားရန် စစ်သားအရေအတွက် များပြားခြင်းသည် ညွှန်းကိန်းတစ်ခုဖြစ်သည်။ ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုကြီး တစ်ခုလုံး၏ စစ်သားအရေအတွက်သည် စစ်အင်အားကို ကိန်းဂဏန်းဖြင့် ပြဆိုသည့် အချက် တစ်ခုဖြစ်နေသည်။ တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ကမ္ဘာတွင် စစ်သားအရေအတွက် အများဆုံးနိုင်ငံများတွင် ထိပ်ဆုံးက ပါဝင်နေသည်။

### နိုင်ငံ စစ်သားအရေအတွက်[ပြင်ဆင်ရန်]

တရုတ်နိုင်ငံ၏ စစ်သားအရေအတွက် (၃) သန်း နီးပါး - (၂.၉ သန်း) အမေရိကန်နိုင်ငံ၏ စစ်သားအရေအတွက် (၁) သန်း ခွဲ - (၁.၅၉ သန်း) ရုရှားနိုင်ငံ၏ စစ်သားအရေအတွက် (၁) သန်းကျော် - (၁.၂ သန်း)

စစ်သားအရေအတွက်သည် တပ်မတော်တစ်ခုအတွက် အပေါင်းလက္ခဏာဆောင်သည့် အချက်တစ်ခုဖြစ်သော် လည်း အရေအတွက်များတိုင်း စစ်ပွဲများ၏ အောင်ပွဲကို ရရှိစေသည်ဟူ၍ တရားသေမှတ်ရန် မသင့်ချေ။ အကြောင်းမှာ သမိုင်းအဖြစ်အပျက်များ၌ မှတ်တမ်းမှတ်ရာများက ပြသထားသော သာဓကများ ရှိနေခြင်း ကြောင့်လည်းဖြစ်သည်။ အလက်ဇန်းဒါးသက်ဂရိတ်၏ စစ်တပ်တွင် တပ်သားပေါင်း ၃ သောင်းခွဲသာ ရှိသည်။ ထိုမျှသာရှိသာ တပ်သား များဖြင့် အရှေ့အလယ်ပိုင်းတစ်ခွင်မှ အိန္ဒိယရှိ အိန္ဒုမြစ်ဝှမ်းလွင်ပြင်အထိ ဖြန့်ကျက်စိုးမိုးနိုင်ခဲ့သည်။ ထိုဒေသ တွင်းရှိ တပ်အင်အားများစွာရှိသည့် စစ်တပ်များကို ဖိန့်ဖိန့်တုန်အောင် အထိ စွမ်းနိုင်ခဲ့သည်။ ဤသာဓကကို ကြည့်ခြင်းအားဖြင့် စစ်သားအရေအတွက်သည် စစ်အင်အားတောင့်တင်းစေခြင်း၏ တကယ့်အကြောင်းအရင်း မှန်ဖြစ်သည်ဟူသည့် အယူအဆကို

ကိုင်လှုပ်နိုင်ခဲ့သည်။ ထိုအတူပင် ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိဖြစ်ပွားသော ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့သည် ဗီယက်နမ် တို့ကို စစ်ရေးအရ ရှုံးနိမ့်ခဲ့ရသည်။ ဗီယက်နမ်တွင် အမေရိကန်ကို ခုခံသော စစ်သည်အရေအတွက်သည် အမေရိကန်တပ်နှင့် ယှဉ်လျှင် အလွန်နည်းပါးသည်ကို တွေ့ရသည်။

## လက်နက်အရေအတွက်နှင့် အဖျက်စွမ်းရည်[ပြင်ဆင်ရန်]

လက်နက်အရေအတွက်သည် အရေးကြီးသည်။ လက်နက်အရေအတွက်ထက် လက်နက်များ၏ ဖျက်အား စွမ်းရည်သည် ပို၍ အရေးကြီးသည်။ စစ်ရေးစွမ်းရည်တွင် စစ်သားအရေအတွက်သည် အရေးကြီးသည်။ အဖျက် လက်နက်အမြောက်အမြားပိုင်ဆိုင်ခြင်းသည်လည်း အရေးကြီးသည်။ စစ်သားတို့၏ တိုက်ရည်ခိုက်ရည် ကျွမ်း ကျင်မှုနှင့် လက်နက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချတတ်မှုသည်လည်း အရေးကြီးသည်။ ထို့အပြင် စစ် သည်တို့ အသုံးပြုသည့် လက်နက်များ၏ အဖျက်စွမ်းရည်မြင့်မားမှုသည် စစ်ပွဲတစ်ခု၏ အနိုင်အရှုံးကို များစွာ အဆုံးအဖြတ်ပေးနိုင်လိမ့်မည်။ စစ်အင်အားတောင့်တင်းခြင်းသည် စစ်သားများအပေါ်တွင်သာ မူမတည်ချေ။ ထို့အတူ လက်နက်တစ်ခုအပေါ် တွင်လည်း အလုံးစုံ မှီမတည်နေချေ။ အကြောင်းအချက်များ အားလုံးသည်အရေးကြီးသော အကြောင်းတရား များဖြစ်သည်။

စစ်လက်နက်များတွင် သမာရိုးကျ လက်နက်များနှင့် ခေတ်မီလက်နက်များဟူ၍ အကြမ်းဖျင်း နှစ်မျိုးခွဲခြားနိုင် သည်။ သမာရိုးကျ စစ်ပစ္စည်းလက်နက်များတွင် သေနတ်၊ တင့်ကား၊ စစ်လေယာဉ်နှင့် ဖျက်သင်္ဘော တို့ ပါဝင်သည်။ သမာရိုးကျစစ်လက်နက်များကို မဟာဗျူဟာကျကျ ပြုပြင်၍ နည်းပညာများဖြင့် ပေါင်းစပ်လိုက် သောအခါ ခေတ်မီ ဖျက်အားပြင်း လက်နက်များဖြစ်လာသည်။ နျူကလီးယားလက်နက်သည် ခေတ်သစ် ဖျက် အားပြင်း လက်နက်အမျိုးအစားဖြစ်သည်။ သမာရိုးကျလက်နက်များကို မဟာဗျူဟာမြောက် ပြောင်းလဲ၍ အသုံးပြုပါက စစ်ပွဲ၏ ရလဒ်ကို ပြောင်းစေသည်။ အာဖဂန်နစ္စတန် ပြောက်ကျားများများကို အမေရိကန်က လက်နက်အင်အားထောက်ပံ့ပေး၍ ဆိုဗီယက်၏ လေ တပ်ကို ချေမှုန်းနိုင်ခြင်းသည် အကောင်းဆုံး သာဓကဖြစ်သည်။ ဆိုဗီယက်တို့၏ ယူဆချက်ဖြစ်သော စစ်ပွဲ အနိုင် အရှုံးသည် လက်နက်အရေအတွက် အပေါ် များစွာ မှီခိုနေသည် ဆိုသည့် အချက်ကို ကောင်းစွာ ထောက်ပြသော ဥပမာဖြစ်ခဲ့သည်။

### နျူကလီးယားလက်နက်၏ အရေးပါမှု[ပြင်ဆင်ရန်]

ခေတ်သစ်ကမ္ဘာတွင် နျူကလီးယားလက်နက်များကို မဟာဗျူဟာကျကျ စနစ်တကျ အသုံးပြုလာကြသည်။ စစ် ရေးအင်အားတောင့်တင်းခြင်းသည်ပင်

နျူကလီးယားလက်နက်များအပေါ် မှီခိုနေပေသည်။ နျူကလီးယား လက်နက် အမြောက်အမြား ပိုင်ဆိုင်လျှင် စစ်အင်အားတောင့်တင်းသည်။ နျူလက်နက်များ မရှိလျှင် စစ်အင်အား မရှိဟူ၍ပင် သတ်မှတ်လာကြသော အနေအထားအထိပင်ဖြစ်လာခဲ့သည်။ - နျူကလီးယား ထိပ်ဖူး - နျူကလီးယား လောင်ချာ - နျူကလီးယား၏ ပေါက်ကွဲအား (ပြင်းအား) အစရှိသည်တို့သည် နျူကလီးယားလက်နက်အင်အား၏ ပါဝါညွှန်းကိန်းများဖြစ်သည်။ - ဒုံးခွင်းဒုံးစနစ်များ - လေဆာဒုံးများ အထိ တီထွင်ဖန်တီးလာနိုင်သည်ကို တွေ့ရသည်။

နိုင်ငံတကာလက်နက်ကိုင် ပဋိပက္ခများတွင် ဖျက်အားပြင်းလက်နက်များ အသုံးပြုလာကြသည်။ အထူးသဖြင့် WMD (weapon of mass destruction) ဟုခေါ်သည့် လူအမြောက်အမြားသေကြေစေသည့်ဖျက်အားပြင်း လက်နက်များသည် ပေါ်ထွက်လာကြသည်။ (၁) နျူကလီးယား လက်နက် (၂) ဓာတုလက်နက် (၃) ဇီဝ လက်နက်များသည် ခေတ်သစ် WMD များဖြစ်သည်။

## စစ်ရေးအသုံးစရိတ်[ပြင်ဆင်ရန်]

စစ်တပ်အင်အားကြီးမားစေရေးအတွက် ငွေကြေးသည် အဓိကအရေးအကြီးဆုံးဖြစ်သည်။ ငွေမရှိလျှင် ဘာမျှ တည်ဆောက်၍ မရချေ။ စီးပွားရေးအင်အားတောင့်တင်းသည့်နိုင်ငံများ၌ စစ်ရေးအင်အားကိုဖြည့်တင်းရန် လုံ လောက်သော အရင်းအမြစ်များ ရရှိတတ်သည်။ စီးပွားရေးအင်အားကြီးမားခြင်းသည် စစ်ရေးအင်အားကြီးရန် အထောက်အပံ့ပေးသည်။ ထို့ကြောင့်နိုင်ငံများသည် မိမိတို့နိုင်ငံအင်အားတောင့်တင်းစေရန် နိုင်ငံ၏ ဥစ္စာဓန တောင့်တင်းအောင် ကြိုးစားကြသည်။ နိုင်ငံချမ်းသာလျှင် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စစ်ဘက်တွင် အခိုင်အမာတည်ဆောက်နိုင်သည်။

ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံကြီးများသည် စစ်အင်အားတောင့်တင်းစေရန် စစ်ရေးအသုံးစရိတ်ကို များစွာ အသုံးပြု တတ်သည်။ နိုင်ငံ၏ နယ်နိမိတ်ကြီးလျှင်လည်း မိမိနိုင်ငံ၏ နယ်နိမိတ်လုံခြုံရေး၊ ကာကွယ်ရေးအတွက် စစ်အင် အားကို များစွာ ထားရှိရသည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ကြီးမားကျယ်ပြန့်သည့် နယ်နိမိတ်မျဉ်းများကို ပိုင် ဆိုင်ထားခြင်းကြောင့် ထိုနယ်နိမိတ်များကို ထိပါး ကျူးကျော်မှု မခံရစေရန် စစ်တပ်အင်အားကို တိုးမြှင့်ထားရ သည်။ နိုင်ငံ၏ နယ်နိမိတ်သည် ရုရှားနှင့် တရုတ်တို့လောက် မကြီးမားသော နိုင်ငံများတွင်လည်း စစ်အင်အားကို ကြီးမားစွာတည်ဆောက်ထားသောနိုင်ငံများရှိသည်။ ဥပမာ မြောက်ကိုရီးယားနှင့် ကျူးဘားကဲ့သို့သော နိုင်ငံများ ဖြစ်သည်။ ပြည်ပ အန ္တရာယ်ကို ခြိမ်းခြောက်ခံရရန် အလားအလာများသော နိုင်ငံများသည်လည်း စစ်အင်အား ကို တိုးမြှင့်တည်ဆောက်ထားတတ်ကြသည်။ မြောက်ကိုရီးယားသည် ကွန်မြူနစ်ဝါဒလက်သီးဆုပ်ကို

ဖြည့်ရန် တင်းခံနေသောကြောင့်လည်းကောင်း၊ နိုင်ငံရပ်တည်ရေးအတွက် စစ်ဘက်အင်အားကို တောင့်တင်းစေမှသာ ရပ်တည်နိုင်မည်ဟု ယူဆထားသော စစ်ဘက်ခေါင်းဆောင်များ ဖြစ်နေခြင်းကြောင့်သော်လည်းကောင်း ဖြစ်တန် ရာအခြေအနေများ များစွာရှိသည်။

စစ်ရေးအသုံးစရိတ်သည် - စစ်ဘက်တည်ဆောက်ရေး၊ - စစ်ရေးအင်အားတိုးချဲ့ခြင်း၊ - စစ်သည်တို့ ရပ်တည်နိုင်ရေး နှင့် - စစ်အင်အားကြီးမားဖွံ့ဖြိုးရန် စသည့် လုပ်ငန်းတို့အတွက် အသုံးပြုရသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ကိုလိုနီနိုင်ငံများ လွတ်လပ်ရေးရလာသည်။ ထပ်မံ၍ နိုင်ငံသစ်များ ပေါ်ထွက်လာသည်။ နိုင်ငံတစ်ခုတွင် စစ်တပ်တစ်ခု အနည်းဆုံး ရှိရသည်။ ထို့ကြောင့် တပ်မတော်တစ်ခုကို တည်ဆောက်ရသည်။ တပ်မတော်တည်ဆောက်ရန် စစ်ရေးအသုံးစရိတ်ကို နိုင်ငံတော်က တပ်မတော်သို့ ပေး ရသည်။ ဤမှ စ၍ စစ်ရေးအသုံးစရိတ်သည့် နိုင်ငံတော်အတွက် အမြဲတမ်းရှိနေရသည့် မရှိမဖြစ် အသုံးစရိတ် ဖြစ်သည်။ တပ်မတော်အတွက် လက်နက်များကို ထုတ်လုပ်ရသည်။ လက်နက်များကို ဝယ်ယူရသည်။ စစ်ဘက်ယန္တရား များကို ဝယ်ယူရသည်။ ထုတ်လုပ်ရသည်။ နေ့စဉ် တပ်ရင်း၊ တပ်မများအတွက် အသုံးစရိတ်ရှိသည်။ စားစရိတ်၊ သွားလာသယ်ယူရေးစရိတ်၊ လေ့ကျင့်ရေးစရိတ် အစရှိသဖြင့် သုံးရသည်။
စစ်အင်အားတိုးချဲ့ခြင်းတွင် -

(က) စစ်သားအရေအတွက် တိုးမြှင့်ခြင်း (ခ) လက်နက်အရေအတွက် တိုးမြှင့်ခြင်း နှင့် ခေတ်မီလက်နက်များ တပ်ဆင်ခြင်း (ဂ) စစ်သားများ စစ်ရေးလေ့ကျင့်မှု (ဃ) ခဲယမ်းမီးကျောက်နှင့် လက်နက်များ အဆက်မပြတ် တိုးတက်နေစေရန် သုတေသနပြု၊ တီထွင် ဖန်တီးရေး လုပ်ငန်းများ (င) စစ်ရေး ပညာတော်သင်များ စေလွှတ်ခြင်း (စ) ထောက်လှမ်းရေး နည်းပညာများနှင့် ဖြစ်စဉ်များ တည်ဆောက်ခြင်း စသည့် တို့ ပါဝင်သည်။

၂၀၁၂ ခုနှစ်တွင် အမေရိကန်နှင့် တရုတ်တို့၏ စစ်ရေးအသုံးစာရိတ်များကို နှိုင်းယှဉ်ကြည့်နိုင်သည်။ အမေရိကန်ပြည်ထောင်စု ၆၈၉ ဘီလီယံ (အမေရိကန်ဒေါ်လာ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၂၉ ဘီလီယံ (အမေရိကန်ဒေါ်လာ) စစ်ရေးကာလ မတိုင်မှီနှင့် စစ်အေးကာလ အပြီး နိုင်ငံများ၏ စစ်ရေးအသုံးစရိတ်များကို နှိုင်းယှဉ်လေ့လာကြည့် လျှင် စစ်အေးကာလအတွင်း စစ်ရေးအသုံးစရိတ်များသည် အမြင့်မားဆုံးဖြစ်နေသည်ကို တွေ့ရသည်။

## စစ်ရေးစွမ်းရည် [ပြင်ဆင်ရန်]

စစ်ရေးစွမ်းရည်ကို မြင့်မားစေသော ကိန်းရှင်များရှိသည်။ - Training စစ်မှုပညာရေး/ စစ်ရေးသင်တန်း - Moral of Army တပ်မတော်တစ်စုလုံး၏ နှလုံးရည် - Leadership စစ်ဘက်ခေါင်းဆောင်မှု အရည်အသွေး အစရှိသည်တို့ ဖြစ်သည်။
စနစ်တကျစစ်ရေးလေ့ကျင့်မှုများဖြင့် လေ့ကျင့်သင်တန်းပေးထားသော စစ်သည်တစ်ဦးသည်

လေ့ကျင့်မှု မရှိသည့် ရန်သူ့စစ်သား အမြောက်အမြားကို ချေမှုန်းနိုင်စွမ်းရှိသည်။ စစ်ရေးစွမ်းရည်ပြည့် စစ်သည်တစ်ဦးကို ခေတ်မီလက်နက်များ တပ်ဆင်ပေးလိုက်ပါက ပို၍ပင် တိုက်ရည်ခိုက်ရည် မြင့်မားလာမည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် စစ်ရေးစွမ်းရည်မြင့် ဗြိတိသျှစစ်သား သုံးသောင်း ခြောက်ထောင်သည် လေ့ကျင့်ရည် မပြည့်ဝသည့် အီတလီစစ်သား နှစ်သိန်းခွဲကို ချေမှုန်းပစ်လိုက်နိုင်ခဲ့သည်။ ဤအချက်သည်ပင် လေ့ကျင့်မှု စွမ်း ရည် အကျွာအဟကို နှိုင်းယှဉ်သုံးသပ်နိုင်သည်။ မျိုးချစ်စိတ်ဓာတ်ဟု ခေါ်ရမည့် စစ်ရေးစိတ်ဓာတ် (သို့) နှလုံးရည်သည် တပ်မတော်တစ်ခုအတွက် အရေးအကြီး ဆုံးဖြစ်သည်ဟု ပင် ဆိုနိုင်သည်။ ဗီယက်နမ်စစ်ပွဲတွင် ဗီယက်နမ်တို့သည် အမေရိကန်နှင့် ပြင်သစ်တပ်များအား မျိုးချစ်စိတ်ဓာတ်ဖြင့် အောင်နိုင်သွားသည်ဟုပင် ဆိုနိုင်သည်။

## စစ်ခေါင်းဆောင်မှု[ပြင်ဆင်ရန်]

ရှေ့တန်းတွင်လည်းကောင်း၊ နောက်တန်းတွင်လည်းကောင်း စစ်ဘက်ဆိုင်ရာခေါင်းဆောင်မှု အရည်အသွေး သည် အရေးကြီးသည်။ ခေါင်းဆောင်ညံ့လျှင် တပ်ညံ့သည်။ ခေါင်းဆောင်တော်လျှင် ထူးချွန်လျှင် တိုက်ပွဲ တစ်ရာ၊ အောင်ပွဲတစ်ရာ ဆင်နိုင်သည်။ များသောအားဖြင့် အတွေ့အကြုံနှင့် လေ့လာသင်ယူမှု၊ ခံယူချက် သဘောထားတို့သည် စစ်ရေးခေါင်းဆောင်ကောင်းဖြစ်ရန် ပံ့ပိုးပေးသည့် အဓိကအကြောင်းအချက်များဖြစ် သည်။ စစ်ရေးခေါင်းဆောင်သည် - အမိန့်ပေးမှု တိကျပြတ်သားရသည်၊ တပ်ကို လိုသလို စနစ်တကျ ထိန်းချုပ်ကွပ်ကဲနိုင်ရသည်၊ ဆက်သွယ်ရေးနှင့်ထောက်လှမ်းရေး၌ စေ့စပ်သေချာရသည်။ စစ်ရေးအတွေ့အကြုံနှင့် အကင်းပါးမှုရှိရသည်။ စစ်ရေးခေါင်းဆောင်များသည် မျိုးချစ်စိတ်ဓာတ်ထက်သန်ပြင်းပြသူဖြစ်ရမည်။ အထူးသဖြင့် စိတ်ဓာတ်နှင့် အသိဉာဏ်ပေါင်းစပ်ထားပြီး စစ်သည်များကို စည်းရုံးနိုင်စွမ်းရည်မြင့်မားလျှင် ခေါင်းဆောင်ကောင်းဟု ခေါ် နိုင်သည်။ [၂]

# စစ်အုပ်ချုပ်ရေးနှင့် စစ်အာဏာ

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

**စစ်အုပ်ချုပ်ရေး** သို့မဟုတ် **စစ်အစိုးရ**ဆိုသည်မှာ အစိုးရကိုစစ်တပ်ကဦးဆောင်၍ တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တိုင်းပြည်ကိုအုပ်ချုပ်ခြင်းဖြစ်သည်။[၁] စစ်အုပ်ချုပ်ရေးအမျိုးအစားတို့မှာ အောက်ပါအတိုင်းဖြစ်ကြပါသည်။

- စစ်တပ်မှနယ်မြေသိမ်းပိုက်ခြင်း (Military Occupation)- စစ်တိုက်ပွဲတွင်အနိုင်ရထားသည့် နယ်မြေများအား အုပ်ချုပ်ခြင်း
- Martial Law- မိမိတိုင်းပြည်ကိုအစိုးရကိုယ်စား ခေတ္တအုပ်ချုပ်ခြင်း
- စစ်အာဏာရှင်စနစ် (Military Dictatorship)- စစ်တပ်၏ရာထူးကြီးဗိုလ်ချုပ်သည် အာဏာရှင်စနစ်ကဲ့သို့ အုပ်ချုပ်ခြင်း
- စစ်တပ်အဖွဲ့အစည်းစနစ် (Military Junta)- စစ်တပ်မှအဖွဲ့အစည်းတစ်ခုဖွဲ့၍ တိုင်းပြည်ကိုအုပ်ချုပ်ခြင်း
- စတရာတိုကရေစီ (Stratocracy)- စစ်တပ်မှတရားဝင်ဥပဒေဖြင့် အုပ်ချုပ်ခြင်း

စစ်အစိုးရကို တစ်ခါတစ်ရံ "Military Regime" ဟုခေါ်ဆိုလေ့ရှိပါသည်။ Military Regime နှင့်ပတ်သက်၍ "Military" ဆိုသည်မှာ "စစ်၊ တပ်မတော်" ဆိုသည့်အဓိပ္ပာယ်ကိုဖော်ဆောင်ပြီး "Regime" ဆိုသည် မှာ Oxford အဘိဓာန်တွင် "a method or system of government, especially one that has not been elected in a fair way" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ Regime ဆိုသည်မှာ "အစိုးရစနစ် တစ်မျိုး၊ အစိုးရတစ်ရပ်" ဟူ၍ လည်းဖွင့်ဆိုနိုင်ပါသည်။ Military Regime ဆိုသည်မှာ ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင် မြှောက်ခံအစိုးရတစ်ရပ် အုပ်ချုပ်သည့်စနစ်မဟုတ်ဘဲ၊ အခြေအနေ တစ်ရပ်ရပ်ကြောင့် တက်ရောက်အုပ်ချုပ်လာသည့် စစ်အစိုးရတစ်ရပ်ကို ခေါ်ဆိုခြင်း ဖြစ်သည်။

## မြန်မာနိုင်ငံနှင့်စစ်အုပ်ချုပ်ရေး[ပြင်ဆင်ရန်]

မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးသည် ဗြိတိသျှတို့အုပ်ချုပ်သည့် ကာလကတည်းက စတင်ရှိနေခဲ့သည်။ ဗြိတိသျှ ရေတပ်ဗိုလ်ချုပ်ကြီး လော့ဒ် လူဝီ မောင့်ဘက်တန် အရှေ့တောင်အာရှ မဟာမိတ် စစ် သေနာပတိချုပ်အဖြစ် တာဝန် မထမ်းဆောင်မီ၊ ဂျပန်များ မသိမ်းပိုက်နိုင်သေးသည့် တောင်တန်းဒေသအချို့ကို အခြေအနေအရ ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဝေဗဲလ် လက်အောက်သို့ လွှဲပြောင်းပေးရာမှ အစပြုပြီး စစ်အုပ်ချုပ်ရေး စတင်ပေါ်ပေါက်ခဲ့ကြောင်း သိရပါသည်။

ဝေဗဲလ်သည် ထိုနေ့မှအစပြုပြီး အိန္ဒိယစစ်ဌာနချုပ်လက် အောက်ခံအဖွဲ့အစည်းဖြစ်သည့် ကက်စဘီ CAS (B) ခေါ် "မြန်မာပြည် မြို့ပြရေးရာ အုပ်ချုပ်ရေးအဖွဲ့Civil Affairs Service (Burma) ကို ဖွဲ့စည်းလိုက်ပါသည်။ ထိုအဖွဲ့သည် အမည်အားဖြင့် နယ်ဘက် အဖွဲ့အစည်းတစ်ရပ်ဟုထင်ရသော်လည်း စစ်အုပ်ချုပ်ရေး အဖွဲ့အစည်း တစ်ရပ်သာဖြစ်သည်။

စစ်အုပ်ချုပ်ရေးဆိုသည်မှာ ပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးရှိနိုင်သလို အုပ်ချုပ်သည့် အဆင့်အမျိုးမျိုး လည်းရှိနိုင်သည်။ စစ်တပ်အာဏာသိမ်းခြင်းဆိုသည်မှာလည်း အသွင်အမျိုးမျိုးရှိနိုင်သည်။ လက်တင်အမေရိကနှင့် အရှေ့အလယ် ပိုင်းနိုင်ငံများတွင် စစ်တပ်ကအာဏာသိမ်းသည်ဆိုသော်လည်း ဒီမိုကရေစီဖန်းပြကာ အုပ်ချုပ်ခဲ့မှုများကိုတွေ့ရသည်။ စစ်ဘက်နှင့် အရပ်ဘက် ပူးတွဲအုပ်ချုပ်ရင်းမှ လစ်ဘရယ်ဒီမိုကရေစီလိုင်းသို့ ကူးပြောင်းသွားသည့် အစဉ်အလာများလည်းရှိခဲ့သည်။ အထူးသဖြင့် အာဖရိကနိုင်ငံများတွင် စစ်တပ်သည် တစ်ပါတီစနစ်အသွင်ကူးပြောင်းကာ အုပ်ချုပ်ခြင်းမျိုး ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း စစ်တပ်မှ အာဏာကို လွှဲပြောင်း ရယူပြီး တစ်ပါတီစနစ် (မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီ) အဖြစ် ကူးပြောင်းအုပ်ချုပ်ခဲ့သည့် သာဓကများ ရှိခဲ့ဖူးသည်။

စစ်တပ်မှတိုင်းပြည်အုပ်ချုပ်ရေးအတွက် ကြားဝင်လာရခြင်းကို နိုင်ငံရေးအရစွက်ဖက်လာခြင်းဟူ၍လည်း ဆိုနိုင်ပါသည်။ စစ်တပ်နိုင်ငံရေးဘက်သို့ ဝင်လာရခြင်းကို ကမ္ဘာစစ်ကြီးများကာလ ဂျာမနီ၊ ဂျပန်၊ စပိန်နှင့် အရှေ့ဥရောပတို့တွင်လည်း ကြုံခဲ့ရဖူး သည်။ ပြင်သစ် နှင့် ဂရိတို့သည်လည်း စစ်ဘက်အုပ်ချုပ်ရေးနှင့် ကင်းခဲ့သည့်နိုင်ငံများ မဟုတ်ပေ။ ဆင်းရဲသည့်နိုင်ငံအများစုသည် စစ်တပ်မှအုပ်ချုပ်ရေးနှင့် နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်မှုအများဆုံးခံရသည့်နိုင်ငံများအဖြစ် မှတ်တမ်းများတွင် တွေ့ရသည်။

၁၉၅၈ ခုနှစ် ဇန်နဝါရီမှ ၁၉၆၉ ခုနှစ် နိုဝင်ဘာလအထိ ကမ္ဘာ့ နိုင်ငံပေါင်း ၅၂ နိုင်ငံတွင် စစ်တပ်မှ အာဏာသိမ်းမှုပေါင်း ၈၈ ကြိမ် ဖြစ်ပွားခဲ့သည်။ အာဖရိကတိုက် ၃၈ နိုင်ငံတွင် ၂၂ နိုင်ငံ၊ အာရှ ၂၆ နိုင်ငံတွင် ၁၄ နိုင်ငံ၊ လက်တင်အမေရိက ၂၃ နိုင်ငံတွင် ၁၁ နိုင်ငံသည် စစ်တပ်၏ဝင်ရောက်အုပ်ချုပ်မှုကို ခံခဲ့ရသည့်နိုင်ငံများဖြစ်ခဲ့သည်။ နှစ်ပေါင်း ၁၅၀ အတွင်း ကမ္ဘာ့ နိုင်ငံများအားလုံးကို နှိုင်းယှဉ်ကြည့်လျှင် ၂၈ ရာခိုင်နှုန်းခန့်သည် စစ်တပ်အုပ်ချုပ်လွှမ်းမိုးမှုအောက်သို့ ကျရောက်ခဲ့ရသည်။ ၁၅ နှစ်အတွင်း နိုင်ငံပေါင်း ၁၄၉ နိုင်ငံကျ ရောက်ခဲ့သဖြင့် ၃၇ ရာခိုင်နှုန်းခန့်အထိရှိခဲ့သည်။ အားလုံးခြုံကြည့်လျှင် ဆင်းရဲတွင်းနက်လေ၊ စစ်တပ်ကဝင်ရောက်စွက်ဖက်မှုကို ခံရလေဟုဆိုနိုင်သည်။

၁၉၆၃ ခုနှစ်စစ်တမ်းတစ်ခုအရ လူတစ်ဦး ဒေါ်လာ ၃၃၀ အောက်ဝင်ငွေရှိသည့် နိုင်ငံပေါင်း ၇၃ နိုင်ငံကိုလေ့လာကြည့်ရာတွင် ၄၅ နိုင်ငံသည် စစ်တပ်အာဏာသိမ်းမှုကို မကြာခဏခံရသည့် နိုင်ငံများဖြစ်နေကြောင်းတွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ၆၂ ရာခိုင်နှုန်းခန့် ဖြစ်သည်။ လူတစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၃၀၀ မှ ၈၉၉ ဒေါ်လာကြား တွင်ရှိသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံကို လေ့လာသုံး သပ်ကြည့်ရာတွင် ၅ နိုင်ငံသာ စစ်တပ်စွက်ဖက်မှုကို ခံရသဖြင့် ၂၀ ရာခိုင်နှုန်းခန့်သာ ရှိသည်ဟုဆိုနိုင်သည်။ ချမ်းသာကြွယ်ဝသည့် လူတစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၉၀၀ နှင့်အထက်ရှိ နိုင်ငံ

၁၉ နိုင်ငံ ကိုလေ့လာကြည့်ရာတွင် ပြင်သစ်နှင့် ယခင် ချက်ကိုစလိုဗက်ကီးယား နိုင်ငံ ၂ နိုင်ငံသာ ရှိကြောင်းတွေ့ရသည်။

စစ်တပ်ကကြားဝင်လာမှုသည် စစ်ဝါဒ (Militarism) နှင့် မသက်ဆိုင်ပေ။ စစ်တပ်စွက်ဖက်မှုသည် အရပ်ဘက်အုပ်ချုပ်ရေး၏ အားနည်းချက်ကြောင့်သော်လည်းကောင်း၊ အရပ်ဘက်အုပ်ချုပ်ရေး မစွမ်းဆောင်နိုင်လောက်အောင် ဖြစ်လာသည့်အတွက် လည်းကောင်း ပေါ်ပေါက်လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းပြည်မငြိမ်မသက် ဖြစ်နေချိန် ၁၉၅၈ ခုနှစ် စက်တင်ဘာလတွင် ၂၅ ရက်နေ့ နံနက် အရေးဇက်ကျင်းခါစအချိန်တွင် တပ်မတော်မှအာဏာသိမ်းယူလိုက်ကြောင်းကို စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုအား တပ်မတော်အရာရှိများက သွားရောက်အစီခံရာ ဦးနုပြောလိုက်သည့် မှတ်သားစရာတစ်ခွန်းမှာ

"အာဏာမသိမ်းကြနဲ့။ အာဏာသိမ်းတာဟာ စစ်တပ်လည်း နာမည်ပျက်တယ်၊ တိုင်းပြည်လည်း နာမည်ပျက်တယ်။ အဲဒီတော့ နောက် ၆ လကြာရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးပါ့မယ်လို့ စစ်တပ်က ကတိပြုရင်၊ စစ်တပ်ကို သူအာဏာ လွှဲပေးမယ်။ ဒီလိုအာဏာလွှဲပေးဖို့အတွက် လွှတ်တော်ကိုခေါ်လိုက်မယ်။ လွှတ်တော်ကျင်းပတဲ့နေ့မှာ သူ ဝန်ကြီးချုပ် ရာထူးကထွက်ပြီး လွှတ်တော်က ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်အောင် သူအဆိုသွင်းမယ်" ဟူ၍ဖြစ်သည်။ (ဦးနုကိုယ် တိုင်ရေးသည့် တာတေစနေသား၊ စာ ၅၃၆)

စစ်တပ်ကကြားဝင်ခြင်းသည် "အမျိုးသားရေး" ကြောင့်လား၊ "နိုင်ငံရေး" ကြောင့်လားဟူ၍ နှစ်ပိုင်းကွဲနိုင်သည်။ အမျိုးသားရေး ကြောင့်ဆိုလျှင် "နိုင်ငံ" ၏မျက်နှာကိုကြည့်ရမည်။ နိုင်ငံရေးကြောင့် ဆိုလျှင် "လူ" မျက်နှာကိုကြည့်ရမည်။ နိုင်ငံရေးအရဆိုလျှင် ပြည်သူ့ကိုယ်စား ပြည်သူကရွေးချယ်ပိုင်ခွင့်ဖြင့်တက်လာသည့် ပြည်သူ့အစိုးရမျိုးသာဖြစ်ရမည်။ အမျိုးသားရေးကြောင့် တက်လာ သည့်အစိုးရသည် နိုင်ငံရေးကြောင့်ဖြစ်လာမည့်အစိုးရသို့ ပခုံးပြောင်းတာဝန်လွှဲ ပြောင်းပေးရမည်သာဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထာဝရ စစ်တပ်အုပ်ချုပ်သည့်နိုင်ငံ၊ စစ်အစိုးရမျိုးကို ပြည်သူတို့မလိုလား၊ မထောက်ခံကြသောကြောင့်ဖြစ်သည်။

နိုင်ငံရေးအာဏာကို စစ်တပ်ကချုပ်ကိုင်ထားလျှင် စစ်အာဏာရှင်ဟူ၍ ခေါ်လေ့ရှိကြသည်။ စစ်အာဏာရှင်ဆိုသည်မှာ တစ်ဦး တစ်ယောက်အာဏာတစ်ခုတည်းဖြစ်အုပ်ချုပ်သလား၊ စစ်ကောင်စီအဖွဲ့ဖြင့် အုပ်ချုပ်သလား ပြန်လည် ဆန်းစစ်ကြည့်ရမည်ဖြစ် သည်။ ထို့ပြင်

တစ်ဦးတစ်ယောက်ကောင်း အာဏာဖြင့်အုပ်ချုပ်ခြင်းနှင့် စစ်တပ်မှတိုက်ရိုက်ကွပ်ကဲအုပ်ချုပ်ခြင်းလည်း မတူညီ သေးပေ။ နိုင်ငံတစ်နိုင်ငံ တွင် အာဏာရှင်စနစ်လွှမ်းမိုးသလား၊ ဖက်စစ်စနစ်လွှမ်းမိုးသလားဆို သည်မှာ "တရားဥပဒေစိုးမိုးမှု" နှင့်သာတိုင်းတာရပါသည်။ နိုင်ငံ တစ်နိုင်ငံတွင် Rule of Law အရအုပ်ချုပ်သလား၊ Rule of Men အရ အုပ်ချုပ်သလားဖြင့်သာ တိုင်းတာပြီး အာဏာရှင်ဟုတ် မဟုတ် ဆုံးဖြတ်ရပေလိမ့်မည်။ ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အမေရိကန်နိုင်ငံတွင်ပင် သမ္မတကိုယ်တိုင် Power of Veto (ဗီတိုအာဏာ) တစ်ချက် လွှတ်ပိတ်ပင်သည့်အာဏာသုံးခွင့်ရှိပါသည်။

မာရှယ်လော (Martial Law) ခေါ် စစ်ဥပဒေအရ အာဏာကျင့်သုံးမှုစနစ်နှင့် အာဏာတည်ဆဲအစိုးရတစ်ရပ်သည် တပ်မတော်အား ခေတ္တအုပ်ချုပ်ရေး လွှဲပြောင်းပေးသဖြင့် အရေးပေါ်အခြေအနေအရ စစ်အုပ်ချုပ်ရေး (Military Administration) တို့လည်းမတူပေ။

စစ်ဥပဒေအရအာဏာကျင့်သုံးမှုစနစ် (Martial Law) သည် စစ်မြေပြင်တွင် တပ်မှူးကအာဏာကျင့်သုံးပုံအတိုင်း တာဝန်ယူ ကျင့်သုံးခွင့်ရှိသည့် အာဏာမျိုးဖြစ်သည်။ စစ်အာဏာပိုင်များအနေဖြင့် အခြေခံဥပဒေကို ထောက်ထားခြင်း၊ အထက်အဆင့်ဆင့် တင်ပြအစီရင်ခံခြင်း၊ အခွင့်အာဏာရယူခြင်းများ လုပ်ဆောင်စရာမလိုဘဲ၊ မိမိကိုယ်တိုင် တာဝန်ခံဆုံးဖြတ် လုပ်ဆောင်နိုင်သည့် အခြေအနေကို မာရှယ်လောဟုခေါ်သည်။ စစ်အာဏာပိုင်များအထက်တွင် မည်သည့် အာဏာပိုင်အဖွဲ့အစည်းမျှမရှိဆိုသည့် သဘောမျိုးဖြစ်သည်။

စစ်အုပ်ချုပ်ရေးစနစ် (Military Administration) ဆိုသည်မှာ အခြေခံဥပဒေအရ လွှဲပြောင်းတာဝန်ပေးအပ်ရခြင်းဖြစ်ပြီး မာရှယ်လောနှင့် များစွာကွာခြားသည်။ စစ်အုပ်ချုပ်ရေးစနစ်သည် အဖွဲ့ဖြင့် အုပ်ချုပ်ရခြင်းဖြစ်ပြီး ထိုအဖွဲ့သည် အခြေခံဥပဒေ၏ ထိန်းချုပ်မှုကိုခံယူရပါသည်။ စစ်အာဏာပိုင်များ၏အထက်တွင် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ် ရှိနေသေးသည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည်တွင် မာရှယ်လောကျင့်သုံးရလောက်အောင် အခြေအနေဆိုးရွားနေပါက မာရှယ်လောထုတ်ကာ အုပ်ချုပ် လေ့ရှိကြသည်။ မာရှယ်လောအမှန်တကယ်ကျင့်သုံးလျှင် အခြေခံဥပဒေကို ဘေးဖယ်ထားခြင်းခံရတတ်သည်။ အခြေခံဥပဒေမှ လိုအပ်သည်များကို သုံးကောင်းသုံးနိုင်သော်လည်း စစ်အာဏာပိုင်များအပေါ်တွင် မည်သည့်အဖွဲ့အစည်းကမှ လွှမ်းမိုးထိန်းချုပ်၍ မရပေ။ စစ်အာဏာ ပိုင်များအပေါ်တွင် လုံးဝအာဏာတည်ပြီး အခြေအနေ အချိန်အခါ လိုအပ်ချက်အရ စစ်အာဏာပိုင်များက မှန်ကန်သည်ဟု ယူဆလျှင် အမိန့်ကြေညာချက်များထုတ်ပြန်ပြီး အာဏာကိုကျင့်သုံးပိုင်ခွင့်ရှိ သည်။

မာရှယ်လောကိုကျင့်သုံးလျှင် ထုတ်ပြန်သည့် အမိန့်နှင့်ဥပဒေ များကို မလိုက်နာသူမရှိရလေအောင် လုပ်ပိုင်ခွင့်အာဏာများ ပေး ထားတတ်သည်။ မာရှယ်လောကို မည်မျှအထိအခွင့်အာဏာပေးထားသနည်းဆိုသော် စိတ်စေတနာအမှန်ဖြင့် ယုံကြည်ချက် အတိုင်း ဆောင်ရွက်သည့်အတွက် မှားယွင်းသွားခြင်းဖြစ်လျှင်လည်း ခွင့်လွှတ်ရမည်ဟု ပြဋ္ဌာန်းထားချက်များတွေ့ရသည်။

မာရှယ်လောကျင့်သုံးလိုက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူတစ်ဦးချင်းကာကွယ်နိုင်၊ ရယူနိုင်သည့်အခွင့်အရေးများ ရပ်ဆိုင်းသွားတတ်သည်။ ထို့ကြောင့် မာရှယ်လောဆိုသည်မှာ ပြင်းထန်သည့် စီရင်ခွင့်တစ်ခုဟုဆိုနိုင်သည်။ မာရှယ်လောအရ ဖြစ်ပေါ် ခဲ့သည့် ကိစ္စများနှင့်ပတ်သက်ပြီး နစ်နာခဲ့သူတစ်ဦးသည် နောင်အစိုးရလက်ထက်တွင် အရပ်ဘက်တရားရုံးများမှ အမှုဖွင့် တိုင်တန်းခွင့်၊ စုံစမ်းစစ်ဆေး ခွင့်လည်းမရှိပေ။ ထို့ကြောင့် မာရှယ်လောဖြင့် အုပ်ချုပ်သည်ဆိုလျှင် ဥပဒေဖြင့် ထိန်းချုပ်ခြင်းမရှိသော အကန့်အသတ်မဲ့အာဏာဟူ၍ ပြောနိုင်သည်။ထို့ကြောင့် မာရှယ်လောသည် စစ်အုပ်ချုပ်ရေးထက် အဆပေါင်းများစွာ ပြင်းထန် သည်ဟုဆိုနိုင်သည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ (၉၄) ပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်က စစ်ဥပဒေထုတ်ပြန် ကြေညာမှုဆိုင်ရာ တစ်ချက်လွှတ်ဥပဒေကို ထုတ်ပြန် ခဲ့ဖူးသည်။ တစ်ချက်လွှတ်ဥပဒေအရ ထိုစဉ်က ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ယူထားရသည့် ဗိုလ်ချုပ်ကြီး စမစ်ဒွန်းက စစ်ဘက်ဆိုင်ရာ အာဏာပိုင်အမိန့်နှင့် စည်းကမ်းချက်များနှင့်အညီ စစ်အုပ်ချုပ်ရေး (Military Administration) ကို စီရင်ပိုင်ခွင့် ရရှိခဲ့သည်။

၁၉၅၈ ခုနှစ်တွင်လည်း စစ်ဘက်ဆိုင်ရာ အာဏာပိုင်များဦးစီးသည့် အိမ်စောင့်အစိုးရက ကြားဖြတ်အစိုးရအနေဖြင့် စစ်အုပ်ချုပ်ရေးကို ကျင့်သုံးခဲ့ဖူးသည်။

၁၉၈၈ ခုနှစ်အတွင်းကလည်း တောင်ကြီးမြို့နှင့် ပြည်မြို့တို့တွင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၇၆ အရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်အာဏာလွှဲအပ်သည့် စစ်အုပ်ချုပ်ရေးကို ထုတ်ပြန်အုပ်ချုပ်ခဲ့ပါသည်။

တိုင်းပြည်အခြေအနေက ပိုပြီးဆိုးရွားလာသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နောက်တစ်ကြိမ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ကြေညာချက်အမှတ် ၁/၈၈ ဖြင့် တပ်မတော်မှ နိုင်ငံတော်အာဏာအရပ်ရပ်ကို လွှဲပြောင်း တာဝန်ယူခဲ့ရ ပြန်သည်။ ထိုသို့တာဝန်လွှဲပြောင်းယူနိုင်ရန်အတွက် အမိန့်အမှတ် ၁/၈၈ ကို ထုတ်ပြန်ကြေညာပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။ ထိုအဖွဲ့တွင် အဖွဲ့ဝင် ၁၉ ဦးပါရှိပြီး၊

အရပ်သားဘက်မှ တစ်ဦးမျှမပါဘဲ၊ စစ်ဘက်မှ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် ဗိုလ်ချုပ်ကြီးအဆင့်များသာပါဝင်ကြောင်းတွေ့ရသည်။

# တရုတ်၏ ကျက်သရေထိုးစစ်အား မဟာဗျူဟာယဉ်ကျေးမှုရှုထောင့်မှ ချဉ်းကပ်ကြည့်ခြင်း

By Khin Khin Kyaw Kyee

In MYANMAR QUARTERLY, SPECIAL FEATURES, Uncategorized


5 months ago

13 Min read

Add comment

58 views

တ



တရုတ်နိုင်ငံ၏ အလွှာစုံဆက်ဆံရေးမဟာဗျူဟာနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ သုတေသနစာတမ်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီနှောင်းပိုင်းတွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို စာတမ်းတွင် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပြောင်းလဲလာသော တရုတ်၏ လူထုဗဟိုပြု သံတမန် လှုပ်ရှားမှုများ၊ အစိုးရနှင့်ဆက်ဆံရေးအပြင် နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများ၊ အသိပညာရှင် အတတ်ပညာရှင်များကိုဦးတည်၍ ဆက်ဆံရေး ချဲ့ထွင်လာမှုကို လေ့လာခဲ့ပြီး ထိုမူဝါဒများ၏ ရေတိုရေရှည် ရည်ရွယ်ချက်အချို့ကို ဆန်းစစ် ဖော်ပြခဲ့ပါသည်။

ထိုသို့ လေ့လာသုံးသပ်ရာတွင် သမားရိုးကျ နိုင်ငံတကာဆက်ဆံရေး ရှုထောင့်အမြင်များ အပြင် 'ကွမ်းရှိ Guanxi (Relationship)' တရုတ်လူ့အဖွဲ့အစည်း၏ ဆက်ဆံရေး အခြေခံအမြင်တခု ကိုပါ မိတ်ဆက်ဖော်ပြခဲ့သည်။ ယင်းဆောင်းပါးတွင် အလွှာစုံဆက်ဆံရေး၊ ဆွဲဆောင်စည်းရုံးနိုင်မှု အင်အား၊ ကွန်းရှိဟုခေါ်သော တရုတ်၏ လူမှုဆက်ဆံရေးအယူအဆ စသည်ဖြင့် အယူအဆ မူဘောင်များ ထည့်သွင်းရေးသားခဲ့သော်လည်း အကျယ်တဝင့်ရှင်းလင်းခဲ့ခြင်း မရှိပေ။ အကြောင်းမှာ လက်တွေ့မူဝါဒရေးရာများကို အဓိက မီးမောင်းထိုးလိုခြင်း ဖြစ်သောကြောင့် သီအိုရီများ၊ အယူအဆမူဘောင်များ အကျယ်တဝင့်ဆွေးနွေးပါက စာတမ်း၏ကျစ်လျစ်မှုအား အားနည်းစေနိုင်သည်ဟု ယူဆသောကြောင့်ဖြစ်သည်။ စာတမ်းတွင်ပါဝင်သော အယူအဆများ အား အကြိုဆွေးနွေးရန် ဤဆောင်းပါးအား The Myanmar Quarterly ဂျာနယ်အတွက် ရေးသားခဲ့ခြင်းဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် သုတေသနစာတမ်းကို ဦးစွာ ပုံနှိပ် ထုတ်ဝေဖြစ်ခဲ့သည်။ သို့ဖြစ်ရာ ယခုဆောင်းပါးသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီက ပုံနှိပ်ထုတ်ဝေ ခဲ့သော တရုတ်နိုင်ငံ၏ အလွှာစုံဆက်ဆံရေးမဟာဗျူဟာ စာတမ်းဖတ်ပြီးနောက် စာဖတ်သူများ ထံတွင် ပေါ်ထွက်လာနိုင်သည့် သီအိုရီနှင့် အယူအဆပိုင်းဆိုင်ရာ ဒွိဟများ၊ မေးခွန်းများကို အဖြေ ရှာရာ၌ တစုံတရာအထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

အလွှာစုံဆက်ဆံရေး၊ လူထုသံတမန်ရေးနည်းလမ်းများဖြင့် ဆွဲဆောင်စည်းရုံးမှုအင်အား ဖြန့်ကျက်ရန် စသည်တို့အား တရုတ်နိုင်ငံက စတင်အာရုံစိုက်ဆောင်ရွက်လာသည်မှာ မကြာ သေးသော်လည်း ယင်းတို့သည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အထိုက်အလျောက် ဖွံ့ဖြိုး ပြီးသော အယူအဆများဖြစ်ရာ တရုတ်၏ချဉ်းကပ်မှုများသည် မည်သို့ကွာခြားပါသနည်း။ ထို့အပြင် နှစ်လိုဖွယ်ပုံရိပ်နှင့် ဆွဲဆောင်စည်းရုံးခြင်း စသည့် Soft Power အယူအဆများအပြင် Smart Power၊ Sharp Power (ထို Smart Power နှင့် Sharp Power တို့၏ အဓိပ္ပာယ်များကို ဆောင်းပါး၏နောက်ပိုင်းတွင် ဆက်လက်ရှင်းလင်းပါမည်) စသည်ဖြင့် အယူအဆအသစ်များ လည်း ထွက်ပေါ်လျက်ရှိရာ ထိုအယူအဆမူဘောင်များအတွင်း တရုတ်နိုင်ငံ၏ အင်အားနှင့် လွှမ်းမိုးနိုင်မှုများကို မြှင့်တင်ရန်ဆောင်ရွက်ချက်များကို မည်သို့နားလည်နိုင်သနည်း စသည့်

မေးခွန်းများအား သီအိုရီနှင့် အယူအဆပိုင်းဆိုင်ရာများနှင့် ချိတ်ဆက်ရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ပါသည်။

အလွှာစုံ သံတမန်ရေးမူဝါဒ

သံတမန်ရေးရာများ ဆောင်ရွက်ခွင့်သည် အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ လက္ခဏာနှင့် အခွင့်အရေးတရပ်ဖြစ်ပြီး နိုင်ငံကိုကိုယ်စားပြုသော တရားဝင်အစိုးရချင်းသာ သံတမန်ရေးရာကိစ္စများကို ဆောင်ရွက်နိုင်သည်ဟု ယေဘုယျ နားလည်လက်ခံထားကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်အပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားသောနိုင်ငံတကာအဖွဲ့အစည်းများ ပိုမိုအားကောင်းလာသည့် အခြေအနေတရပ်အောက်၌ သံတမန်ဆက်ဆံရေးတွင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားလာရသည်။ ထို့အတူ ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှု ပိုမိုများပြားလာသော စစ်အေးလွန်ကာလတွင် နိုင်ငံတကာငြိမ်းချမ်းရေးကို စဉ်းစားရာ၌ နိုင်ငံအချင်းချင်း အစိုးရအဆင့်ဗဟိုပြုဆက်ဆံသော သံတမန်ဆက်ဆံရေး (Track one diplomacy) သာမက ထိုနိုင်ငံအတွင်းနေထိုင်ကြသော အသိပညာရှင်များ၊ အတတ်ပညာရှင် များ၊ ပြည်သူများ၏ အချင်းချင်း အပြန်အလှန် ရင်းနှီးနားလည်မှုများကိုပါ ပိုမိုအလေးထားလာကြ သည့် 'သံတမန်ရေးရာ အလွှာ ၂' (Track two diplomacy) ဆိုသော အယူအဆ သဘောတရား များ စတင်ထည့်သွင်းစဉ်းစားလာခဲ့ခြင်းကို တွေ့ရသည် (Montville, 1991)။ အမေရိကန် ပညာရှင်နှစ်ဦးဖြစ်သော Lousie Diamond နှင့် John McDonald တို့က အထက်ပါ ငြိမ်းချမ်းရေးအထောက်အကူပြု အလွှာနှစ်ရပ် သံတမန်ဆက်ဆံရေးကို ထပ်မံအသေးစိတ်ကာ တရားဝင် သံတမန်ဆက်ဆံရေး၊ ပဋိပက္ခဖြေရှင်းရေး ကျွမ်းကျင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ၏ ပါဝင်မှု၊ မီဒီယာများ၏အခန်းကဏ္ဍ စသဖြင့် အလွှာကိုးလွှာဖြင့် အသေးစိတ်ခွဲထားပြီး အလွှာစုံဆက်ဆံရေးဟူသော သဘောတရားကို ဖော်ထုတ်ခဲ့သည် (Diamond & McDonald, 1996)။

အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်မူ အလွှာစုံဆက်ဆံရေး ကို အကြမ်းဖျင်းအားဖြင့် အလွှာသုံးလွှာ ခွဲခြားထားသည်။ 'အလွှာစုံဆက်ဆံရေး၏ အလွှာ ၁' (Track one diplomacy) သည် နိုင်ငံများကို တရားဝင်ကိုယ်စားပြုသော အစိုးရအချင်းချင်းနှင့် သီးခြားတာဝန်ပေးအပ်ခြင်းခံရသော အစိုးရဝန်ထမ်းများအကြား သံတမန်ဆက်ဆံရေးဖြစ်သည်။ ထိုဆက်ဆံရေးသည် နိုင်ငံတော်ကိုတာဝန်ခံထားပြီး၊ သံတမန်ရေးရာ ဆက်ဆံရေးမှ ဆုံးဖြတ် ချက်ရလဒ်များကို နိုင်ငံတော်က အကောင်အထည်ဖော်သည်။

'အလွှာစုံဆက်ဆံရေး၏အလွှာ၂' (Track two diplomacy) တွင်မူ အသိပညာရှင်အတတ်ပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေး ဖလှယ်ခြင်းများဖြစ်သည်။ ထိုသူတို့သည် နိုင်ငံတော်ကို

တရားဝင်ကိုယ်စားပြုမှုမရှိခြင်းကြောင့် ပိုမိုလွတ်လပ်စွာ ဆွေးနွေးအဖြေရှာနိုင်သကဲ့သို့ အစိုးရ၏မူဝါဒများကို တဖက် တလမ်းမှ သက်ရောက်နိုင်သူများ ဖြစ်ကြသည်။
'အလွှာစုံဆက်ဆံရေး၏ အလွှာ ၃' (Track three diplomacy) သည် ပြည်သူအချင်းချင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အချင်းချင်းအကြား အပြန်အလှန် ဆက်ဆံရေးများ၊ ယဉ်ကျေးမှု ဖလှယ်ခြင်းများ အားပေးခြင်းဖြင့် ပြည်သူချင်း ရင်းနှီးနားလည်မှုရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည် (USIP Glossary)။ 'အလွှာ ၃' ဆက်ဆံရေးအား ပြည်သူချင်းဆက်ဆံရေးဟု ယေဘုယျ ပြောသော်လည်း နိုင်ငံတနိုင်ငံ၏အစိုးရက ဦးဆောင်ကာ အခြားနိုင်ငံတနိုင်ငံ၏ ပြည်သူများကို မိမိနိုင်ငံပုံရိပ်နှင့်မူဝါဒများအား နှစ်လိုမှုရှိလာစေရန် ဆောင်ရွက်သော သံတမန်ရေးရာလှုပ်ရှားမှု များ (Public Diplomacy) ကိုလည်း အလွှာစုံသံတမန်ရေးရာများအောက်တွင် ထည့်သွင်းဆွေးနွေး မည်ဖြစ်ပါသည်။
မျက်မှောက်ခေတ်တွင် အလွှာစုံ သံတမန်ရေးရာကို ငြိမ်းချမ်းရေးအထောက် အကူပြု မှုဘောင်များအဖြစ်သာမက ပိုမိုကျယ်ပြန့်သော နိုင်ငံတကာဆက်ဆံရေး ရည်ရွယ်ချက်များကို ရရှိစေရန် နည်းလမ်းတခုအဖြစ် အသုံးပြုလာသည်ကို တွေ့ရသည်။
၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအနေဖြင့် ရွေး ကောက်ပွဲမှတက်လာသော အစိုးရတရပ် ပေါ်ထွန်းလာခဲ့သည်။ ထိုအခြေအနေနှင့်အတူ အသွင် ကူးပြောင်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်လာပြီး အသစ်တဖန်မွေးဖွားလာခဲ့သည့် မြန်မာနိုင်ငံ၏ လူမှု ရေး၊ နိုင်ငံရေး အင်အားစုများသည် တရုတ်-မြန်မာ ဆက်ဆံရေးအတွက် အခင်းအကျင်းသစ်တရပ် ပေါ်ထွက်လာစေခဲ့သည်။ တရုတ်၏မြန်မာမူဝါဒသည် တပ်မတော်အစိုးရကိုသာ ဗဟိုထားပြီး စဉ်းစား အကောင်အထည်ဖော်ခဲ့ခြင်းသည် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ရာ ပြောင်းလဲလာ သော အခင်းအကျင်းမှာ တရုတ်အတွက် စိန်ခေါ်မှုတရပ်ဖြစ်ခဲ့သည်။ အခြား နိုင်ငံရေး၊ လူမှုရေး အင်အားစုများ၏ အခန်းကဏ္ဍများ ပိုမိုကျယ်ပြန့်လာသော အခြေအနေအောက်တွင် ယခင်က တဦး၊ တဖွဲ့၊ တယောက်ကိုသာ ဦးတည်ဆက်ဆံခဲ့သောတရုတ်နိုင်ငံသည် အံမဝင်ဖြစ်ခဲ့ရသည်။ သို့ဖြစ်ရာ ပြောင်းလဲလာသော အခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် တရုတ် နိုင်ငံသည် ၎င်းတို့၏ မြန်မာမူဝါဒကို ပြန်လည်သုံးသပ်ပြီး အလွှာစုံဆက်ဆံရေးတရပ်ကို အလျင် အမြန်ပင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုမူဝါဒသစ်အောက်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပေါ်ပေါက်လာခဲ့သော အင်အားစုအသီးသီးနှင့် ဆက်ဆံရေးများ တည်ဆောက် လာသကဲ့သို့ မြန်မာပြည်သူများသို့ မျက်နှာမူသော လုထု သံတမန်ရေးရာလှုပ်ရှားမှုများလည်း ထင်ရှားစွာ ပေါ်ပေါက်လာခဲ့သည်။
တရုတ်-မြန်မာချစ်ကြည်ရေးအသင်းသည် မြန်မာ့လူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များအား ချစ် ကြည်ရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ ချစ်ကြည်ရေးပွဲများပြုလုပ်ခြင်း၊ ပညာရေး၊ လူမှုရေး ကျန်းမာရေး ဝန်ဆောင်မှုများပေးခြင်းတို့ကို ဆောင်ရွက်လာခဲ့သည်။ အလွှာအသီးသီးမှ ပုဂ္ဂိုလ်

များအား လေ့လာရေး၊ ဆွေးနွေးပွဲ၊ စွမ်းရည်မြှင့်သင်တန်း၊ ချစ်ကြည်ရေးခရီး စသည့် ခေါင်းစဉ်များအောက်၌ များပြားလှသော မြန်မာနိုင်ငံသားများကို တရုတ်နိုင်ငံသို့ ဖိတ်ကြားခဲ့သည်။ အဆိုပါအသင်း၏ လမ်းခင်းပေးမှုဖြင့် တရုတ်နိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်လာခဲ့သည်။ တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း၊ တရုတ်နိုင်ငံ အရပ်ဘက်အဖွဲ့အစည်းကွန်ရက်၊ ပိုးလမ်းမ အရပ်ဘက်အဖွဲ့အစည်းကွန်ရက် စသည်တို့သည် မြန်မာနိုင်ငံမှ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်နည်းတူ မြန်မာနိုင်ငံမှ အဖွဲ့အစည်းများကို ဖိတ်ကာ တရုတ်နိုင်ငံသို့ လာရောက်လေ့လာစေခြင်းများလည်း ရှိခဲ့သည်။

နှစ်လိုဖွယ်ပုံရိပ်နှင့် ဆွဲဆောင်စည်းရုံးနိုင်မှုအင်အား
(Soft Power) ရှုထောင့်အမြင်

တရုတ်၏ အလှူအစုံဆက်ဆံရေးနှင့် လူထုသံတမန်ရေးရာ လှုပ်ရှားမှုများအား ရှိရင်းစွဲဖြစ်သော ဆွဲဆောင်စည်းရုံးနိုင်မှု အင်အားဖြန့်ကျက်မှု မူဘောင်ထဲ၌ ထည့် သွင်း ရှုမြင်လေ့ရှိကြသည်။ အမေရိကန် ပါမောက္ခ ဂျိုးဇပ်(ဖ်)နိုင်း(အ်) စတင် ဖော် ထုတ်ခဲ့ပြီး ၂၀ ရာစု နှောင်းပိုင်းမှစတင်၍ ရေပန်းစားခဲ့သော နှစ်လိုဖွယ်ပုံရိပ်နှင့် ဆွဲဆောင်စည်းရုံးနိုင်မှုအင်အား၊ သို့မဟုတ် အပျော့ထည်အင်အားဟူသော အယူအဆ သည် စာဖတ်သူတို့နှင့် ရင်းနှီးပြီးသား ဝေါဟာရတခု ဖြစ်မည်ဟု ယူဆပါသည်။ ဘာသာစကားဖလှယ်ရန် ခက်ခဲသော ကြောင့် ဆွဲဆောင်စည်းရုံးနိုင်မှုအင်အားဟု ဆိုသော်လည်း သူတပါးမလုပ်ချင်သည့် အရာတခုကို ဆောင်ရွက်ချင်လာအောင် မက်လုံးပေးပြီး ဆွဲဆောင်ခြင်းဟူသော သဘောမသက်ရောက်သည်ကို အထူးအလေးပေး ပြောလိုပါသည်။ ပုံမှန်အခြေအနေတွင် အခြားနိုင်ငံတခုက မလုပ်ချင်သည့်၊ လုပ်မည်မဟုတ်သည့် အပြုအမူ၊ ဆုံးဖြတ်ချက်တခုအား စစ်ရေး၊ စီးပွားရေး စသည့် အရင်းအမြစ်များကို အသုံးချကာ ဖိအားပေး ခြင်း၊ မက်လုံးများပေးခြင်းဖြင့် တွန်းအားပေးကာပြုလုပ်စေသည့် အင်အား၊ ပါဝါသည် အမာစား အာဏာ (Hard Power) ဖြစ်ပြီး အခြားနိုင်ငံများအား တွန်းအားပေး တောင်းဆိုမှုများမပြုဘဲ မိမိဖြစ်စေချင်များအား သူ့ဆန္ဒသဘောအလျောက် ပြုမူလာစေနိုင်သော ဆွဲဆောင်မှုအင်အား (power of attraction) ကို အပျော့စားအာဏာ (Soft Power) ဟု ယေဘုယျနားလည်နိုင်ပါသည်။ မျက်မှောက်ခေတ်တွင် ဖိအား၊ တွန်းအားများကို ဖန်တီးနိုင်သည့် အမာထည်အာဏာသည် တဖြည်းဖြည်း အကန့်အသတ်ရှိလာပြီး အခြားနိုင်ငံများအား မိမိလိုချင်သည့်အရာကို စိတ်လို လက်ရ ဆောင်ရွက်စေနိုင်သည့် နိုင်ငံ၏ပုံရိပ်၊ ယဉ်ကျေးမှုအပါအဝင် ထိုနိုင်ငံမှကိုင်စွဲထားသော တန်ဖိုးများနှင့်စံနှုန်းများအပေါ် စသည့် အတွေးအခေါ်များအား တခြားနိုင်ငံများက လေးစား အားကျလက်ခံမှုနှင့် ကျင့်သုံးမှု စသော နှစ်လိုဖွယ်ပုံရိပ်နှင့် ဆွဲဆောင်စည်းရုံးနိုင်မှု (Soft Power)

သည်လည်း အရေးပါလာသည်။ သို့သော် တဖက်တွင်လည်း နိုင်ငံတတနိုင်ငံသည် ၎င်း၏ လိုလား ချက်အကျိုးစီးပွားများကို အကောင်အထည်ဖော်ရာ၌ ဆွဲဆောင်စည်းရုံးနိုင်မှုအင်အား အရေးပါ သကဲ့သို့ စစ်ရေး၊ စီးပွားရေးအင်အား၏ အရေးပါမှုကိုလည်း ဆက်လက် အသိအမှတ်ပြုထားပြီး ထိုအင်အားနှစ်ရပ်ကို မျှမျှတတအသုံးပြုရန် လိုအပ်သည်ဟူသော Smart Power အယူအဆများ လည်း ပေါ်ထွက်ခဲ့ပြန်သည်။

Soft Power အကြောင်းဆွေးနွေးရာတွင် ယင်း၏ ဆိုလိုရင်းအဓိပ္ပာယ်၊ Soft Power ကို ဖြစ်စေသည့် အရင်းအမြစ်များနှင့် ရရှိလာစေရန်ကြိုးပမ်းသော နည်းလမ်းများကို ကွဲကွဲပြားပြား နားလည်ရန်လိုအပ်သည်။ Soft Power ဆိုသည်မှာ နိုင်ငံတနိုင်ငံ၏ပုံရိပ်နှင့် ထိုနိုင်ငံ လက်ခံ ကျင့်သုံးနေသော ရိုးရာယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာတန်ဖိုးများ၊ စံနှုန်းများအား အခြားနိုင်ငံတနိုင်ငံက နှစ်လိုဖွယ်ရာအဖြစ် ရှုမြင်စေပြီး ပထမနိုင်ငံ၏ လိုလားချက်များအတိုင်း ဒုတိယနိုင်ငံက စိတ်လိုလက်ရပြုမူစေခြင်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတနိုင်ငံ၏ နိုင်ငံရေးစနစ်၊ နိုင်ငံခြားရေးမူဝါဒ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ လူမှုအသိုင်းအဝန်းမှ ကျယ်ကျယ်ပြန့်ပြန့် လက်ခံ ကျင့်သုံးနေသော စံနှုန်းများ၊ တန်ဖိုးများ၊ စိတ်ကူးစိတ်သန်းများ၊ အတွေးအခေါ်များ၊ ထိုနိုင်ငံမှ ထွက်ကုန်များ၊ အမှတ်တံဆိပ်များသည် ထိုနိုင်ငံ၏ Soft Power အရင်းအမြစ်များ ဖြစ်ကြသည်။ ဥပမာ- ဒီမိုကရေစီစနစ်ကို လွတ်လပ်မှု၊ လူသားတဦးချင်းစီ၏ ဖြစ်တည်မှုကို တန်ဖိုးထားမှုများဟု နှစ်လိုဖွယ်ရာအဖြစ်မြင်လေ့ရှိရာ ထိုတန်ဖိုးများသည် Soft Power အရင်း အမြစ်များပင်ဖြစ်သည်။ ထို့နည်းတူပင် ရုပ်ရှင်များ၊ ဂီတများကလည်း နိုင်ငံတနိုင်ငံ၏ နှစ်လိုဖွယ် ပုံရိပ်ကိုဖြစ်စေသော Soft Power အရင်းအမြစ်များ ဖြစ်နိုင်သည်ဆိုသောအချက်ကို ကိုရီးယားဇာတ်လမ်းများ၊ K-pop ဂီတနှင့် မြန်မာပြည်သူများ၏ ကိုရီးယားနိုင်ငံအပေါ်ထားရှိသော ယေဘုယျအမြင်များက သက် သေခံနေသည်။ ၂၀၀၀ ပြည့်နှစ်ဆန်းပိုင်းမတိုင်ခင်တွင် ကိုရီးယားနိုင်ငံအားသိရှိသော မြန်မာ ပြည်သူ အကန့်အသတ်နှင့်သာရှိသော်လည်း ဆယ်စုနှစ်တခုအတွင်း ကိုရီးယား စားသောက်ဆိုင် များ၊ ကိုရီးယားအသုံးအဆောင်ပစ္စည်းများကို မက်မက်မောမော ဝယ်ယူသုံးစွဲလာကြသည်မှာ လည်း နှစ်လိုဖွယ်ပုံရိပ်၏ အင်အားများပင်ဖြစ်သည်။ အထက်ပါ အရင်းအမြစ်များသည် နိုင်ငံ တနိုင်ငံ၏ နှစ်လိုဖွယ်ပုံရိပ်ကိုဖော်ဆောင်ပြီး တခြားနိုင်ငံသားများက ထိုနိုင်ငံအား အပြုသဘော ဆောင်သော အမြင်မျိုးကို ဖြစ်စေနိုင်သည်။

တဖက်တွင်လည်း အစိုးရက ထိုအရင်းအမြစ်များကို စနစ်တကျအသုံးချကာ မိမိနိုင်ငံ၏နှစ်လိုဖွယ်ပုံရိပ်ကို မြှင့်တင်နိုင်ရန် ပံ့ပိုးပေးသော လှုပ်ရှားမှုများလည်းရှိသည်။ ထိုလှုပ်ရှားမှုများကို Soft Power Tools များဟု ခေါ် နိုင်သည်။ ဥပမာအားဖြင့် ပညာသင်ဆုများ၊ Exchange Program များ၊ လူထုရေးရာ သံတမန်ရေးလှုပ်ရှားမှုများ (Public Diplomacy) ပါဝင်သည်။ ထူးချွန်ထက်မြက် ပြီး အလားအလာရှိသောသူများကို ပညာသင်ဆုများပေးခြင်း၊ ဖလှယ်ရေး အစီအစဉ်များတွင် ပါဝင်စေခြင်းဖြင့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံကြသည်။

ကမ္ဘာတဝန်းတွင် အမေရိကန်နိုင်ငံမှ ဖလှယ်ရေးအစီအစဉ်များ၌ပါဝင်ခဲ့ဖူးသူပေါင်း တသန်းကျော်ရှိထားပြီးဖြစ်ကာ ၎င်းတို့အနက် ၅၀ ကျော်မှာ နိုဘယ်ဆုရှင်များနှင့် ၃၅၀ ကျော်မှာ နိုင်ငံနှင့် အစိုးရခေါင်းဆောင်များ ဖြစ်လာခဲ့သည်။ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်းများဖြစ်ကြသည့် တိုနီဘလဲနှင့် ဂေါ်ဒွန်ဘရောင်းတို့သည် ဝန်ကြီး ချုပ်မဖြစ်ခင်ကာလတွင် အမေရိကန်၏ ဖလှယ်ရေးအစီအစဉ်များ၌ ပါဝင်ခဲ့ဖူးသူများ ဖြစ်ကြသည် (US Department of State)။ ထို့အပြင် အစိုးရက ယဉ်ကျေးမှုပွဲတော်များ ကျင်းပခြင်း၊ နိုင်ငံ ခြားသားများအတွက် ဘာသာစကားသင်တန်းများ ဖွင့်လှစ်ခြင်း၊ လူထုရေးရာ သံတမန်နည်းလမ်း တို့ဖြင့် ၎င်းတို့၏ယဉ်ကျေးမှုကို နိုင်ငံခြားသားများ နှစ်သက်လာစေရန် ဆောင်ရွက်ကြသည်။ အခြားနိုင်ငံများမှ ပြည်သူလူထုအား လူမှုရေးရာ အကူအညီများပေးခြင်းဖြင့် မိမိနိုင်ငံ၏ပုံရိပ် ကောင်းမွန်စေရန် ဆောင်ရွက်ကြသည်။

သို့ဖြစ်ရာ တရုတ်၏ မြန်မာမူဝါဒသစ်ဖြစ်သော အလွှာစုံဆက်ဆံရေးမူဝါဒနှင့် လူထု ဦးတည် သံတမန်ရေးရာလှုပ်ရှားမှုများကို Soft Power ဖြန့်ကျက်မှု မူဘောင်အတွင်းမှ ရှုမြင်လာ ကြသည်။ မြန်မာနိုင်ငံအတွင်းမှ မူဝါဒဖော်ဆောင်မှုနှင့် ပြည်သူတို့၏အမြင်ကို လွှမ်းမိုးနိုင်စွမ်း ရှိသည့် အင်အားစုအသီးသီးဖြင့် အပြန်အလှန် ဆက်ဆံရေးတရပ် တည်ဆောက်ခြင်းဖြင့် လက်ရှိ နှင့် အနာဂတ်စီမံကိန်းများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ မြန်မာ့အလွှာအသီးသီး နှင့် ထိတွေ့ဆက်ဆံပြီး အပြန်အလှန်ရင်းနှီးစေခြင်း၊ တရုတ်နိုင်ငံ၏ သဘောထားဆန္ဒနှင့် ရပ်တည်ချက်တို့ကို မြန်မာပြည်သူများအား ပိုမိုနားလည်စေခြင်း၊ တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု များကို ကိုယ်တွေ့ခံစားတွေ့မြင်နိုင်ပြီး တရုတ်နိုင်ငံ၏ နှစ်လိုဖွယ်ပုံရိပ်တခုကို တည်ဆောက်ခြင်း ဖြစ်သည်ဟု ယေဘုယျအားဖြင့် ရှုမြင်ကြသည်။ တရုတ်နိုင်ငံကို ရင်းနှီးချစ်ခင်သော အိမ်နီးချင်း ကောင်း၊ တာဝန်သိသော ရင်းနှီးမြှုပ်နှံသူအဖြစ် ရှုမြင်ပါက တရုတ်တို့၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း များအပေါ် ဆန့်ကျင်ကန့်ကွက်မှုများ လျော့နည်းလာနိုင်သည်။

'တရုတ်စက် တရက်စုတ်' ဟုပင် ပြောစမတ်ပြုခဲ့ရသော တရုတ်နိုင်ငံမှကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် နည်းပညာများကို သံသယရှိသော မြန်မာနိုင်ငံသားများကို တရုတ်နိုင်ငံသို့ ခေါ်သွားပြီး တရုတ်၏ နည်းပညာအဆင့်အတန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုများကိုပြခြင်းဖြင့် တရုတ် စီမံကိန်းများအပေါ်တွင် ယုံကြည်မှုတိုးတက်လာစေနိုင်သည်။ The Straits Times သတင်းစာတွင် မြန်မာနိုင်ငံမှ သတင်းစာဆရာများ၊ သံဃာတော်များနှင့် အခြား အလွှာအသီးသီးမှ ပုဂ္ဂိုလ်များ ကို တရုတ်နိုင်ငံသို့ခေါ်ယူခြင်းသည် မြန်မာပြည်သူများ၏ နှစ်လိုဖွယ်အမြင်ကိုရရှိရန်ဆောင်ရွက်သော Soft Power တည်ဆောက်မှု ဖြစ်သည်ဟု ဆိုထားသည်။ ထိုသတင်းဆောင်းပါးမှာပင် ယူနန်တက္ကသိုလ်မှ ကထိကတဦးက တရုတ်နိုင်ငံသည် အစိုးရချင်းဆက်ဆံရေးသာမက ပြည်သူ ချင်း ဆက်ဆံရေးကိုပါ ဖော်ဆောင်ရန် လိုအပ်သည်ဟု နားလည်သဘောပေါက်လာခဲ့ပြီး ၎င်း၏မူဝါဒကိုပြောင်းကာ Soft Power တည်ဆောက်ရေးကို ပိုမိုဆောင်ရွက်လာခဲ့သည်ဟု

မှတ်ချက် ပေးခဲ့သည် (The Straits Times, 2017)။

လူထုရေးရာသံတမန်ရေးလှုပ်ရှားမှုကို ပြည်ပနိုင်ငံသားများအား ဦးတည်သည့် ဝါဒဖြန့် လှုပ်ရှားမှုဟု ပြောကြသည်များလည်းရှိသည်။ သို့သော် လူထုရေးရာသံတမန်ရေးလှုပ်ရှားမှုနှင့် ပြည်ပဝါဒဖြန့်ချိခြင်းများသည် အခြေခံအားဖြင့် ကွဲပြားချက်များရှိသည်။ နှစ်ခုစလုံး၏ ရည်ရွယ်ချက်မှာ ၎င်း၏ပုံရိပ်ကောင်းမွန်စေရန်နှင့် မူဝါဒများအား ထောက်ခံစေရန်ဖြစ်သော်လည်း လူထုရေးရာ သံတမန်ရေးလှုပ်ရှားမှုသည် အပြန်အလှန်ဆက်ဆံသည့်သဘော ပိုမိုသက်ရောက်ပြီး ပြည်ပဝါဒဖြန့်ချိမှုသည် အပြန်အလှန်မရှိသော တကြောင်းတည်းဆက်ဆံမှုဖြစ်သည်။ လူထုသံတမန်လှုပ်ရှားမှု၌ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပြည်သူလူထု၏အသံကို ထည့်သွင်းစဉ်းစားခြင်းမျိုးပါရှိသော်လည်း ဝါဒဖြန့်ချိမှုသည် ၎င်း၏မူဝါဒကို နှစ်ခြိုက်လက်ခံလာစေရန် တိုက်တွန်းဆောင်ရွက်ခြင်းဖြစ်သည်။ လူထုသံတမန်ရေးလှုပ်ရှားမှုသည် ရေရှည်တွင် အပြုသဘောဆောင်သော ယေဘုယျဆက်ဆံရေးတရပ် ဖော်ဆောင်ရန်ရည်ရွယ်ပြီး ဝါဒဖြန့်ခြင်းတွင်မူ မြင်သာသော ရေတိုရည်မှန်းချက်များ ပါဝင်နေတတ်သည်ကို တွေ့ရသည်။ တခါတရံတွင် Soft Power ခေါင်းစဉ်အောက်၌ ဦးတည်လူထုအကြားတွင် လက်မခံနိုင်သော စီမံကိန်းများကို အကောင်အထည်ဖော်ရန် တိုက်တွန်းသည့် ဝါဒဖြန့်ခြင်းများအား ဆောင်ရွက်သည့်အခါ ထိုလှုပ်ရှားမှုသည် Soft Power ဖြန့်ကျက်နိုင်မှုအပေါ် အဟန့်အတား ဖြစ်စေတတ်သည်ကို တွေ့ရသည်။

အနုစားလွှမ်းမိုးမှု (Sharp Power) ရှုထောင့်အမြင်

အခြားနိုင်ငံတနိုင်ငံ၏ အပြုအမူများ၊ မူဝါဒများကို သက်ရောက်လွှမ်းမိုးမှုရှိနိုင်စေရန် အာဏာရှင်နိုင်ငံတချို့၏ ကြိုးပမ်းမှုများသည် ပေါ်ပေါ်ထင်ထင် အကျပ်ကိုင်ဖိအားပေးသည့် Hard Power မဆန်သော်လည်း ၎င်း၏တန်ဖိုး၊ယဉ်ကျေးမှုဓလေ့များအား နှစ်လိုဖွယ်ဖြစ်လာစေခြင်း သက်သက်ကိုသာ အားကိုးထားသော Soft Power ချဉ်းကပ်မှုမျိုးလည်း မဟုတ်ဟု ပညာရှင်တချို့က ထောက်ပြကြသည်(Walker & Ludwig, 2017)။ အာဏာရှင်အစိုးရများသည် ၎င်း၏ပြည်တွင်း၌ နိုင်ငံရေးဗဟုဝါဒများ၊ လွတ်လပ်စွာထုတ်ဖော်မှုများကို ဖိနှိပ်ပြီး ချုပ်ကိုင်နိုင်မှုကို ထိန်းသိမ်းထားသကဲ့သို့ နိုင်ငံတကာနယ်ပယ်တွင်လည်း အလားတူနည်းလမ်းများကို ကျင့်သုံးနေကြသည်။ လွန်ခဲ့သော ဆယ်စုနှစ်တခုအတွင်း တရုတ်နိုင်ငံသည် ငွေကြေး အမြောက်အမြားသုံးကာ ပြည်သူချင်းဆက်ဆံရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ သတင်းဌာနများ၊ ပညာရေးအစီအစဉ်များ စသည်ဖြင့် ကမ္ဘာတဝှမ်းရှိ လူထုများ၏အမြင်များအပေါ် သက်ရောက်လွှမ်းမိုးနိုင်ရန် ကြိုးပမ်းခဲ့သည်။ ထိုအစီအစဉ်များသည် ယေဘုယျအားဖြင့် ဆွဲဆောင်စည်းရုံးမှုကို ဦးတည်သော Soft Power လှုပ်ရှားမှုတခုဖြစ်သည့် လူထု သံတမန်ရေးရာ ဆောင်ရွက်မှုအဖြစ် ယူဆ နိုင်သော်လည်း ကွဲပြားသည်မှာ ၎င်း၏အယူ အဆနှင့် မူဝါဒများကို သွတ်သွင်းလက်ခံ စေပြီး အမြင်မတူသည်များကို

ကန့်သတ် ဖိနှိပ်ထားရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု လေ့ လာသူ တချို့ကသုံးသပ်သည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံမှ ကျင့်သုံးဆောင်ရွက်လျက် ရှိသော အချို့သော အလွှာစုံဆက်ဆံမှုပုံစံ များနှင့် လူထုသံတမန်နည်းလမ်းများသည် Soft Power ဟုမဆိုသာဘဲ အနုနည်းဖြင့် လွှမ်းမိုးမှု Soft Influence သို့မဟုတ် နိုင်ငံ ရေးအရ လွှမ်းမိုးမှု Political Influence သာ ဖြစ်ကြောင်း ထောက်ပြကြသည်။ တရုတ် နိုင်ငံနှင့် အခြား အာဏာရှင်နိုင်ငံတချို့ အသုံး ပြုသော နည်းလမ်းတချို့သည် နှစ်လိုဖွယ် ရှိပြီး အပြုသဘောဆောင်သည့် Soft Power အယူအဆများနှင့် အခြေခံအားဖြင့်ကွဲပြားရာ ပညာရှင်တချို့ကလည်း Sharp Power သည် အများပြည်သူများ၏စိတ်နှလုံးကို သိမ်းပိုက်နိုင်ရန်၊ ဆွဲဆောင်စည်းရုံးနိုင်ရန် ရည်ရွယ်ဆောင် ရွက်ခြင်းမျိုးမဟုတ်ဘဲ သတင်းအချက်အလက်များ၊ လှုပ်ရှားဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင် များကို ကန့်သတ်ရန် ကြိုးပမ်းခြင်းဖြင့် တဖက်သားအား ကြိုးကိုင်ခြယ်လှယ်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ကြသည် (Walker & Ludwig, 2017)။

တရုတ်၏ အလွှာစုံမူဝါဒ တစိတ်တဒေသကို အပျော့စားအာဏာ (Soft Power) ရှုထောင့် မှ နားလည်နိုင်သော်လည်း ထိုမူဝါဒသစ်၏ အစိတ်အပိုင်းတချို့သည် ဆွဲဆောင်နိုင်မှုအင်အား (power of attraction) ကို ဖြန့်ကျက်ခြင်းထက် ပိုနေသည်ကိုတွေ့ရသည်။ Soft Power အယူ အဆအား စတင်ဖော်ထုတ်ခဲ့သူ ဂျိုးဇက်နိုင်းလ်၏အဆိုအရ Soft Power နှင့် Sharp Power တို့ ၏အဓိကကွာခြားချက်သည် အမှန်တရားနှင့် ပွင့်လင်းမှုဖြစ်သည်။ နိုင်ငံတနိုင်ငံ၏နိုင်ငံပိုင်သတင်း ဌာနတခုသည် တခြားနိုင်ငံများ၌ ပွင့်ပွင့်လင်းလင်းအသံလွှင့်ခြင်းသည် Soft Power ဖြစ်ပြီး တခြားနိုင်ငံ၏ ပြည်တွင်းသတင်းနှင့်မီဒီယာများကို တိတ်တဆိတ်ပံ့ပိုးခြင်းသည် Sharp Power ဖြစ်သည်ဟုဆိုသည်။ ထို့အတူ သတိပြုရန်တချက်မှာ အစိုးရတရပ်သည် လူထုရေးရာ သံတမန် နည်းလမ်းများကိုသုံးကာ နိုင်ငံခြားတိုင်းပြည်တခု၏ ပြည်သူပြည်သားတို့ကို ဦးတည် ထိတွေ့ ဆောင်ရွက်ပြီး ထိုသူများအကြား ၎င်းတို့၏ပုံရိပ်ကိုမြှင့်တင်ရန်နှင့် ၎င်းတို့၏မူဝါဒများကို နှစ်သက် လာစေရန် ဆောင်ရွက်ခြင်းသည် Sharp Power ဖြစ်သည်။ သို့သော် ထိုသူများရရှိနိုင်သော သတင်းအချက်အလက် အရင်းအမြစ်များကို နောက်ကွယ်မှလွှမ်းမိုးခြင်း၊ ကြိုးကိုင်ခြင်းဖြင့် ထိုသူ များ၏လိုလားချက်များကို ပြောင်းလဲယိမ်းယိုင်လာစေရန် ဆောင်ရွက်ခြင်းသည် Sharp Power ဖြစ်သည်။

နယူးဇီလန်ပညာရှင်တဦးဖြစ်သူ အန်းန် မေရီ ဘရေဒီက သူ၏ ပဉလက်လက်နက်များ ဟူသော စာတမ်းတစောင်တွင် တရုတ်၏ အလွှာစုံဆက်ဆံရေး နည်းလမ်းများအား နိုင်ငံခြား တိုင်းပြည်များနှင့် ဆက်ဆံရေး၌ ပါတီနိုင်ငံရေး၊ သတင်းမီဒီယာများနှင့် ပညာရေးလုပ်ငန်းများသို့ ထိုးဖောက်ဝင်ရောက်ကာ အဆိုပါတိုင်းပြည်၏ ပြည်သူလူထုနှင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ သူများ၏ အမြင်များအား လွှမ်းမိုးနိုင်ရန်ကြိုးပမ်းသည့် နည်းလမ်းတခုဟုဆိုခဲ့သည် (Brady, 2017)။ ထိုစာတမ်းတွင် တရုတ်နိုင်ငံသည် နိုင်ငံခြားတိုင်းပြည်များမှ သက်ရောက်နိုင်မှုရှိသည့်

နိုင်ငံရေးသမားများအား ပြည်သူချင်း အဆက်အသွယ်ကောင်းများကို သိမ်းသွင်းကာ အစိုးရ၏မူဝါဒများကို လွှမ်းမိုးနိုင်ရန်နှင့် တရုတ်၏ နိုင်ငံခြားရေးမူဝါဒများကို အထောက်အပံ့ဖြစ်စေရန် နည်းလမ်းတခုအဖြစ် အသုံးပြုလျက်ရှိသည်ဟု ဖော်ပြထားသည် (Brady, 2017; p.31)။

တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Soft Power ဖြန့်ကျက် ရေး အစီအစဉ်များသည် ယေဘုယျလက်ခံထားသော အယူအဆများနှင့် ကွာခြားသည့်အချက်မှာ အစိုးရ၏ ဦးစီးဦးဆောင်ပြုမှုဖြစ်သည်။ ဤအချက်ကလည်း တရုတ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် အယူအဆများမှာ တရုတ် Soft Power လှုပ်ရှားမှုများအပေါ် သက်ရောက်မှုများရှိနေသည်ကို ဖော်ပြလျက်ရှိသည်။ Soft Power ဟူသောအယူအဆသည် ဒီမိုကရေစီနှင့် အရပ်ဘက်အဖွဲ့အစည်းအားကောင်းသော အနောက်နိုင်ငံများ၏ လူ့အဖွဲ့အစည်းယဉ်ကျေးမှု၊ တန်ဖိုးနှင့် စံနှုန်းများအပေါ်တွင် အခြေတည်စဉ်းစားခဲ့ခြင်းဖြစ်သည်။ ထိုနည်းတူ တရုတ်၏ Soft Power အယူအဆသည်လည်း ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုအရေး အမြင်များအပေါ်တွင် အခြေခံပြီးပေါ်ပေါက်လာသည်ကို နားလည်ရမည်ဖြစ်သည်။ ထိုလှုပ်ရှားမှုများသည် Soft Power အယူအဆများနှင့်ပုံစံအားဖြင့်တူညီသည်ဟု ယူဆဖွယ်ရာရှိသော်လည်း ကျင့်သုံးသောနိုင်ငံများ၏ နောက်ခံအခြေအနေ၊ မဟာဗျူဟာယဉ်ကျေးမှု ရှုထောင့်များအပေါ်တွင် မူတည်ပြီး လုပ်ထုံးလုပ်နည်း၊ အနှစ်သာရပိုင်းဆိုင်ရာနှင့် ရည်ရွယ်ချက်ပိုင်းဆိုင်ရာများ ကွဲပြားခြားနားမှု ရှိနေတတ်သည်။ သို့ဖြစ်ရာ လွတ်လပ်သော ဒီမိုကရေစီနိုင်ငံများ၏ နိုင်ငံရေးနှင့် လူမှုရေး အခြေအနေများအပေါ် တွင် အခြေတည်ပြီး ပေါ်ပေါက်လာခဲ့သည့် Soft Power အယူအဆအပေါ်တွင် တိကျစွာ သုံးသပ် နိုင်ရန်ခက်ခဲသည်။ အထူးသဖြင့် လက္ကားနိုင်ငံတကာဆက်ဆံရေးသီအိုရီ အယူအဆတခု အောက်၌ ခြုံငုံသုံးသပ်မှုမျိုးသည် မူဝါဒဆောင်ရွက်ချက်များကို နားလည်မှုလွဲမှားခြင်း ဖြစ်စေနိုင် သည်ကို သတိချပ်သင့်ပါသည်။ သို့ဖြစ်ရာ တရုတ်တို့၏ Soft Power ဖြန့်ကျက်သည့် နည်းလမ်းတခုဖြစ်သော အလှူတစုံဆက်ဆံရေးနည်းလမ်းကို သမားရိုးကျအမြင်များမှ ဖောက်ထွက်ကာ တရုတ်လူမှုရေးဓလေ့တခုဖြစ်သည့် ကွမ်းရှိ (Guanxi) မဟာဗျူဟာယဉ်ကျေးမှု ရှုထောင့်မှ နားလည်ကြည့်ရန် ကြိုးစားထားခြင်းဖြစ်ပါသည်။

အလှူတစုံဆက်ဆံရေးနှင့် ကွမ်းရှိဆက်ဆံရေး ယဉ်ကျေးမှုရှုထောင့်အမြင်

ယဉ်ကျေးမှုဆိုသည်မှာ လူ့အသိုင်းအဝိုင်းတခုအတွင်း သင့်တင့်လျောက်ပတ်သည်ဟု တန်ဖိုးထားလက်ခံနေသော အတွေးအမြင်များ၊ အပြုအမူများဖြစ်သည်။ အချင်းအရာတခုပေါ် လူသားတို့၏ ရှုမြင်နားလည်ပုံသည် ၎င်းတို့ ယုံကြည်လက်ခံထားသော ယဉ်ကျေးမှုဓလေ့များ အပေါ် များစွာအခြေခံသည်။ သို့ဖြစ်ရာ လူတဦးတယောက်၏ အပြုအမူ၊ ဆုံးဖြတ်ချက်များသည် ယဉ်ကျေးမှုမူဘောင်အတွင်း ပုံပေါ်လာသည်။ ထို့အတူ နိုင်ငံများ၏ မူဝါဒအပြုအမူများကို သုံး

သပ်ရာတွင် နိုင်ငံများ၏ မဟာဗျူဟာတွက်ချက်မှုများ၌ ၎င်းတို့လက်ခံထားသော ယဉ်ကျေးမှုများအား ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း ထောက်ပြလာကြသည် (Colin, 1981; Carnes, 1985)။

၂၁ ရာစုအဝင်မှစကာ တရုတ်သည် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အရေးပါသောအခန်း ကဏ္ဍ၌ ပါလာပြီး ကမ္ဘာလုံးချီပြဿနာများဖြေရှင်းရာတွင် တရုတ်၏ရပ်တည်ချက်သည် အခရာကျလာခဲ့သည်။ ထိုသို့သောအခြေအနေမျိုးတွင် ကမ္ဘာကြီးအား တရုတ်နိုင်ငံ၏ ရှုမြင်ပုံကို နားလည်ရန် လိုအပ်လာသည်။ အထူးသဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အသွင်လက္ခဏာတို့ကို နိုင်ငံရေး၊ လူမှုရေး သီအိုရီများတွင် ဂုဏ်ယူစွာထည့်သွင်းလေ့ရှိသော တရုတ် နိုင်ငံရေးမဟာဗျူဟာ တွက်ချက်မှုကို နားလည်ရာ၌ တရုတ်တို့၏ အတွေးအခေါ်များအား လွှမ်းမိုးထားသော ယဉ်ကျေးမှုဓလေ့များကို ထည့်သွင်းစဉ်းစားနိုင်ရန် အရေးကြီးသည်။ တရုတ်၏ အလွှာစုံဆက်ဆံရေးကို ပိုမိုပြည့်စုံစွာသုံးသပ်နိုင်ရန် တရုတ် လူမှုဆက်ဆံရေးအခြေခံဖြစ်သော Guanxi ယဉ်ကျေးမှုကို နားလည်ရန် လိုအပ်သည်ဟု ယူဆပါသည်။

ကွမ်းရှိ (Guanxi) ကို ဆက်ဆံရေးဟု တိုက်ရိုက်ဘာသာပြန်နိုင်သော်လည်း တရုတ်တို့၏ ကွမ်းရှိယဉ်ကျေးမှုသည် သမားရိုးကျဆက်ဆံရေးများထက် ကျယ်ပြန့်သော သဘောတရားများ ပါဝင်နေသည်။ တရုတ်တို့၏ လူမှုဆက်ဆံရေးတွင် ကွမ်းရှိသည် အလွန်အရေးပါပြီး လူမှုဘဝတွင် အောင်မြင်မှုသည် ထိုသူတဦးတယောက်၏ ကွမ်းရှိ တည်ဆောက်နိုင်မှုအပေါ်တွင် မူတည်သည်။ မိတ်ဖက်ဆက်ဆံရေးကိုအသုံးပြုပြီး အရင်းအမြစ်များကို လွယ်ကူစွာရရှိစေခြင်း၊ ထိန်းချုပ်ထားသော သတင်းများကို ပိုမိုရရှိစေခြင်း၊ အခြားပြိုင်ဘက်များကို အသာစီးရစေခြင်းတို့ကို ကွမ်းရှိယဉ်ကျေးမှုတွင် တွေ့ရသည် (Lee & Jae Pae, 2001)။ အောက်စဖို့ဒ်အဘိဓာန်၌ ကွမ်းရှိဟူသော ဝေါဟာရကို 'စီးပွားရေးလုပ်ငန်းများနှင့် အခြား ပတ်သက်ဆက်နွယ်မှုများကို အဆင်ပြေချောမွေ့စေသည့် လူမှုရေးကွန်ရက်များဖြင့် လွှမ်းမိုးနိုင်မှုရှိသော ဆက်ဆံရေးပုံစံ'ဟု ဖွင့်ဆိုထားသည်။ ကွမ်းရှိသည် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် အပြန်အလှန်မျက်နှာသာပေးမှုများဖြင့် တည်ဆောက်ထားသည့် ပုဂ္ဂိုလ်ချင်းဆက်ဆံရေးတခု ဖြစ်သည် (Luo, 2000)။ တရုတ်တို့၏ လူမှုရေးအပြုအမူများကို နားလည်ရန်နှင့် အဓိပ္ပာယ်ကောက်ယူနိုင်ရန် ကွမ်းရှိမည်ကဲ့သို့အလုပ်လုပ်သည်ဆိုခြင်းအား သဘောပေါက်နားလည်ရန် လိုအပ်သည် (Zhu & Hong, 2009)။

တရုတ် လူမှုဆက်ဆံရေးယဉ်ကျေးမှု၌ အောက်ပါလက္ခဏာများရှိသည်။ ပထမအချက် အနေဖြင့် ပုဂ္ဂိုလ်ချင်းဆက်ဆံရေးသည် အလုပ်သဘောဆက်ဆံရေးများ၏ အခြေခံဖြစ်သည် (McLaughlin, 2013)။ ဒုတိယအချက်မှာ တရုတ်ယဉ်ကျေးမှုအရ ဆက်ဆံရေးတရပ်ကို ရေရှည် စဉ်းစားပြီး ရင်းနှီးမြှုပ်နှံလေ့ရှိသည်။ ဆိုလိုသည်မှာ တစုံတဦးကို တခုခုကူညီပေးခြင်း၊ မျက်နှာသာပေးခြင်းအားဖြင့် ရေရှည်တွင် ထိုသူထံမှ အကူအညီများကို မျှော်လင့်ကြသည် (Smart, 1993)။

တတိယအချက်မှာမူ ကွန်းရှိတွင် အပြန်အလှန်ရှိခြင်းကို လူမှုရေးရာ တာဝန်တရပ်အဖြစ် ရှုမြင်ကြပြီး အပြန်အလှန်ရှိရန် ပျက်ကွက်ခြင်းသည် လူမှုရေးဆိုင်ရာ တာဝန်များကို ပျက်ကွက်ခြင်းအဖြစ် ယူဆကြသည် (Lo & Otis, 2003)။

အချို့ပညာရှင်များကလည်း ကွန်းရှိကို အများလက်ခံကျင့်သုံးနေသည့် အယူအဆတခု ဖြစ်သော ဆက်ဆံရေးကွန်ရက် တည်ဆောက်ခြင်း လူမှုရေး ရင်းနှီးမြှုပ်နှံမှုများနှင့်မကွာဟု ထောက်ပြကြသည် (Ying & Walker, 2006) ဆက်ဆံရေးတခုကို တည်ဆောက်ရာတွင် အပြန် အလှန်ရှိခြင်းကို မျှော်လင့်တတ်ကြသော်လည်း ကွန်းရှိ၏ထူးခြားချက်မှာ အပြန်အလှန်ရှိမှုကို တာဝန်ဝတ္တရားတခုအဖြစ် ရှုမြင်ခြင်းဖြစ်သည်။ ကွန်းရှိကို စတင်တည်ဆောက်နေသောအချိန် တွင် တရုတ်လူမျိုးများသည် ၎င်းတို့၏သဘောထားကြီးမှု ပိုပြနိုင်ရန် အလွန် ဧည့်ဝတ်ကျေပြီး ရက်ရောကြတတ်သည်။ ပြဿနာများ၊ ပဋိပက္ခများကို ဖော့ထားတတ်သည်။ ကွန်းရှိဆက်ဆံရေး သည် မျက်နှာသာပေးခြင်းဖြင့် တာဝန်ဝတ္တရားအကြွေးများကို ဖန်တီးခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အချိန်အကန့်အသတ်မရှိသော ရှေ့လာမည့် ဆက်ဆံရေးများ၌ ၎င်းတို့အား မျက်နှာသာပေးရန် ဝတ္တရားတခုကို တဖက်သားအတွက် ဖန်တီးလိုက်သည် (Gold & Guthrie, 2002)။ သို့သော် ကွန်းရှိဆက်ဆံရေးအတွင်း ဝင်သွားသည်နှင့် တဖက်လူတွင် အပြန်အလှန်ရှိရန် လူမှုရေးဝတ္တရားရှိသည်ဟု မှတ်ယူထားလေ့ရှိသည် (King, 1992)။ ထိုဝတ္တရား ပျက်ကွက်ခြင်းကို လူမှုရေးဝတ္တရားချိုးဖောက်မှုအဖြစ် မြင်ပြီး ဆက်ဆံရေးပျက်ပြားသည်အထိ ဦးတည်သွားနိုင် သည် (Dunning & Kim, 2007)။

လက်ရှိအချိန်အထိ ကွန်းရှိအား လေ့ လာမှုအများစုသည် စီးပွားရေးနှင့် လူမှုဆက် ဆံရေးနယ်ပယ်တွင် ဖြစ်သော်လည်း နိုင်ငံ တကာဆက်ဆံရေး၌လည်း စတင်ထည့်သွင်း စဉ်းစားလာသည်ကို တွေ့ရသည်။ တရုတ် တို့၏ ကွန်းရှိ သဘောထားအမြင်ကို အခြေ ခံပြီး တရုတ်-ဗီယက်နမ် ဆက်ဆံရေးအပေါ် ရေးသားထားသည့် ဆောင်းပါးတခု၌ ဤသို့ သုံးသပ်ထားသည်။ ဗီယက်နမ်နိုင်ငံအား လွှမ်းမိုးနိုင်ရန်အတွက် ဆက်ဆံရေး၏ အစ ပိုင်းတွင် တရုတ်တို့သည် နယ်စပ်နှင့် ပင် လယ်ပိုင်နက် အငြင်းပွားမှုများကို ဘေးချိတ် ပြီး ၎င်းတို့ ကျပ်တည်းနေသည့်ကြားမှပင် အနစ်နာခံမှုများ ပြုလုပ်၍ ဗီယက်နမ်နိုင်ငံ အား နိုင်ငံရေးအရထောက်ပံ့မှုများနှင့် များ စွာသောအကူအညီများ ပေးခဲ့သည်။ ၎င်းတို့ အပေါ် ကျေးဇူးကျွေးတင်နေသည့် ဗီယက်နမ် နိုင်ငံက အပြန်အလှန်ရှိမှုကို မျက်ကွယ်ပြုပြီး ၎င်းတို့နှင့် ဆန့်ကျင်ဘက်လမ်းကြောင်းသို့ သွား သောအခါ ဆက်ဆံရေးပျက်စီးခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် စစ်ပွဲဆင်နွှဲခဲ့သည်အထိ ဖြစ်ခဲ့ရသည့်အပြင် တရုတ်-ဗီယက်နမ် ဆက်ဆံရေးသည်လည်း ကာလအတန်ကြာ အေးစက်သွားခဲ့သည်ဟု သုံးသပ် ထားသည် (Uemura, 2012)။ ၁၉၄၉ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း တရုတ်-ဗီယက်နမ် ဆက် ဆံရေးကို သက်ရောက်မှုရှိသည့် အခြားအကြောင်းအရာ များစွာရှိမည်ဖြစ်သော်လည်း တရုတ် နိုင်ငံ၏ ယဉ်ကျေးမှုအမြင်များသည် ထိုနိုင်ငံ၏ ပကတိအခြေအနေများအပေါ် သုံးသပ်မှုနှင့် နိုင်ငံ

ခြားရေးမူဝါဒအပေါ် သက်ရောက်မှုများ ရှိနေနိုင်ခဲ့သည်ကို တွေ့ရပါသည်။
ခေတ်သစ် တရုတ်-မြန်မာ ဆက်ဆံရေးသမိုင်းတလျှောက်တွင်လည်း ကွန်းရှိမှုဘောင် အတွင်းမှ အပြန်အလှန်လက္ခဏာများကို တွေ့နိုင်သည်။ ဥပမာ- ၂၀၀၇ ခုနှစ် တပ်မတော်အစိုးရ လက်ထက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာ့အရေးဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက ဗီတိုအာဏာနှင့်ပယ်ချခဲ့ပြီး မကြာခင်၌ပင် မြန်မာနိုင်ငံ၏ အလယ်ဗဟိုကိုဖြတ်ကာ တရုတ်နိုင်ငံကို ဘင်္ဂလားပင်လယ်အော်နှင့် ချိတ်ဆက်ပေးထားသည့် တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ပေါ်လာခဲ့သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာတွင် ဆယ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ်

# အလွှာစုံဆက်ဆံရေး

| | Soft Power | Sharp Power | Guan |
|---|---|---|---|
| အဓိပ္ပာယ် | နှစ်လိုဖွယ်ပုံရိပ်နှင့်<br>ဆွဲဆောင်စည်းရုံးနိုင်မှု<br>၎င်းတို့လိုချင်သည့်ရလဒ်များရရန်<br>ဆွဲဆောင်သည်။ | ကြိုးကိုင်ချယ်လှယ်မှု<br>၎င်းတို့လိုချင်သည့်ရလဒ်များ<br>ရရှိစေရန် အခြေအနေများကို<br>ဖန်တီးယူသည်။ | အပြန်အလှန်ဆ<br>၎င်းတို့၏ ရည်ရွ<br>လုပ်ငန်းများကို<br>အဆင်ပြေချော |
| ဦးစားပေးရည်ရွယ်ချက် | ယေဘုယျ | တိကျသော<br>နိုင်ငံရေး၊ စီးပွားရေး<br>ရည်ရွယ်ချက်များရှိသည်။ | ယေဘုယျ နှစ်<br>တိကျသော<br>စီးပွားရေး၊ နိုင်<br>နှစ်မျိုးလုံး ပါဝ |
| အရင်းအမြစ်များ | နိုင်ငံရေးစနစ်၊<br>လူ့အဖွဲ့အစည်းစံနှုန်းနှင့်<br>တန်ဖိုးများပါဝင်သည်။ | အစိုးရ၏<br>လွှမ်းမိုးချုပ်ကိုင်နိုင်မှုကို<br>ဖန်တီးယူသည်။ | လူမှုအရေးအရ<br>အရင်းအနှီးမျာ<br>ပါဝင်သည်။ |
| အဓိကဖြန့်ဝေသူ | အရပ်ဘက်လူ့အဖွဲ့အစည်းများ | အစိုးရ | အစိုးရကပံ့ပိုး<br>အရပ်ဘက်လူ့ |
| ဦးတည်ရာအုပ်စု | ယေဘုယျ<br>နိုင်ငံရပ်ခြားမှ<br>ပြည်သူလူထုကို<br>ဦးတည်သည်။ | နိုင်ငံရပ်ခြားမှ တရုတ်လူမျိုးများ၊<br>သီးခြားဦးတည်ရွေးချယ်ထားသော<br>နိုင်ငံရေးသမားများ။<br>မူဝါဒဖော်ဆောင်သူများကိုဦးတည်သည်။ | အာဏာရှိသူမျ<br>၎င်းတို့၏ စီမံကိ<br>အကျိုးစီးပွားမျ<br>တိုက်ရိုက်လွှမ်း<br>ဦးတည်သည်။ |
| အစိုးရ၏အခန်းကဏ္ဍ | ၎င်းတို့နိုင်ငံလူ့အဖွဲ့အစည်း၏<br>လွတ်လပ်ခွင့်များကို<br>အာမခံပေးခြင်းဖြင့်<br>soft power အတွက်<br>နေရာဖန်တီးပေးသည်။ | နိုင်ငံရပ်ခြား တရုတ်လူမျိုးများ၊<br>နိုင်ငံရေးသမားများအား နောက်ကွယ်မှ<br>ကြိုးကိုင်ပံ့ပိုးသည်။ အတွင်းလူများ<br>မွေးခြင်း၊ ထောက်ခံသူများဝယ်ယူခြင်း၊<br>အစီအစဉ်များကို ကန့်သတ်ခြင်း၊<br>သတင်းအချက်အလက်များကို<br>ကြိုးကိုင်ခြယ်လှယ်ခြင်း၊<br>ဝါဒဖြန့်ခြင်းပြုလုပ်သည်။ | ယဉ်ကျေးမှုဖလှ<br>လူထုရေးရာသံ<br>လုပ်ငန်းများကို<br>အရပ်ဘက်လူ့<br>အားပေးတိုက် |
| ရလဒ် | နိုင်ငံအေ၏ နိုင်ငံရေးစနစ်၊<br>နိုင်ငံခြားရေးမူဝါဒ၊<br>လူမှုတန်ဖိုးများကို<br>နိုင်ငံဘီမှ အကောင်းမြင်သဖြင့်<br>ထောက်ခံလာစေသည်။ | နိုင်ငံအေသည် နိုင်ငံဘီအတွင်းရှိ<br>၎င်းတို့အဆက်အသွယ်များကို အသုံးပြုကာ<br>၎င်းတို့အားထောက်ခံသည့် ဆုံးဖြတ်ချက်ကို<br>ပံ့ပိုး ဆောင်ရွက်သည်။ | ပုဂ္ဂိုလ်ရေးရာရ<br>အသုံးပြုကာ လ<br>အကောင်အထ |

ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့်ပတ်သက်သော မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးရာ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံဘက်မှရပ်တည်ကာ နိုင်ငံတကာဖိအားများမှ ကာကွယ်ပေးခဲ့ပြန်သည်။ နောက်ပိုင်းတွင် ကာလအတော်ကြာ ငြိမ်သက်နေခဲ့သော မြစ်ဆုံအရေး ပြန်လည်အစဖော်လာခဲ့သလို တရုတ်နိုင်ငံခြားရေးဝန်ကြီးခရီးစဉ်တွင် မန္တလေးကိုဖြတ်ကာ ယူနန်မှ ရန်ကုန်နှင့် ကျောက်ဖြူတို့ကိုချိတ်ဆက်မည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းကို တည်ဆောက်လိုကြောင်း ပြောသွားခဲ့ခြင်းသည်လည်း စဉ်းစားဖွယ်ရာဖြစ်သည်။

အလှာစုံဆက်ဆံရေးအား ကွန်းရှိရှုထောင့်အမြင်မှ မြင်ကြည့်ပါကလည်း နှစ်လိုဖွယ်ပုံရိပ် နှင့် ဆွဲဆောင်စည်းရုံးမှုအင်အား (Soft Power) ရှုထောင့်၊ အနုစားလွှမ်းမိုးနိုင်မှုအင်အား (Sharp Power) တို့နှင့် ထပ်တူမကျသော အမြင်သစ်တခုကို တွေ့ရမည်ဖြစ်ပါသည်။ ဥပမာ- အလှာစုံ သံတမန်ရေးလှုပ်ရှားမှု၏ အားသာချက်တခုမှာ အင်အားစုတခုခုက ဆောင်ရွက်ရန် အကန့်အသတ်ရှိသော အလုပ်တခု၊ ဆက်ဆံရေးတခုကို နောက်အင်အားစုတခုက ပုံစံတမျိုးဖြင့် ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်ကိုစီစဉ်ရာတွင် မည်သည့်ခေါင်းစဉ်ဖြင့် ဖိတ်ကြားမည်ဆိုခြင်းကို တရုတ်နိုင်ငံရှိ မူဝါဒအသိုင်းအဝိုင်းအကြား အငြင်းပွားမှုရှိခဲ့သည်။ အတိုက်အခံခေါင်းဆောင်၊ လွှတ်တော်ကိုယ်စားလှယ်တဦးအား တရုတ်နိုင်ငံ၏ခေါင်းစဉ်အောက်တွင် ဖိတ်ကြားရန် အဆင်မပြေသောကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နှောင့်နှေးနေ ခဲ့ရာ နောက်ဆုံးတွင် သမ္မတရှီကျင့်ဖျင်က ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနက ပါတီ ချင်းဆက်ဆံရေးအနေဖြင့်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့နည်းတူ နိုင်ငံရေးပါတီတည်ထောင် ရန် အလားအလာရှိသော ဦးကိုကိုကြီး ဦးဆောင်သည့် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ကို လည်း အရပ်ဘက်အဖွဲ့အစည်း ခေါင်းစဉ်အောက်၌ အလျင်အမြန်ပင် လက်ဦးမှုရယူကာ ဆက်ဆံရေးတည်ဆောက်ခဲ့သည်ကို တွေ့ရသည်။

အလှာစုံဆက်ဆံရေးတွင် ၎င်းတို့နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်လိုသည့် Soft Power၊ လွှမ်းမိုးချုပ်ကိုင်လိုသည့် Sharp Power စဉ်းစား ချက်များပါသလို ၎င်းတို့၏ ရေတို စီးပွားရေး၊ နိုင်ငံရေးအကျိုးစီးပွားများ အကောင်အထည်ဖော်ရာ၌ လိုအပ်သော အချိတ်အဆက်များကို ဖန်တီးလိုသည့် ကွန်းရှိစဉ်းစားချက်များလည်း ပါနေနိုင်သည်။ ထိုအဆက်အသွယ်များကို အဖွဲ့အစည်းအနေအဖြင့်သာမက ပုဂ္ဂိုလ်ရေး ရင်းနှီးမှုများပါ တည်ဆောက်ထားခြင်းဖြင့် သတင်းအချက်အလက်များရရှိခြင်း၊ ဦးစားပေးခြင်းများဖြင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ပိုမို အဆင်ပြေချောမွေ့စေခြင်းများကို အပြန်အလှန်အနေဖြင့် မျှော်လင့်ထားနိုင်သည်။ အခြား အရေးကြီးသည့်အချက်တချက်မှာ တဖက်မှ အခြားတဖက်အား အကျိုးပြုနိုင်သည့် လုပ်ပိုင်ခွင့်အာဏာ ဆုံးရှုံးသွားသည့် အခြေအနေအနေမျိုး သို့မဟုတ် တဖက်မှ အကြောင်းကြောင်းကြောင့် အပြန်အလှန်ရှိခြင်းကို မလိုက်လျောနိုင်သည့်အခါ ရေတိုစီးပွားရေး၊ နိုင်ငံရေး အကျိုးစီးပွားများကို

အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ လုပ်ပိုင်ခွင့်အာဏာနှင့် အပြန်အလှန်ရှိမှုဆိုသော နှောင်ကြိုးဖြင့် တည်ဆောက်ထားသော ကွန်းရှိဆက်ဆံရေးသည် ပြိုပျက်သွားတတ်သည်။

နိဂုံး

တရုတ်၏ လူထုဗဟိုပြု သံတမန်လှုပ်ရှားမှုများနှင့် အလွှာစုံဆက်ဆံရေးတို့သည် မည်သည့်အဓိပ္ပာယ်ဆောင်သည်၊ မည်သည့်ရလဒ်များကို ရည်မှန်းသည်ဆိုခြင်းမှာ တရုတ်၏ မြန်မာမူဝါဒများအပေါ် သက်ရောက်မှုများစွာရှိနေနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆွဲဆောင်စည်းရုံးမှုအင်အား (Soft Power)၊ ကြိုးကိုင်ချယ်လှယ်ခြင်း (Sharp Power) နှင့် လူမှုအရင်းအနှီးတည်ဆောက်ခြင်း (Guanxi) တို့သည် အယူအဆအားဖြင့် ကွဲပြားမှုများရှိသည့်နည်း တူ အကောင်အထည်ဖော်သည့် နည်းဗျူဟာများ၊ ရည်ရွက်ချက်များလည်း မတူညီကြပေ။ အချုပ်အားဖြင့်ဆိုရသော် Soft Power သည် ကျယ်ပြန့်ပြီး ရေရှည်သဘောဆောင်သော ယေဘုယျနှစ်လိုမှုကို ရရှိစေရန် ဦးတည်ဆောင်ရွက်သည်။ ရေတိုစီးပွားရေး၊ နိုင်ငံရေးအကျိုးစီးပွားများကို ဦးတည်ဆောင်ရွက်ခြင်း မဟုတ်ပေ။ Sharp Power သည် သတင်းအချက်အလက်၊ လူသားအရင်းအမြစ်များ၊ နိုင်ငံရေးသမားများအား ကြိုးကိုင်ခြင်းဖြင့် ၎င်းတို့၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ သို့သော် ကွန်းရှိသဘောအရ ရှုမြင်လျှင်မူ အလွှာစုံဆက်ဆံရေး၏ ပိုမိုအသေးစိတ်ကျသော အစိတ်အပိုင်းများကို နားလည်နိုင်ရန် မူဘောင်တခုသာ ဖြစ်နိုင်ပါသည်။ ထိုသဘောတရားအရ အလွှာစုံဆက်ဆံရေးသည် ယေဘုယျဆန်သော ပုံရိပ်ကောင်း များ၊ နှစ်လိုမှုများအပြင် ထိုဆက်ဆံရေးများကိုအသုံးချပြီး ရေတိုအကျိုးစီးပွားမြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များ ပါနေသေးသည်။ ထိုမူဝါဒအောက်ရှိ ရက်ရောမှုများ၊ ဖော်ရွေမှုများ၊ သဘောထားကြီးမှုများသည် တဖက်နိုင်ငံအား အပြန်အလှန်ဟူသော လေးလံသည့် ဝတ္တရားကြွေးများ တင်ပေးခဲ့ခြင်းဖြစ်ပြီး အခွင့်အခါသင့်သောအခါတွင် ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသည်ဆိုသော မျှော်မှန်းချက်မျိုး ပါရှိနေပါမည်။ ထိုယဉ်ကျေးမှုအရ ကောင်းမွန်သော ဆက်ဆံရေးတရပ်သည် အပြန်အလှန်ရှိပါသည်။ အပေးအယူရှိပါသည်။ တရုတ်တို့၏ အလွှာစုံဆက်ဆံရေးမူဝါဒတွင် အနောက်တိုင်းအယူအဆဖြစ်သော ဆွဲဆောင်နိုင်မှုအင်အားအပြင် တရုတ်ယဉ်ကျေးမှု၏ လွှမ်းမိုးမှုဖြစ်သော ကွန်းရှိယဉ်ကျေးမှု၏ လက္ခဏာများလည်း ထည့်သွင်း နားလည်သင့်ပါသည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံ၏ ပိုမိုတက်ကြွလာသော မြန်မာမူဝါဒနှင့် အလွှာစုံဆက်ဆံရေးကို အပျော့ထည်အာဏာ ဖြန့်ကျက်ရန်သာရည်ရွယ်သော ယေဘုယျဆန်သည့် ကျက်သေရေထိုးစစ် (Charm offensive) အဖြစ်သာ ရှုမြင်မည်ဆိုပါက ဖြစ်နိုင်ခြေရှိသော မူဝါဒသက်ရောက်မှုများကို လျစ်လျူရှုရာ ရောက်နေပေလိမ့်မည်။

ကျမ်းကိုးစာရင်း

Brady, A.M (2017). Magic Weapons: Chinas political Influence activities under Xi Jinping. Wilson Center, Kissinger Institute on China and United States. September 18.

Carnes, L. (1985). American Strategic Culture, Comparative Strategy, 5(3), 269-93.

Colin. S, G. (1981). National Style in Strategy: The American Example. International Security, 6(2), 21-47.

Diamond, L and McDonald, J. (1996). Multi-Track Diplomacy: A System approach to peace. Kumarian Press Books for a World That Works.

Dunning, J.H. & Kim, C. (2007). The Cultural Roots of Guanxi: An Exploratory Study, The World Economy, 30(2), 331.

Gold, T & Guthrie, D. et.al (Eds). (2002). Social Connections in China: Institutions, Culture and the Changing Nature of Guanxi. Cambridge University.

King. A. (1992). "Ren Ji Guan Xi Zhong De Renqing Fen Xi (Renqing Analysis in Interpernasonal relationship)." in Guo Shuo (Edt.), Chinese Peoples Mind, Guiguan Press. Taiwan, PP75-104.

Lee, D.J & Jae Pae, H. et.al. (2001). A Model of Close Business Relationships in China (Guanxi), European Journal of Marketing (Bradford), 35(1).

Lo, M.C & Otis, E.M (2003). Guanxi civility: Process, potentials and contingencies, Politics and Society, 31, 145.

Luo, Y. D. (2000). Guanxi and Business(M). Singapore: World Scientific Publishing.

McLaughlin, S. (2013). What is Guanxi- Relationships in China. The China Culture Corner. April 21. Retrieved From https://chinaculturecorner.com/2013/04/21/chinese-relationships-guanxi/.

Montville, J. V. (1991). "Track Two Diplomacy: The Arrow and the Olive Branch." The Psychodynamics of International Relationship, 163-175.

Nye, J.S. (2004). The Benefits of Soft Power, Working Knowledge, Harvard Business School. Retrieved From https://hbswk.hbs.edu/archive/the-benefits-of-soft-power.

Pye.L W. (1993). Chinese Commercial Negotiation style. New York.

Smart, A. (1993). Gifts, bribes, guanxi: A Reconsideration of Bourdieu's social capital", Cultural Anthropology 8(3), 388-408.

Sun, Y. (2012). China and the Changing Myanmar, Journal Current Southeast Asian affairs, No (4), 51-77.

The Economist. (2017). China is spending billions to make the world love it, March 23rd. Retrieved From http://www.economist.com/news/china/21719508-can-money-buy-sort-thing-china-spending-billions-make-world-love-it

The Strait Times (2017). Beijing turns to “soft power” to win over the people. May 16. Retrieved From http://www.straitstimes.com/world/beijing-turns-to-soft-power-to-win-over-the-people

Uemura, T. (2012). Chinese and Foreign Relations Cultural Construction of Identity, Turkish Journal of International Relations, 11 (4), Winter, 153-182.

US Department of State. Alumni Achievements. https://alumni.state.gov/featured-alumni/alumni-achievements

USIP Glossary. “Tracks of Diplomacy”, United States Institute of Peace. Retrieved From https://www.usip.org/glossary/tracks-diplomacy

Walker, C and Ludwig, J.(2017). The meaning of Sharp Power. Foreign Affairs. Retrieved From https://www.foreignaffairs.com/articles/china/2017-11-16/meaning-sharp-power

Ying, L.S & Walker, A. (2006). Explaining Guanxi: The Chinese Business Network. New York: Routledge.

Yuan, Z & Zhang, ZH. ( 2016). China boosts soft power by training foreign journalists. China daily. Retrieved From http://www.chinadaily.com.cn/china/2016-10/17/content_27077588.htm.

Zhu, D.S. & Hong, H.C. (2009). “Guanxi and Consumers” perceived Pre-purchased Risk A Moderating Effect of Consumer Enterprise, Management Review, 19 (2), 197-232.

## ABOUT THE AUTHOR



*KHIN KHIN KYAW KYEE*

Khin Khin Kyaw Kyee is a lead researcher in ISP Myanmar. She holds a Bachelor of Arts in Chinese Language from Mandalay University of Foreign Language and also obtained MA International Relations from Yunnan University in 2011 and MA International Studies and Diplomacy from School of Oriental and African Studies (SOAS) in 2016. She has experience in working with various international scholars, as well as CSOs, NGOs and INGOs since 2007. Her current research focus is on China-Myanmar relations, China’s Myanmar policy and One Belt One Road Initiative. Her research interest includes

Foreign Policy, Public Diplomacy & Nation Branding, Non-traditional security issues and Geo-politics of Myanmar.

VIEW ALL POSTS

ADD COMMENT

Comment

Name *

Email *

Website

Submit Comment

READ MORE

# ကချင်တိုင်းရင်းသားတို့အတွက် ၂၀၂၀ ပြည့်နှစ် အနာဂတ်အမြော်အမြင်

By ISP Admin

4 Min read

Add comment

28OCTOBER

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အနေနဲ့၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ သောင်ပြို ကမ်းပြို အနိုင်ရပြီး အရပ်သားဦးဆောင်တဲ့ အစိုးရသစ်တရပ်ကို ဖွဲ့စည်းနိုင်ခဲ့တာဟာဖြင့် အခု ဆိုရင် သုံးနှစ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ အခုလိုအချိန်ကာလမှာ ကချင်တိုင်းရင်းသားတွေအနေနဲ့ လက်ရှိ နိုင်ငံရေးအခင်းအကျင်းကို လက်တွေ့ကျကျ ရှုမြင်သုံးသပ်ဖို့ လိုအပ်သလို၊ မိမိတို့ကိုယ်တိုင် ဂုဏ်ယူဝင့်ကြွားစွာ ပါဝင်နိုင်မယ့် ပြည်ထောင်စုနိုင်ငံတခု...

# မော်ဒန်ခေတ်ကြီးမှာ ဗုဒ္ဓဘာသာဝင်တွေ ဘာလုပ်သင့်သလဲ

By Ko Tar

10 Min read

Add comment

အချိုး လူမှာ ရုပ်နဲ့နာမ် ရှိတယ်။ ဗုဒ္ဓဘာသာဟာ နာမ် (ဝါ) စိတ်ကိုဟောတဲ့ တရားပဲ။ နိုင်ငံရေး၊ စီးပွားရေး ပြောင်းလဲရေးတရား မဟုတ်ဘူး။ သို့သော် ခက်နေတာက အဲဒီနှစ်ခုမှာ ထိုဟာက ဘယ်မှာဆုံးပြီး ဤဟာက ဘယ်မှာစတာလဲ။ ဘာသာတရားရယ်လို့ အမည်တပ်ပြီး အကြမ်းဖက်ခြင်းများ ကျူးလွန်နေကြတဲ့ ခေတ် ကာလ၊ ထိုကာလကြီးထဲမှာ ဘာသာရေးသွေးခုန်ခြင်းရဲ့မည်းမှောင်တဲ့ဘက်ခြမ်းကို ဘာသာရေး အဖွဲ့အစည်းဟာ မိမိအလိုအလျောက် ပြုပြင်ပြောင်းလဲနိုင်မလား။...

## လုံခြုံရေးစနစ် ပြုပြင်ပြောင်းလဲရေး မုန့်ဆီကြော်၊ နူတ်ခမ်းနာနှင့် မဟာဗျူဟာမူဘောင် ရှာဖွေခြင်း

By Min Zin

10 Min read

Add comment

ဒီဆောင်းပါးဟာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်ကပြုလုပ်တဲ့ UNFC Stakeholders ဆွေးနွေးပွဲရဲ့ တင်ပြချက်အပေါ် အခြေခံရေးသားထားတာ ဖြစ်ပါတယ်။ ဒါဟာ အခြေအနေနဲ့ အပြန်အလှန်ဆွေးနွေးချက်တွေအပေါ် မူတည်ပြီး ဆက်လက်ဖြည့်စွက်ရေးသားရမယ့်စာမူ ဖြစ်ပါတယ်။ ဆောင်းပါးခေါင်းစဉ်မှာ ဖော်ပြထားသလိုပဲ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးအရ သဘောတူချက် ရယူနိုင်မှုမရှိသေးဘဲ လုံခြုံရေးကဏ္ဍကို အပြီးအပြတ်ကေန်သဘော ဆွေးနွေးကြမယ် ဆိုရင်...

## မြန်မာနိုင်ငံမှ ဒီမိုကရက်တစ် အပြောင်းအလဲအတွက်နိုင်ငံရေး လှုပ်ရှားပြောင်းလဲမှုတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နည်းနာအယူအဆများကို အသုံးပြုခြင်း-၁၉၈၈ မှ ၂၀၁၁ အထိ အတွေ့အကြုံများ

By Camilla Buzzi

33 Min read

Add comment

19OCTOBER

၁။ နိဒါန်းယခုဆောင်းပါးမှာ မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး နည်းနာ အယူအဆများကို ယခင်ကတည်းက အသုံးပြုခဲ့ခြင်းအား ဆန်းစစ်လေ့လာ တင်ပြထားခြင်းဖြစ်ပါသည်။ ထို့အပြင် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံနောက်ပိုင်း တက်ကြွလှုပ်ရှားသူများက အပြည်ပြည်

ဆိုင်ရာ လူ့အခွင့်အရေး နည်းနာအယူအဆများကို မည်သို့ ချမှတ်ကျင့်သုံးခဲ့ကြောင်းနှင့် လူ့အခွင့်အရေးသုတေသန၊ စာအုပ်စာတမ်း ရေးသားပြုစုဖော်ပြခြင်း၊ လူ့အခွင့်အရေး...



လုံခြုံရေးစနစ် ပြုပြင်ပြောင်းလဲရေး မုန့်ဆီကြော်၊ နှုတ်ခမ်းနာနှင့် မဟာဗျူဟာမျှခြေ ရှာဖွေခြင်း

To Top

မြန်မာနိုင်ငံမှ ဒီမိုကရက်တစ် အပြောင်းအလဲအတွက်နိုင်ငံရေး လှုပ်ရှားပြောင်းလဲမှုတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး နည်းနာအယူအဆများကို အသုံးပြုခြင်း-၁၉၈၈ မှ ၂၀၁၁ အထိ အတွေ့အကြုံများ

Copyright © 2021 | Ins

https://www.youtube.com/watch?v=FHvgfVtgYPo

https://pl-pl.facebook.com/thayninga/videos/%E1%80%B1%E1%80%9E%E1%80%94%E1%80%82%E1%81%A4%E1%80%99%E1%80%9F%E1%80%AC%E1%80%97%E1%80%BA%E1%80%B4%E1%80%9F%E1%80%AC%E1%80%B1%E1%80%9C%E1%80%B7%E1%80%9C%E1%80%AC%E1%80%B1%E1%80%9B%E1%80%B8%E1%80%A1%E1%80%96%E1%80%BC%E1%80%B2%E1%82%95%E1%80%80-%E1%80%85%E1%80%AE%E1%80%85%E1%80%A5%E1%80%B9%E1%80%9E%E1%80%8A%E1%80%B9%E1%80%B7-%E1%80%A1%E1%80%99%E1%80%BA%E1%80%AD%E1%80%B3%E1%80%B8%E1%80%9E%E1%80%AC%E1%80%B8%E1%80%9C%E1%80%B6%E1%80%AF%E1%81%BF%E1%80%81%E1%80%B6%E1%80%B3%E1%80%B1%E1%80%9B%E1%80%B8%E1%82%8F%E1%80%BD%E1%80%84/877988992370342/